www.burmeseclassic.com

# ခင်နှင်းယု

## လာခြင်းကောင်းသောလူကလေး နှင့် မောင်မျိုးမင်းနိုးကြားလာခြင်း



ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

[redacted]

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

[redacted]

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

[redacted]

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

[redacted]

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

[redacted]

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ခင်နှင်းယု

# လမြင်းကောင်းသော လူတလေး

# နှင့်

# မောင်ချိုးဝင်းနိုးကြားလာခြင်း

www.burmeseclassic.com

www.burmeseclassic.com


# လာခြင်းကောင်းသောလူကလေးနှင့် မောင်မျိုးမင်းနိုးကြားလာခြင်း

## ပုံနှိပ်ထုတ်ဝေမှတ်တမ်း

စီစဉ်သူ — ခင်မောင် (မွေးစာပေ)

တွဲဖက်စီစဉ်သူ — ထွန်းလှ(စိန်သရဖူစာပေ)

စာမူခွင့်ပြုချက်အမှတ် — ၅၀၀၄၈၅၀၅၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် — ၅၀၀၇၈၀၀၇၀၇

မျက်နှာဖုံးပန်းချီ — ပန်းချီမောင်မောင်သိုက်

ထုတ်ဝေသူ — ဒေါ်သင်းသင်းမွန် (ယာယီ – ၁၀၆၅)
သင်းစာပေ
အမှတ် (၁၀)၊ ရတနာမြိုင်လမ်း၊
၁၂–ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ — ဒေါ်ခင်ခင်ဝင်း (မြဲ – ၀၂၆၇၀)
ကလျာပုံနှိပ်တိုက်
အမှတ် (၁၅၂)၊ ကျွန်းရွှေမြိုင်လမ်း၊
သုဝဏ္ဏ၊ ရန်ကုန်။

ကွန်ပျူတာစာစီ — ဗိုလ်တိုး

အကြိမ်ရေ — လာခြင်းကောင်းသော လူကလေး
ပထမအကြိမ်ရိုက်နှိပ်ခြင်း(၁၉၆၉၊ ရှုလိုင်)
မောင်မျိုးမင်းနိုးကြားလာခြင်း
ပထမအကြိမ်ရိုက်နှိပ်ခြင်း(၁၉၇၆၊ ဇူလိုင်)
ဒုတိယအကြိမ်ရိုက်နှိပ်ခြင်း (၂–အုပ်တွဲ)
၂၀၀၇၊ စက်တင်ဘာ

အုပ်ရေ — ၅၀၀

တန်ဖိုး — ၁၅၀၀ ကျပ်


❑❑❑

## ကျေးဇူးတင်လွှာ

အကြောင်းအမျိုးမျိုးကြောင့် နှစ်ပေါင်းနှစ်ဆယ်ကျော်မျှ ပ်နားထားခဲ့ရပါသော ကျွန်တော်၏ စာပေထုတ်ဝေရေးလုပ်ငန်းကို ြန်လည်လုပ်ကိုင်နိုင်ရန်အတွက် အဝေးမှပင် လာရောက်၍ ငွေအား၊ ာ့အား၊ အကြံဉာဏ်အားတို့ဖြင့် အိမ်တိုင်ယာရောက် လာရောက်အား ေးခဲ့ကြပါသော ဒေါ်ခင်နှင်းယု၏ သားသမီးများဖြစ်ကြသည့် ဗိုလ်မှူး ွန်းအောင်ကျော် (ငြိမ်း)နှင့် ဖနီးဒေါက်တာ မိကျော်သောင်းတို့အား ည်းကောင်း၊ ကလျာပုံနှိပ်တိုက်မှ ဝိုင်းတော်သားများအားလည်း ကောင်း၊ အခြားသော ကျွန်တော်၏ စာပေရောင်းရင်းအပေါင်းအသင်း ို့အားလည်းကောင်း၊ ထိုမှ ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်း ကောင်း အထူးပင် ကျေးဇူးတင်ပါသည်။

ခင်မောင်
(မွေးစာပေ)

www.burmeseclassic.com

www.burmeseclassic.com



မောင်ကျော်ကျော်ဝင်းနှင့် မောင်မျိုးမင်း



ဒေါ်ခင်နှင်းယုနှင့် မိသားစု

www.burmeseclassic.com

www.burmeseclassic.com



ကျော်ကျော်ဝင်း (၆) နှစ်

## စာရေးသူ၏အမှာ

မနှစ်ကအေးမြသော ဆောင်းရာသီ၏ ညတစ်ညတွင် ထင်ပါသည်။ အရှေ့ဂျာမနီသံရုံး ညစာစားပွဲတစ်ခု၌ စာရေးဆရာမကြီး ဂျာနယ်ကျော်မမလေး၊ စာရေးဆရာကြီးသော်တာဆွေတို့နှင့် ကျွန်မ တွေ့ပါသည်။

ကုလားထိုင်များဝိုင်းထိုင်နေကြပါသည်။ သူတို့နှစ်ယောက်ကြား တွင် ကျွန်မထိုင်လျက်ရှိပါသည်။ ဦးသော်တာဆွေက ကျွန်မလက်ချောင်း များကို ဆုပ်ကိုင်၍ ဒေါ်မမလေးကို ပြပါသည်။

"ဘယ့်နှယ်လဲ ခင်နှင်းယု လက်တွေက မဟာနိဘူး၊ ဆေးကု ပေဦးလေ"ဟုဆိုပါသည်။ အစ်မကြီး မမလေးက သွယ်ရောင်လှမ်းသော သူ့လက်ချောင်းများနှင့် ကျွန်မ၏လက်အေးစက်စက် ဖြူဖွေးဖွေးကို ကိုင် ကြည့်ပါသည်။ အစ်မကြီးလက်မှာ ပူနွေးနေပါသည်။

"ဟုတ်ကဲ့"ဟူ၍ တိုတိုတုတ်တုတ် ကျွန်မဖြေပါသည်။

"အသက်ငယ်ငယ်လေး ရှိသေးတာ ကျန်းမာရေးဂရုစိုက် ရမေါ့"ဟု ဦးသော်တာဆွေက ဆိုပြန်၏။

"မငယ်တော့ပါဘူးလေ၊ မြေးဦးပဲရနေပြီ" ဟူ၍ ကျွန်မဖြေ သည်။

"ဟုတ်တယ်ဗျို့။ အစ်မကြီးမမလေးရေ ခုမှတွေ့ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com

အစ်မကြီးမှာရော၊ ကျွန်တော့်မှာရော၊ မခင်ယုမှာရော မြေးတွေကိုယ်စီ ရနေပါပကော။ အဲ...အဲ မြေးကိုချစ်တာဟာ ရည်းစားဦးချစ်တာနဲ့တောင် မတူဘူးဗျနော်"

"ဒီလိုဆို မြေးကိုချစ်တာ စာဖွဲ့ပါဦးလား" အစ်မကြီးမမလေးက အကြံဉာဏ်ပေးပါသည်။

"ရေးလေ၊ ကျွန်မတို့သုံးယောက်ရေးပြီး 'မြေး' ဆိုတဲ့အမည်နဲ့ စာအုပ်ရထုတ်တာပေါ့"ဟု ကျွန်မကပြောခဲ့၏။ ယခုသူတို့နှင့် အဆက်ပြတ်ခဲ့ရှာ၍နေရင်းမှ ကျွန်မသည် "လာခြင်းကောင်းသော လူကလေး" စာအုပ်ကို ရေးလိုက်ပါသည်။ မြေးဦးလေးကိုမှီ၍ ရေးချင်တာတွေကို ရေးချပါသည်။ "မြေးဦး"အကြောင်း သက်သက်ဟုတ်ချင်မှဟုတ်ပါမည်။

အစ်မကြီးမမလေး၊ ဦးသော်တာဆွေတို့မှာ ကျွန်မထက်တစ်ခေတ်၊ နှစ်ခေတ်စော၍ စာပယ်နယ်သို့ ရောက်လာသူများဖြစ်၏။ ကျော်ကြားသူများဖြစ်၏။ သို့သော် ယခုတိုင် ကျွန်မတွေ့ရသည်မှာ သူတို့သည် နှမ်ိုတုန်း၊ ရွှင်ပြကြတုန်း၊ သွက်လက်ကြတုန်းဖြစ်၏။

ကျွန်မသာ ခဏခဏ မရဏာမင်းတံခါးခေါက်သံကို ကြားနေရ၏။ သူဝင်မလာနိုင်သေးဘူး ဆိုသည်ကိုတော့ ကျွန်မသိပါ၏။ သို့သော် အနာဂတ်ကိုသော်လည်းကောင်း၊ သခ်ိုရကိုသော်လည်းကောင်း ကြိုတင်မတွက်ဆနိုင်သော ကျွန်မသည် "လာခြင်းကောင်းသော လူကလေး"



ကို ရေး၍ ကျွန်မတစ်ဦးတည်း ထုတ်ဝေလိုက်ပါသည်။ ဦးသော်တာဆွေနှင့် အစ်မကြီးမမလေးတို့သည် ကျွန်မအားခွင့်လွှတ်ကြမည်ဟု ယုံကြည်ပါသည်။

ကျမ်းပြုဆရာအသီးသီးနှင့်တကွ လက်ဦးဆရာများဖြစ်သော ဆရာကြီးဦးဘိုးထင်၊ ဆရာလေးဦးဘစိန်၊ ဦးထွန်းတင်၊ ဆရာမဒေါ်လှတင်၊ ဆရာဦးဘသွယ်တို့ပင် ကွယ်လွန်ခဲ့ကြပြီ။ သူတို့သည် ကျွန်မ၏ နှလုံးသားဝယ် မြန်မာစာကို အခြေခံချပေးသူများဖြစ်ပါ၏။ ထိုဆရာကြီးများနှင့်တကွ တက္ကသိုလ်မြန်မာစာဌာနမှ ဆရာ၊ ဆရာမများအားလုံးအားလည်းကောင်း၊ မွေးနေ့တွင် ဓမ္မပဒဝတ္ထုတော်ကြီးကို မွေးနေ့လက်ဆောင်အဖြစ် ပေးသော ခင်မွန်းသည်အားလည်းကောင်း ဤစာအုပ်ဖြင့် ဦးညွှတ်ပါ၏။

ဤစာအုပ် ရေးသားအပ်သော စေတနာကုသိုလ်အဖို့ကို ကွယ်လွန်သူဆရာကြီးများအားလုံးအား အမျှ.....ပေးဝေပါ၏။

သတ္တဝါများအားလုံး ချမ်းမြေ့ရွှင်လန်းပါစေ။

ခင်နှင်းယု
(၂၂-၈-၆၉)



www.burmeseclassic.com

www.burmeseclassic.com

## ပါရမီကံ

လူတစ်ယောက်အောင်မြင်မှုနှင့် ပတ်သက်လာလျှင်ဖြစ်စေ၊ ဆုံးရှုံးမှုနှင့်ပတ်သက်လာလျှင်ဖြစ်စေ "ကံ၊ ဉာဏ်၊ ဝီရိယ"ကြောင့် ဟု အဓိကအချက်ကြီး သုံးချက်ကို ညွှန်းဆိုပြောလေ့ရှိကြသည်။ တစ်ခါတစ်ရံလည်း အကျဉ်းချုံ့ကာ "ကံပေါ့... ဒီကောင် ကံကောင်းတယ်" ဟု တစ်မျိုး၊ "သူ့ကိုက ကံဆိုးပါတယ်ဗျာ"ဆိုတာက တစ်မျိုး၊ ပြောတတ်ကြသည်။

ကံဟူသည်မှာလည်း "အလုပ်ဖြစ်သည်၊ ကိုယ်လုပ်သမျှ အကျိုးကိုယ်ခံစားရမည်ပင်"ဟူသည့်အကြောင်းကိုလည်း နားလည် ပါလျက် "ကံကိုသာ ရှိုးမယ်ဖွဲ့"လေ့ရှိကြပါသည်။

ကျွန်မတူမလေး သည်အိမ်မှာ သမီးလေးနှင့်အတူတူ လာနေတာ ငယ်စဉ်ကပင် တစ်ကျောင်းတည်းအတူနေ၊ အတူစာကျက်၊ လပတ်စာမေးပွဲလည်း တစ်ယောက်နှင့်တစ်ယောက် မတိမ်းမယိမ်း အဆင့်က ပထမ၊ ဒုတိယတစ်လှည့်စီ၊ ဆယ်တန်းအောင်လာသော အခါသမီးလေးက ဂုဏ်ထူးသုံးခုနှင့် ဆေးတက္ကသိုလ်ဝင်သည်။ တူမလေးက ဂုဏ်ထူးနှစ်ခုနှင့် တိမွေးကုတက္ကသိုလ် ဝင်သည်။

"ကုသိုလ်ကံများနွယ်နေ၍၊ တစ်ကျောင်းတည်း အတူတူနေ၊ အတူတူစာကျက်ပြီးအောင်တာတောင် တစ်ယောက်က ဆေး တက္ကသိုလ်၊ တစ်ယောက်က တိမွေးကုဖြစ်ရတယ်။ အတူတူ ဆေးတက္ကသိုလ်ဝင်ရင်



ဘယ်လောက်ကောင်းမလဲ။ ကျွန်မသမီးလေး က ဆရာဝန်ဖြစ်ဖို့ ပါရမီမပါရှာဘူး"ဟု တူမလေး၏မိခင်က မကြာ ခဏဆိုသလို ဝမ်းပန်းတနည်းပြောလေ့ရှိသည်။ ဉာဏ်၊ ဝီရိယတူပေမင့် ပါရမီကံကွာခြားသည် ဟုပြောရမည်ပင်။

ဒါကြောင့်ပင် အောင်မြင်မှုနှင့် ပတ်သက်လျှင် "ကံ၊ ဉာဏ်၊ ဝီရိယ"ဟု ဆိုလေ့ရှိကြသည် မဟုတ်ပါလား။

ကျွန်မတို့ မေမေမှာ ကျွန်မတို့ညီအစ်မလေးယောက်ထက် အကြီးသားကြီးနှစ်ယောက်ရှိပါသည်။ အစ်ကိုကြီးကတော့ တော်လှန်ရေး ကာလကပင် စစ်ထဲဝင်သွားရာ စစ်ကြီးပြီးတော့လည်း စစ်ဗိုလ်တစ်ယောက်အနေဖြင့် ရမည်းသင်း၊ ပျဉ်းမနား၊ တောင်ငူ၊ မင်္ဂလာဒုံတို့တွင် အမှုထမ်းရသည်။ အမည်းရောင် နယ်မြေများတွင် တိုက်ခိုက်ရသည်ကလည်း ခဏခဏ...။

အစ်ကိုငယ်မှာ ရာဇဝတ်အုပ်လုပ်ပြီး၊ ကျွန်မတို့နှင့်အတူ ဝါးခယ်မမြို့တွင် နေပါသည်။ မေမေ့မိတ်ဆွေတစ်ယောက်က "မတင်ဦးလည်း မျိုးချစ်စိတ်ရှိတဲ့ သူတစ်ယောက်ပဲ၊ သားကြီးပဲ စစ်ထဲဝင်နေတယ်။ တိုင်းပြည်အတွက် ဘာဖြစ်လို့ သားနှစ်ယောက်စလုံး စစ်ထဲမထည့်တာလဲ"ဟုမေးပါသည်။ သည်တော့ မေမေက "သား အငယ်ကတော့ ကိုယ့်အနားမှာ မိဘနဲ့ညီမတွေ စောင့်ရှောက်ရတာ ပေါ့။ တိုင်းပြည်ကာကွယ်ရေးကတော့ သားကြီးလုပ်နေပြီပဲ။ မတော် တဆ တစ်ခုခုဖြစ်သွားဦးတော့ အနားမှာသားတစ်ယောက်တော့ ကျန်



www.burmeseclassic.com

www.burmeseclassic.com

ဦးမှာပေါ့။ နှစ်ယောက်စလုံး တပ်ထဲမှာဆိုရင် ကံကြမ္မာကို မယုံရဘူးလေ''

သည်လိုပြောခဲ့သော်လည်း ရှေ့တန်းကို ခဏခဏသွားရောက်တိုက်ခိုက်နေရသော အစ်ကိုကြီးက ဘာမှမဖြစ်၊ အိမ်မှာကျန်ခဲ့သော အစ်ကိုငယ်မှာ အသက် (၂၄)နှစ်တွင် တိုက်ဖွိုက်ရောဂါဖြင့် ကွယ်လွန်သွားပါတော့သည်။

''သေကံမရောက် သက်မပျောက်''ဟူသော စကားနှင့်ကံအလှည့်အပြောင်းမှာ ထူးဆန်းလှတော့သည်။ သည်အဖြစ်အပျက်တွင်မှ အတိတ်ဘဝက ကံကိုပဲ ယိုးမယ်ဖွဲ့ရတော့မည် ထင်ပါသည်။

ကျွန်မသည် ရင်ကျပ်ရောဂါ၊ ဒူးနာရောဂါတို့ ရရှိကာ အမျိုးမျိုးကုသော်လည်း ကောင်းတစ်လှည့်၊ ဆိုးတစ်လှည့်။

သမီးက သူအလုပ်လုပ်သည့် သင်္ဃန်းကျွန်းစံပြဆေးရုံကြီးတွင် အပ်စိုက်ကုသရန် အကြံပေးပါသည်။ ဆရာဝန်ကြီး ဒေါက်တာအောင်မြတ်သွင်နှင့် တွေ့ပါသည်။

သူသည် မေ့ဆေးအထူးကုဆရာဝန်ကြီး၊ တရုတ်အပ်စိုက်အထူးကုသမားတော်ကြီး ဖြစ်ပါသည်။

အပ်စိုက်စဉ်မှာ နာသော်လည်း ခဏသာဖြစ်ပြီး စိုက်ပြီးလျှင်အနာသက်သာသွားပါသည်။

(အပ်စိုက်နေစဉ် ဆရာကြီးက စကားတွေပြောကာ မေးခွန်း



တွေမေးလေ့ရှိပါသည်။) သူ့မေးခွန်းများကို ဖြေနေရသဖြင့် အပ်စိုက်နာကျင်မှုများ သက်သာသည်ဟု ကျွန်မထင်ပါသည်။

လေးကြိမ်လောက် အပ်စိုက်ကုသပြီးသောအခါ ဒူးကကျုံ့ကျုံ့ထိုင်လို့ရလာသည်။ လမ်းလျှောက်လျှင် အနာသက်သာသည်။ ရင်ကျပ်သောအချိန်လည်း လျော့လာသည်။ လေထိုးလေအောင့်တာလည်း တော်တော်သက်သာလာသည်။ သွားလာလှုပ်ရှားရတာလည်း ပေါ့လာသည်။

ငါးကြိမ်မြောက်အပ်စိုက်သောအခါ ''လည်ပင်းက အသံကြိုးကောင်းတာ ဒေါက်တာမိကျော်သောင်းက စက်ာမှုကို ခေါ်ကုပေးတယ်လို့ ခင်ဖျားသမီးက ပြောတယ်''

''ဟုတ်ပါတယ်'' သူကအပ်စိုက်ရင်းပင် ဆက်မေးပါသည်။

''သူက ခင်ဖျားနဲ့ဘာတော်သလဲ''

''တူမပါ''

''ဪ...သူက စာရေးဆရာမကြီး ခင်နှင်းယုရဲ့သမီးပဲ၊ ဟုတ်တယ်မဟုတ်လား''

''ဟုတ်ပါတယ်...ရှင့်'' တစ်ချက်နာသွားသဖြင့် အံကြိတ်ရင်း ကျွန်မဖြေပါသည်။

''ခင်နှင်းယုနဲ့ခင်ဖျားနဲ့ ဘာတော်သလဲ'' ဆရာဝန်ကြီး သည် [illegible]မှအပ်တစ်ချောင်းကိုကိုင်ကာ ဒူးပတ်လည် တစ်စွပ်စွပ် စိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com

မေးနေပါသည်။ အပ်စိုက်ကုသသည့် အကြောင်းတွေလည်း ပြောသည်။ သူသိချင်တာတွေလည်း မေးသည်။

အချို့အကြောင်းအရာတွေမှာ သူသိပြီးသားဖြစ်သော်လည်း လူနာစိတ်ပြောင်းအောင် (နာသည်ကို သတိမထားမိဘဲ သူ့မေးခွန်းတွေကို အာရုံရောက်နေအောင်) မေးနေသည်ထင်ပါသည်။

ကျွန်မကို အပ်စိုက်လိုက်စဉ် နာသဖြင့် စုတ်တသပ်သပ်နှင့်ဖြစ်နေရာ "ဒေါက်တာမိကျော်သောင်းကလည်း မေ့ဆေးအထူးကုဆရာဝန်ပဲလေ"

"ဟုတ်ပါတယ်...ရှိုး...ကျွတ်...ကျွတ်"

"သူလဲ တော်တာပဲ။ သူရန်ကုန်လာတုန်းကလည်း လူငယ်ဆရာဝန်တွေအတွက် သိသင့်သိထိုက်တာတွေ ပြောသွားတယ်။ တော်တော်ကောင်းပါတယ်။ စေတနာသိပ်ကောင်းတာပဲ၊ ဒေါက်တာမိကျော်သောင်းတို့ကတော့ မြင့်သွားပါပြီ။ တော်ပါတယ်ဗျာ"

ကျွန်မက ဘာမှပြန်မပြောဘဲ အပ်စိုက်ပြီးသည့်နေရာလေးတွေကို ပွတ်သပ်နေရာ "ဒေါ်ခင်နှင်းယုက ခင်မျိုးနဲ့ဘာတော်လဲ" ထပ်မေးပြန်သည်။

ဆရာဝန်ကြီးက သူအပ်စိုက်နေတာတွေ မပြီးမချင်း လူနာစိတ်ပြောင်းအောင် စကားစရှာနေသည်ထင်ပါသည်။

"ကျွန်မတို့ အစ်မအကြီးဆုံးပါ"



"ဪ...သူ့စာတွေက ကောင်းလိုက်တာဗျာ။ ခင်မျိုး အခုပင်စင်ယူထားတာဆိုတော့ မရေးဘူးလား"

"ရေးပါတယ် .. ကျွတ်.. ကျွတ်"

"ကျွန်တော်တော့ မတွေ့ဖူးဘူး။ ခင်မျိုးရေးတာ ဘယ်လောက်ကြာပြီလဲ။ ဘာတွေရေးလဲ" ဆရာဝန်ကြီးသည် အပ်ကတစ္ပပ်စွပ်၊ မေးခွန်းကလည်း တရစပ်။"

"ရေးဖြစ်တာကတော့ ၇၃ ခုနှစ်လောက်ကတည်းကပါ။ သတင်းစာမှာရေးတယ်၊ နောက်တချို့မဂ္ဂဇင်းတွေ ရေးတာကတော့ ကဗျာတွေ၊ ဆောင်းပါးအစုံပါပဲ။ ဒါပေမယ့် နည်းပါတယ်။ ပြတ်တောင်းပြတ်တောင်းပေါ့"

အပ်စိုက်မှုမှာ ပြီးသွားပါပြီ။ နာကျင်မှုတွေလည်း မရှိတော့ပါ။ အပ်စိုက်စဉ် ခဏသာ၊ ဒါတောင် ဆေးထိုးသလောက်ပင် မနာပါ။

ဆရာဝန်ကြီးကတော့ ပြောလက်စ စကားပင်ဆက်နေပါ သည်။

"ခင်နှင်းယုနဲ့ခင်မျိုးနဲ့ ဘယ်သူက ပိုတော်သလဲ"

"ဟာ...သူကပိုတော်တာပေါ့ဆရာရယ်"

"ခင်မျိုးက တွဲဖက်ပါမောက္ခနဲ့ အငြိမ်းစားယူတာနော်"

"တွဲဖက်ပါမောက္ခပေမယ့် သူထက်ပိုမတတ်ပါဘူး။ ကျောင်းဆရာဆိုတာကလည်း အခွင့်အရေးရှိရင် ဘယ်သူမဆို သင်ယူတတ်မြောက်တာပဲ မဟုတ်လားဆရာ"



www.burmeseclassic.com

www.burmeseclassic.com

"ကြိုးစားမှရမှာဗျ"

"ဟုတ်ပါတယ်၊ ဘီအေဘွဲ့တုန်းက သူကတက္ကသိုလ်မတက်သေးခင် ကျွန်မကို အရင်ထားပေးတာပါပဲ။ သူရေးနေတဲ့ အတတ်ပညာတွေကတော့ သူသင်ပေးရင်တောင် ကျွန်မမရနိုင်ပါဘူး"

"အဲဒါ ပါရမီဗျ"

အပ်စိုက်မှုပြီးသွားပြီမို့ လူနာအာရုံပြောင်းအောင် စကားပြောခြင်းမဟုတ်ဘဲ သူတကယ်စိတ်ဝင်စားလာပြီ ထင်ပါသည်။

"ဟုတ်ပါတယ်။ သူနဲ့ကျွန်မ ဒီအဖေ ဒီအမေကမွေးပြီး အတူကြီးပြင်းကြပေမယ့် အဖြစ်အပျက်အကြောင်းအရာ တစ်ခုနဲ့ကြုံရင် ခံစားမှုတို့၊ အတွေးအမြင်တို့ကျတော့ ကွာခြားသွားတာပေါ့။ ပြီးတော့ သူကဖွဲ့ရှိတယ်၊ လုပ်မယ်ဆိုတာတစ်ခုကို ဖြစ်အောင်လုပ်တတ်တယ်"

"အင်း . . . ထူးခြားတာပေါ့ဗျာ။ ဝီရိယပေါ့"

"တူညီတဲ့ဖြစ်ပုံလေးတစ်ခု ကျွန်မပြောပြချင်ပါတယ်"

"ဘာပါလိမ့် ကျွန်တော်ကလည်း နားထောင်ချင်ပါတယ်"

"သူ ဗိုလ်မှူးကြီးကျော်သောင်းနဲ့ လက်ထပ်ပြီးတော့ တစ်နေ့မှာ အစ်ကိုကျော်သောင်းက သေနတ်ဝယ်ဖို့ ပိုက်ဆံ (၁၀၀)လိုနေတာ၊ မမစု(ခင်နှင်းယု)က ရုံးကတစ်ယောက်ယောက်ဆီက ယူခဲ့မယ်



လို့ပြောပါတယ်။ ဒီတုန်းက ရွှေတစ်ကျပ်သားကို ကျပ်(၂၄၀)လောက်ဝဲရှိမယ်ထင်ပါတယ်"

"ကျွန်မတို့က ဆူးလေဘုရားလမ်းမှာ နေပါတယ်။ မမစုက ဝန်ကြီးချုပ်ရဲ့ ပြန်ကြားရေး အတွင်းဝန်လုပ်နေတာဆိုတော့ ဝင်ဒါမီယာမှာရုံးတက်ရပါတယ်။ သူကရုံးကားလည်း မသုံးပါဘူး။ ဘတ်စ်ကားနဲ့ပဲ ရုံးတက်ပါတယ်"

"ညနေရုံးကအပြန် ကိုကျော်သောင်းကို ပိုက်ဆံ (၁၀၀) ထုတ်ပေးတော့မှ ခါးပိုက်နှိုက်သွားမှန်း သိတော့တယ်။ သည်တုန်းက လွယ်အိတ်နဲ့ပဲ ရုံးသွားကျောင်းသွားကြတာလေ"

"ဩော် . . . ဖြစ်ရလေဗျာ"

"အစ်ကိုကျော်သောင်းက အရမ်းစိတ်ဆိုးသွားပြီး ဘာမှကြီးကြီးကျယ်ကျယ်တော့ မပြောပါဘူး။ မိန်းမမပီသဘူး၊ ပိုက်ဆံတစ်ရာတောင် လုံခြုံအောင် မသိမ်းနိုင်ဘူး။ သိပ်ပေါ့ဆတာပဲ" ဒါပဲပြောပါတယ်။

"မမစုက ငိုပြီးတော့ သူ့လိုမိန်းမတစ်ယောက်ကို ဒီလိုပြောရမလားလို့ မကျေမနပ်စိတ်နဲ့ "ကြိုးစားပြမယ်။ မခင်စုဆိုတာ ဘယ်လိုမိန်းမမျိုးလဲဆိုတာ ကြည့်နေကြပေါ့"လို့ ကြုံးဝါးပါတယ်။

"နောက်တော့ လုပ်သားကောလိပ်တက်၊ တက္ကသိုလ်တက်နဲ့ ဘီအေဘွဲ့ရပါတယ်။ စာတွေလည်း ကြိုးစားရေးပါတယ်။ မမစုက တက္ကသိုလ်မှာ မြန်မာစာနဲ့ ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်း ယူပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းတက်နေပေမယ့် စာကြိုးစားရင်း ဝတ္ထုတွေလည်း ရေးတာ ပါပဲ။ သူ့ဝတ္ထုတွေဟာ ပညာပေးတို့၊ ပြုပြင်ရေးတို့ မဟုတ်ပါဘူး။ ခံစားချက်နဲ့ရေးတာပါ။ ဒါပေမယ့် ဖတ်ရတဲ့သူဟာ အားကျစိတ်၊ ပြုပြင်ချင်တဲ့စိတ်တွေ ပေါ်လာအောင် ရေးနိုင်ပါတယ်''

''စာရေးကောင်းတဲ့ စာရေးဆရာကြီးတွေဟာ ဒီလိုပဲဗျ''

''ဟုတ်ကဲ့။ သူတက္ကသိုလ်မှာ သင်နေတဲ့သမိုင်းတွေ၊ မြန်မာစာတွေထဲကလဲ ဝတ္ထုတွေအများကြီး ထွက်လာပါတယ်။ ဝတ္ထုရေးရင်း မျက်ရည်ကျတဲ့အခါတွေလည်း ရှိပါတယ်''

''သြော်...ဟုတ်လား။ ခံစားမှုပြင်းတာပေါ့နော်''

''သူနဲ့ကျွန်မ ခြားနားတာလေးက ကျွန်မတက္ကသိုလ်မှာ လုပ်နေတုန်း ကျွန်မမြတ်နိုးတဲ့ လက်ကောက်လေး ခါးပိုက်နှိုက်ခံရဖူးပါတယ်။ ကျွန်မအမျိုးသားသိတော့ ဒီလိုသွားရင် ဒီလိုဖြစ်တာက် တယ်ဆိုတာ ဆရာမကတောင် တပည့်တွေကို သင်ပေးရမှာ အခုတော့ ဆရာမကိုယ်တိုင်ခံရတယ် မနေမြောဘူးလား''

ဒါပဲပြောပြီး လှည့်ထွက်သွားပါတယ်။ ''နှမြောတာပေါ့။ မမစုလုပ်ပေးတာပဲ'' လို့စိတ်ထဲက ပြောပြီး မှေ့မှေ့ပျောက်ပျောက် နေခဲ့ဖူးပါတယ်။ အဲဒီအကြောင်းကိုတော့ ဆောင်းပါးလေးရေးခဲ့ဖူးပါသေးတယ်။ ဒါပေမယ့် မမစုလို ဆူးမပေါက်ခဲ့ပါဘူး''

''ဒါတွေ ကွာခြားသွားတာပေါ့ဗျာ''

''ကျွန်မလည်း ဝိဇ္ဇာတန်းမှာ မြန်မာစာ၊ သမိုင်းနဲ့ Philosophy



ယူခဲ့ပါတယ်။ ဒါပေမယ့် ဒီစာတွေထဲက ရေးစရာတွေ ဘာမှမစဉ်းစားခဲ့မိဖူးပါဘူး။ သူ့လို အတွေးအခေါ်မျိုးတွေ မပေါ်ခဲ့ပါဘူး''

''အဲဒါ ပါရမီဗျ။ ကျွန်တော်ပြောချင်တာ အဲဒါပဲ။ ပါရမီက လိုက်လို့ မမီဘူးလေ။ သူဆုံးတော့ အသက်ဘယ်လောက်ရှိပြီလဲ''

''၇၇–နှစ်ကျော် ၇၈–နှစ်ထဲမှာပါ။ အခု စက်တင်ဘာ (၇) ရက်မှာ သူရှိရင် အသက်(၈၀)နှစ်ပြည့်မှာပါ။ ပါရမီထူးတဲ့ အစ်မကြီးဟာ အသက်ရှင်စဉ်က ကျွန်မက အမေလို ချစ်ခင်ရိုသေခဲ့တာမို့ "စုမေ''လို့ပဲ ခေါ်ပါတယ်။ သူကလဲ အမေတစ်ယောက်လို စိတ်ထားရှိပါတယ်။

ကျွန်မစကားအဆုံးတွင် ဆရာဝန်ကြီး ဒေါက်တာအောင်မြတ်သွင်က ''ပါရမီကတော့ ယှဉ်လို့မရပါဘူးဗျာ။ ခင်နှင်းယုဟာ ခင်နှင်းယုပါပဲ'' ဟု လေးလေးစားစား ပြောလိုက်ပါတော့သည်။

နုနုရွေ
တွဲဖက်ပါမောက္ခ(ငြိမ်း)
၂၁–၁၁–၀၆ နေ့ထုတ်
(ပန်းသတင်းဂျာနယ်မှ)



www.burmeseclassic.com

www.burmeseclassic.com

# အမှာ

လောကကြီးတွင် ခေတ်အဆက်ဆက် သားစဉ်မြေးဆက် ပေါက်ဖွားလာခဲ့ကြသည်ကို စုမေ (ဒေါ်ခင်နှင်းယု)က သူ့မြေး(ကျွန်မ၏ သားတို့) တွေကြုံမှာရေးကြီးခွင်ကျယ်နှင့် သူတို့တစ်တွေအကြောင်းကို စာတစ်စောင်ပေတစ်ဖွဲ့ ရေးတယ်လို့ ထင်ချင်ထင်ကြပေမည်။

သားတို့မွေးလာသည့်အချိန်တွင် ကျွန်မတို့လင်မယားနှစ်ယောက်စလုံး စားဝတ်နေရေးလုံးပမ်းနေရတာနှင့် အချိန်တွေကုန်ခဲ့ရသည်။ ခင်ပွန်းသည် ဂိုလ်မှူးထွန်းအောင်ကျော်ကလည်း ထိုအချိန်က နိုင်ငံတော်ကစေခိုင်းသည့်အတိုင်း မိသားစုနှင့်ဝေးသည့် တပ်စခန်းတွင် တာဝန်ထမ်းဆောင်ခဲ့ရသည်။ ကျွန်မတို့ မိသားစု စုံစုံလင်လင် စုစုဝေးဝေး နေခဲ့ရသည့် အချိန်ကနည်းသည်။ ထိုအချိန်များတွင် စုမေက အဘွားကဏ္ဍမှ မြေးများကို ပုံတိုပုံရှည်များပြောရင်း သူတို့၏စိတ်ဓာတ်ကိုပြုစုပျိုးထောင်ပေးခဲ့ပေသည်။

ဤစာအုပ်ကိုဖတ်သည့်အခါ ကျွန်မတို့မိသားစုအကြောင်းကို အများသိစေရန်သာ မဟုတ်ပါ။ အဘွားတစ်ယောက်အနေနှင့် မြေးများကို ပြုစုပျိုးထောင်ရာတွင် ဘယ်လောက်ခက်ခဲသည်ဆိုသည်ကို သိနိုင်ပါလိမ့်မည်။ ယူလိုပါက သင်ခန်းစာများလည်းရနိုင်ပါသည်။ "သားအချစ် မြေးအနှစ်"ဆိုသည့် စကားအတိုင်း မြေးများကိုချစ်ရုံနှင့် မပြီးသေးပါ။ သူတို့တွေ စိတ်ဓာတ်ရေးရာမှာ အမြင်မှန်မှန်နှင့် ဒုစရိုက်



ဘက်မပါအောင် လမ်းကြောင်းပေးရန် လိုအပ်ပါသည်။ မြေးများကို ချစ်တိုင်း အလိုလိုက်ရင်တော့ "မြေးဖျက်သောအဘွား"ဆိုပြီး ပြောစမှတ်ဖြစ်လာပါမည်။ စုမေကတော့ ယထာဘူတကျကျ မြေးများကို ချောတစ်မျိုး၊ ချောက်တစ်မျိုးနှင့် ဆုံးမခဲ့ရာ "ပုတီးကိုလွယ်၊ မြေးကိုသယ်၊ ချစ်စဖွယ် ဘွားဘွား"ဟူ၍ ကဗျည်းထိုးနိုင်ခဲ့ပါသည်။

ယခုအချိန်တွင် ဘွားဘွားစု၏မြေးဦး "လာခြင်းကောင်းသော ကျော်ကျော်ဝင်း"သည် ဇနီးဖြစ်သူ "ရွှေပါဦး"နှင့် နယူးဇီလန်တွင် နေထိုင်လျက်ရှိသည်။ သူတို့ဇနီးမောင်နှံသည် နေ့စဉ်ခွေးနှစ်ကောင်၊ ကြောင်တစ်ကောင်နှင့် အလုပ်ရှုပ်နေကြသည်။ ဘွားဘွားစု၏ ဒုတိယမြေး "နိုးကြားလာသော မောင်မျိုးမင်း"သည် ဇနီးဖြစ်သူ "စီစီလျာ"၊ သမီးဖြစ်သူ "ခင်မိလျာမင်း"၊ ခွေးတစ်ကောင်တို့နှင့်အတူ အမေရိကန်တွင် နေထိုင်လျက်ရှိသည်။

စုမေကတော့ ဒီလောကတွင် သက်ရှိထင်ရှားမရှိတော့သော်လည်း သူရေးခဲ့သော စာအုပ်မှသင်ခန်းစာများယူနိုင်ကြပါက ကောင်းရာသုဂတိမှ သာဓုအနုမောဒနာ ပြုနေပါလိမ့်မည်။

ဒေါက်တာမိကျော်သောင်း

နိုဝင်ဘာ၊ ၂၀၀၆



www.burmeseclassic.com

www.burmeseclassic.com

မြေးဦးကျော်ကျော်ဝင်း

နှင့်

ချစ်လှစွာသော လူကလေးများသို့



ခင်နှင်းယု

## ထာခြင်းကောင်းသောလူကလေး

ရေယာမုန်၊ အမွှန်သီတာတိုင်းသို့လေ...။
ငှက်လိမ္မာ၊ မကြာနောင်စေခိုင်းမယ်ပလေး။ ။
တောင်ဝိုင်းစုံလွင့်၊ မြင့်တိမ်ယံဗွေ၊ ရေယဉ်စီးတဲ့
မြစ်ကြီးငယ်သောင်ခြေ။
ရွှေရွှေရွှေရောင်သာ။ ငွေငွေငွေရောင်သာ။ ။
မြရေယဉ်မှော်ပင်ကြား။ မြူးတဲ့စံငါး။ လေးမယ်
ခင်နုတ်သွင်ထာ။ ဘုန်းမယ်ဘို့သာ။ နှုတ်ဖျား
ဝါဝါ၊ ပန်းလွှာရွှေသွေး။ ချီကာယူလို့ပေး။ ။
ကိုယ်မွေးသိင်္ဂါ၊ မြူးစွာငွေသွေး ကျောင်းဝင်ကလေး။
ရွှေဘုံသူ ကလေးငယ်ဘို့၊ ချီအေးသံသာ။
စုံရှုယ်လီမှိုရင်ညှောင်းတယ်၊ တောင်းယူခဲ့ပါ။
နွဲ့နွဲ့မာန်ကိုးငယ်နှင့်၊ အိုဆိုးလိုက်တာ။
မြမျက်ရေ ဂေါ်ဇင်ညွှာက ငိုရှာလုနီး။
မောင်မောင်ကြီးငယ့်၊ စိန်ကြိုးသွယ်။
ဟာ တိတ်ပကွယ်။ ကြောင်ညိုပြါးငယ်
စားတတ် လှတယ်။ ။



www.burmeseclassic.com

www.burmeseclassic.com



ရေပေါ်မှာလွှမ်းပါတဲ့၊ ကံဖွန်းနွယ်။
ဒေါင်းဖလ်ဝါရောင်စုံကွယ်လို့၊ ခိုင်ရွှေနွယ်သီ။
ဇမ္ဗူရည်ထီးမှာတဲ့၊ အညီးတော်ပြေ။
ယိုလေသဲသာ" စိန်ရိုးညှာလွဲမယ်လေး..နွဲ့ဟံလို့သာ။ ။
ဩော်...သားကြီး အိပ်ပျော်လို့ သွားပြီလား။
တိတ်ပါတော့ သက်လျာငယ် ဉာဏ်ရှာလို့ဆို။

မေ့မောင်ကြီး မပူပါနှင့်၊ ပင်တိုင်သူ စိတ်မကောင်းပါဘူးကွယ်၊ လောင်းနေညွန့်မျိုး...ဆိုတဲ့ ရေယမုန်ပတ်ပျိုးရဲ့အချပိုဒ်သဖြန်လေးကိုတောင် ဘွားဘွားဆိုမလို့။ သားကြီးဟာ ဘွားဘွားသမီးကမွေးတဲ့ ဘွားဘွားရဲ့မြေးကြီးပါ။ ဒါပေမယ့် သားကြီးလို့ လွယ်လွယ်ပဲခေါ်လိုက်တော့မယ်။

စောစောက နာနီသိပ်တာလည်း သားကြီးကမအိပ်။ ခုမှပဲ အိပ်တော့တယ်။ သားကြီးက အေးအေးနွဲ့နွဲ့ မြန်မာသီချင်းကြီးကိုမှ ကြိုက်လို့လား။ ဒါကတော့ ဘွားဘွားအထင်ပါလေ။ သားကတော့ ခုခေတ်ခါမှာ သီချင်းကြီးတာတွေ၊ သေးတာတွေ ဘာကိုမှ နားလည်ရှာမှာ ဟုတ်ပါဘူး။ ဒါပေမယ့် မင်းရဲ့မျက်တောင်ကော့ကြီးတွေ စင်းပြီး ဘွားဘွားရင်ခွင်ထဲမှာ အိပ်ပျော်သွားပြီ။ ဖြူနုနေတဲ့ သားကြီးရဲ့ပါးစုံ့ပေါ်မှာ မအိပ်ခင်က သားကြီးလက်နဲ့ ကုတ်ထားတဲ့ အနီစင်းကြီးတွေက ရဲလို့ပါလား။

ဘွားဘွား အိပ်ရာပေါ် ချသိပ်လိုက်တော့လည်း နှစ်နှစ်ခြိုက်ခြိုက်ဆက်ပြီး အိပ်ပျော်သွားပြီ။ မင်းရဲ့ချစ်စရာကောင်းတဲ့ နာနီဟာ မင်းအိပ်ပျော်မှ တခြားဝေယျာဝစ္စတွေကို လုပ်ရတော့တယ်။





သားကြီးရဲ့ မေမေ 'မိ'ကတော့ ကျောင်းမသွားခင်က သူ့ဖေဖေဦးပုံစံကြီး ဟန်ပန်အတိုင်း စာတစ်ရွက်ပေါ်မှာ နာနီလုပ်ရမယ့် တစ်နေ့လုပ်ငန်းစဉ်တွေကို တစ်၊ နှစ်၊ သုံး၊ လေး နံပါတ်ထိုးပြီး အစီအစဉ်ရေးပေးခဲ့တယ်။

ဘွားဘွားကိုတော့ ပြောခဲ့တယ်ကွယ့်။ "မေမေရယ် သားကြီးလက်မှာစွပ်ဖို့ ပိတ်စနူးနူးညံ့ညံ့နဲ့ လက်အိတ်တစ်စုံချုပ်ပေးပါတဲ့၊ သားရဲ့လက်သည်းတွေကို ညှပ်လို့မဖြစ်သေးဘူးတဲ့" သားကြီးဟာ နှစ်လမပြည့်သေးဘဲကိုး။

ဩော်...ခွေးမိ ခုတော့ သူ့သားကြီးကိုချစ်တတ်လာပြီ။ မိခင်မေတ္တာဆိုတာ ဘယ်လိုလည်းဆိုတာ သိလာပြီပေါ့ သားရယ်။ သားအတွက် လက်အိတ်ချုပ်ဖို့ ပိတ်စနူးနူးညံ့ညံ့က ဝယ်ဖို့မလွယ်သေးတော့ ဘွားဘွားကလေ မင်းရဲ့ဘဘ ဦးပုံစံကြီးကိုင်တဲ့ ပဝါချောချောတစ်ထည်ကို သားအိပ်နေတုန်း လက်အိတ်ချုပ်ပြီး ပေးရတယ်။ အိပ်ပျော်နေတဲ့ သားမျက်နှာကိုကြည့်ရင်း လက်ကလည်း လက်အိတ်ကိုချုပ်ရင်း ဘွားဘွားစိတ်ကူးယဉ်ယဉ်နဲ့ စိတ်ကူးပြီး စာတွေရေးလိုက်တာ စာတစ်အုပ်ပြီးသွားရော။

ဘွားဘွား စိတ်ကူးသမျှ အသည်းနှလုံးမှာ ခံစားရချက်တွေဟာ (Computer ကွန်ပျူတာစက်) နဲ့ ဦးနှောက်ကိုဆက်ထားပြီး ဒက်ဒက်–ဒက်ဒက်နဲ့ စိတ်ကူးသမျှ လက်နှိပ်စက်နဲ့ရိုက်ပြီး စာရွက်ပေါ်မှာ သွားထင်ရင် ဘယ်လောက်များ ကောင်းလိုက်မလဲ။ ခုတော့ ဘွားဘွားလက်တွေဟာ အကြောအား မသန်လို့ စိတ်ကူးနောက်ကို ကလောင်က သွက်သွက်မလိုက်နိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားလေ အဲဒီ "ရေယမုန်"ပတ်ပျိုးသီချင်းကို မြန်မာသီချင်းကြီးတွေထဲမှာ သိပ်ကြိုက်တာပဲ။ ရေးတဲ့သူက ကနောင်မင်းအိမ်ရှေ့မိဖုရား လှိုင်ထိပ်ခေါင်တင်။

ဘွားဘွားစိတ်ကလေ တစ်မျိုးပဲ၊ သူတို့ အချစ်ရှူးလို့ပဲရေးရေး၊ ဘဝလှိုင်းပုတ်ခံရလို့ပဲရေးရေး၊ ဒီလှိုင်ထိပ်ခေါင်တင်နဲ့ သူ့မိခင်အနောက်နန်းမတော်မမြလေးတို့ကို ဘွားဘွားမမြင်ရဘဲ သိပ်ချစ်တာပဲ၊ ဘာဖြစ်လို့လည်းဆိုတော့ ရွှေနန်းစည်းစိမ်ခံစားရင်း တစ်ဖက်က စာပေကို ပြုစုသွားကြလို့ပဲကွယ့်။

အဲဒီ ရေယမုန်ပတ်ပျိုးကလေးထဲက စာပိုဒ်ကလေးတွေကို သီဆိုပြီး ဘွားဘွား ကလေးသိပ်ချင်လိုက်တာလည်း မပြောနဲ့တော့။ သူ့ပတ်ပျိုးထဲမှာ အိမ်ရှေ့မိဖုရားရယ်လို့ ထီးဟန်နန်းဟန်၊ ထီးသံနန်းသံတွေလည်းပါတာပေါ့လေ။

ဒါပေမယ့် ဘွားဘွားက မြစ်ဝကျွန်းပေါ်သူဆိုတော့ မြစ်တွေ၊ ချောင်းတွေ၊ ငါးလေးတွေနဲ့ ကြီးပြင်းလာတဲ့သူမို့လား။ ဒီပတ်ပျိုးကို စပ်စဉ်က လှိုင်ထိပ်ခေါင်တင်ဟာ သူချစ်တဲ့ ထန်းတပင်မင်းသားကို ကြည့်ပြီး ဒီဂီတတွေ၊ သီချင်းတွေ ရင်ထဲကလှိုင်းထပြီး ကွလာတယ်ထင်ပါရဲ့နော်။ သူ့စကားလုံးတွေကို ဘွားဘွားသိပ်ချစ်တာပဲ။

"တောင်ပိုင်းစုံလွင့်၊ မြင့်တိမ်ယံဗွေ၊

ရေယဉ်စီးတဲ့ မြစ်ကြီးငယ်သောင်ခြေ..."

အမှန်တော့လေ ဘွားဘွားစကားပြေရေးလိုက်ရင် သူ့မူလအရသာပျက်သွားမှာစိုးတယ် သားကြီးရယ်။ နည်းနည်းရေးပြရမယ် ဆို





ရင် သူ့စိတ်ထဲမှာ သူ့သားထန်းတပင် မင်းသားကလေးကစားဖို့ မြစ်ကမ်းသောင်ခြေမှာ မြရောင်လိုစိမ်းလဲ့နေတဲ့ မြစ်ရေယဉ်ထဲက ရေမှော်ပင်တွေကြားမှာ မြူးပျော်နေတဲ့ ငါးလေးတွေကိုသွားပြီးကောက်ပါလို့ ဖျင်းငုက်ကလေးကို ခိုင်းနေတာသားရဲ့။ သူ့သားကိုချော့တဲ့ အချော့တော် ရွှေဘုံသူ့အပျိုတော်လေးတွေရယ်တဲ့၊ ဖျင်းဖြူလေး ချီယူလာတဲ့ ငါးလေးတွေကို နှင်းကလေးဆီက တောင်းယူခဲ့ပြီးပေးပါတဲ့...။

ပြီးတော့လေ နွဲ့ဆိုး ဆိုးနေတဲ့ သားကြီးကို မဝိုပါနဲ့တဲ့၊ ကြောင်ပါးကြီး ကိုက်လိမ့်မယ်တဲ့။ ဒီအပိုဒ်ကလည်း အရပ်သူရိုးရိုးပြောနေကြ အရပ်သုံးပါပဲ၊ ထီးသံနန်းသံမပါဘူး၊ အရပ်ထဲမှာလည်း မိခင်တွေဟာ သားကိုချော့ရင် "သားကြီးအိပ်တော့ သားကြီးမအိပ်ရင် ကြောင်ညိုပါးကြီးကိုက်လိမ့်မယ်"လို့ ချော့ပြီး သိပ်ကြတာပါပဲ...။

"ရေပေါ်မှာ လွှမ်းပါတဲ့ ကဖွန်းနွယ်၊ ဒေါင်းဖလ်ဝါရောင်စုံကွယ်လို့၊ ခိုင်ရွှေနွယ်သီး..."

ငါးကလေးတွေတင် မဟုတ်ဘူးတဲ့ သူ့သားကြီး ကစားဖို့ ရေပေါ်မှာ တွားပြီးပေါက်နေကြတဲ့ ကဖွန်းနွယ်တွေလည်း ယူခဲ့ပါဦးတဲ့။ ညနေစောင်းနေမင်းကြီးက အနောက်ဖက်မှာ ဝင်လုဆဲဆဲ ခြေပြင်ပေါ်မှာလည်း နေရောင်တွေဟာ ရောင်စုံဖြာကျတဲ့အချိန် ကဖွန်းနွယ်ပွင့်လေးတွေရဲ့ အလှအပကို သူနန်းတော်ပေါ်ကမြင်ယောင်နေတယ်ထင်ပါရဲ့ သားရယ်။ ကဖွန်းနွယ်အပင်တွေကိုလည်း ခူးလာခဲ့ပါဦးတဲ့။

ဩော် ဘွားဘွားလည်း ကဗျာစပ်တတ်ရင်ဖြင့် ဘွားဘွားတို့ မြစ်ဝကျွန်းပေါ်ရဲ့ အလှအပတွေကို ကဗျာစပ်ပြီးသားကြီးကို သိပ်ပါရဲ့။ ခုတော့ သူရေးထားခဲ့တဲ့ ပတ်ပျိုးကိုပဲဆိုပြီး သိပ်ရတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ပတ်ပျိုးအဆုံးမှာတော့ “အိပ်ပါတော့ သားကြီးရယ် သားတော်မောင်ငိုရင် ပင်တိုင်စံဖြစ်တဲ့ မယ်မယ်ဖုရား စိတ်မကောင်းပါဘူးတဲ့” ရှင်းရှင်းရေးရင်တော့ သားကြီးငိုရင် စိတ်ညစ်တယ်ပေါ့။ အဆုံးသတ်မှာတော့ “လောင်းနေ့ညွှန့်မျိုး”လို့ အဆုံးသတ်ထားတယ်၊ နေမျိုးနွယ်လာဖြစ်တဲ့ မင်းလောင်းမင်းလျာလေးပေါ့လေ။ အမှန်တော့လည်း ကနောင်မင်းသားသာ မင်းအဖြစ်ဆက်ခံရရင် သူ့သားထန်းတပင်မင်းသားလေးဟာလည်း တစ်နေ့အိမ်ရှေ့စံမင်းသားဖြစ်လာမှာပေါ့။

ဘွားဘွားရဲ့ သားကြီး ကြီးလာရင်လေ မြန်မာရာဇဝင်တွေကို ဖတ်ကြည့်ပေါ့သားရယ်။ ဘွားဘွားလေ စာအုပ်တွေ အများကြီးရှာဖွေပြီး ထားခဲ့တယ်။ သားကြီးဖို့ အမွေပဲပေါ့။

သားကြီးက ထင်လေးမလားမသိ။ “ဘွားဘွားကလဲ စိန်တွေ ရွှေတွေတော့ မထားခဲ့ဘူး။ သားကြီးဖို့ စာအုပ်တွေပဲထားခဲ့တယ်လို့” အပြစ်တင်ကောင်း တင်လိမ့်မလားမသိ။ အမှန်တော့ သားကြီးသာ စာပေတန်ဖိုးသိခဲ့ရင် “ဩော် ဘွားဘွားရဲ့အမွေတွေဟာ သားစဉ်မြေးဆက်စားလို့မကုန်ပါလားလို့” သားကြီး တစ်နေ့ကျေးဇူးတင်လိမ့်မယ်။ ဒီ “ရေယမုန်”ပတ်ပျိုးရဲ့ တကယ့်အဓိပ္ပာယ် အပြည့်အစုံကို ပညာရှင်တွေ အများကြီးရေးခဲ့ပါတယ်၊ သူတို့အယူအဆထဲက ကောက်နုတ်ပြီး ဘွားဘွားအထင်နဲ့ အယူအဆကို ပူးပေါင်းပြီး သားကြီးပြောပြရတာ။

ဂီတနိဒါနီ ကျမ်းမှာတော့ “ဝိဇယကာရီ ပတ်ပျိုးကလေး” လို့ ရေယမုန်ပတ်ပျိုးကို ခေါင်းစဉ်တပ်ထားတယ်။ ဝိဇယကာရီနန်းတွင်းပြဇာတ်မှာ ဒီပတ်ပျိုးကလေးက တစ်ခန်းအပါအဝင် ဖြစ်ပါလိမ့်မယ်။





ဆရာကြီးဒီးဒုတ်ဦးဘချိုကတော့ သာမန်အရပ်သုံးကလေးချော့သီချင်းတွေကို ထီးဟန်နန်းဟန်နဲ့ နန်းတော်ပေါ်မှာလွှမ်းမိုးသွားအောင် မြှင့်တင်ပေးနိုင်တဲ့စာဆိုရှင် တစ်ယောက်အနေနဲ့ လှိုင်ထိပ်ခေါင်တင်ကို ချီးကျူးထားတယ်၊ လှိုင်ထိပ်ခေါင်တင်ကတော့ သူ့ပတ်ပိုးအဆုံးမှာ သူ့သားတော်ကို “လောင်းနေ့ညွှန့်မျိုး” လို့ မျိုးဆက်ကိုဖော်ပြသီကျူးရင်း အဆုံးသတ်ထားတယ်။

ဘွားဘွားရဲ့ သားကြီးကတော့ မင်းဆွေမင်းမျိုးမဟုတ်ပါဘူး သားကြီး။ သာမန်မျိုးရိုးပါပဲ။ သားကြီးရဲ့ဖေဖေဟာ အခုသားကြီးအိပ်ရာပေါ်မှာ အိပ်စက်နားနေချိန်မှာ မိတ္ထီလာမြို့လေတပ်စခန်းမှာ အမှုထမ်းနေတဲ့ အရာရှိတစ်ယောက်ပဲ။ သူအခုချိန်မှာ ကောင်းကင်လေဟာပြင်ထဲမှာ သူ့လေယာဉ်နဲ့ ပျံဝဲနေလေမလား မသိ။

ဒါကြောင့် မနေ့က သားကြီးမအိပ်နိုင်လွန်းလို့ ဘွားဘွား သီချင်းဆိုသိပ်သေးတယ်လေ။

“လူကလေးရဲ့ ချော့စရာ၊ မိတ္ထီလာကန်တော်အောက်က ဖေဖေရယ် ဖားကောက်ခဲ့ပါ၊ ဖားပါလျှင် တစ်ကောင်ပေးပို့၊ မျက်လုံးရယ် ကြောင်တောင်တောင်နဲ့ ဖားကောင်ကသေး။ သားမောင်လှလေး။”

သားကြီးက အဲဒီသီချင်းနဲ့ အိပ်ပျော်သွားတာပါပဲ။ ဩော် သားကြီးငြိမ်းချမ်းတဲ့ရင်ခွင်မှာ အေးမြသာယာတဲ့သီချင်းသံလေးတွေကို နားထောင်ရင်း အိပ်ပျော်ရတဲ့ကုသိုလ်ဆိုတာ မနည်းဘူး သားကြီးရေ။ သာကံအကျိုးပေး ကောင်းခြင်းတစ်မျိုးပဲ။

တချို့တော့ မိခင်ကလည်း စိတ်မရှည်နိုင်၊ သူနို့သီးခေါင်းကို



www.burmeseclassic.com

www.burmeseclassic.com



တောင် ကိုယ့်သားပါးစပ်အပေါက်တဲ့အောင် မတပ်နိုင်ရှာဘဲ အလုပ်တစ်ဖက်လုပ်ရင်းက " သေချင်းဆိုးလေး၊ အမျိုးယုတ်ကလေးရဲ့ အိပ်ပဲ မအိပ်နိုင်ဘူး"ဆိုပြီး ကရုဏာဒေါသောနဲ့ ကလေးဖင်ကိုလက်ဝါးနဲ့ ဖြန်းဖြန်းချပြီး သိပ်တဲ့မိခင်တွေရဲ့ အချခံရင်းရှိုက်ငိုပြီး အိပ်ရတဲ့ကလေးတွေလည်းရှိတာပဲသား။ ဒါတွေကိုနောက်တော့ ဘွားဘွားရေးပြမယ်။

ခုတော့ဖြင့် ဘုရားမှာပဲ ဘွားဘွားဆုတောင်းရတော့တယ်။

တခြားသူကလေးတွေကိုလည်း သားကြီးလိုပဲ သာယာတဲ့ သီချင်းသံတွေ နားထောင်ရင်း အေးချမ်းတဲ့မိခင်များရဲ့ ရင်ခွင်ထဲမှာ အိပ်စက်စေချင်တဲ့ စေတနာဟာ ဘွားဘွားရင်ထဲမှာ တဖွားဖွားပေါ်လာတယ်။

သားမွေးဖွားတဲ့ ဒီမြန်မာပြည်ကြီးရဲ့ အရှေ့တောင်ဘက်ဆီမှာ ဗီယက်နမ်ဆိုတဲ့ တိုင်းပြည်တစ်ပြည်ရှိတယ်။ တစ်လုပ်စားဖူး သူ့ကျေးဇူး ဆိုသလိုပဲ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော် ဆောင်းဦးပေါက်တစ်ချိန်က ဘွားဘွား သူတို့တိုင်းပြည်ကို ရောက်ခဲ့လို့ သူတို့ထမင်းကို စားဖူးလေတော့ သူတို့ကိုလည်း မမေ့နိုင်ဘူး။ အရှေ့တောင်အာရှတိုက်သားချင်း တူလေတော့ တစ်မြေထဲအတူနေသလိုဖြစ်နေတယ်။ အဲဒီတော့ သူတို့ခံစားရတဲ့ ဝေဒနာဟာ ဘွားဘွားခံစားနေရသလိုပဲ။

အေးမြချမ်းငြိမ်တဲ့ အိပ်ရာပေါ်မှာ အိပ်စက်နေတဲ့ သားကြီးကိုကြည့်ရင်း ဗီယက်နမ်မှာရှိတဲ့ ကလေးတွေဟာ သားကြီးလိုမှ အိပ်စက်ခွင့်ရပါ့မလား။ လက်နက်ကျည်ဆန်၊ ဗုံးဆန်တွေအောက်မှာ ပြေးလွှားနေတဲ့ မိခင်တွေ လွယ်ထားတဲ့ ကျောပေါ်ကအဝတ်ပုခက်ပေါ်မှာ ခေါင်းလေး





တွေ ငိုက်စိုက်ငိုက်စိုက်နဲ့ မသက်မသာ အိပ်နေကြရရှာမှာပဲလို့ တွေးမိတော့ ရင်ကထဲမှာ ဆို့သွားတယ်။

ဗီယက်နမ်ဆိုတဲ့ တစ်ရပ်တစ်ကျေးကို လာတိုက်နေကြတဲ့ အမေရိကန် စစ်သားများရဲ့ ဇနီးတွေဟာလည်း သူတို့ရင်ထဲမှာတော့ ပူလောင်နေကြမှာပဲ။ သူတို့ရဲ့ လူကလေးတွေလည်း ပူလောင်တဲ့ မိခင်ရင်ခွင်မှာ ကြီးပြင်းကြရမှာပဲ။ သူတို့က ချမ်းသာတဲ့တိုင်းပြည်ဆိုတော့ တော်သေးတာပေါ့။ သားကြီး ငြိမ်းချမ်းတယ်ဆိုတဲ့ ဘဝတန်ဖိုးကို မငြိမ်းချမ်းတဲ့အခါမှ လူတွေသိကြတယ်။ ဘွားဘွားတွေးနေတာကို သားကြီးကတော့ ဘာမှသိရှာမှာမဟုတ်ဘူး။ သားကြီးပြင်းလာရင်တော့ ဘွားဘွားရဲ့ စာအတိုအစတွေကနေစုလို့ ရသမျှအဆင့်ဆင့်ပွားပြီး စာတွေကို ဖတ်ပေတော့သား။

"စစ်နဲ့ငြိမ်းချမ်းရေး" တို့ "အချစ်နဲ့စစ်" အစရှိတဲ့ ဝတ္ထုတွေကိုတော့ဖြင့် တော်စတွိုင်းအစရှိတဲ့ ကမ္ဘာကျော်စာရေးဆရာကြီးတွေ ရေးသားခဲ့ဖူးကြပြီ။

ဖြစ်များဖြစ်နိုင်ရင်တော့ သားအရွယ်ရောက်လာရင် "လူသားနှင့် ငြိမ်းချမ်းရေး"ဆိုတဲ့ စာတစ်အုပ်များ ရေးနိုင်ရင် သိပ်ကောင်းမှာပဲ ဩော် ဘွားဘွားက ဒီလိုသာ တွေးနေရတယ်။ ဘွားဘွားရဲ့သားက ဘယ်လိုပုံစံနဲ့များ ကြီးပြင်းလာမယ်ဆိုတာ ဘွားဘွားကြိုတင်မသိနိုင်ပါဘူး သားရယ်။ ဘယ်ခေတ်နဲ့ ဆုံတွေ့လို့ သားကြီးခံယူချက်က ဘယ်သဘောတရားတွေများ ဖြစ်နေမလဲမသိ။

ဘွားဘွားကတော့ အသိတရားတွေ ပြည့်နေတဲ့ လူတွေဉာဏ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးရှင်တွေကို ရယ်မောမိတယ်။ သူတို့ဟာ ဘွားဘွားထက် ပညာ၊ ဉာဏ်၊ အသိတရားတွေ သာချင်သာမယ် မလျော့ပါဘူး။

ဒါပေမယ့် လူပညာရှိကြီးတွေဟာ "အကျိုးမဲ့တဲ့ စစ်ပွဲကြီးတွေကို မတိုက်ချင်ပါနဲ့။ လူသားတွေကို အကျိုးမဲ့ မသေစေပါနဲ့။ မိခင်နဲ့ ကလေးတွေ ငြိမ်းချမ်းပါစေ"လို့ ကြားလူတွေက တောင်းပန်ရင် အဲဒီ လူပညာရှိကြီးတွေဟာ ဘာမှန်းလဲမသိဘူး။ စစ်ပွဲကြီးတွေ ထတိုက်ကြတာပဲ။ စစ်ပွဲဆိုတာ အဆုံးသတ်အနိုင်ရလို့ ပြီးပြတ်သွားတယ်လို့ ဘွားဘွားဖတ်ခဲ့ဖူးသမျှ သမိုင်းစာအုပ်တွေမှာ မရှိခဲ့ဖူးပါဘူး။ သူတို့ စစ်မြေပြင်မှာ မောလာကြတော့မှ "လာဗျာ ကုလားထိုင်ပေါ် ဆွေးနွေးရအောင်"ဆိုပြီး အိုးပျက်၊ အိမ်ပျက်၊ အသက်တွေ၊ သွေးတွေ၊ အရိုးတွေပေါ်မှာ ကုလားထိုင်တွေ၊ စားပွဲတွေချပြီး ဆွေးနွေးရင်း စစ်ပွဲကိုခဏနားကြပြန်ရော။ ဟော ပြီးတော့ အပန်းပြေလောက်ရင် "တစ်ဖက်က ငြိမ်းချမ်းရေး"လို့အော်ပြီး "စားပွဲကနေ စစ်မြေပြင်ခပေါ်" ခြေသွားဆန့်ကြပြန်ရော။ သားလူလားမြောက်လို့ အသိတရားကလေး ဝင်လာတယ်ဆိုရင်ပဲ သိပါလိမ့်မယ်။ ခုအတွေးက သားကြီးမျက်နှာကို ကြည့်ရင်း ဘွားဘွား ရင်ထဲခံစားရသမျှ တွေးနေတာပါ။ နုနယ်တဲ့သားရဲ့ နှလုံးသားတွေ ဦးနှောက်တွေနဲ့ လက်ရှိအခြေအနေတွေဟာ ကွာလှမ်းလွန်းလှပါတယ်။

ဒါပေမယ့် ဘာပဲပြောပြော သားအရွယ်ရောက်တဲ့ တစ်ခေတ်မှာ တခြားလူကလေးများနဲ့အတူ ငြိမ်းချမ်းတဲ့ ကမ္ဘာမှာကြီးပြင်းစေချင်တာပေါ့သားရယ်။





ဘွားဘွား လက်အိတ်တောင် ချုပ်ပြီးသွားပြီ သားကြီးကတော့ အိပ်နေဆဲပဲ။ မင့် နာနီကလေ အခန်းဝကနေ လာကြည့်နေတယ်။ ခုလို နှစ်လသုံးလအရွယ်ဟာ ကြာကြာအိပ်တတ်တယ်ဆိုတာ သူတို့သိပါတယ်။

မင်းမေမေ "မိ"မှာခဲ့တဲ့အတိုင်း ဆယ်နာရီထိုးရင်တော့ သားကြီးကို ရေချိုးပေးလိမ့်မယ်။ ပြီးရင် သူနို့ဗူးတိုက်တော့မယ်။ ဟုတ်တယ်လေ သူ့မှာတော့ ဝတ္တရား။ ညနေစောင်းလို့ သားကြီးရဲ့ မေမေ ပြန်လာလျှင် သူဘာတွေ လုပ်ပါတယ်ဆိုတာ သူ့မှာတင်ပြအစီရင်ခံရမှာကိုး။

ခြောက် ခွေးမိ သူ့အမေ ဦးပုံစံကြီးအတိုင်းပါပဲလား။ သူ့သားကို ပုံစံနဲ့ နာရီနဲ့ကို အချိန်ကိုက်၊ အချိုးကိုက်၊ အတိအကျမွေးတာပဲ။ ဒါကြောင့် သားကြီးရဲ့မေမေ "မိ"ကို 'မတိကျ'လို့ ဘွားဘွားက နာမည်ပေးထားတာ။

ကြည့်လေမမွေးခင်ကတည်းက စာအုပ်ကိုဖတ်ပြီးအစီအစဉ်နဲ့ ဘယ်နှစ်လသားမှာ ဘာကျွေးလို့ ဘယ်လို မွေးရမယ်။ ဘယ်အချိန်မှာ ကလေးတစ်ယောက်အတွက် ဘာအာဟာရဓာတ်လိုတယ်ဆိုတာ သူတွက်ချက်ရေးမှတ်နိုင်ပြီလေ။

ဘွားဘွား ရယ်ချင်တာတစ်ခုရှိသေးတယ်။ မင်းအမေ 'မိ'က သူသားကို ပုခက်နဲ့ မသိပ်ရဘူးတဲ့။ ကလေးရဲ့ ဦးနှောက်ကို ထိခိုက်စေတယ်ဆိုလို့ သားကြီးအိပ်ချိန်ရောက်ရင် ဘွားဘွားနဲ့ နာနီဟာ ပုခက်ထဲမှာချော့ပြီး သိပ်ကြရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကြောင့် တစ်နေ့က ခေတ္တလာလည်တဲ့ မမစန်းခင်ပွန်း သားကြီးနဲ့ဆို ဘကြီးတော်မှာပေါ့။ ဗိုလ်မှူးသက်တင်က ရယ်ပြီးပြောတယ်တွည်း။

"ဟဲ့...မိရဲ့ တို့များရောမင့်အဖေဦးပုံစံရော မြန်မာတစ်ပြည်လုံးတို့အဘိုးအဘွားတွေကိုသူတို့မိခင်တွေဟာ ပုခက်လွှဲသိပ်ခဲ့တာပါ။ မင်းအယူ အဆလိုသာဆိုရင် တို့များအားလုံးအရူးတွေ ဖြစ်နေမှာပေါ့ တဲ့..."

မင်းမေမေ'မိ'ကတော့ရယ်ပြီးကျောင်းတက်ဖို့ ထွက်သွားတာပဲ ဟော...မင်းကလဲခုတော့ကျင့်သားရနေပြီ။ ပုခက်ထဲထည့်ဖို့မလိုဘဲ ရင်ခွင်ထဲမှာပဲ အိပ်တတ်သွားပြီ။ အိပ်ချိန်ကလွဲလို့ ကလေး ချီမထားရဘူး။ ကလေးလက်ကြိုက်မယ်လို့ပြောပြန်တော့ နာနီက သူပြောသလိုဘဲ လိုက်လုပ်တယ်။ အိပ်ရာပေါ် အမြဲအိပ်နေတဲ့အရွယ်ဆိုတော့ သားရဲ့ခေါင်းကြီးကပြားလို့။

ဘွားဘွားကပြောတယ် "မိရယ် သားဟာ အိပ်ပဲနေရလွန်းတော့ ခေါင်းကြီးက ပြားနေပြီဆိုတော့..."

"အို...လွယ်ပါတယ် ဖျာတစ်ချပ်ခင်းပြီး ခေါင်းအုံးမခံဘဲ ဒီအတိုင်းသိပ်တဲ့..."

သူ့နာနီကလဲ သူပြောတဲ့အတိုင်းလုပ်တယ်။

ခြောက်လသား လူးတတ်၊ လှိမ့်တတ်၊ ဝမ်းလျားထိုးတတ်လာတော့ သားကြီးခေါင်းဟာပြန်ပြီးလုံးသွားတယ်။ သူ့ဟာနဲ့သူလဲ ဟန်သားပဲနေ၁်။





သားကြီးနိုးလာပြီ။ နာနီဟာ သူ့တာဝန်အတိုင်းဆက်လုပ်ဖို့ သားကြီးကိုခေါ်သွားမှ ဘွားဘွားအတွေးလဲပြတ်သွားတယ်။

* * *

www.burmeseclassic.com

# ဒီမေတ္တာ

နောက်နေ့တွေကြပြန်တော့ ဘွားဘွားရဲ့ အတွေးတွေဟာဆက်ပြီး ပေါ်လာကြပြန်ရော။ သားကြီး ကြီးပြင်းလာတဲ့နေ့ရက်တွေမှာ သားကိုတစ်ရက်ပြီးတစ်ရက် ကြည့်ရင်းဘွားဘွားဟာ စာတွေတစ်ရွက်ပြီး တစ်ရွက်ရေးခဲ့တယ်။

မင်းမေမေ'မိ'ကလဲ သူ့စာအုပ်ကိုလှန်ပြီး ကလေးတစ်ယောက် ကြီးထွားမှုအတွက် ဘယ်လပိုင်းမှာ ဘာကျွေးရမယ်ဆိုတာ ကိန်းဂဏန်း ဇယားနဲ့ကိုချထားတာပဲ။ သူ့ရဲ့ဆရာမကြီး (ကလေးအထူးကု ဆရာဝန် မကြီး ဒေါ်ခင်သန်းနု)နဲ့ အမြဲတိုင်ပင်တယ်ကွယ့်။

ဒီတော့သားကြီးရဲ့ ကြီးထွားသန်မာမှုဟာ ဘာမှစိုးရိမ်စရာ မရှိဘူး။

သားကြီးမွေးနေ့ ဇန်နဝါရီလ(၁)ရက်နေ့ကို ရောက်လာတော့





မယ်။ အင်္ဂလိပ်နှစ်ဆန်းတစ်ရက်နေ့ဆိုတော့ မှတ်ရလွယ်တာပေါ့။ အဲဒီ အချိန်ဟာ ဆောင်းလယ်ဖြစ်ပြီး အေးမြတဲ့နှင်းစက်ကလေးများကို ဆောင်း လေက သယ်ယူလာတဲ့အချိန်ပဲ။

မင်းမေမေ'မိ'ဟာ ဆေးတက္ကသိုလ်(၂)မှာ စာသင်လာတာ လေး နှစ်မြောက်ဆိုတော့ သူတို့အဖို့တော့ အရေးကြီးတဲ့နှစ်ပေါ့။ ခါတိုင်း မင်္ဂလာဒုံသွားတဲ့ ဘတ်စကားမှတ်တိုင်နံပါတ်(၉)အထိ အိမ်ကကားနဲ့ လိုက်ပို့ပြီး အပြန်သူ့ဘာသာဘတ်စကားနဲ့ပဲပြန်လေ့ပြန်ထရှိတယ်။

ခုတလောတော့ စာမေးပွဲကမတ်လမှာစစ်မှာမို့ စာမေးပွဲလဲနီး၊ ကျောင်းစာသင်ချိန်အတန်းဆင်းချိန်ဟာ ၄–နာရီခွဲ ၅–နာရီဆိုတော့'မိ' အိမ်ပြန်ချိန်သိပ်နောက်ကျတယ်။ ဆောင်းတွင်းမှာ နေစောစောဝင်တော့ မှောင်မှပဲ အိမ်ကိုရောက်တော့တယ်။ ဒါကြောင့်'မိ' ကျောင်းဆင်းချိန်ကို စာမေးပွဲနီးရင် အိမ်က ကားနဲ့သွားကြိုတယ်။

တစ်နေ့တော့ ခပ်စောစောပဲ နာနီနဲ့သားလဲအပျော်သဘော ဖြစ်ပါစေ၊ 'မိ'လဲသင်တန်းက မောမောနဲ့ဆင်းအလာ သူ့သားမျက်နှာ ကိုမြင်လိုက်ရရင် အမောပြေပါစေသဘောနဲ့ ဘွားဘွားက သားကြီးနဲ့နာနီ ကိုကားပေါ်တင်ပြီး စောစောဆေးတက္ကသိုလ်(၂)ရှိရာ မင်္ဂလာဒုံကို ထွက် လာကြတယ်။

မိန်းကလေးကျောင်းအဆောင်ရှေ့က ကုက္ကိုပင်ကြီးအောက်မှာ ကားရပ်ထားတုန်း ဘွားဘွားကနွားနို့သောက်ချင်တာနဲ့ ကားပေါ်ကဆင်း ပြီး နွားနို့တစ်ခွက်ဝယ်သောက်တယ်၊ နွားနို့က ပူလွန်းလို့ ဒီလိုပဲကိုင်ထား



www.burmeseclassic.com

www.burmeseclassic.com



ရသေးတယ်၊ ချက်ချင်းမသောက်နိုင်သေးဘူး။ နွားနို့သည်ရဲ့ ညာဘက်မှာ ရေခဲချောင်းရောင်းတဲ့သူရယ်၊ လက်သုတ်သည်ရယ်၊ ဆိုက်ကားသမားကြီး တစ်ယောက်ရယ် ရှိတယ်။ သူတို့နောက်ကမှ ငှက်ပျောကြော်ကြော်နေတဲ့ မိန်းမတစ်ယောက်။ သူကသန့်သန့်မာမာ ဝဝတုတ်တုတ်ပဲ၊ ဘွားဘွားလို ပိန်ချုံချုံမဟုတ်ဘူး။

တော်ကြာတော့ ကလေးနို့စို့ရွယ်လေးတစ်ယောက်ကို ကလေးကြီးကြီးတစ်ယောက်က ခေါ်လာပြီး ရေခဲချောင်းသည်နဲ့ လက်သုတ်သည်ကြားက ဖျာစုတ်ကလေးပေါ်မှာ လာတင်သွားတယ်။ ကလေးလေးဟာ ထိုင်တတ်ခါစ သားကြီးနဲ့အသက်မတိမ်းမယိမ်းပဲ ရှိပါလိမ့်မယ်။ ကိုယ်လုံးကတော့ သားကြီးရဲ့ တစ်ခြမ်းလောက်ရှိတယ်။ ဟောင်းနေတဲ့ ကျားသစ်ကွက်ဖလံနယ် အင်္ကျီကိုဝတ်ပြီး မျက်နှာကလဲချေးတွေပေးလို့။ သူ့ခမျာ တအယ်အယ်ငိုနေပေမယ့် အသံကမထွက်သလိုဘဲ ကလေးလေးရဲ့ မတိုးမကျယ် တကျီကျီငိုသံလည်းကြားရော ငှက်ပျောကြော်သည် မိန်းမဟာ ထလာပြီး ဖြန်းဖြန်းနဲ့ကလေးကို နှစ်ချက်လောက်ချလိုက်တယ်။

"သေချင်းဆိုးလေး မလိုက်လာပါနဲ့ဆိုတာ လိုက်လာတယ်။ ဟိုသေနာကောင်ကလည်း ဒီကလေးကို အိမ်မှာတစ်နာရီလောက် ထိန်းထားရရင် ဘာဖြစ်မှာမို့လို့လဲ၊ အခုတော့ အညော်မိတော့မယ်"

ဘွားဘွားလည်း အဲဒီမြင်ကွင်းကို ကြည့်ပြီး ဘယ်လိုဖြစ်သွားမှန်းမသိဘူး။ နို့ခွက်ကြီးကိုင်ပြီး ကလေးနားပြေးထိုင်မိတယ်။





"နေပါအုံး မရိုက်ပါနဲ့။ ကလေးက ကျန်းမာပုံမရဘူး။ သူစိတ်ညစ်လို့ ငိုတာဖြစ်လိမ့်မယ်လို့" ဘွားဘွားပါးစပ်က တောင်းပန်ရင်း ဘယ်လက်က ကလေးကို ကိုင်ထားလိုက်ရတယ်။ ငှက်ပျောကြော်သည် မိန်းမကြီးဟာ ဟီးချပြီးငိုတော့တာပဲ။ အမှန်တော့ ကရုဏာဒေါသောနဲ့ သူ့သားလေးကို ချလိုက်မိတာ စိတ်မကောင်းဖြစ်ဟန်တူပါတယ်။

"ဈေးထွက်နေတုန်း ကလေးကိုခဏ ကြည့်ထားလိုက်ပါဆိုတာကို လူကြံနဲ့ဒီကို ပို့လွှတ်လိုက်တယ်။ သေချင်းဆိုးအကြောင်း အစ်မကြီးက ဘာမှမသိပါဘူး" ဘွားဘွားကိုပြောပြီး ကလေးကိုဆက်မချော့နိုင်သေးဘူး။ ငှက်ပျောကြော်တွေ တူးမှာစိုးလို့ အကြော်ဗိုရှိရာ ပြေးသွားပြန်ရော။

"နင်ကလည်းဟာ နင့်လင်ကို စိတ်ဆိုးတာနဲ့ ကလေးကိုမဲချတာပဲ၊ ကလေးမှာ ဘာအပြစ်ရှိတာလိုက်လို့"

ဆိုက်ကားသမားကြီးက ပြောရင်း ဘွားဘွားကို မျက်စိမှိတ်ပြတယ်။ ငှက်ပျောကြော်သည်ကြီးကိုလည်း မေးငေါ့ပြတယ်။ ဘွားဘွားကတော့ ဆိုက်ကားသမားကြီးရဲ့ မျက်နှာရိပ်၊ မျက်နှာကဲဟန်ကို ဘာမှနားမလည်ဘူး။ လက်သုတ်သည်ကြီးက ဘွားဘွားကို တိုးတိုးလေးပြောပြတယ်။

"သူ့လင်က ဒီကလေးကို မွေးစားတာ သဘောမကျဘူး။ သူကကလေးကို သိပ်ချစ်တာ၊ အခုကလေးက ဝက်သက်ပေါက်ရင်း ဝက်သက်ငုပ်သွားလိုက်ပြီး တအီအီဖြစ်နေလို့"



www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွား ဇာတ်ထုပ်ရဲ့တစ်ဝက်တစ်ပျက်ကို နားလည်လာတယ်။ ငှက်ပျောကြော်သည်ကြီးက ကျက်ပြီးတဲ့ငှက်ပျောကြော်တွေကို ဇန်းထဲဆယ်ထည့်၊ မုန့်ရည်နဲ့လူးထားတဲ့ ငှက်ပျောသီးအစိမ်းကို ဒယ်အိုးထဲထည့်ပြီးမှ ဘွားဘွားအနားပြန်လာထိုင်တယ်။ ပြီးတော့ သူ့သားမျက်နှာလေးကို မုန့်ရည်တွေပေနေတဲ့လက်နဲ့ နှပ်တွေသုတ်ပေးလိုက်တယ်။

ဘွားဘွားကတော့ တတ်သလောက်၊ မှတ်သလောက် ပြောရတာပေါ့လေ။ ဝက်သက်ဝမ်းလိုက်တာ ဘာမှမစိုးရိမ်ပါနဲ့။ ကျွန်မတို့မောင်နှမခြောက်ယောက် တစ်ပြိုင်နက် ဝက်သက်ပေါက်ကြတယ်။ ကျွန်မရဲ့ မေမေတို့ရဲ့ခေတ်က အင်္ဂလိပ်ဆေးသိပ်မသုံးဘူး။ ဝက်ချေးကို ကျွမ်းနေအောင် ပြာချပြီး ပိတ်စိမ်းပါးလေးနဲ့ထုပ်ရေကျက်အေးပဲတိုက်တယ်။ ရေစိမ်းမတိုက်ဘူး။ လေစိမ်းတိုက်လည်း မခံရဘူး။ တကယ်လို့လေဝက်ချေးကို မသတိရင်တော့ ဘယဆေးဆိုင်မှာ ဝက်ချေးပုလဲမြစ်ဆိုတာရှိတယ်။ အဲဒီအမြစ်ကို သွေးတိုက်ရင်လည်း ဝမ်းလုံတယ်။

"ဟုတ်ကဲ့အစ်မကြီးရဲ့ ကျွန်မလုပ်ပါ့မယ်။ သူက ကလေးကို ဒီပို့ပို့ပြီးထားတော့ လေစိမ်းတိုက် ဝက်သက်ဝင်ပြီး ဝမ်းဖက်လှည့်သွားတာပေါ့"

ဘွားဘွားလည်း လက်ထဲက နို့ဖန်ခွက်ကို သတိရလာပြီး သောက်ချမိတယ်။ ငှက်ပျောကြော်သည်ကိုကြည့်ပြီး (ဆိုင်းလတ်စ်မာနာ) (Silas Mana) အင်္ဂလိပ်ဝတ္ထုကို သွားသတိရမိတယ်။ ပြီးတော့လည်း ဘွားဘွားထုံးစံအတိုင်း ကိုယ့်ကိုယ်ကိုယ် ပြန်မေးမိတယ်။



"ကိုယ့်ဝမ်းကိုယ်ဝအောင် ငှက်ပျောသီးကြော် ရောင်းစားနေရတဲ့ မိန်းမတစ်ယောက်ဟာ သွေးသားမစပ်တဲ့ ဒီကလေးငယ်ကို ကောက်ယူမွေးစားထားတယ်။ အံ့ဩစရာကောင်းတဲ့ မေတ္တာပဲ။ ဒီမေတ္တာမျိုး ငါ့မှာရှိရဲ့လား" ဘွားဘွားဟာ ဒီမေးခွန်းကိုမေးရင်း ဒီအကြော်သည်ရဲ့ မေတ္တာစိတ်ကို လေးစားမိတဲ့ ပီတိကြောင့် ကြက်သီးတွေထသွားမိတယ်။

"သားကြီး မငိုနဲ့တော့နော်" လို့ ကလေးလေးကို ဘွားဘွားက ချော့ပြီး၊ အကြော်သည်ကြီးကို ပြောမိတယ်။ "ဒီလိုပါပဲရှင် သားသည်မိခင်တွေဟာ ကလေးများရောဂါတစ်ခုခုဖြစ်ရင် စိတ်ညစ်မိတာပဲ၊ ကလေးကိုတော့ မချပါနဲ့တော့"

အကြော်သည်ကြီးဟာ သူ့သားလေးကို ပေါင်ပေါ်ဆွဲတင်ရင်း မျက်ရည်တွေ တတွေတွေကျနေရှာတယ်။ ဘွားဘွားလည်း ထိုင်ရာကထပြီး နို့ဖန်ခွက်ကို နွားနို့ရောင်းတဲ့အသည်ပေးမလို့ နောက်ဖက်လှည့်လိုက်တော့ ဘွားဘွား ဝေဒနာတစ်ခု ခံစားလိုက်ရတယ်။ ရေခဲထည့်ထားလို့ အေးစက်နေတဲ့ ဖန်ခွက်ပါးပါးလေးထဲကို ရုတ်တရက် ရေနွေးထည့်လိုက်ရင် ဖန်ခွက်ဟာ ဖျတ်ခနဲကွဲသွားတယ်။ အဲဒီလိုပဲ ဘွားဘွားရဲ့အသည်းနှလုံးဟာ ဖျတ်ခနဲများ မြည်ပြီးကွဲသွားသလား အောက်မေ့ရတယ်။

အင်မတန်ကွာခြားတဲ့ မြင်ကွင်းနှစ်ခုကြောင့်ပဲ။ ဘွားဘွားရဲ့ ကားထဲမှာတော့ တစ်နှစ်တောင် မပြည့်သေးတဲ့ သားကြီးဟာ တောင့်



www.burmeseclassic.com

www.burmeseclassic.com



တင်းကျစ်လျစ်တဲ့ သူ့ကိုယ်ကို ကားပေါ်မှာ ခုန်ပေါက်ပြီး ကျောင်းစာသင်ခန်းက ဆင်းလာတဲ့ သူ့အမေကို အော်ဟစ်ပြီးကြိုနေတယ်။ နာနီက သားကြီးကို မနည်းကိုင်ထားရတယ်၊ "မိ"နဲ့အတန်းတူ ဆေးကျောင်းသူတွေက ကတ္တရာလမ်းပေါ်က ပြေးလာပြီး "ဒီမှာဟော့ 'မိ'ရဲ့သားလာကြည့်ပါအုံးဟော့"တဲ့။ သားကြီးကလည်း ကားထဲမှာ မြူးကြွခုန်ပျံနေတာပဲ။

"ဟဲ့ – မိရဲ့ နင့်သားဘာတွေကျွေးထားသလဲ၊ မာတောင့်ကျစ်လျစ်နေတာပဲ။ ပွစိပြဲကြီးမဟုတ်ဘူးဆရာ"

ကလေးချစ်တတ်တဲ့ ဆရာဝန်မလောင်းလေးတွေက သားကြီးကို ဝိုင်းနှုတ်ဆက်တော့ သားကြီးကလည်း ပြုံးပြုံးပြီးအော်နေတယ်။ စကားမှ မပြောတတ်သေးပဲကိုး။ နာနီက သူ့တို့မေးခွန်းကို ဖြေနေတယ်။

"မုန့်လာဥနီ၊ ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ်၊ ဂေါ်ဖီပန်း၊ ကြက်သား၊ နိုင်ငံခြားကလာတဲ့ ကလေးတွေကျွေးတဲ့ အမဲသားဘူး (Heinz)၊ အာလူးအဲဒါတွေ အလှည့်ကျ၊ ထမင်းပျော့ပျော့ချက်ပြီး ရောချေပြီးကျွေးတာပဲ၊ (Farce) လည်းကျွေးတယ်၊ ငှက်ပျောသီးဖီးကြမ်းလည်း ကျွေးတယ်တဲ့"

မိ ရောက်လာပြီး သူ့သူငယ်ချင်းတွေကို နှုတ်ဆက်ပြီး ကားပေါ်တက်လိုက်တယ်၊ ဘွားဘွားလည်း ကားပေါ်ပါလာရင်း စကားမပြောနိုင်ဘူး၊ ရင်ထဲမှာဆို့နေတယ်။

ကတ္တရာစေးလမ်းပေါ် ရပ်ထားတဲ့ကားကြီးပေါ်က သားကြီး





နဲ့ လက်သုတ်သည့်ဘေးက ဖျာပေါ်မှာထိုင်နေတဲ့ ငှက်ပျောကြော်သည့်သားနဲ့ အလွန်ဆုံးဝေးရင် နှစ်လံလောက်ပဲဝေးမယ်။

ဒါပေမယ့်...ဒါပေမယ့် ကွာခြားချက်ကြီးက ကြီးမားလွန်းလှပါကလား၊ ဘုရားသခင် ငှက်ပျောကြော်သည်ကြီးရဲ့သားကိုလည်း သူ့မိခင်ဟာ သက်ဆိုင်ရာဆရာဝန်ရဲ့ အကြံဉာဏ်ယူလို့ အာဟာရဓာတ်တွေပါတဲ့ အစားအစာတွေကို သားကြီးကျွေးသလိုသာ ကျွေးနိုင်ခဲ့ရင် သူ့သားလေးလည်း သားကြီးလို သန်မာထွားကျိုင်းမှာပေ့ါ၊ အခုတော့ အို...ဘွားဘွား ငိုချင်လိုက်တာ။

ဂဏန်းသင်္ချာမှာ (ခြားနားခြင်း)ကို ရှုပါဆိုတဲ့ အမှတ်အသားသင်္ကေတာ သင်္ကေတ အနုတ်လက္ခဏာ ( – )ဟာအလျားလိုက် တုတ်တံဆိုတစ်ချောင်းနဲ့ပြတယ်။ ညီမျှခြင်းကို ရှုပါဆိုရင် ဟောဒီ ( = ) ညီမျှခြင်းလက္ခဏာနဲ့ အလျားလိုက် တုတ်တံတိုနှစ်ချောင်းလေးကို ထပ်ပြတယ်။ တကယ်ဆိုတော့ (ခြားနားခြင်း) နဲ့ (ညီမျှခြင်း)ဟာ စာရွက်ပေါ်က အမှတ်အသားမှာ တုတ်တစ်ချောင်းနဲ့ နှစ်ချောင်းပဲ၊ (ဘဝ)ဆိုတဲ့ အဖြစ်မှာတော့ (ခြားနားခြင်း)ကို (ညီမျှခြင်း)ဖြစ်အောင် လုပ်ရတဲ့နေရာမှာ အခက်အခဲတွေ များလှပါလား။

ဘွားဘွားဟာ အတွေးကို ကျယ်ပါတယ်။ လက္ခဏာ ( – )၊ (ခြားနားခြင်း) ကို လက္ခဏာ ( = ) (ညီမျှခြင်း)ဖြစ်အောင် စေတနာနဲ့ လုပ်ကိုင်ဆောင်ရွက်ချင်သူတွေများပါရလျက်နဲ့ ရည်ရွယ်ချက်မပေါက်ပဲ ကြေကွဲစရာအဖြစ်တွေနဲ့ ကြုံကြရတာတွေ ဘွားဘွားမျက်စိမှာမြင်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ဘာဖြစ်တာလဲ မျက်နှာလည်းမကောင်းဘူး" သားကြီးရဲ့မေမေ 'မိ'က လှမ်းမေးမှ ဘွားဘွားအတွေးကိုရပ်ပြီးအကြော်သည်သားအမိအကြောင်းကို ပြောပြရတယ်။ ဒီတော့ သားကြီးရဲ့မေမေက ဘွားဘွားကို ပြောပြပြန်တယ်။

"မေမေက ဒါပဲမြင်တာကိုး"တဲ့။

"သမီး မနက်တိုင်း ဘတ်စ်နဲ့တက်ရတော့ သိပ်စိတ်ညစ်တာပဲ။ တခြားကြောင့် မဟုတ်ဘူး။ ဘတ်စ်ကားထဲမှာ လူမျိုးစုံပါတယ်မို့လား။ ထောက်ကြံအထိသွားတာ။ တစ်ခါတလေ သွားလေးချောင်းလောက်ပေါက်သေးတဲ့ ကလေးလေးကို ချပြီး အမေကပြောင်းဖူးပြုတ်ကြီး ကလေးကိုပေးထားတယ်။ ဟိုကောင်ကြီးက အဲဒါကြီးကိုက်ဝါးနေတာပဲ။ "မိ"စိတ်ထဲမှာလေ ကလေးရဲ့သွားဖုံးတွေ ပဲ့သွားမှာ၊ နာသွားမှာ စိုးရိမ်လိုက်တာ။ ငါ့သားကြီးမှာတော့ သွားပေါက်ချိန်လည်း သွားဖုံးတွေ မပဲ့အောင်၊ မာအောင် ဘယ်လိုအစားအစာကျွေးရမယ်နဲ့ ဂရုစိုက်ရတာအမော။ သူတို့မှာတော့ ...ဆိုပြီး 'မိ'ဆက်မတွေးဘူး။ စိတ်မချမ်းသာဘူး။ မြင်ရတာ ငိုချင်တယ်။ အမေလုပ်တဲ့သူကလည်း ကိုယ်ဝန်ကြီးနဲ့ကလေးသိပ်နီးတယ်ဆိုရမယ်။ ခံတောင်းကြီးဘေးချလို့။ အို...ဘတ်စ်ကားပေါ်မှာမှ ဘဝမျိုးစုံပါပဲလေ။

သားကြီးရဲ့အမေ မရွှေမိက ဘတ်စ်ကားပေါ်က ဘဝမျိုးစုံကို တရားဟောပြသေးတယ်။ ဘွားဘွားကို သူက မြေကိုမထိတူးတဲ့ တော်ဝင်မာလာ သန့်ဇင်ပန်းကြီးလို့ အောက်မေ့ထင်ပါရဲ့။ ဘွားဘွားက ပလက်





ဖောင်းပေါ်မှာ ကျွမ်းပစ်လာရတဲ့ မိန်းမဆိုတော့ သူ့ထက်အတွေ့စုံခဲ့တယ် ကွယ်။

ဘွားဘွားမှာတော့ ညဘက်မှာ ဆေးသောက်ပြီးတော့ကဲ့ အိပ်သူရပါတယ်။ နို့မို့ရင် အဲဒီလက္ခဏာ ( = )ညီမျှခြင်းကို ရှာကြရာမှာ ဖက်ပါလုပ်ထားတဲ့ လမ်းကိုမျှားသွားနေကြသလို ထွက်ပေါက်မရောက်ခင် အဖြစ်မျိုးစုံတွေနဲ့ ရှုပ်ထွေးနေတဲ့ သံသရာကိုတွေးပြီး အိပ်မပျော်ဖြစ်ရော။

မအိပ်ခင် ငှက်ပျောကြော်သည်ရဲ့ 'မေတ္တာ'ကို သာခုခေါ်ပြီး သူ့သားလေး ကျန်းမာစေကြောင်း မေတ္တာပို့ရသေးတယ်။

"ဒီမေတ္တာမျိုး ဘွားဘွားမှာ ရှိသလားမေးရင် မရှိနိုင်ပါဘူး" လို့ ရိုးရိုးသားသား ဝန်ခံရမှာပဲ။

သားကြီးရဲ့ ဘွားလေးငယ် (ဘွားဘွားရဲ့ညီမအငယ်ဆုံးနုနု) သူဟာ သူ့ရဲ့သားဦးကို ဒပ်ဖရင် (ဗဟိုသားဖွားဆေးရုံ)မှာ လာမွေးတယ်။ အဲဒီတုန်းကလည်း ဘွားဘွားမှာ သမီးဖြစ်တဲ့ 'မိ'တစ်ယောက်သာ မွေးဖူးတာကိုး။ ဘွားဘွားဟာ သားမွေးနိုင်တဲ့ မိန်းမတစ်ယောက် မဟုတ်ဘူး။ ရှေးဘုရင်တွေ ခေတ်မှာဆိုရင် သားယောကျ်ားလေး မမွေးနိုင်တဲ့ မိန်းမဆိုလျှင် မိဖုရားခေါင်ကြီးအဖြစ် ဘုရင်များက ချီးမြှောက်ခြင်းမပြုကြဘူး။

မင်းရဲ့ ဘွားလေးငယ်မွေးတဲ့ သားဦးတိုးကြည်ခွေဝမ်းထဲက ကျွတ်တဲ့အချိန်မှာ ဘွားဘွားမြင်ရတော့ ဘွားဘွားခံစားရတဲ့ အဲဒီပီတိကိုဖွဲ့နွဲ့ပြီး "လမင်းကြီးနဲ့ငွေငါးဆယ်"ဆိုတဲ့ ဝတ္ထုတိုလေးတစ်ပုဒ်ရေးခဲ့ဘူးတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမေတ္တာ"နဲ့ ခပ်ဆင်ဆင်ပေါ့။ သိပ်တော့ မတူလှဘူး။ ဒီမှာဘက်မှာတော့ သားဦးကိုမွေးရတဲ့ ပိတိကို ကျမ်းပဲဖွဲ့ရတော့မလို။ လေးဆယ့် ကိုးယူဇနာရှိတဲ့ လမင်းကြီးနဲ့လဲပါဆိုတောင် မလဲနိုင်အောင် အဖြစ်သည်းနေလိုက်တာ။ ဟိုမှာဘက်က မိခင်တစ်ယောက်မှာတော့ ကျွမ်းပစ်ပြီး ရင်သွေးကို ငွေငါးဆယ်နဲ့ရောင်းချပြီးစားရတဲ့ဘ၀။ (ခြားနားခြင်း)ကို တင်ပြခဲ့ဖူးတယ်။ သားကြီး စာတတ်လာရင် ဒီစာအုပ်ကို ရှာမတွေ့မှာစိုးလို့ "လမင်းကြီးနဲ့ ငွေငါးဆယ်"ဝတ္ထုကို အလျဉ်းသင့်တုန်း ထည့်သွင်းပြလိုက်တယ် သားကြီး။

* * *

မေမေဟာ အိမ်ရှင်မတစ်ယောက်အနေနဲ့ အဝေးကရောက်လာမယ့် ဧည့်သည်အမြောက်အမြားကို ကြိုဆိုခဲ့ဖူးပါတယ်။

သူတို့မရောက်လာခင်ကပဲ ကြိုတင်သိရှိခဲ့ရင် သူတို့အတွက် အိပ်ရာနေရာ၊ စားဖို့သောက်ဖို့၊ နေရာထိုင်ခင်း၊ အပန်းဖြေ နားနေစရာတွေကိုပါ ပြင်ဆင်ပြီး ဝမ်းပန်းတသာ စောင့်နေရတာပါပဲ။ ဒါပေမယ့် အဲဒီကြိုတင်ပြင်ဆင်မှုတွေဟာ သားလာတော့မယ်ဆိုတာသိလို့ ကြိုတင်ပြင်ဆင်ရတာတွေနဲ့ ဘာမှမတူပါလားသား။

သားကိုလည်း မေမေတစ်ခါမှ မမြင်ခဲ့ဖူးဘူး။ သူလေးဟာ အကျည်းတန်သော သူငယ်လေးများလား။ သူလေးဟာလှပတင့်တယ် သူပေပဲလား။ အလွန်ဆိုးသွမ်းတဲ့ သူငယ်ဆိုးလေးတစ်ယောက်ပေပဲလား။ ကျစ်လျစ်သိပ်သည်းတဲ့ သားလီမ္မာလေးပဲ ဖြစ်လေလိမ့်မလား။ မေမေ





တာ အိပ်မပျော်ခင်မှာရော၊ အိပ်ပျော်သွားတဲ့အချိန် အိပ်မက်ထဲမှာရော မေမေမမြင်ဘူးတဲ့သားရဲ့ ရုပ်ရည်ကိုမှန်းမှန်းတွေးခေါ်ခဲ့ရတာ အမောပါ။

ဪ. . . သားလေး အပန်းဖြေနားနေအိပ်စက်ဖို့ မေမေ့မှာ မွေ့ရာလေးကို ပထမချုပ်မိတယ်။ ဂွမ်းကပ်နုနုလေးပေါ်မှာ မေမေကြိုက်တဲ့ရေရောင်ပြာလွလွဖဲစလေးကို အပေါ်ကအုပ်ပြီး မွေ့ရာလေးကို ချုပ်နှီးကြမ်းကြမ်းကြီးတွေ မထင်အောင်ချုပ်ရတယ်။

သားခြုံဖို့ အပြာနုရောင်သိုးမွေးစောင်လေးကိုလည်း အဆင်ဆင့် ဝယ်ထားရသေးတယ်။ စောင်လေးပေါ်မှာ ယုန်ရုပ်လေးနှစ်ကောင် ဖြူဖြူဖွေးဖွေးက ရထားမောင်းလို့ လိပ်ကလေးက ရထားကိုဆွဲလို့ သားလေးသာ ဒီအရုပ်ကလေးတွေကို တွေ့ရလျှင် ချစ်တန်ကောင်းပါရဲ့လို့ အောက်မေ့မိတယ်။ စိတ်ထဲမှာလည်း တစ်ခါတည်းဆက်တွေးသွားတာက စောင်လေးကို ခြုံရင်း သားလေးဟာ တဖြည်းဖြည်း ကြီးထွားလာတော့မယ်။ သားလေးသိတတ်လာလျှင် ဒီယုန်ရုပ်ကလေးနဲ့ လိပ်ကလေး အကြောင်းကို မေးတော့မယ်။

ဒီအခါကျတော့ မေမေဟာ အပျင်းလွန်တဲ့ ကိုရွှေယုန်အကြောင်း၊ ဝီရိယကောင်းတဲ့ ကိုရွှေလိပ်လေးအကြောင်းတွေကို ဖွဲ့ဖွဲ့နွဲ့နွဲ့ပြောပြရအုံးမယ်၊ ပုံပြောဆရာမကြီးဖြစ်ရအုံးတော့မှာလားလို့ တွေးမိတယ်။ မေမေ့ရင်ထဲမှာ သောကဝင်လာပြန်ရော၊ သားဟာ ယုန်လေးတွေများ အပျင်းကြီးနေမလား၊ လိပ်သူငယ်လေးလို ဝီရိယကောင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ကလေးဖြစ်အောင် မေမေ ဘယ်လိုလုပ်ရပါ့မလဲလို့ တွေးမိပြန်တာပဲသား။

သားကို မေမေဟာ ပုံတွေအများကြီး ပြောပြရအုံးမှာပါလား။ အားလပ်ချိန်ရောက်ရင် မေမေငယ်ငယ်က ဖတ်ပြီး သား ပုံပြင်တွေကို ပြန်ပြီးဖတ်ရပြန်ရော။

နံနက်မိုးသောက်လို့ ပြတင်းဖွင့်လိုက်ရင်ပဲ နှင်းမှုန်ပါတဲ့ ဆောင်းလေတွေဟာ မေမေ့ကို နှုတ်ဆက်ကြတယ်။ မေမေအပျိုဘဝ တုန်းကဆိုရင်ဖြင့် နှင်းရည်သောက်ထားတဲ့ ပန်းခင်းတောထဲမှာ အပြေးအလွှား ဆော့ကစားပြီး ဆောင်းနံနက်ခင်းလေကို အားပါးတရ ရှူရတယ်။

ခုတော့ သာယာညှင်းညှင်းတိုက်လာတဲ့ ဆောင်းလေကို တိုးတိုးသာသာပဲ ပြောပြရတယ်။ "ရှေ့လအတောအတွင်းမှာ ကျွန်မဟာ သားဦးလေးနဲ့တွေ့ရတော့မယ်"လို့ သူတို့ကလည်း ဝမ်းပန်းတသာ မေမေ့ သားကို ကြိုဆိုကောင်းချီးပေးတဲ့ သဘောနဲ့ သားကိုယ်စား မေမေ့ပါး ပေါ်ကို အသာတကြည် ထိတွေ့နမ်းရှုပ်သွားကြတယ်။ မေမေဟာ အရင် လိုမပြေးပဲ ပန်းခင်းတွေထဲမှာ ဖြည်းဖြည်းသာသာပဲ လျှောက်နေမိတယ်။

ပန်းပွင့်ကလေးတွေကိုလည်း သားလာတော့မယ့် အကြောင်း ပြောပြရင်ပဲ သူတို့ဟာ ပွင့်ဖတ်တွေကို စွင့်စွင့်ကားကား လေမှာလွှင့် ပြီး တစ်ပွင့်အပါး တစ်ပွင့်ကပ်ပြီး သားနဲ့တွေ့ကြတော့မယ့်အကြောင်း တစ်ဆင့်စကားတစ်ဆင့် သတင်းပါးကြ ပြန်တော့တယ်။

မကြာခင်ပဲ ရွှေရောင်ပေါ်မှာ မဟူရာစင်းလေးတွေ ခင်းထား တဲ့ ဝတ်ရုံလွှာကို ခြုံထားတဲ့ ပျားကောင်လေးတွေဟာ နံနက်နေခြည်





မှာ ပျံဝဲလာကြတယ်။ မေမေဟာ ပျားကောင်လေးတွေကို မြင်ရပြန် တော့ သားရဲ့အနာဂတ်ကို တွေးမိပြန်ရော။

မေမေဟာ ဆောင်းလေပြည်နဲ့ ပန်းဝတ်လွှာလေးတွေ အကြောင်း နွေဦးရွက်နုများနဲ့ ဥဩသံတွေအကြောင်းကို ပုံထဲမှာသာ သည့်သွင်း ပြောနိုင်တာကလား။ တကယ်ဆိုတော့ မေမေ့သားကို မေမေ ဟာ အရွယ်ရောက်လာရင်ဖြင့် တခြားလူသားတွေနဲ့အတူ ခေတ်ဆိုတဲ့ ခရီးလမ်းမှာ သွားနိုင်းရမှာပါလားလို့ တွေးမိရင်ပဲ ရင်ထဲမှာ တင်းကျပ် သွားတယ်။

မေမေသာ တန်ခိုးတော်ရှင်ကြီးဆိုရင်ဖြင့် သားလေးအတွက် သီးသန့်ကမ္ဘာတစ်ခုကို ဖန်ဆင်းပေးပါရဲ့ သားရယ်။ မေမေ့ မျက်မှောက် မှာနေရတဲ့ ကမ္ဘာကတော့ လေထဲမှာ ယမ်းငွေ့တွေဟာ အပြည့်အသိပ် ပါလာလေတော့ အသက်ရှူရတာတောင် မဝတဲ့ကမ္ဘာ။

ဘယ်သူတွေက ဘယ်ဦးနှောက်နဲ့ ဘာတွေကို ကြံစည်တွေး ဆော တီထွင်လိုက်လည်း မသိဘူး။ လူသားစင်စစ်ကို ခုနှ မေမေမမြင် ရတဲ့ ပျားကောင်လေးတွေဖြစ်အောင်လုပ်နေတဲ့ ကမ္ဘာကြီးကလား။ မေမေ့ စိတ်ထဲမှာ သားလေးအရွယ်ရောက်လာရင် စည်းကမ်းစနစ် ကျနပြီး ထိပ်သူငယ်လေးလို ဝိရိယရှိရုံမက သားရဲ့အတွေးအခေါ် ဆင်ခြင်ဉာဏ် လေးတွေကိုလည်း သားဟာလွတ်လပ်စွာ တင်ပြဆွေးနွေးနိုင်ခွင့်ရှိတဲ့ ခေတ်ကို ကြုံစေချင်ပါတယ်။ စည်းကမ်းတော့ ကျနပါရဲ့ သူများခိုင်းသမျှ ကိုးတိုက်တိုက် ကမ်းတိုက်တိုက် လုပ်တတ်တဲ့ နှလုံးသားမရှိတဲ့လူသား မျိုး ထွန်းကားတဲ့ခေတ်မျိုးသားကို မကြုံစေချင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



မေမေတို့ရဲ့ ကမ္ဘာကြီးဟာ ခုတော့ လမ်းဆုံလမ်းခွ ရောက်နေတယ်သား။ သူတို့ဟာ "လူ"ဆိုတဲ့ စကားတစ်လုံးကို ကိုယ်ကြိုက်ရာကိုယ်ခွဲပြီး အဓိပ္ပာယ်အမျိုးမျိုးဖွင့်ပြနေကြတယ်။ ဩော်... ဒီအကြောင်းကို တင်ပြဆွေးနွေးဖို့က အချိန်စောလွန်းပါသေးလား။ မေမေဖြင့် သားကို ပြောချင်ဇော၊ တွေ့ချင်ဇောနဲ့ အတွေးတွေ အလှမ်းကျယ်သွားရပြန်ပြီ။ သားဟာ တကယ်ဆိုတော့ မေမေ့ကို အတွေးကျယ်အောင် လုပ်နိုင်စွမ်းရှိပါလား။ ပျားကလေးတစ်ကောင်ကို မြင်တာနဲ့ သားရဲ့ အနာဂတ်ကိုတွေးပြီး မေမေပူပန်လိုက်တာ။

သားအတွက် မေမေစာဖွဲ့ချင်တယ်။ သားအတွက် မေမေ စာတွေရေးချင်လိုက်တာ။

သားကို မေမေမြင်ရတော့မယ့်နေ့ကို ရောက်လာပါပြီ။ မျက်နှံမွေးထူထူနဲ့ ဆရာမလေးက အဝတ်ဖြူလေးကို ပါးစပ်နဲ့နှာခေါင်းမှာစည်းလို့ မေမေ့ဗိုက်ပေါ်မှာ နားခွက်လေး တပ်တပ်ပြီး သားရဲ့ရင်ခုန်သံကို မိနစ်ပိုင်းနဲ့ နားထောင်နေရှာတယ်။

မေမေ့ ရင်ခုန်သံဟာလည်း ကျယ်လောင်လာလွန်းလို့ မေမေ့စိတ်ထဲဖြင့် တခြားခုတင်က မိခင်တွေတောင် ကြားရတယ်လို့ အောက်မေ့မိတယ်။

မိန်းမတွေဟာ ချစ်ဦးသူနဲ့ တွေ့ခါနီးတော့လည်း ရင်ခုန်ခဲ့ကြတာပဲ၊ ဒါပေမယ့် အဲဒီရင်ခုန်ပုံတွေဟာ သားကိုမေမေ ပထမဆုံးတွေ့ရမယ့်အချိန်မှာ ရင်ခုန်ပုံနဲ့ လုံးဝမတူဘူးသား။ ဒီတစ်ခါတော့ မေမေ အကျယ်ချဲ့ပြလို့မရဘူး။





မေမေလေ လူကသာ ခုတင်ပေါ်မှာ အိပ်နေတယ်။ စိတ်ကတော့ ခရီးအဝေးကြီးကို ပင်ပန်းကြီးစွာသွားနေသလိုပါပဲ။ ဝမ်းထဲက နာကျင်တဲ့ ဝေဒနာကြောင့် နဖူးမှာလည်းချွေးစေ့ ပြိုက်ပြိုက်ကျလို့။ ဆရာမလေးရဲ့ လက်တွေကိုလည်း မေမေတအားဆုပ်ထားလွန်းလို့ သူ့ သက်ချောင်းလေးတွေများ ကြေသွားမလား အောက်မေ့ရတယ်။ မေမေ့ နားတွေဟာ ဆတ်ဆတ်တုန်နေတယ်။ သားရဲ့ဘွားဘွားကြီးပြောတဲ့ စကား တွေသွားသတိရတယ်။ "ချွေး တစ်ခါနှစ်ခါ မပြန်ပဲနဲ့များတော့ ဘယ် တော့မှ မမွေးသေးဘူး"ဆိုတာ "ခါးကိုလိမ်ပြီး ပစ်ချင်လောက်အောင် ဝေဒနာ ပြင်းလာပေမယ့် မေမေ့ဝမ်းဗိုက်ထဲမှာ သားရှိတယ်ဆိုတဲ့ အသိကြောင့် မေမေဟာ ဒီဝေဒနာကို ကြိတ်ခံတယ်။ အံကိုလည်း ကြိတ်ထားလွန်းလို့ သွားတွေများ ကျိုးမတတ်ပါပဲ။

"သားလေး အပြင်ရောက်ဖို့ သူ့လမ်းကြောင်းဟာ တစ်လက်မ ရှိတော့တယ်။ ပထမ ကလေးမို့ ခံရတာပါလို့" ဆရာမလေးဟာ ပြောနေတဲ့ အသံနဲ့ မေမေ့ အပါးက မင်းဒေါ်ဒေါ်ကြီးကို ပြောနေသံ မေမေကြားရတယ်။ ဒါပေမယ့် သုံးနာရီလုံးလုံးကြာတဲ့အထိ သားကို မေမေ မမြင်ရသေးဘူး။

သားလေးဟာ ပတ်ကျိုလေးလိုများ ခရီးသွားနေရသလား မသိဘူး။ တစ်လက်မဆိုတဲ့ခရီးကို သုံးနာရီ ကြာရတယ်ဆိုတာ မေမေ မယုံချင်ဘူး။ မေမေဖြင့် ဝေဒနာကို သည်းမခံနိုင်တော့ဘူး။ ဆရာမကြီး တွေနဲ့ ဒေါက်တာတွေလည်း မေမေ့ အပါးကို ဝိုင်းလာကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို လုပ်ချင်သလိုသာ လုပ်ပါ။ သားကျန်းကျန်းမာမာ နဲ့အပြင်ရောက်လျှင်ပြီးတာပါပဲ" မေမေလေ အဲဒီအချိန်မှာ မေမေ့ အသက်ကို စွန့်စားရပါစေ၊ သားကိုသာအပြင်ဘက် ချောချောမောမော ရောက်စေချင်တာပါပဲ။

ဩော်... တို့များမိန်းမတွေဟာ အားနွဲ့တယ်၊ အားငယ်တယ်နဲ့ အခြေအနေက တကယ်လိုလားလို့ တောင်းဆိုလာပြီဆိုတော့ အသက် ကိုတောင် ပေးအပ်ပြီး ချစ်သူအတွက် စွန့်စားရဲသူပါလား သား။

မကြာခင်ပဲ မေမေဟာ မွေးခန်းထဲကိုရောက်သွားတယ်။ ခဏ အကြာမှာတော့ လုံးဝသတိလစ်သွားတာပဲ။ မေမေသတိရလို့ မျက်လုံး ဖွင့်လိုက်တော့ ဖြူနွဲ့နွဲ့ ဒေါက်တာနှစ်ဦးရယ်၊ ဆရာမကြီး ဝဝတုတ်တုတ် ရယ် သားလေးကို မွေးဖွားပြီးကြောင်း သတင်းကောင်းပါးကြတယ်။

မေမေဖြင့် မျက်ရည်တွေ ပေါက်ပေါက်ကျလာတာပဲ သားရယ်။

နီနီထွေးထွေး ပိုးတောင့်တဲလေးနဲ့တူတဲ့ သားကိုအနီးဖြူဖြူ လေးနဲ့ ရစ်ပတ်ပြီး ဆရာမလေးက ခေါ်လာတော့...

"ဩော်.. .တစ်လက်မခရီးကို သုံးနာရီကြာအောင် လာခဲ့ရတဲ့ သူငယ်ကလေးပါလား" လို့ မေမေတွေးမိပြီး သားကို သနားလိုက်တာ။ သားကို ချိုချိုစတိုက်ရတဲ့နေ့ရောက်တော့ မေမေ စိတ်မကောင်း ဖြစ်ရပြန်တယ်။ ဘာဖြစ်လို့လဲဆိုတော့ နောက်လေးဆယ့်ငါးရက်ရောက် လျှင် မေမေအလွန်မုန်းတဲ့ အလုပ်ကြီးတစ်ခုလုပ်ရအုံးမယ်။ မေမေ့မှာ မေမေ့မေတ္တာတန်ခိုးနဲ့ သွန်ကျလာတဲ့ မေမေ့သွေးကဖြစ်တဲ့ နို့ရည်တွေ





မေမေ့ ရင်သားထဲမှာ အပြည့်ရှိပါရက်နဲ့ သားကိုနို့မှုန့်ဗူးတွေနဲ့ ထားခဲ့ ပြီး မေမေအလုပ်သွားရအုံးမယ်။ ပြီးတော့ ချိုချိုတွေတောင့်လာလျှင် အဲဒီ နို့ရည်အစေးတွေကို မေမေညှစ်ပစ်ရအုံးမယ်။ မေမေဒီအလုပ်မျိုး လုပ်ရမှာကို သိပ်စက်ဆုပ်တာပဲ။ ဒါပေမယ့် လုပ်ရအုံးမယ်။

ဆေးရုံကဆင်းပြီး အိမ်ပြန်ရောက်တော့ သားကိုညဉ့်ဦးမှာ မေမေ့နို့ဝအောင် တိုက်သိပ်ခဲ့တယ်။ အပြင်မှာ လဝန်းဟာ ထိန်ထိန်သာ နေလို့ မေမေတို့ အိပ်ခန်းမကြီးလဲလင်းနေတာပဲ။ မေမေဟာ ပြတင်း တနေ လမင်းကို မော်ကြည့်မိတယ်။ ယောကျ်ားတွေက သူတို့ချစ်သူ ရည်းစားကို စာဖွဲ့တဲ့နေရာမှာ ချစ်သူမျက်နှာဟာ "လမင်းနဲ့နှစ်လေးသာ အေးမြလိုက်တာ" လို့ဆိုကြတယ်။ မေမေကတော့ လမင်းကြီးနဲ့ သား မျက်နှာကို မနှိုင်းရက်ပါဘူး။

ခုနေများ လနတ်သားက "မေမေ့သားကြီးနဲ့ လဲမလားဆိုရင် မေမေကတော့ ပြန်ပြောမှာပဲ ..."

"မေမေ့ သားလမင်းကြီးနဲ့ မလဲနိုင်ပါ" လို့ ပြောမှာပဲ။

လမင်းကြီးက လောကဓာတ်တစ်ခွင်ကိုသာ သူ့ရဲ့အေးမြတဲ့ ရောင်ခြည်နဲ့ ရွှန်းရွှန်းပပ သာစေနိုင်ပေမယ်လို့ မေမေရဲ့ နှလုံးသား တစ်နေရာကို သူ့ရောင်ခြည် ထိုးဖောက်ပြီး မလင်းနိုင်ပါဘူး သားရယ်။

သားမျက်နှာ ဝင်းပပကလမင်းကြီးလို မကြီးပေမယ့် သားကို မြင်ရရင် မေမေ့အသည်းနှလုံးကို နေရာမလပ်ပဲ ဝင်းထိန်သွားအောင် အလင်းရောင် ပေးတာကို။ ရွှန်းမြသာကြည်တဲ့ သားရဲ့မျက်နှာက မေမေ ရဲ့ နှလုံးသားကို အေးစိမ့်သွားစေတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့လည်း ဖိုးလမင်းကြီးဟာ သီတင်းလေးပတ်မှာ နှစ်ပတ်သာ လောကကြီးမှာ လင်းနိုင်သူပါကွယ်။ မေမေ့ သားကတော့ ထာဝစဉ် မေမေ့ရင်ကို အလင်းပေးနိုင်တာကိုး။

ဒါကြောင့်မို့ "မေမေ့ သားကို လမင်းကြီးနဲ့ မလဲနိုင်ပါ"လို့ မေမေ စကားဆိုလျှင် မေမေဟာ မလွန်ပါဘူးသားရယ်။

နောက်နေ့ နံနက်မှာ သားကို မေမေဟာ အိပ်ခန်းထဲမှာ သိပ်ထားခဲ့တယ်။ သားကိုမွေးနေရဆဲ မတွေ့ခဲ့ရတဲ့ မေမေ့ ပန်းခင်းတွေဆီ မေမေလျှောက်သွားမိတယ်။ လေးငါးခြောက်လကြာရင် မွှေးတဲ့ နေရောင်ခြည်ထဲမှာ သားလေးကိုထိန်းရင်း ပန်းတွေကိုပြရဦးမယ်။ မေမေဟာ ဆောင်းနီးတုန်း ပန်းပွင့်လေးကို မြေမှာပျိုးခဲ့တယ်။ ဆောင်းလယ်ရောက်တော့ သူတို့လည်း ပွင့်ရော သားကိုလည်း မေမေမွေးရော။

သူတို့ကို ပွင့်စေတဲ့ သူရဲသားမို့ ပန်းလေးတွေဟာ သားကိုလည်း ချစ်ကြရှာမှာပါပဲ။ မေမေ အဲဒီလို စိတ်ကူးနေတုန်း မာလီကြီးက ညွှန်သည်တစ်ယောက် မေမေ့ကို တွေ့လိုတယ်ဆိုလို့ အိမ်ဖက်ကို မေမေ ပြန်လျှောက်လာတယ်။

ညွှန်သည်ဟာ သံဆွဲတံခါးအဝ လှေကားထစ်မှာ ငုတ်တုတ်ထိုင်လို့။ အဝတ်အစားတွေကလည်း နွမ်းလို့၊ သူ့အသားအရည်တွေဟာ နေလောင်ထားလို့ မွဲခြောက်ခြောက် ဖြစ်နေတယ်။ သူ့ထဘီကလည်း ဒူးအထက်မှာ အဖာတစ်ခုနဲ့ အောက်နားကလည်း စုတ်နေတယ်။ လူကသာ ခြောက်နေတယ်။ သူ့ဖျင်ကြမ်းအင်္ကျီဟာ သူ့ချိုင်းချိုကို လုံအောင် မဖုံးနိုင်လောင်အောင်ပဲ သူ့ရင်သား ညိုမှောင်မှောင်ဟာ လုံးကျစ်နေ





တာပဲ။ သူ့လက်ထဲက ကလေးကြီးက မေမေ့သား သုံးဆလောက်ရှိတယ်။ မေမေဖြင့် မြင်မြင်ချင်း ချစ်သွားတာပဲ။ သူ့အမေလက်ထဲက ကလန်ကလန်နဲ့ မေမေကိုလှမ်းကြည့်တဲ့ သူ့မျက်လုံး ဝန်းဝန်းနက်နက်ကြီးက တောက်ပလိုက်တာ။

ဆီမရှိတဲ့ သူ့အမေရဲ့ နားထင်စပ်က ဆံပင်တွေကို လှမ်းလှမ်းဆွဲလွှန်းလို့ သူ့အမေရဲ့ ဆံပင်တွေလဲ ဖွာလန်ကြဲနေတာပဲ။

"ကျွန်မကို တွေ့ချင်တယ်ဆိုတာ ဘာလုပ်မလို့လဲ"

မေမေဟာ သူနဲ့လှေကားထစ်မှာပဲ အတူထိုင်ပြီး မေးလိုက်တယ်။ သူဟာ မေမေ့ကို ရုတ်တရက် စကားပြန်မပြောနိုင်ဘူး။ အကြာကြီးပဲစိုက်ကြည့်နေတယ်၊ မေမေ့လဲသူကြည့်တဲ့ ဒဏ်ကိုအတော်တင်းခံရတယ်၊ သူစကားစပြောတော့လဲ မေမေ့ကိုမကြည့်ရဲတော့ဘူး။ တစ်ဖက်ကျော်နှာလွှဲပြီးမှ ပြောတယ်။

"ကျွန်မကလေးကို ငွေငါးဆယ်နဲ့ရောင်းချင်လို့ ..."

သူ့အသံဟာတုန်ပြီးထွက်လာတာနဲ့အမျှ မေမေ့တစ်ကိုယ်လုံးလည်း အေးစက်သွားတယ်လို့ မေမေထင်တယ်။ မေမေဟာ ဘာပြန်ပြောမှန်းလဲ မသိဘူး။ ဘာစကားလုံးမှလဲ မေမေ့ပါးစပ်ကထွက်မလာဘူး။

အမလေးမေမေ့မှာဖြင့် ကြီးကျယ်လိုက်ရတာ သားအတွက်တွေးခေါ်လိုက်ရတဲ့ စိတ်ကူးစိတ်သန်းတွေ။

သားအတွက်ဘဲ ကျမ်းတစ်စောင်ပြုရတော့မလိုလို။

သားအတွက်ဘဲ ကမ္ဘာတစ်ခုဘဲ သီးသန့်ဖန်ဆင်းပေးရတော့ မလောက်။



www.burmeseclassic.com

www.burmeseclassic.com



လေးဆယ့်ကိုးယူဇနာရှိတဲ့ လဝန်းကြီးနဲ့တောင် မေမေ့မှာဖြင့် သားပေါက်စ ကိုနီတွေးကို မလဲနိုင်ဘူး။ ဖြစ်လိုက်ရတဲ့အဖြစ် ခပ်သဲသဲ။

ဒီမှာ 'လဝန်းကြီး' နဲ့သားကို မလဲနိုင်ပါလို့ အဖြစ်သဲနေတုန်း ဟိုဘက်မှာတော့ သူ့ရင်သွေးကို ငွေသား'ငါးဆယ်'နဲ့ လာရောင်းနေပါပကော။

အမလေး ဘယ်လိုအဖြစ်မျိုးများပါလိမ့်၊ မေမေလေ မျှော်ခေါ်မှန်းဆထားတဲ့ အတွေးအစိုင်အခဲကြီးကို လုံးချေပစ်ချင်တယ်။ မေမေရေးချင်တယ်ဆိုတဲ့ စာတွေရေးမယ့် စာရွက်တွေကို ဆုပ်ဖြဲပစ်လိုက်ချင်တယ်၊ မေမေ့လက်တွေ ခြေတွေလဲ အေးစက်နေတာဘဲ၊ မေမေ့ရင်တွေလဲခုန်လို့။

မေမေ့သားကို မေမေချစ်သလို သူ့သားကိုလဲ သူချစ်ရှာမှာပါပဲ။ ဒီမိန်းမငယ်သာ စာတတ်လို့ စာတွေရေးခြယ်တတ်ရင် သူ့သားအတွက် သူလဲကျမ်းပြုမတတ် ချစ်ရှာမှာဘဲ။ သူလဲပထမဆုံး သူ့သားငယ်ကိုမြင်စက 'လမင်းကြီးနဲ့ မလဲနိုင်ပါ' ဆိုတဲ့အတွေးအခေါ် သူ့ခေါင်းထဲဝင်လာမှာပါပဲ။ ခုတော့လဲ ငွေငါးဆယ်နဲ့ သားငယ်ကို လဲနေပါပကော။

မေမေကလေ တကယ့်ကိုအဓိပ္ပာယ် နားမလည်သလိုပဲ သူ့ကို ပြန်မေးမိတယ်။

"ရှင်.... ရှင်....ဘာပြောတာလဲ ဟင်...."

မိန်းမငယ်ဟာ နှုတ်ခမ်းတွေဆတ်ဆတ်တုန်ရာက –

"ကျွန်မ သားကို ငွေငါးဆယ်နဲ့ ရောင်းချင်လို့" လို့ထပ်ပြီး





ပြောရှာတယ်။ မေမေ့ဘက် လှည့်မလာတဲ့ သူ့မျက်နှာကို မေမေလိုက်ကြည့်မိတယ်။ ညိုမှောင်နေတဲ့ မျက်ခမ်းစပ်မှာ မျက်ရည်လုံးကြီးတွေက လေးဆိုနေကြတယ်။ မေမေက လက်ထဲက လက်ကိုင်ပဝါနဲ့အသာပဲ သူ့မျက်ရည်ကို တို့ပေးပိုက်တယ်။ မိခင်အချင်းချင်းဆိုတဲ့စိတ်က ဒီနေရာမှာမေမေ့ကို အလိုအလျောက် မျက်ရည်သုတ်ပေးအောင် တိုက်တွန်းနေတာပဲ။ သူ့မိခင်မျက်နှာကို မေမေထိရင်ပဲ လက်ထဲကသားကြီးက ငူးဝါးနဲ့ဆော်ရှာရော။

မေမေဖြင့် ကလေးကို လှမ်းချီရင်း မိန်းမငယ်နဲ့ အတူရောငိုမိတယ်။

"မာတာယထာ နိယံပုတ္တံ့ မာယုသာ၊ ဧကပုတ္တ မနုရက္ခေ"

တစ်ယောက်တည်းသော သားငယ်အပေါ်မှာ မွေးမိခင်ဟာ အနှံ့ကဲကြင်နာသောမေတ္တာဖြင့် စောင့်ရှောက်သကဲ့သို့ သတ္တဝါများအပေါ်မှာ မေတ္တာထားရမယ်လို့ မြတ်စွာဘုရားသခင်ဟာ မေတ္တာသုတ်မှာ မိခင်မေတ္တာကို စံထားပြီးဟောကြားခဲ့တယ်။ အဲဒီလို ဘုရားသခင်ကိုယ်တော်တိုင် စံထားရတဲ့ မိခင်ရဲ့မေတ္တာဟာ ကုန်ခန်းလို့လား။ ဒီသူငယ်မဟာ သူ့သားကိုလာရောင်းရတာ။

မေမေဟာ သိပါတယ်။ ဘာကြောင့်ရောင်းရသလဲဆိုတာ မေမေသိပါတယ်။ သူ့ကို မမေးရက် မပြောရက်နိုင်ဘူး။ နှစ်ယောက်လုံးရဲ့ရင်ထဲမှာ ဝေဒနာကိုယ်စီနဲ့ ခံစားနေလိုက်ကြတာ မချိမဆံ့ပါပဲ။

"သားကိုရောင်းရပေမယ့် ချမ်းချမ်းသာသာ ရှိစေချင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ရှင်တို့မှာကလေးမရှိဘူးလို့ တစ်ခါတုန်းကရှင်တို့အိမ်က မာလီကြီးက ရွာပြန်အလာမှာ ပြောခဲ့ဘူးတယ်...''

သူက မျက်ရည်သုတ်ရင်း စကားဆက်ပြောရှာတယ်။

''ရှင်တို့အိမ်က မာလီကြီးနဲ့ ကျွန်မက တစ်ရွာထဲပဲ၊ ကျွမ သရဲသမိန်က...''

မေမေ သူ့စကားကိုတဲ နားထောင်နေတယ်၊ မေမေ့မှာ သားဦး ယောကျ်ားလေးရနေပြီဆိုတာလဲ သူ့ကိုပြောမပြပါဘူး။

''ရှင့်ယောကျ်ားက ဘာလုပ်လဲ....''

''လယ်သမားပါ၊ ကျွန်မတို့မှာ ကလေးကများလွန်းတယ်၊ စပါး တွေပိုထွက်ပေမယ့် ကိုမောင်စိန် အတိုးကလဲ ပိုပိုလာတယ်။ ကလေးက လည်း ပိုပိုလာတယ်....''

''ကိုမောင်စိန်က ဘယ်သူလဲ၊ ငွေတိုးချေးစားသလား၊ သူ့ အတိုးကြီးယူရင် သူကြီးကိုတိုင်ပါလား။ ပြီးတော့ရှင်တို့ တစ်ဧကကို အမတော်ကြေး နှစ်ကျပ်ပိုရလာပြီဆို...''

''ရတာတော့ ဟုတ်တာပေါ့၊ ဘယ်အစိုးရ တက်တက် ကိုမောင်စိန်ကို မနိုင်ပါဘူး။ သူက စာနဲ့ ပေနဲ့ ငွေချေးစားတဲ့သူမဟုတ်ဘူး။ ကုန်စုံဆိုင်ရှင်။ စပါးမပေါ်မချင်း ကျွန်မတို့လိုသမျှ အိမ်အတွက်ပစ္စည်း ရော၊ လယ်အတွက်ပစ္စည်းရော သူ့ဆီက အကြွေးယူတယ်၊ စပါးပေါ် တော့ စပါးနဲ့ပြန်ဆပ်ရတယ်၊ အတိုးက ငွေတစ်ရာကို လေးဆယ်နှုန်း''

''အမလေး...''





မေမေလည်း ကလေးကြီးမွေးပြီး လေးဆယ်နှုန်းဆိုတဲ့ အတိုး အတွက် ရင်လေးသွားတယ်။

''ခုနှစ်လယ်ကရမယ့် စပါးနဲ့ ကိုမောင်စိန်ကို ပေးရမှာနဲ့ အံကိုက်မပိုပါဘူး။ ဝမ်းစာကျန်ရင် ကံကောင်းပဲ၊ ဒီကြားထဲ သူ့အဖေ အတော်မမာလို့ ခုဆေးရုံမှာ၊ ကျွန်မလဲမကြံသာလို့ သားကိုလာရောင်း တာ၊ ရှင်ယူမလားဟင်...''

မေမေလည်း ဘာဖြေရမှန်းမသိဘူး။ သူ့ကလေးကြီးကလည်း တစ်မွေ့တစ်ပိုက်ကြီး မေမေ့မျက်နှာကိုကြည့်ပြီး ရယ်ပြုံးနေတယ်၊ ဆယ်လသားလောက်တော့ ရှိပြီထင်ပါရဲ့၊ ငွေငါးဆယ်ဆိုတာ တို့ရန်ကုန် မှာ ငွေပေါသူတွေတွက် ထဘီတစ်ထည်ဖိုး. ရုပ်ရှင်နှစ်ခါကြည့်ရုံဘဲ ရှိကလား။

မေမေဟာ သူ့သားနဖူးကို မေမေ့ပါးနဲ့ ခဏအပ်ထားမိတယ်။

''ရှင် ငွေငါးဆယ်ရရင် ဒီကလေးကို မရောင်းတော့ဘူးပေါ့''

''ဟုတ်ကဲ့...မရောင်းတော့ဘူး...''

''တခြားအိမ်မှာ သွားရောင်းရင်ကော...''

သူက မျက်ရည်တွေ တွေတွေကျလာပြန်တယ်။

''မလွဲသာလွန်းလို့သာ ကျွန်မရောင်းရတာပါ...''

သူဒါပဲ ပြန်ဖြေတယ်။ မေမေလဲ စကားဆက်ရမှာ တစ်မျိုးကြီး ဖြစ်သွား မေမေကြိုးစားပြီး သူ့ကိုမေးမိတယ်။

''ခုငွေငါးဆယ် ကျွန်မ ရှင့်ကိုပေးလိုက်မယ်၊ ဒီကလေးကို



www.burmeseclassic.com

www.burmeseclassic.com



တခြားမှာ ရောင်းမရောင်း ကျွန်မဘာယ်လိုလုပ်ပြီး သိရမလဲ'' လို့မေမေက မသက်ာဟန်နဲ့ သူ့ကိုမေးကြည့်ပြန်တယ်။

''ရှင်တို့မာလီကြီးကို ကြည့်ခိုင်းထားပါ၊ ကျွန်မ မညာ ပါဘူး။ သူမှဲ့သမိန်ကို ခဏခဏ ပြန်လာနေတာပဲ....''

သူ့အပေါ်မှာသံသယဖြစ်ရတာကိုလဲ မေမေစိတ်မကောင်းပါဘူး။ မေမေဟာ သူ့သားလေးကို သူ့လက်ထဲပြန်ထည့်ပြီး အိမ်ထဲဝင်ခဲ့ရတယ်။ သေတ္တာထဲက ငွေငါးဆယ်ယူပြီး သူ့လက်ထဲထည့်လိုက်တယ်။

''နောက်လဲ ရှင့်ယောက်ျားနေမကောင်းတဲ့ကိစ္စကို ကျွန်မတို့ လာပြပြီးတိုင်ပင်ပါ။ ကလေးရောင်းတာတွေ ဘာတွေတော့ မလုပ်ပါနဲ့''

သူဟာ ငွေငါးဆယ်ကိုင်ရင်း လက်တွေ တဆတ်ဆတ်တုန်ပြီး တရှုံ့ရှုံ့ငိုပါချေရော။ မေမေ့မှာတော့ လှူခဲ့တန်းခဲ့သမျှ ဒီအလှူလောက် ပီတိတစ်ခါမှ မဖြစ်ခဲ့ဖူးဘူး။

ဒီမိန်းမငယ်ပြန်သွားပြီး သားရဲ့အပါးကို မေမေပြန်လာခဲ့မိတယ်။ သားမျက်နှာကို မေမေစေ့စေ့ကြည့်မိတယ်။

မေမေတို့မှာလဲ လယ်သူမနဲ့ မထူးလှပါဘူး။ နို့အတု နို့မှုန့်တွေနဲ့ သားတို့ကိုထားရစ်ပြီး အချိန်တန်တော့ အလုပ်ခွင်သွားရတာပါဘဲ။ အဲဒီ လယ်သူမလို အရေးကြုံလာရင်သားကိုများ မေမေရောင်းမိမှာလား။ အဲဒီ မေးခွန်း ကိုယ့်ကိုယ်ကိုယ်မေးပြီး အဖြေထွက်မလာဘူး။ မေမေသာ ခုတင် ဘေးမှာ ချုံးပွဲချငိုမိတယ်။

သားကြီးဖေဖေက အခန်းထဲ ဝင်လာပြီး ''အရှုံးမကြီး၊ အတွေး





ကြီး၊ ဘာတွေမတန်တဆ တွေးပြီးငိုရပြန်သလဲ''လို့ မေးတယ်။ [illegible]မေသူ့ကို ဘာမှပြန်မဖြေပါဘူး။

ခုန ကလေးရောင်းတဲ့မိန်းမအကြောင်းသာ သူသာသိရင်သူလဲ [illegible]မှလို ငိုမှာဘဲ။ ဘာဖြစ်လို့လဲဆိုတော့ ဖေဖေဟာလဲ သားကိုမေမေ့ [illegible]ချစ်လေတော့ မိဘရဲ့ချစ်ခြင်းကို ကိုယ်ချင်းစာတတ်မှာဘဲ။

ဪ....ဒီဘက်မှာ သားတစ်မျက်နှာကို လေးဆယ့်ကိုးယူဇနာ [illegible]ဲ့ လမင်းကြီးနဲ့ မလဲနိုင်ပေမယ်လို့....

ဟိုမှာဘက်မှာတော့ သူ့သားငယ်ကို ငွေငါးဆယ်နဲ့ ရောင်း [illegible]ပါကော။

* * *



www.burmeseclassic.com

## လမင်းစန္ဒာ

၁၉၆၉–ဇန္နဝါရီလတစ်ရက်နေ့ဆိုလျှင် သားကြီးမွေးတာ တစ်နှစ်ပြည့်မြောက်ပြီ၊ သားကြီးဟာ နှစ်ဆန်းတစ်ရက်နေ့မွေးတဲ့ သူငယ်လေးပေါ့။

သားကြီးရဲ့ မွေးနေ့မှာတော့ ဘဘဦးပုံစံဟာဗုဒ္ဓဘာသာထုံးစံအတိုင်း သံဃာငါးပါးပင့်ဖိတ်ပြီး အိမ်မှာဆွမ်းလုပ်ကျွေးတယ်။ သားကြီးမေမေကတော့ ဇန်နဝါရီ ၄–ရက်နေ့ မြန်မာ့လွတ်လပ်ရေးနေ့ကျမှသူ့ သူငယ်ချင်းများ ကျောင်းက အားလပ်ခွင့်ရတယ်ဆိုပြီး အဲဒီနေ့ကျမှ ဆွေမျိုးသားချင်းများနဲ့ သူ့မိတ်ဆွေတွေဖိတ်ပြီး မုန့်ဟင်းခါးကျွေးတယ်။

ဗေဒင်ဆရာတွက်ချက်ပေးတဲ့အတိုင်း သားကြီးနာမည်ကို ''ကျော်ကျော်ဝင်း''လို့ အမည်ပေးကင်းပွန်းတပ်တယ်။

သားကြီးရဲ့နာနီကတော့ ကရင်အမျိုးသမီးပီပီ သားကြီးကို ''စောဖိုးကဲ''လို့ အမည်ပေးတယ်။





ဘွားဘွားကတော့ ''သားကြီး''ဆိုတာကလွဲလို့ ဘယ်အမည်ကိုမှ ခေါ်ရက်ပါဘူး။ မင်းဘဘ ဦးပုံစံကဘာပြောလဲဆိုရင် ''ခင်နှင်းယုဆိုတဲ့ စာရေးဆရာမတစ်ယောက် ဝင်္ဂလည်တော့မယ်တဲ့။ သူများတွေ သားတစ်ယောက်ထဲအပေါ်မှာ ချစ်တဲ့အချစ်ကို 'သဲနိုင်ကြပါပေတယ်'ဆိုတဲ့ ဝတ္ထုရေးပြီး သရော်ခဲ့တယ်တဲ့။ အေး...မင်းတို့ မြေးအဘွားအလှည့်ကျမှ ငါစာရေးဆရာလုပ်ပြီး ''သဲနိုင်ကြပါပေတယ်ရဲ့ သဲနိုင်ကြပါပေတယ်''ဆိုတဲ့ ဝတ္ထုရေးပြီးသရော်ဦးမယ်ဟေ့''တဲ့။

ဒါကတော့ ဓမ္မတာပေါ့ သားရယ်။ အလှည့်ကျ မနွဲ့ရဘူးပေါ့။ သူများကို ကိုယ်ကသရော်ခဲ့ရင် ကိုယ်လဲသရော်ခံရတာပါပဲ။ ခံရဲတဲ့သတ္တိရှိရမယ်။ ''ဖနိတံ–ပါကံဖနေတိ''တဲ့။ ဒို့များဗုဒ္ဓရှင်တော်ဘုရားကိုယ်တိုင်က ''တူသောအကျိုးပေးတတ်တယ်''လို့ ဟောခဲ့ပေသားပဲ။

ဘွားဘွားကတော့ မင်းဘဘစကားကြားရတော့ စိတ်ထဲက ကြိတ်ပြုံးမိတယ်။ ဘာဖြစ်လို့လဲ သိလား။ ဘွားဘွားရှေ့စာမျက်နှာတွေမှာ ရေးခဲ့သလိုဘဲ။ သားမွေးပြီး မပေးနိုင်လို့ ထင်ပါရဲ့ဘွားဘွားကို အရေးပေးဘူး။ တစ်ခါတလေ သူ့စိတ်ထဲခံစားရချက်တွေဟာ ပွင့်ပွင့်ပြီး ထွက်လာတယ်။

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်းမှာ မင်းရဲ့ဘဘဦးပုံစံဟာ အုပ်ချုပ်မှု တပ်ခွဲမှူးအဖြစ် ဆောင်ရွက်ခဲ့တဲ့အချိန်ကပေါ့။

တစ်နေ့မှာ ရုပ်ရှင်ကြည့်ရင်း ဘာပြောလဲဆိုတော့ ''ရှေ့အတန်းက ဓာတုံးခံတောက်နဲ့ အရုပ်ဝတ်ထားတဲ့ သူငယ်လေးတွေကို ကြည့်စမ်း။ အဲဒါ ကိုယ်တို့ကျောင်းက ဗိုလ်လောင်းသင်တန်းသားကလေးတွေ။

www.burmeseclassic.com



ဘယ်လောက် တက်ကြွပြီးဖျပ်လတ်လဲ (အဲဒီတစ်သုတ်ကလဲ လူငယ်တွေ ကျောင်းထွက်စတွေများတယ်) ကိုယ့်မှာလဲ အဲဒီလိုအရွယ်သားမျိုး တစ်ယောက်လောက် လိုချင်တယ်''တဲ့။

ဩော်...သူကတော့ အမှတ်တမဲ့ ပြောတာ ဖြစ်ချင်ဖြစ်မယ်။ ဘွားဘွားရင်ထဲမတော့ ဆို့သွားပြီး မျက်ရည်လည်မိတယ်။ ''ငါဟာ သားတစ်ယောက်အဖြစ်ရှိအောင် မွေးပြီးမပေးနိုင်တဲ့ မိန်းမပါလား။ ဒါကြောင့်ထင်ပါရဲ့ အစစငါဟာတယ်လိုပဲ သူခိုင်းသမျှကြိုးစားဆောင်ရွက်ပေးပေမယ့် ငါ့အပေါ် သူမကျေနပ်ယေဘူးလို့ ကိုယ့်အတွေးနဲ့ကိုယ်တွေပြီး ဝမ်းနည်းမိသေးတယ်။

အို . . . သားကြီးမွေးတဲ့နေ့ကဖြင့် သူ့ရုံးဆင်းပြန်လာ တက်ကြွရွှင်လန်းနေတဲ့ မျက်နှာဟန်ပန်ပုံစံကို ရုပ်ရှင်ရိုက်ကူးလို့ရလျှင် ရိုက်ထားပြီး သားကြီးသိတတ်တဲ့ အရွယ်ရောက်လာလျှင် ပြချင်တယ်။

ဩော်....သူတို့ ယောက်ျားများဟာ ''သားဦးရတနာ''ဆိုတဲ့ သိပ်အားတက်ကျေနပ်ကြတာပဲ။ နောက်ဆုံးတစ်နေ့မှာသာ သူတို့ရဲ့ ''သားဦး''ဆိုတာတွေက ချစ်သူနဲ့တွေ့ရင် 'မ'ဘက်လိုက်သွားလို့ သမီးတွေ ရင်ခွင်မှာဖခင်တွေဟာခေါင်းချရသွားရပေမယ့်လဲ သူတို့ဟာ ''သားဦး'' ကိုပဲ လိုချင်ကြတယ်။

သားကြီး ကြီးပြင်းလာရင်တော့ 'မ'ဘက်လိုက်ပြီး မိဘကို ပစ်ပယ်တဲ့ သားကြီး မဖြစ်ပါစေနဲ့ကွယ်။

သားကြီးမွေးဖွားလာပြီဆိုတဲ့ သတင်းကို မင်းဖေဖေဗိုလ်ကြီး ထွန်းအောင်ကျော်ဟာ ကောင်းကင်မှာလေယာဉ်ပျံနဲ့ ပျံဝဲနေတုန်း သတင်း





ကောင်းကြားရတယ်။ မင်းဘဘဦးပုံစံကြီးကတော့ အိပ်ရာပေါ်လဲနေတဲ့ ဘွားဘွားကို သတင်းကောင်းလာပေးတယ်ကွယ့်။

''ခွေးမိဒီနေ့မနက်ကိုးနာရီက သားဦးမွေးတယ်တဲ့...''

ဘွားဘွားမဖြည့်စွမ်းနိုင်တဲ့ မင်းဘဘရဲ့ ဆန္ဒတစ်ခုကိုသမီးဖြစ်တဲ့'မိ'ကဖြည့်စွမ်းနိုင်တဲ့အတွက် ဘွားဘွားဖြင့် မင်းမေမေ'မိ'နဲ့ သားကြီးကို အထူးကျေးဇူးတင်ပါတယ်။

ဒါကြောင့် ဘွားဘွားတို့ မိသားစုရဲ့ စိတ်ဆန္ဒကို အေးမြပြည့်ဝစေသော သားကြီးဖြစ်တဲ့အတွက် ''မောင်စန္ဒာ''လို့ ဘွားဘွားကအမည်ပေးချင်တယ်။ ဒါပေမင့်လဲ ခုတခေတ်မှာ ''စန္ဒာ''ဟာ မိန်းကလေးတွေရဲ့ နာမည်မှည့်ခေါ်တာများလို့ ''မောင်ဆန္ဒ''လို့ မှည့်ရလျှင်များ ကောင်းလေမလား လို့ဘွားဘွားတွေးသေးတယ်။ ဆန္ဒဆိုပြန်တော့လည်း သားကြီးဟာ တနင်္လာသားဆိုတော့ နေ့သင့်နံသင့် မဟုတ်ပြန်ဘူးကွယ့်။

ပညတ်သွားရာ ဓာတ်သက်ပါတတ်တယ်လို့ မြန်မာ့ဆိုရိုးတစ်ခုရှိတယ်။ ဘယ်လိုပဲရှိရှိပေါ့လေ။ ဘွားဘွားအယူအဆကတော့ တနင်္လာဆိုသည်မှာ ဗေဒင်ဂဏန်းမှာ (၂)လို့ပြတယ် ''စန်း''လို့လည်းခေါ်တယ်။ လမင်းကို ကိုယ်စားပြုတယ်။ လမင်းဟာ ကမ္ဘာဦးသူတို့ရဲ့ ဆန္ဒကိုပြည့်ဝစေပြီး အေးမြချမ်းငြိမ်းစေတယ်။ မှောင်မိုက်တဲ့ညဥ့်အမှောင်ကိုလည်း လင်းရောင်ပေးတယ်။ ကမ္ဘာရဲ့ ဒီဘက်တစ်ခြမ်းမှာ မှောင်နေတဲ့အခါမှာတောင် ဟိုမှာဘက်တစ်ခြမ်းကို လင်းစေလို့ မျှတတဲ့သဘောရှိတယ်လို့ ယူဆတယ်။

ခုခေတ်လူသားတွေ လကမ္ဘာပေါ်ရောက်သွားလို့ လဝန်းကို



www.burmeseclassic.com

www.burmeseclassic.com



ခြေချမိတဲ့အခါ လမျက်နှာပြင်ဟာ ချိုင့်ခွက်တွေ၊ ဖုံမှုန့်တွေ၊ ကျောက်တုံးကျောက်ခဲ၊ ကျောက်မှုန့်တွေနဲ့ ပြည့်နေတယ်ဆိုတာကို သိရတယ်။ တစ်ဖက်က ရုပ်ဝတ္ထုအနေနဲ့ မြင်ရသိရတာလည်း မှန်တယ်။

တစ်ဖက်ကနေ ရင်တွင်းခံစားရမှုမှာဆိုရင် ဘွားဘွားတို့မြေပြင်မှာ တိမ်သားကင်းစင်တဲ့ ညများမှာ ကောင်းကင်ကို လမင်းကြီးသာချိန်မှာ ကြည့်လိုက်စမ်းပါ။ တရုတ်မြေပေါ်ကပဲကြည့်ကြည့်၊ ရုရှားမြေပေါ်ကပဲကြည့်ကြည့်၊ အမေရိကန်မြေပေါ်ကပဲ ကြည့်ကြည့် သားကြီးတို့အမိမြန်မာမြေပေါ်ကပဲ ကြည့်ကြည့် လဝန်းကိုမြင်ရလျှင် လမင်းရဲ့အေးမြကြည်လင်ပုံ၊ လှပပုံဟာ မြင်ရသူစိတ်နှလုံး ဘယ်လောက်များအေးမြချမ်းငြိမ်စေသလဲ သားကြီး၊ ရေးဆန်ဆန် စာဖွဲ့ရလျှင်...

''လူတန်းစားမရွေး၊ လူမျိုးမရွေး၊ နှလုံးကိုပွားစေတတ်သောလမင်းစန္ဒာ''လို့ ဆိုရမယ်။

ဘွားဘွားဖြစ်လေ ဘွားဘွားတို့အိမ်လေးဟာ ကုန်းမြင့်ကလေးပေါ်မှာ ရှိတယ်။ ဘွားဘွားတို့သားချင်းများနေထိုင်ရာ ရှမ်းကုန်းမြေမြင့်က ထင်းရှူးပင်တွေယူပြီး စိုက်ထားတယ်။ လသာတဲ့ ညများဆိုရင်ထင်းရှူးရွက် ''မွှားမွှား''လေးတွေ၊ ကောင်းကင်ပြာနောက်ခံမှာ ယိမ်းနွဲ့လှုပ်ရှားနေပုံကို လမင်းကြီးသာခိုက် မြင်ရချိန်မှာ စိတ်ကိုသိပ်ပြီးသာယာချမ်းမြေ့စေတာပဲ။

ဒါကြောင့် ဘွားဘွားရဲ့သားကြီးဟာလည်း ပညတ်သဘောအားဖြင့် အမည်ဘယ်လိုပဲခေါ်ခေါ် တနလာသားဆိုဆို လမင်းစန္ဒာလို သတ္တဝါတွေရဲ့နှလုံးသာယာချမ်းမြေ့ခြင်းကို ပေးစွမ်းနိုင်တဲ့ ''လာခြင်းကောင်းသောလူကလေး'' ဖြစ်ပါစေကွယ်။

* * *



# မေတ္တာကုန်းမြေ

သားကြီးနဲ့တကွ တခြားသော လူကလေးများအတွက် ရည်စူးပြီးဒီစာအုပ်ကို ရေးသားရေးရတယ်ဘွားဘွားဟာ ချောချောမောမောလွယ်လွယ်ကူကူ အဆင်ပြေပြေနဲ့ ရေးရတယ်မထင်နဲ့။

ဒီစာအုပ်ကိုရေးနေဆဲ သားကြီးရဲ့အမေ 'မိ'ကလဲမိုးတွေမိပြီးဖျားတယ်။ ဆရာဝန် သွားပြလိုက်တော့ 'မိ'ရဲ့အဖျားကတော့သာမန်အအေးမိတဲ့အဖျားလောက်ပဲ ဖြစ်တယ်တဲ့။ နာနီကတော့ (ဒစ်သီးရီးယား)ခေါ်တဲ့ ဆုံဆို့နာ ဖြစ်ဖို့လည်ချောင်းထဲမှာ ရောဂါလက္ခဏာကိုတွေ့ရတယ်ဆိုတော့ ဘွားဘွားဖြင့်ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားတောပဲ ဆရာဝန်က အမြန်ဆုံးကူးစက်တတ်တဲ့ဆေးရုံ အောင်ဆန်းကလေး[illegible]နားက ဆေးရုံကိုတင်ပါတဲ့။ ဒီရောဂါဟာ မသိခဲ့လို့ဆေး[illegible]ဦးရင်လည်ပင်းအကျိတ်ရောင် အပြင်းဖျားပြီးအသက်မရှူနိုင်ဘဲ သေတတ်တယ်

www.burmeseclassic.com



ကွယ်။ သားရဲ့ ဖေဖေကသိသိချင်း မနက် ၇–နာရီ ဆေးရုံကိုပြေး နာနီကို ဆေးရုံတင်ရတယ်။

ဆရာဝန်များကလဲ အရေးတယူ ဂရုတစိုက်ရှိကြပြီး ထိုးသင့်တဲ့ ဆေးတွေ ကြိုတင်ထိုးကြတာပေါ့။ ဒီနေရာမှာဖြင့် လူနာတစ်ယောက်ရဲ့အသက်ရှင်ရေးကို သူတို့ကြိုးပမ်းပုံမြင်ရတော့ သူတို့ရဲ့ မေတ္တာစေတနာကို ဘွားဘွားတိုင်းတာ မပြနိုင်အောင် ကျေးဇူးတင်မိတယ်။

အိမ်ပြန်ရောက်တော့ မင့်ဘဘကြီး ဦးပုံစံက ထုံးစံအတိုင်း ပေါ့လေ။

"ကဲ… မိချိုနံပါတ် (၁)တို့များ နာနီရဲ့အသက်ကို ကယ်လိုက်ပြီ ဘယ်နည်းနဲ့မှ မသေနိုင်တော့ပါဘူးတဲ့ …"

"နံပါတ် (၂)တယ်ရီ (သားကြီးကိုထိန်းတဲ့နာနီရဲ့ အမည်)ရဲ့ အိမ်ကိုသွားပြီးတော့ တယ်ရီရဲ့ရောဂါ အခြေအနေ တို့များဘယ်လို ကုသပေးတယ်ဆိုတာသွားပြီး အကြောင်းကြားသင့်တယ်။ သူ့အိမ်က ဒါမှစိတ်အေးမယ်တဲ့…"

"နံပါတ် (၃) သားကြီးကို ဘယ်သူကြည့်မလဲ အဲဒီအတွက်လဲ နောက်နာနီရှာခဲ့ပါတဲ့…"

ဟုတ်တယ်ကွယ်။ 'မိ'ကလဲ ဖျားနေ သားကြီးဖေဖေက အဲဒီ ချိန်မှာ မိတ္ထီလာကမော်တီပြောင်းလာရပေမယ့် ရန်ကုန်လာဖို့ ခွင့်သုံး ရက်ပဲရတယ်။ ဘွားဘွားကတော့ မင်းကိုခြောက်လကျော်ကတည်းက မပွေ့နိုင် မချီနိုင်တော့ဘူး။ ဘွားဘွားညာလက်က ဖေါင်တိန်ကိုတောင် မနဲကိုင် နေရတာကိုး။





မင်းဘဘဦးပုံစံကသူ့ပုံစံအတိုင်း နံပါတ်သုံးလေးထိုးပြီး အမိန့် ပေးလိုက်တာ လွယ်လွယ်ပဲ၊ သူ့အမိန့်အတိုင်း ဆောင်ရွက်ရမဲ့ ဘွားဘွား ကတော့ ဖြစ်ညှစ်ပြီး အားသစ်အင်သစ်မွေးပြီး မင့်နာနီကလေး'တယ်ရီ' နေတဲ့ ငါးမြားတံကုန်းကိုပြေးရတယ်။

ဟိုရောက်တော့ သားကြီးကို နှစ်လသားအထိထိန်းပေးခဲ့တဲ့ 'နော်မေ'ဆိုတဲ့ နာနီလေးကိုသွားပြီး အကူအညီတောင်းရတယ်။ သူက 'တယ်ရီ'တို့ အိမ်ကိုဘွားဘွား လိုက်ပို့တယ်။ 'နော်မေ'ဟာ ဘွားဘွားရဲ့ ကျန်းမာရေးအခြေအနေကို သိတော့ သူဟာဘွားဘွားကိုတွဲခေါ်ရှာတယ်။ တယ်ရီတို့အိမ်က သန့်ရှင်းတဲ့ ခရစ်ယာန်ဘုရားရှိခိုးကျောင်းကလေး အောက်မှာရှိတယ်။ ဘုရားရှိခိုးကျောင်းကလေးက ကုန်းမြင့်ပေါ်မှာရှိတော့ ဘွားဘွားဟာ မနဲဘဲနော်မေကို အားပြုပြီးတက်ရတယ်သား။ တယ်ရီ တို့အိမ်ရောက်မှ တယ်ရီအခြေအနေကိုအားလုံးရှင်းပြရတယ်။ သူတို့လဲ စိတ်ချမ်းသာသွားတယ်။

တစ်ခါနော်မေအိမ်ကိုပြန်သွားပြီး သားကြီးကို တယ်ရီကိုယ်စား ကြည့်ဖို့ နာနီလိုကြောင်း အကူအညီတောင်းရတယ်။ နော်မေက သူတစ်ရက်လိုက်ပြီး ကူညီပါမယ်တဲ့။ ရက်ရှည်ကူညီချင်ပေမယ့် သူ့ အမေက နေ့စေ့လစေ့မို့လို့တဲ့။ ကလေးမွေးချိန်မှာတောင် ဆရာမကို ခေါ်ပေးဖို့ လူပိုမရှိလို့ပါတဲ့။

သူကတစ်ဆင့် သူတို့အမျိုးထဲက 'ပုလဲဝါ'ဆိုတဲ့ အမျိုးသမီး ကိုစီစဉ်ပေးတယ်။ ဒီမိန်းကလေးကလဲ တစ်ပတ်မှာ တနင်္ဂနွေတစ်နေ့ တခြားသားအိမ်မှာ အလုပ်ဆင်းရတဲ့အတွက် သူငါးရက် အကူအညီ ပေးပါမယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ"အက်စတာ"ဆိုတဲ့ အမျိုးသမီးကြီးကလည်း "တယ်ရီ" ဟာ မျှော်မှန်းတာထက် ပိုကြာပြီးဆေးရုံမှာ နေရမယ်ဆိုရင် သူကြံဖန်ပြီး နောက်ကလေးထိန်းအတွက် ကြိုးစားပေးပါဦးမယ်တဲ့။

အဲဒီညက ဘွားဘွားအိပ်ရာပေါ်လှဲရင်း ငါမြားတံကုန်းမှာရှိတဲ့ ကရင်အမျိုးသမီးများရဲ့ မေတ္တာစိတ်ကို လေးစားကြည်ညိုပြီး မေတ္တာပို့မိတယ်။ ဖြစ်များဖြစ်နိုင်လို့ သူတို့ကရင်အမျိုးသား၊ အမျိုးသမီးတွေက သဘောတူညီခဲ့ရင် အဲဒီ "ငါးမြားတံကုန်း"ဆိုတဲ့ အမည်ကို "မေတ္တာကုန်းမြေ"လို့ အမည်ပြောင်းချင်တယ်။

ဘာဖြစ်လို့လဲဆိုတော့ ဒီလိုရက်တရက် နာနီတစ်ယောက်ရဖို့ဆိုတာ မလွယ်ကူဘူး။

တစ်ခါတုန်းက အိမ်တစ်အိမ်မှာ ဒုက္ခရက်တရက် ဖြစ်တာနဲ့ ဘွားဘွားနေရာတစ်ခုကိုပဲ သွားအကူအညီတောင်းမိတယ်။

အကျိုးအကြောင်းကို စကားစရုံရှိသေးတယ်၊ "ဒီကလေးဘယ်အရွယ်ရှိပြီလဲ လူပ်တတ်ရင်မထိန်းနိုင်ဘူး။ အဘိုးအဘွားရှိသလား။ လခက တစ်ရာနှစ်ဆယ်ပေးရမယ်။ ဘယ်နိုင်ငံခြားသံရုံးက လစာလောက်ပေးတယ်ဆိုပြီး" မျက်နှာရှုစ်ခေါက်ချိုးနဲ့ ပြောလိုက်ကြတာ ဘွားဘွားဖြင့် အံ့အားသင့်သွားတာပဲ။ အဲဒီမှာ အုပ်ထိန်းသူလုပ်တဲ့ အဘွားကြီးက "မင်းတို့ဟာ အလုပ်မလုပ်ခင် ပိုက်ဆံစကားမပြောပါနဲ့" ဆိုတော့မှ ငြိမ်သွားကြတယ်။

ရင်ထဲကတော့ ဖြေမိတယ် "ရှင်တို့ ကလေးဘဝတုန်းက မလှုပ်ရှားပဲ ကြီးပြင်းလာကြသလား။ ရှင်တို့မှာကော ဘိုးဘွားမရှိဘူးလား။





အလုပ်အကိုင် လုပ်မကြည့်သေးဘူး ပိုက်ဆံစကားစပြောတာကတော့ နာနီ(သို့မဟုတ်)ကလေးထိန်း တစ်ယောက်မှာရှိသင့်တဲ့ မိခင်မေတ္တာစိတ် ပေါင်းပါးလွန်းရာကြပါတယ်"လို့ စိတ်ထဲက ပြောခဲ့မိတယ်သားကြီး။ နောက်တော့မှ တဖြည်းဖြည်းတွေးပြီး ဆိုးတဲ့အိမ်တွေလည်းရှိတတ်ကြသာကိုးလို့ စိတ်ဖြေပြီး သူတို့ကိုဘွားဘွား ခွင့်လွှတ်ပါတယ်။

ငါးမြားတံကုန်းက ကရင်အမျိုးသမီးများကိုတော့ "ငါ့မိခင်ကိုယ်စား ငါတို့မှာ အခက်အခဲရှိတုန်း ငါ့ကိုပြုစုစောင့်ရှောက်ခဲ့ကြပါသား" လို့ သားကြီး ကြီးပြင်းလာလို့ ဒီစာဖတ်တတ်လာရင် သူတို့ကို ကျေးဇူးပြန်ပြုပါကွယ်။

ဘယ်ဘာသာမှာဖြစ်ဖြစ် ဘယ်လူမျိုးမှာဖြစ်ဖြစ် မေတ္တာတရားသည်သာ အေးမြချမ်းငြိမ်ခြင်းကို ပေးစွမ်းနိုင်ပါကလား။

တယ်ရီနေကောင်းလာတော့ ဝိုင်းဝန်းကူညီကြတဲ့ ကရင်အမျိုးသမီးလေးတွေကို ဘွားဘွားက ကျသင့်အခကြေးငွေကို ရှင်းလင်းပေးချိန်း "မေတ္တာကို ငွေနဲ့တန်ဖိုးဖြတ်တယ်လို့ အထင်မလွဲပါနဲ့လို့ ပြောပြသော့" သူတို့ကပြန်ပြောတယ်ကွယ်။ "သူတို့ဟာ ငွေလိုချင်လို့ ကူတာမဟုတ်ပါဘူးတဲ့ သားကြီးကိုချစ်လို့ပါ" ဆိုပြီး ငွေလက်မခံကြဘူး။ ငွေအကြေးစကားလည်း မပြောကြဘူး။

ဘွားဘွားဖြင့် ရင်ထဲဘယ်လိုဖြစ်သွားလည်းမသိဘူး။ လူအမျိုးမျိုး နတ်အထွေထွေဆိုတဲ့စကားဟာ ဒီလိုအဖြစ်တွေကို ရည်ညွှန်းပြောထင်ပါရဲ့သားကြီးရေ။ ဒါကြောင့် သူတို့မေတ္တာကို လေးစားတဲ့အနေနဲ့ တခြားပစ္စည်းတွေနဲ့ပဲ သူတို့မေတ္တာကို ဂုဏ်ပြုရတယ်။ ငါးမြားတံ



www.burmeseclassic.com

www.burmeseclassic.com



ကုန်းက ဘွားဘွားဆက်ဆံခဲ့တဲ့ အက်စတာတို့၊ နော်မေတို့၊ ပုလဲဝါတို့ ဟာလည်း နိုင်ငံခြားသားအိမ်တွေမှာ အလုပ်လုပ်လာခဲ့သူတွေပါ။ သူတို့ စိတ်ဓာတ်ကြတော့လည်း တို့အမျိုးသားချင်းဆိုတဲ့ စိတ်ဓာတ်ရှိပုံရတယ်။ နောက်နေ့လည်းကျရော တယ်ရီကို ပြုစုရတဲ့အတွက် ပင်ပန်းလို့ဆို ပြီး ထမင်းချက်က အိပ်ရာထဲလဲပြန်ရော။ ဘွားဘွားက သူ့ကိုဆရာဝန် ဆီ သွားပြပြီးဆေးထိုးပေးရသေးတယ်။ ဆရာဝန်က အပိုင်းအခြားမရှိ အိမ်ပြန်နားခွင့်ပေးပါဆိုလို့ ခွင့်ပေးရပြန်ကော။ ကဲ... သားကြီး ဒါကြောင့် ဒီစာတန်းကိုဖြင့် ဘွားဘွားဟာ ထမင်းချက်ရင်း၊ ကလေးထိန်းရင်း ဈေးပြေးရင်း ရေးခဲ့တာပဲ။ မင်းဘဘ ဦးပုံစံကြီးကတော့ တပ်မတော် ကြီးရဲ့ကြွေးကြော်သံအတိုင်းပဲ၊

"တိုက်ရင်းစည်းရုံး စည်းရုံးရင်းတိုက်တဲ့၊ ခုလဲ မိချို့တဲ့ ကလေး ကထိန်းရင်း ထမင်းချက်၊ ထမင်းချက်ရင်း တစ်ဖက်ကလည်း ကလောင် တံ ကိုကိုင်ရမတဲ့လေ"

ဩော်...ဘွားဘွား အတိတ်ကပြုခဲ့တဲ့ ကုသိုလ်ပါပဲ။ ဘယ် သောအခါ စာအုပ်တစ်အုပ်ကိုဖြင့် တခြားစာရေးဆရာများနည်းတူ တစ် နေရာရာသွားပြီး အနားယူရေးနိုင်မလဲ မသိဘူးနော်။ အခုတော့ဖြင့် အိပ်ရာက မနက်လေးနာရီထ မေတ္တာပို့ပြီး ဝိပဿနာတရားမှတ်တဲ့ အချိန်ကလွဲလို့ ဘွားဘွားအနားမရခဲ့ပါဘူး။

* * *



## အမွေ

၁၅-၅-၁၉၉၆။ အဲဒီနေ့ဟာဖြင့် ဘွားဘွားရဲ့ ဘဘကြီး ဦး...ွန်းဖေရဲ့ (၉၄)နှစ်ပြည့်တဲ့မွေးနေ့။ ဒီဘဘကြီးနဲ့ သားကြီးကို မိတ်ဖွဲ့ ...ရမယ်။ ဘဘဦးထွန်းဖေကို တက္ကသိုလ်နယ်မြေမှာ စစ်မဖြစ်ခင် ...တော့ ဂျပ်ဆင်ဦးထွန်းဖေလို့ ခေါ်တယ်။ (ဂျပ်ဆင်ကောလိပ်မှာ ...မာစာကထိကဖြစ်လို့ပဲ) ဒီဘဘကြီးရဲ့ဇနီးက ဒေါ်ဖွန်းတဲ့။ သူတို့နှစ် ...ာက်ဟာ ဘဝကသီလကောင်းလေတော့ ဘွားဘွားဒေါ်ဖွန်းက ...ဘက် (၈၈)နှစ်အထိ နေရတယ်။ ခုတော့ ကွယ်လွန်သွားရှာပြီ၊ ဘဘ ...ဦးထွန်းဖေကတော့ ခုစာရေးနေချိန်ထိ အသက်ရှင်နေတုန်းပဲ၊ သူဟာ ...ယာန်ဘာသာဝင်ဖြစ်သော်လည်း မျိုးချစ်စိတ်ရှိပြီး ဘွားဘွားရဲ့ ...အေ ဒေါ်ကြီးနဲ့မောင်နှမသားချင်းလို အထူးခင်မင် ရင်းနှီးခဲ့တယ်။ ...သားတော့ မတော်စပ်ပါဘူး။ အင်္ဂလိပ်အစိုးရလက်ထက်မှာ ...သိုလ်က အောက်လွှတ်တော်အမတ် တစ်နေရာ ရွေးချယ်ပေးပိုင်



www.burmeseclassic.com

www.burmeseclassic.com



ခွင့်ရှိတယ်။ သူဟာ တက္ကသိုလ်က ရွေးချယ်စေလွှတ်တဲ့ အောက်လွှတ်တော်အမတ်ပေါ့။

ဘွားဘွား ကလောသွားနေစဉ်က "မင်းဘွားဘွားရဲ့ ကျေးဇူးတွေ ဘဘမှာ ရှိခဲ့တယ်ဆိုပြီး" သားကြီးရဲ့ ဘွားဘွားကို သူအထူးဂရုစိုက်ခဲ့တယ်ကွယ့်။

၁၅-၅-၆၉ နေ့ကတော့ မနက်တက်ကပဲ တယ်လီဖုန်းဆက်တယ်။

"ဒီနေ့ဟာ သူ့မွေးနေ့။ ညခြောက်နာရီမှာ ခရစ်ယာန်ဘာသာထုံးစံအတိုင်း ဆုတောင်းပွဲလုပ်မယ်။ မခင်ယုကတော့ လေးနာရီတိတိလာခဲ့ပါ" လို့ တယ်လီဖုန်းရတာနဲ့ ဘွားဘွားက ဗုဒ္ဓဘာသာထုံးစံအတိုင်း သစ်သီးတွေ ယူသွားပြီး ဘဘကြီးဦးထွန်းဖေကို ကန်တော့တယ်။ သူ့မျက်စိတစ်ဖက်က မှုန်ပြီးတစ်ဖက်ကတော့ ခွဲစိတ်ထားပေမယ့် မမြင်ရတော့ဘူး။ သူ့သမီးအေါ်လှသိန်းဟာ မနက်ည သူနာပြုဆရာမလေးတွေ အလှည့်ကျထားပြီး သူ့ဖခင်ကို ပြုစုတယ်။

သူဟာ ဘွားဘွားကို အိပ်ရာနားခေါ်ပြီး စကားပြောတယ်။ သူဟာ နားလည်းလေးနေလို့ သူ့ပါးနားကိုကပ်ပြီး ဘွားဘွားက စကားပြောရတယ်။

သားကြီးရဲ့ ဘိုးဘိုးကြီး ဦးဘဟာ နားလေးသူမို့ ဘွားဘွားအတွက် နားလေးတဲ့သူတွေနဲ့ စကားပြောရတာ ပင်ပန်းခြင်းမဖြစ်တော့ပါဘူး။

သူက ဘွားဘွားကို ပြောတယ်။





"မခင်ယုကို ဘဘအမြဲသတိရနေတယ်။ ဒါကြောင့် ဒီနေ့ ...ကာတည်းက တယ်လီဖုန်းဆက်ခိုင်းရတယ်။ မင်းသတင်းကို ဘဘ ...နားထောင်နေတယ်။ မေးနေတယ်။ မင်းဟာ ခုအထိ စာဆက်ရေး ...တုန်းပဲဆို။ အခုမင်းရေးတဲ့ ဝတ္ထု (ယဉ်မင်းပိုက်) ကိုရုပ်ရှင်ရိုက်ပြီး ...ကုန်မှာ အခုပြနေဆဲဆို..."

ဘွားဘွားက "ဟုတ်ကဲ့" လို့ ပြောလိုက်တယ်။ သူက စကား ...ဆက်ပြောပြန်တယ်။

"အေး...စာရေးခြင်းအလုပ်ဟာ သိပ်မွန်မြတ်တာပဲ၊ သူတစ်ပါး ... ရေးပြချင်တော့ ကိုယ်ကိုယ်တိုင်ဟာလည်း ရှာရဖွေရမှတ်ရသားရ ...လာရတော့ ကိုယ့်ဖို့လည်း အကျိုးရှိသူတစ်ပါးကိုလည်း ပညာအဆင့် ...မြှင့်ရတာ အင်မတန်ကြီးမားတဲ့ ကုသိုလ်ပဲ။ စာကိုဆက်ပြီး ရေးပါ ... မင်းရဲ့ ကျန်းမာရေးအခြေအနေကော ကောင်းရဲ့လား" တဲ့။

"သွေးနှစ်ပုလင်း သွင်းထားလို့ ကောင်းပါတယ် ဘဘကြီး" ...ဖြေလိုက်တယ်။

"တို့များအားလုံး ဝါးခယ်မက ထွက်လာခဲ့ကြတာ ဝါးခယ်မ ...လေးကို မမေ့ပါနဲ့။ မင်းရတဲ့ငွေနဲ့ ဝါးခယ်မကိုဘာ ပြန်ပြီးလှူသလဲ"

"အများနဲ့ပတ်သက်တဲ့ စာသင်ကျောင်း အဆောက်အဦးတွေ ... တတ်နိုင်သလောက်တော့ လှူခဲ့ပါတယ်" လို့ ဘွားဘွားကဖြေတယ်။

သူက ဘာပြန်ပြောပြန်သလဲဆိုတော့ "အေး မင်းတို့ရဲ့ ဘိုးအေ...ဘာ ဦးရွှေဂုန်။ ဘွားအေက ဒေါ်မကြီး ဒေါ်မကြီးဟာ အင်မတန် ...စိတ်ကောင်းပြီး တော်တဲ့မိန်းမပဲ။ ဘဘကတော့ သူ့ကို အစ်မရင်းလို

www.burmeseclassic.com



ခင်လို့အစ်မကြီးလို့ ခေါ်တယ်။ မင်းတို့မှာ ဦးကံဆိုတဲ့ ဘိုးအေတစ်ယောက် ရှိတယ်။ သူက မကြီးနဲ့ဆိုရင် မောင်နှမတော်တယ်။ သူက ကဗျာဆရာ ကြီးဆိုပါတော့ကွယ်။ ဒါပေမယ့်လည်း သူ့သားသမီးအရင်းသုံးယောက် ဟာ တခြားတစ်နေရာမှာတော့ တော်ပါတယ်။ မြန်မာစာပေမှာ သူလို ထွန်းထွန်းပေါက်ပေါက်မဖြစ်ခဲ့ဘူး။ အေး . . . မောင်နှနဲ့မင်းကတော့ သူ့အမွေ ဆက်သွေးပါလာတယ် ထင်တယ်ကွယ့်။ မြန်မာစာပေကို ဆက် လက်ပြုစုဖို့ ဝါသနာပါလာခဲ့ရုံမက အောင်မြင်ကြလို့ ဘဘသိပ်ဝမ်းသာ တာပဲ။ မောင်နှမအမွေကို မင်းကဆက်ခံလာခဲ့တာပဲ။ သေတဲ့အထိ တို့မြန်မာစာပေကို ဆက်လက်ပြုစုဖို့ မင်းကြိုးစားစမ်းပါတဲ့။”

“ဒါနဲ့ မင်းရဲ့စာပေ အမွေကိုရော ဘယ်သူ့ပေးခဲ့မှာလဲ” တဲ့။

အို. . . ဘွားဘွားဖြင့် သူ့မေးခွန်းကို ဘယ်လိုဖြေရမှန်းမသိဘူး။ (ဒီမေးခွန်း) ကောက်ကာငင်ကာ မေးလိုက်တဲ့ (ဒီမေးခွန်း)ကို ဘွားဘွား ဘယ်လိုဖြေရပါ့။

စဉ်းစားကြည့်စမ်းပါအုံး။ သားကြီး ဘယ်သူဟာဖြင့် သားဦး ကိုချစ်လွန်းလို့ ဘယ်သူဟာဖြင့် မြေးဦးကိုချစ်လွန်းလို့ အမွေငွေဆယ်သိန်း ရွှေကခွက်ငါးဆယ်၊ စိန်ကသုံးပြည် အမွေပေးခဲ့တယ်ဆိုတာ လက်ဆုပ် လက်ကိုင်ပေးလို့လည်းရတယ်။ တကယ်သာရှိခဲ့ရင် ခံယူတဲ့ သားစဉ် မြေးဆက်ကလည်း လက်ခံယူလို့ရတယ်။ ဒီ‘စာပေ’ဆိုတဲ့ ‘အမွေ’ကို ပေးချင်တဲ့လူက ပေးခဲ့အုံး ဆက်ခံဖို့ဆိုတာက အခက်သား။ “ဘယ်သူ ကဆက်ခံလို့ ဘယ်သူ့ကိုပေးခဲ့ရမလဲ”လို့ ဘွားဘွား တစ်ထိုင်တည်း စဉ်းစားနေမိတယ်။





သူစိတ်ကျေနပ်အောင်လို့တော့ ဘွားဘွားဖြေခဲ့ပါတယ်။

“ဘဘ စာပေအမွေဆိုတာ ပေးချင်တဲ့သူက ပေးခဲ့အုံးတော့ ခံယူတဲ့ သူမှာ ပါရမီဆိုတာ ရှိသေးတယ်”လို့ပဲ ဘွားဘွားအကျဉ်းရုံး ဖြေခဲ့တယ်။

အဲဒီနေ့က ဘွားဘွား ဘဘကြီးဦးထွန်းဖေကို ကန်တော့ပြီး ပြန်သာလာခဲ့ရော၊ “ဒီအမွေ”ဆိုတဲ့ စကားလုံးကို အိပ်ရာဝင်အထိ တွေးလို့ မဆုံးခဲ့ဘူး။ သားကြီးကို မြေးဦးအဖြစ် ချစ်လွန်းလို့ အမွေပေး ချင်တယ်ဆိုတာတောင် သားကြီးဟာ ကြီးပြင်းလာရင် မြန်မာစာပေ နဲ့ ကိုယ့်ရိုးရာအနုပညာတွေကို မြတ်နိုးတဲ့သူ၊ ပြုစုချင်တဲ့သူ ဖြစ်ချင်မှ ဖြစ်ဦးမှာကိုးကွယ့်။

ဘွားဘွားတို့ မြန်မာပြည်မှာ ဖြစ်လေ့ဖြစ်ထရှိတယ်။ အမေ အဖေဆိုသူတွေက မျိုးချစ်စိတ်ထက်သန်ပြီး ကိုယ့်မျိုးရိုး ဓလေ့ထုံးစံ ဘာသာတရားတွေကို ကာကွယ်စောင့်ရှောက် ထိန်းသိမ်းကြသူတွေဖြစ် ပေမယ့်လည်း သားသမီးကျတော့ (What is the Phone Gyi, Mammy) (ဘုန်းကြီးဆိုတာ ဘာလဲမေမေ)လို့ မေးတတ်တဲ့ သား သမီးတွေ (I do not want to Stay in Myanmar is very poor and the weather is very hot.) (မြန်မာပြည်မှာ မနေချင်ဘူး။ သိပ် ဆင်းရဲပြီး ရာသီဥတုကလည်း ပူလိုက်တာ)လို့ ပြောတဲ့ သားသမီးတွေ ကို တွေ့မိတတ်တယ်။

ရယ်စရာတစ်ခု သားကြီးကို ဘွားဘွားပြောရအုံးမယ်။

မင်းရဲ့မေမေ ‘မိ’ ငါးတန်းအောင်တော့ အင်္ဂလိပ်စကားသင်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှာ ဘွားဘွားပြောင်းထားရတယ်။ ရန်ကုန်မှာကျောင်းထားရတာ မလွယ်ကူဘူး။ သွားရေးလာရေးနဲ့ အဆင်ပြေတာကို ကြည့်ထားရတယ်။ မင်းရဲ့ဘကြီးနုရဲ့ဇနီး ဒေါ်မြရီက 'မိ'ဆယ်တန်းအောင်တဲ့အထိ သူ့ကားနဲ့ ကျောင်းပို့ပေးတော့ လွယ်ကူသွားတာပေါ့ကွယ်''

ဆယ်တန်းမရောက်မီ ရှစ်တန်း၊ ကိုးတန်းလောက်ရောက်တုန်းက သားကြီးရဲ့မေမေ'မိ' က ဘွားဘွားကို စကားတစ်ခု လာပြောတယ်။

''မေမေ ဒီနေ့ဦးသိန်းဟန် (ဆရာဇော်ဂျီ)ရဲ့ သမီး 'အုန်း' ကလေ 'မိ'ကို လာမေးတယ်။ မင်းအမေ ခင်နှင်းယုဆိုတာ စာရေးဆရာမကြီး၊ မင်းကဘာဝတ္ထုရေးတတ်လဲတဲ့ သမီးကိုမေးတယ်။ ဒါနဲ့သမီးက ဘာပြန်ပြောလိုက်လဲဆိုတော့ အေး...အုန်းရဲ့ဖေဖေကလည်း ကဗျာဆရာကြီးဇော်ဂျီတဲ့။ မင်းရောကဗျာဘယ်နှစ်ပုဒ်စပ်တတ်လဲ မေးတော့ သူကဖြေတယ် ငါတစ်ပုဒ်မှ မစပ်တတ်ဘူးတဲ့။ ''မိ''ကလည်း ဖြေလိုက်တယ်။ အေး...ငါလည်း ဝတ္ထုတစ်ပုဒ်မှ မရေးတတ်ဘူးလို့''

ဘွားဘွားလည်း 'မိ'စကားကြားရလို့ ပြုံးမိသေးတယ်ကွယ့်။ အခု 'အုန်း'နဲ့ 'မိ'တို့ဟာ ဆေးပညာကို ဝါသနာပါ လိုက်စားပြီး ဆေးသိပ္ပံ ကျောင်းသူတွေဖြစ်နေကြတယ်။ ဒီစာရေးနေချိန်မှာ သူတို့နှစ်ယောက်ဟာ ဆေးတက္ကသိုလ်မှာ လေးနှစ်ပညာသင်ကြား အောင်မြင်ပြီးလို့ ငါးနှစ်ထဲရောက်လာကြပြီ။ ဆရာဝန်တစ်ယောက်ဖြစ်ဖို့က ခုနစ်နှစ်စာသင်ရတယ်ကွယ့်။

သူတို့နှစ်ယောက်ဟာ အနုပညာ စာပေကို မိဘများလို ဝါသနာမပါသော်လည်း လူသားတို့ အသက်ရှည်ရေး ကျန်းမာရေးကို





စွမ်းနိုင်တဲ့ ဆေးပညာကို ဝါသနာပါတဲ့ အမျိုးသမီးများဖြစ်လာလို့ ဘွားဘွားမှာ ဝမ်းသာရသေးတယ်။ ဆရာဝန်များအဖြစ်ကို ချောချော မောမော ရောက်ပါစေလို့ ဆုတောင်းမေတ္တာ ပို့သရသေးသကွယ့်။ ရော့အင်ရိုး(Rock-in Roll)ကပြီး ဖင်လှုပ်လှုပ်၊ ခေါင်းလှုပ်လှုပ်နဲ့ အနောက်နိုင်ငံယဉ်ကျေးမှုကိုမှ အထင်ကြီးတဲ့ ကလေးမတွေများ ဖြစ်လာမှာ ဘွားဘွားတို့ရင်ကွဲရော။

ပညာသင်ကြားဖို့၊ အမြင်ကျယ်ဖို့၊ တခြားတိုင်းပြည်တွေမှာ သွားရောက်လေ့လာဆည်းပူးတာတွေရယ်၊ တခြားမလွဲမရှောင်သာတဲ့ အကြောင်းတွေရယ်ကလွဲရင် ကိုယ့်တိုင်းပြည်ကို ပစ်ပြေးတဲ့ စိတ်ဓာတ်ဆိုတော့ ဘွားဘွားအားမပေးချင်ဘူး။ ဘယ်လိုဘဲ ဆင်းရဲလို့ ကိုယ့်တိုင်းပြည်ဟာ အကျပ်အတည်းတွေ့နေတောင် ဒီတိုင်းပြည်ကိုဖက်ပြီး ဒီတိုင်းပြည်ရဲ့ ဆင်းရဲခြင်း၊ ဖွံ့ဖြိုးသာယာခြင်း မရှိတာတွေကို အနစ်နာခံပြီး ဖြည့်ရမှာပေါ့။

* * *



www.burmeseclassic.com

www.burmeseclassic.com

# ပုံစံ

ဘွားဘွားဟာ ဘဘကြီးဦးထွန်းဖေပြောတဲ့ ''အမွေ''ဆိုတဲ့ စကားနဲ့ဆက်စပ်ပြီး ပုံစံဆိုတာကိုသွားပြီး တွေးမိတယ်။

ကလေးငယ်များရဲ့ စိတ်ဓာတ်ဟာ ရေလိုပဲ ထည့်ရာခွက်ရဲ့ ပုံသဏ္ဍာန်အတိုင်း လိုက်ပြီးတည်မှာပဲနော်။ လက်ရှိအစိုးရနဲ့တကွ အစိုးရအဆက်ဆက်ရော တခြားနိုင်ငံ အစိုးရတွေကော နောင်တစ်ခေတ်မှာ ကြီးစိုးလာမယ့် သားကြီးတို့လို လူလေးများကို သူတို့ကြိုက်တဲ့ပုံစံသွင်း ကြတယ်။

ဘာဖြစ်လို့လဲဆိုတော့ လာမယ့် တစ်ခေတ် (အနာဂတ်ကို သားကြီးနဲ့ဆို ဒီစကားလုံးက ကြီးများနေမလားမသိ) သားကြီးတို့လက် ထဲမှာ လွှဲအပ်ပြီး တစ်ခေတ်ပြီးတစ်ခေတ် ကုန်ဆုံးသွားကြတာပဲ။ ဒါကို ''သမိုင်း''လို့ဆိုပြီး လူတွေက စာပေအက္ခရာတင်ပြီး ပြုစုကြတယ်။





ဘွားဘွားအခုရေးမယ့် ပုံစံဆိုတာကတော့ ကြီးကြီးကျယ်ကျယ် သိုင်းထိုးလောက်အောင် ကျမ်းကြီးတစ်စောင် မဟုတ်ပါဘူး။

ဘွားဘွားမို့လို့ စာရေးရင် သားကြီးက ဘွားဘွားရဲ့စားပွဲ နားလာပြီး 'ဖိုးဖိုး''ဖိုးဖိုး'နဲ့ ကရင်လိုခေါ်ခေါ်ပြီး ထွက်သွားတယ်။

သားကြီးရဲ့ ကြည်လင်တောက်ပနေတဲ့ မျက်လုံးလေးနှစ်လုံး ဟာ ဘွားဘွားဦးနှောက်ကို ရှင်းပြီး၊ အသည်းကိုအေးသွားတာပဲ။ ဒါကြောင့် ဘွားဘွား ပတ်ဝန်းကျင်ဟာ အပူအရှုပ်တွေ ပြဿနာတွေ ရှုပ်နေတဲ့ကြားက စာတွေရေးလို့ရတယ် ထင်ပါရဲ့နော်။

သားကြီးရဲ့ မေမေ 'မိ'ငါးနှစ်သမီးက ဘွားဘွား စာရေးတဲ့ စားပွဲဘေးမှာ သူ့အတွက် သုံးပေလောက်တဲ့ရှိတဲ့ စာကြည့်စားပွဲလေး ချပေးရတယ်။ ဘွားဘွားစာရေးရင် သူကလည်း ဒီစားပွဲလေးမှာ အကျက် ကျောင်းသင်ခန်းစာတွေလုပ်တယ်။ ပြီးတော့ ဝါသနာပါတဲ့ ပုံလေးတွေ၊ ပန်းချီကားချပ်တွေနဲ့ ကစားနေတာပဲ။

သူ့ကိုကြည့်ရင်း မိခင်တစ်ယောက်ရဲ့ ပူပန်သောကစိတ်ဟာ ဝင်လာတယ်။ ''ငါ့သမီးကြီးလာရင် ဘယ်လိုပုံစံနဲ့များ ကြီးလာမလဲ။ လိမ်လိမ်မာမာနဲ့မှ ကြီးလာပါ့မလား'' "သမီးတစ်ကောင် နွားတစ်ထောင် ဆိုတာ မြန်မာစကားပုံရှိတယ်။ အဓိပ္ပာယ်က သမီးတစ်ယောက် ထိန်းသိမ်း ရတာဟာ နွားတစ်ထောင်ထိန်းရတာလိုပဲ။ ပင်ပန်းတယ်။ တာဝန်ကြီး တယ်ဆိုပြီး နှိုင်းယှဉ်ပြတဲ့ မြန်မာစကားပုံပဲကွယ့်။ ဘွားဘွားစိတ်ထင်တော့ နွားတစ်ထောင်ထက်တောင် အထိန်းရခက်သေးတယ်။ အောက်မေ့တာပဲ။ နွားတစ်ထောင်ထဲက မထိန်းတတ်လို့ နွားငါးရာသေသွားအုံး ပိုင်ရှင်ကုန် သေးပဲရှိတယ်။

www.burmeseclassic.com



သမီးတစ်ယောက် ကြွန္ဒြေမရလို့ အထိန်းအသိမ်း မတတ်ရင် မိဘများ အရှက်ကွဲသေတဲ့အထိ စိတ်ဆင်းရဲ ကြရတယ်။ ဒါကြောင့် သားကြီးရဲ့ မေမေ 'မိ'ကိုကြည့်ပြီး 'နွားတစ်ထောင်'ဆိုတဲ့ ဝတ္ထုကို ဘွားဘွားရေးခဲ့တယ်သာ။

အခုလည်း သားကြီးကို ကြည့်ရင်း "ငါ့သားကြီး ကြီးပြင်းလာ ရင် ဘယ်လိုပုံစံများ ကြီးလာမလဲ"ဆိုတဲ့ သောကဟာ ဘွားဘွားရင်ထဲ ဝင်လာပြန်ရော။ ကလေးတစ်ယောက်ကို သွင်းတဲ့ပုံစံဆိုတာ အစိုးရတစ် ဦးထဲက လုပ်လို့ရတာမဟုတ်ဘဲ ကျောင်းတွေကရော မိဘတွေကပါ ဝိုင်းကူမှဖြစ်တဲ့ကိစ္စပဲ။

အနီးစပ်ဆုံးက မိဘနဲ့အတူ နေတဲ့အိမ်သားပတ်ဝန်းကျင်က လိုက်ပြီး ကလေးများ အကျင့်စာရိတ္တဟာ ပြောင်းလဲသွားရတာကိုး။

ဒါကြောင့် ဘွားဘွားတို့ ငယ်ငယ်က သင်လာရတဲ့ လော နီတိကျမ်းမှာ...

"မြေကြီးကောင်း၊ မကောင်းကို မြေပေါ်မှာပေါက်တဲ့ မြေ မြက်ညှိုးမညှိုးကို ကြည့်ခြင်းအားဖြင့် သိရသတဲ့"

"ရေရဲ့အတိမ်အနက်ကိုတော့ ကြာရိုးကို မြင်တာနဲ့သိရသတဲ့"

"ပညာရှိ မရှိကိုတော့၊ နှုတ်ထွက်စကားကို ကြည့်ခြင်းအား ဖြင့် သိအပ်၏တဲ့"

"လူသားရဲ့ ဆွေစဉ်မျိုးဆက်၊ မြင့်မြတ်သလား၊ မမြင့်မြ သလားဆိုတာ သူ့ရဲ့ကိုယ်အမူအရာ၊ နှုတ်အမူအရာကို ကြည့်ခြင်းအား ဖြင့် သိရတယ်တဲ့"





ဒီနေရာ ခြွင်းချက်ကလေး ရေးပါရစေအုံး သားရယ်။ အမျိုး မြတ်မမြတ်ဆိုတာ ပုဏ္ဏားသူဌေးသူကြွယ်ဆိုတဲ့ ဂုဏ်တို့၊ ပိုက်ဆံတို့ အလိုက် အမျိုးအတန်းအစားကို ခွဲခြားပြီး နီတိဆရာကဆိုတာ မဟုတ် ဘူးသား။ "စိတ်ဓာတ်မြင့်မြတ်သော အမျိုးဟုတ်၊ မဟုတ်" လို့ဆိုလို ခြင်းပါ။

ဘွားဘွား သောကအပူကို ဆက်ရေးရအုံးမယ်။ ပုလွန်းလို့ အစ်သက်လုံး ထိုင်ကြည့်မယ်ဆိုလို့ ရတာမှမဟုတ်ဘဲ။ သခါရ (ပြောင်း လဲတတ်တဲ့သဘောဟာ လောကမှာအမြဲကြီးစိုးနေတော့ ဒီစာဒီလိုရေး နေချိန်မှာသာ မင်းရဲ့ဘွားဘွား "ခင်နှင်းယု"ဆိုတာက ရှိနေတာကိုး။ နောက်တစ်ချိန်၊ နောက်တစ်နေ့မှာ မင်းရဲ့ဘွားဘွား ကံကြမ္မာက ဘယ် လိုဖြစ်လာမယ်မှမသိဘဲ။)

ဘွားဘွားကတော့ ရှည်ရှည်ဝေးဝေး မပူပါဘူး။

"အင်း...ငါ့သားကြီးဟာ ဒီစာမျက်နှာ ရေးနေချိန်မှာ တစ် နှစ်ခြောက်လ ရှိလာပြီ။ သူ့ဘဘ ဦးပုံစံကြီးကတော့ (ခေတ်စကားနဲ့ ဆိုရင် 'စံ'ပဲပေါ့)လို့ ဆိုရမယ့် လူစားမျိုးကိုကွယ့်။ သူက ဗိုလ်သင်တန်း က ဗိုလ်လောင်းကျောင်းသားတွေနဲ့ သူ့ရဲ့ဘော်တွေကို မောင်းနည်းမျိုး သော့ကျင့်ပေးနည်းမျိုး) အိမ်သားတွေကို မောင်းတာ။ ဘွားဘွားရေးတာ ကို ဆယ့်ရင် ပုံကြီးချဲ့တယ်ထင်ရင် သားကြီးလာတော့ သားရဲ့ဘဘကြီး ကိုမောင်းတဲ့ ရဲဘော်ကိုတင်အောင်ဆိုတာကို မေးကြည့်၊ ကားမောင်း ရင်းမှာ စစ်အရာရှိများရဲ့ လက်စွဲရဲဘော်များဟာ အိမ်တစ်အိမ်ရဲ့ အတွင်း အပြင်ကို အကုန်သိတာပဲ။ သူလည်း သားကြီးကို အင်မတန်ချစ်ရှာ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ တော်ရုံတန်ရုံ အိမ်သားတွေဆို မင်းဘာဘကြီးခြေကို ဘယ်မိပါ လိမ့်မလဲ။

မိုးလင်းတာနဲ့ တစ်ပြိုင်နက် သူ့လက်ကနာရီကိုကြည့်ပြီး "ဟော့ (Timing)ကိုက်ရမယ်။ (Timing) ကိုက်ရမယ်။ (အချိန်ကိုက်ရမယ်။ အချိန်ကိုက်ရမယ်) အားလုံးဟာ အချိန်နဲ့အံကိုက်ဖြစ်ရမယ်" ပြေါ့သား ရယ်။

ခုခေတ်အလုပ်သမားတွေနဲ့ သူ့စိတ်ဓာတ်နဲ့ အံကိုက်နေဖို့၊ အဆင်ပြေနေဖို့ လိုက်လံဖန်တီးရတဲ့ ဘွားဘွားဟာ မနက် (၄)နာရီက ထပြီး စံနှုန်းပြည့် သူကြိုက်တဲ့ အံကိုက်ဖြစ်အောင် သူနဲ့အိမ်သားကြား အိမ်ဖော်တွေကြားမှာ လိုတာကို လိုက်ဖြည့်ရတာ ည(၆)နာရီလည်း ထိုးရော။ ဘွားဘွားလည်း အိပ်ရာပေါ်ပစ်လဲရော။

ကိုယ့်ဟာကိုယ်တော့ အနေသာကြီးပေါ့။ ဒါပေမယ့် ဘွားဘွား စိတ်က အိပ်ရာက နိုးလာရင် ဘွားဘွားမျက်နှာလည်း ပြုံးထားတယ်။ အိမ်ဖော်တွေလည်း ပြုံးနေစေချင်တယ်။ ပြောတဲ့စကားသံက အစ အေး အေးမြမြ ချိုချိုသာသာ ဖြစ်စေချင်တယ်။ မျက်နှာရှစ်ခေါက်ချိုးများ အိပ်ရာက ထ,ထချင်းမြင်ရရင် ရင်ထဲဆို့ဆို့သွားတာပဲ။

ဒါကြောင့် သားကြီးကိုကြည့်ရင်း...

ပထမ။ ။ "ခြော်... သူ့မြေးဦးဖြစ်တဲ့ ဖိုးကျော်ဝင်းကို မြန်မာ့တပ်မတော် (ကြည်း) တပ်သား တစ်ယောက်ဖြစ်နေလေတော့ သူကြိုက်တဲ့ စစ်ပုံစံကိုများ သွင်းလေမလား။ သူ့မြေးကရော သူသွင်းတဲ့ ပုံစံလိုက်ပါ့မလား" လို့ စဉ်းစားမိတယ်။ ခုထိတော့ နာနီတံမြက်စည်း





ဆဲ့ရင် သားကြီးဖို့ တံမြက်စည်းအသစ်တစ်ချောင်း သပ်သပ်ဝယ်ပေးရ တယ်။ နာနီနောက်ကနေ လိုက်လှဲတာပဲ။

ဓားလည်း အတုတစ်ချောင်းပေးထားရတယ်။ ရှေ့က မာလီ က မြက်ခုတ်ရင် သားကြီးကနောက်က လိုက်မြက်ခုတ်တာပဲ။

ခြတွေ စားလို့ အိမ်ကြမ်းတွေ ပြင်နေပြန်တော့လည်း လက် သမားတွေ ရွှေပေါ်ထိုးနေပြီလားဆို သံအသွားတပ်မထားတဲ့ ရွှေပေါ် အတုကို သားကြီးလက်ထဲ ထည့်ပေးထားရတယ်။ ကြမ်းပေါ်မှာ ရွှေပေါ်စာ ထိုးတာ ချွေးများကို ပြိုက်ပြိုက်ကျလို့။ တစ်ခါတလေ သားကြီးနာနီ နဲ့ အခန်းတစ်ခန်းပေးထားပြီး တံခါးပိတ်ထားရတယ်။ အဲဒီအခါမှာလည်း ဒုထုသံ၊ တုတ်ရိုက်သံဟာ အခန်းထဲမှာ ကျွက်ကျွက်ညံနေတာပဲ။ အချိန် တန်လို့ အခန်းထဲမှ လွှတ်လိုက်တာနဲ့ တစ်ပြိုင်နက် ဖောင်းကလွှတ် ထိုက်တဲ့မြင်းလား အောက်မေ့ရတယ်။ သားဟာ ခြံထဲကို တစ်ဟုန်ထိုး ပြေးဆင်းသွားတာပဲ။ ဘွားဘွားဖြင့် နေ့တိုင်းပဲ နာနီတယ်ရီကို ပြောရ တယ်..."

"မနက်မိုးလင်းလင်းချင်း ဗိုက်ပြည့်အောင် ထမင်းနဲ့ကြိုက်တာ တစ်ခုခု စားထားပါကွယ်။ ဒီကောင်ကြီးနောက် မင်းလိုက်ရတာ မသက် သာဘူးလို့ပြောရတယ်"

တစ်ခါတလေတော့ မင်းတို့မြေးအဘိုး ပြေးတာလွှားတာ ကြည့်ပြီး ဘွားဘွားခေါင်းမူးလို့ ကိုယ့်အခန်းတံခါးပိတ်ပြီး တင်း အောက်တည်းနေရတယ်။

အခုတော့ဖြင့် သူကြိုက်တဲ့ ပုံစံအတိုင်း သားကြီးဟာ လျင်မြန်



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်လတ် သွက်လက်လွန်းလို့ သူတောင် တစ်ခါတလေ နောက်က လိုက်ပြီး ဖတ်ဖတ်မောနေတာပဲ။ ကြီးတော့သာ ဘယ်လိုပုံ ပြောင်းသွားမလဲ မသိဘူးပေါ့လေ။ (ဒါက သားကြီးရဲ့ ဘဘဦးပုံစံရဲ့ သွင်းလိုသော ပုံစံပေါ့)

ဒုတိယ။ ။ သားကြီးရဲ့ဖေဖေ ထွန်းအောင်ကျော်က မြန်မာ လေတပ်မတော်မှာ ဗိုလ်ကြီးတစ်ယောက်၊ သူကလည်း အခုနေအခါသာ သားရဲ့မေမေ ပညာသင်ဆဲမို့ သူ့ဇနီးနဲ့သားကို ဘွားဘွားတို့လက်ထဲ အပ်ထားတာကို။ 'မိ'သာ ဒီဂရီရလျှင် သူတို့လည်း တစ်အိုးတစ်အိမ်နဲ့ ထူထောင်နေကြမှာပေါ့။ ဒီအချိန်ကျတော့လည်း "ငါ့သားကို ငါဘယ်လို ပုံနဲ့ မွေးမယ်ဆိုတဲ့ အစီအစဉ် (Planning)က ရှိပြီးဖြစ်မှာပေါ့။ သူ့လို ပဲ ကောင်းကင်မှာ လေယာဉ်ပျံနဲ့ ပျံဝဲနေတဲ့ လေသူရဲဖြစ်စေလိုတဲ့ ဆန္ဒရှိချင်လည်းရှိမှာပေါ့နော်။

တတိယ။ ။ သားကြီးရဲ့မေမေ " မိ"၊ သူကလဲ ဘဝအကျိုး ပေးက မနှောင့်ယှက်ရင်တော့ သုံးနှစ်အတွင်း ဆရာဝန်ဖြစ်လာအုံးမှာ ကို။ ဒီတော့လည်း သူ့စိတ်ထဲမှာ "ငါ့သားဟာ ငါ့လိုပဲ၊ ဆေးပညာ (သို့မဟုတ်) သိပ္ပံပညာမှာ ထူးချွန်တဲ့သားကြီးဖြစ်လာရမယ်" ဆိုတဲ့ အစီအစဉ်က ရှိချင်ရှိအုံးမယ်သားရဲ့။ သူကလည်း တစ်ဦးတည်းသော သမီး မိန်းကလေးသာဆိုတယ်။ သူ့ဖေဖေ ဦးပုံစံသွင်းထားတဲ့ ပုံစံကလဲ နေတော့ အသားရောင်ဖြူတာမည်းတာကလွဲလို့ စိတ်ဓာတ်က သားအေ နှစ်ယောက်စလုံး တစ်ထပ်တည်းပဲ။ ခေါင်းမာတဲ့နေရာ၊ စကားလုံး မပြောချင်လဲ ပါးစပ်တောင် မဟာဘူး။ ပြောရင်လည်း တစ်လုံးတည်း





ပြောတယ်။ စကားလုံးက ပြောင်သလား၊ မပြောင်သလား၊ ပြတ်သား သလား၊ မပြတ်သားသလား ဆိုတာကတော့ ဘွားဘွားနှိုင်းယှဉ်ပြရရင် "သူတို့ရဲ့ စကားလုံးမှာ အပုန်အရှိန်သာရှိရင်" ကြားရသူတစ်ဖက်သား မော်တာနဲ့ရင်ဝ ပစ်လိုက်သလား အောက်မေ့ရတယ်။ ဒီလောက်ပါပဲ။ ပြောရင် သားကြီးလာတဲ့အခါ သားကြီးရဲ့ဖေဖေကို မေးကြည့်။

တစ်ခါက သားကြီးဖေဖေက ဘွားဘွားကိုတိုင်တယ်။ "မိဟာ သိပ်ပြတ်သားပြီး ခေါင်းမာတာပဲ။ စာဖတ်ခန်းထဲရောက်သွားရင် တစ်ခါ တည်း သားကြီးကိုရော၊ ကျွန်တော့်ကိုရော မေ့သွားတာပဲ" တဲ့။

ဘွားဘွားကပြုံးမိတယ် သား။ " အစကမောင်ရင့်ကို တောင်း ခဲ့ တယ်မဟုတ်လား၊ ဆရာဝန်ဖြစ်မှ လက်ထပ်ပါ။ ပြတ်သားတဲ့စိတ်မရှိ ရင်တော့ မောင်ရင်တို့ သားကြီးတို့ကို စွဲလန်းနေရင် စာဘယ်လိုကျက်ပြီး စာမေးပွဲ ဘယ်မှာအောင်ပါ့မလဲ။ ပြီးတော့လည်း ဆရာဝန်တစ်ယောက် ဖြစ်လာရင် ပြတ်သားတိကျတဲ့ အဆုံးအဖြတ်၊ အပြုအမူကို နာရီပိုင်း မိနစ်ပိုင်းအတွင်း မပေးနိုင်ရင် တစ်နေ့တစ်နေ့ လူနာပေါင်းများစွာနဲ့ တွေ့ဆုံနေရတဲ့ ဆရာဝန်တစ်ယောက်အဖို့ မခက်ပါလားလို့" အဖြေပေး ခဲ့တယ်။

အင်း... မင်းရဲ့မေမေ မိကလည်း သူ့လိုနားကျပ်လည်မှာ သူ့လို ဆေးထိုးအပ်ကိုင်တဲ့ ဆရာဝန်တစ်ယောက်ပဲ ဖြစ်စေချင်လေမလား မသိ။

ဪ... ငါ့မြေးကြီး သေနတ်ကိုပဲကိုင်လေမလား၊ လေယာဉ်



www.burmeseclassic.com

www.burmeseclassic.com



ပျံ့ပဲ မောင်းလေမလား၊ ဆေးထိုးအပ်ကိုပဲ ကိုင်လေမလား၊ သူတို့သုံးယောက်အလယ်မှာ သားကြီးဘယ်ပုံစံနဲ့များ ကြီးလာပါလိမ့်မလဲ။

''ဘွားဘွားကရော ကျွန်တော့်ကို ဘွားဘွားလို ကလောင်တံကိုင်ပြီး စာပေအနုပညာကို လိုက်စားတဲ့ သားကြီးတစ်ယောက် ဖြစ်လာအောင် ပုံစံသွင်းမပေးချင်ဘူးလား''လို့ မေးစရာရှိတယ်။

ဘွားဘွား ဖြေမယ်သား...

''သားကြီးဝါသနာပါလို့ အထုံပါရမီရှိလာလို့ ဖြစ်ခါမှဖြစ်လာရော ဘွားဘွားပုံစံမသွင်းတတ်ဘူးသားရယ်''လို့ ဘွားဘွားဖြေရမယ်။ မှန်တယ်အဆုံးစွန်စကားနဲ့ရေးရင် ကျောင်းမှာ စာသင်ရတဲ့ ဆရာတစ်ယောက်ဟာ တပည့်ကို စာတတ်အောင်တင်မက ကောင်းသောတပည့်များဖြစ်အောင် ပုံစံသွင်းတတ်ရတယ်။ ဘွားဘွားမှာ အဲဒီပညာမတတ်လေတော့ ဒီဂရီတွေသာ ယူထားတယ် ဆရာမဖြစ်ဘူး။ သားကြီးရဲ့ဘွားလေးငယ် ခေါ်နုနုကသာ တက္ကသိုလ်မှာ ဆရာမတစ်ယောက်ဖြစ်နေတယ်။

''ဟင် . . . ဒီလိုဖြင့်ရင် ဘွားဘွားရဲ့ အိမ်ထောင်စုကြီးကို ဘွားဘွား ဘယ်လိုအုပ်ချုပ်ပြီး ကျွန်တော့် မေမေ 'မိ'ကိုရော ဘွားဘွား ဘယ်လို ထိန်းသိမ်းလာခဲ့သလဲလို့ သားကြီးက ပြန်မေးစရာရှိတယ်''

ဘွားဘွားက ရိုးရိုးသားသားပဲ ပြန်ဖြေရအုံးမယ်။

''သားကြီးရဲ့ မေမေ 'မိ'ကိုဖြင့် ဘွားဘွားပုံစံလည်း မသွင်းပါ ထိန်းလည်းမထိန်းပါဘူး''လို့ အဖြေပေးရမယ်။ 'မိ'ငယ်ငယ်က 'မိ'ကို





စနစ်တကျ မွေးပေးတာ ဘယ်သူလဲဆိုရင် ဘွားဘွားရဲ့အစ်မကြီး ခေါ်တင်ဦးပဲ။ ဘွားဘွားက လွယ်အိတ်တစ်လုံး လွယ်ပြီး ရုံးတက်၊ ရုံးအပြန် ကျောင်းတက်။ ဘွားဘွား တက်ရတဲ့ရုံးက ဦးစိတ်မြန် (ဦးနု)ကြီး အုပ်ချုပ်တဲ့ရုံး။ သူကလည်း နာမည်ကသာ ဦးနု။ ပုံစံကိုက်၊ အချိန်ကိုက် စိတ်မြန်လက်မြန် လူတစ်ယောက်။ ဘွားဘွားတို့ ရုံးအဖွဲ့ဝင်တွေဟာ တနင်္ဂနွေနေ့ကလွဲလို့ ဂေဇက်ဝင်ရုံးပိတ်ရက်များဆိုတာ ဘယ်ရက်တွေလဲလို့ မသိခဲ့ဘူး။ ရုံးချိန်ကလည်း နံနက်ဆယ်နာရီကနေ ညနေ ငါးနာရီထိုးသာ သတ်မှတ်ထားတယ် သူခေါ်ချင်တဲ့အချိန် လှမ်းခေါ်ရင် မိုးမလင်းသေးဘူး ထပြေးရတယ်။ ညနေရုံးဆင်းချိန်ဆိုတာကတော့ မှန်တယ်ကို မရှိဘူး။ ကရင်သောင်းကျန်းသူများ ရန်ကုန်ကို ဝိုင်းထားစဉ်ကဆိုရင် ဘွားဘွား ညဉ့် ၁၂ နာရီအထိ တခြားရုံးသားများနဲ့အတူ အလှည့်ကျ တာဝန်ယူ ရုံးတက်ရတယ်။

အိမ်ပြန်ရောက်တော့ မင်းဘဘ ဦးပုံစံက လာပြန်ရော ''ဟော့ ထမင်းမြန်မြန်စား၊ ဆရာချက်ပ်မင်း ရောက်နေတယ်''ဆိုတော့ စာသင်ခန်းကို ပြေးရတယ်။ ဘွားဘွားက အလုပ်တစ်ဖက်နဲ့ (အိုင်အေ) ဥပစာတန်း ဖြေနေတော့ အင်္ဂလိပ်စာတစ်ဘာသာကို စိန်ပေါလ်က အင်္ဂလိပ်စာဆရာ မစ္စတာချက်ပ်မင်းနဲ့ သင်ရတယ်။

စာလည်းသင်ပြီးရော ဘွားဘွားလဲ ထမင်းတောင် မကြည့်ချင်ဘူး။ အိပ်ရာထဲ ပစ်ကွေးနေမိတယ်။ တစ်ခါတလေများ သမီးကြီးမိကို သူ့ဒေါ်ကြီးနဲ့အတူ အိပ်နေတဲ့အိပ်ရာထဲသွားပြီး နဖူးလေးကို ငုံ့ကြည့်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားရဲ့ မမက 'မိ'ကို ငယ်ငယ်ကတည်းက ကျူရှင်လည်း မပေးရဘူး။ လိုမယ်ထင်တဲ့ဘာသာမှာ သူကိုယ်တိုင်ပြတယ်။ "ကျူရှင်ပေးခြင်းဟာ ငယ်ရွယ်တဲ့ကလေးကို ဦးနှောက် ပန်းရုံမက ကိုယ့်ကိုယ်ကိုယ် အားကိုးစိတ်နည်းပါးစေတယ်တဲ့" 'မိ'ဟာ မက်ထရစ်သာ အောင်သွားရော ကျူရှင်မပေးခဲ့ဘူး။'

သူ့ဒေါ်ကြီး ဒေါ်တင်ဦးကွယ်လွန်သွားတော့ ဆက်လက်ပုံသွင်းသူကဖြင့် မင်းရဲ့ဘဘ ဦးပုံစံကြီးပဲ။ တစ်ခါက သားကြီးရဲ့ ဘဘက ပြောတယ်။

"မတင်ဦးဟာ အထက်တန်းပညာကို မသင်ရပေမယ့် 'မိ'ကို အုပ်ထိန်းတဲ့စနစ်ကတော့ဖြင့် စနစ်တကျပဲတဲ့" သူလည်း ကွယ်လွန်ခါမှ မမရဲ့အရည်အချင်းကို အကဲဖြတ်မိတယ် ထင်ပါရဲ့ကွယ်။

ဘွားဘွားဟာ အုပ်ချုပ်ကွပ်ကဲမှုမှာ ညံ့ဖျင်းတယ်ဆိုရမယ်။ တစ်နည်း စိတ္တဗေဒခေါ်တဲ့ စိတ်ပညာနဲ့ ဘွားဘွားကိုယ်ကို ဘွားဘွား လေ့လာကြည့်တယ်။ စိတ္တဗေဒကို ဘွားဘွား တက္ကသိုလ်မှာတုန်းက မသင်ကြားခဲ့ပါ ဘူး။တတ်သလောက် မှတ်သလောက် ကိုယ့်ကိုယ်ကိုယ် စိစစ်ကြည့်တော့ ဘွားဘွား ပထမဆုံးအလုပ်လုပ်ရတာ ဘကြီးနု (ဦးနု)ရဲ့ ဝန်ကြီးချုပ်ရုံး သူတိုက်ရိုက်အုပ်ချုပ်တဲ့အတွင်းရေး အတွင်းဝန်အဖြစ် လုပ်ရတယ်။ သူကလဲ စိတ်မြန်ကိုယ်မြန် ခေါင်းမာတာပဲ။

"သူ့အရေးတကြီး ခေါ်ယူလိုက်တဲ့အခါမှာ ငါအဆင်သင့်ဖြစ်နေရမယ်ဆိုတဲ့" စိတ်စောနေမှုဟာ အောက်လက်ငယ်သားတစ်ယောက် အဖို့ မသက်သာဘူး သားကြီး။





တစ်ခါတလေ သူဘာပြောတတ်လဲဆိုတော့ "မိခင်ယု ငါနဲ့ အတူနေစဉ်(Training)ကိုရအောင်ယူစမ်းပါ။ တောင်ထိပ်တစ်ခုကို မှန်းပါးဆယ် အတွင်းရောက်အောင် တက်ရမယ်ဆိုရင် တက်ရမှာ ဘာဝန်ပဲတဲ့။ ဘယ်လိုတက်ရမလဲ၊ ဘယ်နည်းလမ်း ၊လိုအပ်တဲ့ပစ္စည်း ကိရိယာတန်ဆာပလာ၊(ဖက်စီလတီ)ဆိုတာတွေကို ငါ့ဆီပြန်လည် အောင်းဆိုနေဖို့ မလိုဘူးတဲ့ ... ။

ကဲ... သူကလည်း ပုံစံတစ်မျိုးပဲကွယ့်။

အတူနေရသူ ဘွားဘွားရဲ့ ဖေဖေဆိုပြန်တော့ သူကလဲ "ဦး ချိန်မှန်" မင်းဘိုးဘိုးကြီး အချိန်မှန်အကြောင်းကတော့ ဘွားဘွား "ဆေ" ဝတ္ထုမှာ ရေးခဲ့ပြီးမို့ သားကြီး စာဖတ်တတ်လာရင် ဖတ်ကြည့် လေတော့။

လက်ထပ်ထားရတဲ့ ဘွားဘွားရဲ့ခင်ပွန်းသည်မင်းဘဘကတော့ "ဦးပုံ"ပဲ၊ သူ့အကြောင်းကိုတော့သားကြီး တဖြည်းဖြည်း သိလာမှာပေါ့။ ဘွားဘွားကတော့ "ကျွန်မ၏ ချစ်သူ" စာအုပ်မှာရေးနေဆဲပဲ။

အဲဒီ လူတွေကြားမှာ ကြီးပြင်းလာရတဲ့ ဘွားဘွားဟာ အမြဲပဲ (Attention) (သတိ)ဆိုတဲ့ အနေအထားမှာရပ်တည်နေရတယ်။ ကြာ တော့ အဲဒီပတ်ဝန်းကျင်ကို ဘွားဘွား သိပ်ငြီးငွေ့တယ်။ စက်ဆုပ်တယ်။ ချိန်ကာတစ်ခုလိုပဲ ဆွဲဖြုံသို့ရရင် ဆွဲဖြဲခုတ်တောက်ပစ် လိုက်ချင် တယ်။

ဒီတော့ ဘွားဘွားဟာ အိမ်ရှင်မဆိုတဲ့ နေရာတစ်ခုကိုယူပြီး ချုပ်လာတော့ ကိုယ်ချင်းစာသနားပြီး သားသမီးကအအ ခိုင်းစေတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူအထိ ဘယ်သူ့ကိုမှ (သတိဆိုတဲ့အနေအထား)မှာ မနေစေချင်ဘူး မကောင်းတတ်လွန်းလို့သာ ဖြစ်များဖြစ်နိုင်ရင် "မင်းတို့လည်း ငါ့အိမ်ကြီးမှာ ယင်သလိုနေ ငါလဲ ငါ့ကလောင် တစ်ချောင်းနဲ့ ဖြစ်သလိုနေမယ် မနက်တစ်နပ် ညတစ်နပ်သာ ထမင်းကျွေးကြပါတော့ကွယ်လို့" ပြော လာတဲ့အဖြစ်တောင် ရောက်လာမိတယ် သားကြီးရယ်။

တကယ်တော့ အတွေးပါလေ၊ဘယ်ဖြစ်နိုင်ပါ့မလဲ သားကြီး ရယ်နော်။ အိမ်ရှင်မ တစ်ယောက်က အဲဒီလိုသာလုပ်လိုက်ရင် သူ့ အိမ်ကြီးရဲ့ အခြေခံစည်းရုံးမှုဟာ ဖရိုဖရဲ ဖြစ်သွားမှာပေါ့။

အဲဒီတော့ ဘွားဘွားက နှစ်ဘဝနေရတယ်။ တစ်ဘဝ အိမ်ရှင်မကြီးပေါ့လေ။ တစ်ဘဝက ကိုယ့်ကလောင်နဲ့ဖြစ်ဖြစ် အားထု ထားတဲ့ ဝိပဿနာတရားနဲ့ဖြစ်ဖြစ် သူတို့ အရှုပ်အထွေးတွေကိုစွန့် အေးချမ်းရာမှာ ကိုယ့်စိတ်ကို နားနေရတယ်။ ဒါကြောင့် မင်းဘွားဘွား ပိန်ညှောင်လေးဟာ အသက် ဖုတ်လှိုက် ဖုတ်လှိုက်ရှူပြီး အသက်ရှင် သေးတာပဲကွယ့်။

ဒါတောင် တချို့တချို့ အိမ်သားများက "ဘွားဘွားဟာ အုပ်ချု ကွပ်ကဲမှုညံ့ဖျင်းသည့်အတွက် အိမ်စေအလုပ်သမားများဟာ ရောင့်တ ပြီး စည်းကမ်းပျက်တယ်တဲ့။ ဒီလိုဖြစ်ခြင်းသည် ဘွားဘွားတစ်တရား တဲ့။

ဘွားဘွားက ရယ်တာပေါ့။

"ဒီလိုဆိုရင် ဝမ်းမြောက်စွာနဲ့ အိမ်ရှင်မတာဝန်ကို လွှဲအ ပေးပါ့မယ်။ အချိန်မရွေးပါပဲ" လို့ ပြန်ဖြေလိုက်တယ်။





ဘွားဘွားကို သူတို့က ဘယ်လိုများ အဓိပ္ပာယ်အကောက် ယူများနေလည်းမသိပါဘူးကွယ်။

ဒါကြောင့် အလွန်ချစ်လှပါတယ်ဆိုတဲ့ သားကြီးကိုတောင် ဘယ်လိုပုံစံဖြစ်ရမယ်။ ဘွားဘွားလို ကလောင်တံကိုင်ပါ။ ဘာဖြစ်အောင် လုပ်ပါ။ ညာဖြစ်အောင်လုပ်ပါ။ ဘာမှမပြောချင်တော့ဘူး။

သားကြီး ဝါသနာပါလို့ တူကိုင်ကိုင်၊ တံဇဉ်ကိုင်ကိုင်၊ စူးကိုင် ကိုင် ဆောက်ကိုင်ကိုင်၊ ကလောင်တံ စုတ်တံတွေ ကိုင်ချင်သေးသပ့် လည်းကိုင်ပဲ။

တစ်လောကလုံးကို ကျွန်တော့် ဂီတသံတွေနဲ့ ဖြိုးဖြိုးဝေပြီး ရွှင်လန်းစေချင်သူပါဗျာ" ဆိုတဲ့ အယူအဆနဲ့ ဂီတ အနုပညာရှင် ဖြစ်ချင်လဲ သားကြီးသဘောပဲ။

တချို့ကလဲ ပြောကြသကွယ့်၊အိုးထိန်းသည်ဟာ လက်ခတ်နဲ့ ကြိုက်သလို အချောသပ်ပြီး သူ့အိုးကို ပြုပြင်မွမ်းမံတယ်တဲ့။

ပန်းပုဆရာဟာလဲ စူးဆောက် အစရှိတဲ့ ကိရိယာများနဲ့ ဆင်စွယ်၊ သစ်သား၊ ကျောက်သား စသည်ကိုထုလုပ်ပြီး မိမိကြိုက်တဲ့ ရုပ်ကို သွန်းလုပ်တယ်ပေါ့။

ဘွားဘွားက သူ့တို့ကို မဆန့်ကျင်လိုပါဘူး။ မှန်ပါတယ်။ သို့သော်....

ရွှံ့များ၊ သစ်သား၊ ကျောက်သား၊ ဆင်စွယ် အစရှိသည်တို့ဟာ ခွဲခြမ်းကြည့်ရင် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဆိုတဲ့ အစုအဝေး သာဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



လူသားဆိုတာက ဟိုဝတ္ထုပစ္စည်းတွေလို ပထဝီ၊ ဓာတ
အာပေါ၊ ဝါယောဆိုတဲ့ ဓာတ်ပေါင်းစုနဲ့တကွ သူ့မှာ ကံ၊ စိတ်၊ ဥတု
အာဟာရဆိုတဲ့ အကြောင်းတရားလေးပါးဟာ မွေးကတည်းက ပါလာ
တာ။

ဒီလိုဆို ဘွားဘွားက မြေဦးမို့ ချစ်တယ်လဲဆိုသေးရဲ့ သူတို့ကို
ပုံစံနဲ့ပေတံနဲ့လူကို ပုံမသွင်းချင်နေပါ။ ဘာတစ်ခုမှ မဆုံးမတော့ဘူးလား
ကျွန်တော့်ကို မထိန်းသိမ်းတော့ဘူးလား''လို့ မေးစရာရှိတယ်။

ဘွားဘွားဟာ ''အချစ်ကို ဆိုင်သာဆိုင် အပိုင်ရခဲ့တဲ့မိန်း
မဟုတ်ပါဘူး။ ဒီစကားကတော့ လူကလေးတို့ နားလည်မှဲ့စကား
မဟုတ်ပါဘူး။ တဖြည်းဖြည်း လူပျိုရွယ်ဖြစ်လာပြီး ကြီးလာရင် သိမှာ
ပေါ့လေ။

မကြာခင်ပဲ သူတို့ အတောင်အလက်စုံလာရင် ဘွားဘွား
ချစ်ပါတယ်ဆိုတဲ့ သားကြီးကိုသားရဲ့ ဖေဖေနဲ့ မေမေတို့က ဘွားဘွား
ရင်ခွင်ကဆွဲထုတ်ပြီး အဝေးကိုခေါ်သွားကြမှာပါ။

ဘဘကြီး ဦးပုံစံကလဲ သာရဲ့ ဘွားဘွားကို ရဲဘော်တစ်ယောက်
အလုပ်သမား တစ်ယောက်ကို ချစ်နည်းမျိုး ချစ်နေတာပါ။ (ဘွားဘွား
အထင်လွဲရင်လဲ ဘွားဘွားငရဲကြီးမှာပဲ)

ဒီတော့ ''အချစ်ငတ်ရတဲ့သူ'' ဘွားဘွားမှာတော့ အချစ်ငတ်
မကြီး၊ အချစ်ရူးမကြီး မဖြစ်ရအောင်(ဝါ) အကြွင်လိုချင်သောအကြောင်း
တရားတို့သည်ရှိ၏။ ထိုလိုချင်သောဆန္ဒတို့ကို တောင့်တရခြင်းသည်





ဦး ခုကွဲပဲတဲ့။ မေ့မကြာတရားတော်အရ လိုချင်တာမရသော ဆင်းရဲ
ခံစားနေရတဲ့မိန်းမကြီးမဖြစ်အောင် အချစ်ကို ဘွားဘွားကပဲစပြီး
နေပြီဆိုတာကိုတော့ သားကြီးကို ဝမ်းနည်းကြေကွဲစွာနဲ့ပဲ ပြောပါ
သားကြီး။

သားကြီးကို ပုံစံမသွင်းလိုသော်လဲ ဘွားဘွားတစ်ယောက်
ဉ်ကဖြင့် ဘယ်လိုကြီးပြင်းလာတယ်ဆိုတာ သားကြီးကို ဘွားဘွား
ခဲ့မယ်နော်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# ဘုန်းမယ်ငယ်ကံ

ဒီလိုဘွားဘွား ပြောပြတာတွေကို သားကြီး ဖတ်ရှုပြီးတဲ့အ
မှ ဘွားဘွားရဲ့ စေတနာတွေ လူကလေးတို့ အပေါ် ဘယ်လိုရှိတယ်ဆိုတ
နားလည်လာကြလိမ့်မယ်။ အဲဒီအခါ သားကြီးတို့ ရင်ထဲမှာ အခံရှိ
ပညာရပ်တွေနဲ့ နှိုင်းချိန်ပြီး လက်ခံယူနိုင်တဲ့အပိုင်းကို လက်ခံပြီ
ပယ်ထုတ်ချင်တဲ့အပိုင်းကို ပယ်ထုတ်ပစ်လိုက်ပေါ့။ ဘွားဘွားက သားကြီ
တို့ကို အပြစ်မဆိုလိုပါဘူး။

သားကြီးမှာဘဘရယ်၊ ဖေဖေရယ်၊ မေမေရယ်ရှိပြီးသား၊သူတို
ကြိုက်ရာသွင်းတဲ့ ပုံစံမှာ သားကြီးတည်ရမှာပေါ့။ သူများသွင်းချင်တဲ့ပုံ
ကို ဘယ်တော့မှ ဘွားဘွားမဖျက်လိုပါဘူး။ အဖြည့်ခံသဘောနဲ့ အဝေး
ပဲ ကြည့်ချင်တဲ့စိတ် ရှိပါတယ်သားကြီးရယ်။





ဒါကြောင့်လဲ ဘွားဘွား 'က' လာတဲ့ဇာတ်လမ်းမှာ အဝေးကနေ
လိုအပ်မယ်ထင်ရင် အဝေးကပဲ ဖြည့်စွက်ခဲ့တယ်။ ပဝါကိုစုံချလို့
ာကဇာတ်သဘင်မှာ တစ်ပင်တိုင်မကခဲ့ပါဘူး။ အပျို တော်လို
ထွက်တောင် မထွက်ခဲ့ပါဘူး။

ဘွားဘွားသာ'က' ချင်ခဲ့ရင် အခြေအနေတွေ အလွန်ပေးခဲ့တာ

သို့သော်လဲ ကန့်လန့်ကာကြားက ဒီလောကီအတ္တုပ္ပတ် လူတို့
ဇာတ်ကိုကြည့်လာရတဲ့ ဘွားဘွားက 'ငြီးငွေ့လာပြီး မတည်ငြိမ်ပြောင်းဆန်
တဲ့ ခေတ်ကိုဖြင့် တစ်ထောင့်တစ်နေရာက ကြည့်တယ်သာဆိုရတယ်
ာယ်လဲကြည့်ရင်း ခံစားရတဲ့ ဝေဒနာတွေ ပြင်းပြလာတော့ ဘွားဘွား
ချော်တော့ဘူး။

ဘွားဘွားလိုသာ ကိုးနှံ့ကိုယ်ကိုယ်ခေါ်ပြီး သားကြီးကို ဒီစာရေး
ယ့် ဒီစာရေးချိန်ဟာ လောကီစည်းစိမ်ကို ခံစားလိုချင်သူတွေအဖို့
ွန် ငယ်သေးတာပဲ။ အနောက်နိုင်ငံအဆိုရဆိုရင် ဘဝကိုအသက်
ဆယ်မှ စကြသတဲ့။ သူတို့အဆိုအတိုင်းသာဆိုရင် ဘွားဘွားခုမှ
ာက်လေးဆယ်ကျော်ပဲ ရှိသေးတယ်။

သို့ပေတဲ့ မင်းတို့ဘဘနဲ့ ပဝါစုံချလို့ မင်းပွဲသဘင်မှာ အတူ
ည်တွဲလို့ မနွဲ့ခဲ့ပါဘူး။ တစ်ပင်တိုင် မင်းသမီးကြီးအဖြစ် တက်ကပြီး
င်ထောင်ဖို့ဆိုတာက ဝေလာဝေး။

မလွဲမရှောင်သာတဲ့ အကြောင်းကြောင်းကြောင့် ဥပမာပေါင်း
သင်းရေးပျက်ကွက်မှာစိုးလို့ ပါရတောင် မင်းသာ ဘေးနောက်ထွယ်
အသာခပ်ကွယ်ကွယ်ပဲ လိုက်ခဲ့တယ် သားကြီး။



www.burmeseclassic.com

www.burmeseclassic.com



ဒီလို နေခဲ့တာတောင်မှ ဘွားဘွားဟာ တစ်စင်တောင်ပြီး လူကလေးကို သူကြိုက်တဲ့ ပုံစံ သူသွင်းလိမ့်မယ်လို့ မလိုသူတွေက မင်းရဲ့ ဘဘနဲ့ ဖေဖေ၊ မေမေတို့ကို ဂုံးတိုက်ချောပစ်ကြသေးတယ်။

တော်ပါသေးရဲ့။ မင်းရဲ့ ဘဘနဲ့ ဖေဖေ၊ မေမေတို့က ဘွားဘွား အပေါ်အထင်မလွဲပေလို့ပေါ့။

တကယ်တော့ သားကြီး ဘွားဘွားမှာရှိတဲ့ ရင်ထဲကမေတ္တာ စေတနာတွေဟာ သူတို့နဲ့ယှဉ်ပြိုင်ရင်မပိုရင်သာနေရမယ် မလျော့ပါဘူး ဒီတော့ ထားအပ်တဲ့ မေတ္တာဟာ သားကြီးအပေါ်မှာ ဆက်လက်ပြီး ထားသွားမှာဘဲ။ မေတ္တာဆိုတဲ့ ချစ်ခြင်းကို အလွန်အဖိုးအနဂ္ဃတန် ရတနာတွေနဲ့လဲ လဲလို့မရဘူး။ သိကြားမင်းရဲ့ ဝရဇိန်လက်နက်မျိုးနဲ့ ဘွားဘွားအသည်းနှလုံးထဲက ခွဲယူလို့မရဘူးဆိုတာ သားကြီး အရွယ် ရောက်ရင်သိလာမှာဘဲ။

ဒီလောကဘုံအနှမ်းဆိုတဲ့ ဇာတ်ရုပ်မှာ ဘွားဘွားလို အေးအေး နေလိုတဲ့ လူတွေကိုတောင် ပုဒ်မအမျိုးမျိုးတတ် စွတ်စွဲပြီး ဇာတ်စင်ပေါ် တစ်နေရာကတောင် ကြည့်ခွင့်မရအောင် ထုတ်ပစ်ချင်တဲ့လူတွေ ရှိလာရတာဟာ သူတို့ကြီးပြင်းပေါက်ဖွားလာတဲ့ ဘဝပတ်ဝန်းကျင်က မသန့်လို့ပေါ့။ (ရှင်းရှင်းရေးရရင် ဘွားဘွားတို့ ခေတ်ကလဲ မသန့် ပေါ့။)

ဒီတော့တည်ငြိမ်သောခေတ် အေးဆေးငြိမ်သက်သောခေတ်မှ သဘောထားပြည့်ဝတဲ့ လူငယ်များအဖြစ် သားကြီးအပါအဝင် လူကလေး များကြီးပြင်းလာစေချင်ပါတယ်။ ဒီတိုင်းပြည်ရဲ့ မျှော်ကိုးစရာ အားထား





ဆရာဟာ ဒါပဲရှိတော့တယ် သားကြီး။ ဘွားဘွားတို့ခေတ်ရဲ့ အမွေဆိုး အကျင့်ဆိုး(သူတစ်ပါးကို တိုက်ခိုက် ကုန်းချောပြီးမှ ကိုယ့်ကုလား ထိုင်မြဲ အောင်လုပ်ချင်တဲ့လူတွေ)ရဲ့ လေ့တွေ သားကြီးတို့ရဲ့ခေါင်းထဲမှာ မကျန် ခဲ့စေချင်ဘူး။

ဒီလို စေတနာတွေထားပါလျက်နဲ့မှ သူက ဇာတ်အုပ်ဇာတ် ဆောင်လုပ်ပြီး မင်းသမီးကြီးလုပ်ချင်တဲ့သူ တစ်ဇာတ်လုံးကို သူကြိုက်တဲ့ ပုံစံသွင်းချင်တဲ့ အမျိုးသမီးဖျလို့ အစွပ်စွဲခံရရင် ဒီစွပ်စွဲမှုကိုလဲ သားကြီး ဖေဖေ၊ မေမေတို့နဲ့ ဘဘဦးပုံစံကြီးတို့က ယုံခဲ့ရင်တော့ “ဘုန်းမယ်ယယ်ကံ” လို့ဆိုပြီး ဘွားဘွားဘဝကံအကြောင်းကိုပဲ ပုံချရတော့မှာဘဲ။

ခုတော့ဖြင့် အချစ်ကိုမပိုင်လေသော ဘွားဘွားဟာ “သူတို့ ခိုင်ပြီ” ကြိုက်သလိုပုံစံသွင်းမဲ့သားကြီးကို အဝေးကကြည့်ပြီး အဖြည့်ခံ ဘဝနဲ့နေမှာပါ။

အဲ... အရေးရယ် အကြောင်းရယ် ဖြစ်လာလို့ ရှေ့ပိုင်းက ပြောခဲ့သလို တစ်အိမ်လုံး ရောဂါတွေ ကူးစက်ပြီး ဘွားဘွားအိမ်ရဲ့ တံခါးရှေ့ ရုံးကြီး ရပ်ခါနီးဆဲဆဲ ရောက်လာပြန်လို့ “မိချို ထအုံး ဘာလုပ် နေအုံး”လို့ မင်းဘဘ ဦးပုံစံကအမိန့်တော်ပြန်တော့လဲ မနက်လေးနာရီ ထနေ ဘွားဘွား ထပြီးလုပ်ရတာ ညအိပ်ချိန်ထိပဲပေါ့။ ဘယ်သူက ပြောပြီး လက်ပိုက်ကြည့်နေနိုင်မှာလဲသားရယ်။

ဘွားဘွားဟာလေ ဖြစ်ကိုဖြစ်တတ်ပါတယ်။ ပိန်ချုံးယိုင်လဲ့ ဇာတ်လွှပ်လွှပ်ကလေးဖြစ်နေပေမင့် အရေးအကြောင်းရှိလာရင်ဘာက ခွန်အားတွေလဲမသိဘူး။ ဘွားဘွား ရင်ထဲအရိုးထဲ အသည်းထဲကို ဝင်လာပါရော့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါမှာ ဘွားဘွား ဆရာနှစ်ယောက်ရဲ့ စကားကို ဘွားဘွား ကြားယောင်လာတယ်။ တစ်ယောက်ကတော့ ဆရာချက်ပ်မင်း။ သူကွယ် လွန်ရှာပြီ။ သူကရောဘင်ဆင် ကရူးဆိုးစာအုပ်ကို (Bed side book) အဖြစ်နဲ့ ဘာကြောင့် ရွေးချယ်သင့်လဲလို့ ဘွားဘွားအိုင်အေအတွက် သူ့ဆီ စာသင်တုန်းက သူပြောပြတယ်။ ရော်ဘင်ဆင်ကရူးဆိုးရဲ့ သူ့ကိုယ် သူ လေ့လာချက်ကိုပြောပြတာပါပဲ။

"ကျွန်တော်ဟာ ကျွန်းပေါ်မှာ တစ်ယောက်တည်းနေရချိန်ဟာ ဖြင့် အင်မတန်သတ္တိနည်းပြီး ကြောက်တတ်တဲ့ သူတစ်ယောက်ပါပဲ သို့သော်လည်း အခြေအနေက လိုအပ်လို့ တောင်းဆိုလာခဲ့ရင် ကျွန်တော် ဟာ ရဲရင့်တဲ့ သူရဲကောင်းကြီး ဖြစ်လာပြန်ရော" တဲ့။

အင်္ဂလိပ်လိုတော့ မရေးပြတော့ဘူးနော်။ သားကြီးစာတတ်လ တော့ ဖတ်ကြည့်။

နောက်ဆရာတစ်ယောက်ကတော့ ဆရာဇော်ဂျီ။ သူ့စကား ကတော့ ရှင်းပါတယ်။ ဘွားဘွားဖြင့် ပြဿနာတစ်ခုနဲ့ ရင်ဆိုင်ရ ရင်...

"ဘဲအုပ်က တစ်ရာနှစ်ရာ၊ မေဒါကတစ်ပင်တည်း။ အယ အကာန်ခံလို့၊ မေဒါပျံ အံကိုခဲ၊ ပန်းပန်လျက်ပဲ။

အဲဒီကဗျာကို ရွတ်ဆိုပြီး ကိုယ့်ကိုယ်ကိုယ် သိဒ္ဓိနှိုးရတာ သားကြီး။

ဘွားဘွားအရွယ်ရောက်လာတော့ အင်မတန်အနှစ်သာရ ပြ စုံပြီး မြန်မာလူကလေးများကို ကိုယ်ကျင့်တရား ပြည့်စုံနေတဲ့ မင်္ဂ





ရားတော်ထဲက တစ်ပိုဒ်ကို ရွတ်ဖတ်ရတယ်။ ဒါကတော့ ဗုဒ္ဓရှင်တော် ရား ကိုယ်တိုင်ဟောကြားခဲ့တာပါပဲ။

"ဖုဋ္ဌဿ လောက ဓမ္မေဟိ၊စိတ္တံ ယဿ နကမ္ပတိ အသောကံ ရဇံ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ။

မြန်မာလိုကတော့

လောကဓံတရားရှစ်ပါးနဲ့ တွေ့ကြုံရသော့ရဟန္တာတို့ရဲ့ စိတ်ဟာ န်မလှုပ်။ စိုးရိမ်ခြင်းမရှိ။ ရမ္မက်ဆိုတဲ့ မြူလဲမရှိ။ ဘေးလဲမရှိ သေးပါးသော တရားသည်သာလျှင် အလွန်မွန်မြတ်သော မင်္ဂလာပေပဲ။

ဘွားဘွားဖြင့် အဲဒီအပိုဒ်ကိုလဲ ဒုက္ခနဲ့ရင်ဆိုင်ရလို့ စိတ်ဓာတ်ကျ ကြုံရင် ခဏခဏရွတ်ဖတ်ရတယ်။ အဲဒီအခါသတ္တိတွေဟာ ဘွားဘွား ပြည့်လာရော။

ကဲ... သားကြီးရင်ထဲ ဒါလောက်ဆို ရှင်းရောပေါ့၊" ချစ်လှစွာ ာ မြေဦးကြီးလဲဆိုသေးရဲ့ ဘွားဘွားရဲ့ပုံစံကို သားကြီးကိုဘာလို့ င်းတာလဲ" လို့သားကြီး မေးလာခဲ့ရင် ဘွားဘွား မသွင်းတတ်လို့ပဲ မယ်။

အဖြည့်ခံဘဝနဲ့ဘဲ အဝေးကကြည့်ပါရစေတော့။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ငယ်ငယ်တုန်းက

တရံရောအခါတုန်းက အကျည်းတန်သော ဘဲလေးတစ်ကော ရှိလေရဲ့လို့ ပုံပြင်စသလို ဘွားဘွား ငယ်ငယ်ကအကြောင်းကို စရေ မယ်။

ဘွားဘွား အတ္ထုပ္ပတ္တိအစအဆုံးကို ရေးပြမှာ မဟုတ် ရေးစရာလဲမလိုဘူး။ အတ္ထုပ္ပတ္တိရေးလောက်အောင် ဘွားဘွားတစ်ခေ ဘွားဘွားဟာ ထူးချွန်တဲ့ မိန်းမတစ်ယောက်မဟုတ်ဘူး။ ဒါကြေ ငယ်ငယ်က ကြီးပြင်းလာခဲ့ရပုံကိုသာ (ပထမအရွယ်)ကိုသာ ရည် ချက်တစ်ခုလို့ ဘွားဘွားရေးပြမှာ။

ဘွားဘွားတို့မောင်နှမခုနှစ်ယောက် မွေးတဲ့အထဲမှာ ဘွား ဟာ လည်ကုပ်တိုတိုမွဲညိုညို့နဲ့ အကျည်းတန်သော မိန်းကလေ တစ်ယောက်ပါပဲ။ ဘွားဘွားမှာ အစ်ကိုသုံးယောက် အစ်မကြီး ယောက်နဲ့ ညီမလေးနှစ်ယောက်ရှိတယ်။





သားကြီး အရွယ်ရောက်လာရင်လေ ဓာတ်ပုံ အလ်ဗန်တွေမှာ ကြည့်ရင် ဘွားဘွားရဲ့သားချင်းများဟာ အလှကေရှိများ မဟုတ်ကြသော် အလှကိုယ်စီ ရှိကြတယ်ဆိုတာတော့ သားကြီးတွေ့ရလိမ့်မယ်။

ဘွားဘွားရဲ့ ပုံကိုလဲမြင်ရလိမ့်မယ်။ လှခြင်း မလှခြင်းဆိုတာလဲ ပေါ့သား။

စိန်ပါတီဆိုတဲ့အဆိုတော်ကြီး သီဆိုသွားတဲ့ သီချင်းလိုပဲ ကျည်းတန် ကျွန်မကို မလှလို့ထင်ရဲ့"အားလုံးကပဲ မုန်းကြတယ်။ ကိုတွေကဆိုရင် တစ်ခါတလေ "သိပ်အမြင်ကတ်စရာကောင်းတဲ့ င်မလေးလို့"သူတို့စိတ်နဲ့မတွေ့ရင် အော်. . .အော် ပစ်တယ်။ ကတော့ (ချိုင်းဆိုက်ကိုလိုက်) ကလေးတွေရဲ့ စိတ္တဗေဒတို့ သဘာဝတို့ကို လေ့လာကြ စိတ်ဝင်စားကြတဲ့ခေတ်ကလဲ မဟုတ်ပေ ဘွားဘွားလက်ကလေးတွေဟာ ငယ်စဉ်ကတည်းက ပျော့ပျောင်းပြီး ကြာအားနည်းသလား မသိပါဘူး။ ကရားလေး ချိုင့်ကလေးအစ ကိုင်ရင်မမြဲဘူး။ လက်ထဲကလွတ်ကျရင် သူတို့ကအော်ပစ်တာပဲ။

(အဲဒီ သူတို့က အော်ပစ်ခံရတဲ့ အားနည်းတဲ့ လက်ချောင်းလေး ဖွားဖွား ကြီးလာတော့ ကလောင်တံကိုင်ပြီးစာရေးရတာပေါ့။)

ဒီလို အအော်ခံရရင် ဘွားဘွား သိပ်ဝမ်းနည်းတာပဲ။ ဘွားဘွား ချောင်းလေးတွေကို ထောင်ကြည့်မိတယ်။ ခဏခဏ အအော်ခံရ တော့လဲ ကလေးဆိုတော့ ဘွားဘွားတို့အိမ်အိုကြီးရဲ့ ပြတင်းပေါက် ပေါက်နားမှာ ဘွားဘွားဟာ ငိုငိုနေမိတယ်။ ဘွားဘွားရဲ့လက်ချောင်း တွေကိုလဲ ထောင်ကြည့်မိတယ်။ ဘွားဘွား မျက်စိအမြင်တော့



www.burmeseclassic.com

www.burmeseclassic.com



လေ ဘွားဘွားလက်ချောင်းလေးတွေဟာ နူညံ့ပျော့ပျောင်းကြတယ်ပေါ့။ သူတို့မှာ အပြစ်မရှိပါဘူး။ လက်ဖဝါးကလဲ အားလုံးပြည့်ဖြိုးပြီး နူးညံ့တယ်။ (လက္ခဏာဆရာတွေအလိုဆိုရင် ဂြိုဟ်ခုံတွေအားလုံး ပြည့်မောက်နေကြတယ်)။

ကလေးဆိုတော့ လက္ခဏာတွေဘာတွေဘာမှနားမလည်ဘူး။

"မင်းတို့လဲ ဌါ့လိုဘဲ မလှလို့ ထင်ပါရဲ့ အအော်ခံရတယ်နော်။ ငါကလဲကွယ် လဖက်ရည်ချိုင့်လေး လဖက်ရည်ကရားလေး တစ်လုံးကို တောင် မြဲအောင်မကိုင်နိုင်ပါလား..."လို့ လက်ချောင်းလေး တွေကိုကြည့်ပြီး စကားပြောမိတယ်။

စာသင်ချိန်မှာ ကိုကိုတို့အားလုံးနဲ့ မမတို့ဟာ အင်္ဂလိပ်မြန်မာနှစ်ဘာသာသင် အစိုးရအလယ်တန်းကျောင်းမှာ စာသင်ရတယ်။ ဘွားဘွားတို့ကြီးလာမှ အဲဒီကျောင်းက အစိုးရအထက်တန်းကျောင်း ဖြစ်လာတယ်။

သူတို့က အင်္ဂလိပ်စာတတ်တာပေါ့၊ အဲဒီအချိန်တုန်းက ဘွားဘွားရဲ့ဘွားအေတွေ မိဘတွေကလဲ ချမ်းသာချိန်ဖြစ်တယ်။ အဲဒီကျောင်းမှာ လူကုံထံသားသမီးများနဲ့ လခစား၊ အစိုးရအရာရှိ သားသမီးများ အနေများကြတယ်။ ဆင်းရဲသားတွေလဲ ရှိပေမယ့် နည်းပါတယ်။ ဘွားဘွားရဲ့ဖေဖေက အဲဒီကျောင်းမှာ ကျောင်းဆရာလုပ်တယ်။

ဘွားဘွားငယ်ငယ် က,ကြီး ခ,ခွေးတန်း(သူငယ်တန်း)မှာ အဲဒီကျောင်းမှာ နေခဲ့ရတယ်။ ပထမတန်းရောက်တော့ ဦးဘိုးထင်ရဲ့ ဗုဒ္ဓဘာသာမြန်မာစာသင်ကျောင်းကို ပြောင်းထားကြတယ်။ ဘာဖြစ်လို့လဲဆိုတာတော့ မသိဘူး။





မမတို့ကျောင်းက ကျောင်းလခ တစ်လတစ်ကျပ်ပေးရတယ်။ ဘွားဘွားစာသင်ရတဲ့ ဦးဘိုးထင်ကျောင်းက ၄ တန်းအထိ တစ်လတစ်မတ် (အခုငွေနဲ့ ၂၅ ပြား) ၅ တန်းက ခုနစ်တန်းအထိ တစ်လမှ ငါးမူး (ပြားငါးဆယ်) ပေးရတယ်။ ဘွားဘွားနေတဲ့ကျောင်းလေးဟာ အခု သားကြီးနေတဲ့ ပြည်ထောင်စုလမ်းအိမ်နဲ့ ဂွတ္တလစ်ဈေးလောက် ဝေးတောင်မဝေးဘူး။ မနက် ၇–နာရီထိုးရင် ဘွားဘွားဟာ လွယ်အိတ်ကလေးလွယ်ပြီး ကျောင်းတက်ရတယ်။ ဆံရစ်ဝိုင်းနဲ့ သျှောင်ထုံးလေးကို ဖဲကြိုးစီလိမ်းပြီး ဘွားဘွားရဲ့ဘွားအေ(အမေကြီး)က ဆံထုံး ထုံးပေးတယ်။

ပဒုမ္မာအကျီကို တစ်ခါတလေမှ ဝတ်ပေးတယ်။ များသောအားဖြင့် ဘွားဘွားပင်နီ (မြန်မာဖြစ်) ကို ဝတ်ရတယ်။ လုံချည်ကတော့ တုန်းက ဆယ်ထည် ငါးကျပ်၊ လက်လီဈေး တစ်ထည်ကို ငါးမူးတစ်ပဲ ရတဲ့ ရတနာပုံလုံချည်နဲ့ မြန်မာရက်နှစ်နံ့စပ် ပခုက္ကူလုံချည်ကို ဆင်ပေးတာများတယ်။ နွေအခါမှာ ဘုံဘိုင်ရေ ဖိနပ်ဆိုတာ သားကြီးတို့ တောင်ထက်မမြင်ဖူးပါဘူးလေ။ အဲဒီ လွှာဖိနပ်ကိုစီး၊ ဖဲထီးလက်ကိုင် ကျောင်းအကောက်ကလေးကို ပခုံးမှာချိတ်ပြီး တခြားပခုံးတစ်ဘက်က လွယ်အိတ်ကလေးလွယ် ကျောင်းတက်သွားရော။ ကျောင်းက မနက် ရှစ်နာရီတက် ကျောင်းသားအားလုံး (ဩကာသ) အစချီတဲ့ ဘုရားရှိခိုးကို ရွတ်ဆိုရှိခိုးရတယ်။ ပြီးတော့ သရဏဂုံသုံးပါး ငါးပါးသီလ၊ ဣတိပိသောအစချီတဲ့ ဂုဏ်တော် ၉–ပါး၊ တရားဂုဏ်တော်ခြောက်ပါး၊ သံဃာဂုဏ်တော်ကိုးပါနဲ့ သမ္ဗုဒ္ဓေဂါထာပါဝင်တဲ့ ဘုရားရှိခိုးကို ဆုံးအောင် ရွတ်ဆိုရှိခိုးပြီးမှ ကျောင်းစာသင်ခန်းကို ဝင်ရတယ်။

မိုးတွင်းအခါမှာတော့ ကျိုက်ထိုဖိနပ်ဆိုတာ ကတ္တီပါသဲကြိုး



www.burmeseclassic.com

www.burmeseclassic.com



တပ်တဲ့ သစ်သားဖိနပ်ပဲ။ သစ်သားပေါ်မှာ ပန်းလေးတွေ ဆေးရေးလို့ ဒီဖိနပ်ကို ဘွားဘွားစီးရတယ်။

မမတို့ကျောင်းကတော့ ကျောင်းတက်သွားရင် လံခြားစီးသွားတယ်။ ဝါးခယ်မမှာ အဲဒီခေတ်က လံခြားဆိုတာ ဘီးနှစ်ဘီးတတ်ကုလားကြီးကဆွဲလို့ အမိုးနဲ့ အဲဒါမျိုးစီးကြတယ်။ သူက မိန်းကလေးဆိုတော့ တစ်ခါတလေ အဲဒီ လံခြားစီးဘတ်တယ်။ ကိုကိုတို့ကတော့ ခြေလျင်ပဲသွားကြတယ်။ သူတို့ကျောင်းက ဝါးခယ်မမြို့ရဲ့ အနောက်ဘက်အစွန်ဆုံးမှာပဲ။ တခြားမိန်းကလေးများလဲ ခြေလျင်လဲတက်ကြတယ်။ လံခြားလဲ စီးကြတယ်။

များသောအားဖြင့် မမတို့ ကျောင်းသူတွေဟာ ပုံတော်ဖိနပ်ခေါ်တဲ့ ကတ္တီပါဆေးရေးဖိနပ်၊ကတ္တီပါပိန်းတန်းပါးပါးတစ်မျိုး။ အဲဒီဖိနပ်မျိုးတွေစီးပြီး ကျောင်းသွားလေ့သွားထရှိတယ်။

ပျော့ပျောင်းတဲ့ပိုးတွန့်လုံချည်နဲ့ လင်မလစ်တို့၊ တိုဘရက်ကိုတို့ဆိုတဲ့ အင်္ဂလန်ဖြစ်လုံချည်တွေကို သူတို့ကျောင်းသူတွေ အဝတ်များကြတယ်။ အဲဒီလုံချည်တွေက တစ်ထည်ထဲကို သုံးမတ်ကနေ တစ်ကျပ်ပြားငါးဆယ် နှစ်ကျပ်သုံးကျပ်အထိ ဈေးရှိတယ်။ ဟိုတုန်းက ငွေနဲ့ဆိုသိပ်ဈေးကြီးတဲ့ လုံချည်တွေပဲ။

ဘွားဘွားကတော့ နွေနွေမိုးမိုး တစ်ထည်ငါးမူးတစ်ပဲ၊ ဆယ်ထည် ငါးကျပ်တန် ရတနာပုံလုံချည်နဲ့ ပခုက္ကူလုံချည်ပဲ။ငယ်ငယ်တုန်းကတော့ မောင်နှမများတော့ အကိုကြီးကျတာ ညီငယ်တွေ ဝတ်ရတယ်။ အစ်မကြီးကကျတာ ညီမငယ်တွေ ဝတ်ရတယ်။





ကိုယ်နဲ့မတော်တဲ့ ပုံကျပန်းကျမရှိတဲ့ လုံချည်အင်္ကျီဝတ်ရတာ ...စိတ်ညစ်စရာကောင်းတာ။ ဒါပေမယ့်လည်း ဝတ်ရတာပဲ။ မဝတ်ရင်လဲ ...ကောင်းကြီးရှိနေတဲ့ မမအင်္ကျီတွေဟာ ဘယ်သူဝတ်မလဲ။

ဘွားဘွားစိတ်အညစ်ဆုံးကာလေ... အင်္ကျီအရောင်ပဲ။ မမက ...သားဖြူဖြူလှတော့ အင်္ကျီက ပဒုမ္မာရုံသား ပွင့်ရိုက် ငှက်ပျောညွန့် ...ရင် ပိုးတွန့်လေးတွေ။ သူ့အကျ ဘွားဘွားဝတ်ရချိန်မှာ ပုံစံမတော်လို့ ...ယောင်းယောင်းဖြစ်ရတဲ့အထဲ အဲဒီနုနုဖပ်ဖပ် ပန်းသွေးလေးတွေနဲ့ ...ဘွားအသားမည်းမည်းနဲ့ ဘယ်လိုက်တော့မလဲ။ ဘွားဘွားဖြင့် သိပ်ပို ...တာပဲ၊ ကိုယ်မကြိုက်တာ ကိုယ်မဝတ်ချင်တာ ဝတ်နေရတာ။ သိပ်စိတ် ...တာပဲ။ အပျိုပေါက်ဖြစ်လာလို့ ဘွားဘွားကိုယ်လုံးဟာ မမထက် ...သွားဖွံ့ဖြိုးလာမှ ဘွားဘွားနဲ့တော်တဲ့ ပုံစံကျကျအင်္ကျီကို ဘွားဘွားဖို့ ...် သတ်ချုပ်ပေးကြတော့တယ်။

ပြီးတော့ စိတ်ညစ်တာ တစ်ခုရှိသေးတယ်။ သနပ်ခါးလူးရ ...စိတ်အညစ်ဆုံးပဲ၊ ဝါညက်နေတဲ့ မမတို့ အသားနဲ့ သနပ်ခါးနဲ့ဟာ ...နံစားသလောက် ဘွားဘွားအသားနဲ့ သနပ်ခါးက တခြားစီ။ ...ခါး လိမ်းချိန်ရောက်ရင် ဒီတုန်းက ဘွားဘွားတို့အိမ်မှာ အခြေအရံ ...ပေါ်ချိန်ဆိုတော့ သနပ်ခါးလူးဖို့ ဘွားဘွားကိုချုပ်ထားရတာကိုက ...ဘက်သုံးယောက်ပဲ။ နောက်ဆုံးမှမေမေရဲ့တူမသန်းသန်းဆိုတာ ...သရင်ဝတ်နေပြီ)သူက ကလေးစိတ်ကလေးသဘောကို နားလည် ...

"ဖယ်ကြ နင်တို့ဟာ သနပ်ခါး မလူးတတ်ဘူး၊ ကလေးကို



www.burmeseclassic.com

သန်းသန်းကိုယ်တိုင် သနပ်ခါးလူးပေးမယ်။ သန်းသန်းမျက်နှာကို ကြည့်စမ်းလှတယ်မို့လား..."

အဲဒီ သန်းသန်း မျက်နှာကလဲ အသားလတ်လတ်ဆိုတော့ သနပ်ခါးနဲ့ ပနံစားတာပေါ့။ "ကလေးကိုလေ သန်းသန်းမျက်နှာလို ညီညီလေး လူးပေးမယ်" ဆိုပြီး ချော့လူးပေးတယ်။ ခုထက်သာထိရော သားကြီးရဲ့ဘကြီးမောင်မောင် (ဗိုလ်မှူးသီဟကွယ်လွန်) ကိုလဲ သန်းသန်းက လူကလေးတဲ့။ ဘွားဘွားတို့ ညီအစ်မတွေကိုလဲ ကလေးလို့ပဲ ခေါ်တယ်။

ဘွားဘွား လေးတန်းလောက်ရောက်လို့ စာတတ်လာရင်ပဲ ဘွားဘွားကိုချုပ်ပြီး သနပ်ခါးလူးပေးတဲ့အခါ ဘွားဘွားက အရင်လို ရိုးရိုးမငိုဘူး၊ အပြောနဲ့ အော်အော်ပြီး ငိုတာပဲ။

"ရှင်တို့သာ သနပ်ခါးလူးကြ ရှင်တို့ကအာရုံ ငါးပါးလိုက်စားတဲ့ မိန်းမတွေ။ လင်လိုချင်တဲ့ မိန်းမကြီးတွေ။ လင်လိုချင်လို့ သနပ်ခါးလူးတာ။ အာရုံငါးပါးလိုက်စားရင် ဘီလူးစားခံရလိမ့်မယ်..."

ဘွားဘွားက အကြောက်အကန်ရုန်းပြီး အဲဒီလို အော်ငိုတာပဲ။

အဲဒီတုန်းက ဘွားဘွားတို့အိမ်မှာ ဆေးလိပ်ခုံ ထောင်ထားဆိုတော့ အပျိုတွေရော အအိုတွေရော အများကြီးပေါ့။ ဘွားဘွား သနပ်ခါးလူးပေးချိန်ဆို သူတို့က ဘွားဘွားငိုတာ အော်တာ ဟစ်တာကိုပဲ သဘောကျပြီးရယ်ကြတယ်။

ဘွားဘွားလက်မထပ်ခင် တလောကတောင် ရန်ကုန်လာလည်သေးတယ်။ ဒေါ်ရှင်ဆိုတဲ့ အဘွားကြီးက (ခုများကွယ်လွန်ပြီလားမသိ) ဘွားဘွားကို မြင်တော့...





"ဟော့... မခင်ယုရဲ့ ငယ်ငယ်တုန်းက တို့များကို လင်လိုချင်တဲ့မိန်းမကြီးတွေ ဒါကြောင့် သနပ်ခါးလူးတာဆို။ ခု–မခင်ယုပန်းတွေ ပန်တွေနဲ့ လင်လိုချင်ပြီလား"တဲ့။

ဘွားဘွားက အဲဒီအချိန်မှာ စိတ်မဆိုးတတ်တော့ပါဘူး။ ဘွားဘွားအသားကလဲ အပျိုဖေါ်ဝင်လာတော့ သွေးသားပြောင်းပြီး နုနွှင်းနှင်းချောင်းတဲ့ကုလားမလို မညိုးတော့ပါဘူး။ ငယ်ငယ်တုန်းကဖြင့် ကိုယ့်အသားကိုကလဲ ကိုယ့်ကိုယ်ကိုယ် လှတယ်မထင်ဘူး။ ဘွားဘွားက ဆော့ဆော့ နားကပ်တွေပျောက်လွန်းလို့ ရွှေနားကွင်းအထူကြီး လုပ်ပေးတယ်။ အဲဒီနားကွင်းကြီးနဲ့ ထဘီအနံ့ပွင့်တို့ ရှုံသားပွင့်ရိုက်တို့ ပြောင်ပြောင်လက်လက်များဝတ်ရရင် ဘွားဘွားငိုချင်တယ်။

ဘွားဘွားတို့ ဆေးလိပ်ခုံမှာ ဆေးလိပ်လိပ်တဲ့ အမျိုးသမီးတွေဟာ မနက်အလုပ်လုပ်ဖို့လာကြရင် ပဒုမ္မာအင်္ကျီခေါက်ရိုးမကျိုးဘူး။ ကြော့မော့လို့ ဝတ်စားလာကြတာ။ မခင်သန်းတို့ မနှင်းအေးတို့ဆိုရင် ခုံလေးတွေမှာတောင် ဆံမြိတ်ချကြသေးတယ်။ စံပယ်ပန်း၊ ကရမက်၊ ဆောက် အစရှိတဲ့ပန်းလေးတွေ ပန်လာတာများ မွှေးကြိုင်လို့ သိပ်လှတာပဲ ရှေ့မှာဘီးဖြူလေးတွေ အမြဲစိုက်တယ်။ ဆေးလိပ်လိပ်ချိန်မှာ အင်္ကျီတစ်ပတ်နွမ်းဝတ်ပြီး ညနေပြန်ချိန်ရောက်ရင် မနက်ကလိုပဲ ကြော့ကြော့မော့မော့ ဝတ်စားပြီးပြန်ကြတယ်။ သိန်းသိန်း၊ သန်းသန်း၊ ညွန့်ညွန့်ဆိုတာလဲ အပျိုကြီးတွေပေမယ့် ဘွားဘွား သူတို့ပြင်တာ ဆင်တာကို သဘောကျတာပဲ။

ဘွားဘွားကို သနပ်ခါးလူးပေးရင်သာ အော်တာ။ သူများလှတာ

www.burmeseclassic.com



ကိုတော့ သဘောကျတယ်။ ဘွားဘွားက အဲဒီလို အော်လေ အစ်ကိုတွေက စကားကြီးစကားကျယ် သိပ်ပြောတဲ့ ကောင်မလေးဆိုပြီး ဘွားဘွားကို ''အမြင်ကတ်စရာ ကောင်းတယ်'' လို့ပြောကြတာပဲ။ မမကတော့အရုပ်က လေးလိုလဲလှ၊ အရုပ်ကလေးလိုပဲ ဘယ်သူဘာဝတ်ပေးပေး ငြိမ်ငြိမ် သက်သက်လေးခံပြီးကျောင်းကို အေးအေးဆေးဆေး ထွက်သွားတာပဲ။ ဒီတော့လဲ သူတို့ဟာ မမကို ချစ်ကြမှာပေါ့နော်. . .။

အဲဒီအချိန်မှာ ဘွားဘွားရဲ့ စိတ်ဓာတ်ကို နားလည်တာ ဘွားဘွားရဲ့ဘွားအေ (အမေကြီး)နဲ့ မေမေလဲ ရှိတယ်လို့ထင်တယ်။ ကျောင်းမှာက အဖိတ်နေ့ဆို ဥပုသ်အကြိုနေ့ပေါ့၊ မနက်တစ်ဝက် ကျောင်း တက်ရတယ်။ အဲဒီအချိန်မှာ ကျောင်းအုပ်ကြီး ဦးဘိုးထင်က ဗုဒ္ဓ ဘာသာစာပေအကြောင်း၊ ဗုဒ္ဓဝင်ငါးရာငါးဆယ်နိပါတ်တော် ဇာတ်ကြီး ဆယ်ဘွဲ့ အစရှိတာတွေ တစ်နေ့တစ်ပုဒ်စီလောက် ဟောပြောပြီး နံနက် ဆယ်နာရီလောက် ကျောင်းဆင်းပေးလိုက်တယ်။ ဥပုသ်နေ့ကျရင် တစ်နေ့ လုံးကျောင်းပိတ်ရော။

မမတို့ ကျောင်းကတော့ စနေ-တနင်္ဂနွေပိတ်တာပေါ့လေ။

ဥပုသ်နေ့ရောက်ရင်ဘဲ သီလပါယူပြီးလို့ ထမင်းစားပြီးရင် အမေကြီးက ဘွားဘွားကို မေးရော။

''ငါ့မြေး မနေ့က အာရုံငါးပါး လိုက်စားလို့ ဘီလူးစားခံရ တယ်ဆိုတာ ဘယ်သူပြောတာလဲ. . .''

အဲဒီလိုမေးရင် ဘွားဘွားက ဆရာကြီး ပြောပြပါတယ်ဆိုပြီး ဆရာကြီးဦးဘိုးထင် အဖိတ်နေ့ကပြောတဲ့ နိပါတ်တော်လာ ပုံပြင်တစ်ခု





ကို အမေကြီးကိုပြောပြရတယ်။ အမေကြီးက နားနည်းနည်းလေးတော့ သက်ဟန်နှိုဟန်နဲ့ စကားပြောတတ်တဲ့အကျင့်ဟာ ဘွားဘွားမှာ ငယ်ငယ် ကတည်းက ပါလာတယ်။

ဒီတုန်းက ဘွားဘွားတို့အိမ်မှာ အလုပ်ရှင်ရယ် အလုပ်သမား ရယ်မခွဲခြားပါဘူး။ ဆေးလိပ်ခုံ အမျိုးသမီးတွေလဲ အလုပ်ပိတ်ရက် အမေကြီးနဲ့အတူ သီလယူ ထမင်းလဲအိမ်မှာပဲ ဝိုင်းစားကြပြီးမှ အိမ်ပြန် ကြတယ်။ အဲဒီတော့ အာရုံငါးပါးလိုက်လို့ ဘီလူးအစားခံရတဲ့အကြောင်း ဆရာကြီးဦးဘိုးထင် ပြောဟောသမျှ ဘွားဘွားက အမေကြီးကို ပြောရ ချိန်မှာ သူတို့လဲနားထောင်တာပေါ့။ ဘွားဘွားဟာ ပုံပြောကောင်းသော ကလေးဖြစ်လာရပြန်တာပေါ့လေ။

ဥပုသ်နေ့တိုင်း ''ငါ့မြေးရေ့. . မနေ့က အဖိတ်နေ့ မောင်ထင် တစ်ယောက် ငါ့မြေးကို ဘာပုံများပြောလိုက်သေးလဲ'' လို့မေးရင် ဘွားဘွား က အဖိတ်နေ့က ဆရာကြီးဟောတဲ့ ဗုဒ္ဓဘာသာဆိုင်ရာ ပုံပြင်တစ်ခုခုကို အမေကြီးကို ပြောပြရတယ်။ ဒီတော့ ဘွားဘွားမှာ ဆရာကြီး ဟောသမျှ နိပါတ်တော်လာ ပုံပြင်တွေကို သေသေချာချာနားထောင်တတ်တဲ့ အကျင့် ပါလာတာပေါ့။

ရွှေစာလုံးနဲ့ သားရေဖုံးနဲ့ နိပါတ်တော်ဇာတ်၊ ဗုဒ္ဓဝင်၊ မဟာဝင်၊ သာသနာဝင်စာအုပ်တွေ အိမ်ပေါ်က ခေါင်းရင်းခန်းမှာ ရှိပေမယ့် စာဖတ်ဖို့ သိပ်စိတ်မဝင်စားတတ်သေးတဲ့ ကလေးအရွယ်။ စာကိုလဲ စကားပြေ လောက်သာ ဖတ်တတ်သေးတဲ့အရွယ်မှာ ဒီစာအုပ်ကြီးတွေ အနားသွားရ မှာ အလိုလိုမကပ်ချင်ဘူး။ ခုလို ဆရာကြီးက ပုံပြောသလိုပြောပြတော့ ဆိုတော့ကြိုက်ကြတဲ့ကလေးတွေအရွယ်နဲ့ သိပ်စိတ်ထဲမှာ စွဲလမ်းတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ "နောက်အဖိတ်နေ့ကျရင် အမေကြီး ဥပုသ်ယူပြီးတဲ့ ခါ ငါ့ကို မေးရင် ငါပြန်ပြောရမယ်"ဆိုတဲ့ စိတ်ကရှိနေတော့ ဆရာကြီး ပြောသမျှ စူးစူးစိုက်စိုက် နားထောင်တာပေါ့။

ဘွားဘွား အစ်ကိုတွေရယ်၊ အတူနေ ဆွေမျိုးတချို့တွေရယ် နားကြားပြင်းကတ်တယ်ထင်ပါရဲ့။ "မိခင်ယုဟာ စကားထောင်စား အမြင်ကတ်စရာကောင်းတယ်" ပြောကြလွန်းတော့ ဘွားဘွားဝိုတာပဲ

လေးတန်းရောက်တော့ ဦးဖေမောင်တင် မြန်မာဖတ်စာထဲ မှာအကျည်းတန်သော ဘဲကလေးအကြောင်း သင်တဲ့အခါ ဘွားဘွား သိပ်ကြိုက်တာပဲ။ ဘယ်သူဖြစ်ဖြစ် ကိုယ်နဲ့ခံစားရတာချင်းတူ ဖတ်လမ်းတွေ ပုံလေးတွေဖတ်ရရင် သိပ်သဘောကျတာပေါ့။

"ဘဲမကြီးဟာ အကျည်းတန်တဲ့သားလေး အပါအဝင် တ သားသမီးများနဲ့အတူ ကြက်ဆင်ဘုရင်မကြီးကို သွားကန်တော့တဲ့အ "မင်းမွေးတဲ့အထဲမှာ ဒီဘဲလေးတစ်ကောင်ဟာ အကျည်းတန် လှ လားလို့ ပြောသံကြားတော့ဘဲလေးဟာ ခေါင်းမဖော်ချင်လောက်အောင် ရှက်ပြီးစိတ်ညစ်သွားတယ်"တဲ့ အဲဒီအခန်းရောက်ရင် ဘွားဘွား မျက်ရည် ကျလာရော။

သူ့မိခင် အသိုင်းအဝိုင်းက ရုန်းကန်ထွက်သွားတော့ သူ့ခ နို့သည့်အိမ်ရောက်သွားတယ်။ အစွမ်းပြချင်တဲ့ မခြေကြက်မက " "ကတော်ကတော်" အော်စမ်း။ ကြက်ဥ အုပြစမ်းနိုင်းလိုက်အော "ဘဲသတ္တဝါ ဖြစ်ပါတယ်ဆိုမှ ကြက်လိုကတော်ကတော် ဘယ် အော်တ မလဲ။ ဘဲအထီးလေးပါဆိုမှ ကြက်ဥ အုပြစမ်းပါတဲ့။ သဘာဝမကျ တွေနိုင်းပြီး သူတို့ကပဲ ဘဲလေးကို အသုံးမကျဘူးလို့ ပြောကြသေးတယ်





တစ်ခါကြောင်ကလာသေးတယ်လေ။ သူ့လို "ညောင်ညောင်" အော်ပြစမ်းပါအုံးတဲ့။ ဘဲ-ပါဆိုနေမှ ကြောင်လို "ညောင်ညောင်"လို့ အော်တတ်ပါ့မလား။ သူတို့အအော်ခိုင်းတာလိုက်မအော်တက်တယ်လို့ ကြောင်ကလဲ အထင်သေးပြီး"မင်းဘာမှအသုံးမကျပါဘူး"တဲ့။

ဘွားဘွားဖြင့်လေ အဲဒီပုံလေးဖတ်ပြီးသိပ်လဲသဘောကျ ဝိုလဲဝို တယ်။ ပြီးတော့ စိတ်ထဲမှာ "ငါများအဲဒီလို ကြောင်တွေ ကြက်တွေနဲ့ တူ့လို သဘာဝမကျတာများ လာခိုင်းရင်တော့လားကွာသေပေစေ မှာပဲ"လို့ စိတ်ထဲကခံပြင်းလာတယ်။

(အင်ဖီးရီးယော့ရတီးကော်ပလက်စ်) ဆိုတဲ့ မိမိကိုယ်မိမိ အထင်သေးစိတ်ဝင်လာ စိတ်ဓာတ်ကျလာလွန်းတော့ ဘဲလေးဟာအမဲ ဆိုက် ခွေးချည်းက သူ့ဘာသာ အင်းထဲက ရေတိမ်ထဲမှာ ပြေးလာရင်း လေးကို လျှာကြီးပဲ ထုတ်ပြပြီးမကိုက်ပဲ ထွက်သွားတာကိုပဲ အကျည်းတန်လွန်းလို့ ထင်ပါရဲ့ ခွေးကြီးတောင်ငါ့ကိုမကိုက်ဘူးလို့" ကျက်စိတ်နဲ့ တွေးမိသတဲ့။

ဘွားဘွားလဲ ငယ်ငယ်က အဲဒီလို အစ်ကိုတွေရဲ့ အအော်ခံရ တော့ တစ်ခါမှာ ဘယ်လောက် စိတ်ဓာတ်ကျသွားလဲဆိုရင်...

"ငါဟာ သူတို့နဲ့ မောင်နှမအရင်းမှ ဟုတ်ရဲ့လား" ဆိုတဲ့ ဖြစ်လာတယ်။ *စိတ်ထဲကမနေနိုင်တော့ဘူး ရှိုက်ကြီးတငင် ငိုပြီး* အမေ့ကို မေးမိတယ်။

"မေမေရယ် သမီးကိုပြောပြစမ်းပါ။ သမီးဟာ မေမေတို့ သမီး လား။ မဟုတ်ရင်လဲ ဘွင်းဘွင်းဘဲပြောပါ။ သမီးရဲ့ မေမေ၊ အရင်းကို တွေ့ပါရစေလို့ ပြောမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



မေမေက အလွန့်စိုးရိမ်သွားတယ်။ ဘွားဘွားကို မျက်ရည်တွေ
သုတ်ပေးပြီး "ကဲ...ကဲ...ငါ့သမီးကို သက်သေခံပြမယ်။ မသန်းဒေ
ဆရာမဒေါ်မိကို သွားခေါ်ပါ"တဲ့။ ဆရာမဒေါ်မိဆိုတာ အစိုးရ လက်မှတ်
ရဝမ်းဆွဲဆရာမကြီးပေါ့။ သန်းသန်းကလဲ ချက်ချင်းပဲ သွားခေါ်တယ်
ဆရာမကြီးရောက်လာတော့ မေမေက ဆရာမကြီးကို ပြောပြတယ်
"ကဲ...ဒေါ်မိရေ ပြဿနာရှင်းပါအုံး။ မခင်ယုရယ် သူ့ကို ဘယ်
မွေးတာလဲ"တဲ့။

ဆရာမကြီးက အားပါးတရရယ်တယ်။ သူက ဝဝတုတ်တုတ်
ချစ်စရာကြီး။

"အောင်မလေး ငါ့သမီးနယ်နော် အတွေးခေါင်တတ်ပလေ
သမီးကို တင်တင် (မသိန်းတင်) ဝမ်းထဲကကို အမေကိုယ်တိုင် မွေး
ခဲ့ရတာ။ တခြားကလေးတွေလို သဘာဝအတိုင်း မွေးချိန်မှာ ခေါင်းမလျှ
ဘဲ ထိုင်ရက်ဖြစ်လို့ "ဆုံပိုင်းမွေး" ခေါ်တဲ့ခြေကစပြီး တဖြည်းဖြ
မွေးယူရတယ်လို့ "ခြေကမွှား" လဲခေါ်တယ်...ခုဘာဖြစ်လို့လဲ...

"မဖြစ်ပါဘူး သူ့ကိုယ်သူမွေးစားတဲ့သမီးလို့ထင်နေလို့...

ဝမ်းဆွဲဆရာမကြီး ပြန်သွားတော့မှ တိုင်မှာချိတ်ထားတဲ့ မေ
၁၃ နှစ်သမီးက ရိုက်ထားတဲ့ ဓာတ်ပုံကို မေမေကပြတယ်။

"အဲဒါ မေမေငယ်ငယ်ကပုံ၊ နှာတံပေါ်ပြီး နှုတ်ခမ်းပါးတာက
ရင် မေမေနဲ့သမီးဟာ မျက်ခုံးမျက်လုံး ဘယ်လောက်တူလဲ။ မျက်
ထူထူ၊ မျက်လုံး ဝိုင်းဝိုင်းကြီးနဲ့။ အသားညိုတာရော မေမေနဲ့ မတူ
လား။ မေမေ့မျက်မှာကိုရော သေသေချာချာ ကြည့်စမ်း။ နှုတ်ခမ်
တာ၊ နှာတံမသွယ်တာကတော့ ဖေဖေ့ကို သွားတူတာကိုတဲ့ ..."





မေမေက စိတ်ရှည်လက်ရှည် ရှင်းပြတယ်။ သားကြီးလဲ
ဘွားဘွားရဲ့ မေမေ့ပုံကိုတွေ့ချင်ရင် ခုဘုရားဆောင်မှာ သူဆယ့်သုံးနှစ်
သမီးက ရိုက်ထားတဲ့ပုံရှိတယ်။ သွားကြည့်ပေတော့။

ဘွားဘွား ဒါကြောင့် ကလေးတွေကို ဒေါသအလျောက် အော်
ငေါက်မိရင် စိတ်ကိုထိန်းလိုက်တယ်။ မိသားစုတစ်စုစုမှာ ဘွားဘွားလို
အကျည်းတန်သူ တစ်ယောက်တလေပါရင် ဘွားဘွားကိုယ်ချင်းစာပြီး
သူ့ကို ပိုအရေးပေးတယ်။ ဟို...တစ်ခေတ်ကတော့ ကလေးတစ်ယောက်
ကို အရုပ်ဆိုးအောင်တာ ပက်ပက်စက်စက်ပြောတာဟာ ကလေးတစ်ယောက်
ရဲ့စိတ်ကို ဘယ်လောက်စိတ်ဓာတ်ကျစေတယ်ဆိုတာ သတိမမူကြဘူး
ခင်။

ကျောင်းမှာ အဖိတ်နေ့ တစ်ပတ်တစ်ခါ ဗုဒ္ဓဘာသာဆိုင်ရာ
ဓါတ်တော် ပုံပြင်တွေကို နားထောင်ရရုံမက၊ အတန်းတိုင်းရဲ့ စာသင်ချိန်
ချိန်ဖယားမှာကို ဗုဒ္ဓဘာသာ သင်ခန်းစာဆိုတာကို သတ်သတ်ပါ
တယ် သားကြီးရဲ့။

ဥပမာ – ပထမတန်း၊ ဒုတိယတန်းဆို မင်္ဂလသုတ်။ တတိယ
တန်း စတုတ္ထတန်းဆို လောကနီတိ။ ပဥ္စမတန်းမှာဆို အပြင် အောင်ခြင်း၊
ဆဋ္ဌမတန်းမှာ အတွင်းအောင်ခြင်း၊ ခုနစ်တန်းရောက်တော့ ဗုဒ္ဓဝင်နဲ့
ဖတ်စာထဲမှာလဲ ဇာတ်ကြီးဆယ်ဘွဲ့ထဲက ဝေဿန္တရာ၊ ဇနက္က၊ သုဝဏ္ဏ
သာမအစရှိတဲ့အထဲက တစ်အုပ်အမြဲပြဋ္ဌာန်းတယ်။

အဲဒီတော့ ဗုဒ္ဓဘာသာစာပေဟာ ကျောင်းမှာလဲ မသင်မနေရ
ကျောင်းရောက်တော့ စာဖတ်ချိန်မရောက်ခင် ညဦးပိုင်းမှာ ဘွားဘွားတို့



www.burmeseclassic.com

www.burmeseclassic.com



မောင်နှမတွေအားလုံးနဲ့ ကလေးကစားဖော်တွေဟာ ဘုရားရှိခိုးပြီး ပရိတ်ကြီးဆယ့်တစ်သုတ်ကို ရွတ်ရတယ်။ စာကျက်ပြီး အိပ်ရာဝင်ခါနီးရင် အမေကြီးကအစ တစ်အိမ်လုံး လူကြီးတွေကို ကန်တော့ပြီးမှ အိပ်ရာဝင်ကြရတယ်။ ဒီလိုကျောင်းနဲ့အိမ်နဲ့ နှစ်ဖက်ညှပ်ပြီး ကလေးတစ်ယောက်ကိုကြပ်မတ်လာကြတာပဲ။

မမတို့ကျောင်းတွေမှာတော့ ဗုဒ္ဓဘာသာကို သင်ခန်းစာတစ်ခုအဖြစ် သင်ရလား၊ မသင်ရလား မသိဘူး။ ဘွားဘွားမှီလို....

လောကနီတိ၊ပဝကျွာမိ၊ နာနာသတ္တ၊ သမုဒ္ဒဃ်

မာဃဓမ္မနေ၊ဝ၊သံခေပ်၊ဝဏ္ဏတွာ၊ ရတနတ္တယ်။

အစရှိတဲ့ လောကနီတိကျမ်းအစကိုပဲ ကျက်ရင် သူတို့ရယ်တယ်။

သိပ္ပံ၊ အတတ်နှင့် သမ်တူသော၊ နေ့ဥစ္စာသည်၊ နတ္ထိမရှိ။

သိပ္ပံအတတ်ကို၊ စောရ၊ ခိုးသူတို့သည်၊ နဂဏ္ဍိ မယူနိုင်ကုန်

ဣဓလောကေ၊ ဤလောက၌ သိပ္ပံ အတတ်သည်ကား။ မိတ်

အဆွေခင်ပွန်းဖြစ်၏။

ပရလောက၊ တမလွန်ဘဝ၌၊ သုခါဝဟံ၊ ချမ်းသာကို ဆော

တတ်၏။

မြန်မာလို ရှင်းရှင်းရေးရရင်တော့...

အတတ်ပညာနှင့်တူတဲ့ ဥစ္စာပစ္စည်းဆိုတာ မရှိဘူးတဲ့။





အတတ်ပညာကို ခိုးသူတို့ မခိုးယူနိုင်ဘူးတဲ့။

အတတ်ပညာဟာ အဆွေခင်ပွန်း အစစ်ပဲတဲ့။

အတတ်ပညာဟာ လက်ရှိ မျက်မှောက်ဘဝမှာ

တင်အကျိုးပေးတာ မဟုတ်ဘူး။ တမလွန်ဆိုတဲ့

နောင်ဘဝမှာလဲ ကောင်းကျိုးချမ်းသာကိုပေးစွမ်း နိုင်တယ်လို့ဆိုလိုတာ သားကြီးရဲ့။ မမတို့၊ ကိုကိုတို့ကတော့ ဘွားဘွား အဲဒီစာပဲကျက်ကျက် အတန်းကြီးလာလို့–

"အကြင်မြတ်စွာဘုရားသခင်သည်၊ ဂိရိမေခလာအမည်ရှိသော ဆင်ကို တက်စီးထသော၊ အလွန်ဖန်ဆင်းအပ်သော၊ လက်နက်နှင့်တကွ သော၊ တစ်ထောင်သော လက်ရုံးရှိထသော၊ ကြမ်းတမ်းစွာထသော၊ သည်နှင့်တကွသော၊ မာရ်နတ်သားကို၊ ဒါနပါရမီ အစရှိသော၊ တရား ညီးဟုသော အစီအရင်ဖြင့် အောင်တော်မူလေပြီ။

မာရ်နတ်သားကို၊ အောင်မြင်တော်မူသော၊ မြတ်စွာဘုရား ၏တန်ခိုးတော်အားဖြင့်၊ အကျွန်ုပ်အား။ မြတ်သော အောင်ခြင်း လာသည်၊ ဖြစ်ပါစေသတည်း။

ဆိုတဲ့ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်းတွေကိုပဲ နှုတ်တက် ရွတ်၊ သူတို့က ဘုန်းကြီးကျောင်းသူမလေးဟေ့လို့ နောက်ပြောင် ။ သူတို့ ကျောင်းတွေမှာတော့ ဒီစာတွေသင်ရလား မသင်ရလား ဘွားမသိဘူး။

သားကြီးရဲ့ မေမေ'မိ'ကြီးလာတော့ သူနေတဲ့ ကျောင်းတွေမှာတော့ တယ်။ ဒါတွေ ဘာမှ သင်မပေးတော့ မင်္ဂလသုတ်ကို ဘွားဘွား



www.burmeseclassic.com

www.burmeseclassic.com



တို့က အိမ်မှာသင်ပေးရတာယ်။ နိပါတ်တော်လာ ရိုးရာပုံပြင်တွေကိုတော့ ညအိပ်ရာဝင်ခါနီးရင် သူ့အဒေါ်ကြီးက သူ့ကို ပြောပြရတာပေါ့။

ပရိတ်ရွတ်တဲ့ အကျင့်တွေ ဘာတွေလဲ ဘွားဘွားတို့လို မောင်နှမ, မများ။ သူက တစ်ယောက်တည်းဆိုတော့ မရွတ်တတ်ဘူး။ ဘွားဘွား ပရိတ်ရွတ်တာပဲ သူနားထောင်တတ်တော့တယ်။

သားကြီးရဲ့မေမေ မိကို ဘွားဘွားက မင်္ဂလာတရားသုံးဆယ့်ရှစ်ပါး ဆိုတာ ဒါတွေပဲလို့ မြန်မာလိုရှင်းရှင်းပဲ အောက်ပါအတိုင်း ပြောပြ ရတာယ်။

၁။ သူမိုက်တို့ကိုမမှီဝဲ မဆည်းကပ်ခြင်းလည်း တစ်ပါး။

၂။ ပညာရှိသော သူတို့ကိုမှီဝဲ ဆည်းကပ်ခြင်းလည်း တစ်ပါး။

၃။ ပူဇော်ထိုက်သော သူတို့ကို ပူဇော်ခြင်းလည်း တစ်ပါး။

၄။ သင့်တင့်လျောက်ပတ်သော အရပ်၌ နေခြင်းလည်း တစ်ပါး။

၅။ ရှေးရှေးသောကိုယ်၏အဖြစ်၌ ပြုအပ်သော ကောင်းမှုရှိသော သူ၏အဖြစ်လည်း တစ်ပါး။

၆။ မိမိကိုယ်ကိုကောင်းစွာ ဆောက်တည်ခြင်းလည်း တစ်ပါး။

၇။ အကြားအမြင်များသော သူ၏အဖြစ်လည်း တစ်ပါး။

၈။ အပြစ်မရှိသော အတတ်တို့ကို တတ်ခြင်းလည်း တစ်ပါး။

၉။ ကောင်းစွာ သင်အပ်သော ဝိနည်းတရားလည်း တစ်ပါး။

၁၀။ ကောင်းစွာဆိုအပ်သောစကားလည်း တစ်ပါး။

၁၁။ အမိအဘတို့ကို လုပ်ကျွေးမွေးမြူခြင်းလည်း တစ်ပါး။





၁၂။ သားမယားတို့အားသင်္ဂြိုဟ်ထောက်ပံ့ခြင်းလည်း တစ်ပါး။

၁၃။ အနှောင့်အယှက်မရှိသော အမှုလည်း တစ်ပါး။

၁၄။ အလှူပေးခြင်းလည်း တစ်ပါး။

၁၅။ တရားတော်နှင့်အညီကျင့်ခြင်းလည်း တစ်ပါး။

၁၆။ အဆွေအမျိုးတို့အား သင်္ဂြိုဟ်ထောက်ပံ့ခြင်းလည်း တစ်ပါး။

၁၇။ အပြစ်မရှိသောအမှုလည်း တစ်ပါး။

၁၈။ မကောင်းမှုမှ ဝေးစွာကြဉ်ရှောင်ခြင်းလည်း တစ်ပါး။

၁၉။ မကောင်းမှုကို အထူးသဖြင့် ကြဉ်ရှောင်ခြင်းလည်း တစ်ပါး။

၂၀။ သေအရက်ကို သောက်ခြင်းမှ ကောင်းစွာကြဉ်ရှောင်ခြင်း လည်းတစ်ပါး။

၂၁။ ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်းလည်းတစ်ပါး။

၂၂။ ရိုသေအပ်သော သူတို့ကို ရိုသေခြင်းလည်းတစ်ပါး။

၂၃။ မိမိကိုယ်ကို နှိမ့်ချခြင်းလည်း တစ်ပါး။

၂၄။ ရောင့်ရဲလွယ်ခြင်းလည်း တစ်ပါး။

၂၅။ သူ့ကျေးဇူးကို သိခြင်းလည်း တစ်ပါး။

၂၆။ လျောက်ပတ်သောအခါ၌ တရားတော်ကို နာခြင်းလည်း တစ်ပါး။

၂၇။ သည်းခံခြင်းလည်း တစ်ပါး။

၂၈။ သူတော်ကောင်းတို့ ဆုံးမရာလိုက်နာလွယ်ခြင်းလည်း တစ်ပါး။

၂၉။ ရဟန်းပုဏ္ဏားတို့အား ဖူးမြော်ခြင်းလည်းတစ်ပါး။



www.burmeseclassic.com

www.burmeseclassic.com



၃၀။ လျော့ပတ်သောအခါ၌ တရားစကားကို ဆွေးနွေးမေးမြန်းရခြင်းလည်း တစ်ပါး။

၃၁။ မြိုးခြံစွာကျင့်ရခြင်းလည်းတစ်ပါး။

၃၂။ မြတ်သောအကျင့်ကို ကျင့်ရခြင်းလည်းတစ်ပါး။

၃၃။ အရိယာသစ္စာတရားတို့ကို သိမြင်ရခြင်းလည်း တစ်ပါး။

၃၄။ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းလည်း တစ်ပါး။

၃၅။ လောကခံတရား ရှစ်ပါးတို့နှင့် တွေ့ကြုံငြားသော်လည်း ရဟန္တာပုဂ္ဂိုလ်တို့၏ စိတ်သည် တုန်လှုပ်ခြင်း မရှိသည်လည်း တစ်ပါး။

၃၆။ စိုးရိမ်ခြင်းမရှိသည်လည်း တစ်ပါး။

၃၇။ ရမ္မက်ဟူသော မြူကင်းခြင်းသည်လည်း တစ်ပါး။

၃၈။ ဘေးမရှိခြင်းလည်း တစ်ပါး။

* * *

ခုလို မြန်မာစကားပြေနဲ့ လွယ်လွယ်ကူကူရေးထားတော့ သားကြီး နားလည်လွယ်မှာပေါ့နော်။

တစ်နေ့ကတော့ ဗုဒ္ဓကလျာဏယုဝအသင်းက ဆုပေးပွဲကို ဘွားဘွား သွားပြီးတက်တယ်။ ဆုရကြတဲ့ ကျောင်းသားကျောင်းသူများနဲ့ တကွ တက်ရောက်တဲ့ ဧည့်သည်တွေ၊ သံဃာစင်ပေါ်က သံဃာတော်များ အားလုံးဟာ မင်္ဂလာတရားကို ပါဠိအတိုင်း ရွတ်ဆိုကြရတော့ ဘွားဘွား ငယ်ငယ်က နေခဲ့ရတဲ့ ဦးဘိုးထင်ကျောင်းလေးကို သွားသတိရတယ်။

“ဩော်… မင်္ဂလာတရားတော်ဟာ မပျောက်ကွယ်သေးပါ





ဘား”ဆိုတဲ့ ပီတိဟာ ရင်ထဲမှာ တသိမ့်သိမ့် ခံစားရတယ်။ ဦးကြင် (သံအမတ်ကြီးဟောင်း)ရဲ့ အစီရင်ခံစာထဲမှာတော့ ဘယ်တိုင်းတွေ ဘယ်တိုင်းတွေ၊ မြို့နယ်အလိုက် မင်္ဂလာစာမေးပွဲ ဖြေဆိုသူတွေ တိုးတက်လာတယ်၊ ဘယ်မြို့ဘယ်နယ်တွေကတော့ ဆုတ်ယုတ်သွားတယ် ဆိုတာဖြင့် ပါလာတယ်။ မင်္ဂလာတရားတော်ကို တိုးတက်ပြန့်ပွားပြီး ဖြေဆိုခဲ့ရတဲ့ ရေဝတီတိုင်းဟာ တိုးတက်တဲ့ တိုင်းထဲမှာပါလို့ ဝမ်းသာလို့ မဆုံးဘူး။

ခုတော့ဖြင့် သားကြီးရဲ့ မေမေ မရွှေမိနေတဲ့ ကျောင်းမျိုး ရောက်ပြီး ကျောင်းတိုင်းဟာ မြန်မာ့ယဉ်ကျေးမှုပင်ရင်းကို အခြေတည် တာလို့ ဘွားဘွားဝမ်းမြောက်ပါတယ် သားကြီး။

မရွှေမိ ငယ်စဉ်ကထားခဲ့ရတဲ့ ကျောင်းတွေက သိပ္ပံပညာရပ်မှာ ထူးချွန်တယ်။ အင်္ဂလိပ်စာမှာလည်း တော်ပါတယ်။ ဒီကျောင်းကြီးရဲ့ ကျေးဇူးကိုလည်း မမေ့သင့်ဘူးပေါ့။ သို့သော်လည်း ‘မိ’ စိတ်ထဲမှာပင်ကို မြန်မာ့ယဉ်ကျေးမှုနဲ့မြန်မာစာပေကို လေးစားမှုရှိအောင် အိမ်ကတစ်ဖက် သွန်သင်ပေးခဲ့ရတယ်။ လူတစ်ယောက်ရဲ့ကြီးပွားတိုးတက်မှုဟာ သိပ္ပံပညာ တစ်ခုထဲပေါ်မှာ မတည်ပေဘူး။အကျင့်စာရိတ္တဆိုတဲ့ နှလုံးသားကို သိမ်းသိမ်းတဲ့ လောကုတ္တရာဘာသာရေးဆိုင်ရာ သီလအပေါ်မှာပဲ တည်တယ်။ ပန်းဟာပွင့်သော်လည်း ကိုယ်ကျင့်တရားမပါရင် အဆိပ် ပင်ကြီးပဲ ပွင့်မှာဘဲ။

ဘွားဘွားတို့တိုင်းပြည်မှာ တချို့လူတွေအယူအဆအလေ့အထ တ နိုင်ငံခြားခလေ့ ပုံစံကို ကူးယူရမှု အကောင်းထင်တယ်။ မြို့မှာမှာ



www.burmeseclassic.com

www.burmeseclassic.com



အရင်တုန်းက ဒီလိုအခြေခံမရှိသလို ပြောကြလွန်းလို့ ဘွားဘွား ရင်နာတယ်။

မင်္ဂလာတရားတော်ထဲမှာ ပါတဲ့အပိုဒ်တွေထဲမှာကိုက လူပြည် လောကီ မျက်မှောက်မှာ ဘယ်လို ကျင့်ကြံပြီး လောကုတ္တရာမှာဘယ်လို နေရမယ်ဆိုတာ ပါပြီးသားပါ သားကြီး။ ဘယ်တော့မှ မြတ်စွာဘုရားသခင် ရဲ့တရားတော်တွေဟာ အောက်ခြေမလွတ်ဘူး။ မိမိကိုယ်ကို ကောင်းစွာ ဆောက်တည်ရမယ်။ မိမိရဲ့ပတ်ဝန်းကျင်လည်းဘယ်လိုကောင်းအောင် ကြိုးပမ်းရမယ်။ အနစ်နာခံရမယ်ဆိုတာ နိပါတ်တော်လာ ပုံပြင်တွေအများ ကြီးပဲ။ ဘွားဘွားအလှူးသင့်တဲ့အခါ အဲဒီပုံပြင်တွေအကြောင်းပြောပါ အုံးမယ်။

ရှေ့က ဘွားဘွားရေးသားခဲ့တဲ့အထဲမှာ ဘွားဘွားကတော့ ပုံစံ မသွင်းလိုတော့ပါဘူး ပြောခဲ့တယ်။ ဟုတ်တယ်။ လက်ခတ်တွေပုံစံတွေ များများနဲ့ အိုးထိန်းသည်ဟာ သူ့အိုးကို "ပြင်လွန်းတော့လည်း ဖင်ချွန် တတ်တယ်" သားကြီး။

ကဲ.. ဘွားဘွားက "ငါ့သားကြီးကိုချစ်လွန်းလို့ မြသားလို ကိန္နရာရုပ်သဏ္ဌာန် ကမ္ဘာကျော် ပန်းပုဆရာကြီးခေါ်ပြီး ထုလုပ်ထား ပါပြီတဲ့။ အဲဒီ အရုပ်ကလေးကိုလည်း ကြေးမုံပြင်(မှန်)ကို နေ့စဉ်ကြည့် သလို ကြည့်ချင်လွန်းလို့ ညှော်ခန်းမှာထားပါပြီတဲ့။

သားကြီးက မြသားလို ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဆိုတဲ့ ဓာတ်ကြီးလေးပါး အစုအဝေးချည်းပဲ မဟုတ်ဘူး။ သားမှာ "အတိတ်ကံ" က ဘယ်လိုပါလာသလဲဆိုတာမသိ။ "စိတ်"ဆိုတဲ့ သားကြီးရဲ့ ရင်တွင်း အခံဓာတ်ကလည်း ဘယ်လိုမှန်းမသိ။





"ဘွားဘွားရယ် အဲဒီနံရံလေးဘက်ကာ ညှော်ခန်းကြီးမှာ ဘွားဘွားက ဘယ်လိုပဲထားထား ကျွန်တော်က ကိန္နရာရုပ်လို အလှကြည့် ခဲ့တဲ့ အကောင်မဟုတ်ဘူး။ ဘွားဘွားရဲ့နံရံက ပြတင်းတွေ ခွဲထွက်ပြီး အာကာသမှာ သိန်းစွန်ငှက်ကြီးလို အဟုန်ပြင်းပြင်းနဲ့ပျံထွက်သွားတော့ မယ်" ဆိုပြီး ပျံထွက်သွားရင် ဘွားဘွား ဘာများတတ်နိုင်မှာလဲ။

တစ်ခုကလည်း သားကြီးရဲ့ဘဘ ဦးပုံစံက မြန်မာ့တပ်မတော် သားတစ်ယောက်ဆိုတော့ သူ့ရဲ့တပ်မတော်စစ်ပုံစံကို သွင်းလို့ သားကြီး ဟာ တကယ့်ကိုပဲ ရဲဘော်ကောင်း တစ်ယောက် ဖြစ်နေပြီပဲထား။

တစ်ဖက်ကလည်း သားကြီးရဲ့ဖေဖေ ထွန်းအောင်ကျော်က တပ်မတော် (လေ)ကတပ်မတော်သား တစ်ယောက်ဖြစ်နေတော့ သူက သားကြီးကို ပုံစံသွင်းလိုက်တာ ကောင်းကင်ပျံနေတဲ့ အာကာသ သူရဲ ကောင်းကြီးအဖြစ် ငါ့သားကြီးဖြစ်လာပြီပဲထား။ပြောနိုင်ဘူးလေ သားကြီး တို့ လက်ထက်လောက်ရောက်လျှင် သိပ္ပံပညာတွေ သိပ်တိုးတက်လာတဲ့ အခါမှာ ဂြိုဟ်ကြီးရှစ်လုံးကို အိမ်ပေါက်စေ့ ဝင်ထွက်ပြီး အလည်အပတ် သွားနိုင်တဲ့အဖြစ် မရောက်ပါဘူးလို့လည်း မဆိုနိုင်ဘူး။

ကဲ... သားကြီးရဲ့မိခင် 'မိ' ကလည်း "ငါ့သားကြီး ငါ့လိုပဲ ဆရာဝန်၊ သို့မဟုတ် သိပ္ပံပညာ စိတ်ဝင်စားတဲ့သူ ဖြစ်ရမယ်ဆိုပြီး သူက ပုံစံသွင်းလိုက်လို့ ငါ့သားကြီးဟာ ကမ္ဘာကျော်သမားတော်ကြီးဖြစ်ပြီး လူကို ပြန်ရှင်အောင်အသက်သွင်းနိုင်တဲ့ ဆရာဝန်ကြီးပဲ ဖြစ်စေအုံး တော့ သားကြီးအသည်းနှလုံးစိတ်အခံက ပုပ်ပွဲ ယုတ်မာ စုတ်ပဲ့ သေးသိမ် မှာ အမြင်ကျဉ်းနေရင် အဲဒီပညာတွေဟာ တစ်ခါတည်းကုန်တာပဲ၊ ထိုရာ၊ စကားစပ်လို့ ပြောရရင် "ခုက္ကလနဲ့ ပါရိက" ဖြစ်သွားမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒုကူလနဲ့ပါရိကဟာ အတိတ်ဘဝ တစ်ခါတုန်းက ဆေးသမား လင်မယားဖြစ်ခဲ့ကြတယ်။ (ခေတ်စကားနဲ့ရေးရရင် မျက်စိအထူးကု ဆရာဝန်(အိုင်းစ်ပေယ်ရှယ်လစ်)ပေါ့ သားရယ်။ တစ်နေ့တော့ ဒုကူလဟာ မျက်စိဝေဒနာသည်သူကြွယ်တစ်ယောက်ကို ကုသလိုက်တာတစ်ခါတည်း ပြန်မြင်လာတဲ့အခြေအနေရောက်လာတယ်။အစကတော့သူ့မျက်စိသာ ပြန်မြင်လာရင် အခကြေးငွေ ဘယ်လောက်ပေးပါ့မယ်ဆိုပြီး ဝေဒနာရှင်က ပြောခဲ့တာပေါ့။ မျက်စိလည်း မြင်ရော ကတိဖျက်ပြီး ပိုက်ဆံမပေးတော့ဘူး။ အဲဒီတော့ ဆရာဝန်ကြီး (ဒုကူလအလောင်းအလျာ)ဟာ စိတ်ဆိုးတာပေါ့။ ဆရာဝန်ကတော်(ပါရိက)လောင်းကို ပြောပြတာပေါ့လေ။

"ဒီလူနာဟာ ပိုက်ဆံရှိတဲ့ သူကြွယ်ဖြစ်ပါလျက်နဲ့မျက်စိလည်း ကောင်းလာရော ကတိခံထားတဲ့ ကုသခ အဖိုးအခကို မပေးဘူး" လို့ ပြောသတဲ့။

ပါရိက အလောင်းအလျာ ဆရာဝန်ကတော်ကြီးဟာ ပုထုဇဉ် မိန်းမတစ်ယောက် အဖြစ်မျိုးပေါ့။ ပိုက်ဆံမက်တာပေါ့လေ။

"ဒီလိုဆို ဒီလူနာမျက်စိပြန်ကွယ်သွားအောင်လုပ်လိုက်" လို့ ပြောလိုက်မိတယ်။

ဒုကူလဟာ မိန်းမ ပြောစကားအတိုင်း လုပ်ကိုင်တော့ ဝေဒနာရှင်ဟာ မျက်စိပြန်ကွယ်သွားရော။ ဒီတော့မှ ဝေဒနာရှင်က ပြန်တောင်းပန်ပြီး ကတိခံထားတဲ့အတိုင်း ကုသတဲ့အခကိုပေးမှ ဒုကူလက မျက်စိပြန်မြင်အောင်လုပ်ပေးသတဲ့။

လူတစ်ယောက်ရဲ့ ပြုတဲ့ကုသိုလ် အကုသိုလ်ကံဟာ ကိုယ်နဲ့ ထက်ကြပ်မကွာ သံသရာမှာလည်းသရွေ့ အရိပ်ပမာလိုက်နေတာ အကျိုး





ဗို့ ကြဲတဲ့အလှည့်မှာတော့ အဲဒီအကုသိုလ်စိတ်အတွက် အကျိုးပေးတာပဲ။ အခုလည်း ခုနက ဆရာဝန်ကြီးနဲ့ဇနီးဟာ ဘဝများစွာ င်လည်ရာက ခံရမယ့်ဘဝဖြစ်တဲ့ သုဝဏ္ဏသာမရဲ့မိဘများအဖြစ် ကူလနဲ့ပါရိကဆိုပြီး လင်မယားနှစ်ယောက်ဘဝကို ရောက်လာကြတယ်။ အတိတ်ကပြုခဲ့တဲ့ အကုသိုလ်ကံ(စေတနာဆိုး)က အခွင့်သာ ချိန်မှာ အကျိုးပေးလိုက်ပုံကတော့ လင်မယားနှစ်ယောက်စလုံး ဆိပ်သင့်ပြီး မျက်စိကွယ်ကြရရှာတယ်။

ဒါကြောင့် ဘုရင့်နောင်နဲ့ ရာဇာဓိရာဇ်တို့လို စစ်သူရဲကောင်း ဒုကူလလောင်းလျာ၊ ဇီဝကတို့လို သမားကျော်ကြီးတွေဖြစ်အောင် သွင်းတဲ့တက်မှာ ဘွားဘွားမပါ ပါရစေနဲ့။ သူတို့ကြိုက်သလို ပုံစံသွင်း တိုပဲ ဘွားဘွားအဝေးက ကြည့်ပါရစေ။ ဘယ်ပုံစံနဲ့ ဘယ်လိုပဲ ရုပ် ဘတိုးတက်နေနေ စိတ်ဓာတ်စေတနာ အရင်းခံကကောင်းနေပါမှ ကြီး တတ်ထားတဲ့ပညာနဲ့ လောကသားတွေကို အကျိုးပြုနိုင်တာလို့ ဘွား ဆိုလိုတာသားကြီး။

သားကြီးရဲ့ စိတ်စေတနာကို ပြုပြင်ရာမှာ မင်္ဂလာတရားတော် ဝတ္ထုကြောင်းတွေနဲ့ တရားအချက်အလက်တွေဟာ ဘယ်လို သက်ရောက်မယ်ဆိုတာကိုတော့ သားကြီးဖတ်နိုင်တဲ့အခါ ဖတ်ပေ တဖြည်းဖြည်း ဖတ်လာရင်းသိလာမှာပါပဲ။

* * *



www.burmeseclassic.com

www.burmeseclassic.com

# လာခြင်းကောင်းပါ၏

သားကြီးကတော့ လာခြင်းကောင်းပါပေတယ်။ "ကောင်း
လာခြင်းဖြစ်ပါစေသတည်း"လို့ ရှေးနိပါတ်တော်ပုံပြင်တွေမှာ တွေ့ရတ

တစ်ဦးနဲ့တစ်ဦး နှုတ်ဆက်ကြတဲ့ အလေ့အထရှိကြောင်း

ခုခေတ်အနောက်တိုင်း ထုံးစံမှာတွေ့တဲ့အခါ "ဂွတ်မောနင်
"ကောင်းသောနံနက်ခင်းပါ"လို့နှုတ်ဆက်ကြသလိုပေါ့။ ခုခေတ်မြ
တွေကတော့ တစ်ဦးနဲ့တစ်ဦး တွေ့ရင် "ကျန်းမာပါရဲ့လား"ဆိုပြီး
ဆက်ကြတယ်။ ပဋိသန္ဓာရ အဆက်အစပ်စကားလို့ ဆိုရမှာပေါ့ သ
ရယ်။

သားကြီးမွေးဖွားလာချိန် ဇန္နဝါရီလတစ်ရက် (မြန်မာလိုပြာ
လဆန်း ၂–ရက်)နေ့မှာဖြင့် နံနက်ခင်းဟာ နှင်းမှုန်လေးတွေဆောင်း
ထဲမှာ ပျံ့ကြဲနေတဲ့အချိန်ပဲ နေခြည်လည်းသိပ်မပြင်းဘူး။ ပုန္နေး
အချိန်ပေါ့။





ဘွားဘွားချစ်တဲ့ပန်းမျိုးထဲမှာ အပါအဝင် စက္ကူပန်းအဖြူ
ဟာ ဘွားဘွားတို့ခြံထဲမှာ အရွက်ပျောက်လုမတတ် ဖွေးနေအောင်ပွင့်
ဆို သားကြီးမွေးဖွားတဲ့စစ်ဆေးရုံဥယျာဉ်ထဲမှာလည်း အဖြူပွင့်ဖတ်
အဆုပ်လိုက် ဆက်ဆက်ပြီး တန်းနေအောင် ပွင့်တဲ့ပန်းကိုင်းတွေ
ဆောင်းလေမှာ ယိမ်းနွဲ့နေပြီး တက်သစ်စနေကိုကြိုဆိုကြချိန်ပါပဲ။

နေခြည်နုနဲ့ ရွက်နုနဲ့ဆိုလို့ အမှတ်ရမိသေးတယ်။ ဦးဦး
နန်းဆွေ ရေးတဲ့ ဝတ္ထုတစ်ပုဒ် ဘွားဘွားဖတ်ဘူးတယ်။ သူ့ဝတ္ထုဟာ
ဝတ္ထု တစ်ပုဒ်ကို မှီးပြီးရေးသားထားတာ။

ဂျပန်ကဗျာဆရာကြီးက နေခြည်နုနဲ့ မြသစ်ရွက်စိမ်းတို့ရဲ့
ကို တစ်ခုအကျိုးပြုပုံကို ဖွဲ့နွဲ့ပြီးရေးထားတဲ့ကဗျာလေးပေါ် အမှီပြုပြီး
ဝတ္ထု ကိုရေးသားထားတယ်သားကြီး။

သားကြီးအတွက် တက်သစ်စနုနယ်တဲ့ နေခြည်ဟာ ကြိုဆိုနေ
တယ်။ လင်းအရုဏ်ဟာ သားကြီးရှေ့မှာ ရှိနေပါတယ်။ သားကြီးနဲ့တကွ
လာမယ့် လူလေးများအားလုံးရဲ့ခေတ်ဟာ သာယာချမ်းငြိမ်းပြီး
ကောင်းစင် အေးချမ်းတဲ့ခေတ်ဖြစ်ပါစေတော့လို့ ဘွားဘွားတို့ လက်ရှိ
ခေတ်လူတွေကဖြင့် အလူးအလိမ့် ကြိုးပမ်းနေကြပါတယ်။

ဘွားဘွား အနေကတော့ဖြင့် အခါနှောင်းခဲ့ပြီ သားကြီး။

"ဘွားဘွားကလည်း ဘွားဘွားဘဝကို ပြောရမှာ အားငယ်
ကောင်းလိုက်တာလို့ သားကြီးကပြောမယ်။

ဘွားဘွားလေ ဝတ္ထုတွေရေးတယ်။ ဘွားဘွားရေးတဲ့ ဝတ္ထုတွေထဲ
ထထမဆုံးရုပ်ရှင်ရိုက်တဲ့ ဝတ္ထုကတော့ "နဂါးငွေ့တန်း"ဝတ္ထုပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီဝတ္ထုဟာ ဒါရိုက်တာက "ညပန်းချီ"လို့ အမည်ပေးတယ်။ ဒါရိုက်တာ ဟာ အလွန်ကြိုးစားပေမယ့် အကြောင်းကြောင်းဆိုတဲ့ အခက်အခဲ ကြောင့် အောင်မြင်သင့်သလောက် မအောင်မြင်ခဲ့ဘူး။

ဒုတိယရိုက်တဲ့ "မွေး"ဝတ္ထုကဖြင့် ဘွားဘွားကို ရုပ်ရှင်လော မှာနာမည်ကြီးအောင်လုပ်လိုက်တဲ့ဝတ္ထုပဲ။ စာအုပ်ကိုမိမိ မမိမိ သူ့ခေ သူ့နှစ်မှာတော့"မွေး" ရုပ်ရှင်ဇာတ်လမ်းနဲ့ "မွေး"ဘဝလို ဇာတ်လမ်း မှတ်တိုင်တစ်တိုင်ဖြစ်ပေတယ်လို့ သုံးသပ်ကြတယ်။ ဘွားဘွားရဲ့ဝတ္ထုဟာ (အီမိုးရှင်း)ခေါ်တဲ့ခံစားမှုဝေဒနာ သိမ်သိမ်မွေ့မွေ့ရဲ့ အနေအထား လှု ရှားမှုကို စကားလုံးနဲ့ ရုပ်လုံးဖော်ပြီး ရှေ့တန်းတင်ရေးထားတဲ့ဝတ္ထု အဲဒီ (အီမိုးရှင်း)ဆိုတာကို အသက်သွင်းပြီး လှုပ်ရှားလာအောင်လုပ်ရ နေရာမှာ ဘယ်လောက်ခက်ခဲမယ်ဆိုတာ ဘွားဘွား သိတယ်။ (အက်ရှ ခေါ်တဲ့တိုးလိုက်၊ ချလိုက်၊ချစ်လိုက်၊ပေါင်းလိုက်ဆိုတာမျိုး မဟုတ်ဘူး ဒါကြောင့် ဒီဝတ္ထုကိုဝယ်ရတဲ့ မညွန့်ကိုရော ရိုက်ရတဲ့ဒါရိုက်တာ ဦးချစ် ကိုရော ဘွားဘွား ယနေ့ထိ သူတို့သတ္တိကို ချီးကျူးလျက်ပါပဲ။

အဲဒီ"မွေး"ဝတ္ထုရဲ့ ဇာတ်လမ်းအဖွင့် စာတမ်းထိုးချိန် ပထား သီချင်းမှာ...

"လူတစ်ခုပ္ပမှရယ်တဲ့ ဆယ်ကုဋေ

အသက်တစ်ရာ မနေရသော်လည်း၊

အမှုတစ်ရာ တွေ့ကြစမြဲမို့လားလေ။

ကြယ်မစုံ လမသာ ညအခါမှာမှ မွေးများ မွေးဖွားလာခဲ့လေ သလား..."





ဘဝအစငိုချင်းက၊

ဘဝအလယ် ငိုချင်းသယ်ကာ၊

ဘဝအဆုံး ငိုချင်းနဲ့သာ ဆုံးရ ရှာတယ်ပေလ"

လို့ အဲဒီစကားလုံးနဲ့ သီချင်းစထားတယ်။ စိတ်ထဲက အဲဒီသီချင်းသံကြား ရင်ထဲမှာ ထင့်ထင့်သွားတယ်။ ဘွားဘွားရဲ့ဘဝအစကိုတော့ အကြမ်း သားကြီးကို ရေးပြခဲ့ပြီးပြီ၊ အပြည့်အစုံတော့မဟုတ်ဘူးပေါ့။ စစ်ခေတ် ခဲ့ရတာ မပါသေးဘူး။ ကျန်နေသေးတယ်။

ဘဝအလယ်ကတော့ ဘွားဘွားအလုပ်ဝင်လုပ်ပြီး လူ့ဘဝခရီး ကြမ်းကို စတင်လှမ်းတဲ့အချိန်ဖြစ်တယ်။ အဲဒီအချိန်ဟာ ကျွန်ဘဝနဲ့ တော်လှန်ရေးဘဝ စပ်ကူးမတ်ကူးဖြစ်နေပြန်တော့ မတည်ငြိမ်ဘူး။ မတည်ငြိမ်မှု အခြေခံအတွေ့အကြုံ လှိုင်းဒဏ်ဟာ ဘွားဘွားတစ်ယောက် တည်းသာမဟုတ်ပါဘူး။ ဘွားဘွားနဲ့အတူ တစ်ခေတ်ထဲကြီးပြင်းလာတဲ့ ငယ်တိုင်းဟာ ဒီခေတ်ဒဏ်ကို အလူးအလိမ့်ခံလိုက်ကြရတယ်။ ဘယ် လောက်ခံရလဲဆိုရင် လူကြီးတစ်ပိုင်း ဖြစ်လာကြတဲ့ ခုချိန်ထိပါပဲ။ ခုထိ တည်း ခံခဲ့ရတဲ့အကြောင်းတွေကိုပြောနေတာ အတောကို မသတ်နိုင် သေးဘူး။

အတောမသတ်ပုံကို စကားအလျဉ်းသင့်လို့ နောက်ကြောင်းကို ပြရမယ်ဆိုရင် ဘွားဘွားအလုပ်စဝင်ချိန်မှာ သားရဲ့ဘကြီးနုဟာ ထနာပေါင်း သောင်းခြောက်ထောင်နဲ့ ရင်ဆိုင်ရတဲ့ ဝန်ကြီးချုပ်ဘဝ ဦးကပေါ့။ ဒီတုန်းက ကိုယ်တွေ့အဖြစ်ကလေးတစ်ခုကို ပြောပြရအုံး မယ်။ (ဒီနေရာမှာ စကားတစ်ခု ပလ္လင်ခံချင်တယ်။ အဖြစ်တစ်ခုတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ပြောပြရတဲ့ကိစ္စမှာ ကိုယ့်ကိုယ်တွေ့နဲ့ထင်ရှားအဖြစ်ကို ပြောရတာဖြစ် တယ်။ သားကြီးသဘောပေါက် မှားမသွားနဲ့အုံး။)

သူ့ရဲ့အတွင်းရေး အတွင်းဝန်လို့ ခေါ်တဲ့တာဝန်ယူနေရတယ်။ ဘွားဘွားဟာ အလကားနေ အလကား ဘဝင်မြင့်နေတဲ့သူလို့ ဆိုရမယ်။ အတွင်းရေးအတွင်းဝန်ဆိုတာဟာ ပါချုပ်ပါချဲ့တာဝန်ပဲ၊ ကိုယ့်ဘာသာ တော်သလို ကြည့်နေပါလားဆိုရင်လည်းခံရမှာပဲ။ ဒါပေမယ့် သူ့ရဲ့ ပြဿနာပေါင်းသောင်းခြောက်ထောင်ကို ကိုယ်ရဲ့ပြဿနာ သောင်းခြောက် ထောင်လို ဝင်ဝင်ပြီး ပူမိတာအမောပါပဲ။ အဆိုးရွားဆုံး အပြင်းထန်ဆုံး ပြည်တွင်းသောင်းကျန်းမှုဒဏ်ကို သူရင်ဆိုင်ရသလို ဘွားဘွားစိတ်ထဲ ဘွားဘွားလည်း ရင်ဆိုင်နေရတယ်လို့ ရင်ထဲမှာ ခံစားနေရတယ်။

အဲဒီအထဲမှာ အပိုဆု အပူလေးတွေဆိုပါစို့၊ ပူရတဲ့အဖြစ်က ကြုံရသေး။ ဘယ်ဘဝက ဆုတောင်းလည်း မသိဘူး။ အလယ်ခေါင် လူတန်းစားအမြဲဖြစ်ရတယ်၊ အလယ်ခေါင် လူတန်းစာဆိုတာ ကောင်း မလိုလိုနဲ့ အတော်အခံရခက်တဲ့ အတန်းအစား။

အဲဒီတုန်းက လူထုကလည်း ဝန်ကြီးချုပ်အိမ်ပတ်လည်ဝိုင်း အော်ကြ တာပဲ၊ ဘွားဘွားစိတ် ထင်တယ်လေ၊ အဲဒီအော်သံလှိုင်းတွေဟာ ဘွားဘွားရင်က ဖြတ်သန်းသွားပြီးမှ ဝန်ကြီးချုပ်ဆီ ရောက်ရတယ်လို့ တောင်ထင်တယ်။

နေ့စဉ်နဲ့အမျှ ပေါ်ပေါက်လာတဲ့ ပြဿနာတွေ တင်ပြတော့ သူ့မှာလည်း ပြဿနာသောင်းခြောက်ထောင် ရှိပြီးသား။ အဲဒီ မှုလလုပ် ရှိရော၊ နောက်တိုးရော အကုန်လုံးတွေးပြီးရှုပ်ကုန်တဲ့အခါ သူကလူထု





ကိုတော့ ဘာမှပြန်မအော်တော့ဘူး။ သူအော်ချင်သမျှတွေ စုထားပြီး ဘွားဘွားကို ''ကန်းအော်''တော့တာပဲ။

ဘွားဘွားလည်း တစ်ခါတစ်ခါ ဘာလုပ်ရမှန်းမသိ။ ဖြစ်မှဖြစ်ရ လဲဆိုပြီး မျက်ရည်တွေ မျက်လုံးအိမ်က စိမ့်ထွက်လာတယ်။ သူ့ မှာလည်း စက္ကန့်နဲ့အမျှ အလုပ်၊ အလုပ်၊ တာဝန်၊ တာဝန် ပြေလည်မှု အောင်လုပ်ရမယ်ဆိုပြီး လုပ်နေပေမယ့် ယိုပေါက်ဟာပေါက်တွေကများ ဆိုတ်အဆက်ကမပြီ၊ ဒေါမနဿက ဝင်လာတယ်၊ ဘယ်သူ့ကို အော်ရ မယ်။ ''မိခင်ယုရဲ့ နှင့်ကိုမှ မအော်ရရင် ငါဘယ်သူ့ကို အော်ရမှာ ...ဟဲ့'' ဆိုပြန်တော့လည်း ဒီအဖြစ်မျိုး ကြုံဘူးနေတော့ ''ဒါလဲ တော်တာပဲ'' ဆိုပြီးသာ စိတ်ဖြေလိုက်ရတယ်။ ''အအော်ခံ အလယ်ခေါင် တန်းစား''ဆိုတာ အထက်အောက် အညှပ်ခံရတဲ့သဘော ရှိတယ် ဆိုတဲ့ ကိုယ်တွေ့ကလေးပေါ့။

''ငါ့အနားနေတဲ့သူတွေဟာ (Efficient) (အက်ဖိရှင်း) ညီအသွေးပြည့်ခြင်း၊ တော်နေရခြင်းအမြဲလှုပ်ရှားပြီး အလုပ်လုပ် ခြင်းနဲ့ ပြည့်စုံရမယ်''လို့ သူက အမြဲကြွေးကြော်နေတယ်။

အဲဒါနဲ့ ပတ်သက်လို့ တစ်ခုကို ပြောပြရရင်ဖြင့် ရယ်စရာပဲ စိတ်ညစ်စရာပဲလား၊ အသေးအဖွဲလား၊ ကြီးကျယ်သလားလို့ တောင် ဘွားဘွား မဝေဖန်တတ်ဘူး။

တစ်နေ့တော့ သူ့ရုံးခန်းမှာ ရုံးကိစ္စလာသူမရှိတဲ့အချိန် (အေ ဆိုတဲ့ ကိုယ်ရံတော်ဗိုလ်ကလည်း အပြင်ထွက်ချိန် အဲဒီလို အချိန် တစ်ခုခုရှိုင်းတတ်ပြီး အဲဒီလိုရှိုင်းတာနဲ့ ဘွားဘွားနဲ့ တိုးနေတတ်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဘွားဘွားမှာတော့ ဘာနိုင်းမလဲလို့ ရင်တမမနဲ့ စောင့်စား
နိုင်နေပြီ။

ချက်ချင်းပဲ တယ်လီဖုန်းထဲကနေ... "မိခင်ယု သမ္မတအိမ်တော်
ကို နာရီဝက်အတွင်းသွားမယ် "အားလုံးအဆင်သင့်ဖြစ်ပေစေ"လို့
ဝန်ကြီးချုပ်က ပြောပါလေရော။ ခေတ်စကားနဲ့ဆိုရင် မုန့်ဟင်းခါးစား
အပိုဆုနဲ့ကို တွေ့ပါလေရောဆိုတာမျိုးပေါ့။ အမှန်က ဘွားဘွားအလုပ်
ကိုယ်ရုံတော်ဗိုလ်ကြီးကို သတင်းပို့ရုံပဲ။ အဖြစ်ကဆိုးချင်တော့ ကိုယ်
တော်ဗိုလ်ကြီးကလည်းပဲ အဲဒီအချိန်မှာမရှိ။ ကားမောင်းတဲ့ဒရိုင်ဘာ
ဦးဘလှိုင်ကလည်း သူ့ကိုယ်ရေးအကြောင်းတစ်ခုနဲ့ ထွက်သွားနေ
လခစား သဘောဆိုရင်ဖြစ်ဖြစ်၊ သူ့တာကိုယ့်တာဆိုပြီး လက်ပေါက်ကပ်
ရင်ဖြစ်ဖြစ်၊ အဲဒီစိတ်မျိုးနဲ့ ဘွားဘွားက မဆိုင်ဘူးဆိုပြီး လက်ပိုက်ကြည့်
နေလို့မရဘူး။ သို့သော်လည်း အတိုက်အခံအမြင်နဲ့ဆိုရင်အပိုပူတယ်
ဆိုလည်းခံရမှာပဲ။

ကိုယ့်နည်းကိုယ့်ဟန်နဲ့ပဲ ရှင်းလိုက်တယ်။ ချင်းရဲဘော်ထဲက
ရာထူးအကြီးဆုံး ဆာကျင်(တပ်ကြပ်ကြီး)ခေါ်မလာ။ သူ့ကို ခေါ်ပြောပြီ
ဂျစ်ကားနဲ့ ဒရိုင်ဘာ ဦးဘလှိုင်ကို အခေါ်လွှတ်ရတယ်။ ဒီဂျစ်ကား
ချင်းရဲဘော် စစ်သားများ ဝန်ကြီးချုပ်ကားနောက်က လုံခြုံရေးအတွက်
လိုက်ရတဲ့ ဂျစ်ကား။ ကျန်တဲ့ ချင်းရဲဘော်များကတော့ အဆင်သင့်ဖြစ်
နေပြီ။ အရေးကြီးဆုံး (အေ-ဒီ-စီ)နဲ့ ဒရိုင်ဘာကသာ မရောက်လာ
သေးတာ။ ကဲ...အလယ်-လူတန်းစား၊ ကြားလူတန်းစား မိခင်ယု
ရင်ထဲမှာပူလိုက်ရတာ နာရီဝက်သာပြည့်ရော ဘယ်သူမှ မရောက်လာ
ကြဘူး။ ဂျစ်ကားလဲ ပြန်မလာသေး။





နာမည်ကသာ ဦးနု၊ စိတ်ကတော့ ပြောင်းပြန်။ မြန်လိုက်တာက
ငွှန်ဆိုတော့ နာရီဝက်အတွင်း သူက အိမ်အဝရောက်လာတာပဲ။
"မိခင်ယု အဆင်သင့် ဖြစ်ပြီလား"လို့ မေးရင်ပဲ ဘွားဘွားရင်ထဲ
သွားတာပဲ။ အဖြစ်မှန်ကလည်း ဖုံးထားလို့မရတော့ ဘွားဘွားရဲ့
ခင်နှီရှိယေးတစ်)ကိုယ်ပိုင်ဉာဏ်သုံးပြီး လုပ်တော့လုပ်ထားကြောင်း၊
မယ့် အဖြစ်ကတော့ ဆိုးပါကြောင်း မှန်တဲ့အတိုင်း အစီရင်ခံရတာပဲ၊
ကောင်းလာပြီ ဆိုရမှာပေါ့လေ၊ ဘယ်လိုသဘောပေါက်သွားသလဲမသိ၊
ဘွားတွက်ထားသလို မဟုတ်တော့ဘူး။ ဘွားဘွားကိုမအော်တော့
အအော်မခံရပေမယ့် အအော်ခံရတာထက် ဆိုးတဲ့အဖြစ်ရောက်
ပါရော၊ ဝန်ကြီးချုပ်ဟာ ဘာမှမပြောတော့ပဲ တစ်ခါတည်း အဝတ်
အပြည့်အစုံနဲ့ ဝင်းထဲကနေပြီး အပြင်ဘက်ကို ခြေလျင်ထွက်သွား
တာပဲ၊ အဲဒီတော့မှ ဘွားဘွားလည်း သတိရလာပြီး ကြံကောင်းကြံ
ချင်းရဲဘော်တွေကိုစု။ သင့်တော်သလို နောက်က ပြေးလိုက်ကြဖို့
ခင်းပန်ရတယ်။ သူ့ခမျာများလည်း မျက်စိမျက်နှာ ပျက်ပျက်နဲ့
နတ်ထမ်းပြီး နောက်ကနေ တစ်တန်းကြီး လိုက်သွားကြတာ ဝင်ဒါမီ
အပေါက်ဝကကျော်ပြီး မြေနီကုန်းဈေးနား ရောက်တော့တောင်မမီ
သေးဘူးတဲ့၊ ဘွားဘွားရင်ထဲမှာတော့ ဟာတာတာ ကြောင်တောင်
ခင်နဲ့ ရှေ့ကဝန်ကြီးချုပ်ကသုတ်၊ နောက်က ရဲဘော်တွေက ရှုတ်
ရှုတ်ရှုတ်၊ ရယ်စရာမြင်ကွင်းကြီးလာ။ စိုးရိမ်စရာပဲလား မပြော
ဘူး၊ ဘာပြောပြော လူမြင်လို့ကတော့ မတော်တဲ့ မြင်ကွင်းကြီးပဲ၊
လူစုံတော့ ဆက်လွှတ်ရတာပေါ့လေ။

(အေ ဒီ စီ)နဲ့ ဝန်ကြီးချုပ်နဲ့ နောက်ပိုင်း ဘယ်လိုဖြေရှင်းကြ



www.burmeseclassic.com

www.burmeseclassic.com



လည်းတော့မသိပါဘူး။ ဘွားဘွားမှာဖြင့် ရင်တမမယ်။ အဲဒီလို ကိုယ်လည်း ဘာမှမတတ်နိုင်။ ရင်မနေရတဲ့ ကြားလူတန်းစားအဖြစ်မျိုးတွေက ဘွားဘွားရဲ့အလုပ်သက်တမ်းမှာ တွေ့ရတာရေးရင် စာအုပ်ကြီး နှစ်အုပ်လောက်တော့ရမယ်။

အိမ်ရောက်တော့လည်း အတူနေရတဲ့ ဖခင်ကြီးအဖြစ်က တစ်မျိုး တွေ့ရပြန်တယ်ကွယ့်။ ဒီမှာတော့ ထပ်ပြီး မရေးတော့ပါဘူး သား စာတတ်လာရင် ဘွားဘွားရေးတဲ့ "ဖေဖေ"ဝတ္ထုသာ ဖတ်ကြည့်ပေတော့။ သူကလည်း "အချိန်မှန်"ကြီးပေါ့။ အဲဒီအချိန်မှန်နဲ့ "အချိန်မမှန်" အကြားမှာလည်း "ကြားလူတန်းစား" လုပ်ရသေးတယ်။ ရင်မတဲ့အခါ မ,ရတယ်။ အအော်ခံရတဲ့အခါ ခံရတယ်။

ဘွားဘွား ယူထားတဲ့ (လက်ထပ်ထားရတဲ့) ဦးပုံစံကိုတော့ လူကလေး သူနဲ့အတူနေရင်း ကြီးပြင်းလာရတော့မှာမို့ သား သူ့အကြောင်းနေရင်းနဲ့ သိလာပါလိမ့်မယ်။

ဘွားဘွားမှာတော့ အိမ်မှာလည်း အလယ်ခေါင်လူတန်းစား ဘဝပဲဖြစ်ရပြန်တာပဲ။ သူလိုချင်တာက "စံနှုန်းကိုက်""အချည်မိ"အလုပ်သမား။ သူ့စံနှုန်းအရဆိုပါက မိုးလင်းတာနဲ့ တစ်ပြိုင်နက် ဒက်..ဒက် ဒက်...ဒက်...နဲ့ နာရီလက်တံသွားနေသလို အလုပ် အလုပ် လုပ်ရင်း လုပ်ရင်း အလုပ်တွေက ပြီးနေရမယ်။ အိမ်က အလုပ်သမား "မိမိ"တို့"မောင်မောင်"တို့က သူလိုချင်တဲ့ အချည်အသွေး အပြည့်မရှိဘူး သားကြီးရဲ့။ "တက်ကြွမှုစိတ် အဆင့်ဒီဂရီဟာလည်း သုည အောက် ဒီဂရီတစ်ရာလောက်မှာတဲ့။ စေတနာဒီဂရီက သုညတဲ့။ အဲ့





ရေးအားပြုပြီး လက်ပေါက်ကပ်တာကျတော့ ဒီဂရီအပြည့်တဲ့။ "လွတ်ပ်ရေး မဆုံးရှုံးအောင် ထိန်းဖို့လောက်တောင် အသိတရားကျတော့ ဘူးတဲ့။ သူလုပ်ရမယ့် ဘာသာရပ်ကိုလည်း မကျွမ်းကျင်ဘူး"တဲ့။ တ ပြောတာပဲ။

ဒီတော့ နံနက် ငါးနာရီ မှန်မှန်ထမှ သူပြီးစေချင်တဲ့ လုပ်ငန်းက အချိန်မီပြီးမယ်ဆိုတာ ဘွားဘွားက သိတော့ အလုပ်သမားတွေ ရှိနိုးအောင် ဘွားဘွားက လေးနာရီက ထပြီး စီမံရတယ်။ နို့မို့ရင် လိုချင်တဲ့အချိန် အလုပ်တွေ မပြီးစီးရင် နာရီကြည့်ပြီး ကုန်းအော်တာပဲ။

"ဟော့...တို့တပ်မှာဆိုရင်, ဟိတ်ဆို မီးသေရတယ်။ အိမ်ရှင်မ ပ်နေပြီး ဒါလောက် အုပ်ချုပ်မှုညံ့ရသလား" လို့ ဘွားဘွားကိုပဲ အော်တော့တာပဲ။ အလုပ်သမားကို တိုက်ရိုက်အော်တာ မဟုတ်ဘူး။ လေ ဒါကြောင့် ဘွားဘွားက "အလယ်ခေါင်မှာ အအော်ခံ" လူတန်း တစ်ရပ်ပေါ့။ သူ့ကို ပါးစပ်က ပွင့်ပွင့်လင်းလင်း မပြောရဲတော့ ထဲက ပြုံးမိတယ်။ စိတ်ထဲကပဲ စကားဆိုမိတယ်။ "အိမ်ထောင်ကို အုပ်ချုပ်ရတာ တပ်ကိုအုပ်ချုပ်ရတာနဲ့မတူပါဘူး"လို့ စောစော သူတွေ့တာတွေ ပြောနေပေမယ့် အလုပ်သမားတွေထဲမှာ ရေသာ ရှာတဲ့သူ၊ စေတနာ ပုပ်ပဲ့သူတွေပါနေတာကို တစ်ခုခုလုပ်တိုင်းထည့်ပြီး ပါဘူး သားကြီးရေ။ ဘွားဘွားကလည်း ရုံးအလုပ်တွေနဲ့ စိတ်ရှုပ် တဲ့သူ့ကို အိမ်ရဲ့အလုပ်သမားပြဿနာတွေ၊ အသေးအဖွဲ့တွေကို မတင် ချင်တော့ သူ့အော်သမျှ ကျုံးပြီးခံနေရတာပဲ။

အဲဒါနဲ့ ပတ်သက်ပြီး သားကြီးရဲ့ အချစ်တော် "ပီကြူး"ရဲ့ မောင်ခင်မောင်(နန္ဒဝန်)စာပေဟာ အသိဆုံးပေါ့။ ဘွားဘွားတို့



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာဝင်ထွက်နေပြီး ဘွားဘွားရဲ့အဖေ၊ အစ်ကို၊ လင်တော်မောင် အကြောင်းတွေ အားလုံးသိတော့ သူက ရယ်စရာပြောတယ်။

"မမယုရယ် အော်နိုင်ကြပါပေတယ်...အော်နိုင်ကြပါပေတယ်" ဆိုတဲ့ ဝတ္ထုတစ်ပုဒ်ရေးပါအုံးလားတဲ့။

သားကြီးရဲ့ဖေဖေ ဗိုလ်ကြီးထွန်းအောင်ကျော်ကတော့ သူ့ ရလို့ပြန်လာတဲ့အချိန်ဆိုရင် သူက ဘွားဘွားတို့အိမ်ကို ကြည့်ကြည့်ပြီး ရယ်ချင်သတဲ့လေ။

"ကျွန်တော်တော့ တစ်နေ့နေ့ စာရေးဆရာ ဖြစ်လာအုံးတော့ မှာပဲတဲ့။ ကျွန်တော်ရေးရင် သော်တာဆွေတို့၊ ကြပ်ကလေးတို့ လိုမျိုးထဲက ဖြစ်လာမှာပဲ"တဲ့။

ဘွားဘွားကို ကြည့်ပြီးရယ်ချင်တာတဲ့။ မင်းဘာဘာ ဦးဖိုးစံ အိမ်ရှင်မအလုပ်မှာလည်း နာရီလက်တံ ရွေ့နေတာနဲ့အမျှ ဒက်..အ နဲ့ လုပ်နေရမယ်။ အလုပ်တွေပြီးနေရမယ်ပေါ့။

ဘွားဘွားကိုများ အထင်မသေးနဲ့၊ ဘွားဘွားက သိပ်တော် သူများက ချီးမွမ်းချင်မှ ချီးမွမ်းမှာ။ စိတ်ဓာတ်မကျအောင် ရယ်စ ပြောတာပါ။ ဒီတော့ ကိုယ့်ကိုယ်ကိုယ်ပဲ ချီးမွမ်းရမှာပဲ။

အဆိုတော် သင်းသင်းမြတ်၊ တင်တင်မြတို့ အဆိုကောင်း ဘာဟုတ်သေးလဲ။ ဘွားဘွားအဆိုတော်လုပ်နေတာ ကြည့်စမ်း ဘွားဘွား ရှင်းပြမယ်။ မင်းဘာဘာကလေ နာရီလက်တံရွေ့တာနဲ့အ အလုပ်လုပ်နေရမယ်ဆိုတဲ့ ဆောင်ပုဒ်အရ သူ့ရုံးကဆင်းလာ အိမ်ထဲ လာတာနဲ့ ရုတ်တရက်ပေမယ့် အော်ခေါ်တာပဲ။





"မိချို...ဟိုဟာတွေ ခဏထားခဲ့အုံးဟေ့...လာစမ်း။ ဒီမှာ ဆိုင်စမ်း။ ရော့ "ဂီတဝိသောဒနီ"စာအုပ်။ စာမျက်နှာ ၃၄ လှန်လိုက်။ ဆိုစမ်း သည့်ဆောင်းဟေမန်တွဲ့"

သူ့ပတ္တလားရှေ့ထိုင်ခိုင်းပြီး ဘွားဘွားကို ဆိုခိုင်းတာပဲ။ ဘွားဘွားက ဘယ်အညှာခံလိမ့်မလဲ။

"သည့်ဆောင်းဟေမန်၊ မြောက်ပြန်လေညှင်း... ဆော် တယ်ကို ..."

နတ်တော်၊ ပြာသို၊ နှာညှိုတည့်...နှင်းဖုံဖုံ..." အော်တဲ့ပြီး တစ်ပစ်လိုက်တာပဲ။ သူကလည်း သူ့ပတ္တလားကို သင်ရိုးအတိုင်း အပိုက်တွေ အတွဲတွေနဲ့ တီးတော့တာပဲ။ စဉ်းစားကြည့်ပါအုံး သားကြီး။ အဆိုကျော်ကြီးတွေတောင် သူ့အဖွဲ့နဲ့သူ ဆရာနဲ့ဗျာနိကရိုဏ်းကျကျ လေ့ကျင့်ပြီး ဖြစ်ပေမယ့် တစ်ခါတော့ သီချင်းတိုက်ရသေးတာပဲ။ ဘွားဘွားအဖြစ်ကိုကြည့်ပါအုံး။ "ဂန္ဓမာတောင်တို့" "မြမြမောင်းမောင်း" တို့ သီချင်းကြီး သီချင်းခန့်ဆိုတာတောင် နာမည်တပ်ပြီး အပေါက် ထည့်အောင် ခေါ်တတ်တာမဟုတ်ဘူး။ တစ်ပုဒ်၊ နှစ်ပုဒ်လောက်၊ ငယ်ငယ်က အစ်ကိုတွေ ဆိုသံကြားလို့ နားယဉ်ပြီး အော်ရုံအော် တတ် တာ။ ဒါပေမယ့် ဘွားဘွားရဲ့မေမေကလည်း။ ဘွားဘွားတို့ ငယ်ငယ် တုန်းက ကလေးတွေသိပ်ရင် များသောအားဖြင့် "အိနောင်ပတ်ပျိုး ကိုဆိုပြီး သိပ်တတ်တယ်။ အဲဒီတော့ ကြားဖူးနားယဉ်တာပဲ ရှိတယ်။ အဲဒါထက်ပိုပြီး ဘယ်သီချင်းကြီးကိုမှ စည်းကျဝါးကျ ဆိုတတ်တာ မဟုတ်ဘူးကွယ့်။ ဘွားဘွားရဲ့အသံကို တိတိကျကျ ဘယ်နှစ်ပေါက်သံ



www.burmeseclassic.com

www.burmeseclassic.com



ပဲလို့ နာမည်တပ်မရဘူးလို့ သူကပြောတယ်။ ငါးပေါက်ခွဲ ငါးပြားနဲ့
ခြောက်ပြားကြားရှိမယ်ပြောတယ်။ အဲဒီလိုအော်ပုံနဲ့ မင်းဘဘရဲ့ တူနဲ့
ထုသလို လက်ခတ်ကိုဆုပ်ပြီး ကိုင်ထုသလို ထုတဲ့ပတ္တလားသံနဲ့သာ
အသံလွှင့်ရရင်တော့ကွယ်... ရေဒီယို လျှောက်လွှာတင်တဲ့လူ နည်းသွား
မယ်ထင်တာပဲ။ တိုင်းသူပြည်သား ပရိသတ်ကို ငဲ့ညှာတဲ့သဘောနဲ့
မလွှင့်ကြတော့ဘူး။ အဲဒီလိုပေါ့ အခုပဲ စာရေးစာရေး၊ အခုပဲ မီးဖိုကိစ္စ
အခုပဲ သီချင်းဆို၊ အခုပဲ မြက်ပေါက်၊ သစ်ပင်စိုက်၊ အခုပဲ သာရေး
နာရေး ပေါင်းသင်းရေး တစ်ယောက်တည်းနဲ့ စုံနေတာပဲ။ ဒီအဖြစ်တွေ
ကြည့်ကြည့်ပြီး မင်းဖေဖေ ထွန်းအောင်ကျော်က ရယ်မယ်ဆိုလည်း
ရယ်သင့်တာပေါ့လေ။ သူတို့အဖို့တော့ ရယ်စရာပေါ့။

တစ်အိမ်လုံး အလုပ်အလုပ် ဆိုတဲ့လူကတစ်မျိုး၊ ခိုမယ်ကပ်
မယ်ဆိုတဲ့လူက တစ်မျိုး၊ အိုးနင်းခွက်နင်းဖြစ်နေတဲ့ ဘွားဘွားက တစ်မျိုး
ရယ်စရာဖြစ်နေတာပေါ့။

စောစောက ဘွားဘွား ရေးခဲ့သလိုပဲ စေတနာယုတ်တာတွေ
လက်ပေါက်ကပ်တာတွေ ရောသိချင်တဲ့စိတ်ရှိတဲ့ သူတွေကို ဘွားဘွားက
လည်း အပြစ်ရှိရင် ချက်ချင်းထုတ်မပစ်ချင်ဘူး။ တတ်နိုင်သလောက်
သူတို့အကျင့်လေးတွေ ပြင်ပါစေတော့လို့ တရားချချင်တဲ့ အကျင့်
ကလေးကလည်း ရှိသေးတယ်လေ။

ကိုယ်တွေ့နမူနာတစ်ခု ပြောပြရအုံးမယ်။ ဘွားဘွားအိမ်က
ထမင်းချက်တဲ့ မိန်းကလေးအကြောင်း၊ သူများအကြောင်းပြောရတာ
စိတ်ထဲမရှင်းပါဘူး။ ဒါပေမယ့် သင်ခန်းစာ သဘောပေါ့။ သူ့ဂုဏ်ကို





ထိခိုက်မှာစိုးလို့ သူ့နာမည်ရင်းကို မပြောတော့ဘူး။ ခင်လေးကြီးလို့ပဲ
ဘွားဘွားက ခေါ်တယ်။

သကြံနိုရက်မှာ ရေကအချိန်ခွဲတမ်းနဲ့ပေး။ လာတဲ့ရေအား မရှိ
တော့ ပြေဿနာဟာ အိမ်တိုင်းမှာလိုလို ပေါ်တယ်။ ရေဆွဲအိမ်သာသုံးတဲ့
ဘွားဘွားတို့လို အိမ်မျိုးမှာ စားဖို့သုံးဖို့ထက် အိမ်သာမှာရေဆွဲချနိုင်ဖို့
ကီထဲ ရေကျန်များများ ရှိနေဖို့က အရေးကြီးတယ်။ အောက်ရှိတဲ့
ပိုင်းထဲကိုလည်း ဖြည့်ထားရမယ်။ ရေပေးချိန်မှာ ကယ့်နိုင်
လောက်ရေခံပြီး လှောင်ထားကြရတယ်။ မင်းဘဘ ဦးပုံစံကအစ
ရယ်၊ လက်မသန်တဲ့ ဘွားဘွားရယ်၊ 'မိ' ရယ် စုပေါင်းပြီး တစ်အိမ်
ပြဿနာဖြစ်နေတော့ ရေလွှတ်ပေးချိန်မှာ အပေါ်တိုင်ကီထဲကို
ခွင်းထဲက ရေခပ်သလို ရေလှောင်ထားတဲ့ စည်ပိုင်းထဲက ရေဆွဲ
တဲ့သူကထည့်ပြီး ဖြည့်တဲ့လူကဖြည့်ပေးကြရတယ်။ အောက်ကလည်း
စည်ပိုင်းထဲကိုလည်း သံပုံးနဲ့ ကြိုးချည်တင်ပေးရတယ်။ နာနီက
ငါ့အလုပ်က ကလေးထိန်းရုံပဲရယ်လို့ မရိုကပ်ရှာပါဘူး။ ဒီအိမ်သာ
လည်းသုံးတော့ သူ့အားလပ်ချိန် ဝင်ကူပေးတာပဲ။ ရုတ်တရက်
ကြီးအနီးက လေတိုက်ပြီး လွင့်ကျသွားတာနဲ့ နာနီကအနီးတွေ
တာက်နေတုန်း ခင်လေးကြီးကို ခဏရေတင်ပေးလိုက်ပါဆိုပြီး
သွားတယ်။ တစ်ပုံးသာ တင်ပေးပြီး ထမင်းအိုးဆူနေပြီဆိုပြီး ပြန်
တော့ဘူး။ ရေပေးတဲ့အချိန်သာ ကုန်သွားရော သူကမလာ။ ရေတင်
တဲ့သူကို မမြင်တော့ မင်းဘဘ ဦးပုံစံက ဘွားဘွားကို ဆူတော့တာပဲ။

နာရီပိုင်းနဲ့ ရေလာတာ အချိန်မီ ရေမတင်နိုင်ရင် အိမ်သာ

www.burmeseclassic.com



ပြဿနာအားလုံး ပေါ်မယ်ဆိုတာ သိပေမယ့် ဟော...ခင်လေးကြီး
သူ့အလုပ်မဟုတ်လို့ သူမကူဘူးတဲ့။ အဲဒါ တွက်ကပ်တာ၊ လက်ပေါ
ကပ်တာလို့ ခေါ်တယ် သားကြီး။

ထမင်းစားချိန် ရောက်ရင် ၁၅-မိနစ်လောက် အချိန်ပိုင်းအတွ
အားလုံးပြီးအောင် ကားမောင်းတဲ့ ရဲဘော်ရော၊ သားရဲ့ဘဘရော
ဘွားဘွားတို့ပါ အတူတစ်ဝိုင်းတည်း ထမင်းစားလေ့ရှိကြတယ်။ ခင်လေ
ကြီးက စေတနာယုတ်တော့ ထမင်းစားချိန်ဆို မျက်နှာရှစ်ခေါက်ချိုးထ
တာပဲ။ နာနီကိုလည်း ဘွားဘွားတို့ ကွယ်ရာကြရင် ထမင်းကို ပြ
သလိုကျွေးတယ်။ ထမင်းစားချိန်မှာ ငရုပ်ဆုံကို နားကွဲမတတ် ထော
လား ထောင်းတတ်တယ်။

ဘွားဘွားလည်း နောက်ဆုံးတော့ မတတ်နိုင်ဘူး။ အား
အလုပ်သမားတွေ မရှိချိန်မှာ သူ့ကို တစ်ယောက်တည်း ခေါ်ပြောရတာ

"ခင်လေးကြီး မင်းလုပ်သမျှတွေကို ငါမသိဘူးမထင်နဲ့
အားလုံးသိတယ်။ အစ်ကိုကြီး သိမှာစိုးလို့ ငါအုပ်ဆိုင်းထားတယ်။ ထ
သိထားဖို့က နင်အလုပ်လုပ်နေတဲ့ အိမ်ဟာ စစ်ဖက်ကလူရဲ့အိမ်။ မင်
စပြီး ထမင်းချက်ဖို့ခေါ်ကတည်းက တို့များအိမ်မှာ နာနီကိုရော ပြ
ကြိုက်လို့ကျွေးရင် ရဲဘော်ကိုရော ထမင်းကောင်းကောင်းကျွေးရ
မယ်ဆိုတာ အသိပေးပြီး မင်းကတိယူပြီးမှ ခေါ်လာခဲ့တာ။ ပြီးတေ
ရဲဘော်နဲ့ ဒုဗိုလ်မှူးကြီးဆိုပေမယ့် အဆင့်သာခွဲခေါ်တာ၊ စစ်မြေပြင်ကျ
သား အဖလိုနေရတာ၊ ရဲဘော်ဟာ ဆရာကို အသက်ပေးထားရတာ
တို့ တောင် ဒီရဲဘော်နဲ့ စားအတူ သွားအတူနေနိုင်ပါလျက်ကနဲ့ မင်
ဘာဖြစ်ရတာလဲ..."





ဘွားဘွားလည်း ရှင်းရှင်း မေးရတာပေါ့။ သူက ဘာမှပြန်
ပြောဘူး။

'ရဲဘော်က တစ်ခုခုလွန်လာရင် ငါ့ကိုပြော။ မတရားသဖြင့်
ကျော်စော်ကားလာတယ်ဆိုရင် ခံနေဖို့ပြောနေတာမဟုတ်ဘူး။
ဗိုလ်မှူးကို တိုင်ပြမယ်။ ရဲဘော်တွေဟာ ဥပဒေနဲ့နေရတော့ သူတို့မှာ
ပြစ်ရှိရင် ဥပဒေအရ အရေးယူနိုင်တယ်။ အေး...မင်းက လွန်လာ
င်လည်း မင်းကို ငါအရေးယူရလိမ့်မယ်..."

ဘွားဘွားကတော့ သူ့စိတ်ဓာတ်ကို ပြင်လာလိမ့်မယ်လို့
င်တယ်။ မရပါဘူး။

ညကို ရှစ်နာရီခွဲ အိပ်ရာဝင်တယ်။ တစ်ခါတလေ ဘွားဘွား
နာရီခွဲပွဲ ရုပ်ရှင်ကြည့်လို့ ၉-နာရီခွဲ ပြန်လာတဲ့အခါ တော်တော်ညဉ့်
က်နေတယ်။ အဲဒီအချိန်မျိုးမှာ နာနီဟာ အပျိုလေးမို့ တစ်ယောက်
ည်းလာပြီး တံခါးမဖွင့်စေချင်ဘူး။ "ခင်လေးကြီး နာနီနဲ့အတူ စောင့်နေ
" ဆိုလည်း မရဘူး။ အတင်း ပေအိပ်တာပဲ၊ ခပ်တည်တည်ပဲ။ မနက်
နာရီထဖို့ ဘွားဘွားက အမြဲနှိုးရတယ်။

မနက်မိုးလင်းရင်လည်း နားမချမ်းသာစရာပဲ။ ညက မီးယပ်
ချင်ထလို့ မူးလို့၊ ပူလို့ တစ်ညလုံးမအိပ်ရဘူးဆိုတာတွေဟာ နေ့စဉ်
ကြား နေရတာပဲ။ ဘွားဘွားကလည်း ရောဂါသည်ဆိုတော့ သူ့ကို
ယ်ချင်းစာတယ်။ ဒါပေမယ့် သူ့ခိုင်းရတာက တော်တော်ရယ်။ သူ့
တွေ့ရင် နားမချမ်းသာ ဦးနှောက်အနားမရ ဖြစ်နေရတာက ကိုယ်ပိုင်
ချယ်လိုက်ချင်လာတယ်။ ဒါပေမယ့် သူ့ရောဂါအစုံကို ဆရာဝန်နဲ့



www.burmeseclassic.com

www.burmeseclassic.com



အသေအချာ ကုပေးတယ်။ ဘွားဘွားအိမ်မှာ ဆေးကုသခွင့်လည်း အတူတူပဲ၊ ဆေးဝါး ကုသခလည်း သူတို့လခထဲကငွေကို ဘယ်တော့မှ မဖြတ်ဘူး။ အရင် 'မိ'ငယ်ငယ်က ဆယ့်ငါးနှစ်တိုင်တိုင်နေသွားတဲ့ မိန်းကလေးဆိုရင် ဆေးရုံကြီးမှာ လူအများနဲ့ ဓာတ်မှန်ရိုက်ရင် မသေချာ မှာကိုလည်းစိုး၊ တန်းစီအချိန်ဖြုန်းရမှာလည်းစိုးလို့ ဆူးလေ ဘုရား လမ်းက ဒေါက်တာသာဒင်ဆီမှာ ငွေနှစ်ဆယ်ပေးပြီး ဓာတ်မှန်ရိုက်တာ ချည်းပဲ၊ နှစ်စဉ် အိမ်သားတွေနဲ့အတူ ဆေးစစ်ရတယ်၊ တစ်နေ့ကလည်း အိပ်ခန်းကို ရှင်းရင်း သူ့ကို ဆေးစစ်ပြီး ရိုက်ထားတဲ့ဓာတ်မှန်တွေ သွားတွေ့သေး တယ်။

ခင်လေးကြီးကိုလည်း ဆရာဝန်ကို ပြကုသပေးတယ်၊ ဆရာ က ဘာရောဂါမှ မရှိဘူးတဲ့ သူ ဈေးလည်း မဝယ်ရဘူး၊ အဝတ်လည်း မဖွတ်ရဘူး၊ မီးမှုလည်း မတိုက်ရဘူး၊ တံမြက်စည်းလည်း မလှဲရဘူး အပိုဘာမှ မလုပ်ရဘူး။ ကုန်ကုန်ပြောရရင် ထမင်းချက်တဲ့နေရာ ဆယ်ပေလောက်ရှိတဲ့ ခြံတံခါးကို ဖွင့်ဖို့ရာကိုတောင် လက်ပေါက်ကပ် နေတယ်။ မင်းဘဘ ပါမလာရင် မြင်ရက်နဲ့ ရဲဘော်ကို ခြံဝင်း တံခါး တောင် ထွက်ဖွင့်မပေးဘူး။ သူက သူ့ဟာသူ ရောဂါရှိတယ်သာ ပြော နေတယ်။ သူ့ ရုပ်ကဖြင့် ရောက်စနဲ့ လုံးဝမတူတော့ဘူး၊ ဝ,တုတ် တောင့်တင်းလာတာပဲ။ သူ့ပါးစပ်ကပဲ ဘွားဘွားကို ပြောသေးတယ် လေ၊ "ဒီအိမ်ရောက်လာတော့ စားချင်တာ စားရလို့ ထင်ပါရဲ့ ဝ,လာ ပေမယ့် အကျီတွေမတော်တာက ခက်တယ်တဲ့" ဘွားဘွားလည်း အသာ ကြည့်နေတယ်။ ဘယ်လောက်ထိ စေတနာစုတ်ပွဲသလဲဆိုတာ သိ အောင်၊ ဘွားဘွားမှာ အကျင့်တစ်ခုရှိတယ်။ ဘွားဘွားကို စော်ကား





တယ်ထင်ရင် တတ်နိုင်သလောက် လျော့ပေးနေတာပဲ၊ နောက်ဆုံး ဘွားပြတ်သားတော့မယ် တိကျတော့မယ်ဆိုရင်တော့ တစ်သက်လုံး ပြတ်ပဲ၊ ပြတ်ပြတ်သားသားကို ဆက်ဆံတတ်တယ်။

ဒုတိယအကြိမ် ဘွားဘွား ခင်လေးကြီးကို ပြောပြသေးတယ်။

"မင်းဟာ ဗုဒ္ဓဘာသာတစ်ယောက် စေတနာဟာ လူကိုအကျိုး တယ်ဆိုတာ သိဖို့ကောင်းတယ်။ တစ်အိမ်ထောင်မှာဆိုရင် မိသား စုဟာ တစ်ဦးနဲ့တစ်ဦး အကျိုးပြုနေတာ၊ မင်းနဲ့ ရဲဘော်ဟာလည်း ဦးကျေးဇူးတစ်ဦး သိတတ်ဖို့ကောင်းတယ်။ ဟိုတက်အိမ်က ထမင်း ကို ကြည့်စမ်း၊ မင်းမျက်စိနဲ့အမြင် ဈေးကို တစ်နေ့သုံးလေး က်လောက်သွားရတယ်။ ပြည်သူ့ဆိုင်ဆိုရင်လည်း သူကိုယ်တိုင်ပြေး ည်းထုတ်ရတယ်၊ ရေနံဆီပုံးလည်း ကိုယ်တိုင်ရွက်ရတယ်၊ မင်းမှာ ထမင်းချက်ရုံပဲ၊ ဈေးဆိုရင် ငါကိုယ်တိုင်သွားပေးတယ်။ ရေနံဆီဆို ရုံးသွားရင်း ကားကြုံနဲ့သယ်ပေးထားတယ်။ ပြည်သူ့ဆိုင်ဆိုတာ ခေါက်မှမသွားရဘူး၊ ဒီတော့ ဒီနေ့ကစပြီး တစ်လတိတိ မေတ္တာပို့ ည့်စမ်း၊ ရဲဘော်ရဲ့ ကျေးဇူးတရား ငါ့မှာရှိပါလားဆိုတာ..."

ဘွားဘွားက တစ်ဖက်က သူ့ကို တရားဟောသလို တစ်ဖက်က ည်း ရဲဘော်ကို ပြောပြရတယ်။

"ခင်လေးကြီး ထမင်းချက်ပေလို့ ကြုံတဲ့အခါ လွယ်လွယ် စားနေရတယ်။ ငါ့ရဲ့ ထမင်းရှင်ပါလား၊ ငါ့အပေါ် သူ့ဘာ အာဃာတ နေသလဲ၊ ရှိရင်လည်းပြေပါစေဆိုပြီး တစ်လတိတိ မေတ္တာပို့စမ်းပါ" ဘွားဘွားက ရဲဘော်ကို နားချတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဒီတစ်လအတွင်း မိုးရွာတဲ့အခါ လှမ်းထားတဲ့ ဖွတ်ပြီး အဝတ်ကို တန်းသိမ်းတဲ့အခါ ခင်လေးကြီးဟာ ရဲဘော်လှမ်းထားတဲ့ အဝတ်ကိုအမြဲချန်ထားတယ်။ ရဲဘော်က ရုံးကို သားကြီးဘဘနဲ့ အမြဲသွားရတော့ သူ့အဝတ်တွေဟာ ခဏခဏ ရေစိုခံရတယ်။ တစ်လတော့ ပြည့်လာပြီ၊ ခေါင်းမူးတယ်၊ ခေါင်းကိုက်တယ်၊ ထုံးစံအတိုင်း ခင်လေးကြီးက ရောဂါထပြနေတာပဲ။ ဘွားဘွားကလည်း စောင့်ကြည့်နေသေးတယ်။ ဆရာဝန်ဆီခေါ်သွားပြီးပြပေးတယ်။ ဆရာဝန်ကလဲရောဂါမတွေ့ဘူးပဲပြောတယ်။ ဒါနဲ့ဘွားဘွားအိမ်ရောက်တော့ "ခင်လေးကြီးအိမ်ပြန်ပြီး အနားယူစမ်း" ဆိုတော့ ဖျတ်ဖျတ်လတ်လတ် အိမ်ပြန်သွားလိုက်တာ စောစောက ခေါင်းမူး ခေါင်းကိုက်တဲ့ လူနာရုပ် တစ်စက်မှ မရှိတော့ဘူး။

ဆယ့်ငါးရက်ကြာတော့ သူပြန်လာတယ်။ သူညော်ကင်းအောင် ဆေးတွေဘာတွေစားပြီး အဝပဲ နားပစ်တယ်တဲ့။ ဘွားဘွားကလည်း ပြုံးပြီး ပြောပြတယ်။

"မင်းကို ငါဟာ ထမင်းချက်ထဲမှာ လစာအမြင့်ဆုံးပေးထားတယ်။ မင်း ပထမ ထမင်းချက်တဲ့အိမ်မှာ တစ်လခြောက်ဆယ်ပဲရတယ်ဆိုတာ ငါသိတယ်။ ငါစာတစ်အုပ်ပြီးအောင် ရေးချင်လို့ တစ်လရှစ်ဆယ်ပေးတယ်။ ဆေးဝါးအလကားကုသခွင့်ပေးတယ်။ အဝတ်အစား ငါပေးတယ်။ တစ်လမှာတစ်ရက် အိမ်ပြန်ခွင့်ပေးတယ်။ အိပ်ရာ ခြင်ထောင် ခေါင်းအုံး၊ စောင်ပေးတယ်။ ရှစ်ဆယ့်နှစ်ကျပ်စားရတဲ့ရုံးက အမှုထမ်းတစ်ယောက်ဟာ မင်းလောက်အခွင့်အရေးမရဘူး။ အခု ငါ့အိမ်မှာနေတဲ့





ခြောက်လအတွင်းမှာ လစာအပြည့် မင်းခွင့်ယူတဲ့ ရက်ပေါင်းဟာ အိမ်ပြန်ခွင့်ပေးတဲ့ တစ်လတစ်ရက်ကျမပါ၊ ရက်ပေါင်း နှစ်ဆယ်သုံးဆယ်လောက်ရှိတယ်။ ထမင်းချက်တဲ့လူဟာ ညော်နဲ့ကင်းလို့မရဘူး။ ညော်ကြောက်တယ်ဆိုရင် ညော်မရှိတဲ့အိမ် ငါ့ထက် လခတိုးပေးတဲ့အိမ်မှာ လုပ်သင့်တယ်။ ငါ့ဆီက ကြိုတင်ယူထားတဲ့ ငွေတွေဘာတွေလည်း ဆပ်ဖို့မလိုဘူး။ လှူလိုက်တယ်လို့ပဲ ငါသဘောထားတယ်။ သုံးဘီးကားကို အခုခေါ်ပါ။ သေတ္တာကိုတင်ပါ။ သုံးဘီးကားခလည်း ပေးလိုက်မယ်။ ရော့ . . . သုံးဘီးကားခ ငါးကျပ်။ ရက်အကန့်အသတ်မရှိ နားတော့" လို့ ပြောလိုက်ရတယ်။

အဲဒီလို အရည်မမီ စေတနာပုပ်တဲ့ လူတစ်ယောက်ပါလာရင် အိမ်တစ်ခု အုပ်ချုပ်ရေးဟာ ကမောက်ကမဖြစ်တာပဲ။ စက်ယန္တရားတစ်ခု ချွတ်ယွင်းရတာလိုပဲ။ (ဝက်အူတစ်ချောင်းချွတ်ယွင်းတာနဲ့)စက်တစ်ခုလုံး လုံးဝမောင်းမရတော့ဘူး။

ဘွားဘွားကတော့ အနောက်ဆံဆံ စကားလုံးတစ်လုံးကို သတိရနေတယ်။ ဟောလိဝုဒ်လောကမှာ "ရီတာဟေးဝပ်"ဆိုတဲ့ နာမည်ကျော် ယောက်ျားတွေပိုပြီး အသည်းစွဲတဲ့ဇာတ်လိုက်မင်းသမီး ရှိခဲ့ပြီးတယ်။ သူက "ဂီလီဒါ"ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားမှာ ဂစ်တာကြီး တီးပြီး (Put the Blame Upon Me) (ပွတ်သဘလိမ်း အပ်ပေါ်နမ်မီ) အပြစ်လို့ပဲ ဆိုပါတော့" ဆိုပြီး သီချင်းဆိုတယ်။ ဘွားဘွားလည်း ဟေးဝပ်လိုသာ ဂစ်တာကြီးတီးတတ်ရင် တီးပြလိုက် ချင်တော့တယ်။

မြန်မာဆံဆံ သီချင်းဆိုရရင်တော့ . . .



www.burmeseclassic.com

www.burmeseclassic.com



“မေလည်း ဘယ်သူ့ကိုမှ အပြစ်မတင်လိုပါ သလေ့...မေ အပြစ်နဲ့မေသာ ရှိပါစေတော့ မောင်ရေ... မောင်ရေ ...”

လို့ အဆိုကျော် တစ်ဦးဟစ်သလို ဟစ်လိုက်ချင်တယ် သားကြီး ရေ။ ဘွားဘွားရဲ့ရောဂါတွေဟာ စင်စစ်တော့ အထက်လည်း ပြန်မပြော အောက်လည်း အရေးမယူချင်တဲ့ ရောဂါထင်တာပဲ။

အိမ်ရှင်မတိုင်းဟာ အဲဒီလို မအီမလည်ရောဂါ ငါ့လိုပဲ ခံစား မှာပဲလို့ ကိုယ့်စိတ်ကို ဖြေရတယ်။ ဦးပုံစံ စိတ်ထဲကတော့ “ငါဒါလော (Staff) အဖွဲ့ လူအပြည့်အစုံ ပေးထားပါလျက်နဲ့ အလုပ်မအောင်မြ တာ ဘွားဘွားညံ့လို့လို့ ယူဆတယ်ထင်ပါရဲ့။ လူများလို့ ပွဲမစည် ပေါ့လေ။

ဘွားဘွားမှာ အကျင့်တစ်ခုရှိတယ်။ လူတစ်ယောက်ကို အထ ဖြုတ်မပယ်ချင်ဘူး။ တတ်နိုင်သလောက် သူတို့ကို သဘောပေါက်အော နားလည်အောင် ရှင်းပြချင်သေးတယ်။ အစိုးရ အလုပ်လုပ်ရတုန်း လည်း အောက်လူတွေ အပြစ်ကို ဖုံးရလွန်းတော့ အိမ်တော်ဝန်ဆို ဦးကြူစိန်ရဲ့ ဇနီးဒေါ်နီနီကြီးလည်း ပါသပေါ့။ နှစ်ယောက်လုံး အ အဖိကောင်းလိုက်ကြတာ ကိုယ့်ဟာကိုယ်တော့ ဖုံးလို့ လုံတယ်ထင်နေ တာပေါ့။ အပြင်ကအကုန်သိ။ ကန်တော့ပါရဲ့ “အအ,တွေ”လို့ အထက် အပြောခံရတယ်။ တကယ်တော့ ဘွားဘွားတို့က ဘယ်အ,ပါလိမ့်မ ကိုယ့်ပယောဂကြောင့် လူတစ်ယောက် ဒုက္ခမရောက်စေချင် လို့ အဲ...မမ မောင်မောင်တို့ဘက်ကတော့ ဒီလိုသဘော မပေါက်ကြ တော့ ရောင့်တက် ကမ်းတက်လာကြရော။ မဖုံးမဖိနိုင်တော့တဲ့ အ





ရောက်လာတော့ သူတို့ပဲ တလိမ့်ခေါက်ကွေးကျသွားပြန်ရော။ ဒါကြောင့် လည်း မြတ်စွာဘုရားသခင်က ဟောတော်မူတယ် ထင်တာပဲ။ လူ့ဘောင် လောကီတစ်ခုတည်း ကြည့်လုပ်နေတဲ့ ဝေနေယျသတ္တဝါတွေဟာ သူ့ရဲ့အိမ် ထောင်ရေး စားရေးဝတ်ရေး လုံခြုံရေးလုပ်နေတာနဲ့ အသိဉာဏ်အတွက် ထိုင်စားချိန်မရတော့ပဲ ဉာဏ်နဲ့ယှဉ်တဲ့ အသိဆိုတာဝေးရော။ တဲ့တိုး အသိကလေးတောင် မရှိကြတာကို တွေ့ရတယ်တဲ့။ သူ့ဘဝလေးမှာ အဆင်ပြေမှ ပြေပါစေတော့လို့ လုပ်နေကြတာကိုး။ ကြောင့်ကြရခြင်း၊ ပင်ပန်းခြင်း အပြည့်နဲ့ဆိုတော့ ဦးနှောက်တွေပန်းပြီး အသိဉာဏ်မရှိချင် ရှည်းနေတော့ စားရရုံလုပ်မှာပဲ။ လက်မြှောက်တယ်ဆိုပြီး အသိဉာဏ်နဲ့ ယှဉ်တဲ့အတွေးကို မတွေးတော့ဘူး။ ဒီတော့ အသိဉာဏ်အားနည်းသွား ကြတယ်ထင်ပါရဲ့။

ဘွားဘွားတို့ ဆွေရေးမျိုးရေးကိစ္စတွေမှာဆိုလည်း ဘွားဘွား က ကိုယ့်ကိုစော်ကားထိရိုက်လာရင် သို့မဟုတ် ဘွားဘွားပေးတဲ့ အခွင့် အရေးတွေကိုယူပြီး (ဘွားဘွားအပေါ် ပြန်လည်သိတတ်စေချင်တယ်လေ။ သဘာဝပဲ) ရောင့်တက်ကမ်းတက်လာရင် အကြိမ်ကြိမ်လျှော့ပေး တယ်။ ရေမြေလို အဆိပ်မဲ့သလို နေပြတယ်။ လည်စင်းခံတယ်။ ခံစရာရှိ ။ ဒုက္ခကိုလည်း တစ်ယောက်တည်း ကျုံးခံတယ်။ အဲ... နောက်ဆုံး သားတော့မယ်ဖော့ ဆိုရင်တော့လား ဘုရားမှာကို သစ္စာဆိုပြီးတော့မှ ကျကျ ပြတ်ပြတ်သားသား လုပ်လိုက်တာ တစ်သက်ပြတ်ရောပဲ။

ထုံးစံအတိုင်းပေါ့။ ဆွေမျိုးထဲမှလည်း ဝါစဉ်အလိုက် (ငါ်ယော နဲ့ စဉ်လိုက်ရင် ဘွားဘွား နံပါတ်က အောက်နားမှာရှိတယ်။ အမေ



www.burmeseclassic.com

www.burmeseclassic.com



ကလည်းမရှိတော့ အဒေါ်တွေက ပြောစရာရှိသမျှ ဘွားဘွားခေါ် ပုံချတာပဲ။ "မိခင်ယု လုပ်ရင်ဒါမျိုးချည်းပဲ။ မင်းဟာ သိပ်ဆိုးတာပဲ" ပြီး ဝိုင်းအပြစ်တင်ကြတာပေါ့လေ။ "မဟာသာကီ"မျိုးများ ပီပီမဟာ ယဉ်ကျေးမှုကို ထိုးဖောက်ဖျက်ဆီးရာရောက်သပေါ့။ ဘွားဘွား မဟာသာကီတွေရဲ့ ထုံးတမ်းစဉ်လာက ကြီးသူကိုငယ်သူက ဘာမှ မပြောရဘူး။ ကြီးတဲ့လူလုပ်တာ မတရားဘူးထင်ရင် မေမေ့ကိုသ တိုင်ရတာကိုး။ ဘွားဘွားအဖြစ်ကလည်း "တယ်"လိုက်ရင် "ရင်ဆိုင် ရရင် ကိုယ့်ထက်အကြီး ဆွေမျိုးထဲက ထိပ်ထိပ်ကြဲတွေနဲ့ချည် ရင်ဆိုင်ရတာတတ်တယ်။ သူတို့တွေကလည်း ခေါင်းငုံ့ခံဆွေမျိုးတွေပေါ် "အပွဲပွဲနွှဲလာခဲ့သမျှ" ဒီမိခင်ယုဆိုတဲ့ ပေါက်စနနဲ့"တယ်"ရတဲ့အ ကျမှ နှုပ်ပစ်ခံရလေခြင်းဆိုပြီး ဆတ်ဆတ်ခါကြတာပဲနဲ့တူပါရဲ့၊ ဒီ ဘွားဘွားကရှင်း ပြောပြရတယ်။

"မဟာသာကီမျိုးများရှင့်၊ ဆွေမျိုးတို့၏ အစည်းအဝေးခေါ် ကြိုက်သောသူများကို ခေါင်းခေါက်ရွေးပြီး မဟာခုံအဖွဲ့ဖွဲ့ပါ။ မိခင် က ဖြစ်သမျှအချက်အလက်တွေကို တင်ပြပါ့မယ်။ တစ်ဖက်ကလည် တင်ပြပါစေ။ အဲဒီအခါကျလို့ မိခင်ယုလွန်ပါတယ်လို့ မဟာခုံအဖွဲ့ ဆုံးဖြတ်ရင်ဖြင့် မိခင်ယုကို မဟာသာကီအမျိုးထဲမှ "ဆွေမျိုးအဖြ ပြုတ်စဲကြောင်း ကြေညာပြီး ဝိုင်းပယ်သည်အထိ အပြစ်ပေးနိုင်ပါတယ် လို့ပြောရတယ်။

ဒီတော့လည်း မဟာသာကီမျိုးများဟာ တုတ်တုတ်မှမ ကြပြန်ဘူး။ ဘွားဘွားဘက်ကတော့စည်းမပေါက်အောင် အမြဲထိန်းတ





ကြောင့်လည်း တိုက်ပွဲစပြီဆိုတဲ့အခါမှာ ရှုံးတာနိုင်တာ အပထားလို့ ယ်က ရင်ကော့ပြနိုင်တယ်။ သားကြီးရဲ့ဘဝမှာလည်း ဘာတိုက်ပွဲတွေ ကြုံရအုံးမယ်ဆိုတာ ဘွားဘွားမပြောနိုင်ဘူး။

တစ်ခါတစ်ခါ မင်းဘဘ ဦးပုံစံကြီးက ဘွားဘွားမေးစေ့ကို ပြီး မျက်နှာကို စေ့စေ့ကြည့်တယ်။

"မိချို ...လူကြည့်တော့လည်း ပျော့စိပျော့ဖတ်နဲ့ နေ့သေ တော့မလို ညသေတော့မလိုပဲ။ ဒါပေမယ့် ဒီမျက်လုံးက ဝင်းဝင်း လာရင် တစ်ချီတည်း ခုန်အုပ်တာပဲ ကျားမကြီးလိုပါပဲကလား"

ဘွားဘွားကလည်းလေ သူ့ကိုပါးစပ်ကသာ ပြန်မပြောရဲတာ နဲ့တော့ လိပ်ပတ်လည်အောင် ရေးပြတတ်တယ်။ ရင်ထဲရှိသမျှကို လက်မက်ဆိပ်) (Speak less message)ခေါ်တဲ့စကားမပြောပဲ "" အမူအရာလောက်နဲ့ ပြောပြရတာပဲ။

မင်းဘဘ ဦးပုံစံက ဘွားဘွားကို ဗေဒင်ပညာလည်းမတောက် ခေါက် သင်ထားပေးသေးသကွယ့်။ "မူလဇာတာစန်းကောင်းပြီး သပတေး"အုန်"ရထားလို့တရားနဲ့ယှဉ်ပြီး ဦးညွှတ်နေတာပေါ့။ ရင်လား မူလဇာတာမှာ "သိဟ်"ခြသေ့ဟောက် တူမှာမီးတောက် ပါပဂြိုဟ်၊ ဒုစရိုက်ဂြိုဟ်အားကောင်းတဲ့ ဇာတာပဲ။ တစ်ချီတည်း ယ်ပစ်မှာပဲ"လို့ ပြောမိတယ်။

ဘွားဘွားအကျင့်တွေကို ရေးပြနေတာဟာ ဘွားဘွားလိုက် ပြောနေတာမဟုတ်ဘူး။ သားကြီး စာတတ်လာလို့ရှိရင် ကြည့်၊



www.burmeseclassic.com

www.burmeseclassic.com



လက်ခံသင့်မှလက်ခံ။ မကြိုက်ရင်လည်း ပယ်နိုင်တယ်။ ဘွားဘွား နှ ကတည်းက ပဏာမခံလာတယ် မဟုတ်လား။ ပုံမသွင်းပါဘူးဆိုတာ တစ်သက်ပြတ်ရော လုပ်တတ်ပေမယ့် ဘွားဘွားအပေါ် စော်ကား သူကိုတော့ ဘယ်တော့မှ လက်စားမချေဘူး။ မင်းရဲ့ဘဘ ဦးနု ခဏခဏ သတိပေးတဲ့စကား (နဟိဝေရေ နဝေဒါနိ)ရန်-ရန်ချင်းတော့ မတုံ့နှင်းနဲ့တဲ့။ သို့သော် သံသရာမှာတော့ တစ်ဖန်ပြန်၍ မဆုံပါရစေ လို့ အပြတ်ဆုတောင်းတယ်။

ရေးတဲ့စာကိုလက်ခံမခံနဲ့ အတင်းအဓမ္မ ပုံသွင်းမသွင်းအ တည်ပြီး ဘွားဘွားရေးတဲ့စာအကြောင်း နည်းနည်းတော့ ပြောရအုံးမယ်

ဒီစာအုပ် ထွက်လာရင်လည်း ဘွားဘွားရေးတဲ့ စာအုပ် မတည်ငြိမ်တဲ့စာပေ၊ အလကားစာပေလို့ တချို့ဝေဖန်ရေးသမား ဝေဖန်ပြကြလိမ့်အုံးမယ်။ သူ့ (မိသားစု)အကြောင်းပဲ ရေးတတ်တယ် လေ။ ဘွားဘွားကတော့မရေးဘဲလဲ မနေနိုင်တော့ ကိုယ့်မိသား အကြောင်းပဲ ကိုယ်ရေးရတာပဲ။ တခြားဟာ သွားရေးလို့ အမှန်ခံ ရချက်ဘယ်မှာပေါ်နိုင်မလဲ။ ကိုယ့်ဟာကိုယ်ကျတော့ မမှားနိုင်ဘူး ဘွားဘွားတို့ခေတ်ကလည်း မတည်ငြိမ်တော့ မတည်ငြိမ်တဲ့စာ ဘွားဘွား ရေးတတ်တယ်။ ကမ္ဘာ့အဆင့်အတန်းဝင် နိုင်ငံတွေမှာဆို (အင်္ဂလိပ်ဖရင့်၏မှတ်တမ်း)တို့လို ကိုယ့်ဘဝအတွေ့ကလေးတွေကို ဖော် တဲ့ (ကိုယ်ရေးဝတ္ထု)တွေ ရေးနေကြတာပဲ ကမ္ဘာကျော်စာအုပ်တွေပဲ

တည်ငြိမ်ပြီး သားရေဖုံးနဲ့ရွှေစာလုံးနှိပ်ပြီး မှန်ဗီရိုထဲ တ တသေ သိမ်းထားရမယ့် စာအုပ်တွေ ရေးမယ့်သူတွေ မြန်မာပြည်





အများကြီးပဲ။ အဲဒီပညာရှိတွေက လုပ်လိမ့်မယ်။ မြန်မာပြည်မှာပညာရှိ တွေ အာဇာနည်သူ့ရဲကောင်းတွေ၊ ပြည်သူလူထုဘက်ကနေတဲ့ ပြည်သူ့ ကျော်သား စာပေဆရာတွေ အများကြီးကွယ့်။ ဒီအထဲ ဘွားဘွား နိုင်ပါဘူး။

ဘွားဘွားကတော့ ဘွားဘွားရဲ့ဆရာ“ဖော်ဂျီ” ဦးသိန်းဟန် သလို “ဟဲ့...စာအုပ်တွေ ပလက်ဖောင်းပေါ် ရောက်နေပြီလို့ ရင် ဝမ်းမနည်းနဲ့။ လူထုများများ ကိုယ့်စာဖတ်ရင် (သို့မဟုတ်) လက်ထဲ ကိုယ့်စာရောက်ရင် ပြီးတာပဲ။ ကိုယ်ကတင်ပြချင်တာ လူထုသိစေချင်တာဆို။ အေး...အဲဒီလူထု လက်ထဲရောက်လို့ သိရင်ပြီးရော့ပေါ့ဟဲ့”တဲ့။ ဘွားဘွားလဲ ဒါကြောင့်လောဘအရှိန်နဲ့ လိုလို့ဖြင့် (ကော်မာရှယ်) အရောင်းအဝယ်သဘောနဲ့ ဘွားဘွားကို ဆံပါနဲ့လို့ ပြောရတယ်။ စာပေနယ်မှာဖြစ်ဖြစ် ရုပ်ရှင်နယ်မှာ ဘွားဘွားနဲ့ပတ်သက်ပြီး ငွေရတဲ့သူတွေ တချို့ရှိနေကြတာပဲ။ ရဲ့ သမာဓိနဲ့သစ္စာအပေါ် လေးစားသူတွေကရှိနေသေးတာကိုး။ ကြောင့် “အရောင်းအဝယ်” ဆန်လာရင် သူတို့ကိုလဲ ခဏခဏ ပေးရတယ်။

“ကျွန်မနှင့် ပတ်သက်လာရင်တော့ လောဘတရားကိုသတိ လို့” ပြောပြရတယ်။ ဘွားဘွား ထင်တယ်လေ။ ဘွားဘွားတို့ နယ်ဟာ အတော်ကျဉ်းတယ်လို့။ (ဒီကျဉ်းတယ်ဆိုတဲ့ စာပေနယ် အုပ်ချုပ်သူနဲ့ ဘာမှမဆိုင်ဘူး) ဘွားဘွားတို့ စာပေနယ် ချင်းလုပ်ပုံတွေ စိတ်ထားတွေ မမှန်ရာကစပြီး စာပေလောက



www.burmeseclassic.com

www.burmeseclassic.com



ရဲဘောင်ဟာ ကျဉ်းကျဉ်းသွားတယ်လို့ ဆိုလိုတာပါ။ ဘာစာမျိုးရေးမယ် ဘာဦးတည်ချက်ရှိရမယ်။ စာဖတ်တဲ့လူကို ခေါင်းဆောင်မှုပေးပြီး ခေ သွားနိုင်ရမယ်။ အဆုံးအဖြတ် ပေးရမယ်နဲ့၊ စုံနေတာပဲ၊ ဘွားဘွား က...

"ကန်တော်မင်းကျောင်း၊ မေတ္တာလောင်းသော ဘုန်းပေါင်း ကျက်သရေ ပရမေသီရီ၊ ကိတ္တိဂုဏာဝန်၊ ထန်သည့်-တေဇာ၊ အခြား လူ့ထိတ်၊ နှိပ်လျက်စိုးသော၊ ဝဏ္ဏဖြိုးရတနာရွှေ ဒါယကာ မဟာဓမ္မရာဇ်"

အစရှိတဲ့ဘုရင်ကို မေတ္တာစာသွင်းတဲ့၊ ကန်တော်မင်းကျောင်း မေတ္တာစာရေးတဲ့ ဘုန်းတော်ကြီးမျိုးလည်းမဟုတ်၊ ပုဏ္ဏောဝါဒ၊ မာဃော ဝါဒတွေရေးတဲ့ ပညာရှိမျိုးလည်းမဟုတ်ပေဘူး။

သူများရေးတာကိုလည်း ဖတ်တယ်။ ဖတ်တဲ့လူ အမျှော ကလေးနဲ့ ကျန်နေရစ်ပြီး သူ့ဟာသူ လွတ်လပ်စွာ ဆုံးဖြတ်ချင်ဆ ဆုံးဖြတ်၊ အဲဒီလိုစာကို သိပ်သဘောကျတာပဲ။ ဒါကြောင့် စာဖတ်သူ အမြင်အပေါ်မှာ (ဗိုလ်မကျ) ချင်ဘူး။ ကိုယ်ကကော ဘာကောင် စာဖတ်တဲ့ လူအပေါ် ဗိုလ်ကျပြီး ဆရာလုပ်ရမှာလဲ၊ မလုပ်သင့်ဘူး တာပဲ။ ကိုယ်ပြောတာကော မှန်နေပြီလို့ ဘယ်သူက ဆုံးဖြတ်မလဲ ကိုယ့်ဟာကိုယ် မှန်တယ်ပြောမယ့် သူချည်းပဲ၊ ကိုယ်ကတော့ ဒီလိုမြင် စေတော့လို့ တင်ပြတာပဲ။ လူ့စိတ်ဆိုတာ ကျယ်ပြန့်တာပဲ။ သူမြင် သလို မြင်နေမှာပဲ၊ အဲဒါ ဟိုလိုမမြင်ရဘူး။ ဘာညာနဲ့ လုပ်လို့ သဘော ကျပါ့မလား။ စာရေးနေချင်တဲ့သူဟာ ရေးကိုရေးရမှာ၊ ဒီတော့ ကဲ... တို့တွေက "ငါ့ကို ငါ့မိသားစု အကြောင်းကိုပဲ ရေးရေးနေတယ်လို့





ဆက်ပြောကြတာ တခြားဘာသာရပ်ပြောင်းပြီး ငါရေးပြလိုက်မယ်" ဆိုပြီး ဇရုတ်သီးဆယ်ပြားဖိုး ဆောင်းပါးနဲ့ "ရေချိုတွင်း" လုံးချင်းဝတ္ထု ရေးလိုက်တယ်။ ကံကောင်းလို့ "တူပျော်ပျော်သွားစို့ စမ်းရေအိုင်" ဖြစ်မသွားတယ်။

တကယ်လားတော့မသိ။ "ရှို...တို့...စံ..." လူတန်းစားက "စာနားရှက်" အမျိုးမျိုးတပ်ပြီး အထက်ကို သွားလျှောက်တော့တာပါ သလို့ နားစွန်နားဖျားကြားမိတာပဲ။

(ရှို ...တို့ ...စံ)ဆိုလို့ သားကြီးက ဂျပန်စကားလို့ ထင်မနေနဲ့အုံး။ ဂျပန်စကားမှာ (အိုချိစံ...အိုကားစံ)ဆိုတဲ့ (စံ) အသံ ထွက်တွေရှိလို့ အသံချင်း ရောသွားအုံးမယ်။

(ရှို ...တို့ ...စံ)က ဘွားဘွားထွင်တဲ့ စကားလုံးပါ။ သူတစ်ဖက်သားကို ရှို့တို့ပြီးမှကိုယ့် ကုလားထိုင်လေး မြဲမြဲထိုင်ပြီး "စံ" ချင်လိုတဲ့အခစား စိတ်ရှိသောလူများကို (ရှို ...တို့ ...စံ)လူတန်းစား လို့ ဘွားဘွားက ဝေါဟာရအသစ်ထွင်တာပါ။ တချို့လည်း "ဟန်" ကြည့်လိုက်ရင် ရှိုးအပြည့်ပဲ၊ သူနာမည်ကြီးအောင် သူ့ဟာသူဝါဒဖြန့်ထား တာကလည်း အပြည့်ပဲ၊ သူ့စိတ်ဓာတ်ကတော့ ဖက်ဆစ်ဂျပန်ခေတ် ကလားမြောက်လို့လား မသိပါဘူး။ ဂျပန်ကိုကပ် ရှို-တို့-စံ အလုပ် လုပ်နေတာကိုမြင်ပြီး စွဲလမ်းလာပုံပေါ်တယ်။ ဒီလိုလူတန်းစားကတော့ အင်္ဂလိပ်ခေတ်၊ဂျပန်ခေတ်၊ ဖဆပလ အစိုးရခေတ်ကတည်းက ရှိနေတာ ပဲပါပဲလေ။ သားကြီးတို့ခေတ် ရောက်ရင်တော့ ပျောက်ကောင်းပါရဲ့။ သွင်းဘူးဆိုသော်လည်း တစ်ခုတော့မှာပါရစေ။ လျှာပြန်ပြီးသာ

www.burmeseclassic.com



သေပါစေ။ ရှို့–တို့–စံလူတန်းစားထဲများတော့ ဘွားဘွားရဲ့ သားကြီး တစ်သက်မပါပါနဲ့. . .''

အထက်ကလူကြီးမင်းများက ဘွားဘွားအပေါ် နားလည်ကြ စေတနာထားကြပေလို့ပဲ။ ဒါကတော့ သစ္စာဆိုတာ တစ်ဦးက ရှိတော့ လည်း တစ်ဦးက ရှိရစမြဲပေပဲကိုး။

''ခင်နှင်းယုသည် ခုမှစာရေးသည်မဟုတ် ယခင်အစိုးရ လက် ထက်ကတည်းက သူ့စေတနာအမှန်နဲ့ သူ့ယူဆချက်ကို တင်ပြလာ ခဲ့သည်။ ဒါကြောင့် ခင်နှင်းယုရဲ့ စေတနာကို ဆက်လက် စောင့်ကြည့် 

ဆိုတဲ့ သဘောမျိုးနဲ့ သဘောထားပြည့်ပြည့် ရှိကြပေလို့ပေ နို့မို့ရင် ဘွားဘွားတော့လား။ ဒီစာအုပ်တောင် ဆက်ရေးနိုင်မှာမဟုတ် ဘူး။

သစ္စာတရားကို လမ်းကြောင်း တစ်ခုအဖြစ် ချမှတ်ပြီး ချမှတ် တဲ့လမ်းကြောင်းအတိုင်းလည်း ကျင့်သုံးဖို့ မင်းဘဘက ပြောဘူးတယ်

'' × × × × လောက အသီးသီးရှိတယ်။ စာပေလောက တပ်မတော်လောက အတွင်းဝန်ရုံးလောက၊ ဂီတလောကစသည် ရှိကြပေတယ်။ သူ့လောကနဲ့သူ မူပိုင်လက္ခဏာတွေ ရှိကြတယ် တပ်မတော်ဆိုရင် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြတဲ့ အမျိုး တုန်းက နေပုံ၊ ထိုင်ပုံ၊ ဆက်ဆံပုံ၊ တိုက်ပုံ၊ အနစ်နာခံပုံ၊ သဘော ထားကြီးပုံ၊ ဖြစ်သလို နေတတ်လုပ်တတ်ပုံ၊ ကွက်ကျော် ကိုယ်ကျိ မကြည့်ပဲ လုပ်စရာရှိတာ လုပ်သွားတတ်ပုံ၊ ဘာဖြစ်နေနေ အချင်းချင်း နားလည်ပြီး တစ်ဦးကိုတစ်ဦး ရဲဘော်စိတ်နဲ့ ကူညီပုံ၊ တွဲခေါ်သွား





လေးတွေဟာ တပ်မတော်ရဲ့ မူလပင်္ကိသန္ဓေစိတ်ပဲ။ မူလဥာဉ်ပဲ။ လတစ်ခါ လစာကို လက်မှတ်ထိုးယူပြီး နေပေမယ့် အဲဒီ မူလဥာဉ် တော့ တခြားအစိုးရဌာနတွေရဲ့ မူလဥာဉ်နဲ့ မတူဘူး။ ဒီမူလဥာဉ် ပျောက်သရွေ့ တပ်မတော်သား ပီသတာပဲ။

တပ်မတော် မူပိုင်ဖြစ်တဲ့ သစ္စာတရားရှိနေတယ်လို့ ခေါ်ရမယ်။ မူလဥာဉ်ပေါ်မှာပဲ ခေတ်အလျောက် အပြောင်းအလဲ ပုံစံအမျိုးမျိုး ဆောက်တည်သွားရမှာပဲ။ အဲဒီနေရာမှာ ဒီဥာဉ်ဒီသစ္စာကို ဉာဏ်မျက်စိနဲ့ မမြင်ပဲ အပေါ်ယံပြထားတဲ့ ပုံစံလောက်ကိုသာ ကြည့်ပြီး လျှောက်လုပ် ဆိုတော့ မူလသစ္စာတရား ပျောက်သွားပြီလို့ ဆိုရမယ်။ မူလသစ္စာ တရားပျောက်သွားတဲ့အချိန်ရောက်ရင် တိုင်းပြည်ရဲ့အချုပ်အခြာ အာဏာ ထိန်းသိမ်းကာကွယ်ရတဲ့ အပိုင်းမှာ အချိတ်အဆက် ပျက်သွားနိုင် တယ်။ ကိုယ်တော့ဖြင့် အဲဒီမူလဥာဉ်ကို တွယ်ဖက်ထားတယ်။ မူလဥာဉ် ပျောက်ပျက်လောက်အောင်ပေါ်လာတဲ့ ဘေးအန္တရာယ် အသေးအဖွဲ့က အကြီးအထိကို ကိုယ်တတ်နိုင်သမျှ ကာကွယ်တယ်။ ပျောက်သွားမှာ စိုးရိမ်လွန်းလို့ပါ။ အဲဒီဥာဉ်ကို သံယောဇဉ်တွယ်လို့ တစ်ကြောင်း၊ အခက် အခဲတွေ့နေတုန်း ကိုယ်ရေးကြည့်ပြီး ခွဲမသွားနိုင်ဘူး။ ဘယ်ဘဝက နဲ့ပါရ အဲဒီအသိုင်းအဝိုင်း အဖွဲ့ထဲမှာပါပြီး လုပ်နေရမှ တာဝန်ကျေ တယ်လို့ ယုံတယ်။ ပတ်ဝန်းကျင်နဲ့လူဆိုတဲ့သဘောတော့လည်း ရှိပေ သေးပါလေ။ ကိုယ့်စေတနာထားတော့ ကိုယ်ကလည်း ပြန်ထားရတာပဲ။

အဲဒါဟာ မူလဥာဉ်ကိုထိန်းပြီး သံယောဇဉ်နဲ့ကို ပေတေနေပါ့ မယ်ဆိုတဲ့ သစ္စာတရားလမ်းကြောင်းကို ချမှတ်လိုက်တာပဲ။ အဲဒီလမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းထဲက မထွက်မိအောင်လည်း ဘယ်လိုလောကခံနဲ့ တွေ့တွေ့ လမ်းကြော့ မသွားအောင် ထိန်းသိမ်းအောင့်အည်း သည်းခံပြီးနေခြင်း ဆိုတဲ့သဘောကို ကျင့်သုံးနေတယ်။ ဒီသစ္စာတရားလမ်းကြောင်းကို ကျင့် သုံးနေတဲ့ လှုပ်ရှားမှုဟာ တပ်မတော်လောကရဲ့ "အလှ"ဘဲ။

တစ်ချိန်တုန်းက တပ်မတော်ကို လူချစ်တယ်ဆိုတာ အဲ "အလှ"ကို ချစ်ကြတာ။ တခြားလောကတွေထက် ထူးခြားတဲ့ "အလှ"ပဲ ကိုယ်ကလည်း အဲဒါကို ဝါသနာပါတော့ ဒီ"အလှ"ကိုလုပ်နေရတယ် လခရတယ်၊ ငွေရတယ်ဆိုပေမယ့် အဲဒီ"အလှ"မပါရင် တယ်စိတ်မ ချင်ဘူး။ ငါထမင်းနပ်မှန်မှန် စားရရုံလုပ်နေပါလားဆိုပြီး ကိုယ့်ဘဝ မြင့်မြတ်တယ်လို့တယ်မထင်ဘူး။ အလကားအချိန်ကုန်နေရသလိုပဲ

အဲဒီလိုပဲ စာပေလောကမှာလည်း သံယောဇဉ်ငြိစရာ"အလှ" ကွက်တစ်ခုတော့ ရှိပေလိမ့်မယ်။ အဲဒီ"အလှ"ကို မပျောက်အောင် တစ်ဦးချင်းစောင့်ထိန်းဖို့ သစ္စာတရားတစ်ခုတော့ ချမှတ်ရလိမ့်မယ် အဲဒီသစ္စာတရားတွေကို (အိုင်ဒီး)(အမြင်)ကလေးမှမရှိပဲနဲ့ ငွေရပြီးရော လခရပြီးရော၊ အာဃာတနဲ့ ပုဂ္ဂလဓိဋ္ဌာန်နှိမ်ရရင် ပြီးရောဆိုတဲ့ အမြ ပန်း မြင်ကောင်းတဲ့ ပုံစံကို အနှစ်သာရကြီး သဘောထားပြီးလုပ်နေ တော့ လူထုက မေတ္တာပြန်စရာ"အလှ"ကွက်၊ သံယောဇဉ်ငြိစ "အလှ"ကွက်၊ ကြည်ညိုစရာ"အလှ" ကွက်၊ တိုင်းပြည်က အားထ လောက်တဲ့ အတွေးအခေါ်"အလှ"ကွက် ပျောက်မှာပဲ၊ အဲဒီ "အလှ" ကွက်မရှိရင်တော့ စာပေလောကမှာ ထမင်းနပ်မှန်မှန် စားနေရရုံ လုပ် ရသလိုပဲ။ စာပေလောကဟာ ပျက်မှာပဲ။





ဂီတလောကလည်း ဒီသဘောပဲ၊ မြန်မာ့အသိုင်းအဝိုင်းအတန်း အစားအစုံစုံရဲ့ စိတ်ကို ဆွဲဆောင်နိုင်တဲ့ လေယူလေသိမ်း၊ အသံ၊ တီး ကွက်နဲ့ရသဂီတ မပါရင် ဂီတမဟုတ်တော့ဘူး။ "မြန်မာစိတ်"ဝင်နေ အောင်မလုပ်နိုင်ရင် အားမရှိတော့ဘူး။ ဂီတရဲ့ "အလှ"မရှိတော့ဘူး။

အစိုးရဌာနကြီးတွေ လောက ကတော့ မူလဉာဉ်ဟာ ထူးထူး ခြားခြားရှိလာခဲ့တာမဟုတ်ဘူး။ အဆင့်အတန်းနဲ့ အေးအေးဖိမ်နဲ့ လုပ် ပြီး လခတိုးရဖို့ အထက်ကခိုင်းတာလုပ်ဖို့၊ အစိုးရအမှုထမ်း ဉာဉ်ကို ဆည်းခံတာပါပဲ၊ "အလှ" ကွက်ကို အခုတော့ထည့်နေတယ်ထင်တယ်။ ပေမယ့် မူလဉာဉ်ဆိုတာက ဖျောက်ဖို့မလွယ်ဘူး။

ကိုယ့်အနေနဲ့တော့ "အလှ"ကွက် မရှိပဲနဲ့ လစဉ်ဝင်ငွေ ရုံလောက်နဲ့ လုပ်ရမှာတော့ သိပ်မလွယ်ဘူး စွဲစရာတို့၊ သစ္စာတို့ အလှတို့မရှိပဲနဲ့တော့ သိပ်စိတ်မဝင်စားဘူး။

ဒါကြောင့် တပ်မတော်လောကထဲမှာနေတာပဲ။ တပ်မတော် ရဲ့"အလှ"ကွက်အပေါ် သံယောဇဉ်လည်းရှိတယ်၊ တပ်မတော်စထောင် ကတည်းက ကိုယ်တိုင်ပါနေတော့ သံယောဇဉ် ပိုရှိတာပေါ့။ "အလှ" ပျောက်ဖို့လည်း ကြိုးစားမယ်၊ ဒီ"အလှ"ကွက်ဟာ တိုင်းပြည်ရဲ့ အချုပ် အခြာအာဏာ ပျောက်မသွားအောင် ထိန်းနိုင်တဲ့အားနဲ့ ပြည့်စုံတဲ့ အလှလို့လည်း ယုံတယ်။ အဲဒီ အလှကို ပူဇော်မယ်၊ ထိန်းသိမ်းမယ်ဆို တဲ့ လမ်းပေါ်ကိုပဲ လျှောက်ပါ့မယ်ဆိုတာဟာ ကိုယ့်ရဲ့သစ္စာတရား ပဲတဲ့။

သားကြီးရဲ့ဘဘက စာရေးဆရာမဟုတ်သော်လည်း သူပြောကြည်တဲ့

www.burmeseclassic.com



“သစ္စာတရား” နဲ့ အလုပ်လုပ်ရာမှာ တာဝန်ယူရာမှာ စွဲလမ်းစေရ “အလှ”အကြောင်းကို ဘွားဘွားနဲ့ ဆွေးနွေးစဉ်အခါမှာ အခုရေးပြတဲ့ အတိုင်းပြောပြခဲ့တယ်။ အဲဒီ“အလှ”ဟာ အလုပ်တိုင်း တာဝန်တိုင်းမှာ မရှိကြဘူး။ တစ်ဦးချင်းကြိုက်တဲ့ “အလှ”ချင်းလည်း တူချင်မှတူမယ် သူ့အဖို့တော့ လူလားမြောက်ကတည်းက အဲဒီအသိုင်းအဝိုင်း၊ အဲ “အလှ”နဲ့တွဲပြီးကြီးလာတာကို။ ကြာတော့လည်း စွဲလမ်းနေပါလိမ့်မယ်

ဘွားဘွားတို့ စာပေလောက (အနုပညာလောက) မှာသာ “သစ္စာ”တရားရဲ့ “အလှ” အပဟာ ရွှန်းမြတောက်ပနေစေချင်တာ ပေါ့။ သို့သော်လည်း ဘွားဘွားအထက်က ပြောခဲ့တဲ့ ရှို-တို့-စ် လူတန်းစား တချို့ကြောင့် ကိုယ့်စာပေနယ်သားအချင်းချင်း သတ်မှတ်ထားတဲ့ စာပေဘောင်ဟာ ကျဉ်းလွန်းလာရတယ်။ ဖတ်တူသားချင်း တယ်တ ချင်သကို။ စာပေနယ်မှာ ငါသာအထက်စီးရ ရမယ်။ ငါ့စာသာ ပုံ ရမယ်။ ငါ-ငါလုပ်ပြီး သူများပုတ်ခတ်တဲ့ သဘောယုတ်ရှိနေရ ပရိသတ်က လက်မခံတော့ဘူး။ စာကို စိန်စီထားပေမယ့် ပရိသတ် အတွင်းအပြင် သိတဲ့တစ်နေ့ လှည့်ကြည့်မှာမဟုတ်ဘူး။ သဘောမယု ဖို့၊ သဘောမပုပ်ဖို့ အရေးကြီးပါတယ်လေ။

ဘွားဘွားဟာ စာတစ်အုပ်ရေးရင် အလွတ်မရေးဘူး။ စာ တိုင်း အာဃာတကင်းကြောင်း ဘုရားရှေ့မှာ ကန်တော့ပြီး သစ္စာဆို မှရေးတာ။

ဥပမာ-စာတစ်အုပ်ရေးပြီဆိုပါတော့...

“အရှင်ဘုရား။ ဘုရားတပည့်တော်သည် ဤစာအုပ်ကို ရေး တော့မည်။မည်သူ့ကိုမှ ထိခိုက်လိုသော စေတနာမရှိ ရိုးအမှန်ပါ။





လူတိုင်းစိတ်ချမ်းသာစွာဖြင့် နေနိုင်ကြဖို့ကိုသာ ဦးတည်ပါ သည်။ ဦးနုဝန်ကြီးချုပ်အဖြစ် ခေါင်းဆောင်သော ဖဆပလ အစိုးရ တက်ကတည်းက လူထုအများစု၏ ခံစားရချက်အပေါ် အခြေတည် း မတရားဘူးဟူ၍ တွေ့ရသောအချက်များကို လက်ညှိုးထိုးထောက် ခဲ့ပါသည်။ ဤအချက်ကို လက်ရှိအထက်လူကြီး အချို့သိပြီးဖြစ် သည်။ ယခင်ခေတ် အထက်လူကြီးအချို့လည်း သိကြပါသည်။ ဤမှန် သောသစ္စာစကားကြောင့် တပည့်တော်မသည် ဝတ်ကြောင်စွန့်၍ နိဗ္ဗာန် ကြောင်း ဝိပဿနာတရားကို ကျွတ်ကျွတ်လွှတ်လွှတ် အားထုတ် ပါစေသတည်း။

တိုင်းသူပြည်သား လူအများလည်း ချမ်းမြေ့သာယာခြင်းဖြစ် ပါစေသတည်း...”

လို့ အမြဲသစ္စာဆိုတယ်။ မနက်လေးနာရီ ထိုးရင်လည်း နာတောင် မပြင်ဘူးတဲ့ “ရှို...တို့...စ်” လူတန်းစားများနဲ့ အထက်လူကြီးများကို အမြဲ စူးစူးစိုက်စိုက် အာရုံပြုပြီး ဝိပဿနာဉာဏ် နဲ့ မေတ္တာပို့ပါတယ်။

ဝိပါက ဝဋ်ရှိရင်တော့ ခံရမှာပေါ့လေ။ အဲဒီတော့ မြန်မာပြည် အဖြစ်ကပဲ ဘွားဘွားတို့ အိမ်ထောင်စုအဖြစ်နဲ့ တူနေလေသလား။ ဘွားဘွားတို့အိမ်ထောင်စုအဖြစ်ကပဲ မြန်မာပြည်အဖြစ်နဲ့ တူနေလေ သလားတော့ မသိဘူး။

“ဖေဖေ ဝတ္ထုရေးတုန်းကလည်း သူ့မှာ ဒီလိုအဖေမျိုးအရေး ဘူး”လို့ ဘွားဘွားမိတ်ဆွေ တစ်ယောက်ကို “ရှို...တို့...စ်” လူတန်းစားထဲက တစ်ယောက်က ပြောတယ်လို့ သိရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ဘွားဘွားရဲ့ မိတ်ဆွေက "ဒီကောင်းမလေးတို့ မျက်စိအောက်မှာ ကြီးလာတာပါ မောင်ရင်ရယ်။ သူ့အဖေကြီးအကြောင်း တို့ အသိဆုံးပါ။ စာထဲကအတိုင်း အမှန်ပါပဲ၊ ခုထိအသက်ရှင်ရက် ရှိပါတယ်။ အကြောင်းသိရုံကလေးခုနှစ်ရက်လောက် အဲဒီအဖေကြီး အတူနေကြည့်ပါလား" လို့ ပြောလိုက်ရတယ်ဆိုပဲ။

သူတို့တွေအကြောင်း အသာထားပြီး စာအုပ်အကြောင်း ဆ ရေးရအုံးမယ်။ "ငရုတ်သီးဆယ်ပြားဖိုး" ဆောင်းပါးနဲ့ "ရေချိုတွင်" လုံး ချင်းဝတ္ထုဟာ အထက်လူကြီးများက သဘောထားကျယ်ပြန့်စွာ နားလည်ကြပါသော်လည်း မင်းဘာဘကြီး ဦးပုံစံက ဘွားဘွား အဓိပ္ပာယ်ရှင်းပြဖို့ မေးသေးတယ်။

"ဤဆောင်းပါးနဲ့ ဝတ္ထုကို ဘာ ဦးတည်ချက်နဲ့ရေးခဲ့ပါသလဲ" တဲ့။

ဒီတစ်ခါတော့ဖြင့် ဘွားဘွားက သူ့ကို အသည်းနုလုံး ဘာတို့နဲ့စကားမပြောတော့ဘူး။ တိုက်ရိုက်ပဲ ပွင့်ပွင့်လင်းလင်း ပြော ရတယ်။

"အစတုန်းက ...ကိုကြီးကာပဲ မိချို စာပေသမားဆို သစ္စာရှိရတယ်။ တို့တပ်မတော်မှာ သစ္စာလေးချက်ရှိသလို စာပေသ မှာလည်းရှိရတယ်။ မိချိုရဲ့ စာပေဟာ ပြည်သူလူထုနဲ့ တစ် တည်းရှိရမယ်။ အလုပ်သမား၊ လယ်သမား လူတန်းစားကို ဦးတည်ချ ရှိရမယ်။ တိုင်းပြည်နဲ့လူမျိုးအပေါ်မှာ သစ္စာရှိဖို့ကတော့ တို့တပ်မ နဲ့ထပ်တူပဲ။





တပ်ရင်းမှူးကတော်ကြီးရယ်လို့ မော်တော်ကားကြီးစီးပြီး မော် တော်ကားပေါ်ကအမြင်နဲ့ စာပေကို မရေးရဘူးဆို။

ဒီတော့လည်း အချို့က ပလက်ဖောင်းပေါ်လျှောက်ပြီး ပလက် ဖောင်းပေါ် လူတန်းစားနဲ့ ထိတွေ့သမျှ ငရုတ်သီး ဆယ်ပြားပုံးကို ရေးရိုးအမှန်ပါ။

ဒီထက်ကိုသဘောပါတဲ့ ကာတွန်းတွေ ဆောင်းပါးတွေ၊ တိုင်စာ ...တွေ အော်စာတွေ၊ ဟာသတွေတစ်ပုံကြီး တခြားလူတွေ ရေးကြပါတယ်၊ ...ချိုတွင်း ဝတ္ထုကလည်း ပန်တပွတ် နေစဉ်တုန်းက ကြုံခဲ့ရတဲ့ ...တယ့်အဖြစ်အပျက်ကို ရုပ်ရှာနဲ့နာမည်လွှဲပြီး ဖော်ပြတာကလွဲလို့ ...တာကိုတင်ပြခဲ့ပါတယ်။ အဲဒီလယ်သမား၊ လယ်ကူလီမိသားစုဟာ ...ယ်လည်းရှိပါတယ်။ အဖျက်လည်းမဟုတ်ပါ။ မှန်တာ ရေးတာဆို ...ဘွားဘွားက (လှိုင်ထိပ်ခေါင်တင်ပြောသလို "ကျောက်စီခြား" ဆိုတဲ့ ...အလုံးတော့ မဟုတ်ပါဘူး။ ကျောက်စီခါးခေတ်မှ မဟုတ်တော့ပဲကိုး) ...သုံးတော် သံမဏိသေနတ်နဲ့ရင်ဝသာပစ်လိုက်ပါတော့" လို့ ပြော ...တော့တယ်သားကြီး။

ခက်ပါတယ်သားကြီး၊ မြေကြီးပေါ်က အကြောင်းရေးတော့ ...ည်း "မြေကြီးစော်နံ့သတဲ့" ဖြစ်ကြအုံးမယ်။ မြေကြီးနဲ့လ၊ ကမ္ဘာကြား ...ကာသခရီးကို စတင်သွားကြတဲ့ ဂါဂါရင်တို့လို လူတန်းစား ...ကြောင်းရေးရင်လည်း ရုရှားစော်နံ့တယ်လို့ ပြောကြပေလိမ့်အုံးမယ်။ ...မှာ ခြေချနိုင်တဲ့ အမ်စထရောင်းတို့ကို အားကျဖို့ အကြောင်းရေး ...လည်း နတ်က၊ ရာကြည့်မောပြီး အမေရိကန်စော်နံ့သတဲ့လို့ ပြောကြ ...ယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ဘွားဘွားဖြင့် ချစ်လှစွာသောစာဖတ်သူများ လက် ထားသရွေ့ ဘွားဘွားမိသားစု''ပိစိညှောက်ကလေးအကြောင်းကိုပဲ တင်ပြရတာပဲ။ ပိုင်ပိုင်နိုင်နိုင်လည်း ဒီမိသားစုအကြောင်းမှာပဲ ရှိတယ်

စာကို မရေးပဲမှ မနေနိုင်ပဲကိုး။ ဂေါက်သီးဝါသနာအိုးတွေ ပေါ့။ အိမ်တော်ဝန်ဟောင်း ဦးကြူစိန်ကြီးဟာ ဂေါက်သီးရိုက်နေချိန် သူ့ချစ်လှစွာသောဇနီး မမနီကြီးကို လုံးဝသတိမရတော့ဘူး။ နေ မိုးရွာရွာ ဂေါက်သီးကွင်းထဲ အချိန်တန်ရင်ဆင်းရမှ။ အေး ... ဂေါက် ကရိုက်ရင်း စဉ်ထွက်သွားပြီး တစ်ယောက်ယောက် သွားမှန်တတ်သ ဘွားဘွားကလည်း ဘွားဘွားမိသားစုလေးအကြောင်း ရေးရင်းက စာ တွေက တစ်ခါတလေ စဉ်ပြီး (အာဃာတမပါလေပဲ)တစ်ယောက်ယော သွားမှန်နေသလားမသိ။ မှန်တာရှိရင်လည်း ခွင့်လွှတ်ဖို့ တောင်းပန် တယ်။ တမင်ရည်ရွယ်ရင်း မရှိပါဆိုတာ။ တစ်ခါတလေ ဒီ့ထက်ပိုင် နိုင်နိုင်ရေးချင်တာတွေ ရှိတယ်။ ဟိုအမြင်နဲ့ ချောက်တွန်းမှာစိုး ချုံထားရတာတွေ ရှိတယ်။

တတ်နိုင်ပါဘူးလေ ... ကိုယ်ကချစ်လို့ ဒီကလောင် ရင်မှာပိုက် ပြီး ဒီခရီးလျှောက်ခဲ့ပြီကိုး ...။ ဒီခရီး ဒီလမ်းကြမ်းသမျှ နုသမျှ မယ်ဆိုတဲ့ ခံယူချက်က စာပေနယ်မှာ ရှိထားတာကလား။ ဖြစ်သ အကြောင်းပေပဲပေါ့။

အမှန်တော့''ရေချိုတွင်း''ဟာ ဝတ္ထုသဘောပေါ့လေ။ လိုရာ ယူပေါ့။ ရည်ရွယ်ချက်လည်း ရှင်းပါတယ်။ ဝတ္ထု'အစ'ကဗျာလေးက တစ်မျိုးပေါ့။ ကဗျာကို အရင်စပ်ပြီးမှ ဝတ္ထုက နောက်မှရေး



ဗျာဆိုတဲ့ စာဆို ရင်ထဲမှာ ရှိတဲ့''အတွေး''ကို ကာရန်နဲ့ ဖော်ပြရာမှာ လိုတော့ မဟုတ်ဘူး။ ကဗျာဆရာဆိုလိုချက်ကို သုံးလေးဘက်က ကြ၊ ကြည့်ကြ၊ သုံးသပ်လေ့လာကြတာပဲ။ လွတ်လပ်စွာ တွေးခွင့် ကြရတာပဲ။

ဘွားဘွား ရေချိုတွင်း ကဗျာကို ရေးစဉ်က တကယ့်အခြေခံ တော့ ပြင်ပမှာ လက်ဝဲလက်ယာ နိုင်ငံကြီးတွေဟာ လက်နက်ချင်း ကြလို့ ကမ္ဘာကို တစ်မိနစ်အတွင်း မြူမှုန်ဖြစ်သွားအောင် လုပ်နိုင် နိုင် အဲဒီအင်အားစုကို တကယ့်တကယ်တော့ ဘွားဘွားတို့ သွားအားကိုးလို့ရမလဲ။ ပင်လယ်ရေငန်လိုပဲ ရေတွေသာများနေတာ နေတော့သောက်လို့မှမရပဲ။ ဘွားဘွားတို့ တကယ်အားထားရဟာ ဘွားတို့ ပြည်တွင်းမှာရှိတဲ့ ''ရေချိုတွင်း''နဲ့တူတဲ့ သောက် လို့ရတဲ့ မျိုးသားစည်းလုံးမှုပဲဆိုတာ ပြောတာသားကြီး။

အနုပညာဆိုတာ ဖော်ထုတ်ရာမှာ ဒီလိုပဲ သိမ်မွေ့စွာ ဖွဲ့နွဲ့ ကြရတာ။

ဒါကြောင့် အစိုးရ အဖွဲ့တိုင်းလိုလိုဟာ ဝါဒဖြန့်ချိရေးမှာ ပညာကို အသုံးချရတာ။ အသုံးချတဲ့အခါမှာ မိမိအစိုးရသဘော ယ်လိုရှိပါတယ်၊ အစိုးရက ဘာတွေလုပ်နေပါတယ်ဆိုတာကို တခြား တွေနဲ့တကွ ပြည်သူလူထုကို (သိအောင် မသိသာသောနည်းဖြင့်) င်ပြခြင်းပဲ။

ပိပိရိရိရှိရတယ်ပေါ့။ ဘွားဘွားစကားကလည်း ရှုပ်လိုက်တာ အောင် မသိသာသောနည်းဖြင့်) လို့ သားကြီးက ပြောမှပဲ မှန်တယ်



www.burmeseclassic.com

www.burmeseclassic.com



သိသာအောင် အတုံးလိုက်အတစ်လိုက် ရွတ်ဖတ်ဖန်များတော့ လူ့စိတ် ခါတ်ဆိုတာ ပြောင်းပြန်လုပ်ချင်တတ်တယ်။ ဒါကြောင့် အနုပညာဟာ သိမ်မွေ့နူးညံ့စွာနဲ့ ကျယ်ပြန့်စွာ တွေးခေါ်ပြီးအသုံးချကြရတာပဲ၊ "ပြောင်" ပြောသင့်တဲ့အခါတွေ ရှိသလို အနုပညာနဲ့ (စကားပြောတော့မယ်)ဆို တော့ ဒီအနုပညာကို ကိုင်တွယ်ရတာမလွယ်ကူပေဘူး။

ဒါကြောင့် ဘွားဘွား ဖဆပလဝါဒဖြန့်ချိရေးဌာနမှာ လုပ် စဉ်က "ငါနဲ့ဒီဌာနနဲ့ ကြာရှည်ဖြစ်ပါ့မလား"ဆိုတာ ခဏခဏတွေး တယ်။

အဲဒီဌာနမှာလုပ်တဲ့လူတွေဟာ သိမ်မွေ့နူးညံ့ကြတယ်၊ သဘော ထားကျယ်ပြန့်ကြတယ်။ စိတ်ရှည်ကြတယ်၊ သည်းခံကြတယ်၊ ဦးသော သန့် (ဦးသန့်၊ ကုလသမဂ္ဂ)ကို ကြည့်ပါလား။ ဖဆပလ အစည်းအရုံး ဝါဒဖြန့်ချိရေးဌာနကနေ အစိုးရအဖွဲ့ဝါဒဖြန့်ချိရေးဌာနကို ကူးပြောင်း သွားတယ်၊ အဲဒီမှာ သူလုပ်ခဲ့တာ ဆယ်နှစ်ဆယ်မိုး ဆိုပါတော့။ ပြီးတော့ ကုလသမဂ္ဂ ကမ္ဘာ့အစည်းအရုံးကြီးရဲ့ အထွေထွေ အတွင်းရေးမှူးချုပ် ကြီးဖြစ်သွားရတာပဲ။ သူရဲ့ သည်းခံခြင်း၊ သဘောထားကျယ်ပြန့်ခြင်းဟာ သူ့ဘဝခရီးကို သူနဲ့ထိုက်တန်တဲ့နေရာရောက်အောင် ပို့ဆောင်ပေးခြင်းပဲ

ဘွားဘွားက သူ့လက်အောက်မှာ တွဲလုပ်ခဲ့ပေမယ့် စိတ်ထား တယ်။ စိတ်မြန်တယ်။ ပြတ်လွန်းတယ်။ ဘွားဘွားရေးတဲ့ဝတ္ထုတွေ ဖတ်ကြည့်ပါလား။ သိပ်အရှည်ကြီး (သူများလို ငါးကျပ်တန်၊ ခုနစ်ကျပ် တန်၊ တစ်ဆယ်တန်ထုထုတွေ ရေးလို့မှမရပဲ) ဒါကြောင့်လည်း ဝါဒဖြန့်ချိ ရေးဌာနက ခုန်ထွက်ပြီး သားကြီးရဲ့ ဘဘကြီးဦးနုဆီကို ရောက်သွား တာပဲ။





ဒါကြောင့် ဘွားဘွားက သားကို ဘွားဘွားရဲ့ အမူအကျင့်ကို ရေးပြရာမှာ လိုက်နာဖို့ မဟုတ်ဘူး။ ရှောင်လာဖို့ပဲလို့ ပြောတာ။

ဘွားဘွားရဲ့ စိတ်ကို အလုပ်လုပ်ရင်းတစ်ဖက်က မေမေ့သြဝါဒ အတိုင်း "ခြေသုတ်ပုဆိုးမြွေစွယ်ကျိုး"သလို နေကြည့်။ ဦးနုသြဝါဒ အတိုင်း "**နပဟိဝေရေ နုဝေရာနိ**" ရန်ကိုရန်ချင်း မတုံ့နှင်း လမ်းစဉ်နဲ့ ဆုံးမ ခုတော့ ဝိပဿနာတရားနဲ့ ထိန်းနေတာပဲ။

တစ်ဖက်က ကိုယ်တတ်တဲ့စာပေနယ်ထဲက စကားပြေအရေး အသားကနေ"ကဗျာ"ကို ရှုမဝမဂ္ဂဇင်းမှာ ထည့်ထည့်ပြီး စမ်းပြီးရေးသွား တာက ဘွားဘွားစိတ်ဓာတ်ကို ပရိယာယ်ကြွယ်ပြီး နူးညံ့လာအောင်ပြင် ကြည့်နေတာပဲငါး။

ကဗျာဉာဏ် ပရိယာယ်ကြွယ်လာတော့ သံအမတ်များလိုပဲ၊ ဆိုလိုချက်ကို လိမ္မာစွာတင်ပြလာတတ်လာတယ်။

စကားတွေရှည်လာပြီ၊ မူလဇာတ်အိမ်ကို ပြန်ကောက်ရအုံး မယ်။ ဝန်ကြီးချုပ်ဆီ အလုပ်လုပ်စဉ်ကလည်း ခုနရေးပြခဲ့သလို "အေ- ဒီ-စီ"ဆိုတဲ့ ဗိုလ်ကြီးများအပေါ် ဘွားဘွားက အာဏာပေးပိုင်ခွင့် ဘာမှ မရှိဘူး။ "အေ-ဒီ-စီ" လေးငါးယောက်နဲ့ ဘွားဘွားတွဲလာခဲ့တာပဲ။ သူတို့မှာလည်း သူတို့ကိုယ်ပိုင်ဉာဉ်ကလေးတွေနဲ့ကို။ ဒီတော့ သူတို့နဲ့ လည်း အလျဉ်းသင့်သလိုကြည့်နေ။ ဝန်ကြီးချုပ် အော်သမျှသည်းခံ။ အောက် လက်ကိုလည်း စိတ်ကအားမရ၊ ပြည်သူလူထုအော်သမျှလည်း ရှေ့က ဆီးပြီးခံရတာပဲ။

အဲဒီလိုထပ်တူအဖြစ်က အိမ်ရှင်မဘဝမှာလည်း "ကြားလူ ဒိုင်ခံသား"အဖြစ်ကြုံရပြန်ရော။



www.burmeseclassic.com

www.burmeseclassic.com



ယခင် (ရှိ ...တို့ ...စံ)တို့ ခြေမျှားရာနယ်မြေ ခေါင်ချုပ်ဖြစ်တဲ့“ဝင်ဒါမီယာ”နယ်မြေကြီးကိုလည်းကြည့်ရင်း ရင်ပူလာတယ်။ ငြိုငွေ့လာတယ်။ ပြတ်ပြတ်သားသား ကျောခိုင်းလိုက်တယ်။ ကျောခိုင်းလာပုံကို နည်းနည်း ဇာတ်ကြောင်းအဖြစ် ပြောလိုက်အုံးမယ်။ “ဝင်ဒါမီယာ”စ,ပေါ်ပုံလည်း ပါတာပေါ့လေ။

ဖဆပလခေတ်အစိုးရအဖွဲ့ရဲ့ ဝန်ကြီးချုပ်အိမ်ဆိုပါစို့။ ဝင်ဒါမီယာထဲမှာ တိုက်တစ်လုံးပေးတယ်။ အဲဒီမှာ ပထမဆုံးတွဲရတဲ့ အေ–ဒီ–စီဟာ ဗိုလ်ကြီး စိုးမြင့်ဆိုသူပဲ။ အရပ်ရပ်အခြေအနေတွေ လုံးဝမတည်ငြိမ်သေးလေတော့ နည်းနည်းနဲ့ကြကြဝိုင်းဆိုသလို ဝန်ကြီးချုပ်အိမ်ကြီးရဲ့ (ရုံးအဖွဲ့)ကို နှစ်ယောက်တည်းနဲ့ သယ်လာခဲ့ကြရတယ်။ အလယ်လူ့တန်းစားအလုပ်မှာ လူကသာ နှစ်ယောက်တည်းရယ်၊ အလုပ်ကတော့ တွက်သာကြည့်ပေတော့၊ လက်တွေ့ရုံးအလုပ်၊ စီမံချက်၊ ဆက်ဆံရေးထူထောင်ရေး၊ ကွပ်ကဲရေးစသည်ဖြင့် အလုပ်ကလည်းများတော့ မနိုင်ကြတိုင်း ရန်ဖြစ်တဲ့ အခါလည်းဖြစ်ကြ။ သင့်မြတ်တဲ့အခါလည်း သင့်မြတ်ကြပဲ၊ တကယ့်တကယ် အဲဒီနှစ်ယောက်အဖွဲ့ကို အခြေအနေတည်ငြိမ်လာလို့ အသားတကျ တိုးချဲ့ဖွဲ့လိုက်တော့ လူသုံးဆယ်အထိ ခန့်ရတဲ့ အခြေရောက်လာတယ်။

ဒါပေမယ့် ဘဝဆုတောင်း မကောင်းလေတော့ ဗိုလ်ကြီးစိုးမြင့်လည်း မကောင်းတဲ့အခြေအနေမှာခံရတဲ့အပိုင်းသာ ခံရတယ်။ စံရတဲ့အပိုင်းကျသူမပါလာဘူး။ သူလည်း (အထူးအာဏာမရသောဖွတ်ကျန်သူကြီး)ဆိုပါတော့။ ဦးနုအာဏာ မရှိပေမယ့် သူကတော့ အမြဲတမ်း





သစာမှဲ့ အေ–ဒီ–စီ လုပ်နေ ထင်ပါရဲ့။ ယခင်အိမ်တော်ဝန်ရဲ့ ဖနီးဒေါ်နီနီကြီးကိုလည်း ဘွားဘွားဝေါဟာရအသစ်နဲ့ ဘွဲ့ထူးပေးထားသလိုပဲ။ ဘွားဘွားက သူ့ကို(ပီ–ကေ)လို့ ပေးထားတယ်။(ပ –ကေ)ဆိုတာအင်္ဂလိပ်လို (ပါမင့်နဲင့်ကွတ်) (Permanent Cook) အမြဲတမ်း ထမင်းချက်ကြီးပေါ့။ ဦးနုကြီးအာဏာရှိရှိ မရှိရှိသူကတော့ အရေးဆို ထမင်းချက်ဘာလုပ်မြဲပဲလို့ သိရတယ်။

အဲဒီလို အခြေအနေ တည်ငြိမ်လို့ လူသုံးဆယ်လောက်အထိ ခွဲသည်းလိုက်တဲ့အခါမှာ စာအုပ်ကြီးပုံစံသွင်း၊ ဘာဆိုရင် ဘယ်သူကလုပ်ဘယ်လိုဆက်သွယ်ဆိုတာတွေ လုပ်လာကြတယ်။အဲဒါတွေလုပ် ရုံးလုပ်နည်းသဘောပေါ့လေ။ အပေါ်ယံပဲ အလုပ်ရှုပ်နေကြတာပဲ။ အနှစ်သာရမပါဘူး၊ ဒါပေမယ့် နောက်ရောက်လာတဲ့ အရာရှိကြီးများထဲက တချို့က “သူတို့ရောက်လာမှပဲ ဦးနုဟာ တိုင်းပြည်ကြီးကို ငြိမ်းချမ်းစွာအုပ်ချုပ်နိုင်သောတယ်”ဆိုတဲ့ စကားလုံးသုံးလာကြတယ်၊ ဘွားဘွားက ဟက်ဟက်ပက်ပက်ဟာစ်လို့သာရယ်လိုက်ချင်တယ်။ သားကြီး ကြီးလာရင် အဲဒါသတိထားဖို့ သင့်တယ်။ ရုံးလုပ်ငန်း (တက်ကနစ်) ရှုပ်နေပြီး အဲဒါကို အသားပေးလုပ်နေတာကို အလုပ်ပြီးတယ်လို့ ယူဆရင် မှားမယ်။ အတ်တွေ့လူထုမှာ ဘာတိုးတက်သလဲဆိုတာနဲ့ တခြားစီ။

ဘွားဘွားပြတ်တယ် ရင်ဆိုင်တယ်ဆိုတာတွေမှာတော့ “ကုလားထိုင်”စကားမပါဘူး။ “ကုလားထိုင်”ဆိုတဲ့ ရာထူးနေရာမှာ အပြတ်သတ်လုဖို့ ဝါသနာတော့ လုံးဝမရှိဘူး။

ဒါကြောင့် နောက်တစ်ချီ ဦးနုဝန်ကြီးချုပ် ပြန်ဖြစ်တော့ အတွင်းရေး အတွင်းဝန်အဖြစ် ပြန်လည်ပေးပေမယ့် မယူပါတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ပြတ်တာက အဓိကအကြောင်းပါပဲ။ အပြင်ပန်းအမြင်နဲ့ ကြည့်ရင်တော့ ဝိဇ္ဇာဘွဲ့အတွက် ကျောင်းကလည်းတက်နေ။ ရောဂါတစ်ခုကလည်း ခွဲစိတ်ကုသခံနေရတော့ ကျန်းမာရေးကိုပဲ အကြောင်းပြပြီး ထွက်ခွင့် တောင်းခဲ့တယ်။ ဝန်ကြီးချုပ်ကတော့ (မင်းနေရာမှာ ငါဘယ်သူ့မှ အစားမခန့်ချင်တော့ဘူး။ နာမည်တော့ ဖွင့်မပြောလိုဘူး။ မင်းနေရာကို လိုချင်လို့ တောင်းဆိုနေတဲ့ သူတွေအများကြီး)တဲ့။

ဘွားဘွားကတော့ ဝန်ကြီးချုပ်ကို ကုလားထိုင်အကြောင်းတွေ ဘာမှထည့်မပြောတော့ဘူး။ ဘွားဘွားစိတ်ထဲမှာ "ရှိ ... တို့ ... စ်" လူတန်းစားတို့ (များသောအားဖြင့် ကျက်စားရာ၊ အတွင်းဝန်ရုံးတို့ သောအားဖြင့် ကျက်စားရာ အတွင်းဝန်ရုံးတို့) ဝင်ဒါမီယာ ပတ်ဝန်းကျင် တို့မှာ ကျက်စားဖို့ပင်ကိုက ဝါသနာ မပါခဲ့လေတော့ ဝင်ဒါမီယာကို လည်းနောက်ဆုံးကျောခိုင်း ထွက်လာခဲ့တယ်။

* * *



## မာန်နှင့်မာန

သာကြီးက ဆိုချင် ဆိုမယ်။

"ဘွားဘွားကလည်းချာ ပြတ်တုန်းကတော့လည်း ပြတ်လိုက်တာ။ ပျော့တော့လည်း သိပ်ပျော့တာပဲ"...လို့။

ဟုတ်ပါတယ်။ သာကြီးဆိုသင့်တယ်။ ဘွားဘွားငယ်ငယ်က အကြောင်း ပြောတဲ့အထဲမှာ ငယ်စိတ်ငယ်မာန်တွေ ရှိတဲ့အကြောင်း ပြောခဲ့ပြီ။ ဒါကြောင့်လည်း ဘွားဘွား ဆရာတွေက ဘွားဘွားကို မာန်ကြီးတဲ့သူအဖြစ် မာန်လျှော့ဖို့ ဆုံးမခဲ့ကြတယ်။

ဘွားဘွား ဝင်ဒါမီယာမှာ လုပ်ခဲ့စဉ်က မာနတော့ မထောင်သွားခဲ့ပါဘူး။ "ဝင်ဒါမီယာ"ဆိုတဲ့ စကားလုံးကို ခဏခဏ သုံးနေရတာကတော့ "ဝင်ဒါမီယာ"ဟာ ဘွားဘွားရဲ့ ဘဝတက္ကသိုလ်တစ်ခု ဖြစ်နေလို့ သုံးရတာပါပဲ။

ဘွားဘွား အဲဒီတုန်းက မာနမထားခဲ့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



တချို့အရာရှိများက ဘွားဘွားကို အမှိုက်လှဲတဲ့ ကုလားမလေးများလို့ ထင်လေမလားမသိ။ ကုပ်ကုပ်ကလေးနဲ့ ယို့ယို့လေးနေခဲ့တယ်။

ကုလားထိုင်(သို့မဟုတ်) ရာထူးနဲ့ ပတ်သက်လာရင်သာ ဘွားဘွားက တိုက်ပွဲမဆင်ချင်ကာ၊ ဆရာများ ပြောသလို ဘွားဘွားမှာ ပင်ကိုမာန်တော့ ရှိတယ်။

"မာန်"နဲ့ "မာန"ကို သားကြီး ခွဲခြား သိစေချင်တယ်။

"ငါသာတတ်တယ်။ ငါသာမြတ်တယ်။ ငါနဲ့တူသူမရှိ၊ မည်သည့် ပညာအတွက်ကိုမှ တပည့်ခံဖို့မလို။ ငါကဘာရာထူးပဲ၊ ငါတို့မျိုးရိုးက ဘာပဲ၊ ငါက ဘာကတော်ပဲ၊ ဘယ်သူ့မှ ဂရုစိုက်စရာမလိုဘူး"

ဆိုတာတွေက မာနလို့ ခေါ်တယ်သားကြီး။ အဲဒီလို မာနတရားကတော့ မရှိအပ်ဘူး။ ကိုယ့်မာနက ကိုယ့်ကို ပြန်ပြီးဖျက်စီးစေတတ်တယ်။

"မာန်"ဆိုတဲ့သဘောကတော့ ရှိသင့် ရှိထိုက်တယ်။ လောကမှာ နေသရွေ့ မာန်မရှိပြန်ရင်လည်း သူတစ်ပါး ခြေဖဝါးအောက် စုံးစုံးမြုပ်လိမ့်မယ်။ ဘွားဘွား ငယ်ငယ်တုန်းက မာန်ကြီးခဲ့ပုံလေး ပြောပြရအုံးမယ်။

ဘွားဘွား ရေးခဲ့သလို ဘွားဘွားငယ်စဉ်က ပညာသင်ရတာ မြန်မာစာ သက်သက်သင်တဲ့ကျောင်း။ အစ်ကိုတွေကဆို နောက်ပြောင်ပြီး "တစ်မတ်တန်း ကျောင်းသူလေးဟေ့" "ဘုန်းကြီးကျောင်းထွက်ဟေ့" နဲ့ပြောခဲ့တယ်။ အိမ်မှာပဲ အင်္ဂလိပ်စာကို ဘွားဘွားရဲ့ 'မမ'က





င်ပေးတယ်။ ဂျပန်ခေတ်မှာ ဆရာမအချောတို့ မာဂရက်တို့က င်ပေးတယ်။

ဂျပန်တွေကို တိုက်ထုတ်ပြီးစ ဗြိတိသျှအစိုးရ ပြောင်းစနှစ်ကဆို က်ထရစ်စာမေးပွဲတွေ စတင် ကျင်းပပေးတယ်။ စာမေးပွဲက မြောင်းမြ ွားဖြေရမယ်။ ဘွားဘွားကလည်း အင်္ဂလိပ်စာကို မက်ထရစ်အောင် က်အောင် မတတ်သေး။

"နယူးမက်သတ်ရီဒါး" နံပါတ်(၄)လောက်သာ တတ်တော့ နေတယ်။ အဲဒီတုန်းက ဘွားဘွားရဲ့နောက်မှာ အားပေးသူက ာင်းအုပ်ဆရာမကြီး ဒေါ်ပိုက်မိ တစ်ယောက်ပဲရှိတယ်။

"မယုရေ စာတစ်လုံးမှ မရေးတတ်လည်းနေ၊ စာမေးပွဲခန်း င် မက်ထရစ်စာမေးပွဲဆိုတာ ဘာလည်းသိအောင် မေးခွန်းဖတ်ပြီး ွက်လာခဲ့"တဲ့။

ဘွားဘွားလည်း သူပြောတဲ့အတိုင်း လုပ်ခဲ့တယ်။ ဒီတုန်းက န်းတဲ့ (ဖရိုစို) ဆိုတဲ့ အင်္ဂလိပ်စာအုပ်ဆိုတာ ရှာလို့တောင် မရဘူး။ ာ်မြဖက် သူငယ်ချင်းတွေ ပြောတာကြားသမျှ လေးတန်း အင်္ဂလိပ် ့လျှောက်ရေးပြီး စာမေးပွဲခန်းထဲက ထွက်လာခဲ့တယ်။ ဝါးခယ်မပြန် ာ်လာတယ်ဆို ဆရာမကြီး ဒေါ်ပိုက်မိက "မင်း ဖြေခဲ့တဲ့ စာမေးပွဲ ာပဲ။ ကိုယ်မတတ်သေးတာအတွက် ဝမ်းနည်းမနေနဲ့ ရှေ့နှစ်ဆက် ားတဲ့ ..."

ဘွားဘွားသူငယ်ချင်းတွေကတော့ မက်ထရစ်အောင်စရင်း ်လာတော့ "အေ၊ ဘီ၊ စီ၊ ဒီ" တောင်မရေးတတ်တဲ့ သူငယ်မ



www.burmeseclassic.com

www.burmeseclassic.com



မက်ထရစ် သွားမှန်းတော့ ကျမှာပေါ့တဲ့'' ပြောတယ်။ ဘွားဘွားလည်း
အဲဒီနှစ် ရန်ကုန်ကို ထွက်လာရတယ်။ စိတ်ထဲကတော့ သူငယ်ချင်း
ကို ''နေသေးသပ ချုံထဲက ချုံသွေးသပ တမြမြ''ပေါ့လို့ ကြုံး
တယ်။

ရန်ကုန်လည်းရောက်ရော ဖဆပလ ဝါဒဖြန့်ချိရေး
တစ်ဖက်လုပ်ရင်း တစ်ဖက်က အင်္ဂလိပ်စာသင်တယ်။ သင်ပေးတဲ့ ဆ
က ဒေါက်တာမင်းအောင်တဲ့။ သူက ရခိုင်ဆရာဝန်၊ (သားကြီး ဘဘ
ဗိုလ်မှူးဟောင်း ဗိုလ်သီဟ)တို့နဲ့အတူ မြန်မာ့တပ်မတော် တော်လှန်
ရဲဘော်ဟောင်းကြီးပေါ့။

''တစ်နှစ်အတွင်း အောင်ရမယ်။ မအောင်ရင် သူက
၃၀၀/-ပေးမယ်၊ အောင်ရင် ဘွားဘွားက ငွေ ၃၀၀/-ကန်တော့ရမယ်
ဆိုပြီး စာချုပ်ကိုချုပ်၊ တစ်နှစ်အတွင်းအောင်ရ မယ်ဆိုပြီး သင်လိုက်
အဲဒီနှစ်အောင်တာပဲ။ ဘွားဘွားကို သရော်ခဲ့တဲ့ သူငယ်ချင်းတစ်
တော့ ခုထိမက်ထရစ် မအောင်ရှာကြသေးဘူး။

ဘီအေဒီဂရီကိုလည်း ဒီလိုပဲ ယူခဲ့ရတယ်။ ဘွားဘွားအ
တစ်ယောက်ကတော့ တော်တော့်ကို သုံးမရတဲ့ စကားနဲ့ နှိမ်လိုက်
တယ်။

''မိခင်ယုတစ်ယောက် တစ်သက် ဘီ၊အေ မအောင်ဘူး''
ကြီးတဲ့သူမို့ ပါးစပ်က ပြန်မပြောခဲ့ဘူး။ စိတ်ထဲကတော့ ...

''ရှင်တို့လို မိဘလုပ်စာထိုင်စားပြီး အေးအေးပညာသ
တာမဟုတ်ဘူး။ မိဘကို ရှာကျွေးရင်း တစ်ဖက်က ဘီအေဒီဂရီရအေ





ပြမယ်''ပြောပြီး အလုပ်လုပ်ရင်းကပဲ ဒီဂရီရအောင်လုပ်ပြလိုက်
တယ်။ ဒီသဘောကို ရေးပြရတာ ကြွားရာ ရောက်ခင်လည်း ရောက်
မယ်လေ။

ဒါပေမယ့် ဘွားဘွား သိစေချင်တာက ဒီလိုနေရာမျိုးကျတော့
ကောင်းသော ရည်ရွယ်ချက်နဲ့ယှဉ်သော ''မာန်''ဆိုတာလေးကတော့
တယ်သားကြီး။

မင်းရဲ့ဘွားလေးငယ်နုနုပြောသလိုပဲ။ တစ်ခါတလေသူက
ဘွားကို ပြောတယ်လေ။

''နုနုတို့တော့မာနမရှိပါဘူး။ ဒါပေမယ့် တစ်ခါတလေ နဂါး
သိအောင် အမောက်ထောင်ပြရတယ် မမယုရဲ့''တဲ့။ သူက လူငယ်
ကိုး။

''မာန်''ဆိုတာဟာ ယောက်ျားကောင်းတို့မှာ ရှိသင့်ရှိထိုက်တဲ့
ဓာတ်တစ်ခုပဲ၊ သားကြီး။ ဇနကမင်းသားဟာ မိတ္ထီလာပြည်ကြီးကို
ရတာ ယောက်ျားကောင်းတို့ ထားအပ်တဲ့''မာန်''ရှိလို့ပဲ။

တခြားမှူးမတ်တွေ မင်းလောင်းအဖြစ်ရွေးချယ်တဲ့ စစ်သူကြီး
၊ ဘဏ္ဍာစိုး၊ ရွှေတိုက်ဝန်တို့၊ သူဌေးကြီးတို့၊ ထီးတော်မိုးတို့ဆိုတဲ့
တွေဟာ သီဝလီဒေဝီမင်းသမီးနဲ့တွေ့ရင်ပဲ ယောက်ျား''မာန်'' မရှိကြ
ဘူး။ မင်းသမီးခိုင်းသလို လိုက်လုပ်တယ်။ မင်းသမီးကို လိုချင်တဲ့
ဇာတ်အာရုံကြောမှာမိန်းမောပြီး ယောက်ျားရေးဖျက်တဲ့ အလုပ်တွေ
ကြတယ်။ ထိုးနှန်းစည်းစိမ်ကို မက်မောပြီး ကြွေ့ရွံမဲ့တဲ့ အလုပ်တွေ
မင်းသမီးက ပြေးခိုင်းလည်း ပြေးပြကြ။ မင်းသမီးက ပြွံထောက်



www.burmeseclassic.com

www.burmeseclassic.com



နှိပ်နိုင်းလည်း နှိပ်ပြကြနဲ့။ မင်းတို့ ခေတ်စကားနဲ့ ရေးရရင် ...
''ငနိုး''တာပေါ့ကွာ။

ဒီလိုလူတွေကို မိတ္ထီလာ ထီးနန်းစည်းစိမ်အပ်ရင်ဖြင့် ငါတို ...
ပြည့်ပျက်ရချည်ရဲ့ဆိုတာ သီဝလိဒေဝီလို ပညာရှင်ဘုရင့်သမီးတော် ...
မသိပဲနေပဲ့မလား သားကြီးရယ်။ တစ်ခါတည်း အဲဒီလူတွေဟာ နန်း ...
ပေါ်က ကျွမ်းပစ်ပြေးကြရတာပဲ။

ဇနကမင်းသားကတော့ ယောက်ျားတို့ကျင့်ခြေ ယောက်ျား ...
ရှိလေတော့ သီဝလိဒေဝီက သူ့အဆောင်တော်ကိုကြွဖို့ အကြိမ် ...
အထောက်တော်တွေ စေခိုင်းပြီး လျှောက်ထားတာကိုလည်း မကြာ ...
ယောင်ဆောင်နေတယ်။ နန်းမဆောင်တံခါးဝကို သူ့အလိုအလျော ...
လျှောက်သွားရင်း မင်းသမီးမြင်တာတောင် ခပ်တည်တည်ပဲ နေပြ ...
သလွန်တော်ပေါ်က ဆင်းပြီး နန်းမဆောင် တံခါးဝမှ ဇနကမင်းသာ ...
ကြိုဆိုရတယ်။ ဘယ်လိုနည်းနဲ့ ထီးနန်းကိုရတယ်။ ဘယ်လို ဖွဲ့ရှိ ...
ဆိုတာကတော့ နောက်ပိုင်းကျမှပဲ ဘွားဘွားပြောပြတော့မယ်။

ခုလောက် ဘွားဘွားပြောပြရင် သားကြီးလည်း ယောက် ...
ကောင်းတို့မှာ ရှိအပ်သော မာန်ဆိုတဲ့သဘောတရားနဲ့ လွဲမှား ...
''မာန''သဘောကို အမိပ္ပာယ် ရှင်းရှင်းလင်းလင်း သိလောက်ပြီ ...
ပါတယ်သားကြီး။

''ကုလားထိုင်''တစ်လုံးအတွက် အချိန်ကုန် လူပန်းခံပြီး ...
လို့ယှဉ်ပြိုင်တိုက်ခိုက်နေမလဲ။ အတိတ်ကို ပြန်ကြည့်ရင်လည်း ကု ...
ထိုင်လုပွဲကြောင့် တိုင်းပြည်ကြီးဒုက္ခဖြစ်ခဲ့ရတယ်။ ဘွားဘွားဖြတ်သန် ...





... တဲ့ ခရီးလမ်း တစ်လျှောက်မှာ ဖြစ်နေတဲ့ဇာတ်လမ်းကို ကြည့်ရင်
... ကုလားထိုင်''လုပွဲရဲ့ အဖြေဟာ ဒုက္ခနဲ့သာ ရင်ဆိုင်ခဲ့ကြတယ်ဆိုတာ
... တွေ့ရတာပဲ။

ကဲ . . . ဝင်ဒါမီယာကို ပြန်ကြည့်လိုက်စမ်း။ ဘာမဟုတ်တဲ့
''အတွင်းရေးအတွင်းဝန်''ဆိုတဲ့ ကုလားထိုင်ကရော မြဲသေးရဲ့လား။
ကုလားထိုင်ကို လိုချင်လုပါချည်ရဲ့ဆိုတဲ့ လူကော မြဲသေးရဲ့လား။

ဘွားဘွားဟာ ပျော့လို့ညံ့လို့ ဒူးထောက် အရှုံးပေးပြီး ဝင်ဒါ
... ကို ကျောခိုင်းခဲ့တာ မဟုတ်ဘူး။

သူများကို ဒုက္ခရောက်ပြီးမှ ကန်ချပြီးမှ ရရမယ့် ကုလား
... မျိုးလည်း ဘွားဘွားမလိုချင်ဘူး။ ဒါမျိုးအတွက် ယှဉ်ပြိုင်တိုက်ခိုက်
... ည်း ဘွားဘွားရဲ့ အဖိုးတန်တဲ့ အချိန်တွေကို ''ဖြုန်း''မပစ်ချင်ဘူး။

ဘယ်သူ့ကိုမှလည်း မထိခိုက်ဘူး။ ကိုယ့်အတွက်လည်း အကျိုး
... ရောက်မယ်။ ပတ်ဝန်းကျင်ကိုလည်း လက်တွဲခေါ်ယူသွားလို့ရတယ်
... တဲ့ နေရာမျိုးမှာတော့ ဘွားဘွား ''မာန်''မလျှော့ခဲ့ဘူးလေ။ ကိုယ့်မာန်
... ကိုယ်ကြိုးစားခဲ့တာပဲ။

''မင်းတို့က ဒါလောက်ပဲ လုပ်နိုင်တယ်ထင်သလားကွာ။ ငါ
... တော့ဒါလောက် လုပ်နိုင်တယ်ကွ'' လို့ ကြိုးပမ်းပြခြင်းဟာ ကိုယ်
... ပြလို့ ကိုယ့်ဖို့လည်း အကျိုးသက်ရောက်မယ်။ ကိုယ့်ပတ်ဝန်းကျင်
... ည်း ကိုယ့်ကြိုးပမ်းမှုကြောင့် အကျိုးသက်ရောက်မယ်ဆိုရင်တော့
... ကြီးယောက်ျားတို့ မာန်ကို မလျှော့ပါနဲ့။

ကုလားထိုင်အကြောင်းနဲ့ ပတ်သက်ပြီး ဘွားဘွားစကားစပ်မိလို့



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြောချင်သေးတယ်။ ဘွားဘွားတို့ အမျိုးထဲက လူတစ်ယော
ဟာ သူ့အမျိုးထဲမှာ ဘယ်သူမှ ကြီးပွားတာကိုလည်း မကြိုက်ဘူ
စာတတ်မှာကိုလည်း သိပ်စိုးတယ်။ ဘွားဘွားတို့ စာသင်နေတာ စာကြ
စားနေတာတွေကို နည်းနည်းမှ မရှုဆိတ်ဘူး။ ဘွားဘွားဖြင့် ပထမ
ပြောလူပြောနဲ့ တစ်ဆင့်စကား မယုံခဲ့ဘူး။ နောက်တော့ ဘွားဘွား
မျက်နှာချင်းဆိုင်ပြီးတော့ လက်ညှိုးငေါက်ငေါက်ထိုးပြီးတော့ကို ပြော

"မိခင်ယု နှင်မြန်မြန်သေပါစေ၊ နှင်သေမှ ငါအေးမယ်။ နှင်
စာတွေသင် နှင့်အိမ် နှင့်ယာနဲ့ ဒီလိုနေတာတွေ့ရတာ ငါ့ရင်ထဲ သိ
တာပဲ"

ဘွားဘွားဖြင့် နှင်...နှင်...ဆိုပြီး ရင့်သီးတဲ့ သူ့စကား
ကို နားထောင်ရင်း အံ့အားကို သင့်သွားတာပဲ။ ပထမတော့ 'တော
ကနဲဒေါသထွက်သွားတယ်။ ချက်ချင်းပဲ ဘွားဘွား အားထုတ်ထား
ဝိပဿနာတရားက "အဦးစိတ်"ကို "ပထမဆုံးပေါ်တဲ့စိတ်" သ
ပေးလိုက်တယ်။

"မင်း ဒေါသထွက်နေပြီ၊သူနဲ့ပြိုင်ပြီး ဒေါသထွက်ဖို့ မလို
လို့ သတိထားလိုက်တာနဲ့တစ်ပြိုင်နက် ဘွားဘွား ဒေါသစိတ်ဟာ လျှ
သွားပြီး ကြည်လင်စိတ် (ပကတိစိတ်) ပေါ်လာတယ်။ ဝိပဿနာတ
အားမထုတ်ခင်ကဆိုရင်တော့ "တစ်ပွဲတစ်လမ်း စမ်းကြအုံးစို့ လေ
ဆိုပြီး သေချင်သေပေစေ၊ ယယ်စိတ်နဲ့ ဒီနေရာမှာ တိုက်ပွဲကြီး ဆင်လို
မှာပေါ့။ ခုတော့ ဘွားဘွားက တစ်မတ်တန်းကျောင်းတွက် ဘုန်းကြ
ကျောင်းသူကလေးပီပီ ယယ်ယယ်တုန်းက ကျက်ရတဲ့လင်္ကာကို ရွတ်ပြ
မယ်ဆိုရင်...





"သူ့ စည်းစိမ်ကို ရလိုမှုနှင့်၊ သူ့သက်ဇီဝန်၊ သေစေချင်မှု၊
ယုမှောက်မှား၊ ဤသုံးပါး၊ ။မှတ်သားမနောကံ..."လို့ ရွတ်ရလိမ့်
ယ်။

ခုတော့ သူ့ခမျာ ဘွားဘွားကို ပြောတဲ့နေ့ကစပြီး သူ့မနောကံ
ဟာ သူ့ကိုလောင်ကျွမ်းလိုက်တာ ခုထိလူရုပ်မပေါ်တော့ပဲ ဘယ်နေ
မှလည်း အခြေတကျရပ်တည် မရအောင် ဖြစ်နေရှာတယ်။

ဘွားဘွားမှာဖြင့် နေ့တိုင်းလိုပဲ ဘုရားမှာ သစ္စာဆို သူ့မျက်နှာ
ပေါ်အောင် အာရုံပြုပြီး ရင်ထဲမှာ တကယ်အေးငြိမ်းလာမှ "ဘဝမှာ
ရှိရင်လည်း ကြေပါစေ၊ အာဃာတရှိရင်လည်း ပြေပျောက်ပါစေ။
တည်ရာမရ ပြေးလွှားနေရသော ဘဝမှ တည်ငြိမ်ချမ်းသာမှုကို
ပါစေ..."လို့ ဆုတောင်းမေတ္တာ ပို့ရတယ်။

ဆွေမျိုး အရင်းကြီးဆိုပြန်တော့လည်း သူ့ဒုက္ခကိုမရှုရက်နိုင်


ဘွားဘွားက သူနဲ့ရင်ဆိုင်တဲ့ အချိန်မှာ ကိုယ့်မာန်အားကိုးနဲ့
နဲ့ယှဉ်ပြိုင်တိုက်ခိုက်တယ်ပဲထား။ ဘွားဘွားက အမှန်ဘက်က ရပ်နေ
ယ်ပဲထား။ ဖယောင်းတိုင်ချင်းကပ်လိုက်တော့ မီးကူးသလို သူ့အပူတွေ
ဘွားကို ကူးလာလိုက်မယ့်ဖြစ်ခြင်း။

ဒါကြောင့် ဘွားဘွား အဲဒီနေရာမျိုးမှာ ငါယှဉ်ပြိုင်တိုက်ခိုက်
တယ်ဆိုတဲ့ မာန်ကိုမထားပါဘူး။ အစွမ်းလည်း မပြပါဘူး။ ကိုယ့်
ကို မီးအကူးမခံဘူး။ မီးရထားတွဲချင်း ဆက်မရအောင် ခွာထား
လိုနေရတယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခါနှောင်းခဲ့ပြီ

ဝင်ဒါမီယာကို ကျောခိုင်းထွက်လာပြီးလို့ အိမ်ရှင်မ ဘဝ
ပြန်တော့လည်း "ကြားလူတန်းစား"ဘဝက မကျွတ်လွတ်သေးတာ
ဘွားဘွားပြောခဲ့ပြီ။ ဘွားဘွား နှစ်ကိုယ်ခွဲပြီ၊ ဘွားဘွား ဝိပဿနာအ
ကြည့်စမ်းတဲ့အခါ "မခင်ယု"ဆိုတဲ့ အိမ်ရှင်မတစ်ယောက်ဟာ မိုး
က မိုးချုပ်ပြေးနေလိုက်တာ စကြဝဠာအဆုံးကို လိုက်ရှာရင်း ပြေး
တဲ့ ပြဟ္မာကြီးလား အောက်မေ့ရတယ်။

ဘွားဘွားဖြင့် သိပ်ရယ်ချင်တာပဲ။ အဲဒီပြဟ္မာကြီးဟာ
"အမ်စရောင်း"တို့ "ဂါဂါရင်"တို့ထက် သာတယ်ဆိုရမှာပေါ့။

အိမ်ရှင်မဖြစ်နေတဲ့ မခင်ယု ခေါ် ခင်နှင်းယု ခေါ် ဘွား
ယုကြီးကို ဝိပဿနာတရားအားထုတ်နေတဲ့ မခင်ယုက ကြည့်





တော့ "ခြော်...ကမ္ဘာကြီးတစ်ခုလုံးကို သူတစ်ယောက်တည်းကပဲ
ထားပြီး ထမင်းကျွေးနေရတဲ့ရုပ်ကျနေတာပဲ။ တကာတည်း ပြေးလိုက်
သွားလိုက်နေတာ ရယ်စရာချည်းပါလား" လို့ မြင်တယ်။

အဲဒီနေရာမှာ ငယ်ငယ်တုန်းက ဘွားဘွားကြိုက်တဲ့အကျည်း
တန်သော ဘဲကလေးပုံပြင်လို ဘွားဘွားကလည်း ကိုယ့်ဘဝကိုယ် နှိုင်း
ချင်ချင်တယ် သားကြီး။

ဘဲကလေးမှာ နောက်ဆုံးပြေးရင်းလွှားရင်း ဒုက္ခအမျိုးစုံ တွေ့
ပြီးက အင်မတန်ကြည်လင်တဲ့ ရေအိုင်တစ်ခုကို ရောက်သွားတယ်။
အဲဒီရေအိုင်မှာလှပတဲ့ ကြာပန်းများနဲ့ ငန်းဖြူလေးများရှိကြတယ်။
ကျောင်း နေရောင်ကရည်း ရွှေရောင်ငွေရောင် တလက်လက်ဖြာကျ
သလို ရေမျက်နှာပြင်ပေါ်မှာကျနေသတဲ့။ အဲဒီကန်ပါဝင်တဲ့ မြို့ကို
ဘဲမိသားစုဟာ ရောက်လေးဘေးကို ရောက်လာတော့ ကလေးများက
လက်ခုပ်လက်ဝါးတီးပြီး ဝမ်းသာအားရပြောကြသတဲ့။ အကျည်းတန်
ဘဲလေးမှာတော့ ကြောင်တက်တက် ဖြစ်နေတယ်။ နောက်ထပ်
ပြီး ငါဘယ်ကိုများ ပြေးရအုံးမှာလဲလို့ လန့်နေတာပေါ့။

ဒါပေမယ့် သူကြားရတဲ့ အသံက ခါတိုင်းကြားရတဲ့ အသံ
မျိုးမဟုတ်ဘူး။

"ကြည့်လိုက်စမ်းပါဟ။ နောက်ဆုံးရောက်လာတဲ့ ငန်းကလေး
ဟာ ဆို့ကန်ထဲက ငန်းတွေထဲမှာ အလှဆုံးပါဘဲ"လို့ ကြားရသတဲ့။
ဘဲက ဒီတစ်ခါဘဲ စိတ်ချမ်းသာဘူးသတဲ့။ ဒီလိုအသံကို ကြားရခဲ့ပက
ကြားရတော့ ရှက်တာနဲ့ ခေါင်းလေးကို ငုံ့နေလိုက်တယ်။ ဒီတော့

www.burmeseclassic.com



သူ့ကိုယ်ကို သူရေပြင်ပေါ်မှာ သွားမြင်တော့ သူဟာ သူ့မိသားစု … စဉ်ကပြောသလို နို့သည်အိမ်က မိသားစုနဲ့ကြက်တွေ ကြောင်တွေ … နှိမ်တုန်းကပြောသလို "လည်ကုပ်တိုတို မွဲညိုညိုနဲ့ အကျည်းတန် … ဘဲကလေးမဟုတ်တော့ဘဲ လှပဖြူစင်သော ဘဲငန်းလေးဖြစ်နေသတဲ့ … ဒီတော့မှပဲ သူသက်ပြင်းချပြီး ခေါင်းမော်လိုက်တော့ လှပတဲ့ ကြာ … လေးများဟာ သူ့ဘက်ကို ယိုင်ညွတ်ပြီး ကြိုဆိုကြတယ်။ အရင်ရော … ရှိနေတဲ့ ငန်းဖြူလေးတွေကလည်း သူ့ကို သာယာချေငံစွာ နှုတ်ခွန်းဆ … ကြသတဲ့။

ဘွားဘွားရဲ့ဘဝဇာတ်လမ်းကိုလည်း "မွေး"ဝတ္ထုရုပ်ရှင်ဇာ … လမ်း ပဏ္ဏာမသီချင်းလို "ဘဝအစ ငိုချင်းက" "ဘဝအလယ် ငိုချ … သယ်ကာ" "ဘဝအဆုံး ငိုချင်းနဲ့သာ ဆုံးရရှာတယ်လေ"လို့ ဘွားဘွ … အဆုံးမသတ်ချင်ဘူး။

ရှင်မဟာသီလဝံသက ဆုတောင်းခန်းပျို့မှာ " မစင်အ … လိမ်းကပ်ပြီး ရွှံ့ညွှံမှာလူးလာတဲ့ လူတစ်ယောက်ဟာ အင်မတန် သာ … ကြည်လင်တဲ့ တစ်ဖက်ဆည်ကန်ကြီးကို တွေ့တယ်တဲ့။ ဒီကန်ကြီး … တွေ့ပါလျက်နဲ့မှ သူ့ကိုယ်က အညစ်အကြေးတွေကို မဆေးကြော … ရေကန်ကြီးရဲ့ အပြစ်မဟုတ်ဘူး။ ဒီလူရဲ့အပြစ်ပဲလို့ ဟောတယ်"

ဘွားဘွားလည်း ခုတော့ အင်မတန် အေးချမ်းတဲ့ တစ် … ဆည်ကန်ကြီးနဲ့တူတဲ့ ဝိပဿနာကန်ကြီးကို တွေ့နေပြီ။ သားကြီးတို့ … ချစ်တဲ့အာရုံနဲ့ ပူပင်သောကဗျာပါဒတွေ ဘယ်လိုပဲများနေနေ ဒီဝိပဿ … ကန်ကြီးဘောမှာ တစ်နာရီလောက်ထိုင်လိုက်ရင်ပဲ အင်မတန်အေး …





… အရသာကို ဘွားဘွားခံစားရတယ်။ ဒါကြောင့် ဒီလှုပ်တုပ် လှုပ်တုပ်နဲ့ … ဘွားဘွားဟာ မသေပဲ အသက်ရှင်နေတာပေါ့။

အသေအချာ ဒီကန်ထဲမှာ နှစ်ပြီးစိမ်လိုက်ရင်တော့ လုံးဝ … သောကအပူများ ကင်းစင်တဲ့ထာဝရ ငြိမ်းချမ်းတဲ့အရသာကို ဘွားဘွား … ရမှာပဲ။

လာခြင်းကောင်းသော လူကလေးရယ်။ သားကြီးကို ဘွားဘွား … များကြီးချစ်ပါတယ်။ ငယ်ငယ်ရွယ်ရွယ်ကသာ ဒီလိုသားလေးမျိုးရရင် … ဘွားလေ အောက်ခြေလွတ် ချစ်နည်းမျိုးနဲ့ အရူးအမူး ချစ်ပြီး … ဘွား ဘယ်လောက် ပျော်လိုက်မလဲ။

ဘွားဘွားအတွက် အခါနှောင်းပြီဆိုခြင်းဟာ မကောင်းသော … ခြင်းမဟုတ်ပါ။ အလွန်အေးမြတဲ့ တစ်ဖက်ဆည်ကန်ကြီးဘောမှာ … ဘွား နားခွင့်လိုချင်နေပြီ။ နားပါရစေတော့။

အရူးအမူးဆိုပြီး "ပျော်" ပစ်လိုက်ဖို့ ဘွားဘွားကြောက်နေပြီ။ … မရှိတော့ဘူး။ ဒါကြောင့် ကဗျာတစ်ပုဒ်ကို ဘွားဘွားရေးပြီး မင်း … ဦးပုံစံကို ပေးခဲ့တယ်။ သူကတော့ ဘယ်လို သဘောပေါက်လေ … သယ်။

"လောကီမှာ လောကီအလိုက်ပေပေါ့
အထိုက်ကြင်ဖော်နဲ့။
ပျော်ပျော်နေ ရွှင်ပျစမ်းပါ"တဲ့။
ငယ်ကျွမ်းသူ့ဆိုလေတော့
သူ့နယ်မြေ တစ်ထောက်စခန်းကိုဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လှမ်းခဲ့ရ အမိငယ်။ ။
မမ၊ မောင်မောင်၊ ဖျဖျ ခေါင်ခေါင်
သံယောင်ကြော့တွေက
မော့သူကို ချော့မြူမြှားသည်သို့
ဝင်စားကာ သည်းခြေကြိုက်လျှင်ဖြင့်၊
အဝိုက်ဖြင့် မိလောက်တယ်။ ။
ပပရှိန်းရှိန်း၊ စစသိမ်းမှာလဲ
မျက်စိပင် ကျိန်းလောက်ဖွယ်
သူ့တို့နယ်ကဖြင့် သာတင့်မဆုံး။ ။
အကယ်၍ သာပ
ကျွန်မေ့ကာ အပျော်ကြူးပါလို့၊
မူးလိုက်မယ် အတွေ့သွမ်းရယ်နဲ့၊
နတ်ဝင်သယ် အကရမ်းသည်သို့
"ခြေလွတ်လျှင် သခင်ဖမ်းမည်လား"
အဆန်းကျွန် ဆိုလေမှ
မဖြေသာသည့် တစ်ခွန်းကိုကွယ်...
ညွှန်းလို့ သူပြုံး။ ။

* * *



# ထီးချက်စောင့် နတ်သမီး

လောကီဆိုတာကတော့ အရသာမျိုးစုံနဲ့ လိုက်လေလေ လို့ မဆုံးပါဘူး။ ပင်ကိုလောကဆိုတာကိုတော့ ဗိဂြိုဟ်ဆရာများ တိုင်က "လုဗ္ဗတိတိ၊ ပလုဗ္ဗတိတိလောကော" ဖွဲ့ဖြိုဟ်ပြုထားတယ်။

ဖြစ်တတ်၏ပျက်တတ်၏တဲ့၊ ဖြစ်ခြင်းပျက်ခြင်းကို ခဏခဏ [illegible]သူတွေအဖို့ကတော့ လောကီရဲ့ အလှအပ စည်းစိမ်တွေ ဘယ်လို [illegible]ပေမယ့် သာယာခြင်း၊ ခြေလွတ်လက်လွတ် ခံစားလိုခြင်းဆိုတဲ့ [illegible]တွေ မရှိတော့ဘူး။

ဘွားဘွားမှာတော့ ကြီးကြီးကျယ်ကျယ် ရေးရင် တောမီးင်းရဲ့ [illegible]စောင့်နတ်သမီးဖြစ်နေတယ်။ တောမိမင်းသားလေးကို ဘုရင်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



လောကီ"စည်းစိမ်"မှာသာယာမိမှာစိုးလို့ မိခင်ဟောင်းဖြစ်တဲ့ ထီးချက်
စောင့် နတ်သမီးဟာ သတိပေးတယ်။

တေမိမင်းသားမွေးဖွားလာပြီး တစ်လသားအရွယ်ရောက်တော့
ဘခမည်းတော်က သူ့ရင်ခွင်ထဲမှာ ချီပွေ့နမ်းရှုံ့ပြီးထားသတဲ့။ မရစဖူး
တဲ့ တစ်ဦးတည်းသော ထီးညွန့်နန်းလျာဖြစ်တဲ့ သားကို။ ဒီတော့အထိ
အချိအယတွေ ဘယ်လိုရှိသော်လည်း သားတော်ကို ရင်ခွင်ကချပုံ မရ
ထင်ပါရဲ့။

အဲဒီအချိန်မှာ ခမည်းတော် ကာသိကရာဇ်မင်းကြီးဟာလည်း
ပဲ ခိုးသူလေးယောက်ကို တရားစီရင်ရတဲ့အချိန်နဲ့ တိုက်ဆိုင်နေတယ်
မင်းဆိုတာ ကိုယ့်တိုင်းပြည်ငြိမ်ဝပ်ပိပြားရေးအတွက် ဖြစ်လာပြန်တော့
လည်း ငြိမ်းချမ်းရေးရဲ့ ဆူးညှောင့်ခလုတ်ဖြစ်တဲ့ ရန်သူတွေကို ပြတ်ပြတ်
သားသား အရေးယူအပြစ်ပေး ဆုံးမရတာကိုး။

"တစ်ယောက်သောသူကိုတော့ လိပ်ကျောက်မြီး ငါးမန်းစွယ်
အစရှိတဲ့ ကြိမ်နဲ့ဒဏ်အချက်တစ်ထောင်ခတ်ဖို့ အမိန့်တော်မှတ်တယ်
တစ်ယောက်သောသူကိုတော့ သံခြေကျဉ်းခတ်နှောင်အိမ်သွင်း။ တစ်
ယောက်သော ခိုးသူကိုတော့ ထက်လှစွာသောလှံသွားနဲ့ အသား
ခွဲခိုင်းတယ်။ တစ်ယောက်သောသူကိုတော့ တံကျင်လျှိုရမယ်လို့" ဖြစ်
အကြီးအသေးအလျောက် ဘုရင်ကြီးက အမိန့်တော်ချမှတ်ရတာကိုး

ဘခမည်းတော်ရင်ခွင်မှာ ပျော်ရွှင်မြူးတူးစွာ ခံစားနေတဲ့
တစ်လသားလေးပင်ဖြစ်တဲ့ တေမိမင်းဟာ ပါရမီရှင်လည်းဖြစ်၊ ဇာတိ
ရှောက်ရထားလေတော့ ဘခမည်းတော်ဘုရား အမိန့်တော်ပြန်တာ





ည်း သူနားလည်ကြားသိတော်မူတယ်။ (ခုခေတ်လူဝင်စားဆိုတဲ့
လေးတွေ လက်တွေ့အထင်အရှားရှိနေတာပဲ)

ချက်ချင်းပဲ မြူးတူးရွှင်ပြနေတဲ့ စိတ်ဟာ ခမည်းတော်အသံ
ကြားရင် ကြောက်ရွံ့ခြင်း ဖြစ်သွားတယ်။ သူဖြစ်လာမဲ့တဲ့ နောက်ကြောင်း
ကိုပြန်ဆင်ခြင်တော့ သူဟာတာဝတိံသာ နတ်ပြည်က လာခဲ့တယ်။
တ်သားဘဝ မရောက်ခင်က ဥဿဒရက်ငရဲမှာ ကျရောက်ခံစားခဲ့
ာကို ပြန်မြင်တော့ အသည်းနှလုံးဟာ ပြင်းစွာပူပန်ကြောက်ရွံ့ထိတ်
န့်ခြင်း ဖြစ်သွားတယ်။ ဘာဖြစ်လို့ ဒီဥဿဒရက်ငရဲမှာ ခံစားရလည်း
တော့ ဒီငရဲမကျခင် ဗာရာဏသီပြည်မှာ အနှစ်နှစ်ဆယ်မင်းပြုခဲ့ရ
ာ အခု သူ့ဘခမည်းတော်ကြီးလိုပေါ့။ မင်းကျင့်တရားနဲ့အညီအုပ်
ချုပ်ရတဲ့အပြင် အဲဒီခိုးသူ သူပုန်တိုင်းတစ်ပါးရန်သူတွေနဲ့ ရင်ဆိုင်ရ
အခါ ပြတ်ပြတ်သားသား ဆောင်ရွက်လုပ်ကိုင်ရတော့ ကုသိုလ်
အကုသိုလ် တရားတွေဟာ ယှဉ်ရက်တွဲရက်ပေါ့။

ပုထုဇဉ်လူသားဆိုတော့ ရှင်ဘုရင်ပေမယ့် တရားစီရင်ရာမှာ
ားတွေရော အမှန်တွေရော အစုံပါတာပေါ့။ အဲဒီအထဲက အကုသိုလ်
တွေကြောင့် ဥဿဒရက်ငရဲမှာ ခံရပြီး ဒီငရဲက လွတ်မှ အတိတ်က
ခဲ့တဲ့ ကုသိုလ်ကြောင့် တာဝတိံသာ နတ်ပြည်မှာ နတ်သားဖြစ်ရတယ်။

သူ အခု သူ့ခမည်းတော် ရင်ခွင်မှာ ခံစားနေရင်း ခမည်းတော်
နဲ့ တရားစီရင်သံကြားတော့ တစ်ခါတည်း အတိတ်အကြောင်းတွေပြန်
ပြီး ရှင်းရှင်းရေးရုရင် "ငါလည်း တစ်နေ့ ရှင်ဘုရင်ဖြစ်ရအုံးမယ်
ား ဘုရား" ဟိုဘဝတစ်ခါ ဗာရာဏသီမင်းဖြစ်ခဲ့တုန်းက ပြုခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



အတော့သိုလ်တွေကြောင့် ဥသာဒရက်ငရဲမှာ ငါခံခဲ့ရတယ်။ ခုတစ်ခါ ရှင်ဘုရင်ဖြစ်ရအုံးမယ်ဆိုတော့ ငါငရဲကို ပြန်သွားရချည်သေးရဲ့ဆိုပြီး အင်မတန်နုနယ်တဲ့ တေမိမင်းသားလေး နှလုံးသားဟာ ပြင်းစွာစိုးရိမ် ပူပန်ခြင်းဖြစ်သတဲ့။ ထီးဖြူတော်မြင်ရင်ပဲ ထီးမွေနန်းမွေခံရမှာကို ကြောက်လန့်နေတာပဲ။

အဲဒီအချိန် သံသရာ ဘဝဟောင်းက တေမိမင်းရဲ့မိခင်ဖြစ်ခဲ့ ဘူးတဲ့ ထီးချက်စောင့် နတ်သမီးက၊ သူ့သားတော်ငယ်ရဲ့ စိုးရိမ်ပူပန် တာကို မြင်တော့ သနားကြင်နာစိတ်နဲ့ ကိုယ်ထင်ပြပြီး အကြံပေး စောင်မတယ်။

လွယ်လွယ်ရေးရရင်“သားတော် ထီးနန်းစည်းစိမ်ကို အလို မရှိရင် အလိုဆန္ဒအားလုံးကို ထိန်းချုပ်ပါ၊ နို့ဆာလို့တောင် တခြားကလေး ငယ်များလိုမငိုနဲ့။ အရွယ်အလျောက် ကြီးပြင်းလာရင်လည်း စကား မဆိုနဲ့၊ နားကြားပေမယ့်လည်း မကြားချင်ယောင်ဆောင်နေ”လို့ အကြံ ဉာဏ်ပေးသတဲ့။ အစစအရာရာ သူစောင်မပါ့မယ်ဆိုပြီး ထီးချက်စောင့် နတ်သမီးဟာ ကွယ်သွားတယ်။

ဆွံ့အနားမကြားတဲ့သူကို ဘယ်သူက ဘုရင်မြှောက်မလဲ အရွယ်ရောက်သော်လည်း သူ့ဘခမည်းတော်က လောကီစည်းစိမ် နဲ့အမျိုးမျိုးချော့မြူပြီး အလိုစမ်းပေမယ့် ထီးနန်းစည်းစိမ်မခံစားလို တဲ့ တေမိမင်းသားဟာ သူ့မိခင်ဟောင်း ထီးချက်စောင့်နတ်သမီး သလိုပဲ တည်ငြိမ်စွာနေပြတယ်။ အဆွံ့အအ,အလိုနေပြီးပြတယ်။ နောက် ခမည်းတော် ဖခင်မင်းတရားကြီး အမျက်တော်ထွက်ပြီး သားတော်





သားကို တောသို့နှင်ပို့ပစ်လိုက်တယ်ဆိုပါတော့၊ အကျယ်ကိုတော့ ကြီးဆယ်ဘွဲ့မှာ ဖတ်ကြည့်။

ဘွားဘွားလည်း စကားအစခံထားသလို ဝင်ဒါမီယာမှာ လုပ်ရင်း တစ်နေ့တခြား တေမိမင်းရဲ့ ထီးချက်စောင့် နတ်သမီးရဲ့ ဘတ်မျိုး ဖြစ်ပေါ်လာတယ်။

ဘွားဘွားလည်း ဝင်ဒါမီယာရဲ့ ဆယ်နှစ်ဆယ်မိုးအောက က လူကို မိုးဟပ်သလိုပဲ ငယ်ငယ်ရွယ်ရွယ်နဲ့ အိုမင်းသွားစေတယ်။

ဆယ့်ခြောက်နှစ်အရွယ်လောက်နဲ့ လင်ယူပြီး ကလေးဆယ် လောက် မွေးလိုက်တဲ့ မိန်းကလေးလို ဘူးသီးအမွှေးသတ်ဖြစ် ထောင်ရေးတို့၊ လင်တို့၊ ကလေးတို့အပေါ်မှာ ငြိငွေ့သွားတယ်။

မင်းရဲ့ ဘဘကြီးဦးနုအနားမှာ နေရင်း သူဝန်ကြီးချုပ်အနေနဲ့ နေရတာတွေ မြင်လေလေ သူလိုချင်တဲ့“ဗောဓိဆုနဲ့နိဗ္ဗာန်”သို့ ရာလမ်းကြောင်းမှာ ဒီ“ဝန်ကြီးချုပ်”ဆိုတဲ့ ဘဝဟာ အနှောင့် တ်ကြီးပါလားလို့ ဘွားဘွားမြင်လာတယ်။ ဒါကြောင့်လည်း ကြီးချုပ်အဖြစ်က မြန်မြန်အနားယူခွင့်ရပါစေ”ဆိုတာ ဘွားဘွား တောင်းခဲ့တယ်။

ဘွားဘွားက မိသားစုသဘော မောင်နှမသဘောတွေနဲ့ တင်ပြ ယ်လို့ မထင်နဲ့။ ဘက်လိုက်ပြီး ပြောနေတာမဟုတ်ပါဘူး၊ သူ့အဖွဲ့ ည်း သူ့ကို အမျိုးသားခေါင်းဆောင်ကြီး တစ်ယောက်ဆိုပြီး သမုတ် တကယ်လုပ်နေရတဲ့ သူ့အဖြစ်ကို အနားကပ် လေ့လာရတော့ ကြေကွဲမိတယ်။ သူ့မှာကြုံလိုက်ရရင်အဖြစ်က ဇာတ်မျိုးပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်း ရှိကတည်းက ဗိုလ်ချုပ်က ဖဆပလဌာနချုပ်မှာ ဥက္ကဋ္ဌလုပ်တယ်ကွယ့်။ ဒီတော့သားကြီးရဲ့ ဘဘကြီးဦးနုက တော့မှာ နေပြီး သူဝါသနာပါတဲ့ လောကီအလုပ်မှာစာရေးမယ်။ လောကုတ္တရာ အလုပ်မှာ တရားကျင့်မယ်ပေါ့။ ဒီတော့ ဗိုလ်ချုပ်အောင်ဆန်းက...

"ကိုကြီးနု တိုင်းပြည်ကြီးကို ပစ်ထားတော့မလား။ လာခဲ့ဦး အုံး ကူပါအုံး" ဆိုတော့ သူချစ်တဲ့ သူ့ပုတီးနဲ့သူ့ကလောင်ကို အသာချ ပြီး လာခဲ့ရပြန်ရော။ မလာပြန်ရင်လည်း ဟို ဘွားဘွား တစ်ခါရေး တဲ့ ရှေးကဗျာလေးလိုဖြစ်နေမှာပေါ့။

"ဆေးတံတိုတစ်ညှို့လောက်၊ ရှေ့—သောက်တော့ပေ။

မယူလိုက်က မိုက်တယ်ထင်မယ်

ယူလိုက်က ကြိုက်တယ်ထင်မယ်" ဆိုသလိုပဲ။

လုပ်ဖော်ကိုင်ဖက် ရောင်းရင်းတွေက တိုင်းပြည်ကြီးအတွက် ဝိုင်းကူပါဆိုတာကို မကူပြန်ရင်လည်း တိုင်းပြည်ပစ်ပြီး ကိုယ်ကျိုး ကြည့် ရာကြမယ်။ဟော...ကူခဲ့ပြန်တော့လည်း နောက်ဆုံး စွပ်စွဲခံရတော့ အာဏာကို ကြိုက်တယ်လို့ အထင်ခံရတော့တယ်။ ဒါကြောင့် ဘွားဘွား ဖြင့် သူ့ကိုကြည့်ရင်း သံဝေပဲရနေတယ်။ လောကီစည်းစိမ်ဆိုလို့လည်း လူသားတွေ အလွန်တပ်မက်မောတဲ့ "ကာမဆန္ဒ"ဆိုတဲ့အရာမှာလည်း သူစည်းစိမ်မခံ။ အဖြူဟွစရိယာ မပြတ်သော အကျင့်ကိုဖြင့် ဒီမြန်မာ ပြည် ငြိမ်းချမ်းရေးမရမချင်း မကျူးလွန်ဘူး။ စောင့်ထိန်းပါတော့မယ် ဆိုပြီး သစ္စာဆို စောင့်ထိန်းလာခဲ့တာကို တွေ့ရတယ်။

သောင်းကျန်းမှုဒဏ်တွေ အပြင်းအထန် ဆိုးရွားလာချိန်မှာ





သခင်မတော်နဲ့ ပူးတွဲပြီး အထက်မြန်မာပြည်မှာ သောင်းကျန်းသူ ရောင်စုံ ဘက်ထဲ ကျရောက်နေတဲ့ "မန္တလေးနဲ့မေမြို့၊မြစ်ငယ် အစရှိတဲ့ မြို့တွေ ကို ပြန်ရအောင် ဘယ်လို စီမံတယ်။ ကြီးကြပ်တယ်ဆိုတာ သူနဲ့အတူ သွားလေရာပါတဲ့ သတင်းစာ ဆရာကြီး ဦးပုလေး "သခင်နု အရေးတော်ပုံ" စာအုပ်ကို ဘွားဘွားသားကြီး စာတတ်လာရင် ရှာဖွေဖတ်ကြည့် စေတော့။

ဒီတော့ တိုင်းပြည်အုပ်ချုပ်ဖို့ တာဝန်ယူထားတဲ့ လူတစ်ယောက် အာ ဒီလို တိုင်းပြည်ပြဿနာတွေကြတော့လည်း ပြတ်ပြတ်သားသား ဆုံးဖြတ်ရတာပဲ သားကြီး။ သူအင်မတန်ကို မြတ်နိုးပါတဲ့ "ဗောဓိဆု"ကို ထားပါသော်လည်း ဆန့်ကျင်ဘက်ဖြစ်တဲ့ တိုက်ခြင်း၊ ခိုက်ခြင်းများကို လည်း ပရိသတ်က လိုလားလို့ လုပ်ပေးပါအုံးဆိုပြန်တော့ လုပ်ပေးရ တာပဲ။

"အနီးကပ် လေ့လာရသလောက်တော့ သူပျော်ရာမှာမဟုတ် ဘူး" ဆိုပြီး ဘွားဘွားက သူ့အတွက် ကြေကွဲမိတယ်။ သူ့မှာ တစ်ဖက် က သောင်းကျန်းသူတွေကိုတိုက်ရင်း တစ်ဖက်က တိုင်းပြည်ကြီး တိုး တက်မှုကို လုပ်ရသေး။ အဲဒီလို လုပ်တဲ့အခါမှာ ပြည်တော်သာ စီမံကိန်း ကို ချမှတ်လုပ်တော့လည်း သူတစ်ခါက မိန့်ခွန်းပြောခဲ့သလိုပဲ လူတွေ က အကျင့်ပျက်လေတော့ စီမံကိန်းအတွက် ငွေတွေ အစိုးရကသွန်ချပေး သလိုတိုင်း "ခြတွေတောထဲထင်းရှူးပုံများ ချလိုက်လေသလား အောက် မေ့ရတယ်။ ဟိုကဘုံး ဒီကဘုံးနဲ့ ပြုတ်ပြုတ်သာပြုံးရောပဲ။ တိုင်းပြည် ကတော့ ရည်ရွယ်ထားသလောက် အကျိုးမသက်ရောက်ခဲ့ဘူး..."



www.burmeseclassic.com

www.burmeseclassic.com



အခု ပြည်သူ့ဆိုင်တွေနဲ့ တချို့သော လလာသသအဖွဲ့တွေ လည်း အဲဒီလိုမျိုးဖြစ်နေကြလေသလား မသိပါဘူး။

လူတွေ ဒီလိုအကျင့်ပျက်ခြင်းဟာဖြင့် လူထုမှာ ပညာနည်းသေးလို့ ဒါကြောင့် လူထုအခြေခံပညာရဖို့ ပညာပေးချင်ဇောနဲ့ လူထု ပညာရေးဌာနဖွင့်ပြီး လူထုကို ပညာပေးခဲ့တယ်။

ဒီလူထုပညာဌာနက ပညာရေးမှူးတွေဟာ တချို့လည်း ရှုပ်ရှုပ် ချုံချုံ ဝတ္တရားကျေပွန်စွာ ဆောင်ရွက်ကြပါတယ်။

တချို့ကျတော့လည်း ဘွားဘွား စောစောက ရေးခဲ့သလို အခစားစိတ်နဲ့ ရေသာခိုကြတယ်။

အကြီးဆုံးအနှောင့်အယှက်ကတော့ သူ့လူတွေထဲကပဲ "ဦးရှု ကြီး လူစုပြီး လူမွေးပြီး သူ့အာဏာ တည်မြဲဖို့ ဒီလူထုပညာရေးမှူး တွေမွေးတယ်"ဆိုပြီး နောက်ကျောကနေ သူ့ကို ဓားနဲ့ထိုးကြတာပဲ။ ဒါကြောင့် တချို့လူထုပညာရေးမှူးများရဲ့ လုပ်ငန်းဟာ ကြိုးစားသော် လည်း တောရွာနယ်ပယ်တွေမှာ အမျက်သမားတွေကြောင့် မအောင်မြင်ခဲ့ ဘူး။ အခုအသက်မသေရှိသေးတဲ့ လူထုပညာရေးမှူးဟောင်းများကို မေးကြည့်စေချင်တယ်။

တိုင်းပြည်ရဲ့ စီမံကိန်းတွေ မအောင်မြင်တာဟာ "လူကြောင့် လား စနစ်ကြောင့်လား"ဆိုတာ ခဏခဏ အငြင်းပွားလာခဲ့ကြတာ ဖြင့် လွတ်လပ်ရေးရစကတည်းက ဆိုပါတော့။ ခုထက်တိုင်ပဲ၊ ဖွားဖွားက တော့ မင်္ဂလသုတ်ထဲက ရွတ်ဖတ်သလိုရွတ်ရရင်...





"နတ်နှင့်အကွသော လူတို့သည် အကြင်မင်္ဂလာတရားတော် ကို တစ်ဆယ့်နှစ်နှစ်တို့ ကာလပတ်လုံး ကြံကြကုန်၏။

ကြံကြကုန်သော်လည်း စီးပွားချမ်းသာခြင်း၏အကြောင်း ဖြစ် သော သုံးဆယ့်ရှစ်ပါး အပြားရှိသည့်လည်းဖြစ်သော ထိုမင်္ဂလာတရား တော်ကို မသိနိုင်ကုန်သည်သာလျှင်တည်း"

ငယ်ငယ်ကတော့ အဲဒီလို ရွတ်ခဲ့ရတယ်။ ခုလည်း "စီးပွား ချမ်းသာခြင်း၏အကြောင်းဖြစ်သော စီမံကိန်းများ နှောင့်နှေးကြသည် မှာ "စနစ်ကြောင့်လော၊ လူကြောင့်လော"ဟူ၍ အနှစ်နှစ်ဆယ်ကာလ ပတ်လုံး စိန္တယိသု၊ ကြံကြကုန်၏။ စိန္တယန္တာပိ ကြံကြကုန်သော်လည်း၊ အဓိကရွန်း နု-အမိကရွန်း ငေ၊ မသိနိုင်ကုန်သည်သာလျှင်တည်းလို့ ရွတ်ဖို့ပဲ ကောင်းတော့တယ်။

တချို့ကတော့လည်း အဖျားဆွတ်ပြီး အရမ်းအော်တာပဲ။ "စနစ်မအောင်တာ သီလမစောင့်လို့၊ သီလမစောင့်နိုင်တာ အူမတွေ တောင့်လို့။ အူမတောင့်အောင်အလုပ်လုပ်ရမယ်"တဲ့။ ကဲ... လိုင်စင် ထက်က အူမကြီးတွေမှ တောင့်လွန်းလို့ ဗိုက်ကြီးဖောင်းလာတဲ့ ဘူဇဝါ လို့ သမုတ်ကြတဲ့အဖြစ်ရောက်လာတဲ့ လူတွေဟာ သီလစောင့်သလား လို့မေးကြည့်စမ်း။ အဲဒီအုပ်စုက အများဆုံးဖောက်ပြန်နေတာပဲ။

ဝန်ကြီးချုပ်က လိုင်စင်တွေ ရောင်းမစားကြနဲ့၊ ရောင်းစား ရင် နှစ်နှစ်အတွင်း လိုင်စင် စနစ်ကိုပိတ်ပစ်မယ်ဆိုတော့ လိုင်စင် သမားတွေဟာ ဝန်ကြီးချုပ်ကိုများ သတ်ပစ်မယ်အထိ ကြုံးဝါးကြတယ်။ အဲဒီလို ကြုံးဝါးကြတာ ဘွားဘွား နားနဲ့ဆတ်ဆတ်ကြားရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးဟာဖြင့် စီးပွားချမ်းသာခြင်းကို ရှာကြံနေကြပါတယ် ဆိုတာ ဘွားဘွားအကြွင်းမဲ့ ယုံပါတယ်၊ စီးပွားချမ်းသာခြင်း၏အကြောင်း ဖြစ်သော စီမံကိန်းတို့ စနစ်တို့ဆိုတာ စာရွက်ပေါ်မှာရှိတာ၊ အဲဒါတွေ ကို အောင်မြင်အောင် ကိုင်တွယ်ရတာက "လူ"။ အဲဒီလူက လူ့ကျင့်ဝတ် လူ့သိက္ခာ မရှိရင် ဘယ်လိုလုပ် ဒီစီမံကိန်းတွေ ဒီစနစ်တွေ အောင်မြင် ပါ့မလဲ။

ဘွားဘွားကတော့ ဝါဒဖြန့်ချိရေးဌာနမှာ လုပ်ကတည်းက လူ့ စိတ်ဓာတ်အကျင့်သီလကသာ ပဓာနဆိုပြီး စိုက်လိုက်မတ်တတ်ရေး လာခဲ့တာပဲ။

အခုတော့ အော်တဲ့လူက ဘယ်လိုအော်လို့ ကောက်ချက်ချတဲ့ လူက ဘယ်လိုချလဲ မသိဘူး။ အူမတောင့်ဖို့ကိုသာ အလုပ် လုပ်ရမယ် သီလဆိုတာ နောင်ခါလာနောင်ခါရေးဆိုပြီး နည်းမျိုးစုံနဲ့ အူမ တောင့် အောင်လုပ်လိုက်ကြတာ မှောင်ခို လူတန်းစားရယ်၊ ရှို့ ...တို့ ... စီး လူတန်းစားရယ်၊ အခစားစိတ် လူတန်းစားရယ်၊ တစ်ဦးနဲ့တစ်ဦး ဟောတုပစ္စယောဆိုတဲ့ ပစ္စည်းတွေ ဆက်ပြီး ပတ်ချာကိုလည်နေတာပဲ။

သူတို့ကိုမေးရင် "အစက ဘာလို့ အူမတောင့်အောင် အရင် လုပ်ရမယ်၊ အူမတောင့်မှ သီလစောင့်နိုင်မယ်လို့ ပြောသလဲဗျ"ဆိုပြီး သူတို့ကတောင် တရားပြန်ဟောသေး။

ဘွားဘွားကတော့ ဦးနုအနား နေခဲ့ရလို့ ဒီလိုအတွေ့အကြုံ ရှိခဲ့တယ်ဆိုတာ သိစေချင်တဲ့သဘော အလျဉ်းသင့်လို့ ရေးပြတာပါပဲ။

အဲဒီတော့ တေမိမင်းရဲ့ ထီးချက်စောင့် နတ်သမီးလိုပဲလို့





ကိုယ့်ကိုယ်ကိုယ် ဘဝင်မြင့်ပြီး အထင်ကြီးပေမယ့်လည်း ထီးချက်စောင့် နတ်သမီးက တေမိမင်းအပေါ် လွှမ်းမိုးနိုင်တယ်။

ဖွားဖွားကတော့ ဘယ်သူ့အပေါ်မှာမှ တစ်လက်မ မလွှမ်းမိုး ဘူး။ ကိုယ့်ဘာသာပဲ မင်းစည်းစိမ်တို့ ကုလားထိုင်တို့ကို ကြည့်ရင်း ကြည့်ရင်း"အပါယ်ငရဲကြောက်၍ အူအသည်းပေါက်မျှုပ္ပန်ရှာ" ဆိုတဲ့ ပြောင်းလိုဖြစ်လာတာပါပဲ သားကြီး။

ဝင်ဒါမီယာရဲ့(အက်တမိုးစဖီးယား)ခေါ်မလား ပတ်ဝန်းကျင် ဆိုလို့လည်း အဓိပ္ပာယ်မပြည့်စုံသေးဘူးလေ။ အပေါ်က ပြည့်သိပ်နေ တဲ့ လေထုလွှာတွေကိုပါ ဆိုလိုချင်တယ်၊ အဲဒီ အလွှာထုကြီးကို ဘွားဘွား စိတ်ထဲ လေထုလွှာအပုခဲကြီးလို့ ထင်တယ်။ ပထမတော့ နွေက- နောင်း မိုးရာသီရဲ့အဦးအစမှာ ပိတောက်နံ့တွေ သင်းပျံ့တဲ့ ဝင်ဒါ မီယာ၊

မာလီရိုက်ဖြတ်ထားလို့ ညီညာနေတဲ့မြက်ခင်းပြင်ကလည်း မြသားလို စိမ်းနေတဲ့ ဝင်ဒါမီယာ၊ အဲဒီဝင်ဒါမီယာမှာ နွေနှောင်း လေရူးက ဆော်တိုက် ကြွေကျတဲ့ ပိတောက်ပွင့်လွှာ ဝါဝါလေးတွေဟာ အစုလိုက် အခဲလိုက် မဟူရာရောင်တောက်နေတဲ့ ကတ္တရာစေးလမ်းပေါ်မှာ ကလေး ငယ်များလို ပြေးလွှားဆော့နေကြတယ်။

သူတို့နဲ့ မရှေးမနှောင်းပွင့်ကြတဲ့ ငုစပ်ပန်းရောင်တန်းကြီးတွေ၊ အောက်က ပွင့်ဆုပ်တွေနဲ့ စိန်ပန်းနီနီတွေဟာလည်း ဝင်ဒါမီယာရဲ့ အထူး အလွှာကို သူတို့အလှလေးတွေနဲ့ မြင်ရသူ ဘဝင်ညွတ်အောင် တန်ဆာ ဆင်ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွား ဘာကြောင့်များ အဲဒီရေ့မျက်နှာလောက် အ… အလွှာကို မြင်ရုံနှင့်မပြီးပဲ၊ အဲဒီအပေါ်ယံအရောကိုဖောက်ပြီး မြင်မိသ… မသိဘူး။ ပီတောက်ရနံ့လည်း မမွှေးတော့ဘူး။ မြ မြက်ခင်းကလ… မစိမ်းပဲ သွေးရောင်တောက်လို့ အပြစ်မဲ့တဲ့ ပန်းဝတ်လွှာတွေကိုတော… မကြည့်ချင်တော့ဘူး။ ဝင်ဒါမီယာရဲ့ အညှော်နံ့ဟာ နှလုံးသားကို မ… စေတယ်။ ညှိုးလျော်ခြောက်သွေ့သွားစေတယ်၊ ဘွားဘွားနဲ့ မတန်ဘူ… ပါရဲ့လေ။

ဘွားဘွားငယ်ငယ်က အင်္ဂလိပ်စာဖတ်ရင်နတ်သမီးပုံပြင်… ကို သိပ်ဖတ်သိပ်ကြိုက်တာပဲ။ များသောအားဖြင့် အဲဒီပုံပြင်တွေထဲ… ဇာတ်လိုက်ကလေးတွေဟာ ထူးခြားတဲ့ ရဲတိုက်ကြီးတွေကို ရောက်ရော… သွားတယ်။ ရဲတိုက်ကြီးတွေကို ရောက်ပလားဆိုရင် ဒီရဲတိုက်မှာရှိ… အစောင့်၊ သို့မဟုတ် အကြီးအကဲက အခန်းတစ်ခုခု ကို ဘယ်တော့… မပြဘူး။ အမြဲပိတ်ထားရုံမက "ဒီအခန်းကို ဖွင့်မကြည့် နဲ့"လို့ တား… တတ်တယ်။ လူသားရဲ့၊ သို့မဟုတ် ကလေးစိတ်ဟာ များသောအ… ဖြင့် တစ်နည်းမဟုတ်တစ်နည်း၊ အဲဒီအခန်းတွေကို သွားဖွင့်တ… ကြတယ်။ ဖွင့်မိပလားဆို ကလေးငယ်ရဲ့ စိတ်မှာ ပထမ တွေးထင်ထ… တဲ့ ရဲတိုက်ရဲ့ ခမ်းနားပုံ၊ လှပပုံတွေပျောက်ပြီး အရိုးပုံတွေ၊ အနိ… တွေတွေ့ပြီး ဒုက္ခရောက်။ နောက်မှ ကယ်တဲ့လူနဲ့တွေ့။ အဲဒီလိုပုံ… ခဏခဏဖတ်ရတယ်။

ခုကိစ္စမှာတော့ ဘွားဘွားပဲ တရားခံပါပဲလေ။ သူ့ဘာသ… ပွင့်နေတဲ့ပန်းအလှတွေကိုပဲ ငေးမောနေလည်း ပြီးသား၊ မြမြက်ခင်း… မှာ ပိတောက်ရနံ့ကို ရှူနေရင်လည်း အေးသားပဲ။





ဘာကြောင့်များ အဲဒီ အထုအလွှာကြီးကိုဟက်တက်ခွဲကြည့်… ချင်ရသလဲ မသိပါဘူး။ သားကြီးရယ်။

နောက်ဆုံးတော့ ပုံပြင်ဆန်ဆန် အရိုးပုံတွေ၊ အသားလွှာတွေ… ပြီး ခြေမသယ်ချင် လက်မသယ်ချင်နဲ့ ရှေ့ခရီးလည်း မဆက်ချင်… တော့ဘူး။ နားချင်တာသာ များနေတယ်။

ဘွားဘွားပျော့ညံ့လို့ ဘဝမှာ တိုက်ပွဲတွေကို ရင်မဆိုင်ရဲလို့… …ချင်တာမဟုတ်ဘူး။ ဆင်းရဲလို့ရတဲ့ သံဝေဂမျိုးနဲ့ နားချင်တာလည်း… …တ်ဘူး။

တိုက်ပွဲမရှိတဲ့ ဘဝဆိုတာဟာလည်း လူ့ဘဝကို အညွန့်တုံး… …လို့ အဓိပ္ပာယ်မရှိဘူး။ စစ်သားကောင်း တစ်ယောက်ဟာ တိုက်ပွဲ… …ရင်ဆိုင်ဖို့ အဆင်သင့်ပဲ။ ဘွားဘွားအကြောင်းကို နိုးရိပ်မှုရေးသားခဲ့… … သားကြီးရဲ့ ဘွားဘွားဟာ ဘယ်လို မိန်းမစားဆိုတာလည်း သားကြီး… …လောက်ရောပေါ့။ "ညဥ့်အမှောင်မှာ လျှောက်ရင်း သန်းခေါင်… …ကျော်ပြီးပဲ။ ဘွားဘွား ဘာလို့ နားမရလည်းလို့ ဆိုမယ်..."

ရှေးက ရေးခဲ့သလို ရှေ့မှာဆီးကြိုနေတဲ့ လင်းအရုဏ်ဟာ… …ကြီးတို့ အတွက်ပါပဲ။

ဘွားဘွားကတော့ ဘာဉာဏ်အဆင့်ရောက်လို့ ဘာဖြစ်နေပြီ… …တွေလည်း မသိဘူး။ သို့သော် ဆင်းရဲလို့ ရသောသံဝေဂ မဟုတ်… …ဆိုတာတော့ ကိုယ့်ကိုယ်ကိုယ် ပြောရဲတယ်။

ချစ်ခြင်း၊ မုန်းခြင်း၊ ဆင်းရဲခြင်းတို့ကြောင့်ရတဲ့ သံဝေဂဆိုတာ… …ပဲ။ ဥပမာ– ချစ်တဲ့သူနဲ့ အဆင်မပြေလို့ ချစ်တဲ့သူနဲ့ ကွေကွင်း



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြင်းထန်စွာ ငိုကြွေးကြတယ်။ ချစ်တဲ့သူနဲ့ ပြန်တွေ့တော့ အမယ်လေ နှလုံးဆီလိသလို ပျော်သွားပြန်တယ်။ ဆင်းရဲလို့ လောကကြီး စိတ် သီလရှင်လုပ်၊ ဘုန်းကြီးလုပ်ကြတာတွေလဲ၊ တချို့ ကတုံးပဲအဖတ် တယ်။ ဒေင်းရဲခြင်းက လွတ်လို့ မော်တော်ကား စီးကျကျ ပြန် နိုင်ရင် ဒီလောက တစ်ဖန်ပြန်သာယာသွားတာမျိုးကို သံဝေဂလို့ မ နိုင်ဘူးလို့ ဘွားဘွားထင်တယ်။

မသိခြင်းအမျိုးမျိုးဆိုတဲ့ အဝိဇ္ဇာထဲမှာ ကိုယ့်ကိုယ်ကို မသိတာက အဆိုးဆုံးပဲ။ ကိုယ့်ကိုယ်ကိုယ်ဆိုရင်''ချန်''ပြီးတော့ '' ပြီးတော့ တွေးတတ်ကြစမြဲပဲ။ ဒါဟာ လူ့သဘာဝတစ်ခုကိုး။

တစ်ခါတလေ ကိုယ့်ကိုယ်ကိုယ် ထင်တယ်လေ။ ''သူ မော်တော်ကား စီးနိုင်အောင်လို့ ကျုပ်လုပ်နေတာပါ။ ကျုပ်ဘ ဘယ်လိုနေနေ နေတတ်ပါတယ်''လို့ ထင်တတ်တယ်။ တကယ်တော့ ကိုယ်က မစီးပဲ မနေနိုင်တာ။

''သူတို့ မြိုးမြိုးမြက်မြက် စားပါစေတော့လို့ ဖွယ်ဖွယ်ရာ ချက်နေတာပါ''လို့ ပါးစပ်ကဆိုပေမယ့် တကယ်ကြတော့ ကိုယ်ကိုယ် က မြက်မြက်ကလေး ဟင်းတစ်ခွက်မပါရင် မစားနိုင်တာ။

တစ်ခါတစ်လေတော့လည်း ''ကိုယ်က ကိုယ်ကျိုးစွန့်ပြီး သူ ပါးကိုသနားလွန်းလို့ ချစ်လွန်းလို့ ကူညီနေတာလို့ ကိုယ့်ကိုယ်ကို ထင်ပေမယ့် တကယ်တမ်းမှာတော့ ကိုယ်ကိုယ်တိုင်က သူများအသ ခံဘာဝဇာတ်လိုက်မင်းသမီး ဖြစ်ချင်နေတာကွယ့်။

ဘွားဘွားလည်း စိတ်ထဲမှာ ဒီအိမ်ကြီးမှာဖြင့် ငါမပါ ဘ





ရာမှ မပြီးဆိုပြီး ဇာတ်ဖြည့်ကြီး လုပ်နေလိုက်တာကို မောလို့။ ခုနေ သမင်းကခေါ်လို့ ဘွားဘွား ထွက်သွားရရင် ခုနှစ်ရက်မြောက်တဲ့နေ့ ကြတော့ရခွက်ကလေးကိုင်ကြပြီး ''ခေါ်ခင်ယုကြီး ...ရေ...အမျှ...အမျှ'' အော်လိုက်ကြပြီး သူတို့ မေ့သွားကြမှာပါ။

''တို့ရေမှာ လှုပ်တုပ် လှုပ်တုပ်နဲ့ အနိဋ္ဌာရုံ အတ္တဘောကြီး တွေ့ရတော့ဘူး။ ခုမှပဲ မျက်စိရှင်းတော့တယ်''လို့ ထင်ကြမှာပါ သားကြီး

တဒင်္ဂ သံဝေဂ မဟုတ်တဲ့ သံဝေဂကို တကယ်ရတဲ့ ပုဂ္ဂိုလ် ကြတော့ ပဝါမြေထိမတတ်ချပြီး မင်းပွဲသဘင်နွှဲရပေမယ့်လည်း ကိုက်လိုက်လှဲလှဲ'' ''ခြေလွတ်လက်လွတ်'' ဆိုတာ လုံးဝမပါတော့ဘူး။

ဆင်းရဲခြင်းဆိုတာ ဘာမှမရှိတော့ပဲ အားလုံးပြည့်စုံလို့ ပိုမောက် ပေစေ အဲဒါတွေဟာ အဲဒီပုဂ္ဂိုလ်ကို မနှစ်သိမ့်စေတော့ဘူး။ ဒါကြောင့် မြတ်စွာဘုရားအလောင်းတော်နဲ့ ပါရမီရှင်တွေဟာ အမျိုးမျိုး နန်းစည်း တွေကို ခံစားနေရပါလျက်သားနဲ့ကို ဒါတွေကို စွန့်လွှတ်ပြီးတော့ ထွက်သွားကြတာ။

ဒါကြောင့် မြတ်စွာဘုရား သခင်က ''သဗ္ဗေသင်္ခါရာ အနိစ္စာ ယဒါပညာယပဿတိ။ အထနိဗ္ဗန္ဒတိ ဒုက္ခေသမဂ္ဂေါဝိသုဒ္ဓိယာ'' ဟောခဲ့တယ်။ မြန်မာလို ရှင်းရှင်းရေးရရင်...

''ချစ်သားရဟန်းတို့ ခပ်သိမ်းကုန်သော သင်္ခါရတို့သည် အမြဲ ကုန်။ ဤသို့အကြင်အခါ၌ ဝိပဿနာပညာဖြင့်မြင်၏။ ထိုသို့ မြင် ည်ရှိသော် သံသရာဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ငြီးငွေ့ခြင်းသည်



www.burmeseclassic.com

www.burmeseclassic.com



တ်ကြွယ်သော နိဗ္ဗာန်အကျိုးငှာ လမ်းကြောင်းသည်ဖြစ်၏တဲ့။ "သင်္ခ
သင်္ခါရာဒုက္ခာတိ"။ "သဗ္ဗေသင်္ခါရာအနတ္တာတိ" ဒီသုံးချက်က အင်
အလိုက်သွားတာပေါ့။

မြတ်စွာဘုရားသခင် ဆိုလိုချက်ကတော့ အထက်ကပါဠိလ
ဝိပဿနာပညာဖြင့် ယှဉ်ရှုမြင်သော သံသရာဆင်းရဲခြင်းကို ငြီးငွေ့
ဆိုရင်တဲ့ အဲဒီငြီးငွေ့ခြင်းကသာ တကယ့်သံဝေ စစ်စစ်နိဗ္ဗာန်သို့သွား
လမ်းအမှန်ဖြစ်သတဲ့။

ဒါကြောင့် ဘွားဘွားလည်းအင်မတန် အေးမြကြည်လင်တဲ့
ဝိပဿနာ ကန်ရေပြင်မှာ ဘွားဘွားကိုယ်ကို သေသေချာချာကြည့်အုံး
မယ်။ ဟုတ်တယ်လေ။ တကယ်တမ်း ငြီးငွေ့ခြင်းလား။ တဒင်္ဂလား
ဆိုတာတွေ။

သံသရာအညစ်အကြေးတွေနဲ့ အဝိဇ္ဇာတွေ ဖုံးလွှမ်းနေတဲ့
မိခင်ယုရုပ်ကို ရိုးရိုးမှန်မှာ ကြည့်လို့ ပြတ်ပြတ်သားသား ရုပ်လုံးမပေါ်
ဘူး။ ဝိပဿနာကန်ရေပြင်မှာ ကြည့်မှ အညစ်အကြေးတွေစင်ပြီး
တကယ်ရုပ်လုံးပေါ်မှာ။

နို့မို့ရင် သားကြီးရဲ့ ဘဘဦးပုံစံက "မိချို...ရေ"လို့ တစ်
ချက်ခေါ်လိုက်ရင် သံသရာမှာ တစ်ပတ်ပြန်ကျော့ချင်ကျော့ နေပေလိမ့်
မယ်။ စကားဆိုတာမကျုံ့ရင် ကောင်းတယ်။

သားကြီးကပဲ "ဘွားဘွားရေ"လို့ခေါ်လိုက်ရင် ဒီစက်ဝိုင်းကို
တစ်ပတ်ပြန် လျှောက်ချင်သေးသလားဆိုတာ သူများအမြင်ထက် ကိုယ့်
ကိုယ်ကိုယ် အမှန်စင်စစ်သိဖို့ အရေးကြီးတယ်။

"ရေယမုန်က" စပြီး "သဗ္ဗေသင်္ခါရ"မှာ ဘွားဘွားနိဂုံးချုပ်





သော့မယ်။ "ရေယမုန်"ပတ်ပိုးဆိုပြီး သားကြီးကို ရင်မှာပိုက်ပြီး သိပ်စဉ်
က သားကြီးဟာ သုံးလတောင်မပြည့်သေးဘူး။ အခု "သဗ္ဗေသင်္ခါရ
အနိစ္စ" ပါဠိကို ရေးချိန်မှာတော့ သားကြီး တစ်နှစ်နဲ့ ခုနစ်လပြည့်
ပြီ။

သားကြီးကဆိုမယ်။ ဘွားဘွားစာတွေကသည်း ကလေးနဲ့လဲ
ဆိုက်ဘူး။ တဖြည်းဖြည်း ကြီးကျယ်လာလိုက်တာလို့ ဆိုနိုင်တယ်
သားကြီး။

မင်းရဲ့မေမေ'မိ'ဟာ ငါးနှစ်သမီးအရွယ် ဘွားဘွားစာရေးတဲ့
စားပွဲခုံဘေးမှာ မျက်လုံးလေးကလည်ကလည်နဲ့ သူ့ပန်းပွင့်တွေကို
ကိုက်ညှပ်ဆော့နေတုန်း ဘွားဘွား"နွားတစ်ထောင်" ဝတ္ထုကို "ချစ်သမီး
ကြီးမိ"အတွက်ဆိုပြီး ရည်စူးရေးခဲ့တယ်။ ဆွေမျိုးတွေက လည်း
"သဲ"ရန်ကောတဲ့။ သားကြီးရဲ့ အဘွားလတ်အကြွယ်ကလည်း "ပူနိုင်ရန်
ကော"တဲ့ သူ့မှာသမီးချော နှစ်ယောက်ရှိတာ သူမပူပေါင်တဲ့။

ဟော...ခုတော့ သူတို့ရဲ့ "မရွှေမိ" က သူ့တစ်ခေတ်မှာ
သူမှတ်တိုင်သူစိုက်လို့၊ သူ့ဘဝလမ်းကို သူလျှောက်နေပါပကောလား
သားကြီး။ သူနားလည်သမျှ ဘဝခရီးရဲ့ အတွေ့အကြုံကို စားပွဲခုံပေါ်
တင်ပြလို့ မိဘတွေနဲ့ ဆွေးနွေးပြောဆိုလာတတ်လာပြီလေ။ တခြားအိမ်
တွေကို သွားလည်ပတ် ကြည့်စမ်းပါမေမေ၊ သမီးတို့အိမ်ဟာ လောက
နိဗ္ဗာန်ဆိုတာ မေမေသိမယ်တဲ့။ သူကပဲ ပြန်နှစ်သိမ့်လာတတ်တယ်။

"မိချိုရေ...ဒို့သမီးဟာ တော်ကြာ ဂွတ္တလစ်နဲ့ မက်သဆစ်
ကျောင်းသာသိတဲ့ သမီးမျိုးဖြစ်နေမယ်။ ကြည့်လုပ်ပါအုံး"ဆိုတဲ့ မင်းဘဘ
ဦးပုံစံကြီးတောင် အခုဆွေးနွေးစရာရှိရင် သူ့သမီး၊ 'မိ'မှ'မိ' သူ့သမီး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့အတွေးအခေါ်အဆုံးအဖြတ်မပါရင် ဘွားဘွားရဲ့ တင်ပြချက် တချို့ကို တောင် သူက အယုံအကြည် နည်းလာတယ်လေ။

ဒါကြောင့် ဘွားဘွားအခုရေးတဲ့ "လာခြင်းကောင်းသော လူကလေး"ဟာ ခုချိန်မှာ စောလည်း မစောပါဘူး။ နောက်လည်း မကျပါဘူး။

သမိုင်းရေးရာတွေ အမျိုးသားဆိုတာ ခုဆိုရင် ၁၉ ဗြိတိသျှ ... လုံ့လတွေ ... ခရီးရှည်ကြီး ... လုံ့လဝီရိယ ...

သင်္ခါရကိုရော ဘယ်သူက တားနိုင်မှာလဲ။ သားကြီးကို သုံးလသားက ရင်မှာပိုက်ခဲ့တဲ့ ဘွားဘွားရဲ့ လက်များဟာ ခု-ကလောင် တံကို ကိုင်နိုင်ဖို့ ဆရာဝန်ပေါင်းစုံနဲ့ မြန်မာအနှိပ်သည်နဲ့ ကုနေရပြီး ဒီစာအုပ် အေးချမ်းစွာ နိဂုံးချုပ်နိုင်တာကိုပဲ ကျေးဇူးတင်ရအုံးမယ်။

ဘွားဘွားတစ်ယောက်ဟာဖြင့် အင်မတန် အေးမြကြည်လင်တဲ့ ဝိပဿနာကန်ရေပြင်မှာ သူ့ကိုယ်သူကြည့်ရင်း အညစ်အကြေးများကို ဆေးကြောသုတ်သင်ရင်း အပူအပင်တွေနဲ့ ကျွမ်းနေတဲ့ အသည်းနှလုံး ကိုလည်း ကန်ရေသောက်လို့ အေးမြချမ်းသာစွာ နားနေရစ်ပြီလို့ သဘောပေါက်ပြီး စိတ်ချလက်ချထားရစ်ခဲ့ပါ။

ဟိုမှာ သူတို့စောင့်နေကြပြီလေ။

မင်းရဲ့ဘဘ ဦးပုံစံရယ်။

မင်းရဲ့ဖေဖေ ဗိုလ်ကြီးထွန်းအောင်ကျော်ရယ်။

မင်းရဲ့မေမေ " မိ " ရယ်။

ပန်းကြွေသောလမ်းကပဲ လျှောက်လျှောက်။ ဆူးရစ်ချုံတွေ ထွေးနေတဲ့ တောင်တက်လမ်းကိုပဲသွားသွား၊ ဘွားဘွားရေးတဲ့ စာအုပ် လေးကိုတော့ ချိုင်းမှာညှပ်သွားပါ။ ညောင်သို့ရိပ်ကောင်းလေးများတွေ့ရင် အခါမှာလည်း အေးချမ်းစွာနားပြီး သားကြီး ဖတ်သွားပါ။





ဘွားဘွား အပန်းဖြေနေရစ်တဲ့ "ရေကန်သာ"မျိုးဟာ တစ်နေရာထဲမှာရှိနေတာ မဟုတ်ပါဘူး၊ လမ်းကွေ့ပေါင်းများစွာမှာ မြန်မာတို့ ထုံးစံအတိုင်း ရေချမ်းစဉ် ရှိသလို ဒီ"ရေကန်သာ"ဟာလည်း နေရာ တိုင်းမှာ အမြဲရှိပါတယ်။

သားကြီး ပင်ပန်းရင် ဒီကန်သာဘေးမှာ အပန်းဖြေခဏနား ပြီး သောက်သုံးကြည့်ပါ။ ဒီတော့မှ ဘွားဘွားရေးခဲ့တာဟာ စာတွေ့လား ကိုယ်တွေ့လားဆိုတာ သားကြီးသိမယ်။

မြတ်စွာဘုရားသခင် ကိုယ်တော်တိုင်က "ငါ၏ တရားတော် တို့သည် အချိန်မရွေး စမ်းသပ်လှည့်ကုန်၊ ကျင့်ကြံအားထုတ်ကြည့် လှည့်ကုန်"လို့ ကြွေးကြော်ခဲ့တာပါ။

ဘွားဘွားဟာ လဆုတ်ပက္ခ မွေးသူမို့ အမှောင်ကစလျှောက်ခဲ့ ရသူပါ။

ပန်းနဲ့ သစ်ရွက်လည်း မကွဲခဲ့ဘူး။

ဆူးရစ်ချုံလား ချောက်လေလားလည်း မကွဲပြားခဲ့လေဘူး။

လကွေးလေး ကွယ်တော့ ကြယ်ကို အားပြုခဲ့ရတယ်။ ကြယ်တွေ ပျောက်တော့ ပိုးစုန်းကြူးလေးကို လမ်းပြခိုင်းရတယ်။ ပိုးစုန်းကြူး လေးတောင် မရှိတော့ မေမေ မွေးပေးခဲ့တဲ့ ကိုယ့်နှလုံးသားထဲက "စိတ်" ကို အဖော်ပြုလို့ လျှောက်ခဲ့ရသူမို့ ခြေထောက်မှာလည်း သွေးအလိမ်း လိမ်းကပ်ခဲ့ပါပြီ။

ပန်းပွင့်ဖတ်နဲ့ ဆူးရွက်ရောနေတဲ့ သစ်နွယ်ခွေက သရဖူလို ဘွားဘွားဆံပင်မှာ ရစ်နွယ်ငြိနေပြီလေ။ ဝိပဿနာသမားအဖို့ သရဖူ ဆိုတဲ့ အောင်နိုင်ခြင်း အထိမ်းအမှတ်အတွက် ဂုဏ်လည်း မယူချင်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ အလုအပလို့လည်း မထင်ဘူး။ ဘွားဘွားမှာ ဘာမှအလုအပ မရှိတော့ပါဘူး။ ဝိပဿနာစစ်မှန်ရင် သုညပဲတဲ့။ သူတို့နယ်မှာအရှုံး အနိုင်အလုအပဆိုတာ သဘောမျှသာပဲ။ ဘာမှမရှိဘူး။

ဘွားဘွား ခုတော့မှ ဒီရေကန်သာမှာ ဆံ့ကို ဖြေချလို့ ပန်းပွင့် လွှာနဲ့ဆူးရွက်လည်း ရွေးရမယ်။ ခြေက သွေးလည်း ဆေးရမယ်။ ရင်ထ မီးတောက်လည်း ကန်ရေသောက်လို့ အေးတော့မယ် သားကြီး။

လာခြင်းကောင်းသော လူကလေးတို့ရဲ့ စခန်းစချိန်ဟာ မိုးသောက်ယံမို့ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။

လူကလေးများအားလုံး ချမ်းမြေ့ရွှင်လန်းကြပါစေ။

* * *

ခင်နှင်းယု

၁၉၆၉-ခုနှစ်



# ခင်နှင်းယု

## မောင်မျိုးမင်း နိုးကြားလာခြင်း



www.burmeseclassic.com

www.burmeseclassic.com

မြေးကို ချစ်သော ဘွားဘွားများနှင့်

ချစ်လှစွာသော လူကလေးများသို့။



# မောင်မျိုးမင်း နီးကြားလာလေပြီ

''ဘုရား. . . . . ဘုရား''

ကျွန်မ ဘုရားတ,ခြင်းမှာ မောင်မျိုးမင်း နီးကြားလာခြင်း ...ွက် ကျွန်မတို့ မိသားစုတွင် လှုပ်ရှားမှု တစ်ခုတော့ ဖြစ်ရပေမည်။ ...ယ်ကြောင့်ဆိုသော် လူသစ်ကလေးတစ်ယောက် သူ၏ တစ်နေရာ ...ကျွန်မ အိမ်ထောင်စုတွင် ယှူလာခဲ့ပြီ။

မောင်မျိုးမင်းကို သူ့မိခင် မိကျော်သောင်းသည် ၁၉၇၀-ပြည့် ...ဘာလ ၁၀ ရက်နေ့တွင် မွေးဖွားလိုက်၏။ မွေးချိန်အတိအကျကို ...ာ ကျွန်မ မသိပါ။ သို့သော် ထိုနေ့ည ၉ နာရီတွင် ဒုတိယ ...ဘနာ ယောကျာ်းလေးတစ်ယောက် ကျွန်မတို့ ဆွေစုမျိုးစု ...ဘာ ...သဲတွင် ပေါက်ဖွားလာကြောင်း ပထမဆုံး သတင်းပါးလာသူမှာ ...မျိုးမင်း၏ ဘကြီးတော် ဦးသက်တင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သတင်းကြားကြားချင်း ကျွန်မ အိပ်ရာပေါ် လဲကျသွား
"အောင်မယ်လေး… နန်းမတော်မယ်ယုရဲ့ ကျွန်တော်ကတော့ ကော
သတင်းအနေနဲ့ လာပြောတာပါ။ ကျုပ်တော့ တရားခံမဖြစ်ပါရစေ
ဆေးသောက်ပြီး ဒီညတော့ ပျော်အောင်အိပ်ပါ" ဟူ၍ ပြောသွား၏။

ကျွန်မသည် သမီးဖြစ်သူ မိကျော်သောင်းကိုလည်း ကလေ
မွေးဖွားချိန်တွင်ကျန်းမာရေးအခြေအနေ ကောင်းမကောင်းစစ်ဆေ
သို့ သွားရောက် မကြည့်နိုင်ခဲ့ပါချေ။

မောင်မျိုးမင်းအား အိမ်သို့ ခေါ်ယူလာမှပင် ကျွန်မမြေးယ
မျက်နှာကို မြင်ရပါ၏။ သူ့ဖခင်ပိုလ်မှူး ထွန်းအောင်ကျော်က ကလေ
ကျွန်မလက်ထဲ ထည့်လိုက်၏။ ကျွန်မသည် ညှော်ခန်းဝတွင် ကြိုးစာ
မတ်တတ်ရပ်ကာ သူ့ကို ပွေ့ချီလိုက်၏။ သူ့မျက်နှာ ဖွေးဖွေးနု
မြင်လိုက်ရ၏။ သူ့ကိုယ်ငွေ့နွေးနွေးလေး၏ အတွေ့သည် ကျွန်မ
ရင်အား ထိုးဖောက်ကာ အေးစက်နေသော ကျွန်မ၏နှလုံးသားအ
လှုပ်ရှားလာရန် ဓာတ်အားပေးလိုက်၏။

ကျွန်မ၏ ခြေလှမ်းများကမူ တစ်ဖဝါးမှ ရွေ့၍မရ၊ ကျွန်မသ
ခဏသော် ကျောက်တိုင်သဖွယ် ငြိမ်သက်သွား၏။ အတွေးတို့သ
ဟိုသို့ သည်သို့ ပျံ့လွင့်သွားကြ၏။ အဆွေးတို့သည်လည်း လှိုင်းသေ
ဘင်ခတ်သလို ခတ်သွားကြ၏။ တဒင်္ဂပဟာန် စိတ်၏လှုပ်ရှားမှုအစ
ရေးချပြရလျှင် စာတစ်အုပ်စာ ရပေအုံးမည်။ ဝမ်းနည်းခြင်း၊ ဝမ်းသာ
ကြည်နူးခြင်း၊ ကြေကွဲခြင်း ပြောကြားလိုခြင်း၊ တိုင်တည်လိုခြင်း

သြော်… စိတ်အစဉ်၏ လှုပ်ရှားမှုသည် များပြားပါဘိခြ

* * *



# သူ့ကို နာမည် ပေးရပေဦးတော့မည်

သူ့အစ်ကိုအား ကျော်ကျော်ဝင်းဟူ၍ နာမည်ပေးစဉ်က သူတို့
င် မိကျော်သောင်းသည် မကြိုက်။ ဇာတာဖွဲ့စဉ် ဗေဒင်ဆရာ၏
ကျ ပေးလိုက်ရခြင်းဖြစ်၏။

"အဲဒီ… ကျော်ကျော်ဝင်းဆိုတဲ့ နာမည်မျိုးဟာလေ ညည်းစား
းတတ်တာပဲ" ဟု မိက မှတ်ချက်ချ၏။ သို့သော် မိ သည် သူ့
ဦးပုံစံ(ကလေးငယ်၏အဘိုးဖြစ်သူက) ဤအမည်ကို လက်ခံပြီးဖြစ်
သူ့သားဦးကို ကျော်ကျော်ဝင်းဟု မှည့်ခေါ်ရန် လက်ခံလိုက်၏။

ယခုမူ ကလေးတို့၏ဘဘ ဦးပုံစံ မရှိတော့ပေ။ ကလေးတို့၏
ွားသည် ဒုတိယမြေးအား နာမည်ပေးရတော့မည်။ မိကမူသူ့ဖခင်
ခေါင်းလို နောက်စေ့ချွန်ချွန်နှင့် လုံးလုံးလေးနေသောကြောင့်
ပေသီးဟူ၍ ချစ်စနိုးခေါ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ပေသီးမှာ ကြာသပတေးသားဖြစ်သောကြောင့် နေ့သင့်
သင့်လည်းဖြစ်ပါပေသည်။ သို့သော် တရားဝင်နာမည်က လိုပေသေး

ကျွန်မသည် ကြက်သွန်ဖြူ ဥတစ်လုံးတွေ့ ဘာတွေနှင့်နာမည်
မှည့်သော ကျမ်းစာအုပ်များကိုလည်း မရှာချင်သေး။ ပေဒင်ဆရာ
နှင့်လည်း ကျွန်မ၏ခင်ပွန်းသည် ဆုံးပြီးကတည်းက မတွေ့လိုသေး

မောင်ပေသီးသည် ကျော်ကျော်ဝင်းလို အရုပ်မရှည်၊ သူ့အစ
သည် အလုံးထက် အရပ်က ပိုထွက်နေ၏။ မောင်ပေသီးကမူ ပုပု
ဝိုင်းလေးဖြစ်၏။ တုတ်တုတ်ခိုင်ခိုင်လေး ဖြစ်၏။သူသည် သူ့မိခင် မိ
အစားကိုသာ ပါးစပ်တလှုပ်လှုပ်နှင့် စားနေရလျှင် အေးချမ်းငြိမ်သ
စွာ နေတတ်၏။

ကျွန်မ၏ဆရာ ဆရာဦးမျိုးမင်း (အင်္ဂလိပ်စာဌာနပါမော
ကို အထိမ်းအမှတ် သတိတရအနေလည်းဖြစ်၊ နေ့သင့်နံသင့်လည်း
ဖြစ်သည်ဟူ၍ ကျွန်မပြောကာ မောင်ပေသီးအား ''မောင်မျိုးမင်း''
၍ ကျွန်မအမည်ပေးလိုက်ပါသည်။

သို့သော် သူ့ကို မောင်မျိုးမင်းဟူ၍လည်းမခေါ်၊ မောင်ပေ
ဟူ၍လည်း မခေါ်ကြ၊ သားငယ်လေးဟူ၍ပင် ခေါ်ကြ၏။

သူ့မိခင် ဆရာဝန်ဘွဲ့ထူး မရခင်ကသာ ကျောင်းစာပေ
ဖောက်ချ ကြိုးစားနိုင်ရန်အတွက် ပတ်ကားနာနီခေါ်သော(ပထမတ
စားကလေးထိန်း)ကို ခေါ်၍ထား၏။ မောင်မျိုးမင်းမွေးစ ငွေတ
ကုန်ဈေးနှုန်း အခြေအနေတုန်းကပင် ပတ်ကားနာနီ၏ လစာမှာ ၁
ကျပ်ဖြစ်၏။ ကလေးထိန်းလစာကို ထွန်းအောင်ကျော်ကပေး၏။





ဒီဂရီရလာသောအခါ ကျွန်မတို့သည် မောင်မျိုးမင်းအား တစ်လ
ကျဆယ်ပေးရသော သင့်ရုံ ကလေးထိန်း သူငယ်မလေးကို ထိန်းစေ
တော့သည်။ အဘယ်ကြောင့်ဆိုသော် မောင်မျိုးမင်းအတွက် နို့ဗူး
ခြင်း၊ တစ်ပတ်တစ်ခါ နို့ဗူးသန့်ရှင်းရေးအတွက် အသုံးချရသော
ည်းများကို ရေနွေးနှင့် ပြုတ်ရခြင်း၊ အနှီးလျှော်ရခြင်းကိစ္စများ ငြိမ်း
ပြီဖြစ်သောကြောင့် ဖြစ်၏။ ထမင်းချက်သူအတွက် လစာကိုမူ
မကပေး၏။ ထမင်းချက်တစ်ယောက်၊ ကလေးထိန်းတစ်ယောက်၊
၂ ယောက်ထားရသောအခါ စားအတူ၊ သွားအတူ၊ နေအတူ၊
အတူ၊ ကျွန်မတို့မိသားစုမှအရ ဆန်တစ်တင်း ကျပ် ၅၀ ကျော်မှ
၇၀ အထိ၊ ပေးစားရသောအချိန်တွင် အိမ်စေတို့ကို လခပေး
ည်ထက် သူတို့အား ကျွေးမွေးစရိတ်နှင့်အဝတ်ပေးရသောစရိတ်က
လေးလာသောကြောင့် အစစအိမ်စရိတ်ကို လျှော့ချနိုင်ရန် ကလေး
သူငယ်မလေးကိုလည်း ရွှက်ကြမ်းရေကျိုလောက်သာ ကျွန်မတို့
တော့သည်။

အမှန်တော့လည်း မိခင်ဖခင် (ကွယ်လွန်သူ) ဦးပုံစံ၏ညီရွယ်
သားချက်အတိုင်း မိ ဆရာဝန်အဖြစ်သို့ ရောရောရှူရှူ ရောက်ရန်
တွက် ကျွန်မနှင့် ထွန်းအောင်ကျော်တို့သည် သားကြီးကျော်ကျော်ဝင်း
သားငယ် မောင်မျိုးမင်းတို့အား နို့စို့အရွယ်တွင် ကျန်းမာရေးအတွက်
နှံသုံးကြခြင်းဖြစ်၏။ မိသားငယ်များ ကျန်းမာမှ သူ့စိတ်ချမ်းသာ
သင်နိုင်ပေမည်။ ကျွန်မကိုယ်၌ကလည်း ကျန်းမာသော ဘွားအေ
သောက်ဖြစ်ပါမှ ကလေးတစ်ယောက်တာဝန်မှာ ပတ်ကားနာနီ ငှားနေ
လိုပါပေ။ ယခုမူ မောင်ပေသီးတို့၏ ဘွားဘွားသည် မြေးငယ်တို့

www.burmeseclassic.com



ကို နို့ဘူးဖျော်တိုက် ထိန်းကျောင်းဖို့နေနေသာသာ ကိုယ့်ပါးစပ်ထဲ ထမင်းတစ်လုပ်စားနိုင်ဖို့ မျက်မှန်နှစ်လက် တပ်နေရသောအဖြစ်ကြေ နို့ဗူးသန့်ရှင်းရေး ကလေးကို အချိန်မှန် ကျွေးမွေးပြုစုနိုင်ရေးအတွ ကျွမ်းကျင်သောနာနီကို ငှားရခြင်းဖြစ်၏။

ယခုမူ မောင်မျိုးမင်း ပြေးလွှားကစားနိုင်လေပြီ။ စကား လည်း သွက်လက်ချက်ချာစွာ ပြောတတ်လေပြီ။ သူ့ကိုထိန်းသေ မိန်းကလေးမှာ အညာကျေးတောသူဖြစ်၍ အမည်မှာမပုလေးဖြစ်သည်

ကျွန်မ၏ အိပ်ခန်းကို မောင်မျိုးမင်းနှင့် မပုလေးအားပေ ကျွန်မသည် ဦးပုံစံ၏ အိပ်ခန်းသို့ ပြောင်းရွှေ့ အိပ်ပါတော့သည်။

ရေချိုးပြီးတိုင်း မောင်မျိုးမင်းအိပ်ခန်းမှ . . .

“မမပု ပြိုပြို...မမပု ပြိုပြို”ဟူသော အသံကို ကျွန်မကြားရ

“ဟဲ့ ...မပုလေး သားငယ်လေးက ပြဆိုတာ ပြလိုက်လေ ကျွန်မက နားပူသောကြောင့် လှမ်းအော်လိုက်၏။

“သူ့အဝတ်ဗီဒိုကို ဖွင့်နိုင်းတာ ဘွားဘွား၊ လူကဖြင့် ပေါ ရှိသေးတယ်၊ အဝတ်အစားကို သိပ်ချေးများတာပဲ၊ ဗီဒိုတစ်ခုလုံး သွ ပြီး သူကြိုက်တာမှ သူဝတ်တယ်၊ သိမ်းရတဲ့လူက သေလှူရော”

မောင်မျိုးမင်း ယခု သုံးနှစ်ကျော်မှ ပိုဆိုးလာသည်။ ထိုးထားသော အဝတ်များကို ပုံထားသည့်အခန်းထဲသို့ သူသ မပုလေးအလစ်တွင် ဝင်သည်။ ဗီဒိုများထဲသို့ အဝတ်များ ခွဲဝေ ရခင် မောင်မျိုးမင်းသည် အဝတ်သုံးစုံလောက် လဲပြီးချေပြီ။





တော်ပေသည်။ တော်ပေသည်။ ရှေးပြင်တစ်ခုထဲမှ ဩဝါဒအရ ချမ်းသာလိုလျှင် “ပတ္တမြား ခေါင်းပေါ်ရွက်၍ ထမင်းစားရမည်။ ခေါင်း တစ်ရာရှိသော ငါးကို စားရမည်။ နောက်ဖေး ဈေးဆိုင်တည်ရမည်။ တစ်နေ့ အဝတ်သုံးခါ လဲရမည်”ဆိုသော နည်းနိသျှ အလိုအားဖြင့် ဆိုသော် မြေးငယ် မောင်မျိုးမင်းသည် တစ်နေ့ အဝတ်သုံးခါလဲသော ဆောင်ပုဒ်နှင့်တော့ ညီပေပြီ။

ယခု သူ့မိခင် မိသည် အလုပ်သင်ဆရာဝန်ဖြစ်ပြီးနောက် ထုးခန့်ထားသောစာကို စောင့်မျှော်ရင်း အိမ်တွင်းအိမ်ကိစ္စကို ဝင်လုပ် သူ၏ ပင်ကိုဝါသနာကလည်း ပိတ်စများ ဈေးကြီးပေးဝယ်ရချိန် ခွင် လက်ခပေးရသောငွေထက် ပိတ်စကို စက်ဆိုင်သို့ ပေးရခြင်းမှာ ဆန်တဆ ပေးရသောကြောင့် ကတ်တလောက်များကို ကြည့်ကာ သားနှစ်ယောက်အတွက် ဝတ်စုံကို ကိုယ်တိုင်ချုပ်သည်။

ထိုအခါကျခါမှ မောင်မျိုးမင်း ပိုဆိုးလာ၏။

“မေမေ ချုပ်ပေးတာမှ ဝတ်မယ်”

“အေးလေ၊ ဒါမေမေချုပ်ပေးတာပဲ”

“ကော်လံပါမှ ကော်လံပါမှ”

“ကော်လံမပါတာလဲ လှတာပဲ၊ ဒီမယ်ကြည့်စမ်း သိပ်လှတာပဲ”

“ဟင်းအင်း...ဂန်ဒူးနဲ့တူတယ်၊ဂန်ဒူးနဲ့တူတယ်”

“အောင်မယ် ဂန်ဒူး မင်းကကြီးကျယ်လိုက်တာ၊ ဒီစကားလုံး ဘယ်ကရလဲ”



www.burmeseclassic.com

www.burmeseclassic.com



မပုလေးနှင့်မောင်မျိုးမင်းတို့ အချီအချ ပြောသံတို့မှာ ပိုမို ဆူညံလာ၏။

မိသည့် သားများ၏ ရုပ်အင်္ကျီ ဘယ်ဘက်ရင်ပုံတွင် ဂေါက်သီး တံ၊ လေယာဉ်ပျံ အစရှိသော ပုံစံများကိုတစ်ကြောင်းဆွဲ ဆွဲကာ ပန်းထိုး အပ်ချည်ရောင်စုံနှင့် ထိုးပေးပြန်သောအခါ မောင်မျိုးမင်း အော်သံတစ် မျိုး ပြောင်းလာပြန်တော့သည်။

"လေယာဉ်ပျံနဲ့ အင်္ကျီမှဝတ်မယ် မမပု"

"ဟဲ့...အဲဒီ အင်္ကျီလျှော်ထားတယ်"

"ပြပြ...ပြပြ"

"တယ်ရှည်တာကိုး လေယာဉ်ပျံနဲ့အင်္ကျီ အဆင်သင့်ရှိရင်လည်း ဂေါက်သီးတံနဲ့ အင်္ကျီမှလို့ အော်အုံးမယ်၊ လူပုသလောက်ရှည်တယ် တဲ့"

မပုလေး ညည်းလျှင်လည်း ညည်းလောက်စရာပါပင်တည်း။ သို့သော် သူမသည် စိတ်ရှည်လက်ရှည်ပင် အဝတ်လျှော်သော ကုလား၏လျှော်ထားသော အဝတ်များကိုပြသလိုက်၏။

ညဉ့်ဦး အိပ်ချိန်တွင်လည်း မောင်မျိုးမင်း၏အကျင့်မှာ သူ့ ကိုကိုကြီးကျော်ကျော်ဝင်းနှင့် လုံးဝမတူပါချေ။

ကျော်ကျော်ဝင်းသည် သူမွေးကင်းစ နာနီ နော်အဲမေမှ နောက် ဆုံးနာနီနော်တဲရေအထိ ည ၇ နာရီခွဲသည် တစ်ပြိုင်နက် သူ၏ဖက်လုံး ကလေးကို ချိုင်းကြားညှပ်၍ လက်တစ်ဖက်တွင် ကွမ်းသီးလုံးလောက်





...ုံးလေးကို ကိုင်တွယ်ကာ သူ့ခုတင်ရှိရာ အိပ်ခန်းသို့ ဝင်သွားတော့ သည်။ ည ၇ နာရီခွဲမှ အိပ်သည်မှာ မိုးစင်စင်လင်းမှ နိုးတော့သည်။ ...ကျောင်းသွားချိန် အရွယ်ရောက်အောင်ပင် သားကြီးသည် တစ်ရက် ...လေမှလွဲ၍ အချိန်မှန် အိပ်ရာသို့ဝင်၍ လက်မကိုစုပ်ကာ အိပ် ...၏။

မောင်မျိုးမင်းက မရ။ မွေးကင်းစ နို့ဗူးစို့ချိန်ကတည်းက ...သန်းခေါင်ချိန်လောက်တွင် နို့တစ်ဗူးထ၍စို့သည်။ သန်းခေါင်နို့ကို ...ချပါလျှင် တိတ်ဆိတ်သော ကျွန်မတို့ အိမ်လေး၏ သန်းခေါင်ယံ ...သက်ခြင်းကို မောင်မျိုးမင်း၏ ကျယ်လောင် စူးရှသောအသံသည် ...ခွင်းတတ်ပါ၏။

ယခု နို့ဗူးလွတ်၍ စကားပြောတတ်ချိန် ရောက်သောအခါ ...ကြီးက အိပ်ရာသို့ ဝင်လေပြီ။ မောင်မျိုးမင်းကမူ ရှစ်နာရီလောက် ...တွင် ဘီစကစ် သို့မဟုတ် ပေါင်မုန့် နှစ်ချပ်လောက်ကို စား၏။

စားပြီးလျှင် အင်္ကျီအသစ် လဲတော့သည်။ ဘောင်းဘီရှည်ဝတ်၊ ...ပ်စင်မှ ခြေအိတ်ယူ၊ သူကိုယ်တိုင်စွပ်၏။ အဝတ်ဖိနပ်ကြိုးသိုင်း ...ကို မပုလေးအား စီးခိုင်း၏။ ကျွန်မက သူ့တို့နှစ်ဦး၏ လှုပ်ရှားမှု ...ကို မသိမသာကြည့်နေ၏။ ပီအေအေ ခရီးဆောင်လက်ဆွဲအိတ် အပြာ ...သေးလေးကို လက်တွင်ကိုင်ကာ ထွက်လာ၏။

စတိုင်နှင့်ဂိုက်နှင့် အိပ်ခန်းမှသည် ထမင်းစားခန်းသို့ ထွက် ...သွား၏။

"သားငယ်လေး ဘယ်သွားမလို့လဲ" ဟု ကျွန်မက မေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ရုံးတက်မလို့လေ ဘွားဘွားရဲ့"

"ဪ... သားငယ်တို့ရုံးက ညဉ့် ၈ နာရီ တက်ရတယ်လား"

"ဘွားဘွားကလည်း လေယာဉ်ပျံမှူးက်လို့၊ လေယာဉ်ပျံမှူးက် သိလား။ ဖော်ကာလေယာဉ်ပျံ အပျက်ကြီးကို သားက ဘိုးရင်းကျ မောင်းပြီး ကြိုးနဲ့ချည်ဆွဲရမှာ" စကားပြောလျှင် အားရပါးရနှင့် ကျယ် ကျယ်လောင်လောင် ပြတ်ပြတ်သားသားပြော၏။

ကျွန်မက ရယ်ချင်ပါသော်လည်း ဟန်ဆောင်ကာ သူနှင့်အ သူလုပ်သမျှ စိတ်ပါဝင်စားဟန်နှင့် ကြည့်နေလိုက်၏။

ထမင်းစားခန်းမှ ကုလားထိုင်တစ်လုံးပေါ်သို့ နောက်ပြ တက်ထိုင်လိုက်သည်။

BURMESE CLASSIC

"ဝီ...အီ...အီ"အသံမှာ၊ စူးရှလွန်းလှ၏။ တကယ် ကားတစ်စီးစီး ရွှံ့ထဲသို့ နစ်နေသောအခါ သို့မဟုတ် အမြင့်သို့ မတ နိုင်၍ အမြင့်ဆုံး ဂီယာသွင်း၍ ကားကိုဆွဲတင်ရသောအသံမျိုး အ ကုန် အော်တော့သည်။ လည်ပင်းကြောများပင် ထောင်လာ၏။

"သားရဲ့ လေယာဉ်ပျံကလည်း မြည်လှချည်လား"

"ဘွားဘွားကလည်း လေယာဉ်ပျံကွင်း မရောက်သေးဘူး လေယာဉ်ပျံကွင်း သွားမလို့ မော်တော်ကားပေါ်တက်မောင်း၊ မော်တော် ကားကလည်း အပျက်အစုတ်ပလုတ်တွေ မော်တော်ကားပြင်ရအုံးမယ်"

မောင်မျိုးမင်းသည် ကုလားထိုင်ပေါ်မှ ခုန်ချလိုက်ကာ သူ လက်ဆွဲအိတ်ပြာမှ သံချောင်းတစ်ချောင်းကို ယူလိုက်၏။ ကုလားထိုင်





အောက်သို့ ပက်လက်လှန်ဝင်ကာ လူကြီးတွေ ကားအောက်ဝင်၍ ပြင်တယ် ကားပြင်သလိုပင် ကုလားထိုင်၏အောက် ကြိမ်ထိုးထားသော နေရာများကို သံချောင်းနှင့် ကလိပါတော့သည်။

"ကဲ... မပုလေး၊ နင့်ကောင် ဘယ်ဇာတ်ထုပ် ခင်းနေပြီလဲ"

"နေပေစေ စုစုမေမေ၊ သူလုပ်ချင်တာ မလုပ်ရရင် စောစော အိပ်မှာ မဟုတ်ဘူး"

မပုလေးက ပြန်ပြော၏။ သူ့ဖေဖေ ပြန်လာချိန်ကိုစောင့်ကာ ညဉ့် ၉ နာရီထိုးမှပင် အိပ်၏။

"ဖေဖေ ဒီနေ့ ဂေါက်သီးပြိုင်ပွဲရှိတယ်။ ညဉ့် ၉ နာရီမှ ပြန် မှာ သားငယ်လေး အိပ်နှင့်နော်"

မပုလေးက ဘယ်လိုပင်ချော့ချော့ မရ၊ သူ၏ အိပ်ရာဝင်ချိန် ၈ နာရီနှင့် ၉ နာရီကြားတွင် အမြဲရှိ၏။ ကျွန်မအယူအဆအရ လေးငယ်တစ်ယောက်၏ အိပ်ရာဝင်ချိန်မှာ ၈ နာရီ ၉ နာရီဆိုလျှင် ကျလွန်းသည် ထင်ပါသည်။ ကျွန်မ အိမ်ထောင်ဦးစီးဖြစ်၍ ကျွန်မ သလို လုပ်၍မဖြစ်သေး။ မောင်မျိုးမင်း စရိုက်ကို ကြည့်၍ ကိုယ့်ပုံစံ အောင် ဘယ်လိုလုပ်ရပါမည်လဲဟု စဉ်းစားရပြန်သည်။

ယခုထိတော့ သူ့အိပ်ချိန်သည် ၈ နာရီနှင့် ၉ နာရီအတွင်း ဖြစ်နေသေး၏။ တိုင်းရင်းမေတို့၊ ယုဝတီဂျာနယ်တို့မှ ကြီးကြီးတို့ တို့ထံ စာရေး၍ အကြံဉာဏ် တောင်းရပေဦးတော့မည်။

သားကြီးကျော်ကျော်ဝင်းက ပုံနားထောင်တတ်သော အရွယ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရုံမက ပုံနားထောင်ဖို့ကိုလည်း ဝါသနာပါသောကြောင့် အိပ်ချိ
တစ်ခါတစ်ရံ နောက်ကျလျှင်တောင်မှ သူကြိုက်နှစ်သက်သော ပုံတစ်ပု
ကို ပြောပြလျှင် ငြိမ်သက်စွာ နားထောင်၍ ပုံပြင်ဆုံးလျှင် အိပ်ပျော်
သွားတတ်သည်။

မောင်မျိုးမင်းကမူ ကျော်ကျော်ဝင်း ရေဒီယိုမှ ပုံပြင်လက်
ဆောင်ခန်းကို နားထောင်နေလျှင် သူ၏ကစားခန်းမှ မော်တော်ကာ
ဟောင်းများကိုယူလာကာ အထက်ကရေးပြသလို တွင်တွင်သာအော
တော့သည်။

"ဘွားဘွားရေ ဖေဖေရေ မေမေရေ ညီလေးရယ် ရေဒီယ
နားမှာလာဆော့နေတယ်။ ဟော့ကောင်... ကိုကိုကြီး ရေဒီယိုနားထော
နေတယ်၊ သွားစမ်း"

သူသည် သူ၏ဖိမ်ယူခန်းမှ ညီငယ်ကိုအော်၏။ တစ်ခါ
တော့လည်း ဖိုးကျော်ဝင်းသည် ရေဒီယိုမှ ပုံပြင်လက်ဆောင်ခန်း
နားထောင်ရင်းမှ အော်ခေါ်၏။

"ဘွားဘွား မြန်မြန်လာပါအုံး"

"ဘာဖြစ်လို့လဲ သားကြီး၊ ညီလေးဆော့လို့လား"

"မဟုတ်ပါဘူး။ ရေဒီယိုကို ပြန်အော်လိုက်စမ်းပါ။ ပုံပြော
မမက ပုံပြောလို့ ပြီးသွားပြီ မပြီးပါနဲ့အုံး ဆက်ပြောပါလို့"

ကျွန်မမှာ အခုမှ သဘောပေါက်သွား၏။

"သားရဲ့ ရေဒီယိုဆိုတာ သားကြီးက ပြန်ပြောလို့မရဘူး





ဒီယိုကပြောတာကို သားသားကြီးက နားထောင်ရတာ၊ ပြီးတော့လည်း
အချိန်ကန့်သတ်ပြီး သူ့အချိန်နဲ့ကိုက်အောင် ပုံပြောတဲ့ မမကလည်း
အတိုအရှည်ကို ရွေးရတယ်။ ပြီးတော့လည်း သားကြီးကြိုက်ပေမယ့်
ချို့က သီချင်းကြိုက်တာကို တခြားလူကြီးတွေက မမတို့၊ ကိုကိုတို့
ကြိုက်ကိုလည်း ရေဒီယိုက လွှင့်ပေးရသေးတယ်"

"ဒါဖြင့် ဘွားဘွား သားကြီး အိပ်ခါနီးရင် ပုံရှည်ရှည် ပြော
ရမယ်"

"အေး... ပုံရှည်ရင်တစ်ပုံပဲပြောမယ်။ ပုံတိုမှ နှစ်ပုံပြောမယ်"

အဘယ်ကြောင့် ထိုစကားကို ကျွန်မဆိုရသနည်းဆိုသော်
သားကြီး ကျော်ကျော်ဝင်းသည် အိပ်ချိန် နီးကပ်လာလျှင် "ဘွားဘွား"
ဟု ခေါ်၍ လက်ညှိုးနှစ်ချောင်း ထောင်ပြ၏။ အဓိပ္ပာယ်မှာ ပုံနှစ်ပုံ
ပြောပြပါဟူသော အဓိပ္ပာယ်ဖြစ်၏။ ဘွားအဖြစ်သူ နန်းမတော်မယ်ယု
ကလည်း တစ်ခါတစ်ရံ ကျန်းမာရေးက မပြည့်စုံ၍ ပုံတစ်ပုံပြောဖို့
အချိန်ကလေးမျှတောင် အားမယူနိုင်ပါပေ။ ထို့ကြောင့်ပင် တိုလျှင်နှစ်ပုံ
ရှည်လျှင် တစ်ပုံ ဟူ၍ ဈေးဆစ်ရပါသည်။

"ပုံပြောကောင်းသော မိန်းကလေး"ဝတ္ထုကို ရေးသည့် ခင်နှင်း
ယုသည် ယခုသော် ပုံပြောကောင်းသော ဘွားဘွား ဖြစ်လာရပြန်သည်၊
သို့သော် မလွယ်ပါချေ။

"ဘွားဘွား ပုံပြောရင် အစပ်ကလေးထည့်ပေးပါ" သားကြီး
ကဆို၏။

"ဟင် မင်းကလည်း လက်သုတ်စားတာ ကျနေတာပဲ၊ အစပ်
ကလေး ထည့်ပေးပါ၊ အချဉ်ကလေး ထည့်ပေးပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘွားဘွားကလည်း အစပ်ဆိုတာ ဆိတ်ကလေးရယ်၊ မျောက်နဲ့ဝက်ဝံရယ်၊ မိကျောင်းရယ်၊ ခြင်္သေ့ရယ် အဲဒီ အစပ်ကလေးတွေ လေထည့်ပေးပါ"

သူဆိုလိုချင်သည်မှာ ပုံတစ်ပုံတွင် မျောက်နှင့်မိကျောင်းသာ ပါသည်ဆိုပါစို့၊ သူကြိုက်သော ဆင်နှင့်ကျား၊ သို့မဟုတ် ကျွဲနှင့်ဆိတ် ကလေးများကို ပုံထဲတွင် ထည့်သွင်း၍ စပ်ဟပ်ပြီး ပြောပါဟု ဆိုလိုရင်း ဖြစ်၏။

ယခုအခါတွင် နိုးကြားလာပြီဖြစ်သော မောင်မျိုးမင်းကလည်း သူ၏ဆန္ဒကို ဖော်ပြဟစ်ကြွေးလာတတ်ပါ၏။

"ဘွားဘွား ကိုကိုကြီးရဲ့ ပုံထဲမှာလေ ပင့်ကူကိုလည်း ထည့်ပေးပါနော်"

သူက စကားဆိုလာ၏။ အမှန်တော့ မောင်မျိုးမင်းသည် လူသားတို့ ထုံးစံအတိုင်း ကြောက်သည့်နေရာကို ပိုသွားချင်၏။ တချို့ လူများ ဖြစ်တတ်၏။ မှောင်ထဲမှာ သရဲရှိသည်ဆိုပါမှ မှောင်ထဲကိုသာ ကြည့်ချင်၏။ ယခုလည်း သူကြောက်သော ပင့်ကူအကြောင်းကို ကြား လို၏၊ မြင်လို၏။

ကျွန်မသည် မြေးနှစ်ယောက်ဆန္ဒ တစ်ပြိုင်နက်တည်း ပြည့်ဝ စေခြင်းအကျိုးငှာ အကြီးကောင်ကြိုက်သည့် ဆင်နှင့်ကျွဲ၊ မောင်မျိုးမင်း ကြိုက်သော ပင့်ကူကို ရောစပ်၍ ကျွန်မ စိတ်ကူးတည့်ရာ ဖတ်လိုက်၊ မြွေနှင့်ဖားပါ ထည့်သွင်းပြီး ပုံပြင်သစ်ရှည်ရှည်ကို တီထွင်၍ ပြောရပါ တော့သည်။ သူတို့ကြိုက်နှစ်သက်သော အခန်းတွင် ညီအစ်ကိုနှစ်





ောက် အားရပါးရ ရယ်မော၍ ကြောက်ရွံ့သောအခန်းသို့ ရောက်လျှင် ာ ဘွားအေ ကျောနားကို ကပ်လာပါတော့သည်။

ပုံဆုံးလျှင် ဖိုးကျော်ဝင်းသည် နှစ်ခြိုက်စွာ အိပ်ပျော်ပေပြီ။ င်မျိုးမင်းကတော့ မျက်လုံးအကြောင်သားနှင့်။

"ကဲ ဘယ်လိုလုပ်ရပါ့"

မပုလေး တစ်ယောက် တစ်နာရီပဲ သက်သာသက်သာ နားဖြင့် ပါစေသဘောနှင့် ပုံပြောရင်း ကလေးကုထိန်းပေးပါသော်လည်း င်မျိုးမင်းကတော့ သူ့ဝါသနာကို မလျှော့။

တကယ်တန်း စဉ်းစားကြည့်ပါ။ အလုပ်ဝတ္တရား၊ လခကြောင့် နေရပါသော်လည်း တစ်ခါတစ်ရံ ကတ်သီးကတ်သတ် နိုင်လှ အကျင့်တစ်ခုခု ကလေးတိုင်း၌ ပါလာတတ်ရာ ကလေးထိန်း ကလေးများအတွက် စိတ်မရှည်စရာပါပင်တည်း။ မပုလေး ချစ်စရာ ာင်းသည်က စိတ်မရှည်သည့်အထဲကပင် မောင်မျိုးမင်း ဂျိုတိုက် ည်ကို သည်းခံ၍ ပခုံးထမ်းကာ ချော့၍ သိပ်ပါသည်။

နံနက်လင်းလျှင်လည်း မောင်မျိုးမင်းသည် အစောကြီးထ ၏။ ညဉ့်ဦးတွင် သူ့အိပ်ရာဘေးတွင် စီ၍ထားတတ်သော ကစား ာ ပလပ်စတစ်၊ မော်တော်ကား၊ လေယာဉ်ပျံ၊ အရုပ်အထူးသဖြင့် ညဖအိပ်ခင်ကဝတ်သော ယောပုဆိုးအနက်များကို အိပ်ရာနိုးချိန်တွင် လျှင်တွေ့ မတွေ့လျှင် ကျွန်မအခန်းသို့ ကူးလာကာ မေးတတ်၏။

"ဘွားဘွား၊ သားရဲ့ ပုဆိုးရော"

"မပုလေး လျှော်ထားတယ် ထင်ပါရဲ့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



သူသည် မပုလေးထံသို့ ပြန်သွား၏။

''ပုပု၊ ဒီပုဆိုးကို ဘယ်သူကလျှော်ခိုင်းလို့ လျှော်ရတာလဲ''

''ညစ်ပတ်နေလို့ လျှော်ရတာပေါ့''

သူသိပ်ဝတ်ချင်သည်ဆို၍ ပုဆိုးတစ်ထည်သာ ချုပ်ပေး ဖြစ်၏။ ထိုပုဆိုးကို စိတ်ဝင်စားနေပြန်လျှင် မချွတ်တမ်းဝတ်သ အင်မတန် ချမ်းအေးသော နေ့များတွင် ရေချိုးခိုင်း၏။ အနွေးထည် မဝတ်။ ဖလန်နယ်စောင်များ၊ အနွေးစောင်များကို မခြုံ။ ပူအိုက် များတွင်မူ ဘောင်းဘီ၊အကျီလက်ရှည်နှင့် ထွေးထွေးနွေးနွေး နေပါ သည်။

လွန်ခဲ့သော ဆောင်းရာသီက အအေးထု ကြီးလာသည် ဖြစ်သည်။ သူတို့ ညီအစ်ကိုနှစ်ယောက်ကို ဖလန်နယ်၊ အနွေးထ များဝတ်ကာ ခြံထဲသို့ လွှတ်ထားလိုက်၏။ ကလေးများ တိတ်ဆိ နေကြသည်။

''မပုလေး၊ သားကြီးတို့ သားငယ်တို့ တိတ်ဆိတ်နေတာ ဘယ်ရောက်နေလဲခြံထဲလျှောက်ကြည့်စမ်း''

မကြာခင် အလုပ်သမားတန်းလျား ရေချိုးခန်းဘက်မ မပုလေး အသံကြားရ၏။

''စုစုမေမေ လာခဲ့ပါအုံး''

ကျွန်မ သွားကြည့်သောအခါ ညီအစ်ကိုနှစ်ယောက် အ အယူ တည့်နေကြ၏။ အစ်ကို၏ ဖလန်နယ်အကျီကို ညီကလျှော်





ညီငယ်၏ ဖလန်နယ်အကျီကို အစ်ကိုကလျှော်ပေး၏။ စိတ်ရှိလက်ရှိ ရေကစားထား၍ ညီအစ်ကိုနှစ်ယောက်စလုံး ရွဲရွဲစိုနေသည်သာမက မောင်မျိုးမင်း နှုတ်ခမ်းများ ပြာနေတော့သည်။ ဘုရား ဘုရား ကျွန်မ နှာထဲတွင် အဆုတ်များ အအေးပတ်သွားမည်လား စိုးရိမ်မိ၏။ လူ ငယ်လေး နှစ်ယောက်သည် သူတို့အပြစ်ကို သူတို့သိ၏။ ဘွားအေကို ကြည့်ကာ ဆီး၍ ကြို၏။

''သားတို့ အဝတ်တွေ ဖွတ်နေတာ''

မောင်မျိုးမင်းက ပြော၏။ မျက်နှာလိုမျက်နှာရ ဆီးကြို ပြောပြရှာပါ၏။

''အေးပေါ့၊ အဝတ်ဖွတ်တာတော့ ဘွားဘွား သဘောကျပါ တယ်။ လူတွေ ခိုက်ခိုက်တုန် အေးနေချိန်မှာ လူကြီးတွေမသိပဲ ရေဆော့ ချိုးတဲ့အတွက် ဖင်ကုန်း'' ညီအစ်ကို နှစ်ယောက်စလုံးကို ခပ်စပ်စပ် နာချက်စီ ရိုက်လိုက်ပါသည်။ မပုလေးကို မျက်နှာသုတ်ပေါ ယူခိုင်းကာ တစ်ကောင်လုံးကို မြန်မြန်ပွတ်တိုက်၍ အိမ်ထဲခေါ်သွားကာ အနွေးထည် ဝတ်ပေးရ၏။

တော်ပေသေး၏။ သူတို့ အအေးမပတ်ကြပေ။ ညနေ သူတို့ ဖေဖေ မိကျော်သောင်း ပြန်လာသောအခါ ကျွန်မ မောင်မျိုးမင်းတို့ ညီ အစ်ကိုအကြောင်းပြော၏။

''ဒါကြောင့်မို့လို့ပေါ့၊ မိကာလေ ကိုကိုအိမ်မှာ မရှိတုန်း သူ့သား တွေ နေပုံထိုင်ပုံကို ရုပ်ရှင်ရိုက်ထားချင်တယ်။ သူပြန်ချိန်နဲ့ ယှဉ်ပြီးတော့ ပြချင်တယ်။ ဟင်း သူတို့အဖေ ပြန်လာချိန်ဆို ဝါတော်ရှစ်ဆယ်ရ ထေရ်ကြီးတွေ ရဟန္တာတွေကြနေတာပဲ''



www.burmeseclassic.com

www.burmeseclassic.com



မှန်၏။ သူတို့အဖေကို ကြောက်လိုက်ကြသည့် ဖြစ်ခြင်း၊ အဖေ ၏ကားဟွန်းသံ ကြားသည်နှင့်တစ်ပြိုင်နက် ကြောင်သံကြားသော ကြွက် ကလေးများသဖွယ် ငြိမ်သက် ကိတ်ဆိတ်သွား၏။

သူတို့အဖေသည် သူ့သားများ သောင်းကျန်းသည်ကို မသိ တစ်နေ့တော့ မောင်မျိုးမင်းသည် ရှိုက်ကြီးတငင်ငိုကာ ကျွန်မအိပ်ခန်း သို့ပြေးဝင်လာ၏။ သူ့ခြေထောက်တွေ ရေများရွှဲရွှဲစိုနေသည်။

"ဘွားဘွား၊ ဖေဖေ သားဖင်ကို ရိုက်တယ်၊ ရိုက်တယ်"

"ဟောတော့ ပြစ်မ်း"

"ဖင်ကြီး၊ တစ်တောင်လောက် ပြဲသွားပြီ"

"ဘာဖြစ်လို့ ရိုက်တာလဲ"

"ရေမြောင်းထဲမှာ ဆော့နေလို့"

မကောင်းသော ရေများ စီးကျသော အုတ်စီရေမြောင်းထဲတွင် မဆော့ရ ဝဲပေါက်တတ်သည်ဟု သူတို့အဖေက ပြောထား၏။ ကားမယ အပြင်က ပြန်လာချိန်တွင် ကစားသောစိတ်ဇော အရှိန်လွန်နေသည် မောင်မျိုးမင်းသည် အဖေလာသည်ကို မသိ။ အဖေနှင့် ရုတ်တရက် အတွေ့တွင် အရိုက်ခံရခြင်းဖြစ်သည်။ ကျွန်မက ကဲဟေ့ ဘယ်သူရှိလဲ မိအခန်းထဲက အပ်ချည်နဲ့အပ်ရယ် ဆေးအနီလေးရယ် ယူခဲ့ကြ"

"ဘွားဘွား ဘာလုပ်မလို့လဲ"

"သားငယ်လေးဖင် ဖေဖေရိုက်လို့ ပြဲသွားပြီဆို၊ ဒီတော့ ဘွားဘွားလည်း ဆေးကုတတ်တယ်။ အနာကို ဆေးအနီရေလေးထည့် ပြဲနေတာကို အပ်နဲ့ချုပ် အနာပျောက်ရော"





သူတို့သည် ဆေးအနီရေဆိုလျှင် တင်ချာမှန်းသိ၍ အလွန် ကြောက်၏။

"ဘွားဘွား အနာပျောက်သွားပြီ၊ ဆေးထည့်ရင်လေ အဖြူ ထည့်နော်"

ငိုသံလည်း ချက်ချင်း ပျောက်သွားတော့သည်။

ကလေးများတွင် ကောင်းသောအကျင့်ရှိသလို ကတ်သီး တ်သတ် မကောင်းသောအကျင့်များလည်း ရှိတတ်၏။ အချိန်အရွယ် ရောက်အသိဉာဏ် တိုးတက်လာသောအခါ တစ်မျိုးပုံစံ ပြောင်းလဲ ၍ စိတ်သက်သာရာ ရလာရပါသည်။ သို့မဟုတ်လျှင်မူကား ရှုဖွယ် င်တည်း။

ယခင်နှစ်များကဆိုလျှင် ထွန်းအောင်ကျော်ကလည်း မော်တီ င် အနေများသည်။ ရှေ့တန်းတွင် တစ်လလောက် ကြာသည့်အခါ လည်း ရှိသည်။ မိကလည်း အလုပ်သင် ဆရာဝန်ဖြစ်၍ (ဘီအမ်အိပ်ချ်) ဟာဒုံစစ်ဆေးရုံကြီးတွင် တာဝန်ကျနေ၏။ မိဘနှစ်ဦးစလုံး အိမ်နှင့် ကွာအသွယ် ပြတ်နေကြ၏။ ထိုအခါတွင် ကလေးထိန်းများ ဘယ်လို ကျွန်မ စိတ်မောလှပါသည်။ ကျွန်မ ကျန်းမာရေးအခြေအနေ သည်း သူတို့နှစ်ကောင်ကို ရိုက်သင့်သောအခါတွင် ရိုက်ပြီးလျှင် မြဲဆရာတော်၏ နှလုံးအားဆေးကိုသောက်ကာ အိပ်ရာပေါ်တွင် နေ့လောက်ကို နားနေရသည်။

"လာခြင်းကောင်းသောလူကလေး" ကျော်ကျော်ဝင်းသည် ခြင်းတော့ ကောင်းပါ၏။ သို့သော် နေခြင်းကောင်းရန် လိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကျော်ဝင်းသည် ''ကမြင်းကောင်းသော လူကလေး''ဟု ပြော
လောက်အောင်ကို လက်လက်စင်သော့၏။

ယခုတော့ ကူးစက်လွယ်သော မကောင်းမှုရောဂါမှာ လူငယ်
ပိုင်းကို အမြန်ဆုံး ကူးစက်လာ၏။ ဒုစရိုက် စပါးကြီးမြွေသည် ''
သမက်ကလေး ကျီစား အလကားပါဟဲ့'' ဆိုရင်းမှ လူငယ်တို့၏ လည်
ပင်းရောက်အောင် မျိုလာတော့ပြီ။ ယခုတော့မှ မြွေမသေ တုတ်မကျိုး
လမ်းစဉ်နှင့်မရ စပါးကြီးမြွေ ရင်ကိုခွဲ၍ လူငယ်တို့ကို ဆွဲထုတ်ရမည့်
သွေးထွက်ဓာတ်လမ်းခင်းရတော့မည်။

''ဘုရား . . . ဘုရား မြေးငယ်လေးတို့ ကြီးပြင်းလာမည့်
တစ်ချိန်မှာ ဒီလိုခေတ်နှင့် ကြုံမှဖြင့်'' တွေးတောရင်း ပူပန်တတ်သော
ကျွန်မသည် စိတ်မောလှ၏။

ထို့ကြောင့် ဘယ်သို့ပင် ကလေးစိတ်ပညာရှင်တို့က ကလေး
များကို ရိုက်နှက်၍ မဆုံးမရဆိုသော်လည်း အခြေအနေကို လိုက်၍
ရိုက်သင့်သောအခါတွင် ရိုက်ရ၏။ ပုံပြောသင့်သောအခါတွင် ပုံပြော
ရ၏။ သူတို့၏စရိုက်ကို ပုံစံပြောင်းယူရသောကိစ္စမှာ မလွယ်ပါ။

သားငယ်လေး မောင်မျိုးမင်းသည် သူ့အစ်ကိုကျော်ကျော်ဝင်း
ကဲ့သို့ လာခြင်းကောင်းခဲ့ပါ၏။ ရှေ့ရှောက်နေခြင်းကောင်းဖို့ဆိုသော်
မှာ ကလေးငယ် နှစ်ယောက်လုံးအတွက် အရေးကြီး၍ လာခဲ့ပါပေ

ထွန်းအောင်ကျော် တစ်ယောက်တည်းတွင်ပင် ကလေးတို့
ဖခင်အဖြစ် တာဝန်လုံးဝရှိသည်ဟု မဆိုသာ။ မိခင်ဖြစ်သူ မိကျော်သော်
တွင်လည်း တာဝန်ရှိသည်။





ကျွန်မ အဘွားဖြစ်သူတွင်လည်း ကျန်းမာရေးမကောင်းဟူ၍
နာလွှဲနေ၍လည်း မဖြစ်တော့ပါချေ။

သားကြီးကျော်ကျော်ဝင်း နိုးကြားလာစက ကျွန်မမကြိုက်သော
ကျင့်သုံးခဲ့ရှိသည်။ သူမွေးဖွားလာချိန်တွင် သူ၏ပထမဆုံးယောကျ်ား
း ကစားဖော်မှာ ပီကြူး (နန္ဒဝန်စာပေ မောင်ခင်မောင်၏သား)
သည်။ အနီးကပ်ဆုံး ယောကျ်ားကြီးများမှာ သူ့ဘဘ ဦးပုံစံ၏
မောင်တင်အောင်နှင့် မောင်ကျော်ဇောဖြစ်သည်။ သူတို့သုံး
ကို ဖိုးကျော်ဝင်းတွေ့သည်နှင့် တစ်ပြိုင်နက် အတင်းပြေးဖက်ကာ
တကင်း သတ်၍ပုတ်၍ဆော့သည်။ ခြေဖမိုးကို နင်းသည်၊ သူတို့
ကျီအိတ်ထဲမှာ ဘာပါပါ တစ်ခုမကျန်ယူကြည့်သည်။ အတင်းလု
သည်။ ထိုအပြုအမူကို ကျွန်မ မကြိုက်။ သူတစ်ပါးကို နာကျင်
အောင် လုပ်ပြီးမှ ပျော်တတ်သော အကျင့်ဖြစ်သည်။ ထို့ကြောင့်
ကျော်ကျော်ဝင်းကို တံခါးပိတ်ကာ ခပ်စပ်စပ် ရိုက်လိုက်ရပါသည်။

နောက်တစ်ခုမှာမူ ဧည့်သည်တစ်ယောက် ယူလာသော ပန်းသီး
အတင်းလုရုံမက မရ၍ကြမ်းပြင်ပေါ်တွင် လူးလိမ့်ငိုပါသည်။ ထို
ရာကို ကျွန်မ လုံးဝမကြိုက်။ ဧည့်သည်ပြန်လျှင် တံခါးပိတ်၍
ကျော်ကျော်ဝင်းကို မှတ်လောက်အောင် ရိုက်ထားရသည်။

အဘယ်ကြောင့် တံခါးပိတ်၍ရိုက်ရသနည်းဆိုသော် ကျော်ကျော်
သည် ကြီးပြင်းလာသည်နှင့်အမျှ အရပ်ရှည်၍ အပြေးသန်လာသည်။
လည်း လက်ချောင်းလေးများ သန်စွမ်း၏။ ထို့ကြောင့် သူရုန်းကာ
က်မသွားနိုင်အောင် တံခါးပိတ် ရိုက်ရခြင်းဖြစ်သည်။ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းထားစက သူငယ်ချင်းတစ်ယောက်ထံမှ မုန့်တစ်ခါ လုစားသ
ကလွဲ၍ နောက်ထပ် ကျော်ကျော်ဝင်းသည် မုန့်လုစားခြင်း၊ ငြေ့သည်
တွင် ကွန်ရွေ့ပျက်အောင် အစားကြောင့် ဂိုကြွေးခြင်းများ မပြုပါတော့
တော်ပါသေး၏။

သို့မဟုတ်လျှင်မူကား ကလေးစိတ်ပညာရှင် ယုဝတီအစ်မ
တို့ထံ စာရေး၍ မေးရမည့်အတတ်ပါပေတည်း။

တတိယအကြိမ်ကမူ ကျော်ကျော်ဝင်းကို သူ့ဖခင် ထွန်းအော
ကျော်သည် ကိုယ်တိုင်ရိုက်၏။ သူတို့ဘဘ (ထွန်းအောင်ကျော်
လာလည်၍ ပြန်ခါနီးတွင် ကန်တော့ရိုးသည်ကိုမကန်တော့၊ ထွန်းအော
ကျော်သည် မှတ်လောက်အောင်ရိုက်သည်။

ယခုတော့ ဘုန်းကြီးများကို လမ်းပေါ်လျှောက်သွားသည်
တွေ့လျှင်ပင် ကျော်ကျော်ဝင်း ဦးချတတ်လေပြီ။ ညဥ့်အိပ်ရာဝင်
တွင်လည်း ကျွန်မ သင်ကြားထားသည့်အတိုင်း ရတနာသုံးပါးကို
အနန္တောအနန္တ ငါးပါးကို ရှိခိုး၊ တစ်နေ့တစ်ရက် တစ်မနက်ကြီးသူ
ကို ရှိခိုး၍ နောက်ဆုံး "အားလုံးသောသတ္တဝါတွေ ကိုယ်စိတ်နှ
ချမ်းသာကြပါစေ" ဟုဆုတောင်း မေတ္တာပို့သပြီးမှ အိပ်ပါတော့သည်

မောင့်ပလဲဆင့်လမ်းရှိ မူလတန်းကြိုကျောင်းတွင် ထား
ညတစ်ညတွင် ကျော်ကျော်ဝင်းသည် အိပ်ရာဝင်ချိန်၌ စကားအ
တစ်ခု ပြောပါသည်။

"ဘွားဘွား၊ အဥ္စလီဆိုတာသိလား"

"မသိဘူးသားကြီး၊ သားသိရင် ဘွားဘွား ပြောပါအုံး" ကျွ
က မသိဟန်နှင့်သူ့ကိုမေးလိုက်၏။





"ဆရာမက ပြောတယ်။ ဟောဒီလို ရှိခိုးတာ အဥ္စလီတဲ့" ဆို၍
ခြင်းကြီးငါးပါးနှင့် ရှိခိုးပြပါသည်။ ကျွန်မမှာ များစွာသော ဝမ်းသာ
ကြည်နူးခြင်းဖြင့် မောင့်ပဂေါဆင့်မူကြိုကျောင်းမှ ဆရာမလေးများအား
ကျေးဇူးတင်မိပါသတည်း။

ဪ... သားငယ်လေးတို့ နေခြင်းကောင်းသော လူကလေး
ဖြစ်ဖို့ရာတွင်ကျောင်းမှ ဆရာဆရာမများ တစ်ကဏ္ဍပါဝင်လာသည်
ကို ကျွန်မမျက်မြင် အထင်အရှား တွေ့လာရပါသည်။

"ဝုန်း"

သားကြီးကိုကြည့်၍ အဘွားဖြစ်သူ ကြည်နူးနေဆဲ မောင်မျိုး
မင်း ဘယ်ကရောက်လာသည်မသိ ဝုန်းခနဲ ခုတင်ပေါ်ရောက်လာသည်။

"အလို ဘယ်လို ဖြစ်လာတာလဲ"

စောစောကပင် သူ့အကို ရှိခိုးပုံနှင့် သူ့အဘွားကြည့်နေပုံကို
မောင်မျိုးမင်းကြည့်နေဟန်တူပါသည်။

"ဘွားဘွား ရှိခိုးတယ်ဆိုတာ ဒီလိုရှိခိုးရတာနော်" ဟုဆိုကာ
အမပြောညာမပြော ခေါင်းအုံးပေါ် လက်အုပ်ချီ၍ ဖင်ဘူးတောင်း
ထောင်ကာ တစ်ပတ်ကျွမ်းချလိုက်သည်မှာ ဒိုင်းခနဲ မြည်၍ ခုတင်ခေါင်း
ရင်းရှိ သစ်သားဘောင်နှင့် ဆောင့်လိုက်ပါတော့သည်။ မောင်မျိုးမင်း
ငိုပါ။

"အေး မင်းငယ်သေးလို့ ရှေ့နှစ်ကျရင်တော့ မောင်မျိုးမင်း
လည်းရှိခိုးရင် ပေတော်တာပဲ"

ကျွန်မပြောသည်ကို မောင်မျိုးမင်း နားမလည်သေးပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## တံခါးအဝ

ပုံပြောကောင်းသော ဘွားဘွားမှာ ပုံပြင်များကို စဉ်းစားရ အလုပ်က ပိုလာပြန်သည်။ စာကောင်းစွာ ဖတ်တတ်ပြီဖြစ်သော မူလတန်းအထိ ကျောင်းသားအရွယ်လောက်ကို ပုံပြောရသည်မှာ မခက်ပါ။ မိမိက သိရှိစေလိုသောအကြောင်းအရာများကို အုပ်ထိန်းသူများကသက်ဆိုင်ရာစာအုပ်များကို ရွေးချယ်၍ ပေးဖတ်ကာ စာအုပ်ဖတ်ပြီးမှဆွေးနွေးရလျှင်လည်း လွယ်ကူပါသည်။

ကျော်ကျော်ဝင်းတို့ အရွယ်က မလွယ်၊ အထူးသဖြင့် မောင်မျိုးမင်းက သာ၍မလွယ်ပါ။ ကျော်ကျော်ဝင်းက ၆ နှစ်သားအရွယ်တွင် မောင်မျိုးမင်းက သုံးနှစ်ပြည့်လေပြီ။ အရွယ်ချင်းကွာ၍ အသိစိတ်ချင်း





ကွာခြားနေသော ကလေးငယ် နှစ်ယောက်၏ဆန္ဒကို ညှိ၍ ပုံပြောရသော ဘွားဘွားတွင် ပုံပြင်ရွေးချယ်ရသည်မှာ မလွယ်လှ။

ကျွန်မသည် လက်တွေ့ ကလေးထိန်းနည်း သို့မဟုတ် လက်တွေ့ ကလေးများစိတ်ဓာတ်ကို ကွင်းဆင်းလေ့လာသူဖြစ်၍ လာတော့သည်။

ကျော်ကျော်ဝင်းတို့အရွယ်တွင် ပုံပြင်များ၏ ဇာတ်လိုက်ဇာတ်ကောင်လေးများမှာ လူသားများထက် တိရစ္ဆာန်များ ဥပမာ ဆင်၊ ကျား၊ ခြင်္သေ့၊ ဖား၊ မြွေ၊ သမင်များ၊ မြေခွေး၊ ငှက်ငယ်လေးများ ပိုမိုဖြစ်စေလိုကြောင်း သိရှိလာရသည်။

ထို့ကြောင့် ထင်ပါသည်။ ကျွန်မတို့ ငယ်ငယ်က ဖတ်စာများတွင် ၄ တန်းလောက်ရောက်မှ အင်္ဂလိပ်လိုရော မြန်မာလိုပါ လူသားဇာတ်ကောင်များအကြောင်း များများပါသည့်ပုံပြင်များကို ဖတ်ရပါသည်။

ကျွန်မတို့ ငယ်ငယ်က ကျောင်းများတွင် ပုံပြောဆရာမ သတ်သတ် ထားရှိပါသည်။ ကျော်ကျော်ဝင်းလိုပင် ပုံပြင်ကို နှစ်သက်သော ကျွန်မတို့သည် ပုံပြောသောဆရာမကို ချစ်ကြသည်။ အသံတိုးတိုး သာသာနှင့်ပုံပြောသောဆရာမလေးမှာ အလွန်လှသည်ဟုထင်ရုံမက ပုံကိုလည်း မဆုံးစေချင်ပေ။ ကျော်ကျော်ဝင်းသည်လည်း ထိုကဲ့သို့ပင် ခံစားရလိမ့်မည်။

တစ်ခါ ဘာပုံပြင်ပြောရမလဲဟု စဉ်းစားရင်းမှ ကျွန်မ သူငယ်ချင်းတစ်ယောက်နှင့် တွေ့ခဲ့သော တစ်ချိန်ကို သတိရမိ၏။ ကျွန်မ သူငယ်ချင်းမှာ စာရေးဆရာမဟုတ်၊ သို့သော် နိုင်ငံခြားစာပေများကို ခဏခဏ ဘာသာပြန်တတ်သည်။ အောင်မြင်သောအခါလည်း ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



မအောင်မြင်သောအခါလည်းရှိ၏။ အထူးသဖြင့် သူသည် ကျွန်မလို
ဂျပန်ခေတ်တွင်အရွယ်ရောက်လာသူ တစ်ဦးဖြစ်သည်။ တစ်ခုကျွာသည်
က သူက ဂျပန်စကားနှင့် ဂျပန်စာကိုလွယ်ကူစွာ တတ်မြောက်လွယ်
ကျွန်မကမူ ဂျပန်စာသင်တန်းကို အာရှလူငယ် အစည်းအရုံးတွင် ညာ
ဗလမှူးလုပ်စဉ်က တာဝန်ယူဖွင့်လှစ်ပေးခဲ့၏။ သင်တန်းအောင်မြ
အောင် ဆောင်ရွက်ပေးခဲ့ပါသော်လည်း ကျွန်မကိုယ်၌ ဂျပန်စာကို တစ်
မှမတတ် သင်၍လည်းမရခဲ့ပေ။ ဘာကြောင့်ဟူ၍ မပြောတတ်ပါ။

ကျွန်မသူငယ်ချင်းသည် ဂျပန်စကားပြန်လုပ်နိုင်ရုံမက ဂျ
စာပေမှ ဝတ္ထုပုံပြင်များကို မြန်မာဘာသာသို့ပြန်ဆိုတတ်၏။ ချီးကျူး
စရာပင်တည်း။ သူကိုယ်တိုင်ကပင် ဂျပန်၏ရိုးရာလေ့များကို အလွန်
နှစ်သက်၏။

သူနှင့် ကျွန်မ တလောက နှစ်ယောက်တည်းဆုံရာတွင် သူ
ပြောပါသည်။

"ဂျပန်ပုံပြင်ကလေးတစ်ခု ကိုယ့်ဘာသာပြန်ပြီးပို့လိုက်တ
သူတို့ကလက်မခံဘူး"

ဘယ်သူ့ဆီပို့သည်ကိုတော့ ကျွန်မမသိပါ။ ပုံပြင်၏ရည်ရွယ်
ချက်မှာတော့ မိဘစကားနားထောင်သော ဂျပန်ကလေးငယ် တစ်ယောက်
၏စွန့်စားခန်းဖြစ်ပါသည်။

"ဘာဖြစ်လို့တဲ့လဲ"

"သူတို့က ဂျပန်လူငယ်ကို ပုဆိုးဝတ်ပေးစေချင်တဲ့ သဘော
ရှိတယ်ထင်ပါတယ်။ ကိုယ်ကလည်း ဝတ်မပေးနိုင်ဘူး" ဟုဆိုပါသည်။





ဆိုလိုသည်မှာ တိုက်ရိုက်သာဘာသာပြန်ချင်သည်။ (မြန်မာမှု ပြုခြင်း)
မှာ ကီမူရာခေါ် ဂျပန်လူငယ်လေးကို လူကလေးမောင်လှအဖြစ်
အသွင်မပြောင်းနိုင်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ ထိုနေရာ၌ သူနှင့်
ကျွန်မ ဆွေးနွေးပါသည်။

"မင်းပို့လိုက်တဲ့ သူတို့ဆိုတဲ့လူတွေကိုလည်း မသိပါဘူး။
ပေမယ့် မင်းတစ်ခု စဉ်းစားစေချင်တယ်။ ကိုယ်တို့တိုင်းပြည်ဟာ
ပြည်ပြည်နဲ့ ဆက်ဆံလာတာနဲ့အမျှ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့
ထုံးစံတွေဟာလည်း တို့တိုင်းပြည်ထဲကို ဝင်ရောက်လာတယ်။ အဲဒီ
အခါမှာ ကိုယ်ဖြစ်စေချင်တဲ့ သဘောကတော့ လိုအပ်တဲ့နေရာမှာ လိုအပ်
သလိုနိုင်ငံခြား၊ စာပေ၊ ဓလေ့ထုံးစံနဲ့ ပညာရေး တိုးတက်မှုတွေကို
သုံးစွဲသင့်ပါတယ်။ သို့သော် အရိုးကို အရွက်မဖုံးနဲ့ဆိုသလိုပဲ မြန်မာ
ရော ပင်ကိုဓလေ့ ထုံးစံယဉ်ကျေးမှု၊ ကိုးကွယ်မှု ဘာသာတရား
စရှိသည်ဖြင့်ပေါ့လေ၊ မရှိပေဘူးလား။ ဟုတ်မဟုတ်တော့ မသိဘူး
။ ကိုယ့်စိတ်ထင်တော့ မင်းဘာသာပြန်ပို့လိုက်တော့ လက်မခံဘူး
တဲ့ သူက ကိုယ့်လိုများ တွေးလေသလားမသိ။ မင်းကလည်း "ဂျပန်
ပြင်" ကို ဘာသာပြန်ပို့၊ တရုတ်စာပေလေ့လာသူက "တရုတ်ပုံပြင်"
အင်္ဂလိပ်စာပေလေ့လာသူကလည်း "အင်္ဂလိပ်ပုံပြင်" ရုရှားစာပေ
လေ့လာသူကလည်း "ရုရှားပုံပြင်"တွေကို တိုက်ရိုက် ဘာသာပြန်ပေး၊
သက်ဆိုင်သူတွေကလည်း တိုက်ရိုက် တို့ကလေးငယ်တွေရဲ့ ခေါင်းထဲ
ကို ထည့်ပေးမယ်ဆိုရင် ကြာတော့ တို့ကလေးငယ်တွေဟာ အဲဒီတိုင်းပြည်
တွေရဲ့ယဉ်ကျေးမှု ဓလေ့ထုံးစံတွေပဲ စိတ်ဝင်စားသွားကြတော့မယ်။ အဲဒီ
အန္တရာယ်ကို ကြောက်လို့များ "သူတို့" ဆိုတဲ့ မင်းပို့လိုက်တဲ့သူတွေက



www.burmeseclassic.com

www.burmeseclassic.com



လက်မခံတာလားမသိ။ ဒါထက်ဆိုးတာက ကလေးတွေစိတ်မှာ "ငါ မြန်မာလူမျိုးမှာ ဂုဏ်ယူစရာ ရိုးရာဓလေ့ပုံပြင်တွေ မရှိပါလားဆိုတဲ့ အထင်ဝင်လာရင် အဲဒီအန္တရာယ်က ပိုဆိုးလာမယ်"

ကျွန်မက ကျွန်မအထင်ကို ပြောလိုက်၏။ သူကလည်း သူ့ယူဆချက်ကို ပြောပါသည်။

"မြန်မာတွေက မျက်မှန်တွေ အဝင်းသားတပ်၊ ကင်မရာ လည်ပင်းဆွဲလာတဲ့ ဂျပန်ကုန်သည်တွေကိုသာ မြင်တာလား။ ချစ်စရာ ကောင်းတဲ့ ဂျပန်ကိုမှ မတွေ့ပဲ"

"မင်းမှားမယ်။ လူများစု မြန်မာတွေဟာ ဖက်ဆစ်ကိုသာ မုန်းတာ။ ဂျပန်ကို မမုန်းဘူးဆိုတာ နားလည်ထားစမ်းပါ။ ဂျပန်ကို တော်လှန်တဲ့အချိန်မှာ လက်သဲခွံခွာ ပါးရိုက်ခဲ့တဲ့ ဖက်ဆစ်တွေကို ချေမှုန်း လွတ်ပြီး ဂျပန်စစ်သားတွေကို မြန်မာတွေပဲ ဖွက်ထားပြီး ကျွေးမွေး ပြုစုခဲ့ရတယ်ဆိုတာ သတိရစမ်းပါ။ ဒါနဲ့ အခုမင်းကရော ဂျပန်ကို ရှေ့နေ ဘာဖြစ်လို့ လုပ်ချင်ရတာလဲ" ကျွန်မမေးခွန်းကို သူမဖြေဘဲ ကျွန်မက စကားဆက်ပြော၏။

"တစ်ခုတော့ ကိုယ်ပြောချင်တယ်။ ကိုယ်တို့ တိုင်းပြည်အကြောင်း ကို ပြန်လေ့လာကြည့်။ မင်းအင်မတန်မုန်းတီးတဲ့ အရင်းရှင်နယ်ချဲ့သမား ဆိုတဲ့ အနောက်အုပ်စုကလူတွေ တို့တိုင်းပြည်နဲ့ တခြားကိုလိုနီတွေကို စိမ့်ဝင်လာပုံကိုက "(မစ်ရှင်သာသနာပြုအဖွဲ့)၊ စစ်တပ်"ဆိုတဲ့စကားလုံး မင်းကြားဖူးမှာပေါ့။ မင်းက ကိုယ့်ထက်သာပါတယ်။ ရာဇဝင်ကို အမ်အေ (မဟာဝိဇ္ဇာ)အထိ သင်လာတာပါ။ အဲဒီတော့လည်း မြန်မာပြည်အကြောင်း





ကိုယ်တွေကြုံခဲ့ပြီးလေတော့ ဘာသာရေး မစ်ရှင်အနေနဲ့ပဲလာလာ၊ ကုန်သည်အနေနဲ့ပဲလာလာ သူတို့လာရင် "အသံ"ဆိုတာကလည်းပါလာ တာမှာပဲလို့ တွေးကြောက်တဲ့ မြန်မာကို မင်းအဆိုးဆိုမလား။ ခိုးလိုချုပ်အောင်ဆန်းပြောဘူးတယ်လေ"

"ရှင်ကြီးဝမ်းလည်း ဝင်ခဲ့ပြီ၊ ရှင်ငယ် ဝမ်းလည်းဝင်ခဲ့ပြီ။ ဘယ်ဝမ်းဗိုက်မှ အနံ့မမွှေးပါဘူးဆိုတာလေ ကြားဘူးတယ်မို့လား"

သူသည် ဘာမှတော့ ပြန်မဖြေ။ ရင်ထဲမှာတော့ ကျေနပ်ပုံပေါ် ညည်မထင်ပါ။

"လက်နက်နိုင်ငံကြီးတွေဟာ ကိုယ့်အတွက်တော့ တစ်ကွက် ချန်ကြစမြဲပဲ။ အဲဒီဝါဒဟာ ကမ္ဘာ့နိုင်ငံကြီးတွေရဲ့ ဝါဒအစစ်ပဲ။ သူတို့ အကျိုးအတွက် အမြတ်တစ်စုံတစ်ရာမပါဘဲ ဘယ်တော့မှလည်း သူတို့ အမျိုးသားရေးကို စွန့်လွှတ်ပြီး တိုင်းငယ်ပြည်ငယ်တွေကို ကယ်တင်မယ် လို့ အယူမထားလေနဲ့ မှားမယ်ကိုယ့်လူ။ ဒီနေ့ ဆိုရှယ်လစ် နိုင်ငံတွေပဲ ဖြစ်ဖြစ်၊ အရင်းရှင်နိုင်ငံတွေပဲဖြစ်ဖြစ်၊ စစ်တပ်အသင့်ပြင်၊ လက်နက် အသင့်ပြင်ပြီး နယ်ခြားတွေမှာ တင်းတင်းကျပ်ကျပ် စောင့်ကြပ်နေတာ ကိုက သူတို့ နယ်မြေတွေကို တစ်လက်မ အကျူးအကျော် မခံနိုင်လို့ပဲ"

"မင်းအနေနဲ့ စာပေအပေါ်မှာ သစ္စာရှိတယ်။ ဘာသာပြန်တာ ကို ရိုးသားစွာ ဝန်ခံလိုတဲ့ စိတ်ရှိတယ်။ ရည်ရွယ်ချက်နဲ့ဆိုရင် လူကြီးတွေ သို့မဟုတ် ၁၀ နှစ်ကနေ ၂၀ ကြား လူငယ်ပိုင်းအတွက် ဘာသာပြန်ဝတ္ထု ဆောင်းပါးတွေ ရေးပြီး ဘယ်တိုင်းပြည်ကဝတ္ထုတွေကို ဘာသာပြန်တယ် လို့ ဖွင့်ဟဝန်ခံရင်ပြီးတာပဲ။ အဲဒီအရွယ်တွေကတော့ ကျော်ကျော်ဝင်း



www.burmeseclassic.com

www.burmeseclassic.com



**တို့ မောင်မျိုး**မင်းတို့လိုမဟုတ်တော့ဘူးလေ၊ နှစ်သက်စရာတွေရော **ရွံရှာ**စရာတွေရော လက်ခံစရာရော၊ ပယ်စရာကိုရော၊ တော်မတော်ရာမရာ၊ သင့်မသင့်ကို ချင့်ချိန်နိုင်တဲ့ စိတ်ဓာတ်စွမ်းအားရှိလာကြပြီ"

သူသည် ဘာမှ ပြန်မပြောတော့ပေ။ ကျွန်မလည်း ကလေးငယ်များအတွက် ပုံပြင်များအကြောင်း ရှိသားစွာ သူငယ်ချင်းနှစ်ယောက် ဆွေးနွေးရာမှ နိုင်ငံရေး ဝါဒများအထိ ရောက်သွားမည်စိုးပါ၍ ဤနေရာတွင်ပင် ရပ်လိုက်ပါသည်။

သို့သော် ကျွန်မတို့သူငယ်ချင်းနှစ်ယောက် ဆွေးနွေးပွဲမှာ ကျွန်မရင်ထဲတွင် ဆက်လက်တွေးစရာအကြောင်း အတော်များများ ပေါ်လာစေခဲ့ပါသည်။

ကျွန်မတို့ငယ်ငယ်က အင်္ဂလိပ်စာကြီးပေကြီးများကို မဖတ်တတ်ခင်က အင်္ဂလိပ်စာပေနယ်၏ တံခါးဝသို့ နတ်သမီးပုံပြင်လေးများမှ စတင်ဝင်ရောက်ခဲ့ကြပါသည်။ အင်္ဂလိပ်စာ အလွယ်ဆုံးနှင့် ရေးထား၍ ဖတ်ရှုရာတွင် လွယ်ကူသည်။ နားလည်လွယ်သည်က တစ်ကြောင်း ပုံပြင်များကို နှစ်သက်စိတ်ဝင်စားလာ၍တစ်ကြောင်း ထိုအကြောင်းများကြောင့် နတ်သမီးပုံပြင်ခေါ် (Fairy Tale)များကို ကျွန်မတို့သဘောကျကြ၏။

ထိုပုံပြင်များမှတစ်ဆင့် အသက်ကြီးပြင်း၍ အတန်းကြီးလာမှ အင်္ဂလိပ်ဝတ္ထုများ စတင်ဖတ်သောအဆင့်သို့ ရောက်လာခဲ့၏။ နောက်တစ်ဖန်အင်္ဂလိပ်ကဗျာများကို အရသာခံတတ်လာသောအချိန်သို့ ဆိုက်ရောက်ခဲ့ရပေသည်။ (ဤနေရာ၌ အင်္ဂလိပ်ဟူ၍ ရေးခြင်းမှာ အင်္ဂလိပ်





ဘာသာဖြင့် ရေးထားသော အနောက်တိုင်းစာပေများကို ဆိုလိုပါသည်။ ဗြိတိန်ပြည်က စာအုပ်ဟူ၍ သီးသန့်ဆိုလိုခြင်းမဟုတ်ပါ။)

အင်္ဂလိပ်ဝတ္ထုများကို မဖတ်တတ်ခင်က ရွှေဥဒေါင်းဘာသာပြန်သော ရှုပနန္ဒီကို ကျွန်မတို့ ဖတ်ခဲ့ကြ၏။ ဟိမဝန္တာ၏ တစ်ဖက်အနောက်တိုင်းပြည်လောက်တွင် ရှုပနန္ဒီ ရှိလိမ့်နိုးနှင့် စိတ်ကူးယဉ်ခဲ့ရသည်မှာ အမောပါပင်တည်း။

ရှုပနန္ဒီကိုလည်း တွေ့ချင်လိုက်သည်မှာအမော။ ချစ်သူပျောက်ကို ရှာပါသော မောင်နန္ဒ၏ တောအဆင့်ဆင့်၊ တောင်အသွယ်သွယ်ကို ဖြတ်ခန်းမှာ စွန့်စားခန်းများဖြစ်၍ စွန့်စားလို စိတ်မှာ မိန်းမသားဖြစ်သော ကျွန်မရင်ထဲတွင်ပင် ပေါ်ပေါက်လာခဲ့ပေသည်။ ယောက်ျားလေးများမှာတော့ ပြောဖွယ်ရာမရှိတော့ပြီ။ ရှုပနန္ဒီ ကျွန်မကို လွှမ်းမိုးလိုက်သည်မှာ ပထမအရွယ်ခေါ်သော အသက်နှစ်ဆယ်အထိလောက်ကို ပြင်းပြင်းထန်ထန် လွှမ်းမိုးလျက်ရှိ၏။

ခုနစ်တန်းလောက်တွင် ပထဝီဘာသာရပ်ကို သင်ရင်းသူငယ်ချင်းများ ဆရာမလာခင် စကားပြောကြ၏။ စိတ်ကူးရောက်ရာ ပြောကြရင်းမှ ကမ္ဘာမြေပုံကို ဖြန့်ကြည့်ကြ၏။ မိမိသွားလိုသော တိုင်းပြည်များအကြောင်းကို ရောက်ရာပေါက်ရာ ပြောကြရာတွင် သူငယ်ချင်းတွေက ကျွန်မစိတ်ဝင်စား၍ သွားလိုရာကို မေး၏။

ကျွန်မရင်ထဲတွင် အာမေဇုံမြစ်ဝှမ်းကို စုန်ဆင်းချင်၏။ ကွန်ဂိုမြစ်ကို ဆန်တက်ချင်၏။ နိုင်းမြစ်ကိုလည်း အစမှအဆုံး စုန်ဆင်းကြည့်ချင်၏။ လှပသာယာသော အနောက်တိုင်း၏အရှေ့တိုင်းမြို့တော်

www.burmeseclassic.com



ကြီးများ၊ ဟိမဝန္တာမြောက်ပိုင်း တိဗက်လို တိုင်းပြည်များကို သွားရော လိုသောဆန္ဒမှာ ယခုအရွယ်ထိ အစဉ်လွှမ်းမိုးနေ၏။ အမှန်တော့ ဆာ ဒါဟက်ဂတ်နှင့် ဆရာကြီးရွှေဥဒေါင်းတို့၏ လက်ချက်များပင်တည်း။

မြန်မာစာ ပါမောက္ခဟောင်း ဦးမောင်မောင်ကြီးကို တ တွေ့စဉ်က ကျွန်မတောင်းပန်မိ၏။

"ဆရာ တိဗက်နဲ့ မွန်ဂိုတွေအကြောင်း ဆရာရေးတာ မစုံ သိပ်သဘောကျတာပဲ။ အဲဒါတွေ များများရေးပါ"ဟု ပြောမိ

ဆရာသည် တန်ဖိုးရှိသော မြန်မာစာနှင့် ပတ်သက်သေ စာအုပ်များကို အတော်များများ ရေးသားခဲ့သူ ဖြစ်၏။

"မင်းတစ်ယောက်ပဲ အဲဒီ တိဗက်နဲ့ မွန်ဂိုတွေအကြော ဆက်ရေးဖို့ ပြောတယ်"ဟု ပြောပါသည်။

ပိန်ချုံးချည့်နဲ့သော ကျွန်မခန္ဓာကိုယ်ကို ကြည့်ကာ သူငယ် များကသရော်ကြ၏။ သရော်သင့်ကြပေသည်၊ ကျွန်မက ဆင်စွယ်ရော သိုက်များရှိရာသို့ ရှာဖွေစွန့်စား သွားလာသော တောလိုက်မုဆိုး များ၏ စာပေက ကျွန်မခေါင်းထဲတွင် ဒုတိယအရွယ်မှ ယခုအရွယ် လွှမ်းမိုးနေသောကြောင့်ပင်တည်း။

သို့သော် ဤလွှမ်းမိုးခံရမှုသည် အကျိုးမယုတ်စေပါ။ ကျွ စဉ်းစားမိသည်က ကျွန်မမြေးလေး နှစ်ယောက်တွင်လည်း ငယ်စဉ် မိဘရင်ခွင် ဘွားအေရင်ခွင်တို့မှာ မျက်စိမှေး၍ ကြားရသောပုံပြင် က သားလေးတို့အား လွှမ်းမိုးမည်မှာမုချ။





သားလေးတို့ စာဖတ်တတ်သည်ရှိသော် သူတို့ဖတ်သော စာအုပ်မှ ပုံပြင်ဝတ္ထုများသည်လည်း သားလေးတို့ကို လွှမ်းမိုးပေတော့ သည်။

လူ့ဘဝ၏ တံခါးသို့ စတင်ဝင်ရောက်လာပြီးဖြစ်သော ကျွန်မ မြေးငယ်လေးများ၊ သူတို့သည် ဘယ်လိုအသွင်အပြင်နှင့် မည်သည့် ပုံစံနှင့်ခြေလှမ်း၍ ဝင်လာကြမည်နည်း။ ကျွန်မတို့ ကြိုတင်စဉ်းစား ကြရပေတော့မည်။

သမီးကြီး မိငယ်ငယ်က ပုံပြောဆရာမတို့နှင့် ရေဒီယိုမှ ပုံပြော ဆရာမကြီးတို့၏ လွှမ်းမိုးမှုကြောင့် မိသည် သူရဲကောင်းတစ်ယောက်ဟု ဆိုလိုက်လျှင် သျှောင်တစောင်းနှင့်ဓားလွတ်ကိုင်ကာ ပုဆိုးခါးတောင်း ကျိုက်သည့် မြန်မာတို့၏ ရှေးသူရဲကောင်းပုံပုံဟန်ကိုမမြင် (Knight) ဟု ကြက်တောင်၊ ငှက်တောင်မွေးရှည်ကြီးများ ခေါင်းမှာဆင်သည့် အနောက်တိုင်းပုံစံနှင့် မြင်းစီးသူရဲကောင်း၏ အသွင်သာမြင်သည်။ မိ၏ ဘော်ဝန်းကျင်နှင့် စာပေယဉ်ကြားစဉ် အခြေခံမူလတန်းကတည်းက အနောက်တိုင်း သာသနာပြုဆရာများ၏ လွှမ်းမိုးမှုကို မိ ခံရသောကြောင့် ဖြစ်၏။ ထိုကြောင့်ပင် မိကို အရွယ်ရောက်လာသောအခါ မြန်မာမှုပြန်၍ သွင်းရ၏။ (ထိုအကြောင်းများကို ဝတ္ထုသဖွယ် တန်ဆာဆင်ကာ ကျွန်မ "နှင်းတစ်ထောင်"ဝတ္ထုတွင် ရေးသားခဲ့ပြီးပေပြီ။)

တချို့ ကျွန်မ၏ဝတ္ထုများကို ကောက်ချက်လွဲသူတို့က သူ့သမီး ၊ သူ့အဖေ ဦးဘ၊ သူ့ချစ်သူတွေ အကြောင်းသာ ခင်နှင်းယုရေးသည် ဟု၏။ နယ်ကျဉ်းလွန်းလှသည်ဟုဆို၏။ ကျွန်မ ဘယ်သူ့ကိုမှ ပြန်လည်

www.burmeseclassic.com

www.burmeseclassic.com



မချေးပါ။ ယခုနှစ်ပေါင်း ၁၀ နှစ်မျှကြာလွန်သောအခါမှ လူထု၏ ကိုယ်စားလှယ်များကို ကျွန်မ၏ ကိုယ်စားပြုဇာတ်ကောင်များအဖြစ် ဖန်ဆင်း၍ ခေတ်တစ်ခေတ်၏ လှုပ်ရှားပြောင်းလဲမှုကို သရုပ်ဖော်ကြောင်း သူတို့နားလည်လာပါသည်။ ကျွန်မ၏ မိသားစုအကြောင်းလောက်သာလျှင် ပိုက်ဆံအကုန်ခံ၊ မျက်စိအညောင်းခံ၍ ဘယ်သူဖတ်မည်နည်း။

ယခုမှပင် "မခင်ယု ရေးတုန်းက နွားတစ်ထောင်ဝတ္ထု အဓိပ္ပာယ် ကျယ်ပြန့်ပုံနဲ့ လွှမ်းမိုးမှုဟာ ဒါလောက် နက်ရှိုင်းလိမ့်မယ် မထင်ဘူး။ ခုမှပဲ သမီးတွေ အရွယ်ရောက်လာလေလေ နွားတစ်ထောင် ဝတ္ထုထဲက မိ အမေရဲ့ ရင်ခုန်သံဝေဒနာကို ကိုယ်ချင်းစာမိတယ်"ဟု ဝန်ခံ၏။

အမှန်တော့ နွားတစ်ထောင်ဝတ္ထုထဲက မိမှာ ကျွန်မ၏သမီး မိနှင့် ထပ်တူထပ်မျှ မတူပါ။ သမီးကြီးမိ ၅ နှစ်သမီး အရွယ်က နွားတစ်ထောင်ဝတ္ထုကို ကျွန်မရေး၏။ ကျွန်မ၏သမီးသာ လက်ရှိပတ်ဝန်းကျင် လွှမ်းမိုးမှုအတိုင်း ကြီးပြင်းလာခဲ့ပါလျှင် သမီးဘဝ မည်သို့ရှိလိမ့်မည်နည်းဆိုသော ပူပင်သောကဗျာပါဒမှ ပေါက်ဖွားလာသော နွားတစ်ထောင်ဝတ္ထုဖြစ်၏။

အထူးသဖြင့် ကျွန်မ၏ညီမအလတ် အကြွယ်သည် သူ၏သမီး ချောနှစ်ယောက် အရွယ်ရောက်လာတော့မှ ကျွန်မ ဘာကြောင့် နွားတစ်ထောင်ဝတ္ထုကို ရေးပါသလဲဆိုသော ရည်ရွယ်ချက်နှင့် အဓိပ္ပာယ် နက်ရှိုင်းလာပုံကို တဖြည်းဖြည်း သဘောပေါက်၍လာချေပြီ။

"ကြိုတင် ပူပန်မှုတွေများလှချည့်ရဲ့"ဟု ယခုတော့ သူ့အဖြစ်





ဆောင်တော့ပါ။ "နယ်ကျဉ်းလွန်း"သည်ဟု ဝေဖန်ပြစ်တင်သူတို့သည် ည်း နှုတ်ဆိတ်ကြလေပြီ။ အဘယ်ကြောင့်ဆိုသော် အနှစ် ၂၀ အတွင်း ကြီးပြင်းလာသော သူတို့ သမီးငယ်များကြောင့် မိခင်တိုင်း၌ ခံစားရသော ဝေဒနာသည် ကျွန်မခံစားရသည်ထက် သူတို့ပိုမို ပြင်းပြလာရသောကြောင့် ဖြစ်သတည်း။

ကဲ... ယခု ကျွန်မတို့ ဆက်လက် စဉ်းစားကြပါဦးစို့၊ ကျွန်မ ယ်ချင်းပြောသလို ပုံပြင်များကိုဖြစ်ဖြစ်၊ ဝတ္ထုတိုလေးများကိုဖြစ်ဖြစ် ဘဝကိုခြေလှမ်းစ ကျော်ကျော်ဝင်းတို့၊ မောင်မျိုးမင်းတို့အရွယ် ပြောပြရပေတော့မည်။ ထိုအခါတွင် သူတို့ စိတ်ကူးစိတ်သန်းထဲရှိ အရုပ်ကလေးများ(ဝါ)ဇာတ်ကောင်များကို တရုတ်ဘောင်းဘီပွပွ ဝတ်ပေးမလား၊ ကီမိုနိုပဲဝတ်ပေးမလား အနောက်တိုင်းပုံစံဘောင်းဘီရှည်ကိုပဲ ဝတ်ပေးရမလား၊ ဖင်ကျပ်လား၊ ခေါင်းလောင်းပုံလား၊ ဒိုတီလား၊ ဝတ်ပေးမလဲ။ မြန်မာကော မြန်မာပုဆိုးမရှိဘူးလား။

ကျွန်မတို့သည် အနောက်တိုင်းဒေသများသို့ သွားရောက် လည်သောအခါ ရောမရောက်လျှင် ရောမလို ကျင့်သုံးရမည်ဆိုသည့် အတိုင်း ရာသီဥတု အခြေအနေကိုလိုက်၍ ဒေသအလျောက် သင့်တော်သည့်အဆင်အယင်ကို ဝတ်စားဆင်ယင်ရ၏။ ကိုယ့်တိုင်းပြည်ရောက်လျှင် ကိုယ့်အမျိုးသားဝတ်စုံကို ပြန်လည်ဝတ်ရ၏။

ထို့အတူ မောင်မျိုးမင်းတို့အရွယ်ကို ပြောပြရမည့် ပုံပြင်ဝတ္ထုတို့ ထဲတွင် လှုပ်ရှားမည့် (ဇာတ်ကောင်များ) အရုပ်ကလေးများကို မည်သည့် ပြည်က ကျွန်မတို့ ယူလာသည်ဖြစ်စေ တတ်နိုင်သလောက် ပုဆိုး



www.burmeseclassic.com

www.burmeseclassic.com



နှင့် တိုက်ပုံအင်္ကျီ၊ ထဘီအင်္ကျီလက်ရှည်နှင့် သျှောင်ပေစုံးဆံရစ်ဝိုင်းသော များကို ဝတ်ဆင်ပေးလျှင်မကောင်းပေဘူးလား။

သို့သော် ဆွေးနွေးရ ဖလှယ်ရသည်ဆိုသည်က သုခမိန်ပညာ ရှင်တို့အလုပ်ဖြစ်၏။ ဆွေးနွေးပါရစေ၊ နားထောင်ပါရစေ၊ ကျွန်မကို ဖိတ်ပါဟု ဖိတ်စာရရန်အတွက်ကိုပင် သက်ဆိုင်ရာသို့ လျှောက်လွှာ တင်ရ၏။ ဆွေးနွေးရသည့်နေရာကလည်း လေးထပ်အမြင့်ဆိုလေတော့ အားလုံးပင် အဆင့်အတန်းမြင့်လှပါသောကြောင့် ကျွန်မတို့လိုအမြင့် မတက်နိုင်သော ကျန်းမာရေးချို့တဲ့သူတို့နှင့် ဝေးကွာလှ၏။ ဆွေးနွေး များနှင့် အလှမ်းဝေးလှ၏။ အမြင့်က ပန်းများသည် ချူရန် ခက်လှ၏ ပဍ္ဍုသကာပန်း၊ အာသာဝတီ နွယ်နီသက္ကရုစသော နတ်ပန်းများသည် ဘုန်းရှင်ကံရှင်တို့နှင့်သာ ထိုက်တန်၏။

ဘုန်းရှင်ကံရှင်တွေ သူတို့ဘာသာ စကားပြောစဉ်တွင်သော လောဆယ် ကိုယ့်ပြဿနာက ကိုယ့်ကလေးတွေ အိပ်ရာဝင်ခါ နီးသော ပြီ။ မြေကြီးပေါ်က ဖား၊ မြွေ၊ မျောက်၊ သမင်၊ ဒရယ်၊ ခြင်္သေ့အစ သော တောကောင်များနှင့် မြေပေါ်ရှိ လူကလေးများကို စပ်ဟပ်သော ပုံပြောကောင်းသော ဘွားဘွားသည့် ပုံစံ၍ ပြောရပါတော့သည်။

ကျွန်မ ပထမဆုံးပြောသော ပုံပြင်မှာ အောက်ပါပုံပြင်ဖြစ် ပါသည်။

ကဲ...သားကြီးတို့ သားငယ်တို့ နားထောင်ကြပေတော့ ဘွားဘွား ပုံပြင်ကတော့ ပုံပြင်အသစ် မဟုတ်ပေဘူး။

တစ်ခါတုန်းက အင်မတန်ဖျတ်လတ်လျင်မြန်တဲ့ ယုန်





ကောင်ရှိတယ်။ သူဟာ အလုပ်အကိုင် အသွားအလာသာ ဖျတ် တာမဟုတ်ဘူး။ အပြေးလည်းသန်တယ်။ တစ်နေ့တော့သူဟာ ကောင်းတဲ့ သစ်ပင်တစ်ပင်အောက်မှာ အိပ်ပျော်နေတယ်တဲ့။ အိပ်ရာက နိုးတော့ သူ့အနားမှာ သူ့သူငယ်ချင်းလိပ်ကို တွေ့ရတယ်။

"အလို သူငယ်ချင်းမောင်ရွှေလိပ် ဘာလာလုပ်သလဲ" လို့ ကလေးက မေးတယ်။

"တို့များ တောထဲမှာနေရတာ တစ်ခါတလေ ပျင်းလှတယ်။ ငါ အပြေးပြိုင်ရအောင်" လို့ လိပ်ကလေးက ပြောတယ်။

"ဟား...ဟား...ဟားဟား" လို့ ယုန်ကလေးက အားရ ရယ်တယ်ကွဲ့။ သူက ပါးစပ်က ဖွင့်မပြောပေမယ့် သူ့စိတ်ထဲက ချင်တာပေါ့လေ။ ဘာလို့ ရယ်ချင်လဲဆိုတော့ သားတို့လိပ်ကို ကျောက်ရုံထဲမှာ မြင်ဘူးတယ်မို့လား။ အင်မတန် အသွားနှေးတယ်။ ရွှေ့ရွှေ့ပဲ သွားတတ်တယ်လေ။ ယုန်ဆိုတာကတော့ အင်မတန် လတ်သွက်လက်တော့ ယုန်ကလေး စိတ်ထဲမှာ သူ့ကိုယ်သူ အထင် တယ်။ "ဩော်...တရွေ့ရွေ့သွားနေရတဲ့ ဒီလိပ်ကလေးဟာ ယုန်ကိုတုဖက်ပြီး အပြေးပြိုင်ချင်တာအံ့ပါရဲ့" လို့ သူက တွေးမိပြီး တာကို။ ပြီးတော့မှ လိပ်ကလေးကို သူကပြောတယ်။

"အေးကွယ် မင်းအပြေးပြိုင်ချင်လည်းပြိုင်၊ နက်ဖြန် မနက် စောစောတို့များပြေးပွဲစရအောင်"

"အေး...တာအထွက်ကို ဦးရွှေနွားတို့က စောင့်ပြီး အချက် ပေးမယ်၊ ငါနေတဲ့ ရေကန်နားက ညောင်ပင်ကြီးအောက်ကိုလာခဲ့၊



www.burmeseclassic.com

www.burmeseclassic.com



တာအဝင်ကိုတော့ ကိုမြေခွေးကစောင့်ပြီး ဒိုင်လူကြီးလုပ်ပေးမယ်''တဲ့ လိပ်က ပြေးပွဲအစီအစဉ်ကို ပြောပြီး ပြန်သွားရော''

မနက်မိုးလင်းတော့ လိပ်ချိန်းဆိုထားတဲ့နေရာကို ယုန်ကလေး သွားတာပေါ့၊ လိပ်ဟာ အဆင်သင့်ပဲ စောင့်နေတယ်။

သူတို့နှစ်ကောင်ဟာ ပြေးပွဲစဖို့ တန်းစီပြီး နေရာယူလိုက် တယ်။ ဦးခွေးနွားက အချိန်လည်းစေ့တော့...။

''ဝှတ်ထရိန်း''လို့ အချက်လည်းပေးလိုက်ရော တစ်ခါတည်း သူတို့နှစ်ကောင် တာကထွက်သွားကြတာပေါ့၊ ယုန်ကလည်းအပြေး တော့ တစ်ဟုန်တည်းပြေးထွက်သွားသလို လိပ်ကလည်း သူ့အစွမ်းနဲ့ သူခြေလှမ်းနိုင်သလောက် မှန်မှန်နဲ့ပြေးသွားတာပေါ့၊ သူတို့ပြေးရ လမ်းကြောင်းတစ်ဝက်ကို ရောက်တော့ ယုန်ကလေးက ခဏရပ် နောက်ကို လှည့်ကြည့်မိတယ်၊ သူရဲ့သူငယ်ချင်း လိပ်ကလေးဟာ တာ ထွက်စခပ်လှမ်းလှမ်းပဲ ရောက်သေးတယ်။ ဒါနဲ့ယုန်ကလေးက တွေး ပေါ့။ ငါကဖြင့်လမ်းတစ်ဝက်တောင် ရောက်နေပြီ သူကတာထွက် ရှိသေးတယ်၊ ငါ့ကို အံတုဖက်ပြိုင်လို့ သူဘယ်မှာနိုင်ပါ့မလဲ၊ သူ့ကို စောင့်ရင်း ငါတစ်ရေးတစ်မော အိပ်အုံးမယ်။ ငါ့ကိုမီလောက်မဲ့ ရောက်မှ ငါထပြီးပြေးရင် ပန်းတိုင်ကို သူ့ထက်ငါ စောပြီးဝင်မှာ တွေးပြီး ဥသျှစ်ပင်ကြီးအောက် အိပ်နေသတဲ့၊ အိပ်တယ်ဆိုတာ သာ သိတယ်မို့လား။ အားရပါးရ အိပ်ပျော်သွားရင် အိပ်မောကျတယ် တယ်၊ သူများဘာလုပ်တယ်ဆိုတာကိုလည်း မသိဘူး၊ ကိုယ်ဟာကို လုပ်တာကိုလည်း မသိဘူးမို့လား။ သားငယ်လေး မောင်မျိုးမင်း အိပ်





သွားရင် အိပ်ရာပေါ် ရှုရှုပေါက်တာကို မသိဘူးမို့လား၊ အေး ခုလည်း ယုန်ကလေးဟာ ပြေးထားတဲ့ အရှိန်ကလည်းရှိတော့ အိပ်လိုက်တာ အိပ်မောကျသွားရော။

လိပ်ကလေးကတော့ သူ့ခြေလှမ်းကို သူနှေးတယ်ရယ်လို့ အထင်မသေးဘူး၊ မှန်မှန်နဲ့ သူ့နှုန်းနဲ့သူ အစွမ်းရှိသလောက် သွားနေ တယ်။ အပြေးပြိုင်တယ်ဆိုတာ အလုပ်တစ်ခုပဲ၊ ဒီအလုပ်ကို ပြီးအောင် လုပ်ပြီးမှ နားရမယ်ဆိုတာကို လိပ်ကလေးက သဘောပေါက်တယ်။ ဒီတော့ သူဟာ မှန်မှန်ကြီး မနားပဲသွားလိုက်တာ အိပ်ပျော်နေတဲ့ ယုန်ကလေး ကို ဖြတ်ကျော်ပြီး ပန်းတိုင်နားကို ရောက်သွားရော။

သူ့ကိုယ်သူ အထင်ကြီးတဲ့ ယုန်ကလေးကတော့ တစ်ခေါခေါနဲ့ အိပ်မောကျနေတာပဲတဲ့။ အဲဒီအချိန်မှာ ဥသျှစ်သီးတစ်လုံး သူ့အနား ကြွေကျလာတော့မှ သူလန့်နိုးတာကိုး၊ သူကမန်းကတန်းနဲ့ သူတို့ ပြေးပွဲကို သတိရလို့ နောက်ပြန်ကြည့်လိုက်တော့ သူ့သူငယ်ချင်း လိပ်ကို တွေ့ရတော့ဘူး၊ ပန်းတိုင်ဘက်ကို မျှော်ကြည့်တော့မှ ပန်းတိုင်နားကို ဝင်နေတဲ့ လိပ်ကလေးကို တွေ့ရတာယ်။

တစ်ခါထဲ အဲဒီတော့မှ ယုန်ဟာ တအားပြေးလိုက်ပေမယ့် မမီတော့ဘူး။ သူပန်းတိုင်နားရောက်တော့ သူရဲ့ သူငယ်ချင်း လိပ်ဟာ ဝင်နေပြီကွယ့်။

ဒိုင်လုပ်တဲ့ ဦးမြေခွေးက လိပ်ကို ဆီးကြိုပြီး ပန်းကုံးစွပ်တာ ပေါ့လေ။

''ဘွားဘွားပုံက ပြီးသွားပြီလား။ အစပ်ကလေးထည့်ပေးပါအုံး''



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကျော်ဝင်းက တိုတိုနှင့်ပြတ်သွားမှာ စိုးသည်။ ထို့ကြော
သူ့ဆန္ဒအတိုင်း အစပ်အဟပ်နှင့် ဆက်ပြောရန် တောင်းဆိုလိုက်၏။

“မပြီးသေးပါဘူး သားကြီးရယ်၊ အစပ်နောက်ဆက်တွဲ
မယ်စိတ်ချ”

“နောက်ထပ် ခြသေ့်ကြီးပါရမယ်နော်”ဟု ကျော်ကျော်ဝင်း
ဆို၏။

“အေးပါ”

“ဘွားဘွား ပင့်ကူကြီးလည်း ပါရမယ်နော်”

မောင်မျိုးမင်းက ဆို၏။

“အေးပါကွယ်၊ မင်းတို့က ဆုံးအောင်ဖြင့် နားမထောင်
ဘူး တယ်ဩဇာ ပေးချင်တာကိုး” ကျွန်မက ပြောလိုက်မှ သူတို့
ယောက် ပြန်၍ငြိမ်သက်သွား၏။

“အဲဒါနဲ့ ယုန်ကလေးဟာ ပြေးပွဲမှာ ရှုံးရတာကို စိတ်
ကျပြီး သူလျှောက်သွားလိုက်တာ ရေကန်တစ်ကန် အနားကို ရောက်
ရော။ သူရောက်သွားတော့ သူငယ်လေးတစ်ယောက်ဟာလည်း ရေ
ဘေးက ချုံကလေးနားမှာ ထိုင်ပြီး မှိုင်နေတာကို တွေ့ရတယ်ကွဲ့။

“ခင်ဗျားနာမည် ဘယ်သူလဲ” လို့ ယုန်ကလေးက မေးတ

“တက်ပု”လို့ လူကလေးက ဖြေလိုက်တယ်ကွဲ့။

“ကိုတက်ပု ဘာဖြစ်လို့ မှိုင်နေသလဲ”





“ဒါကွာ စာမေးပွဲကျလို့ စိတ်ညစ်တာနဲ့ အိမ်ကထွက်လာတယ်။ ငါနဲ့တူတူ သူငယ်ချင်းတွေ စာမေးပွဲအောင်လို့ အတန်းတက်သွားကြပြီ။ ငါမှာတော့ စာမေးပွဲကျတော့ငါရှက်တယ်ကွာ” လို့ တက်ပုက ပြန်ပြောတယ်။

“ခင်ဗျားက တော်သေးတာပေါ့။ ကျွန်တော့်မှာအပြေးပြိုင်ပွဲ ရှုံးလို့ စိတ်ညစ်လိုက်တာ၊ ရှုံးရတာကလည်းဗျာ ယုန်နဲ့ ယုန်ချင်း အပြေးပြိုင်လို့ ရှုံးရတယ်ဆို ဟုတ်သေးတယ်။ ခုတော့ အင်မတန် အသွားနှေးတဲ့ လိပ်နဲ့မှ အပြေးပြိုင်တာ ကျွန်တော် ရှုံးရတာ အသည်းနာလိုက်တာဗျာ”လို့ ယုန်လေးက ပြောတယ်။

“အေး . . . မင်းအဖြစ်ကတော့ လွန်လွန်းပါတယ်ကွာ”လို့ မောင်တက်ပုက ပြောနေတုန်း . . .။

“ကွက် . . . ကွက် . . . ခွိခွိ”လို့ ရယ်သံကို ရေကန်ထဲက ကြားသတဲ့။

“တို့များနှစ်ယောက် စိတ်ညစ်ပါတယ်ဆိုမှ တို့ကို သရော်ပြီး ရယ်တာ ဘယ်သူတွေလည်းကွ”လို့ဆိုပြီး မောင်တက်ပုက သူ့ခါးကြားက လောက်လေးခွကို ထုတ်လိုက်သတဲ့။ သူ့ရေကန်ထဲကြည့်လိုက်တော့ ဖားငယ်လေးတွေဟာ ကြာဖက်ပေါ်မှာ ကစားရင်း အော်မြည်နေကြတာကိုး။

“အောင်မယ် မင်းတို့က မင်းတို့နဲ့ ရေထဲမှာ တူတူနေတဲ့ လိပ်က ငါ့ကို အပြေးပြိုင်ပွဲမှာ အနိုင်ရတယ်ဆိုပြီး သရော်တာပေါ့လေ” လို့ ယုန်ကလေးကလည်း ဒေါပွပြီး ရေကန်နားက ကျောက်စရစ်ခဲနဲ့



www.burmeseclassic.com

www.burmeseclassic.com



အုတ်ခဲလေးတွေကို စုပေးတယ်။ တက်ပုက ကျောက်ခဲတွေယူ လောက်လေးဂွနဲ့ ဖားလေးတွေကို ပစ်ထည့်တာပေါ့။ ပထမဆုံး ဖား ကြီးခေါင်းကို ကျောက်စရစ်မှန်သွားတယ်ဆို ဖားလေးတွေအားလုံး ရေထဲကိုငုပ်သွားကြတယ်။ ဖားငယ်လေးတွေဟာ သူတို့အစ်ကိုကြီးခေါ် မှာ ဒဏ်ရာရတဲ့အကြောင်းကို ပွစိပွစိနဲ့ပြောနေကြသံကို ဖားလေးတွေ အမေက ကြားတာပေါ့။

"ဟယ်. . .၊ ငါ့သားများ ရေပေါ်တက် ကစားတာ ဘာ လာကြလဲ"လို့ ဖားအမေကြီးက မေးတယ်။ ဖားလေးတွေဟာ သူ အဖြစ်အပျက်ကို ပြောပြကြတာပေါ့။ ရေအောက်မှာ နေကြတဲ့ လယ ရွှေငါးလေးတွေကလည်း သူတို့ဆီကို ပြေးလာကြတယ်၊ ငါးလေးတွေ ရှေးဦးသူနာပြုအတတ်ကို တတ်တဲ့သူတွေဆိုတော့၊ ဒဏ်ရာ ဖားလေးခေါင်းကို ချက်ချင်းပဲ ဆေးထည့်ပြီး ကုသပေးကြတယ်။

ဖားငယ်လေးတွေရဲ့ မိခင်ဟာ ရေပေါ်ကို တက်သွားပြီး ကြ ဖက်ပေါ် ထိုင်လိုက်သတဲ့။

"ဟာ. . .၊ ဖိုးယုန်ရေ အခုဖားမကြီးက သာပြီးကြီးတယ် သူ့ကိုပါ ဆော်ထည့်မယ်ကွ၊ ကျောက်စရစ်ခဲကြီးကြီး ရှာခဲ့ပါ" တက်ပုက ယုန်လေးကို အော်ပြောသတဲ့"

"နေကြပါအုံး နေကြပါအုံး၊ လူကလေးနဲ့ ယုန်ငယ်တို့ အ ရေပေါ်တက်လာတာ မင်းတို့နဲ့ ရန်ဖြစ်ဖို့ မဟုတ်ပါဘူး၊ တောင် စရာရှိလို့ပါ"

ဖားမကြီးရဲ့ သာယာခြေငံတဲ့စကားကို ကြားတော့ မောင်တ ပုဟာ လောက်လေးခွကိုကိုင်ပြီး မပစ်သေးပဲ ကြည့်နေတယ်။ "အ





သားငယ်လေးတွေဟာ ရေပေါ်တက်ပြီး ကစားနေကြ၊ ကစားတာပါ၊ သားငယ်လေးတွေ အပြစ်ရှိပါသလား၊ အပြစ်ရှိရင် အမေ့ကိုသတ်ပါ၊ အမေ့သားလေးများကိုတော့ ဆက်လက်ပြီး ရန်မပြုပါနဲ့၊ ကျောက်ခဲနဲ့ ပစ်ပါနဲ့" လို့ ပြောသတဲ့။

"ဒီလိုပါ ဖားမကြီး ကျုပ်နဲ့ ဖိုးယုန်ဟာ ကျုပ်ကလည်း စာမေး ကျလို့စိတ်ညစ်၊ ဖိုးယုန်ဟာလည်း ပြေးပွဲရှုံးလို့ စိတ်ဓာတ်ကျပြီး ကန်နားလာထိုင်နေတာကို၊ ခင်ဗျားသားတွေဟာ သရော်ပြီး ရယ် သီချင်းဆိုကြလို့ ကျုပ်တို့က လောက်လေးခွနဲ့ ပစ်တာ"လို့ င်တက်ပုက ဖြေတယ်။

"လူလေးရယ် စိတ်မရှိပါနဲ့၊ သားငယ်လေးတို့ဟာ ရေပေါ်တက် ကစားနေကြ၊ သီချင်းဆိုနေကြပါ၊ အခုလို တိုက်ဆိုင်ပြီး လူကလေး စိတ်ညစ်ချိန်မှာ သီချင်းဆိုမိတာဟာ အပြစ်တစ်ခုလို ဖြစ်သွားတဲ့ က် အမေ့သားငယ်လေးများအစား အမေတောင်းပန်ပါတယ်"လို့ ဖားမကြီးဟာ မိခင်မေတ္တာစိတ်ရှိတဲ့အတိုင်း သာယာခြေငံစွာနဲ့ င်တက်ပုတို့ကို တောင်းပန်သတဲ့"

အဲဒီလို ဖားမကြီးနဲ့ မောင်တက်ပုတို့ စကားပြောနေတုန်း န်တစ်ဖက်မှာ အင်မတန်လှပခန့်ညားတဲ့ ခြသေ့ကြီးတစ်ကောင် ပေါ်လာတယ်။ ရွှေရောင်တောက်ပနေတဲ့ လည်ဆံမွေးတွေနဲ့ ခြသေ့ ဟာ သိပ်ပြီးကျက်သရေရှိဘာပဲ၊ တက်ပုဟာ ခြသေ့ကြီးကို မြင်တာ ကြောက်လန့်ပြီး ထွက်ပြေးမယ်လုပ်တော့ ခြသေ့ကြီးက အော်ပိုက် ယ်။

www.burmeseclassic.com



"ဟေ့ သူငယ်၊ မပြေးနဲ့၊ အခု ဘာဖြစ်နေကြတာလဲ၊ ငါ့ကို ပြောပြစမ်း"လို့ ဆိုတယ်တဲ့။

"တောသုံးတောင်ကို အစိုးရသော အရှင်ခြင်္သေ့မင်း၊ ကျွန်မတို့မှာ အရှင်ခြင်္သေ့မင်းကလွဲလို့ အားကိုးစရာမရှိပါ"လို့ အစချီပြီး ဖားမကြီးဟာ သူတို့အဖြစ်အပျက်ကို ပြောပြတယ်။

ဒီတော့ ခြင်္သေ့ကြီးက ပြောသတဲ့။

"မောင်တက်ပု၊ အခု ဖားမကြီးပြောတာမှန်သလား။ ဒီတော့ တောင်တစ်ခုလုံးကို ကာကွယ်စောင့်ရှောက်ရတဲ့ သားရဲတို့ရဲ့ဘုရင်ဟာ ငါပဲ ဖြစ်တယ်။ ဒီတောထဲမှာ မတရားတဲ့ အပြုအမူဟူသမျှ တရားမျှတမှုဖြစ်အောင် စီရင်ရမှာ ငါ့တာဝန်ဖြစ်တယ်။ အားကြီးသူကလည်း အားငယ်တဲ့သူကို နှိပ်စက်ခြင်း မပြုရဘူး။ အားငယ်တဲ့သူဖြစ်ပေမယ့် မတရားတာလုပ်နေရင်လည်း တစ်ဖက်သတ်နဲ့ ငါအကာအကွယ် မပေးဘူး။ တရားမျှတအောင် အုပ်ချုပ်ရမှာ ငါ့တာဝန်ဖြစ်တယ်။ အခုလည်း မောင်တက်ပု မင်းတို့ကို ငါအရမ်းအပြစ်မပေးပါဘူး။ ငါ့ကိုမကြောက်ကြနဲ့၊ အုပ်ချုပ်သူဆိုတာ မင်းတို့ရဲ့ မိတ်ဆွေသာ ဖြစ်ရမယ်။ ရန်သူ မဟုတ်ပါဘူး"လို့ ခြင်္သေ့ကြီးက ပြောသတဲ့။ မောင်တက်ပုဟာ ဖားမကြီး ပြောသမျှ မှန်ကန်ပါတယ်လို့ ဝန်ခံတယ်။

"ကဲ...၊ ဒီလိုဆို ဖားမကြီးလည်း ရေအောက်ကအိမ်ကို ပြန်ပါ၊ သားငယ်လေးများကော ဒဏ်ရာကြီးပါသလား။ ငါအုပ်စိုးရာ နယ်မြေမှာ သွေးထွက်သံယိုမဖြစ်စေရဘူး။ မောင်တက်ပုနဲ့ ဖိုးယုန်လည်း ငါ့နောက်ကိုလိုက်ခဲ့"လို့ ခြင်္သေ့ကြီးက ပြောသတဲ့။ ဖားမကြီး





လည်း ခြင်္သေ့ကြီးကို ကျေးဇူးတင်ကြောင်းပြောပြီး ရေအောက်ကို ဆင်းသွားတယ်။

မောင်တက်ပုနဲ့ ယုန်ကလေးဟာ ခြင်္သေ့ကြီးနောက်ကို ကြောက်ကြောက်ရွံ့ရွံ့နဲ့ လိုက်သွားတယ်။ ခြင်္သေ့ကြီးဟာ သူနေတဲ့ ဂူကြီးထဲကို မောင်တက်ပုတို့ကို ခေါ်သွားတာကိုး။ ဂူထဲမှာ မီးဖိုခိုင်းပြီး ခြင်္သေ့ကြီး စားလို့ကျန်တဲ့ သားကောင်တချို့ရဲ့အသားကို မီးကင်ပြီး မောင်တက်ပုကို ကျွေးတယ်။ ယုန်ကလေးကိုတော့ ဂူကြီးဘေးမှာ ပေါက်နေတဲ့ မြက်နုနုလေးတွေကို ကျွေးတယ်။

"ကဲ...၊ ငါ့ရဲ့ဂူထဲမှာ အေးအေးချမ်းချမ်းနေပြီး တစ်ညအိပ်ကြ၊ မနက်မှ မင်းတို့အိမ်ကိုပြန်၊ ငါညကျရင် မင်းတို့ကို ပြောစရာ တစ်ခုရှိတယ်"လို့ ပြောတယ်။ ခြင်္သေ့ကြီးရဲ့ဂူဟာ မြက်ခင်းနုနု စိမ်းစိမ်းလေးများ ဝိုင်းရံပြီး သန့်ရှင်းတဲ့နေရာတစ်ခု ဖြစ်တယ်။ ညချမ်းချိန်မှာ လရောင်နဲ့ လပနေလေတော့ မောင်တက်ပုနဲ့ ယုန်ကလေးဟာ စိတ်ချမ်းသာသွားသတဲ့။

"ဩော်...ငါ့မှာဖြင့် ခြင်္သေ့ကြီးက သတ်များစားမလားလို့ ကြောက်လိုက်ရတာ၊ ခုတော့ မင်းတို့ကို အုပ်စိုးတဲ့ ဘုရင်ကြီးဟာ ချစ်စရာကောင်းပါလား ဖိုးယုန်ရယ်"လို့ မောင်တက်ပုက ပြောသတဲ့။

အိပ်ချိန်ရောက်တော့ ကောက်ရိုးတွေခင်းထားတဲ့ နေရာမှာ သူတို့နှစ်ယောက်ကို အိပ်ဖို့နေရာ ခြင်္သေ့ကြီးက ပေးတယ်။

"ငါနဲ့အတူ အဲဒီမှာနေ၊ ပျော်အောင်မအိပ်ကြနဲ့၊ ငြိမ်ငြိမ် သက်သက်နေကြ"လို့ ခြင်္သေ့ကြီးကပြောပြီး သူတို့အနီးမှာ ခြင်္သေ့ကြီးလှဲ



www.burmeseclassic.com

www.burmeseclassic.com



နေတယ်။ ညဦးယံ ကျော်သွားတယ်ဆို ချောက်ဂျက်၊ ချောက်ဂျက်နဲ့ အသံတစ်ခုကြားတယ်။ မောင်တက်ပုတို့ နှစ်ယောက်ဟာ တိတ်တိတ်ကလေးငြိမ်သက်ပြီး ကြည့်နေကြတယ်။

ပင့်ကူကြီးတစ်ကောင်ဟာ ဂူအမိုးအစွန်နဲ့ ဂူအဝဘေးမှာရှိတဲ့ သစ်ပင်ကြီးတစ်ခုကို ဆက်ပြီးအိမ်ဖွဲ့တာကို။ ပထမတစ်ခါလုပ်မှု ပျက်သွားလိုက်ရင်း သူ့ကိုယ်က အစေးတွေနဲ့ ရက်ကန်းရက်သလို တစ်ညလုံး ကြိုးစားပြီး လရောင်အောက်မှာ အိမ်ဆောက်လိုက်ရင်း အဲဒီလိုနဲ့ လဝင်ချိန်လည်းရောက်ရော လှပတဲ့ ပင့်ကူအိမ်ကြီးတစ်ဆောင်ဖြစ်သွားတယ်တဲ့။

ခြင်္သေ့ကြီးက မောင်တက်ပုတို့ကို ပြောသတဲ့။

"မောင်တက်ပု၊ တီရွှောန်ဖြစ်တဲ့ ပင့်ကူတောင် သူ့အိမ်ကို ဆောက်တာ တစ်ခါတည်းနဲ့ ဆောက်မပြီးလို့ စိတ်လျှော့သွားသလား။ ထိုင်ပြီး မင်းလို မှိုင်နေသလား"လို့ မေးတယ်။

"မမှိုင်ပါဘူးခင်ဗျာ"

"ဖိုးယုန်ကလေး ကစားပွဲမှာ ရှုံးတာနဲ့ စိတ်ညစ်ပြီး မင်းလို အပြစ်မဲ့တဲ့ ဖားငယ်လေးတွေကို ပင့်ကူဟာ ရန်ရှာသလား"

"မရှာပါဘူးခင်ဗျာ"

"အေး. . .စာမေးပွဲမှာ တစ်ခါကျလည်း စိတ်ဓာတ်မပျက်ပဲ ပင့်ကူလို ဇွဲရှိရှိနဲ့ ထပ်မံကြိုးစားပါ။ မင်းရဲ့လောက်လေးခွဟာလည်း မင်းတို့လူသားအချင်းချင်း မှန်ပြတင်းတွေ ပျက်စီးအောင် ပစ်ခွဲဖို့ မဟုတ်ဘူး။ ငါတို့တောနယ်မြေက ဖားငယ်လေးတွေလို အပြစ်မဲ့ပြီး အားငယ်တဲ့





သူတွေကို အရမ်းသတ်ဖြတ်ဖို့လည်း မဟုတ်ဘူး။ စပါးသီးနှံများကို အလွန်အကျွံ ဖျက်ဆီးတတ်တဲ့စာလေးများ၊ သူတစ်ပါးပစ္စည်းကို မတရားခိုးဖို့ မီးဖိုချောင်မှာ ခိုးယူစားတဲ့ခွေးနဲ့ ကျီးများကို ခြိမ်းခြောက်ဖို့ပဲ သုံးတယ်"လို့ ခြင်္သေ့ကြီးက ပြောတယ်။ ပြောရင်း မောင်တက်ပုရဲ့ လောက်လေးခွ ကိုင်တဲ့လက်ကို သူ့လက်သဲနဲ့ ဖိလိုက်တယ်။

"အမလေးဗျာ၊ နာလိုက်တာ"လို့ မောင်တက်ပုက အော်လိုက်တယ်။

"အေး၊ မင်းအသားကို ဒါလောက်ကလေး ငါ့ရဲ့လက်သဲနဲ့ ဖိတာတောင် မင်းနာတယ်မို့လား။ ဖားလေးတွေရဲ့ခေါင်းကို ကျောက်တစ်လုံးနဲ့ထိအောင် ပစ်တဲ့အခါ ဘယ်လောက်နာမလဲ"လို့ ခြင်္သေ့ကြီးက လက်တွေ့ပြတယ်။

"ကျွန်တော် သိပါပြီ။ နောက်ခါ အားငယ်တဲ့သတ္တဝါများကို ကျွန်တော်ရဲ့ လောက်လေးခွနဲ့ မနှိပ်စက်ပါဘူး"လို့မောင်တက်ပုဟာ ကတိပေးတယ်။

"ဖိုးယုန်လည်းပဲ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီး အပျင်းကြီးတဲ့ အကောင်။ လိပ်ကို အထင်သေးလို့ ပြေးပွဲမှာ ရှုံးခဲ့ပြီ။ ကစားပွဲဆိုတာ ရှုံးတဲ့အခါလည်းရှုံး၊ နိုင်တဲ့အခါလည်းနိုင်မို့ စိတ်ဓာတ်မပျက်ရဘူး။ ငါ နိုင်တော်တာပဲဆိုပြီး အပျင်းကြီးလည်း မနေရဘူး။ ဘာလုပ်လုပ် မှန်မှန်ကောင်းကောင်း ဝီရိယကောင်းကောင်းနဲ့ အလုပ်လုပ်ရမယ်။ကိုယ့်တာဝန် ကိုယ့်အလုပ်ပြီးမှ နားရမယ်"လို့ ခြင်္သေ့ကြီးက ပြောပြတယ်။

"ကောင်းပါပြီ ခင်ဗျာ"လို့ ယုန်ကလေးကဖြေလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မနက်မိုးလင်းတော့မှ ခြသေ့်ကြီးက မောင်တက်ပုတို့
တောစပ်အထိ လိုက်ပို့လိုက်တယ်တဲ့။

ပုံကို ရှည်အောင် အစပ်ကလေးထည့်ပေးပါ။ ခြသေ့်ကြီးလည်
ပါရမယ်''ဆိုသော ကျော်ကျော်ဝင်းသည် သူ့ခြသေ့်ကြီးပုံတွင် ပါလာ
စိတ်ကျေနပ်သွားပြီ ထင်ပါသည်။

ပင့်ကူကြီး ပါရမည်ဆို၍ တောင်းဆိုသော မောင်မျိုးမင်းလည်
ပင့်ကူကြီးကို အိပ်မက်ထဲတွင် ဆက်၍ မက်နေပေဦးမည်။

ပုံပြောကောင်းသော ဘွားဘွားမှာတော့ မြေးငယ်နှစ်ယော
နှစ်မြိုက်စွာ အိပ်ပျော်နေကြသည်ကို မြင်ရသောအခါ စိတ်နှလုံးချမ်း
လှပါ၏။

* * *



# ဗျည်း ၃၃ လုံး

ဒေါ်ရင်ရင်ဝိုင်းကို ကျွန်မ ကျေးဇူးတင်ပါ၏။ အဘယ်ကြောင့်
သော် သူသည် ကျွန်မတို့ကလေးများကို စနစ်တကျ ကူထိန်းပေး၍
ပါသည်။ သားကြီး ကျော်ကျော်ဝင်း ငယ်ငယ်ကလည်း ဒေါ်ရင်ရင်
ကျောင်းတွင် တစ်နှစ်ထားပြီးမှ မောင့်ပုလဲဆင့်လမ်းမှ မူကြိုကျောင်း
ပြောင်းထားရပါသည်။ ထိုကျောင်းကိုရောက်မှ သားကြီးသည်
အားကို စနစ်တကျ ရှိခိုးတတ်လာ၍ မောင်ပုလဲဆင့် လမ်းကျောင်းရှိ
မလေးများကိုလည်း ကျွန်မ ကျေးဇူးတင်ပါသည်ဟု ကျွန်မ ရေးခဲ့ဖူး၏။

ဉာဏ်သစ်များနှင့် ဖြိုးဖြိုးဝေဝေပြုလာပါသော အကြင် မောင်မျိုး
ကို ကျွန်မတို့ ကျောင်းသို့ ပို့ရပါတော့မည်။ သူသည် တစ်နည်းအား
ကံကောင်းသည်ဟုဆိုရပါမည်။ ဖိုးကျော်ဝင်းငယ်ငယ်က ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



တက်ရန် ကားပြဿနာကြောင့် ဂ မိုင်ရှိ ဒေါ်ရင်ရင်ဝိုင်းကျောင်းတွင် တစ်နှစ်ပင်ထားကာ နောက်နှစ်များတွင် ကားရှိရှိ မရှိရှိ အသွားအလာ လွယ်ကူသော အိမ်နှင့်အနီးဆုံး ဂွတ္တလစ်လမ်းမကြီးထိပ်ရှိ မောင့်ပုဏ္ဏ ဆင့်လမ်း မူကြိုကျောင်းတွင် ပြောင်း၍ထားရပါသည်။ ရန်ကုန်ကလေး တို့သည် သနားစွယ်ကောင်းလေစွ။ သူတို့ပညာရေးတွင်ကား ပြဿနာ အစဉ်ပါရသည်မှာ မဖြစ်သင့်သော အကြောင်းတစ်ခုပင်ဖြစ်၏။

မောင်မျိုးမင်းကိုလည်း ဒေါ်ရင်ရင်ဝိုင်း ကျောင်းတွင်ပင်ထား သည်။ တော်ပေစွ၊ ပထမနေ့ ကျောင်းစတက်ကတည်းက တခြားမိခင် များကြုံသလို အခက်အခဲပြဿနာများ မိတကိုမပေးသည်ကိုပဲ မောင်မင်း ကြီးသားကို ကျေးဇူးတင်ရပေသေးသည်။

ကျွန်မငယ်ငယ်ကရော မိငယ်ငယ်ကရော ကျောင်းတက်စတွင် ကျောင်းလိုက်ပို့ သူကိုမြင်သာသော နေရာတွင်စောင့်နေပါမှ ကျောင်း သည်။ လှမ်းကြည့်၍ အိမ်ကလူတစ်ယောက်ယောက်ကို စာသင်ခန်း အပြင်တွင် မမြင်ရလျှင် ငိုချင်သည်။ နောက်နေ့တွင်လည်း ကျောင်း မတက်လိုတော့ပေ။

ယခုတော့ မောင်မျိုးမင်းသည် သူ့အဖေကျောင်းပို့ခဲ့သော နေ့မှစ၍ ဘာမှ ငိုခြင်းပူခြင်းမရှိ။ ကျောင်းကပြန်လာလျှင်လည်း စာအုပ်ကို လွယ်အိတ်မှထုတ်၍ သူ့ဆရာမ သင်ကြားသမျှ ကျက်လိုက် သည်မှာ ဝက်ဝက်ကွဲ၊ ဘေးမှနားထောင်သူများပင် နားဝိတ်ထားရ ရေးလိုက်သည့် ဝလုံးတွေ၊ ကကြီး ခကွေး ဗျည်း ၃၃ လုံးကို လှလှ သေသေသပ်သပ်ကိုရေး၏။ ကျောင်းကိစ္စပြီးမှ စားသည်။ ကစားသည်။ ညဦးယံတွင်လည်း စာကိုကျက်ပါသေးသည်။





တစ်နေ့တွင်တော့ သူသည် ကျွန်မကိုလာပြော၏။ သူ၏ ကျောင်းတက်ရက်သည် တစ်လပင် မပြည့်သေးပေ။

"ဘွားဘွား...သားလေ ၁ ကနေ ၁၀၀ အထိ ဆိုတတ်ပြီ" ဟုပြောပါသည်။

"တယ်ပြီးတော့ တော်တဲ့ကလေးပါလား၊ ကဲ...ဆိုပြစမ်း ပါဦး"

မောင်မျိုးမင်းသည် ရှိသမျှအသံကုန်လွှင့်၍ ၁ မှစ၍ ဆိုပြပါ သည်။ ကျွန်မကလည်း တမင်စူးစိုက်နားထောင်၍ စိတ်ဝတ်မြှင့်ပေး သည့်အနေနှင့် သူ့ကို မြှောက်ပေးရပါသည်။ တစ်လုံးမှ ထစ်ငေါ့ခြင်းမရှိပဲ ဆိုနေရာမှ ဖောက်လာပါတော့သည်။

"၃၈...၃၉...၄ မဆယ်ချင်ဘူးကွယ်" ဟူ၍ အော်ဆိုရင်း နေလိုက်ပါသည်။ ကျွန်မက သူဆက်မဆိုတတ်၍ ရပ်သွားသည်ထင် သောကြောင့် "၃၉ ပြီးရင် ၄၀ လေ သားရဲ့ ဆက်ဆို"ဟု ပြောလိုက်၏။

"ဘွားဘွားကလည်း မဆယ်ချင်ပါဘူးလို့ ပြောနေ၊ ၄ မဆယ် ချင်ပါဘူးလို့ဆို" အတင်းငြင်းဆန် နေပါတော့သည်။ ဘယ်လိုကလေး လဲ၊ အကျင့်ပါလိမ့်။ "ကတ်သီးကတ်သတ် ဘာအဓိပ္ပာယ်နှင့် ပြောမှန်း လည်း ကျွန်မမသိ၊ နားမလည်။ သူစာမရ၍များ ဆက်မဆိုချင်သလား ဟု ကျွန်မတွေးနေစဉ်တွင်ပင် သူသည်

"၄၁၊ ၄၂၊ ၄၃ မှသည် ၁၀၀ အထိ ချောမောစွာ ရွတ်ဆို လိုက်ပါသည်။ ဤနေရာ၌ သူ့စိတ်ကို ကျွန်မ ယခုထိ နားမလည်ပါ ။ ကျွန်မတို့လူကြီးများသည် ကျန်းမာပျော်ရွှင်နေခိုက် ကလေးငယ်



www.burmeseclassic.com

www.burmeseclassic.com



များနှင့်အတူ နေရသည်မှာ ပျော်စရာ ကောင်းပေသား။ စိတ်ဝင်စား
ရာကောင်းသော သူတို့၏ လောကကို ကျွန်မတို့ လေ့လာနိုင်ပေသည
မောင်မျိုးမင်း၏ အစ်ကိုကြီး ကျော်ကျော်ဝင်း ငယ်စဉ်
တစ်မျိုးဖြစ်သည်။

သူသည် ကကြီးခကွေး ဗျည်း ၃၃ လုံးကို သင်စဖြစ်
ကျွန်မ၏ ရှေ့တွင် ကကြီးခကွေးကို ရွတ်ဆိုရင်း ဝလုံးကို ရေးပြပြီ

"ဘွားဘွား အဲဒါသိလား"

သူက မေး၏။

"ဘာခေါ်လဲ သားရယ် ဘွားဘွားကို ပြောပါအုံး"ဟု
သလိုနှင့် သူ့ကို မေးလိုက်ရ၏။

"ဝလုံးလေ ဝလုံး"

"အေး...အဲဒီဝလုံး ဘာဖြစ်လဲ"

"အပေါ်ကနေပြီးတော့လေ တုန့်ထုလိုက်"

"အင်း...တုန့်ထုလိုက်ပြီး ဘာလုပ်ရမှာလဲ"

"တုန့်ထုလိုက်တော့လေ တစ်ခါထဲ ချိုင့်ဝင်သွားပြီး ငယ်
ဖြစ်သွားရော"

"ဩော်...တယ်ထူးဆန်းပါလားနော်"

"ပြီးတော့လေ ဘွားဘွားဖြင့် အဲဒီ ဝလုံးကိုလေ ကတ်ကြေး
ကြေးနဲ့)အောက်ကနေကိုက် နည်းနည်းဟလိုက်ရင် ဂ ငယ်ဖြစ်သွား
ဝလုံးကိုအပေါ်ကနေကိုက်နည်းနည်းဟလိုက်ရင် ပ စောက်ဖြစ်သွား





အောင်မယ် လက်စသတ်တော့ ဗျည်း (၃၃)လုံး ဘယ်ကစဖြစ်
သလဲဆိုတာ ဘွားဘွားဖြင့် ဘီအေသာ အောင်လာရော မသိပါဘူး။
သားကြီးပြောပြမှ သိတော့တယ်"

ယခုလို ပြောလိုက်လျှင် သူအလွန် သဘောကျသွားပါသည်။
ခါရင်ရင်ဝိုင်းနှင့် ကျွန်မ နီးစပ်လျှင်တော့ ကျော်ကျော်ဝင်းကို အပျင်း
ပြေ ဆရာမလေးများကများ ပြောပြလေသလားဟု မေးကြည့်ချင်ပါ
သည်။

၁၊ ၂၊ ၃၊ ၄ ကျက်ပြန်တော့လည်း မောင်မျိုးမင်းလို အေး
အေးဆေးဆေးမကျက်။

"ဘွားဘွား ရှစ်မှာလေ အစဘက်က ကွင်းလေးကို ဘယ်သူ
ညှပ်ထားတာလဲဟင်"

ကျော်ကျော်ဝင်းသည် မေးပြန်၏။

"ဘွားဘွား မသိပါဘူး သားကြီးရယ်၊ ရှစ်မှာ ကွင်းကလေး
ဆိုတော့ ဂ ငယ်နဲ့ ကွဲပြားသွားတာပေါ့ ဟုတ်လား"

ခုနစ်နှင့် ရ ကောက် (ရ) ပြဿနာကိုလည်း ဖိုးကျော်ဝင်း
သည်သို့ပင် ခဏခဏ မေးတတ်၍ တစ်ခါတစ်ခါ ကျွန်မအဖြေရကြပ်၍
သွားပါသည်။ ကျွန်မလည်း အမှန် ဘယ်သို့ ဖြေရမည်ကို လုံးဝမသိပါ
။ ပထမသော် ကတ်သီးကတ်သတ် မေးသည်ဟု ထင်သော်လည်း
စိတ်ကူးတွင် တစ်ခုခု သံသယရှိခြင်းကြောင့် မေးသည်ဖြစ်၍ ကလေး
ကို အပြစ်တင်စရာ မလိုပါပေ။

ဝလုံးအကြောင်းကိုလည်း နာနီ တစ်ယောက်ယောက်ကများ



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ပေါက်ရှာရှာ ပြောထားလေသလားမသိ။ ဝလုံးကို အမျိုး
ကတ်ကြေးနှင့် ကိုက်နေပါတော့သည်။ ကတ်ကြေးကိုက်ဖို့နှင့်
ထုဖို့ကို ကျော်ကျော်ဝင်း အလွန်ဝါသနာပါသည်။

ဘိုအချိန်က ကျွန်မခင်ပွန်းသည် ကွယ်လွန်စဖြစ်၍ ဘယ်
မှလည်း မသွားနိုင်၊ စကားပြောစရာ အဖော်ကလည်း မရှိ၍ သူပြော
နားထောင်နေရင်း စိတ်ကို ဖြေသာအောင် ကြည့်နေရပါသည်။

သမီးကြီး မိ ငယ်ငယ်ကတော့ ကျွန်မ စာရေးစာပွဲအနား
သူ၏စာကြည့်ခုံ တစ်ဖက်ရှောလေးရှိသည်။ အဖုံးအပိတ်နှင့်ဖြစ်
သူကျောင်းတက်နေတုန်း၊ သူ့စာပွဲခုံကိုဖွင့်ကြည့်လျှင် ကတ်ကြေး
ကိုက်ထားသည့်ပန်းပွင့်၊ လူရုပ်၊ အင်္ကျီပုံစံများ ရှုပ်ပွနေပါသည်။

သူ့သားသည် အမေတူလေသလား။ မီးဖိုချောင်တွင် ကြ
ညှပ်သောကတ်ကြေးမှသည် အင်္ကျီကိုက်သော ကတ်ကြေးအထိ
တကျ သိမ်းထား၍မရ။ ကတ်ကြေးများကို မရအရရှာဖွေ၍ ကိုက်
သည်မှာ ကာတွန်းစာအုပ်၊ ပန်းချီကားချပ် သတင်းစာ မဂ္ဂဇင်း စာ
ခန်းတစ်ခုလုံး ခြေချစရာမရှိအောင် ကိုက်ဖြတ်ထားပါသည်။
သူကိုက်သမျှအစကို သူ့ခုံလေးထဲတွင် တရိုတသေသိမ်း၏။ ကျော်
ဝင်းက ဖြန့်ကြဲထား၏။ သူကိုက်ထားသော ကဒ်ပြားတစ်ခုခု
လျှင်တော့ လူးလိုမ့်အော်ဟစ်ငိုသည်မှာဝက်ဝက်ကွဲ တစ်ခါငိုလျှင် တစ်
လောက်ကို ကြာပါသည်။

အိမ်ရှေ့တွင် ထွန်းထွန်းတို့ နေစဉ်က ထွန်းထွန်းသည်
ဖောက်စ်ဝက်ဂွန် ကားအပြာလေးကို ကိုယ်တိုင်ပြင်သည်။ ထွန်း





ားပြင်လျှင်ဒီဘက်အိမ်က ကျော်ကျော်ဝင်းသည် တူရှိလျှင် တူနှင့်၊
ကို အိမ်သားများ ဝှက်ထားပါက နီးရာတုတ်နှင့် သူ၏သုံးဘီးဘိုင်
ယ်ကို ထုလိုက် ရိုက်လိုက်သည်မှာ နားပွင့်မတတ် ဖြစ်၏။ ပြီးတော့
မြေဖြူခဲကို မင်ထဲနှစ်၍ သူ၏စက်ဘီးကို ဆေးသုတ်သည်မှာ ပြာနှမ်း
နေပါတော့သည်။

သူ့မိခင် မိကတော့ ဆရာဝန် ဖြစ်လာ၏။ ခွဲစိတ်ကုသသော
က်တွင် အမှတ်ပိုရ၏။ ပြင်ပဝါသနာအနေနှင့် အင်္ကျီချုပ်လုပ်ရာတွင်
သနာပါ၍ အားလပ်ချိန်ရသည်နှင့်တစ်ပြိုင်နက် ကတ်တလောက်ကို
ကြည့်ကာ သူ့သားများအတွက် ရိုးရိုးရှပ်အင်္ကျီသာမက ဂျာကင်များကို
မ်မှာတွင် ချုပ်ပေးပါသည်။

သူ့သားကြီးလာလျှင် အင်္ကျီချုပ်သမားလော၊ ဆရာဝန်လော၊
န်းပဲဆရာပင်လော၊ ဘာဖြစ်မည်နည်း။ ကျွန်မ မပြောတတ်ပါ။

တချို့ကတော့ ကလေးငယ်များ ငယ်စဉ်က * ကစားသည့်
စားနည်း အမူအရာကို ကြည့်ရုံနှင့် ဒီကလေး၏ အကျင့်စာရိတ္တ
ကြီးလာလျှင် ဘာဖြစ်မည်ဆိုသည်ကို ပြောနိုင်သည်ဟု ဆိုသည်။

တချို့ကလည်း ပတ်ဝန်းကျင် အုပ်ထိန်းသူတို့ အကြပ်အမတ်
ောင်းလျှင် လူတော်လေးများဖြစ်လာနိုင်သည်ဟု ပြော၏။

တချို့က ဆင်းရဲဒုက္ခရောက်လျှင် ကလေးများ ပျက်စီးလေလွှင့်
ချမ်းသာလျှင် လူတော်လေးများ ဖြစ်လာနိုင်သည်ဟု ပြောသည်။

သူတို့ပြောဆိုချက်သည် အားလုံးမှန်လေသလား။ တစ်နိုင်
စ်ဒေသသားအားဖြင့် မှန်ကောင်းမှန်မည်ဖြစ်သော်လည်း အိုးဝမှန်
ည်ဟုတော့ ကျွန်မ မထင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် အနီးကပ်ဆုံး အစ်ကိုနှစ်ယောက်နှင့်သမီးဖြစ် မိကို လေ့လာကြည့်ပါသည်။

အစ်ကိုအကြီးဆုံးဖြစ်သူ သခင်မောင်မောင် (ဗိုလ်မှူးသီဟ သူငယ်စဉ်က သားဦးဖြစ်ခြင်း၊ အထိန်း အယုအယ ပြုစုမည့်သူ ပိုက်ဆံပေး၍ ငှားနေရန်မလိုအောင် အိမ်တွင် ပေါများခြင်းတို့ကြော မောင်နှမ ခုနစ်ယောက်တွင် ကံအကောင်းဆုံး သူဟုဆိုရမည်။

ဦးဘိုးမောင်-ဒေါ်အေးမြဆိုသော လင်မယားနှစ်ယောက် ကျွန်မတို့အိမ် မျက်စောင်းထိုးမှာ နေသည်။ သူတို့ ထိုစဉ်က ချမ်းသာ သည်။ သို့သော် မောင်မောင်၏ ငိုသံကြားလျှင် လင်မယားနှစ်ယော မနေနိုင်။ ကျွန်မတို့အိမ်ဘက် ကူးလာသည်။

"မေမေ့ ချိုချို မစို့ချင်ဘူး၊ ဘွားဘွားဒေါ်အေးမြရဲ့ ပိန်ပိန်လေးကို စို့ချင်တယ်" ဆို၍ ငိုလျှင် အဘွားဒေါ်အေးမြသ သူ့ချိုချိုကို လှန်၍ တိုက်ရသည်။ အလွန်အေးမြသော ဆောင်းည တွင်. . .

"သားကြီး ရေချိုးချင်တယ်၊ မချိုးရရင် မအိပ်ဘူး" အော်ငိုလျှင် ကလေးထိန်းက ရေချိုးပေးရ၏။ ရေချိုးပေးပြီးလျှင်

"ခုမှပဲ အိုက်သွားတော့တယ်၊ ဘွားဘွားဒေါ်အေးမြ အိပ်ပြီး ခြေထောက်နဲ့ သားကြီးပုခက်ကို လွှဲသိပ်ပါ"

ဆိုလျှင် အဘွားကြီးသည် အိမ်မပြန် မောင်မောင်ကို ပန်းပုခက်ထဲသိပ် ဝမ်းလျားကြီးမှောက်ကာ ခြေထောက်နှင့်ပုခက် ကိုညှပ်၍ မောင်မောင့်ကို လွှဲသိပ်ရပါသည်။





ပုခက်မစီးပဲ အိပ်သောညများတွင် ကလေးထိန်းသူတို့က သူ့အိပ်ရာခင်းအဖြူကို လေးဘက် လေးထောင့်က တင်းနေအောင်ကိုင် ထားမှ အိပ်ရာပေါ် တက်အိပ်သည်။ သူနှစ်ခြိုက်စွာ အိပ်ပျော်မှ အမေ ဒေါ်အေးမြတို့ ဇနီးမောင်နှံ သူတို့အိမ်ကို ပြန်ပါသည်။

"မေမေဖြင့်လေ ဒေါ်ဒေါ် ဒေါ်အေးမြတို့ အလိုလိုက်ပုံနဲ့ မောင်မောင်တော့ ပျက်စီးတော့မှာပဲ ထင်ပြီး ဒေါ်အေးမြကို ပြောပြလည်း နောဘူး။ 'သမီးတို့ ကိုကိုသည်းညည်းကို အတော်ခံတဲ့ အဘွားကြီး သင်မယားပဲ"

မေမေက ကိုကို့အကြောင်းကို စကားစပ်လျှင် ဤကဲ့သို့ပင် ပြောပြတတ်၏။ ကျွန်မတို့ ကြီးပြင်း၍ ဆော့ကစားသောအရွယ်တွင် ကိုကိုသည် မိန်းကလေးများနှင့်ပင် ကစားသည်။ ညီမလေးများကို အလိုလိုက်၏။ အရပ်ရှည်ရှည် ခါးနွဲ့နွဲ့နှင့် ကျောင်းသားဘဝမှသည် သခင်ဖြစ်သည်အထိ ဘယ်သူနှင့်မှ ရန်မဖြစ်။ တည့်အောင်ပေါင်းသင်း တတ်သော လူအေးလေး မောင်မောင် ဖြစ်လာသည်။

နောက် သခင်ဘဝ၊ ဗမာ့လက်ရုံး တပ်ဗိုလ်၊ ထောင်ကျ၊ မုန်ခေတ် ဗိုလ်မှူးသီဟ နာမည်ယူ၍ ဗိုလ်မှူးဗထူးနှင့်အတူ အနောက် မြောက်တိုင်း ဒု-တိုင်းမှူးအဖြစ် သူသည် လွတ်လပ်ရေးတိုက်ပွဲစခန်းတွင် ဝင်ခဲ့၏။

ငယ်ငယ်က ချေးထူ၍ ခါးပုံနွဲ့နွဲ့ မောင်မောင် လူပျော့လေး၏ ဘဝဇာတ်လမ်းသည် ဒီလိုဖြစ်လာလိမ့်မည်ဟု ဘယ်သူမှ မမျှော်လင့်ခဲ့ သေး။



www.burmeseclassic.com

www.burmeseclassic.com



သူ့ညီတော်မောင် မောင်လှမောင်ကို ကြည့်ပါ။ သူကတော့ ကျွန်မ၏ညီမအထွေးနုနု (မရင်နု)လိုပင် ငယ်စဉ်က ဘယ်တော့မှမပြ လက်မြန်ခြေမြန် ဘယ်သူနှင့်ရန်ဖြစ် ရန်ဖြစ် ဘယ်တော့မှ သည်းမခံ တွေ့ရာနှင့် ရိုက်ခဲ့နက်ခဲ့သည်မှာ သူတို့မောင်နှမ၏ အကျင့်ဖြစ်သည်

"မေမေ ရန်ဖြစ်တာကို မကြိုက်ဘူး မောင်လှမောင်၊ ဘယ်သူ လာရန်စ ရန်စ သားကပဲ လက်ဦးအောင် ရိုက်ခဲ့ရရိုက်ခဲ့ရ မေ သားကိုပဲ ရိုက်မယ်"ဟု ပြောခဲ့ရသည်ဟု ဆိုသည်။

သို့သော် သူကျောင်းထွက်ပြီး ရန်ကုန်ရေကျော် တို့ အစည်းအရုံးတွင် သခင်အောင်ဆန်း အပါးတွင် သခင်သက်တင်၊ သခ တင်ဦး၊ သခင်သောင်းစိန်တို့နှင့် တွဲဖက်လုပ်ဆောင်ကတည်းက မောင် မောင်ခေါ် သခင်လှမောင်သည် အစဉ်ချိုပြုံးသော မျက်နှာနှင့် လူတို ချစ်ပါသည်။ ရုပ်ကလည်းချော၊ အဝတ်အစားကိုလည်း အလွန်ရွေး လှပသပ်ရပ်စွာ ဝတ်စားတတ်၏။

ကိုကို (ဗိုလ်မှူးသိဟ) အစ်ဖာသို့ ချီတက်ဆဲတွင် ဂျပန်ခေတ် သူသည် ကျွန်မတို့အိမ်တွင် ချမ်းငြိမ်းစွာ ကွယ်လွန်ခဲ့၏။

ကျွန်မ၏ ညီမအထွေးနုနုကို ကြည့်ပါဦး။ သူငယ်စဉ်က လက် ပြောင်လွန်း၊ မျက်နှာထား မှုန်ကုပ်ကုပ် နေလွန်းသောကြောင့် ငယ် နာမည် (မှုန်ကြီး) ဘွဲ့ရခဲ့ပါသော်လည်း ယခု ဆွေစု၊ မျိုးစု၊ အုပ်စုတွင် နုနု၏ ချိုပြုံးသော မျက်နှာနှင့် ဟာသပါသော စကားလုံးများသည် ဆွေမျိုးများနှင့် ကျွန်မ၏ကြားထဲတွင် ပဋိပက္ခကို ငြိမ်းအေးစေပါသည်

ကဲ . . .၊ ထိုသို့ဖြစ်ပါလျှင် ကလေးငယ်တို့၏ ငယ်စဉ်





စားပုံလေးကို ကြည့်ရုံနှင့် သူတို့၏ ကြီးပြင်းလာချိန် ဘာဖြစ်မည်ကို က်ဆနိုင်သည်ဆိုသော စကားသည် အခါခပ်သိမ်း မှန်နိုင်ပါမည်လော။

မိ ကိုလည်း ကြည့်ပါအုံး။

မိငယ်စဉ်က သူ့ဖခင်နှင့်အတူ ရုပ်ရှင်သွား၍ကြည့်တိုင်း စစ်ကား ကိုကြည့်လျှင် မျက်စိပိတ်ထား၏။ သွေးထွက်သံယို မြင်ရလျှင် အော်ငို သို့သော် သူ ၁၀ တန်းအောင်၍ ဆရာဝန်လိုင်း လိုက်သောအခါ ခဲ့သည်ကအစ လူကောင်ကြီး ခွဲသည်အထိ မိသည်ကြောက်ရွံ့ န်လှုပ်ခြင်းမရှိ။ နုနုကမူ ဆရာဝန်လိုင်းကို ချောမောစွာ ရခဲ့ပါသော် ည်း ဖားခွဲချိန်တွင် အသက်ရှူနေသော ဖားငယ်၏ရင်ဘတ်ပေါ်သို့ မတင်ရဲဟုဆို၍ သူသည် ရိုးရိုးဘီအေ(ဝိဇ္ဇာ)သို့ ဘာသာတွဲ ပြောင်း ၍ ယူခဲ့ပါသည်။

ထိုအကြောင်းများကို ပြန်၍လေ့လာကြည့်တိုင်း ကျွန်မတို့သည် လေးငယ်တို့၏ အနာဂတ်ကို မေဒင်တွက်၍ မဖြစ်နိုင်ပါချေ။

ပတ်ဝန်းကျင် အုပ်ထိန်းသူတို့ အကြပ်အမတ်ကောင်းလျှင် တော်လေးများ ဖြစ်လာနိုင်သည်ဟု ပြောဆိုချက်ကိုလည်း ကျွန်မတို့ လာကြည့်ကြပါဦးစို့။

ဆွမ်မားဆက်မောန်၏ ဝတ္ထုတိုတစ်ပုဒ် ကျွန်မဖတ်ခဲ့ဘူး၏။ ဝတ္ထုသည် အပေါ်ယံဖတ်လျှင် သာမန်အချစ်ဝတ္ထု တစ်ပုဒ်ပင် ဖြစ်၏။ ဝတ္ထုအမည်မှာ (Kite) စွန် ဖြစ်၏။ ဝတ္ထုသွားမှာ မိခင်ဖြစ်သူက စ်ဦးတည်းသောသားကို စနစ်တကျမွေး၏။ ငယ်ငယ်ကတည်းက ခင်းစားချိန်တွင် ဇွန်း၊ ခက်ရင်းကိုင်ပုံ၊ ပေါင်မုန့်လှီးစားပုံ၊ ပေါင်မုန့်



www.burmeseclassic.com

www.burmeseclassic.com



အကြွေအပဲ့လေးကအစ မဖိတ်မစင်ရ သပ်သပ်ရပ်ရပ်စားတတ်အောင် လေ့ကျင့်ပေး၏။ အနောက်နိုင်ငံ ထုံးစံအတိုင်း အစာစားချိန်တွင် လက်သုတ်ပဝါအဖြူကို ပေါင်ပေါ်ဖြန့်ခင်း၍ စားပြီးလျှင် ပြန်ခေါက်ထားရ၏။ ကျောင်းသွားချိန် လည်စည်း စည်းပုံ၊ ဖိနပ်စီးပုံ၊ အဝတ်အစား ဝတ်သည်ကအစ စနစ်တကျ သပ်သပ်ရပ်ရပ် ပြင်ဆင်ပေး၏။ လူလတ်တန်းစား အိမ်ထောင်စုဖြစ်၍ သားဖြစ်သူကို မိခင်က သပ်သပ်ရပ်ရပ် ကျကျနနထား၏။ ကစားချိန်တွင် သားငယ်ကြိုက်သော စွန့်လွှတ် ကစားနည်းတစ်ခုကို ခွင့်ပေးထား၏။

သားဖြစ်သူ ကျောင်းထွက် အလုပ်ရချိန်တွင် အမျိုးသမီးတစ်ဦးနှင့် လက်ထပ်လိုက်၏။ မိခင်သဘောမတူ၍ အိမ်ခွဲနေကြသည်။ သူသည် အားလပ်ချိန်တွင်စွန့်လွှတ်မြဲလွှတ်၏။ သို့သော် အားလပ်ချိန်တိုင်း ဇနီးအပါးတွင်မရှိ၊ အမြဲကို စွန့်လွှတ်နေသောကြောင့် ဇနီးက မကျေနပ်။

နောက်ဆုံး လင်မယားကွဲသွား၏။ မိန်းမဖြစ်သူက မယားစရိတ် ထောက်ပံ့ကြေးတောင်းရာတွင် ရုံးတော်က စစ်ဆေး၍ ထောင်အတ်ပေး၏။ ထောင်ကျမခံချင်က ငွေဒဏ်ဆောင်ရန် အမိန့်ချ၏။

လူငယ်သည် ငွေဒဏ်မဆောင် ထောင်ကျခံ၏။ ထိုသူငယ်၏ အကြောင်းကို မိတ်ဆွေဝတ်လုံက ပြောပြဟန်နှင့်ဆွမ်းမားဆက်မောန်ထံ ရေးပြထား၏။ မောန်သည် နိဂုံးချုပ်တွင် ထိုသူငယ်လေးကို အချုပ်ခန်းတွင် သူတို့သွားတွေ့၏။ သူငယ်လေးသည် စိတ်မနှံ့သူမဟုတ် လူကောင်းတစ်ယောက် ဖြစ်သည်ဟုရေးကာ နိဂုံးချုပ်ထား၏။





မောန်သည် စာဖတ်သူအား ပြဿနာပေးထားခဲ့၏။

တခြားသူများ ဘယ်သို့ ထိုဝတ္ထုကို သဘောထားယူဆသည် သိပါ။ ကျွန်မအနေနှင့် ထိုဝတ္ထုကို ခဏခဏ စိတ်ဝင်စားစွာ တွေးမိ၏။

မိခင်ဖြစ်သူက ကောင်းပါစေ စေတနာနှင့် ဝမ်းကကျွတ်ကညီက အိမ်ထောင်ပြုသည်အထိ စနစ်တကျသားကို ပုံစံသွင်းရသည်မှာ ပေ၊ သားသည် သူ့မိခင် ပုံစံသွင်းသမျှ လိုက်လျောသည်။ သို့သော်သည် လူပဲဖြစ်၍ သူ၏ လွတ်လပ်ခွင့် တစ်ချိန်ကို သူ့ဆန္ဒက ဖော်ပြသောကြောင့် စွန့်လွှတ်ချိန်ကို တစ်ချိန်ယူ၍ မိခင်၏(ထောင်ကမ္ဘာ)မှ လွတ်အောင်နေ၏။

လက်ထပ်ပြီးသော် မိခင်နှင့် ဇနီးကလည်း အဆင်မပြေ။ စွန့်လွှတ်နေသည်ကိုလည်း ဇနီးကမကျေနပ်။ သူလက်ထပ်သည့်အချိန် မိခင်၏ ထောင်ကမ္ဘာမှ လွတ်ငြိမ်းရာ စွန့်လွှတ်ခြင်းကို ရှာဖွေခဲ့သော လင်၏ မူလဇာတိစိတ်ကို နားမလည်မိသော ဇနီးသည်အဖို့ သည်း သူ့အပါးတွင် မရှိသော လင်အပေါ်မကျေနပ်။ ဇနီးသည်အဖို့ သည်း ရိုးသားသော နားမလည်ခြင်းဖြစ်၍ အပြစ်မတင်သာချေ။

နောက်ဆုံး တရားသူကြီး အဆုံးအဖြတ် ပေးသောအခါ မိခင် ဇနီးသည်ရော အမျိုးသမီးနှစ်ဦး၏ (ထောင်ကမ္ဘာ)မှ လွတ်ရာ သာမန်တို့၏ ထောင်ကို ရွေးချယ်လိုက်ခြင်းပင် ဖြစ်၏။ အဘယ်ကြောင့်သော် ငွေဒဏ်ဆောင်၍ အပြင်တွင် နေတော့လည်း မိခင်(သို့မဟုတ်) ဇနီး ထိုမိန်းမနှစ်ယောက်၏ အချုပ်အနှောင် စိတ်မလွတ်လပ်မှုကို ညည်းဒုက္ခကို သူဝေးအောင် ရှောင်လိုက်ခြင်းဖြစ်သည်ဟု ကျွန်မ ယူ



www.burmeseclassic.com

www.burmeseclassic.com



ဆပါသည်။ တခြားသော စာပေပညာရှင်တို့က မည်သို့ယူဆသည်
မသိပါ။

ကျွန်မတို့ ဆွေမျိုးတစ်သိုက်ထဲတွင် ကျွန်မလက်တွေ့တစ်
ကြုံဘူးပါသည်။ ထိုခေတ်က မြေပိုင်ရှင်များ အလွန်ကောင်းစားသော
ခေတ်ဖြစ်ပါသည်။ လင်မယားအစ သားအရင်း လေးယောက်အထိ စနစ်တ
အချိုးကျအောင် ကျွန်မတို့အမျိုး ဒေါ်မိမိကြီးသည် အအုပ်အချု
ကောင်းလှ၏။ လူတိုင်းက နည်းယူလောက်အောင် ဩဇာကိုက်သည်
သားငယ်လေးများသည် မြို့ပြင်ထွက်၍ တခြားကလေးများနှင့် မကစား
ပလက်ဖောင်းပေါ်မှ မုန့်များကို သေသာသွားရော မစားဘူးကြ
အရုပ်ကလေးများလို ပုံကျလှပါသည်။ ကျွန်မတို့ မိန်းကလေးများ
သူ့သားများလို ဣန္ဒြေရရ စနစ်တကျ မနေတတ်ပါ။

ဒေါ်မိမိကြီးတွင် မွေးစားသားတစ်ယောက်ရှိသည်။ အိမ်
ပေါ်တွင်မနေရ၊ နောက်ဘက်အစေခံတန်းလျားတွင် မာလီများ၊ အစေ
များနှင့်အတူ အခန်းတစ်ခန်း ပေး၍ထားသည်။

သားရင်းများကို ၁၀ တန်းအထိ ထားပေးသည်။ အောင်လျှ
တက္ကသိုလ်ပို့မည် စီစဉ်သော်လည်း သားရင်းထဲက တစ်ယောက်
တက္ကသိုလ်ပညာကို မရလိုက်။ မွေးစားသားကို ၇ တန်းအထိပဲ ထား
သည်။

ဒေါ်မိမိကြီး သေသောအခါ ခုနစ်တန်း ပညာနှင့် သူ့ဘာသာ
ကိုယ့်အားကိုယ်ကိုး၍ စီးပွားရှာရသော မွေးစားသားလက်ပေါ်တွင် သေရ
သူ၏ သားအရင်းများသည် သူမြော်မှန်းသောပညာကိုလည်း





ရော သူရည်မှန်းသော ဂုဏ်ရည်တူ မိန်းကလေးမျှနှင့်လည်း လက်မထပ်
နိုင်၊ ရွက်ကြမ်းရေကျို မိန်းကလေးများပင် မဟုတ်သော အမျိုးသမီး
များနှင့် လက်ထပ်၍ စခန်းသိမ်းသွားရသည်။ ညီအစ်ကိုများအားလုံး
ကွယ်လွန်သွားကြပြီ၊ သူတို့အကြောင်းဝတ္ထုတစ်ပုဒ် သေသေချာချာရေး
မည် ဟူ၍ စိတ်ကူးသော်လည်း မရေးဖြစ်သေး။ မေမေရှိစဉ်ကမှ "အဲဒါ
ဘယ်လိုဖြစ်ရတာလဲ မေမေရယ်" ဟု တအံ့တသြ ကျွန်မ မေးမိပါသည်။
ထိုအမျိုးသမီးကြီးမှာ မေမေနှင့် ညီမဝမ်းကွဲ ဖြစ်ပါသည်။

"အနည်းဆုံး သူ့သားလေးယောက်ထဲက တစ်ယောက်တော့
ထွန်းထွန်းပေါက်ပေါက် ဖြစ်သင့်ပါတယ်။ ခုတော့ ကောင်းစားဖို့နေနေ
ဘာသာ သူတို့အမေကိုတောင် သူတို့တာဝန်မယူနိုင်ကြဘူး" ဟု ကျွန်မ
ပြောမိ၏။

"ဩော်...၊ သမီးနယ်၊ ဗုဒ္ဓဘာသာ ဖြစ်ပြီးတော့ ဗုဒ္ဓဘာသာ
အတွေးအခေါ်၊ အယူအဆ ခေါင်းပါးလိုက်တာနော်။ အတိတ်က ပြုခဲ့
တဲ့ ကံကြောင့် ဒေါ်မိမိကြီးဝမ်းထဲ ဝင်စားကြတယ်။ ပစ္စုပ္ပန်ကံခေါ်တဲ့
ထိန်းချုပ်ပြုပြင်မှုမှာ ဒေါ်မိမိကြီးဘက်ကတော့ မလိုဘူးပေါ့၊ သူ့သား
လေးယောက်ဘက်က ပစ္စုပ္ပန်ကံ ကြိုးစားဆောင်ရွက်မှု ညံ့ဖျင်းတော့
ဘာမှ ထွန်းထွန်းပေါက်ပေါက် မဖြစ်ဘူးပေါ့။ အတိတ်ကံက ဘာနဲ့တူ
သလဲဆိုတော့ မိဘအရှိန်အဝါနဲ့ တူတယ်။ ဥပမာ မေမေတို့မြို့တွေမှာဆို
သူဌေးဦးဘယ်ဝါ ဒေါ်ဘယ်သူ့သားဆိုရင် သူ့မိဘအရှိန်အဝါနဲ့ သူ
ငွေတစ်ရာ၊ တစ်ထောင်ချေးချေး ပေးရဲ၊ ကမ်းရဲ ဆက်ဆံရဲတယ်။ သူ့
မိဘ ရိုးသားသလို သူလည်း ရိုးသားမှာပဲလို့ ပတ်ဝန်းကျင်ကလည်း
စိတ်ချပြီး လုပ်ငန်းကိုင်ငန်းမှာ ဆက်ဆံမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"သမီးတို့ လူလားမမြောက်ခင် အရွယ်ဟာ အတိတ်ဘဝက အကျိုးပေးနဲ့ စားသောက်နေတယ်မှတ်။ လူလားလည်းမြောက်ရော လုပ်ငန်း ကိုင်ငန်း အကျိုးပေးတာက ပစ္စုပ္ပန်ကံခေါ်တဲ့ သမီးတို့ ကြိုးပမ်းအားထုတ်မှုလုံ့လ ဝီရိယအပေါ်မှာ တည်ပြီး အကျိုးပေးမယ်မှတ်။ အဲ...အဲဒီမှာအတိတ်ဘဝကံ ဇောအဟုန် အကျိုးပေးသန်သူကျတော့ တစ်မိပေါက်တစ်ယောက်ထွန်း၊ တမတ်ဖိုးအလုပ်လုပ်ပေမယ့် (တစ်ကျပ်) ဖိုး အကျိုးပေးတတ်တယ်။ ဒါကြောင့်သာ တစ်မိတည်းပေါက် အမွှာလည်း အညီအမျှရလျက်နဲ့ အကျိုးပေးကွာရတာပေါ့။

"ပစ္စုပ္ပန်ကံ အဖန်အတီးကောင်းပေမယ့် အတိတ်ဘဝက မြ ခဲ့တဲ့ဒါနစတဲ့ ကုသိုလ်ကံနည်းခဲ့တဲ့သူကျတော့ လုပ်သလောက် အကျိုး မပေးဘူး။ လုပ်သလောက် မခံစားရဘူးဆိုတာ အဲဒါကို ပြောတာ မေမေ ကံယုံတယ်ဆိုတာလည်း အခုပြောခဲ့သလို ကံယုံနည်းမျိုး ဖွ နည်းကျကျ စနစ်တကျ ကံယုံနည်း။

"လူပျင်း ကံယုံနည်းမျိုး ထိုင်နေရုံနဲ့ ထမင်းစားရမယ်ဆိုတဲ့ နည်းမျိုး မဟုတ်ပါဘူး။ ထမင်းစားချင်ရင် အနည်းဆုံးပန်ကန်ထဲက ထမင်းပါးစပ်ထဲ ရောက်အောင်တော့ ယူစားရတဲ့ အားထုတ်မှုက ပါရသေး တာပဲ"ဟု မေမေက ပြောပြပါသည်။ ထိုသို့ဆိုလျှင် ပတ်ဝန်းကျင် အုပ်ထိန်းသူတို့ အထိန်းအချုပ်ကောင်းလျှင် ကလေးများသည် လူတော် လေးများ ဖြစ်လာနိုင်သည်ဆိုသောစကားမှာ တော်တော်လေး နယ် ကျယ်ကျယ် စဉ်းစားသင့်သည်။

ပေါက်လွှတ်ပဲစား စည်းမဲ့ကမ်းမဲ့တော့ မထားသင့်၊ သင့်လျော်





သော စည်းကမ်းထိန်းချုပ်မှုတော့ပေးရမည်။ အကျိုးပေးမည်၊ မပေးမည် တော့ အတိတ်ဘဝကံသည် ကလေးငယ်များနှင့်အတူ ထက်ကြပ် လာသည်ဟုဆိုလျှင် ပို၍ မှန်လေမည်လား။

တစ်ခုတော့ စဉ်းစားမိသည်။ ကလေးငယ်တို့ ဘက်ကို ချောက်တုံးလို အသေသဘောထား၍ ကျောက်ဆစ်ထုသလို မိဘများ က ထုမရ၊ အိုးထိန်းသည် အိုးခတ်သောအခါ ရွှံ့စေးကို လက်ကိုင်နှင့် သလို မဖြစ်ပါချေ။ သင့်တင့်လျှောက်ပတ်သလို စည်းကမ်းတော့ ရမည်။ သူတို့မှာလည်း သူတို့သဘော သူတို့ဆောင်နေသည်၊ မည် မှု ဖန်တီးလွှဲပြောင်း၍ မရသော ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှု ကိုယ် ကံကြမ္မာပါလာသည်ဟု ကျွန်မ စဉ်းစားမိသောအခါ မြေးငယ်ကလေး များ နောင်ရေးအတွက် ဒွေးတောပူပန်မှုအလုံးကျ၍ သက်သာရာရ သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်မ၏ မြေးအကြီးသည် ဉာဏ် ကောင်းသော်လည်း အကစားလွန်သည်။ အာရုံစူးစိုက်မှု နည်းသည်။ ငယ်ကောင်က ပေတေတေနိုင်သည်ဟု ထင်သောကြောင့်ဖြစ်ပါသည်။

ကဲ...၊ တတိယ အဆိုဖြစ်သော ဆင်းရဲဒုက္ခရောက်လျှင် ကလေးများပျက်စီးလေလွှင့်၍ ချမ်းသာလျှင် လူတော်လေးများဖြစ်လာ နိုင်သည်ဟူသော စကားကိုလည်း ကျွန်မတို့ဆက်လက် စဉ်းစားသင့် သည်။

ယေဘုယျအားဖြင့်တော့ မှန်သည်။ ဆင်းရဲခြင်းကြောင့် ကျောင်းကောင်းစွာ မနေရ၊ မိဘက ပညာမပေးနိုင်၊ ဝမ်းရေးကြပ် တည်းမှုကြောင့် ကလေးငယ်၏ ဘဝအခြေအနေ၊ အကျင့်စာရိတ္တသည်



www.burmeseclassic.com

www.burmeseclassic.com



လည်းဖြစ်သလို စခန်းသွားရသောအခါ လူလေလူလွင့်လေးများအဖြ
သို့ ရောက်သွားတတ်သည်။ ဒါကိုတော့ လူများစုအနေနှင့် ကျွန်မတ
လက်ခံကာ အသိုင်းအဝိုင်း လူမှုဝန်ထမ်းစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကူညီ
ရမည်။ သူတို့သည် ကလေကချေ လုံးဝပျက်စီးမှုသို့ မရောက်အောင်
သာ အစိုးရနှင့်လူမှုဝန်ထမ်း စိတ်ဓာတ်ရှိသူများက ဝိုင်းဝန်းကူညီနိုင်
ကြမည် ဖြစ်သည်။

ပင်ကိုယ် ဉာဉ်ပါသူကျတော့ ဘယ်လိုမှလုပ်မရသည်ကို ကျောင်း
ဆရာများ၊ ထောင်မှူးများ၊ စိတ်ပညာရှင်များ လက်တွေ့သိရှိကြသည်။

ဆင်းရဲခြင်းစနစ်ကြောင့်ဟူ၍တော့ တစ်ဖက်သတ် လက်ညှိုး
ထိုးပြ၍မရ။ ဆင်းရဲသော်လည်း အထွတ်အထိပ် ရောက်ခဲ့သူများတော့
ကမ္ဘာ့ရာဇဝင်တွင် ရှိတတ်ပါသည်။ သို့သော် နည်းလှ၏။ အမေရိကန်
သမ္မတကြီး အီဗရာဟင်လင်ကွန်းမှာ စာကျက်စရာ မီးထွန်းဖို့ ရေနံ
မဝယ်နိုင်၍ အပူငွေ့ရရန် သစ်တုံးကို မီးရှို့ မီးလှုံရင်း ထိုသစ်တုံး
မီးလောင်သော အလင်းရောင်ဖြင့် စာကြည့်ခဲ့ရသည်။

ကျွန်မ၏ မိတ်ဆွေ ဦးအောင်ကြီးပြောခဲ့သော စကားတစ်ခု
ကျွန်မ စဉ်းစားမိ၏။

"ခေါင်းဆောင်ကောင်းတွေ၊ သူရဲကောင်းတွေဖြစ်ဖို့တော့
ကြိုးစားသင့်ပါတယ်လေ၊ ဒါပေမယ့် အားလုံးခေါင်းဆောင်ကောင်းကြီး
ဖြစ်နေရင် ခေါင်းဆောင်နေရာလုနေရတာနဲ့ အချင်းချင်း ချနေရမ
မယ်။ ကျွန်တော့်သဘောကတော့ အရည်အချင်းရှိတဲ့ နောက်လိုက်
ကောင်းတွေ များများဖြစ်လာရင် တိုင်းပြည်မှာ အလုပ်လုပ်လို့ အောင်





မြင်မှာပဲ" ဟု သူပြော၏။ သူ့စကားသည် မှန်၏။ စဉ်းစားဖွယ်သင့်
သည်။

ဗျည်း ၃၃ လုံး သင်စမှစ၍ တစ်ယောက်တစ်ပုံစံ ဖြစ်နေသော
မောင်မျိုးမင်းတို့ ညီအစ်ကို နှစ်ယောက်တည်းသော်မှ ပြဿနာက
ကွယ်ကူလှ၊ မျိုးနှင့်ရှိ၍ ပုံသွင်းရသော လူငယ်ပြဿနာသည် ပိုမို
ကျယ်ဝန်းလှသည်။

ချိုမြိန်သော သရက်သီးများအဖြစ် ရောက်အောင် လူတို့
လုပ်ပေးရသည်ထက် သဘာဝကလုပ်ပေးသော လုပ်အားမှာ ၉၀
ရာခိုင်နှုန်းလောက် ပိုမိုပါသည်။

ကလေးငယ်တို့ ပညာတတ်လာသောအခါ သူတို့၏ ပညာ
အရည်အချင်းများသည် ချစ်ဖွယ်ကောင်းသော လူငယ်လေးများအဖြစ်
ပြောင်းလဲ လာပါလိမ့်ဦးမည်ဟု ကျွန်မ စိတ်ဖြေရ၏။

ဗျည်း ၃၃ လုံးကို ကတ်ကြေးနှင့်ကိုက်လိုသော မြေးကြီး
ကျော်ကျော်ဝင်းအား ကျွန်မသည် ထိုနေ့ညက စွန့်စားခန်းရော မိခင်
ကို ကူညီခန်းရောပါသည့် နတ်သမီးပုံပြင် တစ်ခုကို ပြောပြရင်း
ချော့အောင်သိပ်လိုက်ရပါသည်။ သူသည် ထိုပုံပြင်လေးကို အလွန်ကြိုက်
၏။ အဘယ်ကြောင့်ဆိုသော် ပုံပြင်အစစ်ထဲမှ (Jack) ဂျက်ဆိုသော
လူငယ်လေးအမည်အား သူ့အမည်ထဲမှ "ကျော်" ဟူသော စကားတစ်
လုံးထည့်သွင်း၍ မောင်မောင်ကျော်ဟု ကျွန်မအမည်ပြောင်းလဲ ပေးလိုက်
သောကြောင့် ဖြစ်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## မောင်မောင်ကျော်နှင့် ပဲသီးတောင့်

တစ်ခါတုန်းကလေ...

မောင်မောင်ကျော်ဆိုတဲ့ သူငယ်လေးတစ်ယောက် ရှိတ
သူဟာ ကျောင်းကို မှန်မှန်တက်ပြီး စာကြိုးစားတဲ့ သူငယ်
တစ်ယောက် ဖြစ်တယ်။ ကျောင်းအားလပ်ချိန်မှာလည်း သူ့
အလုပ်တွေကို အစဉ်ပဲ ကူညီတယ်။

သားကြီးတို့၊ သားငယ်လေးတို့လို သူ့မှာ ဖေဖေ မ
ဒါကြောင့် သူ့အမေကို သူကျောင်းအားလပ်ချိန်မှာ ကူညီရ
သူ့အမေဟာ နွားတွေကို မွေးတယ်။ နွားနို့ကို ရောင်းပြီး မျိုးကော
နွားများကိုလည်း အကောင်လိုက် ရောင်းချတယ်။

တစ်နေ့တော့ မောင်မောင်ကျော်ကို နွားတစ်ကောင်





မြို့ဈေးမှာ သွားပြီး ရောင်းခိုင်းတယ်။ မောင်မောင်ကျော်တို့ သားအမိ နေတဲ့ အိမ်ဟာ မြို့နဲ့မလှမ်းမကမ်း မနီးမဝေးမှာရှိသတဲ့။ မောင်မောင်ကျော်ဟာ သူ့နွားလေးကို ကြိုးနဲ့ဆွဲပြီး မြို့ဘက်ကို ခေါ်သွားတယ်။ င်းတစ်ဝက်လောက် ရောက်ရင်ပဲ အဘိုးအို တစ်ယောက်ကိုတွေ့တယ်။ အဘိုးအိုရဲ့ လက်ထဲမှာ ခြင်းတောင်းလေးတစ်လုံးပဲ ပါလာတယ်။

“လူကလေး ဘယ်ကိုသွားမလို့လဲ”လို့ မေးသတဲ့။

“ကျွန်တော် မြို့ဈေးကိုသွားပြီး ဒီနွားကို ရောင်းမလို့ပါ ခင်ဗျာ”လို့ ယဉ်ယဉ်ကျေးကျေး ပြန်ပြောတယ်။

“ဒီလိုဆိုရင်ကောင်းပြီ အဘကို ဒီနွားလေး ရောင်းခဲ့ပါကွယ်။ ”လို့ ပြောတယ်။ ဒါပေမယ့် အဘမှာ ဒီနွားကို ဝယ်ဖို့ ပိုက်ဆံလည်း ရှိပါဘူး။ ဟောဒီခြင်းထဲမှာ ပဲသီးလေးတစ်တောင့်ပဲရှိပါတယ်။ ဒီပဲသီး နဲ့ နွားကိုလဲပါကွယ်”လို့ အဘိုးအိုက ပြောသတဲ့။

မောင်မောင်ကျော်ဟာ အဘိုးကို သနားတဲ့စိတ်လည်း ရှိတယ်။ သူ့အမေဆူမှာကိုလည်း သူစိုးရိမ်၊ ဒါနဲ့ သူ ခဏစဉ်းစားနေတာပေါ့လေ။ မေမေဟာလည်း ဆင်းရဲနွမ်းပါးတဲ့ အဘိုးအိုများကို သနားတဲ့စိတ် ရှိတယ်။ တို့မှာ ဒီနွားအပြင် နွားတွေ အများကြီးရှိသေးတယ်။ ဒီနွား တစ်ကောင် ရောင်းလိုက်လည်း နွားခြံထဲမှာ လက်ကျန်နွားတွေရှိပါ သေးတယ်။ ငါ မေမေ့ကို အေးအေးဆေးဆေး ရှင်းပြရင် မေမေဟာ ငါ့ကိုဆူမှာ မဟုတ်ပါဘူးလို့ တွေးသတဲ့။

“အဘမှာ ပိုက်ဆံမရှိလည်း ဒီနွားကို ယူသွားပါ။ မေမေ့ကို တော့ ကျွန်တော် ဒီပဲသီးတောင့်ကို ယူသွားပါ့မယ်”လို့ ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ်၊ အဘာရဲ့ပဲသီးတောင့်လေးဟာ တန်ဖိုးရှိပါတယ်" လို့ အဘိုးအိုကဆိုပြီး မောင်မောင်ကျော်ကို ပဲသီးတောင့်လေးပေးခဲ့ပြီး သူက နွားလေးကို ယူသွားတယ်။

အိမ်ပြန်ရောက်တော့ မောင်မောင်ကျော်ကို သူ့မေမေက ဆီး ကြိုရင်းမေးတယ်။

"လူကလေး ပြန်လာတာ မြန်လှချည့်လား။ နွားလေးကို ဘယ် လောက်နဲ့ ရောင်းခဲ့လဲ"

"ကျွန်တော် မြို့ဈေးကို မရောက်ခဲ့ပါဘူး မေမေ၊ လမ်း အဘိုးအို တစ်ယောက်နဲ့ တွေ့ခဲ့ပါတယ်၊ သူက သားရဲ့လက်ထဲ နွားကိုလည်း လိုချင်တယ်၊ သူ့မှာလည်းပေးစရာ ပိုက်ဆံမရှိဘူး။ ပဲ လေးတစ်တောင့်ပဲရှိတယ်၊ ဒီပဲသီးနဲ့နွားနဲ့ လဲပါဆိုလို့ သားလဲခဲ့ပါတယ် မေမေ"လို့ ပြောပြီး သူ့လက်ထဲက ခြင်းလေးနဲ့ ထည့်ထားတဲ့ ပဲ တောင့်ကို သူ့မေမေကို ပေးတယ်။ သူ့မေမေဟာ အမှန်တော့ ငွေ နည်းပါးပါးလိုလို့ နွားကိုဈေးမှာသွားပြီး ရောင်းခိုင်းတာပေါ့၊ ခု မောင်မောင်ကျော်က ပိုက်ဆံနဲ့မရောင်းခဲ့ပဲ နွားတစ်ကောင်ကို ပဲသီး တောင့်နဲ့ရောင်းခဲ့တော့ စိတ်မကောင်းဖြစ်တာပေါ့။ ဒါပေမယ့် မောင် ကျော်ရဲ့ မေမေဟာ လိမ္မာရေးခြားရှိပြီး စိတ်နှလုံးသိမ်မွေ့တဲ့ မိခင် ယောက်ဖြစ်တယ်။ မောင်မောင်ကျော်ကို အရမ်းမရိုက်ဘူး၊ အရမ်း ဘူး။ ရိုက်စရာရှိတောင် မောင်မောင်ကျော်ကို သေသေချာချာ အ အကြောင်းပြောပြပြီးမှရိုက်တယ်။ မောင်မောင်ကျော်ဟာ သားကြီး လိုပဲ ကလေးဆိုတော့ လိမ္မာတဲ့အခါလည်း ရှိတယ်၊ ဆော့တဲ့ အခါ ရှိတယ်၊ မကောင်းတာတွေ လုပ်တဲ့အခါလည်း ရှိတယ်၊ ခုတစ်ခါ





သူ့ မေမေက စိတ်မကောင်းတော့ ဖြစ်တာပေါ့။ ဒါပေမယ့် မောင်မောင် ကျော်ကို အေးအေးဆေးဆေးပြောပြတယ်။

"မေမေဟာ ငွေနည်းနည်းလိုလို့ သားကြီးကို နွားရောင်းခိုင်း လိုက်တာ၊ ဒီပဲသီးတောင့်ကို တို့ဘာအသုံးချရမှာလဲ၊ နောက်တစ်ခါ ဒီလိုလုပ်ချင်ရင် မေမေ့ကိုပြန်လာပြီး တိုင်ပင်ပြီးမှလုပ်ပါ သားရယ်" လို့ပြောပြီး မောင်မောင်ကျော်ရဲ့လက်ထဲကို ပဲသီးတောင့်လေးပေးပြီး အိုဆောင်ထဲကို ဝင်သွားရော၊ မောင်မောင်ကျော်လည်း သူ့မေမေ မျက်နှာမကောင်းတော့ စိတ်ညစ်သွားတာပေါ့၊ သူ့အိပ်ခန်းကို ဝင်သွားပြီး ပြတင်းပေါက်ကနေ ပဲသီးတောင့်လေးကို ပစ်ချလိုက်တယ်။ သူက ခုတင်ပေါ်ကနေ ပက်လက်လှန်ပြီးအိပ်နေရင်းက သူ့မေမေ စိတ်ချမ်းသာ အောင် သူဘယ်လိုလုပ်ပေးရပါ့မလဲလို့ တွေးရင်း မှေးမှေး မှေးမှေးနဲ့ အိပ်ပျော်သွားသတဲ့။

"ဟေ့ မောင်မောင်ကျော်၊ ဟေ့ မောင်မောင်ကျော် ငါ့ကို ကြည့်ပါအုံး"လို့ အသံတစ်သံကြားတော့ သူလန့်ပြီးနိုးလာတယ်။ ဘယ်သူ့ ကိုမှလည်းမတွေ့ရ၊ ဘယ်သူ့ရဲ့ ခေါ်သံမှန်းလည်းမသိတော့ သူအံ့သြ နေတယ်။ ထူးခြားတာကတော့ သူ့အခန်းဟာ မှောင်သွားပြီး ပြတင်း ပေါက်မှာ သစ်ရွက်တွေပိတ်နေသတဲ့။

"အစက သစ်ပင်တစ်ပင်မှ မရှိပဲ ခုမှ ထူးထူးခြားခြား ဘယ်က သစ်ပင် ပေါက်လာပါလိမ့် မြန်လိုက်တာ"လို့တွေးမိပြီး မောင်မောင်ကျော် က ပြတင်းပေါက်ကို ပြေးသွားတယ်။ ပြတင်းပေါက်ကနေ မြေကြီးပေါ် ကို ကြည့်လိုက်တော့ သူပစ်ချထားတဲ့ ပဲသီးတောင့်ကို မတွေ့တော့ဘူး။

"ဟေ့ မောင်မောင်ကျော်၊ ဟေ့ မောင်မောင်ကျော်၊ ငါ ဒီကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေပြီကွ၊ မင်းလွှင့်ပစ်တဲ့ ပဲသီးတောင့်လေးကွာ'' လို့သစ်ပင်ထိ
ဖျားက ကြားရသတဲ့။ မောင်မောင်ကျော်ဟာ သစ်ပင်ထိပ်ဖျားကို ကြ
ရင်းတလွင့်လွင့်နဲ့ ရိပ်ရိပ် ရိပ်ရိပ်နဲ့ မြင့်တက်သွားတဲ့ ပဲပင်ကို
တော့ သူသိပ်အံ့ဩတာပဲ။ ပြီးတော့ပဲပင်ဆိုတာ အနွယ်မျိုးဖြစ်တ
ပင်စောက်မဟုတ်ဘူး။ ခုတော့ ပင်စောက်ကြီးလိုပဲ ကြည့်ရင်းကြည့်
ရှည်တက်သွားလိုက်တာ သူတို့အိမ်အမိုးထက် ကျော်သွား
မောင်မောင်ကျော် စိတ်ထဲမှာလည်း ပျော်သလိုလိုလည်း ဖြစ်သွားတ
စူးစမ်းချင်တဲ့စိတ်လည်းရှိတာနဲ့ တစ်ခါထဲ ပုဆိုးခါးထောင်းကျိုက်
ပဲသီးပင်ကြီးကို ဖက်တက်သွားတာပေါ့။ ပဲပင်အညွန့်ဟာ ရှည်ရှည်
သွားလိုက်တာ အင်မတန်ကြီးမားပြီး အုတ်နံရံကာထားတဲ့ ခြံဝင်း
တစ်ခုထဲကို ညွတ်ကျသွားသတဲ့၊ မောင်မောင်ကျော်ဟာ သတ္တိကောင်း
သူငယ်လေးဖြစ်တော့ သစ်ပင်ဖျားအထိ ရောက်အောင်သွားပြီး ညွှတ်
နေတဲ့ အုတ်တံတိုင်းထဲကို ခုန်ချလိုက်တယ်။

အုတ်တံတိုင်းထဲမှာ အင်မတန်လှပတဲ့ သစ်ပင်မျိုးစုံ၊ ပန်း
စုံကို မောင်မောင်ကျော် တွေ့ရတယ်။ သူက သစ်သီးတချို့ကိုခူး
တဲ့ ပန်းပွင့်တချို့ကိုခူးပြီး သူ့အင်္ကျီအိတ်ထဲကို ထည့်တယ်။

အဲဒီလိုနဲ့ သူ ဥယျာဉ်ကြီးကို လှည့်ကြည့်ပြီး သွားလိုက်
အလွန်ကြီးမားတဲ့ အိမ်ကြီးတစ်ဆောင်ထဲကို ရောက်သွားတယ်၊ အိမ်
ကလည်း အခန်းတွေ အများကြီးရှိသတဲ့။ သူလှည့်လည်ပြီး အိမ်ကြ
ကြည့်ရင်းက ပြင်းထန်တဲ့ခြေသံတစ်ခုကို ကြားရတယ်၊ ဒါနဲ့ သူ
ကြားတစ်ခုမှာ ဝင်ပုန်းလိုက်ပြီး စောင့်ကြည့်နေတယ်။

မကြာခင်ပဲ ဘီလူးကြီးတစ်ကောင်ဟာ အိမ်ထဲကို ဝင်လာတ





''လူစော်နံလိုက်တာ လူစော်နံလိုက်တာ၊ ငါ့အိမ်မှာ ဘယ်သူ ရောက်နေလဲ၊ လူသားတစ်ယောက်ယောက်တော့ ရှိနေမှာပဲ''

အဲဒီလို ဘီလူးကြီးက အော်ပြောရင်းအိမ်ကြီးရဲ့ အခန်းထောင့်တွေ၊ တံခါးကြားတွေကို လိုက်ရှာသတဲ့။ မောင်မောင်ကျော်လည်း အသက်တောင် ပြင်းပြင်းမရှူရဲဘူး။ ငြိမ်ငြိမ်လေးပုန်းနေတယ်။

ဒါပေမယ့် ဘီလူးကြီးဟာ နောက်ဆုံးတော့ မောင်မောင်ကျော်ကိုမိသွားရော။ မောင်မောင်ကျော်ဟာ စိတ်ထဲက ကြောက်ပေမယ့် အားတင်းပြီး ဘီလူးကြီးကို မော့ကြည့်လိုက်တယ်။

''ဟဲ့ ဘာဖြစ်လို့ ငါ့အိမ်ထဲကို ဝင်လာရသလဲ'' လို့ မေးသတဲ့။

''ဒီအိမ်ကြီးဟာ အလွန်လှပ ကြီးကျယ်လို့ ဝင်ကြည့်ပါတယ်'' လို့ မောင်မောင်ကျော်က ဖြေလိုက်တယ်။

''အေး ဒါဖြင့် ကောင်းပြီ၊ငါလည်း ထမင်းဆာလှပြီ၊ငါနဲ့တူတူ ထမင်းစား''ဆိုပြီး မောင်မောင်ကျော်ကို ထမင်းကျွေးတယ်။

အမှန်တော့ မောင်မောင်ကျော်ကို သူစားပစ်ချင်တာပေါ့၊ ဘီလူးကြီးစိတ်ထဲက မောင်မောင်ကျော်ကို အစာဝဝလင်လင်ကျွေးပြီးမှ သူစားရရင်ပိုအရသာရှိမှာပဲလို့ တွေးပြီး သုံးရက်၊ သုံးရက် အစာဝလင်လင်ကျွေးပြီးမှ စားမယ်ဆိုတဲ့ စိတ်ကူးနဲ့ ခုလိုစီစဉ်တာကိုး။

ထမင်းလည်းစားပြီးရော...။

''နည်းနည်းစောသေးတယ်။ ငါ ခဏအိပ်အုံးမယ်၊မင်းလည်း အိပ်ပါ''လို့ဆိုပြီး အခန်းတစ်ခုထဲမှာ မောင်မောင်ကျော်ကို သိပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘီလူးကြီးက သူ့အိမ်ကြီးကိုလည်း တံခါးပိတ်ပြီး သူ့အိပ်ခန်းထဲမှာ အိပ်သတဲ့။

မောင်မောင်ကျော်ဟာ သူ့ပတ်ဝန်းကျင်ကိုလည်း စူးစမ်းလေ့ လာတယ်၊အပျင်းကြီးတဲ့ သူငယ်လေးမဟုတ်တော့ အိပ်ချင်ယောင် ခဏလေးပဲ ဆောင်နေတာပေါ့၊ပြီးတော့ ဘီလူးကြီး တံခါးသော့ ဘယ်နေရာမှာ ဝှက်ထားသလဲ ဆိုတာကိုလည်း သူ မျက်စိလေးမှေးရင်း ကြည့်ထားတယ်။ ဘီလူးကြီးကအားကြီးတဲ့သူပီပီ အိပ်တဲ့အခါကျတော့ လည်း အားရပါးရ နှစ်နှစ်ခြိုက်ခြိုက်အိပ်လိုက်တာ အိပ်မောကျသွား ဘီလူးကြီးဟောက်သံလည်း ကြားရော မောင်မောင်ကျော်ဟာ ခြေဖျားလေး ထောက်ပြီး ဘီလူးကြီးရဲ့အိမ်အခန်းတွေကို လျှောက်ကြည့် တယ်။ အခန်းတစ်ခုဟာ အလုံပိတ်ထားတယ်၊ ဒါပေမယ့် သော့ပေါက်က နေ သူချောင်းကြည့်တော့ အခန်းထဲမှာ လူခေါင်းခွံ လူအရိုးတွေပုံ တာပဲ။

“ဘုရား…ဘုရား ဒီဘီလူးကြီးဟာ လူသားအစစ် မဟုတ် ဘီလူးကြီးပဲ ဖြစ်ရမယ်။ လူသားတွေစားပြီး ဒီအခန်းထဲမှာ စုပုံထားတာ ငါ့ကိုလည်း အခု သတ်မစားသေးပေမယ့် တစ်နေ့နေ့တော့ သတ်စားမှာပဲ ဒီအိမ်ကြီးက အမြန်ဆုံး ထွက်ပြေးမှပဲလို့”စဉ်းစားမိသတဲ့။

တစ်ခါတည်း သူက ခြေဖျားလေး ထောက်သွားပြီး ဘီလူးကြီး ဝှက်ထားတဲ့ သော့ကိုယူ၊ အိမ်တံခါးမကြီးကို ဖွင့်ပြီး တစ်ခါတည်း ထွက် တာပဲ။ ဘီလူးကြီးလည်း လန့်နိုးပြီး ထကြည့်တော့ မောင်မောင်ကျော် လည်းမရှိ၊ သူ့အိမ်ရဲ့ တံခါးမကြီးလည်း ပွင့်နေတာကို မြင်ရတော့တာ

အိမ်ဝကနေ ကြည့်လိုက်တယ်ဆို မောင်မောင်ကျော် ပြေး





သွားတာ သူတွေ့တာပဲ။ တစ်ခါထဲ မောင်မောင်ကျော်ကို ပြန်ဖမ်းဖို့ မောင်မောင်ကျော် နောက်ကို ပြေးလိုက်တော့တာပဲ။

မောင်မောင်ကျော်ဟာ သူဆင်းလာခဲ့တဲ့ ပဲသီးပင်အဖျားကို ချိုပြီးပြန်ပြေးတက်တာပေါ့။ ဖျတ်လတ်လျင်မြန်တဲ့ မောင်မောင်ကျော် ဟာ ပဲပင်ရင်းရောက်အောင် သစ်ကိုင်းတွေကို ဖက်တွယ်ပြီး ဆင်းလာ သတဲ့။

ဘီလူးကြီးကလည်း ပဲပင်ကိုတက်ပြီး နောက်ကလိုက်လာတာ ပဲ မောင်မောင်ကျော် ခန္ဓာကိုယ်ကသေးတယ်မို့လား။ သစ်ကိုင်းတွေ ကြားကို လျှောခနဲ လျှောခနဲ ဝင်သွားတာပေါ့။ ဘီလူးကြီးက အား ကောင်းပြီး ဝတော့ သစ်ကိုင်းတွေကို မကျိုးအောင် ရှောင်ရတဲ့အပြင် သစ်ရွက်တွေကိုလည်း မနည်းပဲ ဖယ်ရှင်းနေတယ်။ ရှေ့ကပြေးတဲ့ မောင်မောင်ကျော်ဟာ ပဲပင်တစ်ဝက်လောက်ကတည်းက သစ်ပင်ရဲ့ အပင်ကို လျှောချလိုက်တာ မြေကြီးရောက်သွားရော။ သူဟာ ချက်ချင်း ပဲ နွားခြံဘေးက ပေါက်တူးကြီးကိုယူပြီး ပဲပင်ရင်းကို ဖြတ်ချလိုက် တာ ပဲပင်အဖျားပိုင်းမှာရှိနေတဲ့ ဘီလူးကြီးဟာ သူ့အုတ်တံတိုင်းဆောက် တဲ့ ပဲပင်အဖျားနဲ့အတူ ဖက်လျက်ကြီး ပြုတ်ကျသွားတာပေါ့။

မောင်မောင်ကျော်လည်း အဲဒီတော့မှ အသက်ရှူနိုင်ပြီး သူ့ပဲပင် အရင်းကိုသွားကြည့်သတဲ့၊ အဲဒီနေရာမှာ ပဲပင်အမြစ်ပြတ်ကြီး ပျောက် ပြီး လတ်ဆတ်တဲ့ ပဲသီးတောင့်လေးကို တွေ့သတဲ့။

“ငါဟာ တန်ဖိုးရှိပါတယ်ကွာ၊ မင်းအိတ်ထဲကို ကြည့်စမ်းပါ” လို့ ပဲသီးလေးက ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ သူ့ရဲ့အင်္ကျီအိတ်နှစ်ဘက်ထဲမှာ ဘီလူးကြီး ခြံထဲကခူးလာတဲ့ ပန်းပွင့်တွေ သစ်သီးတွေ တွေ့ရတယ်။ အဲဒီ အသီးအပွင့်တွေဟာ ကျောက်သံပတ္တမြားတွေ၊ ရွှေမှုန့်တွေ ဖြစ်နေတာကို မောင်မောင်ကျော်က သူ့မေမေဆီပြေးသွားပြီး အကျိုးအကြောင်းကို အားလုံးပြောပြပြီး သူယူလာတဲ့ရွှေနဲ့ ကျောက်သံပတ္တမြားကို သူ့မေမေကို ပေးလိုက်တယ်။ သူ့ရဲ့ပဲသီးတောင့်လေးကိုလည်း သူတို့ခြံမြေထဲမှာ ကောင်းကောင်းစိုက်ပျိုးထားတယ်။ ပဲပင်ကအသီးသီးချိန်မှာ ပဲသီးတောင့်တွေဟာ အင်မတန် လတ်ဆတ်ကောင်းမွန်တဲ့ အသီးတွေဖြစ်ပြီး သူတို့ငွေအများကြီးရသတဲ့။ အဘိုးအိုကို ပေးလိုက်တဲ့ နွားလေးတန်ဖိုးအစား ကျောက်သံပတ္တမြားတွေရတော့ မောင်မောင်ကျော်ဟာ သူ့မေမေအတွက်လည်း စိတ်ချမ်းသာသွားရော။

* * *



## နွားကျောင်းသားလော သူရဲကောင်းလော

"ကလေးငယ်များ၏ မေးခွန်းကို ပြေလည်အောင်ဖြေပါ"

ဤစာတန်းကို ကလေးငယ်များ သဘာဝအကြောင်း ရေးထားသော စာအုပ် စာတန်းများတွင်လည်း ကျွန်မ ဖတ်ဖူး၏။ ဆရာမကြီးများ ၌သုံး ဆွေးနွေးပွဲများတွင်လည်း ကျွန်မကြားဖူး၏။ သို့သော် အမေး ကျောင်း၊ အဖြေ ဘုရားလောင်းဆိုသော စကားမှာ လူကြီးများ အတွက်တွင် မဟုတ်။ ကလေးများ၏ မိဘ၊ အုပ်ထိန်းသူ၊ ဘွားအေ ရှိသည်တို့နှင့်လည်း တိုက်ရိုက် သက်ဆိုင်နေပေသည်။

ခုချိန်ခါတွင် မိဘဆိုသူတို့သည် နှစ်ဦးစလုံး အလုပ်ဆင်းရသည် အိမ်ထောင်စုတိုင်းလိုလိုတွင် တွေ့ရ၏။ သူတို့၏ ရင်သွေးငယ်များကို ဘွားအေ အဒေါ်သားချင်းတို့ လက်တွင်လည်းကောင်း၊ နေ့ကလေးထိန်းကျောင်းများတွင်လည်းကောင်း၊ ယုံမှတ်အပ်သော နာနီများလက်တွင်လည်းကောင်း ပုံအပ်၍ လုပ်ငန်းခွင်သို့ ဆင်းကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှည်သော နာနီနှင့် အုပ်ထိန်းသူတို့လက်တွင် ရောက်သွားလျှင်တော့ တော်ပါသေး၏။ အဖြေမတတ်၊ အတိန်းမတတ် စိတ်မရှည်သူတို့နှင့်တွေ့လျှင် ကလေးငယ်များအဖြစ်သည့် သနားစရာကောင်းပေသည်။

မောင်မျိုးမင်းကတော့ ပုံနားထောင်သည့်အကျင့်ရှိသော လည်းစွဲစွဲမြဲမြဲ ကျော်ကျော်ဝင်းလို နားမထောင်တတ်။ ထို့အတူ မေးခွန်းများကို ငယ်သေး၍လား မသိ။ ကတ်ကတ်သတ်သတ် မမေးတတ်သေး

ကျော်ကျော်ဝင်းကတော့ ဉာဏ်ကောင်းသည်။ ကျောင်းစာများကို ကျက်ကျက်၊ သင်္ချာကိုပင်တွက်တွက် ရလွယ်သည်။ သင်္ချာတွင်လည်း ၁၅ ပုဒ်လောက်တွက်မှ တစ်ပုဒ်တစ်လေမှားသည်။ ဤသို့ရှေ့အလွန်တော်သည်ဟု မထင်ပါလေနှင့်။ သူဉာဏ်ကောင်းပုံက တစ်မျိုးဖြစ်သည်။ သူစိတ်ဝင်စားမှ ဂဏန်းကို တွက်သည်။ စိတ်မပါလျှင် တစ်ပုဒ်မှ မတွက်။ ပထမတန်းတွင် အလီပေါင်းသင်စက ကျော်ကျော်ဝင်း အလီပေါင်း ကျက်ပုံကို ကြည့်ပါဦး။ သူ့အဖေက သင်မရ၍ ခဏခဏ အော်ဆဲသည်။ ကြာလျှင် ကလေးလည်းစိတ်တို၊ အဖေလည်း စိတ်တိုမည် ဖြစ်သည်။ အဖေကို ကြောက်၍ငိုလေလေ အလီကျက်ရန် မဖြစ်နိုင်လေဖြစ်မှာစိုး၍ ကျွန်မ အခန်းပြင်ထွက်ကာ သားကြီးကို ခေါ်လာခဲ့ရသည်။ ကျွန်မအခန်းထဲရောက်လျှင် သူ့မျက်ရည်ကို သုတ်ပေး၍ အလီပေါင်းစာအုပ်ကိုလည်း ဘေးချထားလိုက်ပါသည်။

"တိတ်ပါအုံး သားကြီးရယ်၊ ဘွားဘွားသိချင်လို့ ဖေဖေနဲ့သားကြီးနဲ့ ဘာတွေအော်နေတာလဲ"





သူသည် မငိုတော့ပဲ ဖြေ၏။

"ဖေဖေက နှစ်အလီ အလွတ်ကျက်တဲ့၊ ဆရာမကလည်း အလွတ်ကျက်လာခဲ့တဲ့"

"အဲဒီတော့ သားကြီးဂ မကျက်ချင်ဘူးလား"

သူသည် ခဏ စဉ်းစား၍

"အလွတ်ကျက်ဆိုတာ ဘာလုပ်ရမှာလဲ ဘွားဘွား။ သားကြီးမသိတာ"

"အေး...အေး...မသိရင်လည်း မလုပ်နဲ့၊ ကဲ...အဲဒီစာရွက်ပေါ်က အလီပေါင်းကိုပဲ ကြည့်ဆိုစမ်း"

သူသည် ကြည့်၍ဆို၏။ ချိုင်းကြားကိုလည်း လက်နှင့်ကုတ်၏။ ပေါင်ကိုလည်းကုတ်၏။ လက်နှစ်ဖက်ကို ကွေးချည်ဆန့်ချည်လုပ်၏။ ခါးကိုတွန့်လိမ်ကာ အခန်းမျက်နှာကျက် နံရံများကို ကြည့်၍ဆို၏။

"သားကြီး လက်တွေက ဘာလုပ်တာလဲ"ဟု ကျွန်မက မေးသောအခါ လက်ညောင်း၍ဟု ဖြေ၏။

"အေးပေါ့နော်၊ ပါးစပ်ကရွတ်တာ လက်ကညောင်းတယ်၊ ခါးကလည်း ညောင်းတယ်လား"

ကျွန်မမှာ သူ့အမူအရာကို ရယ်ချင်သော်လည်း ရောင့်တက်ညီစိုး၍ တစ်ဖက်လှည့် ပြုံးရပါသည်။ သူသည် မကြာခင်ပင် မျက်နှာကို ဟိုလှည့် ဒီလှည့်နှင့်စာအုပ်ကို မကြည့်ပဲ မျက်နှာကျက်ကို မော့ကြည့်ကာ နှစ်အလီကိုဆို၏။ နှစ်ကိုးလီဆယ့်ရှစ်ကလွဲ၍ သူအားလုံး ချောချော



www.burmeseclassic.com

www.burmeseclassic.com



မောမောဆို၍ရ၏။ သူ့ရှေ့မှ အလီပေါင်းစာအုပ်ကို ကျွန်မ မသိမသာ ဆွဲယူပိတ်လိုက်ပါသည်။

"သားကြီးက စာအုပ်ကို မကြည့်ပဲ ဆိုလို့ရလာပြီနော်"

"ဟုတ်တယ်"

"ကဲ အဲဒါကို အလွတ်ကျက်တယ်လို့ဆိုတယ်၊ ဟုတ်ပြီလား။ သားကြီးလေ အခု ဖေဖေ့ဆီကိုသွား။ ဖေဖေ့ရှေ့မှာတော့ ခါးကိုတွန့်လိမ်မလုပ်နဲ့၊ လက်ကိုလည်း ဟိုဆန့်ဒီဆန့်မလုပ်နဲ့၊ လက်ပိုက်ထား၊ စုံရပ်ပြီး အခုသားကြီးဆိုသလို ဆိုပြလိုက်နော်၊ စာအုပ်ကိုထားခဲ့"

ဖိုးကျော်ဝင်းသည် သူ့အဖေခန်းကို ကူးသွား၏။ ကျွန်မ အခန်းပြင်ဘက်မှ နားထောင်နေပါသည်။ ဖိုးကျော်ဝင်းသည် အစတွင် အလီပေါင်းကို အကျယ်ကြီးရွတ်ပါသည်။ တဖြည်းဖြည်းအသံတိုးသွားသည်မှာ နောက်ဆုံး နှစ်ဆယ့်နှစ်လီ နှစ်ဆယ့်လေး ဟူသော အသံကို ကျွန်မ မကြားရပါ။

"ဟော့ကောင် မင်းသီချင်းတွေအော်ဆိုတာ ဖေဖေကြားသားပဲ၊ အဲဒီတုန်းကတော့ အသံကကျယ်လိုက်တာ၊ ခုမှ အသံက ဘယ်ပျောက်သွားလဲ" သူ့အဖေက အော်လိုက်၏။

"နှစ်ဆယ့်နှစ်လီ နှစ်ဆယ့်လေး"

ဖိုးကျော်ဝင်းသည် ထိုအခါမှ အသံထွက်၍ အော်ဆိုလိုက်ပါသည်။ နောက်ပိုင်းတွင်တော့ ဆယ်နှစ်အလီအထိ အခက်အခဲ မရှိတော့ပါ။ ဆရာမက မြန်မာစာကို အိမ်မှာကျက်ဖို့ပေးလိုက်လျှင်မူသည်





ချာမောလွယ်ကူစွာ ကျက်တတ်လာပါသည်။ အလွတ်ကျက်ဆိုသော အဓိပ္ပာယ်ကို ကျော်ကျော်ဝင်း ယခုမှ နားလည်လာပါသည်။

သို့သော် သူ နှစ်တန်း (ဒုတိယတန်း)သို့ ရောက်သောအခါ ပထမ လစဉ်စာမေးပွဲတွင် ကျပါသည်။ အဖေရော အမေရော မျက်စိမျက်နှာပျက်နေကြ၏။ ဆော့တာက အလွန်ပဲဟု အဖေကဆို၏။ စာကျက်ပိတ်မှ မဝင်စားပဲဟု အမေက ဆို၏။ ကျွန်မကတော့ ဘာမှမပြော။ သားကြီးသည် လစဉ်ကျောင်းမှ (Report Book) အစီရင်ခံစာအုပ်ကို ကျွန်မကို လာပြ၏။

"သားကြီး စာမေးပွဲကျတယ်"ဟု ပြောသည်။ သူ့မျက်နှာသည် ဘာမှ စိုးရိမ်တုန်လှုပ်နေပုံမပေါ်။ သူ၏ စာအုပ်ကို ကျွန်မ ယူကြည့်သောအခါ ဂဏန်းသင်္ချာတွင် ၆၂ မှတ်ရ၍ မြန်မာစာတွင် ၂၆ မှတ်ပဲ ရသည်။

"သားကြီးက မြန်မာစာမှာ ကျတာကိုး၊ ဘာဖြစ်လို့ မဖြေနိုင်တာလဲ၊ ဘွားဘွားကိုဆိုပြတော့ သားကြီးဆိုနိုင်သားပဲဟာ"

"သားကြီးမှ မဖြေချင်ပဲ"ဟု အေးအေးဆေးဆေးပင် ပြောသည်။ ကျွန်မက သူ စာရမရ စုံစမ်းလို၍...

"နေပါအုံး သားကြီးရဲ့၊ ဆရာမက ဘာတွေမေးလဲ"သူသည် ဆရာမ မေးသည်ကို အားလုံးပြောပြ၏။ ထိုမေးခွန်းများကို ဘယ်လို ဖြေရမည်ကိုလည်း ကျွန်မကို ပြောပြ၏။

"နို့ ...သားကြီးက ဘွားဘွားကို ပြောပြသလို ဆရာမကို ဖြေမပြဘူးလား၊ ဆရာမက ရေးခိုင်းရင်လည်း ပေးတဲ့စာရွက်ပေါ်မှာ ရေးပြရတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူသည် ကျွန်မကို ခပ်ကြောင်ကြောင်ပင်ကြည့်ကာ''သား မှမရေးချင်တာ''ဆို၍ အေးအေးဆေးဆေးပင် အခန်းထဲမှ ထွက်သွား ပါသည်။ အမှန်တော့ သူ့ ဘာသည် စာမေးပွဲဆိုသည်မှာ ဘာလဲ။ စာမေး အောင်ခြင်း မအောင်ခြင်းသည် ဘယ်လိုအကျိုးဆိုသည်ကို သူ နားမလည် သေးသောကြောင့်ဖြစ်၏။ စာမရေး၍ ဥာဏ်ထုံ၍မဟုတ်ပါ။ ဥာဏ်ထုံသော ကလေးသည် ဂဏန်းသင်္ချာတွင် ၆၂ မှတ်ရအောင်တွက်မည် မဟုတ် ပါပေ။

နယ်မှ ကလေးငယ်တစ်ယောက်အဖြစ်ကို ကျွန်မ ကြားဘူး နယ်ကျောင်းများသည် ရန်ကုန်လိုမဟုတ်။ အိမ်နှင့်ကျောင်းနီး၏။ မူ တန်းကျောင်းသားလေးသည် စာမေးပွဲဖြေသောနေ့တွင် စာမေးပွဲအချိ အိမ်ပြန်လာကာ ထမင်းစား၏။ အမေ ဖြစ်သူကလည်းမသိ၊ ဦးလေ တော်သူက တွေ့မှ...

''ဟော့ကောင်၊ စာမေးပွဲဖြေနေတုန်း ဘာလာလုပ်တာလဲ စာမေးပွဲ ဖြေပြီးပြီလား''

''ကျွန်တော် ထမင်းဆာလို့ ပြန်စားတာ''ဟု ကလေးငယ် အေးအေးဆေးဆေးပင် ပြောပါသည်။ ထိုအခါမှ ဦးလေးလုပ်သူ ကျောင်းကို ကမန်းကတန်း ပြန်လိုက်ပို့ရ၏။ ဆရာမကို အကျိ အကြောင်း ရှင်းပြကာ စာမေးပွဲဆက်ဖြေခိုင်းရသည်။

ရန်ကုန်မှာသာဆိုလျှင် ဤကလေး စာမေးပွဲကျပေမည်။ စိတ် တော့ ဆရာ၊ ဆရာမတွေ၏ အပြစ်သက်သက်လည်းမဟုတ်။ မူလတ တွင်လည်း မူလတန်းအလျှောက် ကျောင်းသားဦးရေက များလွန်း





ဆရာ၊ ဆရာမများက မနိုင်နိုင်ပေ။ တစ်ဦးချင်း၏ လိုအပ်နေသော အညံ့အချင်းကို ဖြည့်စွက်နိုင်ဖို့နေနေသာသာ တစ်ခါတစ်ရံ သားကြီး၏ လေ့ကျင့်ခန်းစာအုပ်များကို ကျွန်မဖတ်ကြည့်သောအခါ အမှန်များကို အမှားပေးထားသည်ကိုလည်းတွေ့ရ၏။ အမှားအဖြေများ၊ သတ်ပုံအမှား များကိုလည်း မပြင်ပဲ အမှန်အဖြစ် အမှတ်ပေးထားသည်ကို တွေ့ရ၏။ အတန်းတစ်တန်းထဲတွင် ကလေးခြောက်ဆယ်၊ ခုနစ်ဆယ်ကိုထိန်းရ၊ စာပြရသောအလုပ်မှာ မလွယ်ကူပေ။ အလယ်တန်းပြဆရာနှင့် အထက် တန်းပြဆရာတို့ထက် မူလတန်း (မျောက်ပေါက်စလေး) များနှင့်တူသော ကလေးများကို ထိန်းသိမ်း စာပြရသော ဆရာ၊ ဆရာမများ၏ အလုပ် သည် တကယ်တော့ မလွယ်ကူရုံမက အလွန်ပင်ပန်းလှပါသည်။

''ဆရာ ဦးရေ ဘာကြောင့်နည်းရပါသလဲ''

''ထိုပြဿနာကို ဘယ်လိုဖြေရှင်းမလဲ''

ကျွန်မတို့ စဉ်းစားရပေအုံးမည်။

မိဘများ၊ အထူးသဖြင့် မိခင်များကိုလည်း ကျွန်မ အပြစ် ဆောင်လိုပေ။ (ဤနေရာ၌ ကလေးငယ်ကို နာနီလက်အပ်၍ ဖဲလည်းချ အိမ်ပေါက်စေ့လည်နိုင်သော လူတန်းစားတစ်ရပ်မှ မိန်းမများကို မဆို ဆိုပါ။)

လင်ရော မယားရော အလုပ်ခွင်ကို မနက်မိုးလင်းမှသည် ညနေမိုးချုပ်ထိ ဆင်းရသည့် အိမ်ထောင်များတွင် သူတို့သားငယ် သမီးငယ်များ၏ ပညာရေးနှင့် အကျင့်စာရိတ္တကို ဘယ်လိုမှ ဦးစားပေး ဦးစားမပေးနေအားပါပေ။ အရေးထဲ မိခင်ဆိုသော မိန်းမလူတန်းစား

www.burmeseclassic.com



တစ်ရပ်သည် သာမန်မွေးရေပါ တာဝန်ကိုက ဖခင်ထက်များရသည့်
ဤ ငရုတ်၊ ကြက်သွန်၊ ဆီ၊ ဆန်ကို ချက်ချိန်ပြုတ်ချိန် ပြေပြေ
လည်မရရှိသည်မှာ သက်သက်အချိန်ကုန်လူပန်းနှင့် မိခင်ဆို
မီးဖိုချောင်ကို အုပ်ထိန်းရသည့်မိန်းမများအတွက် ရင်နာစရာကော
လှပါသည်။

ထို့ကြောင့် ကျွန်မသည် ကျွန်မမှာ ပြေလည်တိုင်း တခြား
များကို တရားမဟောချင်ပါ။

ကျွန်မက ဘွားအေဖြစ်သည်။ မိခင် ဖခင်များ အလုပ်
သွားချိန်တွင် မီးဖိုတွင် ဘာလိုပါသလဲ၊ သူတို့ရှာပေးသောငွေနှင့်
ဆန်၊ ငရုတ်၊ ကြက်သွန်ကအစ သင့်သလိုရရာနည်းနှင့် ဝယ်ထား
သည်။ လိမ်ပြောစရာ မဟုတ်ပါ။ ဒီလိုလုပ်မထားလျှင် သားသမီး
သမက်တို့ ပြန်လာချိန်မှာ ချက်ပြုတ်စားဖို့ ဆီ၊ ဆန်၊ ငရုတ်၊
သွန်၊ သားငါးကို လိုက်ရှာရလျှင် ခများများ သေရချည်ရဲ့။

ညဦးအိပ်ချိန်ရောက်တော့ မိဘများက တစ်နေ့လုံး အလုပ်
တွင် ပင်ပန်းလာ၍ အမောပြေ သက်သောင့်သက်သာ အိပ်ရာ
အိပ်ချင်ပေလိမ့်မည်။ ဘွားအေတိုင်း ကျွန်မလို ပုံတိုပတ်စ မြေးငယ်
ကို သင့်တော်ရာရွေး၍ ပြောပြနိုင်မည်လည်း မဟုတ်၊ အိမ်ထောင်
တွင်လည်း ဘွားအေက ရှိချင်မှ ရှိပေလိမ့်မည်။ ကျွန်မတောင်
ကောင်းလျှင် မြေးများကို အနားမကပ်ရန် တောင်းပန်၍ အခန်း
ပိတ်ထားရပါသည်။

ကလေးချော့ သီချင်းဆိုလည်း လှိုင်ထိပ်ခေါင်တင်၏
ကအစ အရပ်ခလေ့ ...





"လူကလေးရဲ့အိပ်ချိန်တန်။ ဗျိုင်းရှေ့ကပျံ။

လူကလေးရယ် အိပ်ချင်ဘူး ဗျိုင်းရှေ့ကမြူး"

စသော သီချင်းများကို သာသာညှင်းညှင်း ဆိုပြီ ချော့သိပ်ဖို့ ခင်တိုင်း၊ ဘွားအေတိုင်းတွင် မလွယ်ကူလှ။ ဒီလိုဆို သူတို့နှလုံးသား ာ ကျောက်ခဲလို မာတင်းခက်ထန်၍လာ၏၊ မဟုတ်ပါ။ မပြေလည်နိုင်သော ားဝတ်နေရေးအတွက် မိခင်များ တစ်နေ့လုံး အလုပ်ခွင်တွင် မောလှ သောအခါ အိပ်ချိန်တွင် တအယ်အယ်ငိုသော သားငယ်ကို ဘယ်သူမှ စိတ်ရှည် လက်ရှည် သီချင်းဆို ပုံပြော၍ မသိပ်နိုင်၊ ကျွန်မက ထိုမိဘများ နှင့် ဘွားဘွားများကို တရားသွားဟောလျှင် သူတို့က ပြန်ပြောမည်မှာ သေချာ၏။

"ခင်ဗျားသာ မွေ့နားတော်သွင်း အေးချင်းတွေ၊ ရတု၊ ရကန်၊ ဆဲသံ၊ ကဗျာ၊ သီချင်းတွေနဲ့ ခင်ဗျားမြေးတွေကို ချော့သိပ်နေ။ ကျုပ် တို့ကတော့ တံမြက်စည်းပဲ"ဟု ကြိမ်လုံးဖြစ်စေ တံမြက်စည်းတံပဲဖြစ်စေ ဆောင်ပြမည်မှာ မလွဲပေ။ ကျွန်မတောင် တစ်ခါတစ်ရံ အိပ်ခါနီးတွင် ငိုတိုက်လွန်းသော မောင်မျိုးမင်းကို ကြိမ်လုံးပြရလေသည်။

တစ်ခါက ကလေးငယ်များ စိတ်ဓာတ်အကြောင်း စာပေရေး သား၍ ကလေးငယ်များ၏ စိတ်ဓာတ် ဆွေးနွေးပွဲများတွင် ထိပ်ဆုံးမှ ပါသော စာရေးဆရာ တစ်ယောက်နှင့်ကျွန်မ တွေ့၏။

"ဆရာ့ဖနိုးဗိုက်ထဲ ကျွန်မဝင်စားချင်လိုက်တာ။ ကလေးငယ် တွေကို တယုတယနဲ့ သိပ်အရေးပေးမှာပဲနော်"ဟု ကျွန်မက ပြော၏။

"ဟားဟား...ဟားဟား"နှင့် သူတအား ရယ်၏။

www.burmeseclassic.com



''မခင်ယုရေ အထင်မကြီးနဲ့ စာထဲမှာသာရေး၊ ဆွေးနွေး မှာသာ ပြောရတာ။ ကျွန်တော်တို့လည်း ဒီကောင်တွေ ဂျီတိုက်လွန်း လာရင် ကျောပြင် ဗျောတင်ရတာပဲဗျို့''ဟု ပြောပါသည်။

ထိုအကြောင်းအရာများကို ထောက်လျှင် စာအုပ်ပြုစု စာရေးဆရာ သုခမိန်များ၊ ကလေးစိတ်ကို လေ့လာသော ကလေးစိ ဓာတ်ပညာရှင်များထက် တကယ်တန်း ကလေးကို ရင်ခွင်ထက်တွ မွေးရပါသော မိခင်ငယ်များသည် ကလေးများ စိတ်ဓာတ်ကို တကယ် တန်း သိရှိနားလည်ကြ၏။ ပိုမို၍လည်း သည်းခံရ၏။ လက်တွေ့ ဗဟုသုတလည်း ရှိကြပါ၏။

သို့သော် သူတို့၌ အချိန်မပေးခြင်း၊ အသိပညာ ခေါင်းပါးခြ သက်ဆိုင်ရာ စာပေကို ဖတ်ရှုရန်အချိန် မရခြင်း၊ ဝမ်းစာရေး ကြောင့် ကလေးများ ပြဿနာကို အေးဆေးစွာ မဖြေရှင်းနိုင်ဘဲ ဟိုရ မှာ ဟိုတက်၊ ဒီကွေ့မှာ ဒီတက်နှင့်လှော်ကြရင်းမှ ရင်သွေးငယ်တို့ ပြင်းလာရပေသည်။

တကယ်တော့ သူတို့ရင်ထဲမှာလည်း တတ်နိုင်၍ အချိန်ရ လျှင် သားငယ်လေးများ၊ သမီးငယ်လေးများ အသိဉာဏ် ပွင့်စအချိန် ကလေးများ၏ အမေးကို ပြေလည်စွာဖြေဆို၍ ညအိပ်ချိန်တွင်လည်း သာညှင်းသော သူ၏ရင်မှ ဖြစ်သည့် သီချင်း၊ ကဗျာနှင့်ဂေါသိပ်လို ဖြစ်ပေသည်။

ကျွန်မ၏ မြေးများအတွက်မူ ကျွန်မသည် နေကောင်း သူတို့၏ မေးခွန်းများကို ဖြေဆိုဖို့ အချိန်ရပေသည်။





မြေးအကြီး ဖိုးကျော်ဝင်းသည် တစ်ယောက်တည်း စိတ်ကူး ပေါက်လာလျှင် ကတ်သီးကတ်သတ် မေးခွန်းများကိုတော့ မေးတတ် သည်။ ကျော်ကျော်ဝင်း၏ အဘိဓာန်ဆိုလောက်အောင်ပင် ကျွန်မတို့၏ ဆက်သွယ်သမျှသူများကို နာမည်ပေးတတ် ကင်ပွန်းတပ်တတ်သော အကျင့်လည်း သူမှာရှိ၏။

သူမွေးလာမှ အိမ်မှ ကုလားမာလီအိုကြီး၏ အမည်သည် ဘလိဖိုး ဖြစ်သွား၏။ သူခေါ်သလိုပင် အိမ်သားများက မာလီကြီးကို ဘလိဖိုးဟူ၍ ခေါ်၏။

ကျွန်မ၏ သူငယ်ချင်း ကျောက်မြောင်းမှ ဦးချိုဦး၏ဇနီး ဆရာမ ခင်နုကို သူက ဘွားဘွားဆရာမဟု ခေါ်သည်။

ကျောက်မြောင်းမှ ကျွန်မ၏ညီမငယ် ဇနီးမောင်နှံ ဦးဘလုံ နှင့် အကြွယ်ကို ကျောက်မြောင်း ဖေဖေကြီး မေမေကြီးဟု ခေါ် သည်။

အမရပူရမှ ဒေါ်ငြိမ်ငြိမ်ကို သူက သိမ်ကြီးဈေး ဘွားဘွားဟု သည်။ ''ဘာဖြစ်လို့ ဒေါ်ဒေါ်ငြိမ်ကို သိမ်ကြီးဈေး ဘွားဘွားလို့ ရတာလဲ သားသားကြီးရယ်'' ဟု မေးလျှင် ''သိမ်ကြီးဈေးမှာ ကြီးဖို့ သားရေကွင်း သွားဝယ်အုံးမယ်ဆိုပြီး ခုထိ ပြန်မလာတော့ ''ဟု ပြောပြပါသည်။ သူသတိရတိုင်း သိမ်ကြီးဈေးဘွားဘွား တော့ဘူးနော်ဟု တမ်းတတတ်၏။

ချောင်းဦးမှ ဒေါ်အုံးမြကိုလည်း ''ဘွားဘွားရယ် ချောင်းဦး ဘွားက ဘော်လီအကျီဝတ်တာ သိပ်ကြာတာပဲ၊ သားကြီးတို့ဆီ



www.burmeseclassic.com

www.burmeseclassic.com



မလာတော့ဘူး''ဟု ပြောတတ်သည်။ ဤနေရာ၌မူ ဘာကြောင့် ဘော် အကျီပြသနာပါလာသည်ဟု ကျွန်မ မပြောတတ်ပါ။

သူ့ဖခင်ဘက်မှ ဘိုးဘွားများကိုလည်း အောက်အီးအွတ် ဘိုး ကမာရွတ် ဘိုးဘိုးကြီးဟူ၍ အမည်တပ်ထားပါသည်။ သူ့အဘ ဦးကျေ သောင်းကို ပတ္တလားသင်ပေးသော ပတ္တလားဆရာ ကိုသောင်းတင်ကို ''ပြောင်းဖူး''ဟူ၍ ခေါ်သည်။

သူသည် သူ့ဘဘ မကွယ်လွန်ခင်က အမြဲလိုပင် ရုံးချိန်မှအ အပြင်ထွက်တိုင်း သူ့ဘဘနှင့်အတူ လိုက်သွားတတ်၏။ တစ်နေ့ပြန် ချိန်တွင် သူ့ဘဘက ပြောပါသည်။

''ဟော့ မိချို၊ တို့များမြေး ကျော်ကျော်ဝင်းကို ဒဂုန်တာရာ တူတူထားမယ်''ဟု ဆိုပါသည်။

''ဘာဖြစ်လို့လဲ''

''ဒဂုန်တာရာကို စာရေးဆရာအချို့က''ကတ္တရာစေးလမ်း သည် ဝတ်လစ်စလစ် ဖြစ်နေသည်''လို့ ရေးလို့ အဝေဖန်ခံရတာ ဒီကောင်ကတော့ ကိုကြီးကားမောင်းရင်း ဆူးလေဘုရား ခုံးတံတား ပေါ်လည်း ရောက်ရော ဒီကောင်က ကုန်းအော်တယ်။ ဘဘရေ မီးရထားတွဲတွေ အိပ်ပျော်နေကြတယ်လို့ ပြောတယ်။ ကိုကြီးက ကြည့်လိုက်တော့ ရထားတွဲအပျက်တွေ တွေ့ရတယ်''ဟု ပြောပြပါသ

တခြားလူတွေကို နာမည်ပေးသလိုပင် သူ့ဘဘ၏ ရဲဘော် မောင်တင်အောင်ကို ''ကွ''ဟူ၍ အမြဲခေါ်၏။ ကျွန်မ၏ချစ်သူ ကွယ် ပြီးနောက် ကျွန်မအား ခွဲခွာမသွားသော ရဲဘော်သုံးယောက်ရှိပါသ





တစ်ယောက်မှာ မွန်အမျိုးသားရဲဘော်ကျော်ဇောဖြစ်၍ တစ်ယောက်မှာ ရခိုင်အမျိုးသား မောင်တင်အောင်ဖြစ်၏။ တစ်ယောက်မှာ လေတပ်မှ ရဲဘော်မောင်ကံညွန့်ဖြစ်သည်။

ရဲဘော်ကျော်ဇောမှာ လက်ထပ်ဖို့အတွက် ကျိုက်မရောသို့ ပြန်သွားပါသည်။ တပ်မှထွက်သွားပြီဖြစ်၍ ပြန်မလာတော့ပါ။

ရဲဘော်တင်အောင်မှာမူ တပ်မှမထွက်သေးပါ။ သူသည် ရဲဘော် တန်းလျားသို့ ပြောင်းရွှေ့သွားရသည့်တိုင်အောင် အနည်းဆုံး တစ်လ တစ်ခါဘဏ်ကိစ္စများနှင့် ကျွန်မ၏ အထွေထွေကိစ္စများကို ဆောင်ရွက်ပေး ရန်အမြဲမပြတ်လာသည်။ ကျွန်မ၏ ပတ်ဝန်းကျင်တွင် ရာသီဥတု ကြည်လင်ခြင်းမရှိတော်မှ ဝတ္တရားမပျက်။ သူသည် သစ္စာစောင့်သိသော ရဲဘော်တစ်ယောက် ဖြစ်ပါသည်။

မောင်မျိုးမင်းတို့ ညီအစ်ကိုသည် မောင်တင်အောင် ရောက် လာလျှင် လည်ပင်းဖက်တွယ်၍ ဝမ်းသာအားရ ကြိုဆိုကြ၏။ ''ကွ''လာပြီ ''ကွ''လာပြီဟု အော်၍ ကြိုတတ်၏။ ကျော်ကျော်ဝင်းအမည်ပေးထား သော ''ကွ''မှာ ကျွန်မတို့ မိသားစုသာမက ထွန်းအောင်ကျော်တို့ မိသားစုကလည်း ''ကွ''ဟူ၍ပင်ခေါ်သည်။ ဘာကြောင့် သူသည် ရခိုင် ရဲဘော်မောင်တင်အောင်ကို ''ကွ''ဟုခေါ်သည်ကိုမူ ကျွန်မတို့ ခုတိုင် မသိရသေးပေ။

တစ်နေ့တွင် ကျွန်မ၏ သွားဖုံးရောဂါကို ခွဲစိတ်ပြီးနောက် ဆစ်ရက်ခြားလိုလိုပင် ဒေါက်တာမောင်မောင်ဂိုးထံ သွား၍ပြရ၏။ ည ၇ နာရီလောက်မှ ဆေးခန်းမှ ပြန်ရပါသည်။ မောင်တင်အောင်သည်



www.burmeseclassic.com

www.burmeseclassic.com



သူ၏ရုံးအလုပ်အားချိန်တွင် ကျွန်မတို့အိမ်မှ ကားကိုမောင်းကာ ကျွန်မကို ဆရာဝန်ထံသို့ ပို့ပေးတတ်ပါသည်။

လသာသော ညတစ်ညတွင် ကန်တော်ကြီးစောင်းကို ကားဖြတ်မောင်းလာကြသည်။ ကျော်ကျော်ဝင်းသည် ရဲဘော်တင်အောင်တို့နှင့်အတူ ကားရှေ့ပိုင်းတွင် ထိုင်၍ ကျွန်မနှင့်မိမှာ ကားနောက်ပိုင်းတွင် ထိုင်ကြပါသည်။ ကျော်ကျော်ဝင်းသည် ကားမှန်ထဲမှ ကောင်းကင်ကို မော်ကြည့်ရင်း မေးခွန်းတစ်ခုမေးပါသည်။

"ကွ...လမင်းကြီးက သာလိုက်တာနော်"

"အေး...လသာတာ ဘာဖြစ်လဲ"

"သားကြီးတို့သွားတဲ့ဆီ လမင်းကြီးက လိုက်လာတယ်။ ကွတစ်ခါက ပြောတယ်လေ၊ လမင်းကြီးထဲမှာ အဘိုးအိုကြီး တစ်ယောက်နဲ့ ယုန်ကလေးတစ်ကောင် နေတယ်ဆို"

"အေးလေ"

"အဲဒီ အဘိုးအိုနဲ့ ယုန်ကလေးကို ဘယ်သူ ထမင်းသွားပို့လဲ။ သူတို့ ထမင်းဆာရင် ဘယ်မှာစားလဲ"

ကျွန်မက ကားနောက်ပိုင်းတွင် ထိုင်ရင်း သူတို့နှစ်ဦး၏ အချီအချစကားပြောသံကို စိတ်ဝင်းစား၍ စူးစိုက်စွာ နားထောင်နေပါသည်။

"အဲဒါတော့ ကွ လည်းမသိဘူး။ မင်းမေးခွန်းတွေ ဖြေနိုင်တာ မင်း ဘွားဘွား တစ်ယောက်ပဲရှိတယ်။ မင်းရဲ့ ဘွားဘွားကိုပဲ မေးပေတော့"





ဖိုးတင်အောင်သည် မေးခွန်းဖြေဖို့ကို ကျွန်မဘက်သို့ လွှဲချလိုက်ပါ၏။

"ဘွားဘွား သူတို့ ဘယ်မှာ ထမင်းစားကြလဲ၊ သားကြီးသိချင်လို့ပါ"

"ဘွားဘွား အခု သွားဖုံးခွဲထားတယ်။ စကားမပြောနိုင်သေးဘူး။ အေးအေးဆေးဆေးတော့ ဘွားဘွား ပြောပြမယ်နော်။ ကားပေါ်မှာလည်း ဘွားဘွားက မပြောတတ်ဘူး"

"ဘွားဘွား မမေ့ရဘူးနော်"

"မမေ့ပါဘူး"

တကယ်တော့လည်း ဤမေးခွန်းသည် လွယ်မယောင်နှင့် ခက်သေသား။ ကလေးစိတ်ဓာတ်ပညာရှင် သုခမိန်တွေက ကလေးများမေးခွန်းကို ပြေလည်အောင် ဖြေဆိုပေမယ့် ကျွန်မမှာ ဖိုးကျော်ကျော်ဝင်းမေးခွန်းအတွက် ဦးနှောက်ခြောက်သွား၏။ ကလေးကိုလည်း မလိမ်လိုသဘာဝလည်းကျရမည်။ သူကလည်း စိတ်ကျေနပ်ရမည်။ ထိုမေးခွန်းကို သူမေးသောအရွယ်သည် ပထမတန်းပဲရှိသေး၍ သူ့ဦးနှောက်နှင့်သွားတောမှန်းဆနိုင်သော အဖြေလည်းဖြစ်ရမည်။

တစ်ခုမှာ ကျွန်မနားမလည်သည်က ကျောင်းသင်ခန်းစာများကိုသင်ချင်မှလုပ်၍ စိတ်ဝင်စားမှု မရှိလျှင်ဘာကိုမှ မလုပ်သော ဤကလေးသည် သူမေးထားသော မေးခွန်းကိုတော့ မမေ့တတ်ပေ။

"ဘွားဘွားနေကောင်းပြီလား" စကားပြောနိုင်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့များတွင် ကျွန်မအိပ်ရာသို့ သူအိပ်ခါနီးတိုင်း လာရောက်မေးတတ်၏။

နောက်တစ်ခါ လသာချိန်ဟွင်မှ ကျွန်မ စကားကောင်းစွာပြောနိုင်လာ၏။သူသည် အိပ်ရာဝင်ခါနီး ကျွန်မလည်ပင်းကို လာဖက်ပြီး ''လမှင်းထဲက အဘိုးအိုနဲ့ ယုန်ကလေးကို ဘယ်သူထမင်းကျွေးလဲ''ဟု ထပ်မံမေးတော့သည်။

ကျွန်မသည် သူ့ကို အိပ်ရာပေါ်လှဲ၍ သိပ်ရင်းမှ စဉ်းစားနေရ၏။

''ဒီလိုလေ သားကြီးရဲ့၊ ဟိုတစ်ခါတုန်းက ရှုရှားက အာကာသသူရဲတွေ လမင်းကြီးဆီသွားကြတယ်ဆိုတာ သားကြီးသိတယ်ဆို''

''ဟုတ်တယ် ဖေဖေကလည်း ပြောတယ်၊ ဆရာမကလည်းပြောတယ်''

''သူ့တို့သွားတော့ လမင်းကြီးဆီရောက်ရော၊ လမင်းကြီးပေါ်ရောက်တော့ သူတို့လည်း အဘိုးအိုကြီးနဲ့ ယုန်ကလေးကို လိုက်ရှာကြတယ်''

''အင်း...''

''အဲဒီမှာလေ ခုတော့ အဘိုးအိုကြီးလည်း မရှိတော့ဘူးယုန်လေးလည်း မရှိတော့ဘူးတဲ့''

''ဟင်... သူတို့ရှိတုန်းကရော''

''အဲ...အဲဒါကို ဘွားဘွားပြောမလို့ သားကြီး သေသေချာနားထောင်၊ အဲဒီကဗျာလေးကို ဆရာမသင်ထားလို့ သားကြီးရတယ်ဆိုရရင်ဆိုပြစမ်း''

သားကြီးသည် သူ့ဆရာမများ သင်ထားသော ကဗျာလေးကိုဆိုပြ၏။

''ရွှေလမှာ ယုန်ဝပ်လို့၊ ဆန်ဖွတ်သည့်အဘိုးအို၊
ဟောကြည့်ပါဆို၊ ဆိုသာဆို ပိုမိုသည့်စကား
ကလေးအငိုတိတ်အောင်၊ အရိပ်အယောင်ပြတယ်၊
ဖိုးလနတ်သား''

အမှန်တော့ ဒီလင်္ကာ၊ သို့မဟုတ် ကဗျာ၏ အဓိပ္ပာယ်ဆိုလိုချက်ကို သားကြီး နားလည်အောင် ရှင်းလင်းပြဖို့ မလိုအပ်သေး။ ကဗျာ၏ ပင်ကိုရည်ရွယ်ချက်၊ စပ်ဆိုသူ၏ ရည်ရွယ်ချက်ကိုက ယုတ္တိရှိသာမရှိတာ အပထား၍ ကလေးအငိုတိတ်အောင် စပ်ဆို ချော့သိပ်သောကဗျာဖြစ်သည်ဟု ဖော်ပြပြီးဖြစ်သည်။ မိခင်တို့မှာ ကလေးများငိုလျှင် ရောက်တတ်ရာပြောပြဆိုသိပ်၍ ချော့ရသည်မှာ မိန်းမတို့တတ်ရသည့် ဝမ်းတွင်းပါ ပညာရပ်ပင်တည်း။ တစ်ခါတစ်ရံလည်း

''လမင်းကြီးရယ်၊ ထမင်းဆီဆမ်း
ရွှေလင်ပန်းနဲ့ပေးပါနော်''

''ဟော... ၊ လမင်းကြီးကလေ သားကြီးစားဖို့တဲ့၊ ရွှေလင်ပန်း နဲ့ထမင်းတွေဆီဆမ်းပေးမယ်၊ လမင်းကြီးကိုကြည့်လိုက်စမ်း''

ကလေးစိတ် ရုတ်တရက် ပြောင်းသွားအောင် လှည့်ပသော







www.burmeseclassic.com

www.burmeseclassic.com



ငွေလမင်း ဝိုင်းဝိုင်းစက်စက်ကို လက်ညှိုးညွှန်၍ပြရင်း ချော့ရင်းက ကလေးငယ်သည် သာနေသော လမင်းထံ စိတ်ရောက်သွားကာ စိတ် ပြောင်းသွားကာ အငိုတိတ်သည်လည်း ရှိတတ်၏။

ထိုနေရာ၌ ကျွန်မတို့က လမင်းဆီဆမ်းထားသော ထမင်းကို ပေးနိုင်၊ မပေးနိုင် လမင်းထံတွင် ရွှေလင်ပန်း ရှိ၊ မရှိ သုတေသနပြု စရာလည်းမလို၊ ယုတ္တိမရှိသော စကားကိုဆို၍ ကလေးကိုသိပ်ရှုပ် မလားဟု မိခင်ဖြစ်သူကို ထုချေလွှာလည်း တောင်းနေရာစမ်လိုပါပေ

ယခု''ရွှေလမှာ ယုန်ဝပ်လို့'' ကဗျာလေးမှာလည်း ဘိုးဆို ဘောင်ဆက် ဘေးလက်ထက်မှသည် ကျွန်မ၏ မြေး ကျော်ကျော်ဝင်း လက်ထက်တိုင် မိခင်များကလည်း ရွတ်ဆိုကြ၏။ ကလေးငယ်များလည်း ရွတ်ဆိုကြ၏။ လူမျိုးတိုင်းသည် ကဗျာ၊ လင်္ကာနှင့် မကင်းနိုင်သည် အားလျော်စွာ လူမျိုးတိုင်း၌ ကလေးချော့ ကဗျာသီချင်းနှင့် ကလေးများ ကိုယ်တိုင် ရွတ်ဆိုသော ကဗျာများ ကိုယ့်ဓလေ့ထုံးစံနှင့်ကိုယ် ရှိတတ်ကြ ဖြစ်ပေသည်။

ဒါကို ကိုတော်လွန်း မတော်လွန်းတွေလုပ်ကာ မိဘတွေက သိပ္ပံနည်းကျကျ ပြုပြင်ရမည်ဆို၍

''လမင်းကြီးအပေါ်မှာ၊ အပေါက်တွေက မလှပါ၊

မီးတောင်ကြီးနဲ့၊ ကျောက်ပေါက်ရာ

ကျောက်စရစ်ခဲတွေ အပြည့်ပါ''

ဆို၍ သိပ္ပံနည်းကျကျ ကဗျာစပ်၍ ကလေးချော့သိပ်ရန် လိုမည်ဟု မထင်ပါပေ။





ကလေးငယ်၏ ညဥ့်ဦးယံအိပ်ချိန်သည် ချမ်းမြေ့ခြင်း ငြိမ်သက် ခြင်းနှင့်လှပသော သဘာဝများ၊ ဂေါ်တာများ၊ ဝိုင်းရံနေဖို့ ဖြစ်နိုင်သမျှ တော့ လိုအပ်ပါသည်ဟု ထင်ပါသည်။

ကိုယ့်ဟာကို လူကြီးတစ်ယောက် ဖြစ်ကာမှ သိပ္ပံနည်းကျကျ မေးသပ်ရုံမက ဘာလုပ်လုပ် လုပ်ချင်ရာလုပ်။ လမင်းကြီးကို သုံးစိတ်ခွဲ၊ ခွဲနောက်လုပ်၍ ထမင်းအိုးတည်ပြီးရသည့်ထမင်းကို ကျွန်မတို့ကမ္ဘာ ကလူများကိုပင် ကျွေးကျွေး ကျွန်မတို့က မဟာသိပ္ပံပညာရှင်ကြီးများ သက်ရာကို စောဒကတက်ရန် မလိုပါ။ လက်တွေ့တော့ သိပ္ပံပညာကျော် တို့သည် လူသားများ တိုးတက်အောင် လုပ်သလိုလိုနှင့် ကမ္ဘာ၏အလှ ကိုဖျက်ဆီးနေကြသည်ကို တွေ့ရ၏။

ကလေးငယ်၏ ငယ်စိတ်နှင့် သူ့မျက်လုံးထဲတွင်တော့ လမင်း၏ အလှကို မပျက်စေလိုပါ။ ဒါက ကျွန်မ၏ ဆန္ဒဖြစ်၏။

လောလောဆယ်ကတော့ ကျွန်မမှာ ကျော်ကျော်ဝင်း၏ အတ်သီးကတ်သတ် မေးခွန်းကို ဖြေရပေတော့မည်။

''ဘွားဘွား ပြောပြတာကို သားကြီး သေသေချာချာ နား ထောင်။ သားကြီးဆိုတဲ့ ကဗျာထဲမှာ ဆန်ဖွတ်သည့် အဘိုးအိုလို့ ပါတယ်မို့လား''

''ဟုတ်ကဲ့''

''အဲဒီတော့ အဘိုးအိုက ဆန်ဖွတ်တယ်ဆိုကတည်းက စပါးရှိ လို့ပေါ့၊ စပါးပင်တွေ မှည့်တော့ စပါးစေ့လေးတွေကိုယူ ဆုံထဲမှာထည့် ထောင်းမှ ဆန်အဖြစ်ကို ရောက်တယ်မို့လား၊ ဒါကို ဆန်ဖွတ်တယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်တာပေါ့သားရဲ့ အဲဒီဆန်ကို အဘိုးကြီးက ချက်ပြီး သူရယ်၊ ယုန်ကလေးရယ် ထမင်းစားကြတာပေါ့။ ဘယ်သူမှ သူတို့ကို ထမင်းသွားမပို့ပါဘူး၊ အဲဒီအချိန်တုန်းက လမင်းပေါ်က မြေကြီးမှာ စပါးပင်စိုက်မှာပေါ့''

''အခု အဘိုးကြီးနဲ့ ယုန်ကလေး ဘယ်သွားနေကြလဲ''

ကျွန်မသည် ခဏစဉ်းစားလိုက်ရပြန်၏။

''သားကြီးဘဘ ဦးကျော်သောင်းကို သတိရသေးလား''

''ရတာပေါ့၊ ဘဘနဲ့ သားကြီးလေ ကားကြီးနဲ့လည်ပြီး မုန့်တွေ သွားစားတယ်''

''အေး...ခုဘဘရှိသေးလား''

''မရှိတော့ဘူး သေသွားပြီ''

''အေး...သားကြီးဆိုတဲ့ ကဗျာက ဘွားဘွားတို့ရဲ့ အဘိုးအဘွားတွေဆိုခဲ့တဲ့ကဗျာ၊ အဘိုးအဘွားတွေရော သားကြီးရဲ့ဘဘရော သူတို့တောင် သေကုန်ပြီမို့လား၊ လမင်းထဲက အဘိုးအိုကြီးလည်း ခုလောက်ဆို သေရောပေါ့၊ သားရယ် ယုန်ကလေးကလည်း ဒီကဗျာပေါ်စကတော့ ယုန်ပေါက်စလေးပေါ့၊ ခုဘဲ သားကြီး ဘယ်နှနှစ်ရှိပြီလဲ''

''၆ နှစ်''

''သားကြီးတောင် ၆ နှစ်ရှိတော့ ဒီယုန်ကလေး ယဝန်းထဲမှာ အဘိုးအိုနဲ့တူတူ နေခဲ့တာကြာတော့ သူလည်း ယုန်အိုလေးဖြစ်ပြီး ခုလောက်ဆို သေရောပေါ့''





ကျွန်မရင်ထဲတွင် တဒိတ်ဒိတ်ခုန်နေ၏။ အဘယ့်ကြောင့်ဆိုသော် နောက်ထပ် ကတ်သီးကတ်သတ်မေးခွန်းထပ်မံ၍များ မေးပါလျှင် သူကျေနပ်အောင် ကျွန်မဖြေဆိုရမည် ဖြစ်သောကြောင့်တည်း။

သို့သော် တော်ပါသေး၏။

''ဘွားဘွား နက်ဖြန်ခါညကြရင် ဒါနော်'' ဟု လက်ညှိုးနှစ်ချောင်းထောင်ပြကာ သူ့ထုံးစံအတိုင်း လက်မကြီးစုပ်၍ ငြိမ်သက်စွာအိပ်ပါတော့သည်။

မောင်မျိုးမင်းကို ကြည့်ပါဦး။

ကျွန်မက ညီအစ်ကိုနှစ်ယောက်၏ အကျင့်သည် သိပ်ကွဲပြားသည်ဟု မထင်ပါပေ၊ သို့သော် ကျွန်မထင်သလို မဟုတ်ပါ။ မောင်မျိုးမင်း၏ ညဉ့်ဦးယံအကြောင်းကို ကျွန်မရေးခဲ့ပြီးပါပြီ။ သူ့ကိုကို ကျော်ကျော်ဇင်း မေးခွန်းများကို ကတ်သီးကတ်သတ် မေးတတ်သောအရွယ်တွင် မောင်မျိုးမင်းအလုပ်များကို ကြည့်၍ဆုံးဖြတ်ပါ။ သူသည် ၃ နှစ်သားအရွယ်တွင် ဘာတွေလုပ်ပါသနည်း။

''ကဲ...အုတ်ခဲ တစ်ပုံလည်းကုန်ပြီ၊ ရေချိုးဖို့ ခေါ်လို့လဲ မလာဘူး''ဟု ကလေးထိန်းမလေးက လာပြော၏။

ကျွန်မသည် မောင်မျိုးမင်းရှိရာ ခြံထောင့်သို့ သွားကြည့်၏။ မောင်မျိုးမင်းသည် ခြံစည်းရိုး ဝါးရုံကို စိတ်ရှိလက်ရှိ အုတ်ခဲကျိုးငယ်များနှင့် ပေါက်နေ၏။

''အခု နောက်ထပ် ထပ်ပြီး အုတ်ခဲ ပုံပေးရအုံးမယ်လို့၊ ခုဏ

www.burmeseclassic.com



အပုံက မနည်းဘူး။ မြက်သယ်တဲ့ တောင်းတစ်တောင်းစာလောက် ရှိ
တယ်''

''ကဲ ထပ်ပြီးတော့ ရှာပေးလိုက်စမ်း မာလီ၊ မြေသစ်ခွဲ
စိုက်ဖို့ အုတ်ခဲကျိုးတွေ ကံ့ကော်ပင်အောက်မှာ ထုထားတယ်၊ ဒီကော
လက်ပမ်းကျတော့မှ ဆက်ပေါက်တော့မှာ မဟုတ်ဘူး။ ဒီတော့
ခေါ်လာခဲ့၊ နို့မို့ရင် ရေမချိုးချင်ဘူးလို့ ဂျီတိုက်နေအုံးမယ်''

ကျွန်မသည် အိမ်ထဲသို့ ပြန်ဝင်ခဲ့၏။ မကြာခင် စူးရှသော
အသံတစ်ခု ကျွန်မ၏ခြံထဲမှ ကြားလိုက်ရပါသည်။ ကျွန်မခြံထဲကို ပြေး
ဆင်းသွား၏။

''အစ်မ ကောင်ကလေး အငယ်ကောင် မကောင်းဘူး''

မာလီက ခြေသလုံးကို လက်ညှိုးထိုးပြ၏။ အနားတွင် နှစ်
တစ်(၂×၁) သစ်သားချောင်းငယ်တစ်ခုကို ကိုင်ကာရပ်နေသော ကလေး
ထိန်းမလေးကို တွေ့ရ၏။

''ဘာဖြစ်တာလဲ မပုလေး ဗျိုးရော''

''အဲဒီတုတ်နဲ့ မာလီ့ခြေသလုံးကို မျိုးရယ် တအားလွဲရိုက်
ပြီးပြေးပြီ''

''ဟယ်...သူဒါလောက် အားသန်သလား''

မာလီ၏ ခြေသလုံးရိုးပေါ်တွင် ရဲရဲနီနေသော ဒဏ်ရာကို ကြည့်
ရင်း ကျွန်မ အံ့အားသင့်သွားပါသည်။ သစ်ပင်များကို စိတ်ဝင်စား
ရေလောင်းနေသော မာလီမှာ အလစ်ခံလိုက်ရခြင်းဖြစ်၍ အရိုး
တိုက်ရိုက်ကျသောကြောင့် ပို၍ နာနေပါသည်။





မျိုးမင်းကို ကျွန်မလိုက်ရှာသောအခါ ရေချိုးခန်းထဲတွင်
ရေပန်းကိုဖွင့်ကာ ဘာမှသူမလုပ်ခဲ့သလို အေးချမ်းစွာ ရေချိုး၍နေပါ
တော့သည်။ ကျွန်မကသာ ပရုပ်ဆီယူ၍ အရိုးပိန်နံ့ချောက်နှင့် မာလီ၏
ခြေသလုံးကို ဆေးထည့်ပေးရပါသည်။

မောင်မျိုးမင်း နိုးကြားစ စခန်းထပုံက တစ်ပုံစံပါလားဟု ကျွန်မ
သတိပြုမိ၏။

ကျွန်မတို့ အိမ်ရှေ့ခြံဝင်းထဲသို့ ဦးဟုတ်လှိုင်–ဒေါ်ခင်စမ်းရီ
တို့ မိသားစုပြောင်းရွှေ့လာကြ၏။ မူလအိမ်ပိုင်ရှင် ဒေါ်ခင်မြနှင့်ထွန်းထွန်း
တို့သားအမိမှာ အင်းလျားရိပ်သာသို့ ပြောင်းရွှေ့သွားပါသည်။ ဒေါ်ခင်
စမ်းရီတွင် သားအငယ်ဆုံး မောင်မောင်နှင့် မြေးယောကျ်ားလေး နှစ်
ယောက်ရှိသည်။ မောင်မောင် ၁၀ နှစ်ကျော်ပြီဖြစ်၍ ကလေးများထဲ
တွင် အကြီးဆုံးဖြစ်ရုံမက သဘောထားလည်း ကြီးသည်။

''ဘွားဘွားရေ့...ဘွားဘွား၊ ညီလေးကို လာခေါ်ပါအုံး''

အာဇာနည် ကျော်ကျော်ဝင်း၏ အော်သံကို ကျွန်မ ကြားရပါ
သည်။ ကျော်ကျော်ဝင်းကို ဘာကြောင့် အာဇာနည်ခေါ်သည်ကို
နောက်တွင် ကျွန်မ ရှင်းပြပါမည်။ ကျွန်မခြံထဲသို့ ဆင်းသွားသောအခါ
မောင်မောင်နှင့်တူများဖြစ်သော ကျော်ကျော်နှင့်လင်းလင်း နှစ်ယောက်
ကျော်ကျော်ဝင်းက တစ်ယောက် စုစုပေါင်း ၄ ယောက်ကတစ်ဖက်၊
မောင်မျိုးမင်း တစ်ယောက်တည်းကတစ်ဖက် သူ့လက်ထဲတွင် တုတ်
ချောင်းတစ်ချောင်းနှင့် အုတ်ခဲတစ်ပုံက သူ့ခြေရင်းတွင်ရှိသည်။ တခြား
ကလေးများ အနားမကပ်နိုင်အောင် အုတ်ခဲနှင့်လှမ်းပေါက်၍ အနားမှဝင်
လာသူကို တုတ်ရှည်နှင့်ရိုက်သည်။

www.burmeseclassic.com



"သားငယ်လေး ဘာဖြစ်လို့ ရန်ဖြစ်ချင်ရတာလဲ။ ကိုကိုကြီး မောင်မောင်က မင်းကိုမရိုက်ရဲလို့ မဟုတ်ဘူး။ မင်းကို သနား ကြည့်နေတာ။ ရပ်လိုက်တော့ အုတ်ခဲက လင်းလင်းတို့ ကျော်ကျော် တို့ မျက်စိမှန်ရင် မခက်ဘူးလား"

ကျွန်မပင်လျှင် သူပစ်သောခဲ မျက်မှန်ကို မထိအောင် ရှော ကာ မောင်မျိုးမင်း၏ လက်နက်များကို သိမ်းဆည်းရပါသည်။

သူသည် အော်လည်းမအော် ငိုလည်းမငို ချချင်သည့်သူ ချ၍ ငြိမ်ငြိမ်သက်သက် အိမ်ကို ပြန်လာတတ်၏။ တစ်ခါတွင်လည်း ဖေါ်ခင်စမ်းရီ၏မြေး ကျော်ကျော်ကို နှုတ်ခမ်းကွဲအောင်ချခဲ့၏။ ကျွ သွား၍ တောင်းပန်ရပြန်သည်။

ကျော်ကျော်ကလည်း သူ့နယ်တွင် သူလူစွာပေပဲ၊ မောင်မျိုး ကို တစ်ချီတွင် လက်သီးနှင့်ထိုးထည့်လိုက်ပုံ ပေါ်ပါသည်။ မျက် အောက်တွင် အညိုအမည်း စွဲ၍လာပါသည်။ ထိုအခါတွင်လည် မောင်မျိုးမင်းသည် ငိုရှိုက်ခြင်းမပြု။ သူ့အဖေကမေးမှ ပြန်ပြောပါသည

"ကျော်ကျော် လင်းလင်းတို့ကလည်း ယောကျ်ားလေး ကွ။ သူတို့လည်း သတ္တိရှိတာပေါ့။ ဟိုတခါတုန်းက မင်းကကျော်ကျေ ရိုက်ခဲ့တယ်မို့လား။ ခုတစ်ခါမင်းက ခံတဲ့အလှည့် ဟုတ်ပြီလား။ သူ ချင်း အိမ်နီးချင်းကို တည့်အောင်ပေါင်းရမယ်သိလား" ကျွန်မ၏ မာ ဝါဒကို မောင်မျိုးမင်း နားလည်လား မလည်လားတော့မသိပါ။

တစ်နေ့တွင်တော့ အာဇာနည် ကျော်ကျော်ဝင်းသည် သူ့အ ကို တိုင်သံကြားရ၏။





"ဖေဖေ ကျောင်းမှာလေ သားကို မြတ်ကျော်မိုးရယ် လက်သီး နဲ့ထိုးတယ်"

"သားကြီးက ပြန်မထိုးဘူးလား"

"ဟင့်အင်း ဆရာမကို တိုင်တယ်"

ကျွန်မကလည်း သူတို့သားအဖ ဘာဆက်ပြောသည်ကို ဆက် နားမထောင်ပဲ လုပ်စရာရှိသည်များကို လုပ်နေ၏။ နောက်နေ့ ညနေတွင် မြတ်ကျော်မိုးတို့အုပ်စု ပြတ်ကျသောစွန်များ လာကောက်ရင်း ကျွန်မ တို့ခြံထဲရှိ သဲပုံပေါ်တွင် ကစားနေကြသည်။ ကျွန်မကလည်း ပန်းပင်များ ကို ရေလောင်းနေသည်။

"မင်းလားကွ ကိုကိုကြီးကို မနေ့က လက်သီးနဲ့ထိုးတာ"ဟု မောင်မျိုးမင်းသည် အော်ပြောကာ တစ်ဟုန်ထိုးပင် မြတ်ကျော်မိုး၏ ရှပ်အင်္ကျီကိုဆွဲ၍ မျက်နှာကိုရော ရင်ပတ်ကိုပါ လက်သီးနှင့်ထိုးပါတော့ သည်။ မြတ်ကျော်မိုးသည် ရုတ်တရက်ဖြစ်၍ သဲပေါ်တွင် ဖင်ထိုင်လျက် ကျသွားပါတော့သည်။

"သားငယ်လေး ကိုယ့်အိမ်မှာ လာကစားတဲ့ သူငယ်ချင်းတွေ ကို ဘာလို့ ဒီလိုလုပ်ရတာလဲ"

မောင်မျိုးမင်းသည် အိမ်ထဲသို့ ငြိမ်သက်စွာ ဝင်သွားလေပြီ။ ကျွန်မမှာ မြတ်ကျော်မိုးကို သဲထဲမှဆွဲထူကာ တောင်းပန်၍ ပြန်လွှတ် လိုက်ရ၏။ မောင်မျိုးမင်းကို ကျောင်းမအပ်ရသေး။ သူ့အစ်ကို မနေ့က တိုင်ကြားနေသော စကားအရ မြတ်ကျော်မိုးကို လက်သီးနှင့် ထိုးလိုက် ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်မျိုးမင်းသည် သူ့အဖေရုံးမှ ပြန်လာသောအခါ သူ့ကိုကျောင်းကွင် လက်သီးနှင့်ထိုးသော မြတ်ကျော်မိုးကို သူပြန်၍ ထိုးလိုက်ကြောင်း ပြောပြနေသည်။ သူ့ဖခင်ကတော့ သူ့သား၏သတ္တိကို သဘောကျချင်ကျနေပေလိမ့်မည်။ ကျွန်မကတော့ မနေသာ။

''အေး...မြတ်ကျော်မိုးတို့ကလည်း ညီအစ်ကို တစ်ပုံကြီးမင်းထက်လည်း ကြီးတယ်။ သားငယ်လေးတော့ တစ်နေ့နေ့ ဝိုင်းထိုးလိမ့်မယ် သတိထား''ဟူ၍ သူ့ကို ပြောပြရ၏။ အာဇာနည်ကျော်ကျော်ဝင်းကတော့ ညီငယ်ကိုတစ်လှည့် အဖေကိုတစ်လှည့်ပင် ကြည့်နေသည်ဘာမှ ဝင်မပြောပါ။

ဤနေရာ၌ ဘာကြောင့် အာဇာနည် ကျော်ကျော်ဝင်းကိုယ့်မြေးကို ကိုယ်အမည်မှည့်ထားရသည်ကို ရှင်းပြရန်လို၏။

ကျွန်မတို့ ဂွတ္တလစ် လမ်းကြီးသည် ကမ္ဘာအေးလမ်းကျိုက္ကဆံကွင်းကို ဆက်သွယ်ထားရာ လမ်းမကြီးတစ်ခုဖြစ်၏။ တစ်နေ့တွင်တော့ ရာဇဝင်တွင်မည့် လမ်းမကြီးတစ်ခု ဖြစ်လာပေလိမ့်

လူထုနှင့်ဆိုင်သော နေ့များတွင် လူထုများချီတက်ရာ လမ်းကြောင်းကြီးတစ်ခုဖြစ်၏။ ဥပမာ ပြည်ထောင်စုနေ့၊ မေဒေးနေ့ အသည့်တို့၌ ကမ္ဘာအေးလမ်းမသည် ကျိုက္ကဆံကွင်းအထိ ကြွေးကြော်သံများကို အော်ဟစ် ချီတက်သွားကြ၏။

လူထု ချီတက်သွားစဉ်''တို့အရေး တို့အရေး''ဟူသော ကြွေးအော်သံများကို ကျွန်မတို့အိမ်မှ ကြားရ၏။ နာနီများသည် လူထုတက်လာချိန်ကိုမှန်း၍ လမ်းမကြီးထိပ်သို့ သွားကြည့်ရန် ပြင်ဆင်





ကြ၏။ ထိုအချိန်တွင် ရုပ်ရှင်မင်းသမီးများသည် အလှဆုံးပြင်မှု၍ ပန်းဆက်ခြင်း၊ အလံကိုင်ပြေးခြင်းများကို တွေ့ရ၍ နာနီများသည် သွား၍ကြည့်ချင်ခြင်း ဖြစ်ပါသည်။

နာနီများ အလှပြင်နေလျှင် ကျော်ကျော်ဝင်းကို မတွေ့ရ၊ အဝတ်အစားလဲပြီးသော နာနီနှင့် ထမင်းချက် ကလေးမလေးများသည် ကျော်ကျော်ဝင်း နာမည်ကို အော်ခေါ်ကာ လိုက်ရှာကြ၏။

''စုစုမေမေ ကျော်ကျော်ဝင်းရော၊ ကျွန်မတို့ သွားတော့မယ်သူ့ကို အကျီလဲပေးမလို့''

ကျွန်မသည် ကလေးကို လိုက်ရှာရင်း ကျွန်မ၏ အိပ်ခန်းထဲသို့ ဝင်လာ၏။ ထိုအခါတွင် ကျော်ကျော်ဝင်းသည် အခန်းထောင့် ဗျာဒိပ်ကြားထဲမှထွက်လာကာ ''ဘွားဘွား။ သားကြီး မလိုက်ချင်ဘူး။ လိုက်ချင်ဘူး''ဟု တုန်တုန်ယင်ယင်နှင့် ငိုရှိုပြ၏။

''ကဲဟေ့ နော်ထူးဖော မင်းတို့ဘာသာ သွားကြည့်ပေတော့၊ ကျော်ဝင်းကို စုမေနဲ့ထားခဲ့''ဟုဆိုကာ သူ့ကိုလှမ်း၍ဖက်လိုက်ပါသည်။ သူသည် ကျွန်မရင်ခွင်ထဲတွင် ခေါင်းလေးပုနေ၏။ နော်ထူးဖောတို့ထွက်ခွာသွား၍ ၁၅ မိနစ် မိနစ် ၂၀ ခန့်ကြာလျှင် ''တို့အရေး'' ''တို့အရေး''ဟူသော အသံများကို ကြားရ၏။ ကျော်ကျော်ဝင်းသည် ဆတ်ဆတ် တုန်ရုံမက ရင်ကပါခုန်လာ၍ ကျွန်မသူ့ကို ခပ်တင်းတင်း ဖက်ထားပါသည်။ သူ့မျက်နှာကလည်း ချွေးများဝိုင်းလိုက်၍ ပြေးပေါက်နေသော ယုန်ကလေးအသွင် ရှိနေ၍ တကယ်ကြောက်နေသည်ကို သိသွားနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားကြီး ဒီအော်သံက လူထုကအော်သံ သားကြီးဘာလို့ ဒါလောက် ကြောက်ရတာလဲဟင်၊ ဘွားဘွားကို ပြောပြစမ်း။ သူတို့က သားကြီးကို ဘာမှ လုပ်မှာ မဟုတ်ပါဘူး"

သူသည် ငိုတော့မလို၊ ကျွန်မလည်ပင်းကို အတင်းဖက်ထား ရာမှ "ဘွားဘွား မသိပါဘူး"ဟု ဆို၏။

"ဟုတ်တယ် ဘွားဘွား မသိပါဘူး သားကြီးက ပြောပြလေ"

"တို့အရေးတွေကလေ သားကြီးကို သိပ်ဒုက္ခပေးတာပဲ"

"ဟင်"ဒုက္ခဆိုသော စကားလုံးကို ထိုအရွယ်တွင် မိုးကျော်ဝင်း သည် မသုံးသင့်သေးဟု ကျွန်မ ထင်ပါသည်။

သူသည် ကြောက်ကြောက်လန့်လန့် တုန်တုန်ယင်ယင်နှင့်ဆ ၍ ဂျပန်များ ဓားရှည်ကိုင်၍ လူတစ်ယောက်ကို ခုတ်သတ်ဟန်အတိုင်း လက်နှစ်ဖက်ကို စုံမြှောက်၍ ပိုင်းချလိုက်ပါသည်။

"အဲဒီလိုပဲ အဲဒီလိုပဲ တို့အရေးတွေက သားကြီးကို သတ်ပစ် လိုက်ကြတယ်"

သူသည် စကားဆုံးလျှင် ကျွန်မကိုဖက်ကာ ရင်ခွင်ထဲထိုးဝ လိုက်၏။ သူ့စကားကို ကြားရသောအခါ ကျွန်မ တုန်လှုပ်သွား အဘယ်ကြောင့်ဆိုသော် ဝင်စားသည်ဆိုသော စကားကို ကျွန်မ သတိ သွားရခြင်းကြောင့် ဖြစ်ပါသည်။ သားကြီး၏ ဖေဖေနှင့် မေမေ ရုံး ပြန်လာသောအခါ ထိုအကြောင်းကို ပြောပြရာတွင်မူ...

"အဘိုးအဘွားတွေက တော်လှန်ရေးသမားကြီးတွေမို့လို့ပဲ ပါ၊သားကြီးကျတော့ အာဇာနည်ပဲ ကြောက်တတ်လိုက်ကာ အလွန်ပဲ"





ဟု သူ့အဖေက သာမန်ပင် မှတ်ချက်ချပါသည်။ ကျွန်မအနေနှင့်ကတော့ သူတို့လိုမဟုတ် အမြဲတစေ ကျွန်မနှင့်အတူ ကလေးများ နေရသောအချိန် မှာ မိဘများနှင့်နေရသော အချိန်ထက်များပါသည်။ ထို့ကြောင့် သားကြီး တွင် ကြောက်စိတ်မရှိအောင် ဖြေဖျောက်ပြောသည်မှ တစ်ပါး ကျွန်မ ထိုစကားကို ဆက်လက်မမေးပါ။ ကျော်ကျော်ဝင်းသည် တခြားလူစု ဝေး ဆူဆူညံညံ တီးသံမှုတ်သံကိုတော့ ကြားလျှင် အခြားကလေး နည်းတူ ပျော်ပျော်ရွှင်ရွှင်နှင့် သီချင်းများ အော်ဟစ်သီဆို နေတတ်ပေ သည်။ "တို့အရေး"ဟူ၍ ကြွေးကြော်အော်ဟစ်သော လူထု တန်းစီ လျှောက်သွားခြင်းကိုသာ သူကြောက်ရွံ့တုန်လှုပ်ခြင်း ဖြစ်ပါသည်။

"တို့အရေး'အော်သံနှင့် ပတ်သက်၍ ကျွန်မကို ဆက်လက် ပြောသော်လည်း တစ်ခါတစ်ရံတွင် ကျွန်မအနားကပ်လာ၍ "ဘွားဘွား သားကြီးစစ်ရုံးမှာ နေတုန်းကလေ ဗိုလ်မှူးကြီးတွေကနေ ရဲဘော်တွေ ဆီ အရက်တွေလေ သိပ်သောက်တာပဲ"ဟု ပြောတတ်ပြန်ပါသည်။ ကျွန်မကမူ သူ့အဖေ လေတပ်အရာရှိ ရိပ်သာသို့ သားကြီးကိုခေါ်သွား ၍ အရာရှိများရိပ်သာတွင် အရက်သောက်သည်ကိုမြင်၍ ပြော သည်ထင်သောကြောင့် "ဖေဖေတို့ လေတပ်မှာလား"ဟု မေးလိုက် သည်။

"အို... ဖေဖေတို့ သောက်တာက အရက်အကောင်းစားပါ ဘွားဘွားရဲ့ ပြီးတော့ သိပ်မမူးပါဘူး။ သားကြီးတို့သောက်တာက တန်လုံး လဲကျသွားအောင်သောက်တာ။ သားကြီးလေ တစ်ခါတည်း သွားအောင် မူးသွားအောင် သောက်လိုက်ချင်တယ် ဘွားဘွားရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘုရား. . .ဘုရား ကျွန်မရင်ထဲတွင် ဘုရားတမိ၏။ ကျွန်
အရက်ကို အလွန်ပဲကြောက်သူဖြစ်၏။ ကျွန်မ၏ချစ်သူ ဖိုးကျော်သော
အသက်ရှိစဉ်ကပင် သူငယ်ချင်းများကို ညှော်ခံလို၍ ဝတ္တရားရှိသည်
အတိုင်း ညှော်ခံလိုလျှင် အရာရှိရိပ်သာနှင့် အိမ်ပြင်ပမှာညှော်ခံပါ
တောင်းပန်ထားပါသည်။ လစဉ်ရသော လခအနေနှင့်တောင် ကိုယ့်
သားရသောလခကို တစ်ပြားမှမအပ်ချင်နေပါ။ ခွင့်လွှတ်ပါ၏။ အရ
သောက်သည်ကိုတော့ မသောက်ရန် တောင်းပန်ခဲ့တူးပါသည်။ သူမကြို
သော ပါတိတ်လုံချည်နှင့် ဆံပင်ကောက်ခြင်း၊ ရင်ဘတ်တွင် အ
အတက်တပ်သော ဘရာစီယာကိုလည်း မဝတ်ပါဟု အပေးအယူ
လည်မှုယူထားပါသည်။

အခု ကျွန်မမြေးဦး ၅ နှစ်ပင် မပြည့်သေးခင် သူဘာ
ပြောပါလိမ့်။ အရက်အကောင်းစား အပေါစားကို ခွဲခြား၍ သိနေပြီ
တော့ အခုဘဝအသိ ဘယ်နည်းနှင့်မှ မဟုတ်နိုင်ဟု ကျွန်မထင်ပါသည်

''သားကြီးတို့ အဲဒီလို လဲကျသွားအောင် မူးနေတုန်း ''
အရေး''တွေက သားကြီးကို သတ်ပစ်လိုက်တာပေါ့''

ကျွန်မသည် ထိုစကားကို ထပ်ကာထပ်ကာ မကြားချင်
ပါ။ ငယ်စဉ်က ကျွန်မကြားဘူးသည်မှာ လူဝင်စားများမှာ သူတို့၏
ရာ အနီးစပ်ဆုံးဘဝကို သတိရတတ်သည်။ ကြီးသော် မေ့သွားတတ်သည်
ဆို၏။ သားကြီးကို မေ့သွားစေချင်၏။

''ကဲလေ အရက်တွေ မူးပြီး မေ့လဲသွားအောင် သောက်
သားကြီးတို့ကို ''တို့အရေး''တွေက သတ်ပစ်တာခံရတာမို့လား။ သာ





သာ အရက်မသောက်ရင် သူများသတ်တာကို မခံရဘူး။ နောက်ထပ်
သားကြီး အရက်သောက်ချင်တယ်လို့ ဘွားဘွားကို မပြောနဲ့တော့နော်''

နောက်ပိုင်းမှာမူ သရက် အောင်မင်္ဂလာ အရှင်စန္ဒာဝရရေးသား
သော စာအုပ်ထဲမှကလေးများ ကျက်မှတ်ရန် လွယ်ကူသော ငါးပါးသီလ
မှာလိုသက်သက်ကို ကျက်ခိုင်းရပါသည်။ ကျော်ကျော်ဝင်း၏ အကျင့်
ခုမှာ သူ့အား စာအုပ်ကလေးများဝယ်၍ နာမည်တပ်ကာ လက်
ဆောင်ပေးလျှင် သူအလွန်သဘောကျ၏။ သူသည် ကျွန်မ ကျက်ခိုင်း
သော လင်္ကာလေးကိုရလျှင် လက်ပိုက်၍ ရွတ်ပြပါသည်။

၁။ သူ့အသက်လည်း မသတ်ဘဲ အမြဲရှောင်ကြဉ်မည်။

၂။ သူ့ဉစ္စာလည်း မခိုးဘဲ အမြဲရှောင်ကြဉ်မည်။

၃။ ကာမဂုဏ်မှဲ့ ကျင့်ဖောက်လွဲ အမြဲရှောင်ကြဉ်မည်။

၄။ လိမ်ညာ၍လည်း မပြောဘဲ အမြဲရှောင်ကြဉ်မည်။

၅။ သေအရက်လည်း မသောက်ဘဲ အမြဲရှောင်ကြဉ်မည်။

မူးယစ်ဆေးလည်း မသုံးဘဲ အမြဲရှောင်ကြဉ်မည်။

ကျွန်မသည် လင်္ကာလေးကို သင်ရုံမက အရက်နှင့်ပတ်သက်
သားကြီးအိပ်ချိန်တွင် ပုံတစ်ပုံပြောရန် စဉ်းစားထားပါ၏။

မောင်မျိုးမင်း ဖတ်လိုက်ကျော်ကိုလည်း စာတစ်အုပ်ပေးလိုက်
သူစာမဖတ်တတ်သေး၊ ကျောင်းသို့ပင် မသွားသေးပါ။ သို့သော်
ဘာတွန်းနှင့် ရွှေသွေး၊ တေဇတို့ကအစ သူ့ကိုကိုကြီးကို တစ်အုပ်ဝယ်
လျှင် သူ့ကိုလည်း ပေးရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသိချင်သောအကြောင်းအရာများကို ကျွန်မနှင့် သူ့မိခင်အ
ပြောပြရပါသည်။ ယခုလည်း သူသည် စာအုပ်ကိုပိုက်ရင်း...

''ဘွားဘွား ဘာကိုကျက်ရမှာလဲ''ဟုမေး၏။

''ဘွားဘွားက ချပေးမှာပေါ့၊ သားငယ်လေးက လိုက်ဆိုနော်
ကိုကိုကြီးတောင် ရသွားပြီ''

ကျွန်မသည် ငါးပါးသီလ ကဗျာလေး၏ ပထမအပိုဒ်ကို နှုတ်
တိုက် သင်ပေးပါသည်။ သူသည် အားရပါးရ အော်ဟစ်၍ လိုက်ဆို

''သူ့အသက်လည်း မသတ်ဘဲ အမြဲရှောင်ကြဉ်မည်''

ထိုတင်ပိုဒ် ဆုံးလျှင်ပင်

''ရော့ ဘွားဘွား၊ စာအုပ်မလိုချင်တော့ဘူး'' ဟုဆိုကာ စာအု
ကို ကျွန်မပေါင်ပေါ်တင်ကာ သင်ပေးသည်ကိုလည်း မဆိုဘဲ ခြံပြင်သို့
ပြေးထွက်သွားပါသည်။

ကျွန်မက မပုလေးကို အကျိုးအကြောင်း ပြောပြ၏။ မပုလေး
ကပြုံးကာ...

''ဘယ်လိုက်ဆိုမလဲ စုမေမြေး ဘာလုပ်လဲဆိုတာ ကြည့်
လား'' ဟုပြော၏။ ကျွန်မသည် ထမင်းစားခန်းပြတင်းမှ ခြံပြင်သို့
ကြည့်လိုက်သောအခါ မောင်မျိုးမင်းသည် တုတ်တစ်ချောင်းနှင့် ခ
တစ်ကောင်ကို မသေမချင်း ရိုက်သတ်နေပါတော့သည်။

''အဲဒါ ဒီတစ်ခါတည်း မဟုတ်ဘူး၊ စုမေ ရိပ်သာသွားနေ
ဆိုရင် သူလေ ကြွက်တွေလည်း လိုက်သတ်တာပဲ၊ ပုရွက်ဆိတ်တွေ
လည်း နင်းချေသတ်ပစ်တာပဲ''ဟု မပုလေးက ပြောပြ၏။





ကျော်ကျော်ဝင်းနှင့် မောင်မျိုးမင်းကို တစ်ပုံစံတည်း ကိုင်၍
မဖြစ်သေးပေ။ အဘယ်ကြောင့်ဆိုသော် ညီအစ်ကိုနှစ်ယောက်သည် မသိ
မသာနှင့် အကျင့်စာရိတ္တ တူမယောင်နှင့် ကွဲပြားခြားနားလှလေသည်။

မြေးငယ်တို့၏ မေးခွန်းကို အဖြေကောင်းရုံမက သူရဲကောင်း
ဖြစ်စေလို၍ သူရဲကောင်းပုံပြင် အပြောကောင်းပါသော ပုံပြောကောင်း
သည့် ဘွားဘွား အကျပ်ရိုက်ရပါသော လက်တွေ့သင်ခန်းစာ တစ်ခုကို
ကျွန်မ ဆက်၍ တင်ပြချင်ပါသေးသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## လေယာဉ်ပျံကို ခဲနဲ့ပေါက်ရင် ထိလိမ့်မယ် မယုံမရှိနဲ့

"ဝုန်း...ဒိုင်း"

တိတ်ဆိတ်ငြိမ်သက်နေသော ကျွန်မ ပတ်ဝန်းကျင်တွင် တစ်မုဟုတ်ချင်း ဆူညံသွားပါသည်။ ကျွန်မထိုင်နေသော မြက်ခင်းပေါ်သို့ ရှေ့ဆင့်နောက်ဆင့် ကျွမ်းပစ်ဝင်လာသော မြေးငယ်နှစ်ယောက်ကိုလည်း လျှပ်ပြက်သလို ကျွန်မ မြင်လိုက်ပါ၏။

သူတို့သည် မြက်ခင်းပေါ်တွင် မှောက်လျက်နေရာမှ မောင်မျိုးမင်းသည် ကောင်းကင်ကို လက်ညှိုးထိုးပြရင်းအော်၏။

"ဘွားဘွား...ဟိုမှာ ဟိုမှာ လေယာဉ်ပျံကြီး တိမ်ထဲဝင်သွားပြီ"

"အဲဒါ ဘာဖြစ်လဲ၊ အိမ်ထဲမှာ သားကျွမ်းထိုးရတာ ဘာကို မြက်ခင်းပေါ် ထိုးရတာလဲ၊ ဇက်ကြိုးလိမ့်မယ်"





"ကိုကိုကြီးက ဂျက်လေယာဉ်ပျံကြီးကွ၊ ခဲနဲ့လိုက်ပေါက်ရအောင်ဆိုလို့ အဲဒါ ခဲနဲ့ပေါက်ရင်းက ကျွမ်းထိုးချင်လို့"

'သားကြီးက တော်တော်ကဲ၊ ညီလေးကို ဆုံးမရမှာ မင်းကချည်းပြီး မဟုတ်တာတွေလုပ်တယ်"

ဖိုးကျော်ဝင်းက ဘာမှမဖြေခင် မျိုးမင်းသည် ပါးစပ်ကြီးတစ်လုံးနှင့် အားရပါးရ ပြော၏။

"ဘွားဘွားကလည်း အဲဒါ ဒဲ့ဒါ ဖော်ကာဂျက်လေယာဉ်ပျံကိုတာ မဟုတ်ဘူး"

"ကြီးကျယ်လိုက်တာ လေယာဉ်ပျံ အမျိုးအစားကို သူကခွဲခြားနေလိုက်တာ"

"သား သိပါတယ်၊ ကောင်းကင်မှာလေ၊ ဒုံးပျံတွေ ပျက်နေတယ်"

"အဲဒါ ဘာဖြစ်လဲ၊ မင်း ဘယ်သူကပြောလဲ"

"အဲဒီ ဒုံးပျံအပျက်တွေကို ဆွဲချဖို့ ဖေဖေကလေ မနက်အစောကြီးက မင်္ဂလာဒုံကိုသွားတာ၊ အဲဒီဖော်ကာကို မောင်းတက်သွားပြီး ကောင်းကင်ပေါ်က ဒုံးပျံအပျက်တွေကို ဆွဲချလာမှာ"

"ဟုတ်ကဲ့ ပညာရှိကြီး၊ ကဲ ဖေဖေက မောင်းသွားပါပြီတဲ့" ဖေဖေမောင်းတဲ့ လေယာဉ်ပျံကြီးကို ဘာလို့ ခဲနဲ့ပေါက်ရတာလဲ၊ လေယာဉ်ပျံထိရင် ဘယ်နှယ်လုပ်မလဲ။ ညီလေးကလုပ်ချင်တောင် ကိုကိုကြီးကတားရမှာပေါ့။ သားတို့ပေါက်တဲ့ ခဲက အိမ်ကိုမှန်ရင် ပြတင်းပေါက်က

www.burmeseclassic.com



မှန်တွေကွဲကုန်မှာပေါ့၊ လာစမ်း နှစ်ကောင်စလုံး၊ မနေ့ကလည်း ဘွားဘွား
ရိပ်သာသွားနေတုန်း လောက်လေးခွနဲ့ ခဲနဲ့တွေ့ရာလျှောက် ပစ်
တယ်ဆို၊ တစ်ခါတည်း ဗျတ်ဝိ၊ ဗျတ္တ ညီအစ်ကိုကျနေတာပဲ၊ ဒီအရွယ်
ထက်ကြီးရင် မင်းတို့ ညီအစ်ကိုလား အိမ်ကိုမှောက်ပစ်မှာ''

ကျွန်မစကားမှ မဆုံးခင် ခပ်လှမ်းလှမ်း မြက်ခင်းပေါ်မှ
မှောက်လျက်သား မေးထောက်နေသော ပုံကြီးက် ကျော်ကျော်ဝင်းသည်
ကျွန်မအနားသို့ လူးလဲထ၍ ပြေးလာကာပြော၏။

''ဘွားဘွား...ဘွားဘွား၊ ဗျတ်ဝိနဲ့ဗျတ္တ ဘာဖြစ်လဲ၊ သားကြီး
ပြောပါ။ သားကြီးနားထောင်ချင်တယ်''

''ကဲ ညီအစ်ကိုနှစ်ယောက်လုံး ငြိမ်ငြိမ်ထိုင် နားထောင်နော်''

ကျွန်မသည် မြက်ခင်းပေါ်တွင် နေအေးချိန် တစ်ယောက်တည်း
နေလေ့နေထ ရှိပါသည်။ သူတို့မိဘများ အလုပ်ခွင်မှ ပြန်မလာ
ခဏငြိမ်လျှင် တော်လောက်ပေပြီ။ သို့မဟုတ်လျှင်မူကား ကျွန်
ကောင်းသည်နှင့် ဒူးပြဲ၊ မေးစေ့ကွဲနှင့် ဒဏ်ရာတွေ ပေါ်ကြပေအုံးမည်
တစ်နေ့ကပင် ကွမ်းသီးပင် မမြင့်တမြင့်ပေါ် ကျော်ကျော်ဝင်း ဖက်တက်
အပေါ်မရောက် အောက်မကျဘဲ ကွမ်းသီးပင်အလက်ကိုဆွဲကာ ထ
လန်းကြီးဖြစ်နေ၏။ မေးစေ့နှင့်ဒူးများပွန်းပဲ့သွား၏။ ဖိုးကျော်ဝင်းသည်
အဖြစ်ရှိသူမဟုတ်။ ထိမိလျှင် မျိုးမင်းလို အောင့်၍မခံ၊ အသံကုန်အော
တတ်၏။ မအေက ဆရာဝန်ဖြစ်နေ၍သာ ခံသာပါသည်။ တခြားမိဘ
လျှင် ဒူး၊ မေးစေ့၊ လက်တို့တွင် ထည့်ရသော တင်ချာ၊ ဂွမ်း
ပလာစတာတို့ ကုန်ကျသောဒဏ်ကို ခံနိုင်မည်မဟုတ်ပေ။





ယခုလည်း ဒူးတွင် ပလာစတာ ကပ်လျက်နှင့် ဖိုးကျော်ဝင်း
သည် အနားကပ်၍ ထိုင်ကာ ငြိမ်ငြိမ်သက်သက် နားထောင်၏။

''တစ်ခါတုန်းက အခု သထုံမြို့နားမှာ ဘုန်းတော်ကြီးတစ်ပါး
ရှိတယ်၊ အဲဒီ သထုံမြို့က အခုလို မဟုတ်ဘူး၊ ပင်လယ်ကမ်းစပ်မှာ
ရှိတယ်၊ နောက်မှ သဲသောင်ပြင်တွေထွန်းပြီး မြေကြီးတွေ ပိုပိုလာရာက
ပင်လယ်နဲ့ ဝေးသွားတယ်၊ တစ်နေ့တော့ ဆရာတော်ဘုရား ပင်လယ်
ကမ်းစပ်မှာ လမ်းလျှောက်နေတုန်း ပျဉ်ပြားစ တစ်စကို ဖက်တွယ်ပြီး
မျောလာတဲ့ ကုလားလေးနှစ်ယောက် တွေ့ရတယ်။ သူတို့နှစ်ယောက်
ကို ဘုန်းကြီးက ဆယ်ယူပြီး ကျွေးမွေးထားတာပေါ့၊ သူတို့ဟာ အိန္ဒိယ
ပြည်က သင်္ဘောနဲ့အလာ ပင်လယ်ထဲမှာ သင်္ဘောပျက်တဲ့အတွက်
တွယ်မိတွယ်ရာ ပျဉ်ပြားလေးတစ်ချပ်ကိုတွယ်ပြီး ပင်လယ်ထဲ မျောနေ
တာပေါ့။ ဒီလိုနဲ့ လှိုင်းပုတ်ရင်းက ကမ်းစပ်ဘက်ကို ရောက်လာပြီး
ဘုန်းတော်ကြီးနဲ့ တွေ့ရတာကိုး။ ဘုန်းတော်ကြီးကလည်း ကျောင်းမှာ
ဘုန်းကြီးကျောင်းသားအဖြစ် ကျွေးမွေးထားတာပေါ့။ သားကြီးတို့
ညီအစ်ကိုလိုပဲ ကုလားလေးနှစ်ယောက်ဟာ သိပ်ဆော့တာပဲ၊ အစ်ကို
ကြီးနာမည်က ဗျတ်ဝိတဲ့၊ ညီငယ်နာမည်က ဗျတ္တတဲ့၊ တစ်နေ့တော့
ဘုန်းတော်ကြီးဟာ တောထဲသွားရင်းက တောထဲက ဇော်ဂျီအသေ
တစ်ကောင် ရလာတယ်။

ဇော်ဂျီဆိုတာ ဘွားဘွားတို့လို လူပဲ။ ဒါပေမယ့် သူက
ကောင်းကင်ကို ပျံတက်နိုင်တယ်၊ အစာစားရင်အသားမစားဘူး၊ တော
က သစ်သီး သစ်ဥတွေပဲ စားတယ်။ အထူးသဖြင့် နံ့သာပု ငှက်ပျော်



www.burmeseclassic.com

www.burmeseclassic.com



သီးတို့ သီးမွှေးတို့ သက်သတ်လွတ် စားတယ်။ ဒီတော့ သူ့ကိုယ်ဟာ မွှေးကြိုင်နေတာပဲ။ အဲဒီဇော်ဂျီသေရင် ဇော်ဂျီရဲ့ ကိုယ်က ငယ်ငယ်လေး ဖြစ်သွားတယ်။ ကလေးလေး ခုနစ်လသားအရွယ်လောက် ဖြစ်သွားရောတဲ့၊ ဘုန်းတော်ကြီးက အဲဒီဇော်ဂျီအသေကောင်လေးကို ယူလာပြီး မီးကင်ထားတာပေါ့။ သူက တခြားမှာ အလုပ်ရှိတော့ ခဏသွားချင်တာနဲ့ ဗျတ်ဝိနဲ့ ဗျတ္တကို မှာခဲ့တယ်တဲ့။

"ဘုန်းတော်ကြီး အပြင်ကို ကိစ္စရှိလို့ သွားအုံးမယ်၊ မင်းတို့ ညီအစ်ကိုနှစ်ယောက် ကျောင်းမှာ ကောင်းကောင်းနေရစ်။ ဇော်ဂျီကောင်ကိုလည်း မီးကင်ထားတယ်။ မီးမကျွမ်းအောင် ကြည့်ထားလိုက်လို့မှာပြီး ထွက်သွားတယ်။ ဇော်ဂျီသားဟာ မီးကင်ထားတော့ ပိုပြီးမွှေးတာပေါ့။ ပြီးတော့ ဇော်ဂျီသားကို စားရင် ကိုယ်ပျောက်နိုင်တယ်။ ဒါကြောင့် ဘုန်းတော်ကြီးက စားဖို့ကင်ထားတာ။

ဗျတ်ဝိနဲ့ဗျတ္တကတော့ ကိုယ်ပျောက်တာတွေ ဘာတွေ မသိပါဘူး။ ဇော်ဂျီသားကင်က တဖြည်းဖြည်း မွှေးလာလွန်းအားကြီးတော့ သူတို့ စားချင်တာပေါ့။ ဆာလည်း သိပ်ဆာတာနဲ့ ညီအစ်ကို နှစ်ယောက် ဇော်ဂျီသားအကင်ကို စားလိုက်ကြတာ ကုန်သွားရော။ စားလည်းပြီးရော သူတို့ကိုယ်က ရိုးတိုးရွတဖြစ်လာပြီး အားလည်းရှိလာတယ်။ အဲ့ သူတို့ညီအစ်ကိုနှစ်ယောက် အားစမ်းကြည့်ရအောင်ဆိုပြီး လူတစ် ထောင်မ,မှ မ,လို့ရတဲ့ ကျောက်ဖျာကြီးကို မ,ချီပြီး ကျောင်းရဲ့လှေကား မှာ ချထားကြတယ်။

ဘုန်းတော်ကြီးကလည်း ပြန်ရောက်လာတော့ အံ့အားသင့်သွား





တာပဲ၊ ချက်ချင်းသိတာပေါ့။ "ငါ့ဇော်ဂျီသားတော့ ဒီကောင်လေးနှစ်ကောင် စားပစ်လိုက်ပြီ။ ခေါ်မေးမယ်"ဆိုပြီး မေးတော့ ညီအစ်ကိုနှစ်ယောက်က မလိမ်ပါဘူး။ မှန်တဲ့အတိုင်း ပြောတယ်။ ဘုန်းတော်ကြီးလည်း ငါနဲ့မထိုက်လို့ ငါမစားရတာပဲဆိုပြီး ညီအစ်ကိုနှစ်ယောက်ကို နှင့်လွှတ်လိုက်တယ်။ ကျောက်ဖျာကြီးကိုလည်း ပြန်ပြီးရွှေ့ခိုင်းတယ်၊ သိမ်လည်ပြီး မပြောတာကို ဘုန်းတော်ကြီးက သဘောကျတယ်။ သူတို့ ညီအစ်ကို နှစ်ယောက်ကိုတော့ ကျောင်းမှာမထားဘဲ သထုံဘုရင်ကို အပ်လိုက်တယ်တဲ့။ သူတို့ညီအစ်ကို နှစ်ယောက်လည်း သထုံပြည်မှာ သူရဲကောင်းနှစ်ယောက်အဖြစ် တိုင်းပြည်အကျိုးကို ဆောင်ရွက်ကြတယ်တဲ့။

ကျွန်မသည် ကျန်သော ပုံပြင်တစ်ပိုင်းကို ကလေးများနှင့် ဆိုင်၍ ဆက်မပြောတော့ဘဲ ရပ်လိုက်၏။ သို့သော် ပုံပြောကောင်းသော ဘွားဘွားသည် ပြဿနာ တက်လာတော့၏။ ပုံဆုံးလျှင် ဖိုးကျော်ဝင်းတို့ ညီအစ်ကို ငြိမ်သက်သွားမည် ထင်ပါသည်၊ ဤသို့မဟုတ်ပါ။ ဖိုးကျော်ဝင်း သည် ကတ်သီးကတ်သတ် ပူဆာပါတော့သည်။

"ဘွားဘွား အဲဒီ ဇော်ဂျီသားအကင် စားချင်တယ် ဘယ်မှာရ သလဲဟင်"

"အို သားကြီးကလည်း ပေါက်ပေါက်ရှာရှာ ဘာဖြစ်လို့ စားချင်ရတာလဲ"

"သားကြီးနဲ့ ညီလေးစားပြီးရင် အိမ်ကြီးကို မပြီးကြည့်ချင် တယ်။ မှောက်လည်း ကြည့်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘုရား၊ ဘုရား ကျွန်မ ဘယ်လိုဖြေရပါ့။

''ဒီလိုလေ ဇော်ဂျီက တောထဲမှာ နေတယ်။ ရန်ကုန်နားမှာ တောမှ မရှိဘဲ။ သထုံမြို့ကိုလည်း ဘွားဘွားမသွားနိုင်ဘူး။ ပြီးတော့ သထုံမြို့နားက တောထဲမှာမှ ဇော်ဂျီကရှိတာ။ သူတို့က ခဏခဏ မသေဘူး။ ဇော်ဂျီတစ်ယောက်ရဲ့အသက်က ဟစ်ထောင်လောက်ရှည် တာ။ သူတို့ အသားက သိပ်ရှားတာ''

''လူကြီးရင်တော့ မှာပေးပါ ဘွားဘွားနော်''

''အေးလေ မှာတော့ ပေးမှာပေါ့''

ကျွန်မမှာ ညီအစ်ကို နှစ်ယောက် ဘာမှထပ်မမေးတော့ဘဲ ထသွားသည့်အတွက် အသက်ရှူ ချောင်သွားပါသည်။ တစ်ခါကလည်း ကျွန်မအတော် အကျပ်ရိုက်သွားပါ၏။ ထိုနေ့ကို ရက်စွဲအားဖြင့် သတိ မရသော်လည်း သုခမိန်များ စာပေဟောပြော ဆွေးနွေးကြသော နေ့တစ် နေ့နှင့်တော့ သက်ဆိုင်နေပါသည်။

ထိုနေ့က စာပေဆွေးနွေးပွဲသို့ ကျွန်မ မတက်နိုင်ပါ။ သတင်းစာ များ ဖတ်ရင်းမှ ပုဂံသူရဲကောင်းများအကြောင်း သူတို့ ဆွေးနွေးသွား သည်ဟု ဖတ်လိုက်ရ၏။

ထိုညက ကျွန်မသည် မြေးနှစ်ယောက်အား ပြောပြစရာပုံပြင် ကို တွေသွေထူးထူး စဉ်းစားမရသည်နှင့် ကျန်စစ်မင်းသားအကြောင်း ကို ပြောပြပါသည်။ မိငယ်ငယ်တုန်းကလည်း ဤလိုပင် မြန်မာသူရဲ ကောင်း ပုံပြင်များကို ပြောပြပါသည်။ ရှေးမြန်မာ ယဉ်ကျေးမှုနှင့် မစိမ်းအောင် သမီးကို ရတနာသုံးပါးနှင့် စပ်ဆိုင်ရာ ပုံပြင်များ၊ ရိုးရာဓလေ့





င် သူရဲကောင်း ပုံပြင်များကိုလည်း ပြောပြခဲ့ရာ သမီးသည် နားထောင် ညက လွဲ၍ ထူးထူးထွေ မမေးပေ။

သူ၏ သားတော် ကမြင်းနိုလေး ၂ ကောင်ကျတော့မှ ကျွန်မ ပြဿနာကြီးရပါတော့သည်။

''ဟိုခါတုန်းက ပုဂံပြည်မှာ အနော်ရထာမင်းကြီးဆိုတာ အုပ်စိုး ယ်၊ သူဟာတိုင်းပြည်ကို ကောင်းအောင် အုပ်ချုပ်တယ်။ ဘာသာရေးမှာ ည်း တိုးတက်အောင်လုပ်တယ်။ တိုင်းသူပြည်သားတွေ အစားအစာ ဖို့ လယ်ယာစိုက်ပျိုးရေးကိုလည်း အားပေးတယ်။ လယ်စိုက်ဖို့ ရနိုင်တဲ့ နေရာတွေမှာလည်း ဆည်မြောင်းတွေ ဖောက်ပေးပြီး ပေး ရေသွင်းပြီး လယ်ယာတွေ စိုက်တယ်။

''တစ်ချို့ နိုင်ငံတွေကိုလည်း စစ်ချီတက်တိုက်ခိုက်တယ်။ ခါတုန်းကတော့ သူ့မိတ်ဆွေ ပဲခူးဘုရင်ကို ဂွမ်းစစ်သည်တွေ ဝင် က်တိုက်ခိုက်တဲ့အခါမှာလည်း အနော်ရထာဟာ စစ်ကူများ သူရဲ ာင်းများကို ပို့ပေးတယ်။ ဥဿာပဲခူးဘုရင်ကို စစ်ကူပို့တဲ့ နေရာမှာ ရဲ့ သူရဲကောင်း ကျန်စစ်သားကို ခေါင်းဆောင်ပြီး ငထွေရူး၊ ငလုံးလက် ယ်၊ ညောင်ဦးဖီးတို့ကို စေလွှတ်တယ်။ ဂွမ်းစစ်သည် ၄ သိန်းကို ပုဂံ ရဲကောင်း ၄ ယောက်ဟာ သူတို့ ၄ ဦးတည်းနဲ့နိုင်အောင် တိုက်ခိုက်ပေး တယ်။

(ဤနေရာတွင် ကျွန်မသည် ဥဿာပဲခူးဘုရင်၏ သမီး မဏိ နှင့် ကျန်စစ်သားအကြောင်းကို ချန်လှပ်ထားခဲ့ပါသည်။ သားတို့ ်နှ အရွယ်ငယ်သေး၍ ဖြစ်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com



"အနော်ရထာဟာ ကျန်စစ်မင်းသားကို သူရဲကောင်းဖြစ် မြှောက်စားချီးမြှင့်ထားတယ်။ တစ်နေ့ကျတော့ ကျန်စစ်သားကို အကြောင်းတစ်ခုကြောင့် အမျက်တော်ရှတယ်။ ကျန်စစ်မင်းသား လက်ပြန် ကြိုးချည်ထားပြီး သူကိုယ်တိုင် သတ်မယ်ပေါ့။ အနော်ရထ ဘုရင်မှာ အင်မတန် တန်ခိုးရှိတဲ့ အရိန္ဒမာလှံဆိုတာရှိတယ်။ အ လှံကို အနော်ရထာ ဘုရင်ကြီးကို သိကြားမင်းက ဆက်သထားတယ်

"ကျန်စစ်သားကို အဲဒီလှံနဲ့ထိုးသတ်ဖို့ အနော်ရထာမင်း ပစ်လိုက်တာ ကျန်စစ်သားကလည်း ဘုန်းတန်ခိုးကြီးတဲ့ မင်းသားဖြစ် တော့ တစ်ခါတည်း သူ့ကိုမထိဘဲ ကျန်စစ်သားကို ချည်ထားတဲ့ကြိုး ထိမိတော့ ကြိုးပြတ်သွားရော။ ကြိုးလဲပြတ်သွားရော ကျန်စစ်သာ လျင်မြန်ဖျတ်လတ်တဲ့သူ ဖြစ်လေတော့ တစ်ခါတည်း လှံကို ကောက် ပြီး ပြေးထွက်သွားတယ်။

"တောအုပ်တစ်ခုရောက်တော့ သူအိပ်အုံးမယ်ဆိုပြီး လှံတံ မြေကြီးစိုက်လိုက်တာပေါ့။ မြေပေါ်မှာလှံဟာ စိုက်လို့လည်းမရ၊ ခ လဲသွားတော့ စိတ်ပေါက်ပေါက်နဲ့ ချုံပုတ်တစ်ခုထဲ လှံတံကို ပစ်သွ ပြီး သူမောမောနဲ့ အိပ်လိုက်ရော။ အိပ်ရာကလည်းနိုးလို့ သူ့လှံကို ထဲသွားယူမလို့ ကြည့်လိုက်တော့ တုတ်ချောင်းနဲ့ ငါးတွေကို သီထား လှံတံဟာ ချုံပုတ်ထဲမှာ ကုလားခုနစ်ယောက်ကို ထိုးဖောက်လျ သီပြီးသားတွေ့ရတယ်။ ဒီကုလားတွေဟာ ကျန်စစ်မင်းသားကို ဖမ် အနော်ရထာမင်းကြီးက လွှတ်လိုက်တာ။ ကုလားတွေကလည်း ကျ သားကို ကြောက်တော့ ကျန်စစ်သားအိပ်တော့မှ ဖမ်းမယ်ဆိုပြီး ချုံပုတ် မှာပုန်းပြီးစောင့်နေရာက ကျန်စစ်သားက မအိပ်ခင် လှံကိုမြေမှာ





ထားလို့ မရတယ်လို့ ချုံပုတ်ထဲ ပစ်သွင်းလိုက်တာမို့လား၊ အဲဒါနဲ့ ကျန်စစ်သားလည်း သူ့လှံကိုယူပြီး ရေမိုးချိုးကြောပြီး ခရီးဆက်ထွက် သွားတာပေါ့။

"ကြောင်ဖြူအရပ်ကို ရောက်တော့ ရဟန်းတစ်ပါးရဲ့ ကျောင်းမှာ သမ္ဘုလဆိုတဲ့ အမျိုးသမီး တစ်ယော က်ကို တွေ့တယ်။ သမ္ဘုလဟာ ဘုန်းကြီးရဲ့တူမဖြစ်ပြီး ရုပ်ရည်ကချောတယ်။ ရဟန်းတော်ကို ပြုစုလုပ် ကျွေးနေတာပေါ့လေ၊ ကျန်စစ်သားက သမ္ဘုလဆီမှာ ရေတောင်းသောက် ရင်းနဲ့ကျောင်းဝင်းထဲမှာ သံပုရာသီး တစ်ပင်တွေ့တာနဲ့ သံပရာသီးကို လှံနဲ့ခူးယူပြီး အခွံနွှာစားတာပေါ့။

"ကျန်စစ်သား သံပရာသီးတွေကို အားရပါးရ စားနေတာ မြင်တော့ ဘုန်းကြီးရောသမ္ဘုလရော အံ့အားသင့်နေတယ်လေ။ သူတို့ နှစ်တိုင်း သံပရာသီးဟာ ချဉ်စုတ်နေတော့ ကျန်စစ်သား စားနေတာကို အံ့သြတာပေါ့လေ။ သံပရာသီးဟာ မချဉ်ဘူးလားလို့ မေးကြတာပေါ့။ ချဉ်ပါဘူးလို့ ကျန်စစ်မင်းသားက ပြန်ဖြေပြီး သူနွှာထားတဲ့ သံပရာသီး ကို ရဟန်းတော်ကိုလည်းကပ် သမ္ဘုလကိုလည်း ပေးတယ်။ သူတို့ စားကြည့်တော့ သံပရာသီးက အလွန်ကို ချိုနေတော့တယ်။

တန်ခိုးရှိတဲ့သူမှန်းသိတော့ ဘုန်းကြီးလည်း သူ့တူမနဲ့ ကျန်စစ်သားကို ပေးစားလိုက်တာပေါ့။ ကျန်စစ်သားက သူကောင်းစားမှ ဘုရင်ဖြစ်တော့မှ ပြန်လာမယ်ဆိုပြီး လက်စွပ်တစ်ကွင်း သမ္ဘုလကို ပေးပြီး ခရီးဆက်ထွက်သွားတယ်။

ကျွန်မသည် ပုံပြင်ကို နောက်နေ့မှ ဆက်ပြောရန် ညှိနေရာ



www.burmeseclassic.com

www.burmeseclassic.com



တွင်ပင် ရပ်လိုက်၏။ ညီအစ်ကိုနှစ်ယောက်လည်း အိပ်ပျော်သွားပြီ ဖြစ်သောကြောင့် ဖြစ်၏။

နောက်တစ်နေ့တွင်တော့ ပုဂံသူရဲကောင်းပုံပြင်က ဆက်ရှိ လာပါတော့သည်။ မြေးအကြီး ကျော်ကျော်ဝင်းသည် ကျွန်မအနားသို့ ရောက်လာ၏။

''ဘွားဘွား သားကြီး ကြီးရင်လေ အင်ဂျင်နီယာလုပ်မယ်'' ဟုဆို၏။

''တယ်ဟုတ်ပါလား၊ ဖေဖေ့လို လေယာဉ် အမောင်းသင်ပြီး လေယာဉ်ပျံလုပ်မလို့လား။ ဒါမှမဟုတ် တိုက်တွေ ဆောက်မလို့ လားဟင်''

မြေးတော်ရှေ့သွေးကို ကျွန်မက အထင်ကြီးနှင့် မေးလိုက်၏။

''ဟင့်အင်း သားကြီး ပန်းပဲဖိုလုပ်မလို့'' မြေကြီး၏အဖြေ ကျွန်မ မျှော်လင့်သလို မဖြေ၍...

''ဘုရား''ဟု ကျွန်မက နှုတ်မှထွက်၍ ဘုရားတမိ၏။ ''ဘာဖြစ် လို့ ပန်းပဲဖိုလုပ်မှာလဲဟင်'' ကျွန်မသည် တစ်ဆက်တည်း မေးကြည့် သောအခါ...

''ရှင်ဘုရင်ကိုင်တဲ့ဓား လုပ်ချင်လို့၊ သားကြီးက ဒေါ်မြင့်ကို ရှင်ဘုရင်ကိုင်တဲ့ဓား လုပ်ပေးဆိုတော့ သူမလုပ်တတ်ဘူးတဲ့ သူ့ယောက်ျား ကိုလှလာမှ လုပ်နိုင်းတဲ့''

သူသည် ကျွန်မအပါးမှ ထွက်ခွာသွား၍ ကျွန်မ ဆက်မေး



တော့ပါ။ ကျော်ကျော်ဝင်းသည် ခဏခဏပင် တောမှဆိုးကိုင်သော ဒုးလေး၊ မြှားတံနှင့်လေးကိုင်းအစရှိသည်များကို ထမင်းချက် မိန်းကလေး များကို လုပ်ခိုင်းတတ်၏။ လုပ်ခိုင်း၍မရလျှင် တအီအီနှင့် ငိုတတ်သည်။ ဒေါ်မြင့်က ထမင်းချက်မဟုတ်။ ကျွန်မ ဝတ္ထုရှည်များ ရေးသောအခါ ဝတ္ထုတစ်ပုဒ် ပြီးဆုံးသည်အထိ မီးဖိုတာဝန်ယူရုံမက ကျွန်မနှင့် သင့်လျော် သော ဟင်းလျာများကို ချက်ပြုတ်ကျွေး၍ ကျန်းမာရေးကို ပြုစုပါသည်။

လခနှင့်ငှားရသော ကလေးမလေးများကမူ မျက်နှာမလွှဲရ၊ ကျွန်မ အမြဲလိုပင် ပါရရုံမက သူတို့စိတ် အခန့်မသင့်လျှင် ဝတ္ထုရေး ၍ ပြီးဆုံးခါနီးတိုင်း အဖေမမာလို့၊ အမေမမာလို့၊ ရည်းစားကြောင့်၊ ရောဂါကြောင့် အမျိုးမျိုးအကြောင်းပြကာ ထွက်ခွာသွားတတ်ကြ၏။ ကျွန်မကံကိုက စာများကို အေးချမ်းစွာ ရေးဖို့ကံမပါဟု၍သာ မိမိကံ ကိုပဲ အပြစ်ချရပါတော့သည်။

ဒေါ်မြင့်ကိုတော့ ''ဘုဇဝါလော ဗုဇကာလော'' စာအုပ်ရေးပြီး သည်အထိ မီးဖိုတာဝန် ယူပေးရန် ပြောပြသောအခါ သူလုပ်ပေးပါသည်။ သူ၌ လခစား၊ ကြေးစားဆံသောစိတ် မရှိ၍ ကျွန်မ သူ့ကို ကျေးဇူးတင်ရ ပါသည်။

ကျွန်မ ဝတ္ထုတစ်ပုဒ်ရေးပြီးမှ သူ့ကို သင့်လျော်သလို ကန်တော့ လိုက်ရသည်။ သူ့ယောက်ျားသည် ညနေအဆင်ပြေလျှင် ဒေါ်မြင့်ကို လာ၍ ကြိုတတ်၏။ သူတို့လင်မယားသည် မင်္ဂလာဒုံ ဗဟိုစစ်ဘက် ဆောက်လုပ်ရေး အနားတွင်နေသည်။

ကျွန်မဝတ္ထုရေးဆိုင်းနား၍ ညနေဘက် ခြံထဲတွင် လမ်းလျှောက်

www.burmeseclassic.com

www.burmeseclassic.com



နေသောအခါ ကျော်ကျော်ဝင်းသည် "ဘွားဘွား . . . ဘွားဘွား"ဟု အော်ခေါ်ကာ ကျွန်မဆီသို့ ပြေးလာ၏။

"ဟောဒီမှာ ရှင်ဘုရင်ကိုင်တဲ့ခါး ဦးလှကလေ လုပ်ပေးတယ်"

သူသည် ဝမ်းသာအားရ သူ့လက်ထဲမှ ရှင်ဘုရင် ကိုင်သောဓား ကို ပြသောအခါ ကျွန်မ ရယ်မိပါ၏။ သူ့လက်ထဲတွင်မူ သစ်သားကို သန်လျက်ပုံ ခုတ်ထားသော သန်လျက်ကို တွေ့ရပါသည်။

"ဦးလှက လုပ်တတ်လိုက်တာနော်"

ကျွန်မက ချီးကျူးလိုက်၏။ ဗိုးကျော်ဝင်းသည် ဝမ်းသာပုံရ သော်လည်း ထပ်တွန့်၍ ပြောလာပြန်သည်။

"ဘွားဘွား...ဘွားဘွား က ပြောတယ်လေ ကျွန်စစ်သားကိုင် တဲ့ သူ့လှံနဲ့သံပရာသီးကို နွှာစားတာ သံပရာသီးက ချိုတယ်ဆို"

"အင်း"

"အခုလေ ရှင်ဘုရင်ကိုင်တဲ့ဓားက သံပရာသီးလည်း လှီးလို့ မရဘူး။ ဒေါ်မြင့်ကိုင်တဲ့ဓားနဲ့ သံပရာသီး နွှာနိုင်တော့လည်း အဲ သံပရာသီးက ချိုလည်းမချိုဘူး။ ကျွန်စစ်သားကိုင်တဲ့ ဓားကို ဦးလှကို လုပ်ပေးပါလို့ ပြောပါနော်၊ ဘွားဘွား...နော် ပြောပေးပါနော်"

ဦးလှ ပြန်သွားချိန်နှင့် သူ့အဖေ ထွန်းအောင်ကျော် ရုံးမှပြန် ခင် ကြားကာလ၌ တအီအီနှင့် ပူတော့မည်။ ဂျီတိုက်တော့မည့်အဖြစ်ကို သိသော ကျွန်မသည် ပညာထည့်ရပါတော့သည်။ သူ့ကိုလျှင် လည်ချောင်း ကွဲမတတ်၊ ကြားရသူနားအုံပွင့်ထွက်မတတ် အော်၍ ငိုတတ်၏။





"ဘွားဘွား သေသေချာချာ ပြောပြမယ် သားနားထောင်။ နားထောင်ပြီးတော့မှ ဦးလှကို သွားပြောမယ်"

သူသည် မျက်နှာရှုံ့တွတွ မကျေမနပ်ဟန်နှင့် ကျွန်မအပေါ်းတွင် ထိုင်လိုက်၏။

"သံပရာသီးကို အခွံနွှာလို့ ဘာရမလဲ ဦးလှလုပ်ပေးတာက သစ်သား သားရဲ့။ ဓားတို့လှံတို့ဆိုတာက သံနဲ့လုပ်ရတာ၊ အခု သားကြိုး လုပ်နိုင်းတာက ဓားမဟုတ်ဘူး။ သန်လျက်ခေါ်တယ်။ အဲဒီသန်လျက် က ထိပ်ကချွန်မြနေတယ်။ အသွားလေးဘက်ကလည်း ဓားလိုထက် နေရတယ်။ ရှင်ဘုရင်တွေက အဲဒီဓားနဲ့ သံပရာသီး လှီးမစားဘူး။ ဒီလို သန်လျက်ပုံစံ သေးသေး အဖျားမှာတပ်ထားတဲ့ တုတ်ကို လှံတံလို့ ခေါ်တယ်။ ရှေးတုန်းက သေနတ်တွေ မပေါ်သေးတော့ စစ်ပွဲမှာ ရန်သူ ကိုတိုက်ဖို့ ဓားတို့လှံတို့ သုံးရတာ နားလည်ပြီးလား"

"ဟုတ်ကဲ့"

ဒါပေမယ့် ဘွားဘွားဆက်ပြောမယ်၊ ကျွန်စစ်သားကိုင်တဲ့ ဓား က သူ့ရဲ့ဘုရင်ကြီး အနော်ရထာဆီကရတာ။ အနော်ရထာကို ဘယ်သူ ကပေးလဲဆိုတော့ သိကြားမင်းကပေးတာ၊ သိကြားကလည်း အလကား ပေးတာမဟုတ်ဘူး။ အနော်ရထာမင်းကြီးဟာ တိုင်းပြည်ကို အုပ်ချုပ် တာတယ်တော်ပါလား၊ တိုင်းပြည်ကို ကောင်းအောင် အုပ်ချုပ်တဲ့ လူပါ လားဆိုပြီး သဘောကျလို့ ဆုအဖြစ်ပေးတာသားရဲ့။ သားတို့ကျောင်းမှာ ပြေးပွဲပြိုင်ပွဲလုပ်တော့ အပြေးတော်တဲ့လူ ဆုရတယ် မို့လား"

"ဟုတ်ကဲ့ . . . သားကြီး အပြေးပြိုင်ပွဲမှာ ဒုတိယရလို့ ခြင်းရုပ်ကလေး ရတယ်လေ" သူကပြောပြ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲ . . . အဲဒီလိုပေါ့ သားကြီးရဲ့၊ အပျင်းထူပြီး ထိုင်နေတဲ့ ရှင်ဘုရင်ကို သိကြားမင်းက ဆုချမတဲ့လား။ သိကြားမင်းပေးတဲ့ လှံဆို တော့ တန်ဖိုးရှိလို့ ဒီလှံအဖျားနဲ့ထိတဲ့ သံပရာတွေက ချိုသွားတာပေါ့။ ဒေါ်မြင့်တို့၊ ဘွားဘွားတို့ ကိုင်တဲ့ဓားတွေက ဈေးထဲကဝယ်တာ၊ သားကြီး လုပ်ချင်တယ်ဆိုတဲ့ ပန်းပဲဖိုကလုပ်တဲ့ဓားတွေ။ လူ့ပြည်မှာဖြစ်တဲ့ ဓား တွေဆိုတော့ တန်ဖိုးမရှိဘူးပေါ့။ ဒီတော့လည်း သံပရာသီး အခွံသာချွာ လို့ရမယ် ဘယ်ချိုတော့မလဲ"

မြေးတော်မောင်သည် ကျွန်မ၏အဖြေကို ကျေနပ်၍သွားပြီ ထင်သည်။ ငြိမ်သက်စွာ နားထောင်နေ၏။

"အဲ... အဲဒီလိုဆိုရင်" ကျွန်မထင်သလို မဟုတ်၊ နောက်မေး ခွန်းဆက်၍ လာပြန်ချေပြီ။

"ဖေဖေကပြောတယ် သင်္ကြန်ကျရင် သိကြားမင်းကြီး လူ့ပြည် ဆင်းလာမယ်ဆို"

"ဟုတ်တယ်"

"အဲဒီတော့လေ ဘွားဘွားရယ် သားကြီးကို လှံတစ်ချောင်း တောင်းပေးပါနော် ဘွားဘွား။ ဆက်ဆက် တောင်းပေးပါ"

ကျော်ကျော်ဝင်း၏အသံ မတိတ်ခင်။

"ဘွားဘွား... သိကြားမင်းကြီး လူ့ပြည်ရောက်တော့ ဘယ် အိမ်မှာနေလဲ"

ဘယ်အချိန်က ရောက်နေမှန်း မသိသော မောင်မျိုးမင်းသည် ကျွန်မတို့ နောက်မှ ငြိမ်သက်စွာ နားထောင်ရင်း သူ့အသံစာစာနှင့် မေးလိုက်ပြန်၏။





"အရပ်ကတို့ရေ" ဟူ၍သာ အော်ခေါ်လိုက်ချင်ပါ၏။ ကလေး များ၏မေးခွန်းကို ပြေလည်အောင် ဖြေဆိုပါဆိုသောကလေး၏ စိတ် ပညာကို လေ့လာသည့်ပညာရှိ သုခမိန်ကြီးများ ကျမ်းပြုဆရာကြီးများ ထံသို့သာ ဤမြေးငယ်နှစ်ယောက်ကို ပို့လိုက်ချင်ပါသည်။

ကိုရင်မျိုးမင်းသည် အသံတိတ်မသွား ဆက်၍မေးပြန်သည်။

"ဘွားဘွား... ဘယ်အိမ်မှာနေလဲဟင်၊ သားလည်း သိကြားမင်း ကို တွေ့ချင်လို့"

"သူက သိကြားမင်းကြီးကွယ်။ သူလာရင် အစိုးရဂေဟာလေ နိုင်ငံခြားက ဧည့်သည်တော်တွေပဲတည်းတဲ့ အင်းလျားလမ်းအိမ်မှာ တည်းမှာပေါ့"

"ဒီနှစ်လာရင် သားငယ်တွေတို့အိမ်မှာ နေပါလို့ ပြောပါ ဘွားဘွား"

မောင်မျိုးမင်းက ဆက်၍ ဆိုပြန်၏။

"ဪ... ဘွားဘွားအိမ်က သေးသေး ကျဉ်းကျဉ်းလေးရယ်၊ သိကြားမင်းနေလို့ မဖြစ်ဘူး"

"ဖေဖေကို ဆောက်ခိုင်းမယ်နော်..."

"အေး... အေး မင်းဖေဖေလာတော့မှ ပြောနော်"

မောင်မျိုးမင်း အသံတိတ်သွားသောအခါ ကျော်ကျော်ဝင်းက တစ်ခန်းထလာပြန်သည်။

"သိကြားမင်း ဆင်းလာရင် သားကြီးတို့ အိမ်မှာ မနေလည်း ဘွားဘွားက သိကြားမင်းနေတဲ့အိမ်ကို သွားပြီး လှံတောင်းပေးပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"အေး...တောင်းပေးမယ်၊ ဒါပေမယ့် ဘွားဘွား တစ်ခုတော့ ပြောပြမယ်။ သိကြားမင်းက တစ်နှစ်တစ်ခါ လူ့ပြည်ဆင်းလာရင် လူကြီးတွေကိုသာ ကြည့်တာမဟုတ်ဘူး၊ ကလေးတွေကိုလည်း လိုက်ကြည့်တယ်၊ မိဘစကားကို နားထောင်တဲ့ ကလေး၊ ကျောင်းမှန်မှန်တက်ပြီး စာကျက်တဲ့ကလေး၊ ဆရာတွေ စာသင်ပေးတာကို ရိုရိုသေသေ နားထောင်တဲ့ကလေး၊ လောက်လေးခွနဲ့ ငှက်များရဲ့အိမ်ကမှန်၊ မော်တော်ကား၊ စာကလေးတွေ ကျီးတွေကိုမပစ်တဲ့ လိမ္မာတဲ့ကလေးတွေကိုသာ သိကြားမင်းက ရွှေပုရပိုက်ထဲမှာ စာရင်းမှတ်သွားပြီးတော့မှ ဆုပေးသင့်တဲ့သူကိုပေးတာ။ မေမေစိတ်ညစ်အောင်၊ ဘွားဘွားစိတ်ညစ်အောင် ငိုတဲ့ကလေး ဆော့တဲ့ကလေး ဆိုရင်တော့ သိကြားမင်းက ဆုပေးမှာမဟုတ်ဘူး"

"ဟေး...သားကြီးတို့ သားငယ်တို့ ဦးလှပြန်တော့မယ်"

ပြန်ခါနီး ဦးလှတို့ ဖနီးမောင်နှံက နှုတ်ဆက်၏။

ဦးလှ ကယ်ပေလို့။ ညီအစ်ကိုနှစ်ယောက် ခြံတံခါးသို့ ပြေးသွားကြပါသည်။ သို့မဟုတ်လျှင်မူကား ပညာရှိ သုခမိန်များ မှာကြားသည့်အတိုင်း မြေးများကို အာဇာနည် သူရဲကောင်း ဖြစ်စေလိုသော ဘွားဘွားသည် ပုဂံသူရဲကောင်း ပုံပြင် အပြောကောင်းလိုက်သည်မှာ မြေးများကြီးလျှင် သူရဲကောင်းဖြစ်မည် မဖြစ်မည်တော့ မသိပါ။ လောလောဆယ်တော့ သိကြားမင်းနှင့် လုံတံပြဿနာကြောင့် ပုံပြောကောင်းသော ဘွားဘွားသည် အတော်ဦးနှောက်ခြောက်သွားပါတော့သည်။

* * *



# တောဓိပင်ရိပ်ဝယ်

"လိုက်မပို့နိုင်ဘူး။ လိုက်မပို့နိုင်ဘူး"

သူငယ်လေးတစ်ယောက်၏ အော်ပြီး ပြောလိုက်သောအသံကြောင့် ကျွန်မသည် ချထားသော မျက်လွှာကို ပင့်၍ ကြည့်မိ၏။

ကျွန်မရှေ့တွင် ကတုံးပြောင်အောင် ရိတ်ထားသော အဘွားအို ယောက်ကို တွေ့ရ၏။ သူ့လက်တစ်ဖက်တွင် တောင်ဝှေးတစ်ချောင်း ကိုင်ထား၏။ လက်တစ်ဖက်က သူငယ်လေးကို ကိုင်ထားသည်။

"မင်းလိုက်မပို့ရင် ငါဘယ်လိုလုပ် သွားမလဲ" ဟု ပြောပြော ဆို အဘွားအိုသည် ငိုပါတော့သည်။

"ငါ့လမ်းကို ငါမြင်ရင် မင်းတို့ကို လိုက်မပို့ခိုင်းဘူး"

ထိုအခါမှ ကျွန်မသည် အဘွားအိုကြီးကို သတိထားကြည့်မိ၏။ ဘီနှစ်ဖက်လုံး ကွယ်နေဟန် တူသည်။ ညိုညစ်သော ထဘီနှင့်အကွက် ါသော အင်္ကျီစုတ် ဘင်္ဂါလီပုံကို ဝတ်ထားသည်။ အဘွားအို၏ တ်များက သူ့စီးပွားရေး အခြေအနေကို ဖော်ပြနေ၏။



www.burmeseclassic.com

www.burmeseclassic.com



''ငါ့ကို ရောက်အောင်ပို့ပြီးမှ မင်းသွားပါလား''

အဘွားအိုသည် ဟုန်တုန်ယင်ယင်နှင့် ပြော၏။

''ကျောင်းနောက်ကျမှာပေါ့၊ ဒါဟာ ပညာရေး၊ ပညာရေ

သူငယ်လေးသည် ၁၀ နှစ်၊ ၁၂ နှစ်သား အရွယ်တော့ လောက်ပြီ။ သူ့ကျောင်းတက်ဖို့ကို ဦးစားပေးသော စိတ်ကို ချီးကျူးပါ၏။ သို့သော်လည်း ဘွားအေကို ရိုင်းရိုင်းပျပျ ရင့်ရင့်သီး ပြောသံကိုမူ ကျွန်မလက်မခံနိုင်ပါချေ။

''အဲဒါ မင်းရဲ့ ဘွားဘွားလား၊ ဘွားဘွားကို သူသွားချင် နေရာရောက်အောင် ပို့ပြီးမှ မင်းကျောင်းကို သွားပါလား သားရယ်''

ကျွန်မက ဘာမှ မဆိုင်သော်လည်း ဝင်၍ပြောမိ၏။

''အဲဒီအဘွားကြီး သိပ်ကို ရှုပ်တာပဲ၊ လာလိုက်ခဲ့''

သူငယ်လေးသည် အဘွားကြီးကို ဆောင့်၍ ဆွဲလိုက်၏။

''ဟဲ့ ...ဟဲ့ ဖြည်းဖြည်းခေါ်သွားပါ သားလေးရယ်၊ ဘွားဘွားက မျက်စိမှ မမြင်ဘဲ''

တရှုံ့ရှုံ့ငိုကြွေးကာ မြေးလုပ်သူ လက်ထဲတွင် ဒယီးဒယိုင် သွားသော အဘွားအိုကြီးကို ကြည့်ရင်း ကျွန်မမျက်ရည်ဝိုင်းလာ၏။

အဘွားအိုကြီး၏ ခေါင်းပြောင်ပြောင်မှာ ၁၂ နာရီကျော် တိမ်းစ နေရောင်အောက်တွင် ငိုက်စိုက် ငိုက်စိုက်နှင့် ချွေးများ စီး ကာ လျှောက်သွား၏။ ပါးစပ်ကလည်း မြည်တွန်တောက်တီးလျှက် သည်။ သူငယ်လေး၏ ပါးစပ်မှ ''ခင်ပျားကြီး ခင်ပျားကြီး''ဆို





ငြိမ်းဝါးသံကို သူတို့မြေးအဘွား လှမ်းလှမ်းတွင် ဝေးကွာပျောက်ကွယ် သွားသည်အထိ ကြားယောင်နေသည်။

''ကြားတယ် ကြားတယ်''ဟူ၍ပင် အမှတ်မရှိ အမှတ်လွတ် သွား၏။ ရင်ထဲမှာ နင့်သွားသောကြောင့် ဗောဓိပင်ရှိရာ ကမူကုန်းမြင့် သေးကိုမှ ကျော်ပြီး မသွားနိုင်သေး၍ ဗောဓိပင်အောက်တွင်ရှိသော ခုံပေါ်တွင် ထိုင်ကာ ခေတ္တနားနေမိ၏။ အခုန်မြန်လာသော နှလုံး သားကို မှတ်စိတ် တည့်အောင်ထားထား၍ မှတ်နေရသည်။ သို့သော် ကာ မနိုင်သေး။

အိမ်မှလာ၍ ဥပုသ်စောင့်သောနေ့ဖြစ်ပါသည်။ ထမင်းစားပြီး လွဲမှ တရားနာရန် ဖလ်ယဉ်မွှာရုံသို့ ထွက်ခွာလာခဲ့၏။ တရွေ့ တစ်လှမ်းချင်း ခြေလှမ်းကို ရှုမှတ်ကာ ဗောဓိပင်ရှိရာ တောင်ကုန်း ကို တက်ရ၏။ ဗောဓိပင်သည် အေးမြသော အရိပ်အဝန်းနှင့် တောင်ကုန်းထိပ်တွင် ရှိသည်။

စိမ်းမြသော ရေကန်ကြီး၏ ဝန်းကျင်ရှိ သစ်ပင်တိုင်းသည် တည့်နေကို အပူရှိန်လျော့ပါးသွားစေသည်။

ထိုနေရာမှ အုတ်လှေကားထစ်ကို တစ်ဆင့်စီတက်၍ ရိပ်သာ ရုံကြီးရှိရာသို့ ဆက်၍ သွားရသည်။ အုတ်လှေကားကို ကျော်လွန်၍ လျှင် တောက်လျှောက် မြေပြန့်မြေညီဖြစ်၍ မွှာရုံသွားရာလမ်း သည် ချောမော ပြေပြစ်လှ၏။ မပင်ပန်းချေ။

ကျွန်မ တမင် အောက်ချိုင့်ထဲရှိ ဇရပ်ကိုရွေး၍ တရားအား ထ်ခြင်းမှာ တဖြည်းဖြည်း တရားရှုမှတ်သွားရင်း အဆုတ်ကိုရော လုံးကိုရော အမောခံနိုင်အောင် လေ့ကျင့်ပေးခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"အမောအပန်းမခံရ" ဆိုသော်လည်း သင့်လျော်သော လုပ်ရ
မှုကိုတော့ လုပ်ပေးမှ နှလုံးသားနှင့် အဆုတ်တို့အတွက် အလေ့အကျ
ရှိလာမည်။ သို့မဟုတ်လျှင် သိပ်နုသွားမည်ဖြစ်သည်။

သို့သော် ယနေ့မြင်ကွင်းသည် ကျွန်မ၏ နှလုံးသားကို ထိခိုး
နာကျင်လှပါ၏။ ကျွန်မက အဘွားအိုကြီး၏ သွားမည့်နေရာကို သိလျှ
လည်း သူငယ်လေးကို ပြန်လွှတ်ကာ အဘွားအိုကို လက်တွဲ၍ သွား
ချင်သောနေရာကို လိုက်ပို့ပေးမည်ဖြစ်၏။ သို့သော် လမ်းညွှန်ပြရမည်
အဘွားကိုယ်တိုင်က မျက်စိမမြင်ပေ၊ ဘယ်သို့လျှင် ခရီးလမ်းကို သွား
ပါမည်နည်း။

အတွေးနှစ်ချက်သည် ဒက်ကနဲပေါ်လာ၏။ ယောဂီ၏ ရှု
စိတ်ပျောက်ကာ စာရေးဆရာစိတ် ပေါ်လာသည်။

ပထမအတွေးကမူ မဆုံးနိုင်ခဲ့သောသံသရာတွင် ကိုယ့်မျက်
ကို အဝိဇ္ဇာမသိခြင်း၊ မှောင်ကဖုံးခဲ့၏။ သွားရာလမ်းကို မမြင်အော
ကွယ်ခဲ့၏။ ကိုယ်သွားမည့်လမ်းကိုရော၊ သွားလိုသောဌာနကိုရော
ပြောမပြနိုင်သောအခါ လက်တွဲဖေးကူပို့မည့်သူ မဟာကရုဏာရှင်
တွေ့သော်မှ သွားလိုရာမရောက်၊ လမ်းခုလပ်တွင် တဝဲလည်လည်
သံသရာတလျှောက် ဒုက္ခရောက်ခဲ့ရသည်။ ဤအတွေးက လောကုတ္တ
နှင့် ယှဉ်သောအတွေး ဖြစ်ခဲ့သည်။

ဒုတိယအတွေးကမူ လောကီဆန်သည်။ "ငါ"ဆိုသော အတွ
လာခဲ့သည်။ ကျွန်မမျက်စိအောက်တွင် တရွေ့ရွေ့နှင့်လျှောက်သွား
ဒုက္ခိတအဘွားအိုနှင့် မြေးအမိုက်တို့သဏ္ဍာန်က ပျောက်သွားကြ





သူတို့ဝတ်စားပုံကို မြင်ရုံနှင့် အလွန်ဆင်းရဲပုံရသည်။ သူငယ်လေး၏
ဆာများသည် ဆင်းရဲလွန်း၍ မြေးဝတ္တရား၊ သားသမီးဝတ္တရား၊ လူအို
ဒုက္ခိတများကို မည်သို့ပြုစုစောင့်ရှောက်ရမည်ဟူသော မြန်မာတို့ ပင်ကို
လေ့ထုံးစံအကြောင်းများကို ပြောပြဆုံးမဖို့ အချိန်မရလေသလား၊
ချိန်များအစား ဝမ်းစာရေးအတွက် လုံးပန်း၍ နေရလေသလား။

ကျွန်မခင်ပွန်းသည် ဦးပုံစံ အသက်ရှင်စဉ်က သူပြောခဲ့သော
ဖြစ်တစ်ခုကို ကျွန်မသွားသတိရ၏။ ထိုအကြောင်းကို "ရှုပသုံ"ဟူ
သောအမည်ဖြင့် ဝတ္ထုတို တစ်ပုဒ် ရေးခဲ့ဘူးပြီ။

သူတပ်စခန်းချရာတစ်နေရာတွင် လူသားနှင့်ပင်မတူ၊ ဝအိုသော
ကိုယ်နှင့်အဘွားအိုတစ်ယောက် သူပိုင်ဆိုင်၍ စလောင်းဖုံးတစ်ချပ်
ရှိသည်။ လမ်းဆုံလမ်းခွတွင် ထိုင်နေရ၍ လမ်းသွားလမ်းလာက
နားကြင်နာ၍ စလောင်းဖုံးထဲထည့်ခဲ့သော အစားအစာကိုသာ သူစား
သည်။ မျက်ခွံများလျော့ပါးအိတွဲ၍ အစဉ်ကျနေသောကြောင့် မျက်လုံးက
မြင်ရ ကြည့်လိုလျှင် မျက်ခွံကိုလက်နှင့်မထားမှ ကြည့်၍ရသည်။

"ရုတ်တရက်တော့ ကိုကြီးလေ ဒေါ်ပွသွားတာပေါ့။ ရွာသူကြီး
ချက်ချင်း ဆင့်ခေါ်နိုင်းလိုက်တယ်။ ဘာဖြစ်လို့လဲ သိလား မိချို၊
အဘွားအိုမှာ သားတစ်ယောက်နဲ့ ချွေးမတစ်ယောက်ရှိတယ်။ ကိုကြီး
အထင်က ဒီချွေးမရဲ့ ထဘီ ကျွန်ဖြစ်နေတာနဲ့ မိခင်အိုကို ပစ်ထား
ထင်ပြီး ဒီသားကို ခေါ်တော့မလို့၊ အောင်မယ်လေး၊ သူတို့
ဖြစ်နေယ် ဆိုးလိုက်တာမိချိုရယ်။ အဲဒီသားနဲ့ချွေးမကိုယ်တိုင်က ဒီ
ကဒီအရွယ် ရောက်လာပြီ၊ ငွေတစ်ကျပ်ပြည့်အောင် မကိုင်ဖူးဘူး



www.burmeseclassic.com

www.burmeseclassic.com



တဲ့။ ပြီးရော...ပြီးရော၊ ဦးပုညရဲ့ ဖွတ်ဘိုးအဖေထက်ဆိုးနေပြီ၊ ကိုကြီး
ဒီအဘွားကြီး ထမင်းတစ်နပ်ချက်ချင်း ဝယ်စားနိုင်ဖို့ ငွေ ၅ ကျပ်
ပေးတာ ဘာစာရွက်လည်းလို့မေးယူတယ်။ မမြင်ဘူးလို့တဲ့၊ ကဲ့...
ပါတော့၊ ချက်ခြင်းပဲ ရဲဘော်တွေကို အဘွားကြီးနေလောက်ရုံ
ယောက်စာပဲ ထိုးခိုင်းတယ်။ ထမင်းလည်း တို့တပ်ခွဲရှိသမျှ မနက်
မှန်မှန်စားဖို့ ထမင်းပို့ဖို့ ရဲဘော်တစ်ယောက်ကို တာဝန်ပေး
တယ်။ ကိုကြီးပြောင်းရတောင် ဒီမှာစခန်းချတဲ့တပ်ခွဲဟူသမျှ ဒီအ
ကို တာဝန်ယူစောင့်ရှောက်ဖို့ ကိုကြီးမှာခဲ့ရသေးတယ်''

ဤအကြောင်းကို ပြန်လည်သတိရရင်း ဆင်းရဲလွန်းတော့
မိဘလည်း မပြုစုနိုင်၊ သားသမီးကိုလည်း မိဘတွေက ဆုံးမချိန်
ဒီသူငယ်လေး သူ့ဖွားအေအပေါ် ရိုင်းရိုင်းပျပျ ဆက်ဆံတာလား။

''ကျောင်းတက်စရာရှိတယ်ဆိုတော့ မိဘက တာဝန်ချွတ်
တောင် ဒီသူငယ်လေး စာသင်တဲ့ကျောင်းက ဆရာဆရာမတွေ
တို့မြန်မာလေ့ ထုံးစံကို တပည့်ငယ်တွေကို မသင်လို့လား''

''မိဘဆိုတာ ကမြင်းကြောထပြီး မင်းတို့ကို မွေးတာ၊ မိဘ
လူအိုတို့ကို လုပ်ကျွေးဖို့မလိုဟူသောဝါဒများ ကျောင်းများ
လွှမ်းမိုးနေလို့လား။ ဘုရား...ဘုရား''

ကျွန်မအတွေးနှင့် ကျွန်မအမေးနှင့် ကျွန်မ တစ်ယောက်
စိတ်သောက ရောက်လိုက်သည့်ဖြစ်ခြင်း။

''မိဘနဲ့ဆရာတွေ အသင်အပြကောင်းပေမယ့် ပင်ကို
ကြမ်း ရိုင်းပျတဲ့ကလေးငယ်တွေ ကျောင်းသားငယ်လေးတွေရှိ
တာပဲလေ'' ကိုယ့်စိတ်ကိုဖြေလိုက်ရင်းမှ ''ငါ''စိတ်ကဝင်လာ။





''ငါလည်း အဲဒီအဘွားအိုလောက် အသက်ရလာရင် သူ့လိုပဲ
...စိကွယ်ချင်ကွယ်သွားမယ်။ ဆေးအစားအစာလုံလောက်လို့ မျက်စိ
...ကွယ်ဘဲ ခုလိုအတိုင်း မျက်မှန်တပ်ပြီး မှန်ရုံပဲရှိတယ်ဆိုပါတော့၊ ခြေ
...ောက်ကခုလို အိမ်နဲ့ရိပ်သာကို လမ်းလျှောက်မသွားနိုင်ဘူးဆိုပါတော့၊
...စ်ခါတလေ ဆရာတော်ဘုရားများကို ဖူးတွေ့ချင်တဲ့ဖောနဲ့ ရိပ်သာ
...သွားချင်ပြီ၊ ငါ့ဘဝက်ကြောင့် ကားနဲ့ဘာနဲ့''

''ဘွားဘွားရိပ်သာကို သွားချင်လို့ ကားနဲ့မောင်းပို့စမ်းပါ
...ယ်''ဟု ပြောလိုက်လျှင် မြေးကြီးကျော်ကျော်ဝင်းနှင့်မြေးငယ် မောင်မျိုး
...င်းတို့သည် ချောချောမောမော ကားကိုထုတ်မောင်း၍ ဘွားအေကို
...ပို့မည်လား။

ဒီအချိန်ရောက်ပြန်တော့ သူတို့ လူပျိုပေါက်လေးတွေ ဖြစ်
...ပြီ၊ ကျော်ကျော်ဝင်းက ခပ်ပေပေတေတေ၊ မောင်မျိုးမင်းက ခပ်ပွေ
... သူတို့ ကောင်မလေးတွေနှင့် ချိန်းထားချိန်နှင့် တိုက်နေလျှင်..

''အဲဒီအဘွားကြီးကို သိပ်ရှုပ်တာပဲ၊ တစ်နေ့တစ်နေ့ ရိပ်သာ
...သွားချင်နေတာပဲ၊ မအားဘူး၊ မအားဘူး၊ ကြုံရင်သာလိုက်ခဲ့ မကြုံ
...တော့ သာသနာ့ ရိပ်သာကို သက်သက်ကြီး လိုက်မပို့နိုင်ဘူး''ဟု
...သူငယ်လေးပုံစံအတိုင်း ရိုင်းရိုင်းပျပျ ပြန်အော်လိုက်ရင် ငါသေရော
...သေရော၊ ငါစိတ်ထိခိုက်ပြီး နာကျင်လို့ ဆုံးမှာမဟုတ်ဘူး၊ ဟိုအဘွား
... ငိုတာထက် ငါကဆယ်ပြန်လောက်ပိုငိုမှာ၊ ငါ့က အငိုသန်သန်ရယ်
...တို့အရွယ်ရောက်ရင် ငါငယ်ငယ်က ကြားဘူးသလို သာသနာ...
... ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ရမှန်း မသိဘူး၊ သ...နီးစကို

www.burmeseclassic.com



အလိပ်ကလေးလိပ်ပြီး နားပန်ထားရင်ပဲ ဘုန်းကြီးလို့ အမှတ်ထား
ကိုးကွယ်ရတဲ့ သာသနာ့ပအခါများ ဖြစ်နေမလား''

''ဖြစ်နေမလား''ဟူသော အနာဂတ်အတွေးနှင့် မျှော်
တွေးတောနေလိုက်သည်မှာ အသက်ရှူမှားမတတ် ဖြစ်လာကာ သက်
ကြီးချလိုက်မိ၏။

ဗောဓိညောင်ရွက် ကြွေများသည် ငြိမ့်ခနဲ လေအတိုး
ကျွန်မပတ်ဝန်းကျင်တွင် ဝဲကာပျံကာ ကျလာကြ၏။ ကန်ရေပြ
ဖြတ်လာသော လေအေးသည် ကျွန်မ ကိုယ်ခန္ဓာကို အေးမြစွာလာ
ထိတွေ့၏။ ကျွန်မသည် ဖြည်းညှင်းစွာ လေအေးများကို ရှိုက်သွင်းလို
လျှင်ရင်တွင်းဝယ် ကြည်လင်ပေါ့ပါးသွား၏။

''ဒေါ်ဝိပဿနာကြီးရယ် ဆရာတော်တွေက နေ့စဉ်နဲ့အ
တတွတ်တွတ်မှာတယ်လေ။ မျက်စိကမြင်ရင် မြင်တဲ့ခဏ အာရုံကို
တယ်လို့ တစ်ချက်ပဲ မှတ်ရမယ်လေ။ အဲဒီ မြင်သမျှ အချင်းအ
ရုပ်ဝတ္ထု ပစ္စည်းတွေအပေါ်မှာ အာရုံကို သိမ်းပိုက်လက်ခံယူ
မခံစားရဘူးလေ။ ဘယ့်နဲ့ ဘယ်နဲ့ ဘယ်လိုဖြစ်ပုံလဲ။ ရိပ်သာက
တစ်ဖဝါးမှ မခွာရသေးဘူး အမှတ်စိတ်က လွတ်ပြီလား''

ညောင်ရွက်အိုများသည် ညင်သာသော စကားကို ဆို
ဖျတ်ခနဲလိုပင် ခေါင်းထဲတွင် ကြည်လင်သော ရောင်ခြည်
ပေါ်လာသည်။

''ဘယ်သူက ဖန်တီးလို့လဲ။ ဘဝဆိုတာ ဖြစ်လာရင်
ဒုက္ခအသွယ်သွယ်က မလွတ်ပါဘူး။ နွေဦးက သစ်ကိုင်းပေါ်မှာ





သစ်လွင်တဲ့ ဟန်ပန်ဂုဏ်တွေနဲ့ ကျုပ်တို့လည်း ခံစားခဲ့တာဘဲ။ နွေ
အိပ်မက်မှာ အိုခြင်းဒုက္ခကို ယောင်လို့တောင် ထည့်မမက်ခဲ့ဘူး။ နွေ
နှောင်းတော့လည်း ခင်ဗျားခြေရင်း မြေသလင်းမှာ ကျုပ်တို့လည်း ဝဲပျံ
ကျလာပြီး မြေမှာ နားရတော့မယ်၊ ခြောက်သွေ့ပြီး အရိုးပြိုင်းပြိုင်း
ပေါ်တဲ့ ကျုပ်တို့ ရွက်ဝါတွေပေါ်မှာ နွားတွေ၊ လူတွေ အထပ်ထပ်နင်း
လို့ နက်ဖြန်ဆိုရင်ပဲ အစိတ်စိတ်ကြေမွပြီး သဘက်ခါ မင်းသည်လမ်းက
တက်လာချိန်မှာ တို့ကို ဖုံမှုန့်လေးတစ်မှုန့်လိုပဲ မြင်ရတော့မယ်။

ငါတို့ရဲ့ အရိပ်အာဝါသကို ခိုလှုံပြီး မြတ်ဘုရားဗုဒ္ဓ ပွင့်ခဲ့ရတဲ့
ဗောဓိညောင်ရွက် အစစ်ပါပဲဟဲ့လို့ မာန်တက်လို့ ရမလား။ သခါရနယ်
မြေမှာ ဘာကိုမှ ရာဇဝင်ချီ အားကိုးပြီး နေလို့ရမလား။ ဘာမှလည်း
မမြဲဘူး။

ဘယ်သူ တက်နင်းတာမှ မခံနိုင်ဘူးလို့ ထွက်ပြေးလို့ မရဘူး။
သူတစ်ပါးခြေအောက်မှာ ဒုက္ခဆင်းရဲခံရမှာပဲ။ အတိတ်ကိုလည်း မပြန်
ပါနဲ့၊ အနာဂတ်ကိုလည်း မကြိုပါနဲ့။ ပစ္စုပ္ပန်အာရုံမှာ တိကနဲကျအောင်
စိတ်ကိုထားလိုက် နှလုံးသွင်း ဆင်ခြင်လိုက်။

ဘုရား...ဘုရား။ ညောင်ရွက်ကြွေများ စကားသံကို ကြားတော့
ထိုင်ရာမှထဖို့ သတိရ၏။ ရှေ့လမ်းကို ဆက်သွားဖို့ သတိရ၏။

ဂျော်မက်ထရီနည်းအရ အစက်ကလေးတစ်စက် ဆက်ကာ
ဆက်ကာ စုရင်းမှ အမှတ်ကလေးတစ်မှတ်စီ၊ အမှတ်ကလေးတစ်မှတ်စီ
ဆက်စပ်သွားမှ မျဉ်းကြောင်းကလေးတစ်ကြောင်း။ ဤမျဉ်းကြောင်းမှ
မျဉ်းဖြောင့်၊ အကွေး၊ အဝိုင်း၊ လေးထောင့်ပုံသဏ္ဍာန်အမျိုးမျိုးတို့၏



www.burmeseclassic.com

www.burmeseclassic.com



အစသည် အစက်ကလေးတစ်စက်ဖြစ်၏။ ကျွန်မခြေချရာနေရာမှ ဖုန်မှုန့်ကလေးတစ်မှုန့်သည် တစ်ခါက ဗုဒ္ဓရှင်တော်ဂေါတမ ခိုလှုံနားနေ၍ ပွင့်ခဲ့ရသော ပင်မင်း၏ မြေသစ်ရွက်များ ဖြစ်ခဲ့ကောင်းဖြစ်ခဲ့ပေမည်။

များစွာသော ဖုန်မှုန့်လေးတစ်မှုန့်စီသည် သူတို့၏ ဘဝဇာတ်အ ကို ပြန်၍များပြောကြလျှင် လှပခန့်ညားသော ဘဝအစပုံပြင်များကို ကြည်နူးစွာကြားနေရပေမည်။

ပန်းပွင့်ကလေးများမှာလည်း သူတို့၏ရာသီနှင့် ညှို၍မြူးခဲ့သော ဇာတ်လမ်းစုံ။

လူမျိုးစုချောကလျာတို့၏ ပျို့ရှယ်သစ်လွှင်စဉ်က ဘဝရုပ်ပုံများ

ကေရာဇ်ဘုရင် သက်ဦးဆံပိုင်တို့၏ ရွှန်းမြပြောင်လက်သော သန်လျက်ရောင်၏ ခေတ်ဦး။

ဩော် . . . သာစွ၊ လှစွ၊ တောက်ပပေစွ၊ ခန့်ညားသော ထိုသဏ္ဌာန်များ၊ နောက်ဆုံးတော့လည်း သူတို့သည် ဖုန်မှုန့်ကလေးတစ် မှုန့် ဖြစ်သွားသည်ဆိုလျှင် ဘယ်သူက ယုံမလဲ။

ကျွန်မရှေ့တွင် ဖုန်မှုန့်ကလေးများသည် လေပွေငယ်တစ်ချက်ဖြင့် မြေပေါ်မှ ဝိုင်းဝန်းကြွတက်ရင်းမှ တဖြည်းဖြည်း ပျောက်သွား၏ ကျွန်မသည် ထိုင်ရာမှထ၏။ ထချင်၍ ထသောဆန္ဒမှုသည် ခြေထောက်က စ၍ အကြွလှမ်းရန် ရွေ့လျားပုံ၊ လှမ်းစအားယူပုံ၊ လှမ်းဆဲ၊ ချဆဲမြေပြင် ခြေဖဝါးထိသည်အထိ အမှတ်ကို တစ်စပ်တည်း စိုက်နိုင်သမျှစိုက်ကာ မှတ်လိုက်သည်။ အမှတ်စိတ်ကာ အာရုံခံစားသောစိတ်ကို လေးငါးလှမ်း တွင် နိုင်လိုက်ပေသည်။ ထိုတခဏ ဇောဓိပင်အောက်မှ ငါစိတ်၊ ငါ့ အတွေး၊ ငါအပူလေးပျောက်သွား၏။ အဟောသုခံ ချမ်းသာစွ။





ထိုခြေလှမ်းအတိုင်းနှင့် ဖလ်ယဉ် မမ္မာရုံရောက်သောအခါ တရားထိုင်လိုက်၏။ နှစ်ချက်တီးတွင် အလှည့်ကျ ဆရာတော်၏တရားကို နာယူလိုက်ပါသည်။ သုံးနာရီခွဲတွင် တရားပွဲပြီးသွားသည်။ ယောဂီသစ် များသည် တရားဆက်မှတ်သူမှတ်၏။ တရားအစစ်အဆေးခံသူက ခံ၏။ ယောဂီဟောင်းတစ်ချို့က အရိပ်ပြန်ကြသည်။ အိမ်ယောဂီများ သို့မဟုတ် နေ့ယောဂီ အဘွားအိုများကမူ ပြန်သည့်သူလည်း ပြန်သွားကြသည်။

ကြေးရဟတ် အိမ်ယောဂီ အဘွားအိုတစ်စုသာ မမ္မာရုံ လှေကားထစ်တွင် အိမ်ကလာကြိုမည့်ကားကို စောင့်ရင်းစကားတီးတိုး ပြောနေကြသည်။ ကျွန်မသည်လည်း အိမ်ပြန်ရန် နေပူသေး၍ နေအေး အောင်စောင့်ရင်း အဘွားအိုများအပါးတွင် ထိုင်လိုက်၏။ မမ္မာရုံထဲတွင်မူ ဘယ်သူမှ စကားမပြောရ တရားမှတ်သူမှလွဲ၍ ဘယ်သူမှမနေရပေ။

ကျွန်မ အဘွားအိုများကြားတွင်ထိုင်ရင်း တစ်ခုဝမ်းသာသွား မိ၏။ မည်သို့ပင်ဆိုစေ ရှေးတစ်ခေတ်ဥပုသ်ဇရပ်ကို သရုပ်ဖော်စာများ ရေးလျှင် သားရေး၊ သမီးရေး ဆွေးနွေးရာနေရာ၊ လောကုတ္တရာ ပျော်ပွဲ စားထွက်ရာနေရာ၊ ဂိုဏ်းတွေ နတ်တွေနှင့် ဝိုတရား ရယ်တရား ဆွေးနွေး ရာနေရာအဖြစ် သရော်စာ၊ လှောင်စာများကိုသာ ဖတ်ခဲ့ရ၏။ ယခု အဘွားအိုများသည်လည်း အိမ်အကြောင်းကိုတော့ပြောသည်။ မိန်းမ ဆိုသည် အိမ်နှင့်ကင်းကွာ၍ မရပေပဲ၊ သို့သော် . . .

"ကျွန်မတော့လေ ဆရာတော်ဘုရား မိန့်ကြားတဲ့အတိုင်းပဲ အိမ်က အဘိုးကြီးကို တရားတစ်လုံးမှ မဟောတော့ဘူး။ သားပြနာ နိုင်သာမှာ ကျွန်မနဲ့အတူ တရားအားထုတ်ပါလို့ပဲ မပြောတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကျွတ်ချိန်တန်ရင် သူလိုက်လာမှာပဲ။ ဒီတရားမှ ကိုယ်တွေ့လက်တွေ့အစစ်၊ ကိုယ့်ကိုယ်ကိုယ် အားကိုးရတာ။ သူစိတ်ချမ်းသာ လက်ချမ်းသာရှိပါစေတော့လို့ ကို ကထိုင်ပြီး တရားတွေကျင့်ပေးလို့ ရတာမှ မဟုတ်တာဲ။

ဒေါ်မြစိန်သည် မှန်သောစကားကို ဆိုလိုက်၏။

"ကျွန်မကတော့ ရှင်းရှင်းပဲ သားတွေသမီးတွေကို ပြောပြတယ်" ဒေါ်သာနုကဆက်၍ သူ့ခံယူချက်ကို ပြောပြ၏။

"မေမေဟာ မင်းတို့ဖေဖေဆုံးပြီးတော့ ကိုယ်လွတ်မရုန်းခဲ့ဘူး မဆိုးမပေမယ့် သားသမီးခြောက်ယောက်ကို အငယ်ဆုံးမိမိတင် ကောလိပ်ရောက်သည်အထိ မေမေပညာပေးပြီးပြီ။ အမွေတွေလဲခွဲပြီးပြီ၊ နှစ်ပေါင်းလေးဆယ်လုံးလုံး အိမ်ကြီးကျွန်၊ သားသမီးကျွန်၊ လင်ကျွန်အဖြစ် နေခဲ့ရတာတွေ။ ခုတော့ ငါအလွတ်ရုန်းပြီ၊ ငါ့ရောဂါက ခေါင်းဖျားကနေခြေဖျားအထိ နေ့သေမလား ညသေမလားမသိ၊ သေရမှာက မုချဖြစ်နေတော့ သေမင်းကို ရဲရဲရင်ဆိုင်ဖို့၊ ညင်ညင်သာသာ အသက်ထွက်ဖို့ ဒီတရားပဲ အားကိုးရှိတာလို့ပြောရတယ်။ ခုလဲသူတို့က မေမေ့မှာ သွေးတိုးရှိလို့၊ နှလုံးရောဂါရှိလို့ပါ ဖရပ်မှာတော့ တစ်ယောက်တည်း မနေရဘူးနဲ့ဆိုလို့သာ အိမ်ပြန်တာ၊ ကားအားတာနဲ့တပြိုင်နက် ကျွန်မတော့ ရိပ်သာအရောက် ပြေးလာခဲ့တာဘဲ"

ဒေါ်သာနုသည် (၄)ခါပြန်ခွဲပြီးသော သူ့ဗိုက်ပေါ်ရှိ ကင်းခြေများလို ချုပ်ရိုးများကို လှန်ပြ၍ သူ့စကားကို နိဂုံးချုပ်၏။ ဒေါ်သာနုသည် ကျွန်မလိုပင် ရောဂါများသူဖြစ်၏။ သူက တစ်ခုပိုသည်က အစာအိမ်နှင့် သားအိမ်ရောဂါရှိ၍ ခဏခဏ ခွဲစိတ်ကုသခြင်းကို ခံရသူဖြစ်သည်။





"ဟုတ်တာပေါ့ ဟုတ်တာပေါ့"ဟု ဒေါ်သာစည်က ဆက်လက်စကားဆို၏။ ဒေါ်သာစည်သည် စကားပြောလျှင် သာသာစည်စည်နှင့် နာမည်နှင့်လိုက်အောင် ရွှန်းရွှန်းဝေဝေစကားပြောတတ်၏။ သူ့ခင်ပွန်းနာမည်ကလည်း ဦးချမ်းမြ။ နာမည်နှင့်လိုက်အောင် ဦးချမ်းမြသည် အေးအေးချမ်းချမ်းနေ၏။ ကျွန်မတို့က ဒေါ်သာစည်စုံတွဲကို မန်းလေဆိပ်ဟု အမည်ပေးထားသည်။ မန္တလေးမြို့လေဆိပ်အမည်မှာ ချမ်းမြသာစည်ဖြစ်ပါသည်။

"ဟုတ်သမှ သိပ်ဟုတ်။ သားသမီးအပူ၊ လင်အပူဆိုတာ ဘယ်အပူနဲ့မှမတူဘူး။ အချိန်တစ်ဆယ်ရှိတဲ့ ဝန်ထုပ်ကမှ ခေါင်းပေါ်မရွက်နိုင်ဘူးဆို လမ်းဘေးချထားခဲ့လို့ရတာ။ လင်ဝန်ထုပ် သားသမီးဝန်ထုပ်က လေးလှချည်ရဲ့လို့ ဘယ်နေရာထားခဲ့လို့ရမလဲ၊ ခဏရွက်ထားပါလို့ ဘယ်သူပြောင်းပေးလို့ရမလဲ၊ ကျွန်မကလေ ဒီတရားမတွေ့ခင်က ဥပုသ်ဆောင့်ပါရဲ့ တတ်နိုင်သလောက်လဲ ဒါနပြုပါရဲ့၊ ဟောဒီပါးစပ်ကို ငြိမ်အောင်မထိန်းနိုင်ဘူး။ တစ်နေ့တစ်နေ့ ရန်ဖြစ်စရာမရှိ ကိုချမ်းမြနဲ့ရန်ဖြစ်တာပဲ၊ ဘယ့်နှယ့် ရန်မဖြစ်ပဲနေပ့ါမလား။ သူက မင်းမှာသွားလိုက်ရတဲ့ ဥပုသ် ဖရပ်၊ တို့တော့ လောဘ၊ ဒေါသငြိမ်းပြီးသား။ ဥပုသ်ဖရပ်သွားဖို့ မလိုလို့ပြောတယ်တော်ရေ၊ လောဘ၊ ဒေါသ ငြိမ်းမပေါ့၊ ကလေးဆယ်ယောက်သာ မွေးလာခဲ့တယ်၊ ကိုချမ်းမြအလုပ်တစ်ခု ခါးချိုးလုပ်ရတယ်လို့တစ်ခုမှမရှိဘူး"

ကျန်သောအဘွားအိုများသည် အသံမထွက်အောင် ခပ်အုပ်အုပ်ရယ်လိုက်၏။

"ဟုတ်တယ်လေ ကျွန်မက ပိုမပြောပါဘူး။ သူက ဘာတစ်ခုမှ



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ပဲ အိမ်ဦးမှာကျောက်ရုပ်လို ငုတ်တုတ်ထိုင်နေလေတော့ လောဘ၊ ဒေါသကင်းနိုင်ပေသပေါ့။ ရှင်းရှင်းပြောရရင် ကလေးဆယ်ယောက်သာ မွေးခဲ့တယ်။ သူဆေးရုံလိုက်ပို့လို့ မွေးခဲ့တဲ့ ကလေးတစ်ယောက်မှ မပါဘူး။ မိသာစည်မှာလေ ဗိုက်ကြီးတပြုပြုနဲ့ ကိုယ့်ကလေးကိုယ်မွေး ဗိုက်နာလာ ပြီဆို တွေ့ရာကြုံရာကားနှင့် သားဖွားဆေးရုံပြေးရတာ။ ကိုယ့်ပစ္စည်းကိုယ် ရှာ။ အရွယ်ရောက်တဲ့ ကလေးတွေကိုလည်း အလုပ်ရအောင် အရာရှိ အိမ်တွေ၊ မျက်နှာအောက်ချ တစ်အိမ်တက်ဆင်း ပြောရတာလဲ မိသာ စည်ဘဲ၊ လူမှုလူရေး နေရာတကာ အပေါင်းအသင်းဆန့်အောင် ပြေးရ တာလဲ မိသာစည်ဘဲ၊ ကလေးတွေအလုပ်မရခင်က ပါးစပ်ဆယ်ပေါက် အတွက် အကွက်စေ့အောင် ငွေကိုခြစ်ချုပ်ရှာရ စုရဆောင်းရနဲ့ လောကမှာ လင်နဲ့မယား စီးတဲ့ရေ ဆည်တဲ့ကန်သင်းလို့ ကြားဘူးပါတယ်၊ ကျွန်မမှာ တော့ ဆည်တဲ့ကန်သင်းသာရှိတယ်။ ရေကတစ်ခါမှမစီးတော့ ကန်သင်း ခြောက်ကြီးလေ''

ဒီတစ်ခါတော့ ဘေးမှအဘွားအိုများသည် အသံထွက်အောင် ရယ်လိုက်မိကြ၏။

''ဒီတော့ကျွန်မဖြင့် ခဏခဏ ရန်ဖြစ်မိတာပဲ၊ နောက်တော့ ဒီမဟာစည်သာသနာ့ရိပ်သာရောက်လာပြီး အပျိုကြီး မသဲလုံနဲ့ တွေ့မိ တော့မှ သူကပြောတယ်လေ၊ လင်ဆိုတာ အိမ်ဦးခန်းထိုင်နေဖော်ရုံလဲ နဲ့သလားတဲ့၊ အဟမ်းဆိုဖော်ရ နဲ့ရှောသလား ဆိုတဲ့စကား ကြားဘူး သလားတဲ့၊ အပျိုကြီးက ကိစ္စမရှိဘူးတဲ့၊ သားနဲ့ သမီးနဲ့၊ မိန်းမတွေဟာ လင့်အရှိန် လင့်ရဲ့အရိပ်အာဝါသမရှိလျှင် လူမရိုသေချင်ဘူးတဲ့၊ ပြီးတော့





သောစည်တွေးကြည့်စမ်း။ ကိုချမ်းမြကို ဘယ်သူရိုက်ပေးစားတာလဲ၊ ကိုယ့်ဟာကိုယ်ကြိုက်လို့ ကိုယ့်ဟာကိုယ်ယူခဲ့ပြီး ဒီကလေးဆယ်ယောက် ဘယ်သူမွေးခဲ့တာလဲ၊ ကိုယ့်ဖာသာကိုယ်မွေးခဲ့တာ၊ ဒီသံသရာ ကိုယ့်ဟာ ကိုယ်စခဲ့တာ ဘယ်သူမှလဲ အပြစ်မတင်နဲ့တော့လို့ သူပြောတော့မှ ဟုတ် သလားဘဲလို့ နောက်ဆုံးကိုယ့်လမ်းစကိုယ်ဖျက်ပြီး အပြတ်ကိုတရားဝင် ဆိုက်တယ်လေ၊ အရင်ဆယ်ရက်စခန်းတို့ ဘာတို့နေရာတွေသွားတုန်းက ဓါးဆပ်ကို ငြိမ်အောင်မထိန်းနိုင်ဘူး။ ဒီတော့လဲ ပါးစပ်မငြိမ်၊ ဒေါသမထိန်း နိုင်၊ လောဘမသတ်နိုင်၊ သောကမအေးတဲ့ မိသာစည်ကို ကြည့်ကြည့် ပြီး ကိုချမ်းမြက တရားအားထုတ်သူတွေကို အထင်သေးခဲ့တာ၊ မဟာစည် ရိပ်သာကျွန်မရောက်မှ အပြတ်ရှင်းနိုင်တော့တယ်၊ ပါးစပ်လဲငြိမ်၊ ကိုသာ ည်ကိုလဲ ရန်မဖြစ်တော့ဘူး။ သူဟာသူ အိမ်ဦးခန်းက တစ်လက်မရွှေ့ ရွှေ့ မရွှေ့ရွှေ့၊ အခုအလုပ်ရှိတဲ့ သားသမီးတွေက တစ်လ(၁၀)ကျပ် ၁၅)ကျပ် ပို့င်းထောက်၊ အငယ်တွေကို အကြီးတွေကပြန်ကြည့်၊ ကျွန်မ တ်ထုပ် ကျွန်မအဲဒီလိုပဲ သိမ်းခဲ့တယ်၊ သူ့ကိုသာစောင့်နေရင် အလုပ်မ ယ်ကောင်းလားပြောနေရင် အရပ်ကကျွန်မအသံပဲကြားတယ်၊ မိသာစည် ဲ လူဆိုးကြီးဖြစ်၊ ဟော ဟော သုံးဘီးကားလွှတ်တွေ့ပြီ သွားတော့မယ် တော်''

ဒေါ်သာစည်သည် သုံးဘီးကားကိုလက်ပြ၍ ကားပေါ်ပါသွား တော့သည်။

ဪ အသက်(၅၀)ကျော် (၆၀)တွင်း ရောက်လာလျှင် လော ဆိုင်းအဝိုင်း အိမ်ဟူသော ပတ်ဝန်းကျင်မှ မသိမသာ ဖိအိုဖအို



www.burmeseclassic.com

www.burmeseclassic.com



ဆွေမျိုးအိုတို့သည် တဖြည်းဖြည်း အပခံလာကြရပြီး အပယ်ခံလာကြရပြီ။

ထိုအခါမှ ကျွန်မတို့သည် အပယ်ခံလူတန်းစားဘဝ ရောက်လာကြ၏။ အပယ်ခံရပြီဟု စိတ်ဓာတ်ကျနေမည့်အစား "အပယ်ရတနာ" များဖြစ်အောင်၊ မြတ်သောအပယ်ခံရခြင်းဖြစ်အောင် ဤတရားသည် လူအိုတို့ကို စိတ်ဓာတ်မြင့်တင်ပေးလိုက်၏။

အဖိုးကြီး ဒေါ်သဲလုံဆင်ခြင်ပုံကလည်း မဆိုးလှ။ သူသည် ရှုံးအုပ်ဘဝမှ ပင်စင်ယူလိုက်ပြီ။

"အရင် တရားအားထုတ်စက ကိုယ့်ကိုယ်ကိုယ် လင်မယူတာနဲ့ကိလေသာတွေ ငြိမ်းနေပြီ အောက်မေ့နေတာ။ ဒီတရားအားထုတ်ပြီး ဆရာတော်တွေ တရားနာရတော့မှ 'လက်ခံသိမ်းပိုက်ထားသူ ဟုသမှုကို သောက အပူပေးသမျှ အရာခပ်သိမ်းကို ကိလေသာ"ဟု ခေါ်သည်ကို သဘောပေါက်တာလား မခင်ယုရဲ့ အရင်ကလေ စိတ်ထဲမှာ ကိုယ့်ကိုယ်ကိုယ် ပြန်လည်ဆန်းစစ်မကြည့်မိဘူး။ သူများကိုသာဘဲ လောဘကြီးတယ် ဒေါသကြီးတယ်၊ သည်းခံစိတ်မရှိဘူး။ တွယ်တာမှုများတယ်နဲ့ ပြော... တယ်၊ အသက်ကြီးလာလို့ စကားများလာလဲ ကိုယ့်ဟာကို များတယ်လို့ကိုမထင်မိဘူး။ အားလုံးစွန့်လွှတ်ဖို့နေနေသာသာ နို့ဆီခွံဗူးအလွတ်တစ်ခု၊ ပိတ်တစ်စတောင် မစွန့်နိုင်တဲ့အပြင် ဒီမီးဖိုချောင်ကိုတောင် အစေခံတစ်ယောက်နဲ့ မလွှတ်ထားနိုင်ဘူး။ ငါ့ပစ္စည်းကုန်နိုးနိုး အလဟဿ ဖြစ်နိုးနိုးနဲ့စေ့စပ်လိုက်ရတာ၊ ခုတော့ ကိုယ်ကဆယ်လီစိတ်ရတာ၊ ... အုပ်စီးတဲ့တူသားတွေ မျက်လုံးမှာက နေရာတကာကြီးစိုးချင်တဲ့ မိန်းမကြီး...





...ကား တံရှည်တဲ့ မိန်းမကြီးဆိုတဲ့အမြင်နဲ့ မြင်နေတာကလား။ ခုတော့ ကိုယ့်ဇာတ်လမ်း ကိုယ့်ဘာသာ ကိုယ်ပဲ သိမ်းလိုက်တော့မယ်။

ဒေါ်သဲလုံ အဖိုးကြီးကလည်း သူ့ဇာတ်လမ်း၏ ကန့်လန့်ကာချ ခန်းလေး ပြောပုံမှာ မဆိုးလှပေ။ ဘယ်သို့ပင်ဆိုစေ တစ်နေ့တော့ သူတို့င်းအိမ်ပြန်ကြ ရသည်။ ရိပ်သာတွင်တောင် အပေါင်းရော အသစ် ရော တာရှည်နေ၍မရ။

သို့သော် သူတို့၏အိမ်အပြန်လမ်းများသည် သာယာချောမွေ့ ...တကား။

တချို့ လူတစ်စု စိတ်ဓာတ်တွင် အိုမင်း၍ အရွယ်လွန်သူတို့သည် အလုပ်လုပ်ဖော် မရ၍ လူ့ပြည်တွင် မနေအပ်ဟူသော ကြောက် ...ဖွယ်ရာ အယူအဆများကို လူငယ်များခေါင်းတွင် သွင်းပေး၏။

တချို့ လူများက နိုင်ငံခြား တိုင်းပြည်များသို့ သွားရောက်လည် ...ပြီး လူအိုတို့သည် အိုမင်းချိန်တွင်တောင် တံမြက်လှဲရအုံးမည်။ ...ကြည့်တိုက်မှာပဲ အချိန်ကုန်၍ သေမင်းကို စောင့်ရမည်ဟု ရေးကြ၏။ ဆိုဆောင်းပါးကို ကျွန်မဖတ်ရသောအခါ ကြေကွဲမိ၏။

ကျွန်မတို့ လူအိုများကို ပြန်လည်ပြုစုခြင်းမှာ သူတို့မအိုခင် ...ချိန်က ပျိုမျစ်စဉ်က တစ်မိသားစုအတွက်ပင်ဖြစ်စေ၊ တစ်ရပ်ကွက် အတွက်ပင်ဖြစ်စေ၊ လူ့ဘောင်တစ်ခုလုံးအတွက်ပင် ဖြစ်စေ၊ ဆောင်ရွက် ...သောအလုပ်တာဝန်ကို ဂုဏ်ပြုသောအားဖြင့် ချီးကျူးခြင်း၊ ပူဇော်ခြင်း ...လည်ပြုစုကြခြင်း ဖြစ်သည်။

မျက်စိမှုန်သီဝေ၍ စာမဖတ်နိုင်။ လက်က တံမြက်စည်း တစ်



www.burmeseclassic.com

www.burmeseclassic.com



ချောင်း မနိုင်၍ လူ့ဘောင်လုပ်ငန်းခွင်မှ အနားယူရပြီးဖြစ်သော ဤလူအို တို့အား ကြုံကြိုက်ရာပုံစံနှင့် အနားယူပါစေ။

မိမိ မအိုဘူးသေးသောကြောင့် အိုခြင်းအပေါ် ကိုယ်ချင်းမစာနာ တတ်သေး၍ ထင်ရာစွတ်ရေးကြတာပဲဟု ကျွန်မသည် မြန်မာလူအို များကို ရှုတ်ချပြစ်တင်သော စာရေးသူအား ခွင့်လွှတ်လိုက်ပါ၏။

ဝိပဿနာတရားကို နည်းပြသော ဆရာတော်များကပင် အိုမင်း သူတို့အား အထူးအခွင့်အရေးပေး၏။ အိုပြီဆိုသည့်နောက် ခန္ဓာကိုယ်၏ ဖွဲ့စည်းတည်ဆောက်ပုံက အားနည်းလာရုံမက စိတ်ဓာတ်က ကျဆုံး လာပြီမို့ သဒ္ဓါရှိသော်လည်း ဖွဲလုံ့လက လူငယ်များနှင့် မယှဉ်နိုင်ပါပြီ ထို့ကြောင့် ဆရာတော်များက ဖေးဖေးမမနှင့် တွဲယူခေါ်ငင်သွားကြ၏။

အမြင်ကမူ ဝိပဿနာတရားကို အားထုတ်ဖူးသော လူအိုတို့ သည် သေမင်းကိုမကြောက်၊ သေခြင်းတရားကို ရဲရဲရင်ဆိုင်နိုင်လာခြင်းမှာ အလွန်လျှင် မွန်မြတ်သော ဆုလာဘ်ကြီး တစ်ခုပါပင်တည်း။

နိုင်ငံခြားလူအိုများတွင် စင်စစ် သေခါနီး ဘာအာရုံစွဲ၍ ဘယ်လို သေရမည်ဟူသော တရား(သို့မဟုတ်) ခံယူချက်ကို ပိုင်ပိုင်နိုင်နိုင် မရှိ၍ သူတို့မှာ အိုမင်းချိန်တွင် စာကြည့်တိုက်နားတွင် မရေမရာနှင့် သေချိန် ကို စောင့်ရ၏။ သေချိန်မတိုင်ခင် အိုခြင်းဟူသော အချိန်ကို ဘယ်လို ကုန်လွန်ရမည်ကိုလည်း သူတို့တွင် ရေရာပြတ်သားမှု မရှိလှပေ။ နာသော ဝေဒနာကို ဆေးကု၍ မရသောအခါ ဘယ်လိုခံရမည်ဟူသော လက်တွေ့ ညွှန်ကြားချက် ကျင့်သုံးမှု မရှိပေ။

ကျွန်မ တစ်ခါတစ်ရံ ခင်ပွန်းသည် ဦးပုံစံကြီး ရှိစဉ်က





ဟဲမင်းဝေးနှင့် မာရီလင်မွန်ရိုးအကြောင်းကို ဆွေးနွေးဘူး၏။ ဟဲမင်းဝေဆို လျှင် ဘဝတိုက်ပွဲအဆင့်ဆင့်ကိုလည်းကောင်း၊ စစ်မြေပြင် တိုက်ပွဲများ တွင်လည်းကောင်း သူပြောင်မြောက်စွာ တိုက်ပွဲဝင်လာခဲ့သည်ကို သူ့ စာအုပ်များကို ဖတ်ကြည့်ခြင်းဖြင့် သိသာနိုင်၏။ သူ့ဖွဲ့သတ္တိကိုလည်း သိသာနိုင်ပါသည်။

သို့သော် ဟဲမင်းဝေးသည် မသေခင် အိုရသည်။ အိုနေခဲ သောဝေဒနာကို ခံစားရသည်။ နာသောဝေဒနာကို မည်သို့ ခံစားရ မည်ကို မသိသော ဟဲမင်းဝေးသည် သူ့ကိုယ်သူ သူရဲကောင်းပီပီ သတ် သေလိုက်၏။

“ဟဲမင်းဝေးသာ ဝိပဿနာတရားကို အားထုတ်ဖူးရင် ကင်ဆာ ဆိုတဲ့ရောဂါကိုရော၊ နာခြင်းဆိုတဲ့ ဓမ္မတာ ဝေဒနာကိုရော၊ နိုင်အောင် ယှဉ်နိုင်ရင် သူ့ကိုယ်သူ ပြစ်သတ်သေမှာ မဟုတ်ဘူးနော်။ နမြောစရာ ကောင်းလိုက်တာ”ဟု ကျွန်မ ပြောခဲ့ဘူး၏။ ကျွန်မချစ်သူ ဦးပုံစံသည် ကျွန်မ ထိုစဉ်က ပြောခဲ့သည်ကို ကောင်းစွာ သဘောပေါက်ပုံမပေါ်။

သို့သော် တရားအားထုတ်ပြီးသောအခါ စိတ်ကိုထားတတ်လာ ၍ ဝေဒနာကို ခံစားတတ်၏။ သေခါနီး သူ့ဝေဒနာကြီးကို ပြင်းစွာ ခံစားနေရချိန်တွင် တခြားလူနာများ ကယ်ပါယူပါနှင့်အော်ဟစ် နေကြ၏။ ကျွန်မပင်လျှင် လူနာတစ်ယောက် အော်သံကြောင့် တုန်လှုပ်မိ၏။

သူများ စိုးရိမ်တုန်လှုပ်၍ အော်ဟစ်နေလေမလားဟု ကျွန်မ အနားကပ်သွားသောအခါ...

“အချို့ကိုကြီး မပြတ်ရှုမှတ်လို့ ဝေဒနာကို နိုင်ပါတယ်”ဟု … တိုးလေသံလေးနှင့် ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



သိမ်ဖြူဆရာတော်က တစ်ခါတစ်ရံ ပြောပြရာတွင်. . .

''အနောက်နိုင်ငံ ဆေးနည်းကို ဆရာတော်တို့ အထင်မသေး ပါဘူး။ သူ့နေရာနှင့်သူ အသုံးကျတာပါပဲ၊ ဒါပေမယ့် ဝေဒနာသက်သာ အောင် ထိုးတဲ့ဆေးကြောင့် ဘိန်းမှိန်းသလို ဘိန်းစားကြီးတွေအဖြစ် သေသေ သွားရတာ ဆုံးရှုံးခြင်း တစ်မျိုးပဲ''

ထုံးစံအတိုင်း သေခါနီး အမောဖောက် သေကြရသည်ပဲဖြစ်စေ ဝိပဿနာ တရားကတော့ ရုတ်တရက် ဝေဒနာကြောင့်ပဲသေသေ၊ အို ကြောင့်ပဲသေသေ မိန်းမော တွေဝေ၍သော်လည်းကောင်း၊ ကယောင် ချောက်ချားနှင့်သော်လည်းကောင်း မသေပါပေ။ အမြဲအကျင့်ဖြစ်နေ ဖြစ်သော လူတစ်ယောက်သည် သေခါနီးနောက်ဆုံးအချိန်(ဇော)တွင် ထိုရှုမှတ်စိတ် အလိုလိုကပ်လာကာ ဘဝကို အောင်မြင်စွာ ဆုတ်ခွာနိုင် ကြ၏။

ဝိပဿနာသည် လူ့စိတ်ကို အားနည်းပျော့ညံ့သွားစေသည် စွပ်စွဲသူတို့အဖို့ ကျွန်မတွေ့ခဲ့သော အဘွားအိုတို့နှင့် တွေ့ပေးချင်ပါသည် သူတို့သည် ပျော့ညံ့သွားဖို့နေနေသာသာ ကျွန်မတို့ တစ်ခါက သော သီချင်းလိုပင် ''ရဲစိတ်နှင့်သေမင်းကို သစ္စာနှံမည်''ဆိုသော ချက် သူတို့တွင် ဝင်လာသည်ကို တွေ့ရပေသည်။

မာရီလင်မွန်ရိုး ဆိုလျှင်လည်း သူသေသွားသောအခါ ကျန်ရစ်သော ငွေသည် ကုဋေချီ၍ ကျန်၏။ သူ့၌ အသက်ရှင် ဘာမှလိုလေသေးမရှိအောင် သူ့ငွေများက ဖန်တီးနိုင်၏။ သို့သော် ၏ဘဝင်ကို ဘာဆေးတွေကမှ တည်ငြိမ်အောင် မထိန်းနိုင်၊ ငြိမ်းဆေးရှာရာမှ မွန်ရိုးသေရသည်ဟု ကျွန်မထင်ပါသည်။





ကျွန်မသည်လည်း ယခင်ကသော ဗောဓိပင်အောက်မှ မြေး အဘွား ဇာတ်ထုပ်ကို မြင်ရပြီး ငါရဲ့အိမ်ပြန်ချိန်မှာ ငါ့မြေးတွေနှင့် ငါနှင့်ဇာတ်ထုပ်က ဇာတ်သိမ်းကောင်းပါ့မလားဟု အကြံပွား၊ သို့မဟုတ် အနာဂတ်ကြီး အတွေးပွားက နှိပ်စက်ပေဦးမည်။

အနာဂတ် ရှိရခြင်းသည် သို့မဟုတ် အနာဂတ်ပဲ့သော စကားလုံးသည် ပစ္စုပ္ပန် ရှိနေ၍လည်းဖြစ်သည်။ ပစ္စုပ္ပန်ဆိုသည်ကရော အတိတ်ရှိ၍သော ပစ္စုပ္ပန် စကားလုံးထွက်လာခြင်း ဖြစ်သည်။

လူ့ဘဝတွင်လည်း လူငယ်ဟူသော အနာဂတ်အတွက် လူသား များကို မိဘများက မွေးထုတ်ပေးခဲ့၏။ မိဘဟူသော ဤသူများသည် သုခဒုက္ခ ဖြစ်သမျှကြုံးခံ။ တစ်ခါတစ်ရံ ဤသားသမီး လူငယ်တစ်စု အတွက် တစ်မျက်နှာတစ်ဘဝက အဆုံးခံ၍ ကျွေးမွေး ပြုစုစောင့် ရှောက်ခဲ့၏။

ထို့အတူ မိဘဆိုသော အလယ်လူတန်းစား သို့မဟုတ် ပစ္စုပ္ပန် ကို ဦးဆောင်သော လူတန်းစားတစ်ရပ်ကိုလည်း ဘိုးဘွားဟူသော အတိတ်လူတန်းစား တစ်ခုက ပြုစုပျိုးထောင်ကျွေးမွေး စောင့်ရှောက်ခဲ့ သည်။ အနာဂတ် လူ့ဘောင်သာယာရေး၏ စ,ရာမှီရာ တည်ရာများသည် ဘိုးဘွားများ ဖြစ်ခဲ့ကြသည်တကား။

ဤသဘောကို လက်ခံသဘောပေါက် နားလည်လာလျှင် ဗောဓိ ပင်အောက်မှ မြေးအဘွားပြဿနာ ပြေလည်ကောင်းပါရဲ့။

ထို့ကြောင့် ကျွန်မအိမ်ပြန်ရောက်သောအခါ ညဦးပိုင်းတွင် အဖို့ရော လာလတ္တံ့သော သားငယ်သမီးငယ်အဖို့ရော မိခင်ကို မွေး

www.burmeseclassic.com



ထုတ်လိုက်ပါသော မိဘ ဘိုးဘွားအတွက်ရော ဆွေမတော် မျိုးမ
သော်လည်း အိုမင်းမစွမ်းဘ၀ အတောင်ကျိုးပြီဖြစ်သော သူများအတွ
သော်လည်းကောင်း သဘောထားကြီးစွာ မျှတစွာနှင့် အစားအ
စုဆောင်းရှာဖွေ ကျွေးမွေးတတ်ပေသော ကေဒါရကျေးမင်းအကြော
ကို မြေးငယ်လူလု ချစ်မဝနှစ်ယောက်သား ပြောပြ၍သိပ်ခဲ့ရပါသည်

အဟောသုခံ ချမ်းသာစွ။

"တစ်ခါတုန်းက ရာဇဂြိုဟ်ပြည်မှာ မဂဓမင်းကြီးက အုပ်
နေတယ်။အဲဒီမင်းကြီးရဲ့ တိုင်းပြည်မှာ လယ်တောတွေ အများကြီး
ရှိတာပေါ့"

ကောသိယဂေါတ္တလို့ခေါ်တဲ့ ပုဏ္ဏားကြီး တစ်ယောက်ကလည်း
သာလိန္ဒိယ ရွာမှာနေတယ်။ သူကလည်း တခြားလူတွေလိုက်
လယ်လုပ်ပြီး စပါးတွေ စိုက်တာပေါ့။ စပါးစိုက်တယ်ဆိုတာ တစ်ယော
တည်း လုပ်လို့မရဘူး။ အများနဲ့ဝိုင်းပြီး လုပ်ရတယ်။ ပုဏ္ဏားကြီး
စပါးပင်တွေကို ပျိုးပြီး၊ ပျိုးပင်တွေလည်း သန်လာတဲ့အခါမှာ သူ့
လယ်လုပ်တဲ့ လယ်သမားတွေကို အချိုးကျပျိုးပင်တွေ ဝေပေးပြီး စိုက်
တယ်။ သူကိုယ်တိုင်လည်း သူအတွက်ကျ လယ်မြေမှာ စပါးပင်
ပျိုးပြီး လယ်ယာလုပ်ကိုင်ကြတယ်။ သူ့လယ်ကို အခစားလုပ်တဲ့
ငှားကို စောင့်ရှောက်နိုင်းရတာပေါ့။

ဘာလိန္ဒိယ ရွာအနားမှာ လက်ပံတောကြီးတစ်တောရှိ
အဲဒီ လက်ပံတောမှာ ကျေးငှက်တွေ အများကြီးရှိတယ်။ လူ
သူတို့ကို အုပ်ချုပ်တဲ့ ဘုရင်ရှိသလို ကျေးငှက်တွေမှာလည်း ကျေး





ကို အုပ်ချုပ်တဲ့ ဘုရင်ရှိတယ်။ ကျေးဘုရင်ကြီးမှာ သားတော်တစ်ပါး
ရှိတယ်တဲ့။ ကျေးမင်းသားရဲ့အမည်က ကေဒါရတဲ့။ ဒီကျေးမင်းသားလေး
ကြီးပြင်းလာတဲ့အခါတော့ သိပ်ပြီးတော့ လှပတာပဲ၊ လူလိုတော့ ယောကျ်ားပီသ
တယ် ခေါ်မှာပေါ့။ ခွန်အားဗလနဲ့ ပြည့်စုံတယ်။ အုပ်ချုပ်တဲ့ ကျေးဘုရင်
ကြီးက တစ်နေ့တော့ ကျေးမင်းသားလေးကို ပြောပြတယ်။

"သားကြီးဟာ အရွယ်ရောက်ပြီ။ ဖခင်အုပ်စိုးတဲ့ ကျေးသား
တွေကို အုပ်ချုပ်နိုင်တဲ့ ခွန်အားလည်းရှိပြီ၊ ဖခင်တို့ဟာ အိုမင်းပြီဖြစ်
လို့ ဆက်လက်ပြီး ကျေးသားတွေကို အုပ်ချုပ်တဲ့တာဝန်ကို မယူနိုင်ဘူး
သားပဲ ဆက်လက်အုပ်ချုပ်ပါ" လို့ ပြောတယ်။

ကေဒါရ ကျေးမင်းသားကလည်း "ကောင်းပါပြီ" လို့ ပြောပြီး
ကျေးငှက်တွေကို အုပ်ချုပ်တယ်။ သူအုပ်ချုပ်တဲ့ နေ့ကစပြီး သူ့မိခင်နဲ့
ခင် ကျေးအိုတွေကို အစာမရှာစေရဘူး။ အသိုက်မှာပဲ အေးအေး
ချမ်းချမ်း နေစေတယ်။

"ပျံသန်းနိုင်တဲ့ ငယ်ရွယ်ဖျတ်လတ်တဲ့ ကျေးတွေကို ခေါ်သွား
ပြီး ဟိမဝန္တာတောမှာ အလိုလိုပေါက်တဲ့ သလေးစပါးတွေကို သွားပြီး
စားကြတယ်။ ပြန်ချိန်ရောက်တဲ့အခါ သလေးစပါးနှံတွေကို ကိုက်ချီပြီး
ယူလာခဲ့တယ်၊ ဒီစပါးနှံတွေကို အိုမင်းလို့ အစာမရှာနိုင်တဲ့ သူ့ဖခင်
မိခင် ကျေးအိုတွေကို ကျွေးသတဲ့။

"တစ်နေ့သော အခါကျတော့ စပါးခင်းတွေ မှည့်ချိန်မှာ
သာလိန္ဒိယရွာက လယ်ကွင်းထဲကို စပါးတွေ မှည့်မမှည့်ကျေးသားလေး
တကောင်ကို လွှတ်ပြီး ကြည့်နိုင်းတယ်။ ကျေးသားလေးတွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



ကောသိယဂေါတ္တပုဏ္ဏားကြီးလယ်က မှည့်နေတဲ့ စပါးနှံတွေကို ဖြတ် တောက်ပြီး ယူလာခဲ့တာပေါ့။

''ကေဒါရ ကျေးမင်းလည်း နောက်နေ့ကျတော့ ဟိမဝန္တာ မသွားဘဲ ပုဏ္ဏားကြီး လယ်ကိုသွားပြီး အစာစားကြတာပေါ့ လယ်သူရင်းငှားဟာ ကျေးအုပ်ကြီး သူ့လယ်တောထဲ ပျံကျလာပြီး စ နှံတွေကို ကိုက်ဖြတ် စားသောက်တာကို တွေ့တာပေါ့၊ ကျေးတွေ သူချောက်လှန့်ပစ်တာလည်း မရဘူး၊ ကျေးငှက်တွေဟာ အစာဝတယ် လက်ပံတောကို ပျံသွားကြရော၊ ကေဒါရကျေးမင်းကတော့ ပြန် ရောက်ရင် တစ်ခါတည်း သူ့နှုတ်သီးနဲ့အပြည့် စပါးနှံတွေကို ကိုက်ချီ တော့ပျံသတဲ့။ လယ်ကိုစောင့်တဲ့ လယ်စာရင်းငှားဟာ ကျေးတွေ မမောင်းနိုင်လို့ ကြည့်နေရင်းက အံ့ဩနေသတဲ့။

ဒီကျေးကြီးတစ်ကောင်ဟာ အခြားကျေးသားတွေနဲ့ အလွန်လည်း ကြီးမားတယ်။ လှလည်း လှပလိုက်တာ၊ ပြန်ချိန်ရော တော့လည်း တခြားကျေးသားတွေကို ခြေလွတ်လက်လွတ် ပျံမသွား သူ့နှုတ်သီးနဲ့ နိုင်သမျှ စပါးနှံတွေကို အပိုဖြတ်တောက် ကိုက်ချီ တယ်။ တယ်လည်း အံ့ဩဖို့ ကောင်းပါလားလို့ တွေးသတဲ့။ ပြီး လည်း လယ်စောင့်တဲ့သူရဲ့ စိတ်ထဲမှာ ဒီကျေးကြီးကို ချောက်လှ တစ်ခုခုပစ်ဖို့ စိတ်မရှိဘူးတဲ့၊ မြင်တာနဲ့ကို ဒီကျေးကြီးကို ချစ်သ ဒါပေမယ့် သူကတွေးမိပြန်တယ်။

''ငါကတော့ ဒီကျေးကြီးကို ချစ်လို့ကြည့်နေပေမယ့် ကျေးတွေရော သူရော စားကြတာတွေ အပိုကိုက်ချီသွားတဲ့





တွေဟာ နေ့တိုင်းသာ ဒီလိုစားရင်းဖြင့် ခက်လိမ့်မယ်၊ ပုဏ္ဏားကြီးကလည်း သူ့လယ်က စပါးနှံတွေဟာ အင်မတန်သန်တယ်၊ မျိုးတဲ့မျိုးလည်း ကောင်းပါလျက်နဲ့ စပါးရိတ်သိမ်းချိန် ရောက်ရင် စပါးအထွက်နည်းတာကို တွေ့ရင် ငါ့ကို အထင်လွဲလိမ့်မယ်၊ အထင်လွဲရုံတင် မကဘူး၊ ငါစပါး ခိုးကို စောင့်ရတဲ့အတွက် အခကြေးငွေကို ရှင်းလင်းပေးတဲ့အခါ လျော့ သွားတဲ့ စပါးနှံတွေအတွက် ကျသင့်တဲ့တန်ဖိုးကို ငါ့လုပ်ခထဲက ဖြတ် တောက်လိမ့်မယ်။ လျှော့လိမ့်မယ်၊ ဒီတော့မှန်တဲ့အတိုင်း ပုဏ္ဏားကြီးကို သွားပြောမှပဲလို့ သူကြံစည်တယ်တဲ့၊ ရှေးတုန်းကတော့ လယ်လုပ်တဲ့သူ တွေ လယ်သမားအချင်းချင်းတွေကလည်း တစ်ဦးနဲ့တစ်ဦး သစ္စာရှိကြ တယ်။ အမှန်အတိုင်းပဲ ပြောကြတယ်။ မလိမ်ကြဘူး။

''ဒါနဲ့ပဲ လယ်စောင့်တဲ့သူဟာ သူရဲ့ လယ်ရှင်ပုဏ္ဏားကြီးဆီ သွားပြီး ကေဒါရကျေးမင်းနဲ့ ကျေးသားတွေအကြောင်း ပြောပြသတဲ့။

''ပုဏ္ဏားကြီး ကျေးတွေဟာ အလွန်ပဲများပြားပါတယ်။ ကျွန်တော်ဖြင့် ကျေးသားတွေ စပါးနှံကို မစားအောင် မလုပ်နိုင်ဘူး။ အထူးသဖြင့် ဒီကျေးတွေထဲမှာ အလွန်လှပတဲ့ ကျေးသားကြီးတစ်ကောင် ဟာ ပြန်ချိန်ရောက်ရင် အပိုစပါးနှံတွေကို ကိုက်ချီပြီးမှ ပြန်ပါတယ်'' လို့ပြောပြတယ်။

''ဒီလိုဆိုကောင်းပြီ ဒီအကြီးဆုံး ကျေးသားကို အသက်မသေ အောင် ကျော့ကွင်းနဲ့ ထောင်ဖမ်းပြီး ငါ့ဆီကိုယူခဲ့'' လို့ ပုဏ္ဏားကြီးက ပြန်ပြောလိုက်တယ်။

လယ်စောင့်တဲ့သူလည်း ပုဏ္ဏားကြီးပြောသလို ကျော့ကွင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ထောင်ဖမ်းတော့ ကေဒါရကျေးမင်းရဲ့ ခြေထောက်ဟာ ကျော့ကွင်းထဲ ကျနေတာပေါ့၊ သူ့ခြေထောက် ကျော့ကွင်းထဲ မိနေတာကို ကျေးမင်းသား ဟာ သိတယ်၊ ဒါပေမယ့် သူက ဒီလိုတွေးသတဲ့။

"ခုနေအခါ ငါ့ကိုဖမ်းမိနေတဲ့အကြောင်း အော်လိုက်ရင် ငါ့ ကျေးသားတွေဟာ လန့်ပြီး အစာမဝခင် ယပြန်ကြလိမ့်မယ်။ သူတို့ အစာဝအောင်စားတဲ့အထိ ငါစောင့်ပြီး နေအုံးမယ်"လို့ ကျေးမင်း စောင့်နေသတဲ့၊ တိရစ္ဆာန်ကျေးငှက်ဖြစ်ပေမယ့် သူအုပ်ချုပ်တဲ့ ကျေးသား လေးတွေ အစာဝဝလင်လင် စားသောက်ရဖို့ သူ့မှာ တာဝန်ရှိတယ်ဆို ကို သူသိတယ်၊ ကျေးသားလေးတွေလည်း အစာဝလို့ ထလည်းပြန် သူဟာဖြင့် ကြေးကွင်းမှာ မိနေပြီလို့ သုံးကြိမ်သုံးခါ အော်လိုက်တယ် သူရဲ့ အော်သံကိုကြားတဲ့ ကျေးငှက်တွေဟာ တစ်ကောင်မှ သူ့နား ကပ်ဖို့သတိမရကြဘူး၊ တစ်ခါတည်း ထပြီးပျံပြေးကြရော၊ သူ့စိတ်ထဲ တွေးမိတယ်တဲ့။

"ငါ့မှာ ဆွေမျိုးကျေးငှက်တွေ ဒါလောက် ပေါပါလျက်နဲ့ ငါ ကျော့ကွင်းမှာ မိနေပြီ၊ ဒုက္ခရောက်နေပြီလို့ အော်လိုက်တဲ့အခါ တစ်ကောင်မှ လှည့်ကြည့်ဖော် မရပါလား၊ အဝေးကို ပျံပြေးသွားလိုက် တာ။ အခုတော့ ငါတစ်ကောင်တည်း ကျန်ခဲ့ပြီ၊ ငါဟာ ဟိုဘဝအခါ ဘဝက ဘယ်လိုများ မကောင်းမှုကို ပြုခဲ့ပါလိမ့်လို့ ကိုယ့်ဘဝကံ ကိုယ်အပြစ်ချ တွေးသတဲ့။

"သူက သူတော့ဖြင့် ကျော့ကွင်းမှာ မိနေပြီလို့ အော်တဲ့ ရော၊ ကျေးငှက်တွေ စပျံတဲ့အသံရော လယ်တောထဲက အစောင့်က





တော့ လယ်ကွင်းစောင့်တဲ့ သူဟာ ကျေးမင်းရှိရာကို ပြေးလာသတဲ့။ သူချစ်တဲ့ ကေဒါရကျေးမင်း ကျော့ကွင်းမှာ မိနေတာကိုမြင်တော့ သိပ် ဝမ်းသာသွားတာဘဲ။

"လယ်တောစောင့်ဟာ ကျော့ကွင်းကြိုးကိုပါယူပြီး လွတ်တွက် သွားအောင် မြဲမြဲကိုင်ပြီး ရင်ခွင်မှာ ပိုက်ထားတယ်။ မိတ်ကို လုပ်ကျွေး တဲ့ ကုသိုလ်ဟာ ဘယ်လောက် ထူးခြားလဲဆို သူ့ကို ရန်သူက မိတာ တောင် ရန်သူက မသတ်ရက်ဘူး၊ ချစ်တယ်တဲ့။

"လယ်တဲစောင့်ဟာ ကေဒါရကျေးမင်းကို ရင်ခွင်မှာပိုက်ပြီး သယ်ရှင်ပုဏ္ဏားကြီးဆီကို သွားပြီးပို့သတဲ့။

"ပုဏ္ဏားကြီးကလည်း ကျေးမင်းကို မြင်တယ်ဆို ဆီးကြိုပြီး သူ့ရင်ခွင်ထဲမှာ ယုယုယယ ပွေ့ထားလိုက်တယ်တဲ့။ ပြီးတော့မှ ချိုချို သာသာ မေးသတဲ့။

"အမောင်ကျေးသား တခြားကျေးငှက်တွေကတော့ ငါရဲ့လယ် ထဲမှာ စပါးနှံတွေကို ကိုက်ဖြတ်စားသောက်ပြီး ထပျံသွားကြတယ်။ မင်းကတော့ ဝအောင်စားပြီးတဲ့အပြင် စပါးနှံတွေကို နှုတ်သီးနဲ့ အပြည့် ချီပြီး ယူသွားတယ်၊ မင်းမှာ စပါးသိုလှောင်ထားတဲ့ စပါးကျီ လက်ပံတော ရှိသလား၊ ဒီစပါးနှံတွေကို ဘယ်မှာထားသလဲ"လို့ ပုဏ္ဏားကြီးက မေးသတဲ့။

ကျေးမင်းက လူတွေစကားပြောသလို လူဘာသာနဲ့ ချိုချို သာသာပဲပြန်ပြောတယ်။

"အရှင်ပုဏ္ဏားကြီး၊ ကျွန်ုပ်ဟာ သင်နဲ့ ရန်ဘက် မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်မှာ စပါးတွေကို သိုလှောင်ထားဖို့ ကျီလည်း မရှိပါဘူး။ ငါ့မှာ ကြွေးတင်ထားတဲ့ အကြွေးဟောင်းကိုလည်း စပါးနဲ့နဲ့ ဆပ်ရပါတယ်။ ကြွေးသစ်မြီသစ်ကိုလည်း စပါးနဲ့နဲ့ ပေးရပါတယ်၊ ပြီးတော့ လက်ပံတော မှာ ရွှေအိုးကိုလည်း မြှုပ်နှံရပါတယ်''လို့ ကျေးမင်းသားက ပြောတယ်တဲ့။

ဒီတော့ ပုဏ္ဏားကြီးက ပြောတယ်။

''ကျေးမင်းသား သင့်စကား အဓိပ္ပာယ်ကို ငါနားမလည်ဘူး။ အမောင်တို့ ကျေးသားတွေမှာလည်း လူလိုပဲ ကြွေးပေးရတာတွေ ကြွေးဆပ်ရတာတွေ၊ ရွှေတွေငွေတွေ မြှုပ်နှံထားတာတွေ ရှိသလား''လို့ မေးသတဲ့။

''ကျွန်ုပ်ရှင်းလင်းပြီး ပြောပြပါ့မယ်''

''၁ အချက်၊ ကြွေးဟောင်းကို ဆပ်တယ်ဆိုတာက ကျွန်ုပ်၏ မိဘများဟာ ကျွန်ုပ်တို့ကို မမွေးဖွားခင် ဝမ်းဗိုက်ထဲမှာ ရှိကတည်းက ကောင်းကောင်းမွန်မွန် စောင့်ရှောက်ပါတယ်။ မွေးဖွားပြီးတော့ ကိုယ် အစာ ကိုယ်ရှာစားနိုင်တဲ့အရွယ် ရောက်တဲ့အထိ ကောင်းကောင်းမွန်မွန် အစာရှာဖွေပြီး ကျွေးမွေးခဲ့ပါတယ်။ အဲဒီလို မိဘတွေ ပြုစုကျွေးမွေး တဲ့ မွေးကျေးဇူးကိုဆပ်ဖို့ ကြွေးတင်နေပါတယ်။ ဒါကြောင့် မိဘတွေ အိုမင်းလို့ လုပ်ကိုင်ရှာဖွေ မစားနိုင်တဲ့အခါ ကျွန်ုပ်ဟာ ကျွန်ုပ်ရဲ့ မိဘများ ကို ပြန်လည် ကျွေးမွေးစောင့်ရှောက်တာကို ကြွေးဟောင်းဆပ်တယ်လို့ ခေါ်ပါတယ်။ မိအိုဖအိုများ စားဖို့ စပါးနှံ အပိုများကို ကျွန်ုပ်ရဲ့အဖြစ် သယ်ယူ ကိုက်ချီသွားခြင်း ဖြစ်ပါတယ်။

''၂ အချက်၊ ကြွေးသစ် မြီသစ်ကို ပေးရတယ်ဆိုတာ





ကျွန်ုပ်တို့မှာလည်း အပျိုသင်စရော၊ အတောင်အလက်မစုံသေးတဲ့ ကိုယ့် အစာကိုယ်ရှာမစားနိုင်သေးတဲ့ ကျေးသားငယ်လေးတွေရော ရှိပါသေး တယ်။ သူတို့ စားသောက်ဖို့ကိုလည်း စပါးနှံအပိုများကို ကျွန်ုပ် ကိုက်ချီ သွားရပါတယ်။ ဒါကို ကြွေးသစ်မြီသစ်ပေးတယ်လို့''ဆိုပါတယ်။

''၃ အချက်ကတော့ ကျွန်ုပ်တို့ ကျေးသားတွေမှာ အိုမင်း ရင့်ရော်ပြီး အစာရှာမစားနိုင်တဲ့ ကျေးသားအဘိုးအိုတွေ၊ အင်မတန် အားနည်းပြီး မကျန်းမာတဲ့ ကျေးသားတွေ ရှိပါတယ်။ အဲဒီ ကျေးသား တွေအတွက်လည်း ကျွန်ုပ်မှာ ကျွေးမွေးစောင့်ရှောက်ဖို့ တာဝန်ရှိပါတယ်။ ဒါကြောင့် စပါးနှံအပိုတွေကို ကျွန်ုပ်အသိုက်ကို အပြန်မှာ ကိုက်ချီသွား ရပါတယ်။ ဒီလို ဆွေမျိုးမတော်ပေမယ့် အိုမင်းမစွမ်းသူ၊ မကျန်းမာ သူတို့ကို ကျွေးမွေးခြင်းဟာ ကုသိုလ်ပြုရာရောက်တဲ့အတွက် ကောင်းမှုပြု တဲ့အတွက် ရွှေအိုးကို မြှုပ်နှံတယ်လို့ပြောတာပါ။ ပုဏ္ဏားကြီး''လို့ ကျေးမင်းက ရှင်းရှင်းလင်းလင်း ပြန်ပြီး ပြောပြသတဲ့။

''သာဓု၊ သာဓု၊ သာဓု သင်ရဲ့စကားကို ကြားရတာ ငါ အလွန် ဝမ်းသာပါတယ်၊ သင်ဟာ ငှက်တိရစ္ဆာန်ဖြစ်ပေမယ့် စိတ်ထား မြင့်မြတ် ပါပေတယ်၊ ငါတို့ လူသားတွေမှာတောင် တချို့ဟာ သင့်လို စိတ်ထား မရှိပေဘူး။ သင်နဲ့ သင့်ကျေးသားတွေ စာဖို့ သီးသန့် လယ်မြေကို သတ်မှတ်ပေးထားပါမယ်၊ ကြိုက်သလောက်စားပါ။ အသင်ကျေးမင်းကို မြင်မြင်ချင်း ငါဟာချစ်ခင်ပါတယ်၊ နောက်တစ်ခါလည်း မင်းနဲ့ ထပ်မံပြီး တွေ့ဆုံပါရစေ''လို့ ပုဏ္ဏားကြီးက ပြောတယ်တဲ့။ ပြီးတော့ သူ့သားငယ်ကို ချယသလို ကျေးမင်းကိုလည်း ယုယုယယ ကိုင်တွယ်ပြီး ခြေတောက်မှာ ချည်နှောင်ထားတဲ့ကြိုးကို ဖြေပေးတယ်။ ကြိုးနဲ့ထိလို့ ပွန်းတဲ့ဒဏ်ရာ

www.burmeseclassic.com



တွေကိုလည်း ဆီနဲ့လိမ်းသတ်ပေးတယ်။ ကျေးမင်းအတွက်လည်း အိမ်ဦးခန်းမှာ နေရာလုပ်ပေးတယ်။ ကျေးမင်းကိုလည်း ပယ်တစ်ထောင် ရှိတဲ့ သူ့လယ်မြေက ဧပါးကို စားပါလို့ ပေးတယ်။ ဒါပေမယ့် ကျေးမင်းက ရှစ်ပယ် အတိုင်းအရှည်ရှိတဲ့ လယ်မြေကိုပဲ ယူသတဲ့။

"အသင်းပုဏ္ဏားကြီးကို ကျေးဖွား အင်မတန် တင်ပါတယ်။ မိတ်ဆွေရင်းလိုပဲ ကျွန်ုပ်ဝင်ထွက် သွားလာပါ့မယ်။ ရဟန်းပုဏ္ဏားတို့ကိုလည်း အလှူပေးလှူပါ။ မိဘကိုလည်း ကျွေးမွေးပါ၊ လူအိုလူနာ အားကိုးရာမဲ့ သူတွေကိုလည်း ပြုစုစောင့်ရှောက်ပါ"လို့ တရားဟောတယ်။

ပုဏ္ဏားကြီးကလည်း ကျေးမင်းရဲ့ မိဘတွေ စားသောက်ဖို့ စပါးနှံတွေ အပြန်မှာ လက်ဆောင်ပေးတဲ့အပြင် ကျေးမင်းရဲ့မိဘတွေ စိတ်သဘောက ရောက်ရတဲ့အတွက် သူ့ကို ခွင့်လွှတ်ဖို့လည်း တောင်းပန်လိုက်တယ်တဲ့။ ကေဒါရ ကျေးမင်းလည်း သူ့ဌာနေဖြစ်တဲ့ လက်ပံတောကို ကောင်းကောင်းမွန်မွန်ပဲ ပျံပြီးသွားတယ်တဲ့။

* * *



## စိန်သရဲ

လူကိုဖျက် အရက်၊
ရှင်ကိုဖျက် ဓဖော်
ပွဲကိုဖျက်တော့ မိး။
မြေးကိုဖျက်တော့ အဘွားကြီး။

ဟူ၍ စကားလုံး သုံးလေ့သုံးထရှိခဲ့ပါသည်။ ထိုစကားလုံးများထဲတွင် မြေးကိုဖျက်တော့ အဘွားဟူသောစကားလုံးမှာ မှန်လည်းမှန်ပါသည်။ ရင်နင့်စရာလည်းကောင်းပါသည်။ ထို့ထက်ဆိုးသည့်စကားလုံးက...

ပုတီးကိုချ၊ မြေးကိုမ။
မိုက်စွအမယ်ကြီး။



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော စကားလုံးသည် အသည်းနာစရာ အကောင်းဆုံးဟူ၍ ကျွန်မထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ''မိုက်စွ အမယ်ကြီး''ဟူ၍ စကားလုံးသုံးရအောင်ကို အမိုက်ခံ၍ ချစ်ရ‌ေသာ ဘွားအေတို့အချစ်ဖြစ်သောကြောင့်တည်း။

''မိုက်စွ''ဟူသော ထိုစကားလုံးကို သုံးခဲ့သောသူသည် သူကိုယ်တိုင်ပင်လျှင် အဘိုးအဘွားနေရာသို့ မရောက်ခဲ့ဘူး၍သာ ဖြစ်လေလိမ့်မည်ဟု ကျွန်မ ယူဆမိပါသည်။

တစ်နည်းအားဖြင့်လည်း မိသားစုတစ်စုတွင် မိဘဟူသော နေရာ၌ ကပြအသုံးတော်ခံခဲ့ရသောနေရာတွင် အမိဆိုသူသည် ဗိုက်ထဲတွင် သန္ဓေသား စတင်ဝင်ရောက်လာကတည်းက သားသမီးကြီးပြင်း၍ အိမ်ထောင်ကျသည်အထိ မွေးသမျှ၊ ကုသိုလ်ကံ ပေးသမျှ တစ်ယောက်မှ ဆယ်ယောက် ဆယ့်နှစ်ယောက်အထိ သုခ၊ ဒုက္ခကို အမျိုးမျိုးခံစားလာခဲ့၏။ သားသမီးတွေ အိမ်ထောင်ကျသွားတော့လည်း ကိုယ်ရေးကိုယ်တာ ဘဝကူးကောင်းရန် အရေးကိုသော်မှ သတိမေ့လျော့နေမိ၏။ မြေးတို့နှင့်ဆက်လက်မွေ့လျော်နေသောကြောင့် တရားပြလိုသူ တစ်စုံတစ်ဦးက ဒေါ်မနေသာနှင့်နာကျည်းအောင်''မိုက်စွအမယ်ကြီး''ဟူ၍ စကားလုံးသုံးခဲ့ဟန် တူပါသည်။

ဘိုးဘိုးနှင့် ဘွားဘွားတို့သည် လူမိုက်ကြီးများပေလော။

(၁) တကယ်မိုက်သူလည်း ရှိပါသည်။

(၂) အခြေအနေအရ မိုက်ရသည့်သူတွေလည်း ရှိပါသည်။

တကယ်မိုက်သူများဆိုရာ၌ ငွေရေးကြေးရေးဘဝက အားလုံး





တ အဆင်ပြေ၏။ သို့သော် သမုဒယနှောင်ကြိုးက မပြတ်နိုင် သမုဒယဟူသော တွယ်တာချစ်ခင်မှုကြောင့် တရားကိုသော်မျှ မဆင်ခြင်နိုင်၊ မမြင်နိုင် မျက်ကန်းသဖွယ် ချစ်ခြင်းကြောင့် မိုက်သည်ဟု သုံးကောင်းသုံးသင့်ပေသည်။ ဒုက္ခဆင်းရဲခြင်း၏ ဖြစ်ရာဖြစ်ကြောင်းအစ တွယ်တာမှုသမုဒယကိုသော်မှ မမြင်နိုင်။ ဒုက္ခဆင်းရဲတွင်းမှာပင် ပျော်ရွှင်နစ်မြုပ်နေပါ၍ မိုက်သည်ဟု ဆိုဖွယ်ရာရှိပါသည်။

သို့သော် စင်စစ်တော့ အရှုံးအမှုးအမိုက်ခံကာ ချစ်မိသော ထိုဘွားဘွား ဘိုးဘိုးတို့အား မိုက်စွဟူသော စကားလုံးအစား သနားဖွယ်ကောင်းလေစွသို့ စကားလုံးပြောင်းသုံးလျှင် ပိုမိုသင့်တော်လိမ့်မည်ဟု ထင်ပါသည်။

ဒုတိယအမျိုးအစားဖြစ်သော အဘိုးအဘွားများတွင် အခြေအနေအရ မိုက်ရသည့်သူများအဖြစ်ကမူ ကြေကွဲဖွယ်ကောင်းပါသည်။

ဒုက္ခဆင်းရဲ၏ ဖြစ်ရာအစသည် သမုဒယဟူ၍ မသိ၍လည်း မဟုတ်ပါ။ သမုဒယ တွယ်တာမှုသည် ပယ်သတ်အပ်သော တရားဟူ၍ ဆင်ခြင်မိ၍လည်း မဟုတ်ပါ။ ထိုပယ်သတ်သော သမုဒယ တွယ်တာမှုကို မဂ္ဂင်ရှစ်ပါး ဦးဆောင်သော ဝိပဿနာဘာဝနာ ပွားများခြင်းဖြင့် နိဗ္ဗာန်ရောက်စွာသော ချုပ်ငြိမ်းခြင်း၊ အေးချမ်းခြင်းသို့ ဆိုက်ရောက်မည်။ အာရုံပြုနိုင်မည်ကို မသိ၍လည်း မဟုတ်ကြပါ။

အခြေအနေအရ မိုက်ရသော အဘွားတို့တွင် ဒေါ်မြမေပါခဲ့သည်။ ဒေါ်မြမေသည် အသက်ခြောက်ဆယ်ကျော်ခဲ့ပြီ၊ ကျွန်မထက် ၁၀ နှစ်ခန့်ကြီး၏။ သူနှင့်တွေ့တိုင်း ပြုံးရွှင်သောမျက်နှာနှင့် ဆီး၍



www.burmeseclassic.com

www.burmeseclassic.com



ကြိုတတ်၏။ အေးချမ်းသောအသံဖြင့် စကားဆိုတတ်၏။ ငယ်ရွယ် ရုပ်ချောသည့် မျက်စဉ်းက မဆိုထားနှင့် ခြောက်ဆယ်ကျော်အရွယ်မှာပင် အသားဖြူ ဖြူနုနုနှင့် လှပနေသေးသည်။

နံနက်တိုင်း ငွေတ္တလစ်ဈေးမှာတွေ့လည်း သူ့ဈေးခြင်းတောင်း အပြည့်ကို ဘယ်ဆိုက်ကားသမား ကုလီကိုမှ မငှား။ အိမ်အရောက်သယ် နိုင်အောင် ကျန်းမာရေးကကောင်း၏။ ကျွန်မသာ သာသနာ့ရိပ်သာသို့ သွားရောက်၍ ပြုနေကျအလှူများဖြစ်သော မဟာစည်ဆရာတော်ဘုရား ပူဇော်ပွဲ၊ တိပိဋက ဆွမ်းကျွေးပွဲများ လုပ်တိုင်း ...

"မခင်ယု ဒေါ်ဒေါ်ဆီက အလှူငွေပါဖြစ်အောင်လို့ လာပြီးရော ဖြစ်အောင် ယူပါနော်"ဟူ၍ သူ့အမြဲမှာပါ၏။ ကျွန်မ အလှူငွေသွား ယူတိုင်းလည်း၊ သားမက်အင်္ကျီပြဲများကို ချုပ်လုပ်၍ မြေးငယ်တို့ ဘောင်းဘီများကို ဖာထေးနေသည်ကို တွေ့ရ၏။ အဝတ်ဟောင်း ဟူသမျှ စုဆောင်း၍ အဝတ်လျော်ကုလားမကို ပေးနေသည်ကိုလည်း တွေ့ရသည်။ ဈေးခြင်းတောင်းကြီးချကာ ကိုယ်တိုင် ခန့်ခွဲ၍ အိမ်ဖော်ကလေးမလေးနှင့် အတူ ချက်ပြုတ်နေသည်ကိုလည်း တွေ့ရ၏။ သူသည် အလုပ်နှင့်လက် မပြတ်အောင် လုပ်နိုင်သော အမျိုးသမီးကြီး တစ်ယောက်ဖြစ်၏။

"မခင်ယုကိုမြင်တိုင်း ဒေါ်ဒေါ် စိတ်ချမ်းသာပါတယ်။ မခင်ယု ဟာ ကုသိုလ်ကံ အင်မတန်ထူးတဲ့သူ ဖြစ်တယ်။ ကိုယ်လုပ်ချင်တာကို လုပ်နိုင်အောင် အရပ်ရပ် အခြေအနေက ပေးတယ်ဆိုတာ နည်းတဲ့ ကုသိုလ်လား"

သူဒီလိုပြောသည်ကို ကြားရတော့လည်း ကျွန်မအားတက်မိ





စိတ်ချမ်းသာမိ၏။ ငါဟာ ကုသိုလ်ကံအကျိုးပေး အင်မတန်ကောင်းပါလား ဟူ၍ စိတ်ဓာတ်တက်ကြွလာပါသည်။

"ဒေါ်ဒေါ့်မှာတော့ မခင်ယုလို ရိပ်သာမှာ တရားအားထုတ် ချင်တယ်။ တရားနာချင်တယ်၊ ဥပုသ်နေ့တိုင်း ဥပုသ်ပြုချင်တယ်။ ဗုဒ္ဓ ဘာသာတစ်ယောက်ပဲ၊ ဒီအလုပ်တွေဟာ ပြုသင့်ပြုထိုက်တယ်လို့ သိတာပေါ့။ ဒါပေမယ့် သူတို့ ကျွေးတာ မွေးတာကို စားပြီး...

"မင်းအမေက ကျွေးတာထိုင်စားပြီး တို့ကိုတော့ ဘာမှ မကူဘူး လို့ သားမက်ကများ ပြောလေမလား၊ ဒေါ်ဒေါ်အနေနဲ့ ဒေါ်ဒေါ်တွေး တာပါလေ၊ သူတို့ကတော့ ဖွင့်မပြောပါဘူး။ တစ်ခါ သားအိမ်သွားနေ ပြန်လည်း ငါ့သားက ကျေနပ်ပေမယ့် ချွေးမလုပ်တဲ့လူက ဒီအဘွားကြီးက တစ်လတစ်လတော့ ထောက်ပံ့တာယူပြီးတော့ မြေးတွေကို ဆွဲဖော် လွဲ ဖော်မှမရဘူးလို့ ငါ့အပေါ် ထင်လေမလားနဲ့ ကိုယ့်ဘာသာ ကိုယ့်အတွေး နဲ့ ဒေါ်ဒေါ်မနေတတ်တော့ဘူး။ ခုထိ အပြောမခံရသေးပေမယ့် အပြော ခံရတဲ့ဘဝကို မရောက်ချင်ဘူးလေ၊ ဒါကြောင့်လည်း မီးဖိုချောင် ထောင့်ဝင်ရှိက ဘယ်တော့လွတ်ပါ့မလဲလို့ ကြိတ်ဆုတောင်းနေရတယ်၊ မခင်ယုရယ်။ ရိပ်သာသွားပြီး တရားအားထုတ်တော့လည်း ကိုယ့်အထုပ် ကိုယ်ဖြေပြီး စားချင်တာ၊ မေမေ တရားအားထုတ်တော့မှာမို့ သားက ဘယ်လောက်ထောက်ပါ။ သမီးက ဘယ်လောက်ထောက်ပါလို့ ပါးစပ်က မထွက်ရက်ဘူး မခင်ယုရယ်၊ ဒါကြောင့် သားသမီးသံသရာမှာ ကျည်ခဲ့ပြီးတဲ့နောက်လည်း မြေးတွေနဲ့ သံသရာဆက်လည်ပြီး ခုထိ ရိပ်သာကို မရောက်နိုင်သေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်တွေ့တိုင်း ဤသို့ အေးချမ်းစွာ ပြောပြတတ်၏။ တစ်ခါတလေ ကျွန်မစိတ်ထဲမှာ စဉ်းစားမိ၏။

''ဒေါ်ဒေါ် သားသမီးတွေ ငယ်ငယ်ကတည်းက ဒေါ်ဒေါ်ပြုစု ကျွေးမွေးလာခဲ့တာ၊ သူတို့ကမွေးတဲ့ သားသမီးဖြစ်တဲ့မြေးတွေကို လက်ဖျားနဲ့ မတို့ဘဲ အိမ်ဦးခန်းမှာ ထိုင်စားလည်း ဒေါ်ဒေါ် တရားတယ်။ အလကားထိုင်မနေဘဲ သာသနာ့ရိပ်သာမှာ တရားအားထုတ်ပြီးနေလည်း တရားတယ်''ဟု ပြောချင်ပေသား။ သို့သော် ကျွန်မစကားကို သူ့သားသမီးများ ပြန်ကြားလျှင်. . .

''တို့ မိသားစုဘာသာ အဆင်ပြေနေသား အဲဒီ မခင်ယုဆိုတဲ့ မိန်းမက အဘွားတွေကို စည်းရုံးပြီး ဘွားဘွားများ တော်လှန်ရေး တရားလိုက်ဟောတယ်''ဟု ထင်မှတ်မှားလျှင် ခက်ပါလေရော။

စင်စစ်တော့ အလွန်ဆင်းရဲသော အိမ်ထောင်မှလွဲ၍ စားနိုင်သောက်နိုင် မိသားစုများတွင်မူ မိဘ အသက်ခြောက်ဆယ်ကျော်လာလျှင် မိဘကတော့ ဖွင့်ဟမဆိုတောင် သားသမီးက အလိုက်သိဖို့လိုသည်ဟု ထင်ပါသည်။

အမြဲတစေလည်း မဟုတ်ပါ။ တစ်လ နှစ်လ စသည်ဖြင့် မေမေ အားထုတ်ပါ၊ လိုသမျှ ထောက်ပံ့ပါမည်ဟု သားသမီးက စကားဆိုသင့်၏။ အခြေအနေမပေးလည်း သားသမီးများ ကိုယ်တိုင်က အခြေအနေ ပေးသည်အထိ အချိန်ကို မစောင့်သင့်၊ ပြေပြစ်သောအချိန် အခြေအနေ ဖြစ်လာအောင်ကို ဖန်တီးပေးသင့်သည်ဟု ထင်ပါသည်။

တချို့ သားသမီး လုပ်ပုံများကိုလည်း ကျွန်မ ကြောက်၏။





အိမ်မှာ အဘိုးကြီး အဘွားကြီး ရှုပ်သည်ဟူသော လုပ်နည်းလုပ်ဟန်မျိုးနှင့် မိအိုဖအိုများကို ကျောင်းဇရပ်များသို့ ပို့ထားလိုက်၏။ ငွေထောက်ပံ့ဖို့ နေနေသာသာ သွားရှုမကြည့်၊ စားဖို့ဆန်နို့ဆီဗူးတစ်လုံး၊ ငါးပိတစ်ဖွန်းမျှတောင်မပို့ဘဲ ပစ်ပယ်သော သဘောမျိုးနှင့် အလိုက်မသိတတ်ခြင်းမျိုးကိုမူ ကျွန်မကြောက်၏။ မြန်မာတို့၏ ဥပုသ်ဇရပ်ကမှ အယုတ်အလတ်အမြတ်မရွေး ဝေမျှစားသောက်တတ်သော ရိုးရာဓလေ့ကို ကျွန်မ''မွေ့ရက်ခွိတ''ဟူသော ဝတ္ထုတိုတွင် သရုပ်ဖော်ခဲ့ပြီးဖြစ်သည်။

လာရောက် တရားအားထုတ်သူ အချင်းချင်း ပြုစုစောင့်ရှောက်တတ်ပါသော်လည်း ဘယ်သူမျိုး၌ ကျနိုင်ပါမည်နည်း။

ကိုယ်ပိုင်ရှိရှိ မရှိရှိ သူတစ်ပါးကျွေးမွေးသည်ကို ကုတ်ကတ်၍ စားလိုသူများ ရှိသည်ဆိုသော်လည်း နည်းပါးလှပါသည်။ ဤတရားအားထုတ်လာပါလျှင် သဒ္ဓါတရားကိုက မိမိကသာ ကျွေးချင်ပါသည်။ ပြုစုချင်ပါသည်။ မတတ်နိုင်၍သာ ကိုယ်တစ်ယောက်စာ ကိုယ့်ဘာသာ ချက်ပြုတ် စားသောက်ရခြင်းဖြစ်၏။

လုံးဝထောက်ပံ့မည့်သူမရှိ တွယ်ရာမဲ့သော ယောဂီအိုများအတွက်မူ သာသနာ့ရိပ်သာအတွက် သင့်လျော်သော တာဝန်တစ်ခုခု ဆောင်ရွက်လျှင် သူတို့ စားရေးသောက်ရေးအတွက် ရိပ်သာက တာဝန်ယူပါသည်။

ကျွန်မဖော်ပြခဲ့သော ဒေါ်မြမေနှင့် တွေ့ဆုံတိုင်း ကျွန်မပြောမည် ကြံစည်ခဲ့၏။ ပြောချင်သည်ကတော့ ''ဒေါ်ဒေါ်ရယ် အစိုးရ အမှုထမ်းတွေမှာတောင် ပင်စင်ယူချိန်ဆိုတာ ရှိသေးတယ်မို့လား။ အမှုထမ်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် တစ်သက်လုံးအမှုထမ်းခဲ့တဲ့ လုပ်အားကြောင့် သူ့ရဲ့လုပ်သက်ဇေ အိုမင်းချိန်မှာ ပင်စင်ယူပြီး အစိုးရအထောက်အပံ့ခံ အငြိမ်းစားလုပ်ခဲ့ တာပဲ။ ဒေါ်ဒေါ်လည်း အငြိမ်းစားသဘော စိတ်ထားပြီး သားသမီးတွေ အထောက်အပံ့ခံပြီး ရိပ်သာမှာတရားထိုင်ရင် ဒေါ်ဒေါ့်ဘက်က တရားပဲ တယ်ဟူ၍ ပြောချင်ပါသည်။ သို့သော် ဘယ်တော့ ပြောဖြစ်မည်ဟု မမှန်းဆနိုင်သေးပါ။

အမှန်ကတော့ တစ်လ၊ နှစ်လ၊ သုံးလအထိတော့ နေဖြစ်အောင် သားသမီးက ဖန်တီးပေးသင့်ပါသည်။ ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ ကိုယ်တိုင် လောကီနှင့်ကင်းကွာ တစ်ဖက်သတ်အမြင်နှင့် မမြင်တတ်ပါ သံဃာများ၏ ဖခင်ရှင်တော် ဂေါတမမြတ်စွာဘုရားကိုယ်တိုင်က လောကီ လောကုတ္တရာ နှစ်ဘက် မျှတစွာကြည့်၍ တရားဟောပြ ဆုံးမခဲ့သူ ဖြစ်ပါသည်။ မင်္ဂလာတရားတော်မှာပင် "လောကီ လောကုတ် မယုတ် အောင်နေ၊ ကိုယ့်ကိုယ်ကိုယ်နှိမ့် သိသိပ်ထွေထွေ" ဟု ဟောခဲ့ပါသည်။

သာသနာ့ရိပ်သာ ကမ္မဋ္ဌာနာစရိယ ဟန်လင်းကြီးဆရာတော် ဘုရား တရားဟောစဉ်က ကျွန်မပြုံးမိပါသည်။ ဤကိုယ်တော်မှာ တရားဟောလျှင် တိုတိုရှင်းရှင်းနှင့် ပြတ်ပြတ်ပင် ပြောတတ်ပါသည်။ သူ တစ်ကြိမ်က ဟောဘူးပါသည်။

"လူဟာ သေခါနီးဆိုရင် ရောဂါဝေဒနာ နှိပ်စက်လို့ မိန်းမော နေချိန်လည်းရှိတယ်။ သတိမလစ်ဘဲ ဝေဒနာခံစားနေရတော့လည်း ပါးစပ်ကတော့ ဖွင့်ဟမပြောနိုင်ဘူးပေါ့။ အဲဒီအခါကျမှ အမေရဲ့ ဘွားဘွား ရဲ့ ဘုရားလေးအာရုံပြုပါဦးဆိုပြီး "နောင်"ခနဲ ကြေးစည်ကို လူနား





အနား သွားရိုက်လိုရိုက်နဲ့ အတော်ခက်ကြတယ်။ သေခါနီးပါပြီး ဆိုကာမှ ဒီကြေးစည်းသံမပြောနဲ့ ယင်ကောင်လေးတစ်ကောင် မျက်နှာပေါ် လာ နားတာတောင် မခံနိုင်တဲ့ အချိန်၊ ဂိုးဂိုးနေမကောင်းတာတောင် အနားမှာ ကျွက်စီကျွက်စီ လာလုပ်ရင် နားမခံနိုင်တာ၊ သေခါနီးဇောတွေနဲ့ လူနာမှာ သူ့ဝေဒနာနဲ့သူ အလူးအလိမ့်ခံစားနေရှာတာကို ကြေးစည် တနောင်နောင် အနားရိုက်နေတဲ့ သားသမီးမိုက် မြေးမိုက်တွေ ရှိနေသေးတယ်။

"ဒါကြောင့် ဘုန်းကြီးတို့က ကိုယ့်အရိုး ကိုယ်သယ်နိုင်တုန်း သန်တုန်း မြန်တုန်း မိဘဘိုးဘွားတို့ကို သာသနာ့ရိပ်သာတွေမှာ တရား အားထုတ်ဖို့ တိုက်တွန်းပေးကြပါလို့ ပြောရတာ။ ကိုယ့်အရိုးမှ ကိုယ် သယ်နိုင်တော့တဲ့အရွယ်မှာ တရားအားထုတ်ရတော့ တရားမရနိုင်ဘူး ယားဆိုရင် တဖြည်းဖြည်းတော့ ရနိုင်ပါတယ်။ ဒါပေမယ့် သဒ္ဓါ၊ ဝီရိယ၊ ဓိက ငယ်ရွယ်သူတွေလို ဘယ်ကောင်းနိုင်မလဲ။ ဉာဏ်ကလည်း ထုံထိုင်း သာတော့ တရားအတက်နှေးပြီး ပျင်းလာတတ်တယ်။ အားလျော့လာ တတ်တယ်" ဟု ပြောခဲ့ဘူးပါသည်။

ဘုန်းကြီးများအနေနှင့် ပြောဟောဖို့ သင့်ပေမယ့် ကျွန်မအနေ နှင့် ပြောသင့် မပြောသင့် ချင့်ချိန်နေရ၍ ဘွားဘွားပေါက်စအရွယ်၊ ဘွားဘွားအရွယ်လတ်၊ တကယ့် ဘွားဘွား အတောင်ကျိုးများကို မြင်ရ သိုင်း ရင်ထဲမှာသာ ပြောလိုသမျှ မျိုသိပ်ထားရပါတယ်။

ကိုယ့်မှာ အဆင်ပြေတိုင်း သူများမှာ အဆင်ပြေဖို့ ဆိုသည်က ထွေယ်လှ၍ ကျွန်မ တရားမဟောပါ။ အားထုတ်ချင်သည်ဟု ကာယကံ ရှင်များက ဆိုလာတော့မှ ရိပ်သာဝင်ရန် ကျွန်မစီစဉ်ပေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ၏ချစ်သူ ဒုလ္လဘခံကာ တရားအားထုတ်ချိန်တွင် ဉာဏ်စဉ်နှားပြီးသောအခါ အင်မတန် စိတ်သန့်စင်၍ သဒ္ဓါတရားတက် ကြွနေချိန်ဖြစ်၏။ သူ့ဉာဏ်တက်ပုံကလည်း ဆရာသမားများ နည်း ကောင်း၍ အင်မတန် အားရစရာကောင်းပါသည်။ ထိုအချိန်တွင် သူ ဆရာတော်ဦးပဏ္ဍိတအား လျှောက်ထားခဲ့သူ၏။ ဒုလ္လဘမှသည် ထာ ပင် သာသနာ့ဘောင်တွင် နေလိုကြောင်း လျှောက်ထားပါသည်။ ထိုအချိ တွင် ဆရာတော်က ပြောခဲ့၏။

"ဒကာကြီးဟာ သူတစ်ပါးသားသမီးကို ထိမ်းမြားလက်ထ တာဝန်ယူခဲ့သူ ဖြစ်တယ်။ ဒီတာဝန်တွေ မပြီးပြတ်ခင် ကိုယ်စော သက်စောင့်ကောင်းအောင် တစ်နည်း သက်လုံကောင်းအောင် အ ဒီတရားရအောင် အားထုတ်ဖြစ်တာကိုပဲ ဘုန်းကြီးတို့ ကျေနပ်ပါပြီ ဘဝခရီးကို သွားရာမှာ စားမြိန်စာထုပ် အပြည့်အဝ၊ ရေဗူးအဆင်သ ဆောင်ပြီး လက်နက်ငါးပါးကိုင်ဆောင်သွားတဲ့ သူဟာ ရိက္ခာပြတ်လို့လည် မသေဘူး။ ရေငတ်လည်း မသေဘူး။ ရန်သူတွေလည်း ကာကွယ် လက်နက်ကိုယ်ခံရှိတာမို့ ကြောက်စရာ မလိုဘူး။ ဒီတရား အားထု ခြင်းဟာ အဲဒီခရီးသွား ယောကျ်ားလိုပဲ။ ဒကာကြီးတို့မှာ ခန္ဓာကိုယ် ဝန်နဲ့ အိမ်ထောင်တာဝန် ရှိသေးတယ်။ ဘဝခရီးလမ်းကို ဆက်သွား မယ်။ အပြတ်ရှင်းလို့ မဖြစ်သေးဘူး။ ဒီလိုသွားချိန်မှာ ဒကာ သက်လုံကောင်းပြီမို့ ဘုန်းကြီးတို့ ကျေနပ်ပြီ စိတ်ချပြီး ဘုန်းကြီးတို့ ဂေါတမမြတ်စွာဘုရားက ပဋိသန္ဓေတည်ချိန်မှာ ပဋိသန္ဓေလော ကို မေးခွန်းတစ်ခုမေးဖို့ ဝိနည်းအနေနဲ့ ပြဌာန်းခဲ့တယ်။ အုပ်ထိန်းသူ က ခွင့်ပြုချက်ရှိမှ ရဟန်းပြုပေးရတယ်။ အိမ်သူဇနီးနဲ့ ပတ်သက်လို့လည်





သားမယားကို ကောင်းစွာ လုပ်ကျွေးပြုစုရမယ်လို့ ဟောခဲ့ပါတယ်။ ဒါကြောင့် ဒကာကြီးတို့စကားနဲ့ပြောရရင် သားမယားကို ရှာဖွေလုပ် ကျွေးရင်း တရားအားထုတ်ဖို့မမေ့နဲ့ပေါ့။ တစ်နေ့အားလုံး အဆင်ပြေ တဲ့အခါကျတော့လည်း ပြတ်ပြတ်သားသား ရဟန်းပြုနိုင်ပါတယ်။

ထို့ဘုရားဟာ လောကီကိုလည်း မစိမ်းဘူး။ တစ်ဖက်သတ် ကိုယ်ကျိုးကြည့်သူလည်း မဟုတ်ဘူး။ "ငါတောင် ယသောဓရာနဲ့ ထိးနန်းကို စွန့်နိုင်သေးတာ အားလုံး ဒီလိုပဲလုပ်ရမယ်လို့ မဆိုလိုပါဘူး" ဘုရားသခင်မှာက ဘုရားသခင်ကုသိုလ်နဲ့ ဘုရားသခင်ပါရမီ၊ သူစွန့်ခွာ သွားပြီးတရားရှာလည်း ယသောဓရာမှာ သူ့စည်းစိမ်ချမ်းသာမပျက် ကျန်ရစ်တာပဲ။ ငါဖြစ်နိုင်တိုင်း သူတစ်ပါးဖြစ်နိုင်ရမယ်လို့ တစ်ဖက်စွန်း ရောက်တဲ့စိတ် ဘုရားသခင်မှာလည်း မရှိပါ"ဟူ၍ ဆရာတော်က သူ့အား ဆုံးမခဲ့သည်ဟု ဆို၏။ မှန်၏။ သူ့မှာ တရားအားထုတ်ပြီးစက သဒ္ဓါ တရားထက်သန်နေသည့် အားလျော်စွာ ရိပ်သာတွင် တရားအားထုတ်ရန် မိတ်ဆွေ သူငယ်ချင်းတို့ကို တိုက်တွန်း၏။

တစ်နေ့ မန္တလေးမှ ကျောက်ကုန်သည် သူ့မိတ်ဆွေ တစ်ယောက် အိမ်မှာလာ၍ တည်းခို၏။ အိမ်ဖော်ကလေးမလေးမှာ ချက်လိုက်ရသည့် ငါးခြောက်ဖုတ်၊ သုတ်လိုက်ရသည့်လဖက်၊ ဓမ္မ ကထိကကြီး တရားဟောသည်မှာ ဝက်ဝက်ကွဲ။ ညဉ့်နက်လာသော် ညည်းသည်မှာ ငိုက်မြည်း၍ ဟောက်ပင် ဟောက်တော့သည်။ ဒီတော့မှ သူ့တရားပွဲကို သိမ်းပါသည်။ ကျောက်ကုန်သည်မှာ သူ့ကို ချစ်လည်းချစ် သေးလည်းလေးစား၍ ကိုယ်တော်ကြီးဟု ခေါ်လေ့ခေါ်ထ ရှိ၏။ မနေ့ခင်းနှုတ် ဆင်းသောအခါ . . .



www.burmeseclassic.com

www.burmeseclassic.com



''မခင်ယုရေ ညက ကိုယ်တော်ကြီးက မွေ့ပုခက်နဲ့ အသိပ်ကောင်းလိုက်တာ ကျုပ်တော့ အိပ်ပျော်သွားတာပဲ''ဟု ဆိုပါသည်။

ကျွန်မ၏ ချစ်သူမှာ ပြောရှုမရ၊ သူငယ်စဉ်က အလွန်ချစ်သော ရဲဘော်တစ်ယောက်ကိုလည်း –

''ဒို့မှာဖြင့် မိန်းမတစ်ယောက်ကိုတောင် မနဲဖြတ်နေရတယ်။ ဒီကောင် မိန်းမတစ်ယောက် ရပြီးတာတောင် မကျေနပ်ဘူး။ မိန်းမသိပ်လိုက်တာပဲဆို၍ သူ၏ရဲဘော်ငယ်ချစ်ကို စကားဟာဟာ မပြောတော့ဘဲ ကျောက်ကုန်သည်ကိုလည်း မယားနှစ်ယောက်ယူရမလား ဟု သူစိတ်ဆိုးပါသည်။

အမျိုးထဲမှ သက်လွန်အဘွားအိုများ လာရောက်လည်ပတ်လျှင် ရိပ်သာဝင်ရန် တရားဟောလွန်း၍ အဘွားကြီးများက မလာလိုတော့ပါ။

''ကျော်သောင်းအိမ်ကို မသွားနဲ့။ တစ်နေ့တစ်နေ့ တရားပဲ ဟောနေတာပဲ''ဟု သူ့အမျိုး အဘွားများက ပြောကြပါတော့သည်။

ကွန်မြူနစ် ရဲဘော်တစ်ယောက်ကိုလည်း အလင်းကိုရောက် ရောက်ခြင်း အတင်းပင် တရားဝင်ခိုင်းပါသည်။ သူ့ရဲဘော်ကြီးမှာ အင်မတန် သဘောထားဖြူစင်၍ ဖွဲ့ကောင်းသူ ရိုးသားဖြောင့်မတ်သူ ဖြစ်ပါသည်။

''ဖိုးကျော်သောင်းကြီးရဲ့ အနှစ် ၂၀ ပတ်လုံး ကျုပ်တောထဲမှာနေပြီး ကျုပ်တိုင်းပြည် ကျုပ်ပါတီကို ဦးစားပေး ဆောင်ရွက်ခဲ့တယ်။ ကျုပ်မိန်းမဟာ တောထဲကို အတူမလိုက်လာပေမယ့် ကျုပ်ပါတီကို ဖြည့်တဲ့အနေနဲ့ အပြင်မှာ မုန့်ရောင်းစားရတဲ့အထိ ဆင်းရဲဒုက္ခခံတယ်။





ကျုပ်ကို အပူမကာပ်ဘူး။ ခုချိန်မှာတော့ ကလေးတစ်ပုံနဲ့ သူ့အတွက် ဦးစားထားပြီး ကျုပ်လုပ်ကျွေးရအုံးမယ်''ဟု ပြောပါသည်။

''ဟုတ်ပါတယ် ကိုရယ်၊ သူပြောတာမှန်တယ်။ သူ့မိန်းမမှာလည်း သူ့လင် တစ်မျက်နှာကို ခုမှကြည့်ပြီး အနားယူရမယ့် အချိန်ပါ။ ဖွတ်ကြီး တရားမဟောပါနဲ့၊ သူ့မိန်းမခမျာ ယသောဓရာကျနေတာပဲ''

''ယသောဓယာဟာ ဘုရားလောင်း တောထွက်ပြီး တရားကျင့်တတည်းက ရွှေနန်းစည်းစိမ်ကြီးနဲ့ ဇိမ်ခံမနေဘူး။ နန်းတော်ပေါ်မှာ နန်းသူအဝတ်တွေချွတ်၊ သစ်ခေါက်ဆိုးဝတ်၊ အလောင်းတော်မင်းသား ဒုက္ကရစရိယာ တောထဲမှာကျင့်တယ် ကြားရင် နန်းတော်ပေါ်မှာပဲ သူလည်း သူ့သိသမျှ တတ်နိုင်သမျှ သီလတွေကို ကျင့်ကြံ စောင့်ထိန်းနေတာပဲ''

''ခုလည်း သူ့ဖနီးမှာ ဖရုပ်ပေါ် တက်နေရမလောက် အဆင်းရဲခံ ဒုက္ခခံပြီး ပါရမီ ဖြည့်ရရှာတာ။ နောင်တစ်နေ့ ကိုကြီး ရဲဘော်ကြီးလည်း တရားဝင်မှာပါ''

''သူလို ကွန်မြူနစ်က ရုပ်ကြမ်းဝါဒ၊ တရားသေ သဘောရေးသမား မဟုတ်ရှာပါဘူး။ ကိုကြီးပဲ ခဏခဏ ဒို့ရဲဘော်တွေထဲမှာ အချို့ကွန်မြူနစ်တွေဟာ ဝါဒချင်း မတူပေမယ့် စိတ်ဓာတ် ဖွဲ့နဲ့ ရိုးသားဖြောင့်မတ်သူတွေဖြစ်တော့ ငါသိပ်ချစ်တယ်ဆို''

''မယားတွေ ဖျောက်သောက်ယူ၊ ခွယ်တာနှစ်ဖက်လုပ်။ ကားအလုဆုံးစီးပြီး လူထုကို ချွေတာရေး တိုင်းပြည်နဲ့ အများအ...ာ် ကိုယ်ကျိုးစွန့်ဖို့ တရားလိုက်ဟောသူတွေနဲ့များ ယှဉ်ကြည့်စမ်းပါအုံး''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ သူ့ရဲဘော်များဘက်မှ ရှေ့နေလိုက်မှပင် သူတရားဟော လျှော့ပါတော့သည်။

မဆိုင်သောအရာ ဖြစ်ကောင်းဖြစ်နေပေမယ့် စကားအလျဉ်း သင့်၍ ကျွန်မ ရေးပြချင်ပါသေးသည်။ ကျွန်မ ရေးခဲ့ပြီးသော ဝတ္ထုတို များအနက် "ဥပက"ဝတ္ထုတို့ကို ဖတ်ခဲ့ဘူးပြီးဖြစ်ကြပေလိမ့်မည်။ ထိုဝတ္ထု မှာ စိတ်ကူးယဉ်မဟုတ်ပါ။ သူတရားအားထုတ်စဉ်က တကယ့်အဖြစ် ဖြစ်ပါသည်။

ပဉ္စင်းငယ် တစ်ပါးသည် သူတရားအားထုတ်စဉ်တွင် သူနှင့် အတူ တရားဝင်၏။ ရိပ်သာယောဂီရဟန်း ဖြစ်သည့်အတိုင်း တရား အားထုတ်ရင်း ဆွမ်းခံထွက်ရ၏။ ယခင်က ရိပ်သာရှိ ရဟန်းယောဂီများ မှာကျွန်မတို့ ခြံဝင်းရှေ့တည့်တည့်မှပင် ဆွမ်းခံကြွ၍သွား၏။ ထိုဦးပဉ္စင်း လေးပါသည်ကို ကျွန်မ မသိပါပေ။ ကျွန်မသည် ဆွမ်းလောင်းလောင်း ရိပ်သာမှာပင် တရားထိုင်ထိုင် မျက်လွှာချရသည့် ရိပ်သာ၏စည်းကမ်း အတိုင်း အမြဲမျက်လွှာချနေမိသောကြောင့် ရိပ်သာကိုယ်တော်များကို ပင် အလွန်ရင်းနှီးသော ကမ္မဋ္ဌာနာစရိယ ဆရာတော်များမှလွဲ၍ ဘုန်းကြီး ဘွဲ့နှင့်မျက်နှာတွဲ၍ မှ ်မိပါ။

ယခုလည်း သူနှင့်အတူ တရားအားထုတ်သော ရဟန်းငယ် သူ့ဉာဏ်စဉ်နားပြီး အိမ်ပြန်ရောက်ချိန်တွင် အိမ်ကြွလာသည်ဆို ကျွန်မက အပြေးအလွှား အိပ်ခန်းထဲမှထွက်ပြီး ရှိခိုးမည်ဟု ကြည့် လိုက်သောအခါ အံ့အားသင့်သွားပါသည်။ ဦးပဉ္စင်းလေးသည် သက် နှင့် ကတုံးနှင့်မဟုတ်ဘဲ ဦးထုပ်အပျော့လေးကိုဆောင်း၊ ရှပ်အင်္ကျီ ဘောင်းဘီအရှည်ဝတ်ထားပါသည်။ ကျွန်မမှာ အကျင့်ပါ၍ လက်အုပ် ထားမိပြီး ပါးစပ်မှလည်း ယောင်၍…





"အရှင်ဘုရား ဘယ်လိုဖြစ်လာတာလဲ၊ ဒီကိုပဲ ကြွလာတာလား ဘုရား"ဟု နှုတ်ဆက်မိသောအခါ အနီးတွင် ထိုင်နေသော အကိုကြီး သည် ဟက်ဟက်ပက်ပက် ရယ်တော့သည်။ ဦးပဉ္စင်းလေးက ရှက်ကိုး ရှက်ကန်း ဖြစ်နေသည်။

"သူ ပဉ္စင်းဘဝနဲ့ ၉ တန်းအောင်ပြီးသား အခု ၁၀ တန်း မက်ထရစ်ဝင်ချင်လို့ ထောက်ခံစာ လာယူတာ။ (ဟိုစဉ်က မက်ထရစ် စာမေးပွဲ ဖြေလျှင် အကျင့်စာရိတ္တ 'ကောင်းကြောင်း ဂေဇက်ဝင် အရာရှိထံမှ ထောက်ခံစာ ယူရပါသည်။)

ဦးပဉ္စင်း လူထွက်က ဆက်၍ ပြောပါသည်။

"ကျွန်တော် ပဉ္စင်းဘဝနဲ့ တန်းဆွမ်းခံထွက်တိုင်း ဒီအိမ်ရှေ့ ကဖြတ်သွားခဲ့ရတယ်။ ခြံဝမှာ မခင်ယုက ဆွမ်းလောင်းရင် ဗိုလ်မှူးကို အနားမှာ အမြဲတွေ့ရတယ်။ မိုးရွာရင်လည်း ဗိုလ်မှူးက အနားက ထီးမိုးပေးတယ်။ ခြံကလည်း ပန်းတွေနဲ့ စိုပြည်နေတာပဲ။ (ကျွန်မ ထိုစဉ်က နေကောင်းချိန်ဖြစ်၍ ရာသီလိုက်ပန်းများနှင့် ကျွန်မခြံမှာ အမြဲဝေနေပါသည်။) ပြီးတော့ ဗိုလ်မှူး ရိပ်သာလာလည်း မခင်ယုက လှူဖွယ်ဝတ္ထု တစ်ခုခုနဲ့ နောက်ကအမြဲပါလာတယ်။ ဒါလောက် စိတ်တူ သဘောတူ ဇနီးမောင်နှံလည်း ဖြစ်တယ်။ ခြံဝန်းလေးကလည်းလှ၊ တိုက် ငယ်လေးကလည်း သပ်သပ်ရပ်ရပ်နဲ့ ဒီလိုနေရပါရက်နဲ့ ဗိုလ်မှူးက ရှုသာရဟန်းခံတုန်းက လူ့ဘောင်မှာမပျော် ရဟန်းဘဝမှာပဲ အစဉ်နေပါ ရစေလို့ ဆရာတော်ဦးပဏ္ဍိတကို လျှောက်ထားသံ ကြားရတယ်။

"ကျွန်တော် သိပ်အံ့ဩတာပဲ၊ ကျွန်တော်ကလည်း ပဉ္စင်းဘဝ မပျော်လို့ ခုလူထွက်လိုက်တယ်၊ မက်ထရစ်အောင်ရင် အလုပ်လုပ်မလို့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကလည်း ဘာပြန်ဖြေရမှန်းမသိ။ သူပြောသောစကားကို စိတ်မဝင်စား၍ မဟုတ်ပါ။ ဟုတ်ကဲ့ ပြောရမလား၊ မှန်လှပါဘုရားဟု ပြောရမလားနှင့်စိတ်ထဲမှာ စကားလုံး ရှုပ်ထွေးနေ၍ ဖြစ်ပါသည်။

ဦးပဉ္စင်းလူထွက် ပြန်သွားသောအခါ "နှမြောစရာကောင်းလိုက်တာ"ဟူ၍ အကိုကြီးပါးစပ်မှ စကားတစ်လုံး ကြားလိုက်ရပါသည်။

"အေးပေါ့လေ ကျောင်းထိုင်ဘုန်းတော်ကြီးနဲ့ ဖိုးသူတော်လို့ပေါ့ ဒကာ၊ ဒကာမတွေက ကြည်ညိုပြီး မလိုင်အပြည့်နဲ့ နွားနို့ကို လာကပ်တော့ ဘုန်းတော်ကြီးကတော့ တရားနဲ့ ဆင်ခြင်ပြီး နှလုံးသွင်း ဘုဉ်းပေးတယ်။

"ဩော်... ခန္ဓာဝန် ကြီးမားလိုက်တာ။ ဒီခန္ဓာကိုယ်ကြီးကိုပဲ နေ့စဉ် ကျွေးမွေးပြုစု စောင့်ရှောက်ရတာ ဒုက္ခပါပဲ" လို့ မိန့်ကြားပြီး နို့ဆွမ်းကိုကပ်တဲ့သူ ကျေနပ်ကုသိုလ်ရအောင် တရားနှလုံးသွင်းပြီး စဝ်ဖြစ်ဖြစ် နည်းနည်းသောက်ယူ ဘုဉ်းပေးသတဲ့၊ အနားက ဖိုးသူတော်ကတော့...

"အဲဒီ ဒုက္ခမျိုးများ တို့နေ့တိုင်းခံချင်လိုက်တာလို့" ဆိုသတဲ့ ဒီပုံပြင် ကိုကြီး ကြားဘူး သားပဲမို့လားဟု ကျွန်မပြောခဲ့၏။

နောက်တစ်နှစ်ခန့် အကြာတွင် ဖြစ်သည်ထင်၏။ ကိုကြီး မှူးဆင်းလာသောအခါ...

"မိချိုရေ ကိုစောလွင်ရယ်လေ ဒုက္ခကြီးလိုက်တာ၊ ထောင်ကျသွားပြီ"ဟု ပြောပါသည်။ ကျွန်မမှာ ရုတ်တရက် နားမလည်။ ဘယ်ကိုစောလွင်လဲဟုသာ မေးမိ၏။





"ဟို ဦးပဉ္စင်းလူထွက်ကလေးလေ၊ ဉာဏ်ကလည်း ကောင်းလိုက်တာ။ မက်ထရစ် နှစ်ချင်းဘဲ အောင်တယ်။ ကုန်သွယ်ရေးမှာ အလုပ်လျှောက်တာလဲ ချက်ချင်းရတယ်။ ပတ်ဝန်းကျင်အုပ်စုက လူလည်လူညစ်တွေမို့လား။ အရပ်ရပ် ညစ်ပတ်သမျှ ကိုစောလွင်ခေါင်းစုတာပဲ။ သူ့မှာ အပြစ်မရှိပေမယ့် ဥပဒေအရ သူက တာဝန်ခံ ဖြစ်နေတယ်။ ကိုကြီး သတင်းရရချင်း လိုက်ပါရဲ့ မမီတော့ဘူး"

ကျွန်မကတော့ သက်ပြင်းသာ ချလိုက်မိ၏။ ဥပက လက်သစ်၏ အကြောင်းမလှပုံကိုသာ ဝတ္ထုထဲတွင် တစ်ပိုင်းတစ်စ ထည့်သွင်း၍ မှတ်တမ်းတင်ခဲ့ရပါသည်။

လူ့လောက ဘုံဘဝအပေါ်တွင် အမြင်ခြင်း၊ သုံးသပ်ပုံခြင်း အဘယ်မှာလျှင် တူနိုင်ပါမည်နည်း။ မိမိမှာ အဆင်ပြေတိုင်း သူတစ်ပါးမှာလည်း အဆင်ပြေရမည်။ မိမိပြဿနာ့ သတိသံဝေဂဖြစ်သလို သူတစ်ပါးမှာလည်း ဖြစ်လိမ့်မည်ဟု ထင်မြင်ယူဆဖို့မှာ ပို၍မလွယ်ပါပေ။

"မလိုင်အပြည့်ပါသော နို့အရသာကို နေ့စဉ် သောက်သုံးလိုသော သတ္တဝါအနန္တမှာ ကမ္ဘာအနှံ့ရှိနေပေသည်"

ကျွန်မမှာ အသည်းရောင်ရောဂါကလည်း ရှိသည်။ အစာအိမ်ကလည်း အစာကို ကျေညက်အောင် မချက်နိုင်၍ အဆီအဆိမ့်လွန်သောအစာများ၊ ကျေညက်ခဲသောအစာများ မစားရ။ ကြာသော် ဝက်သား၊ နွားနို့များကို စားချင်သောက်ချင်သောစိတ် မရှိပါပေ။ ကျွန်မ စားလိုစိတ် မရှိသည်နှင့် အိမ်သားများကို ဥပဒေတစ်ရပ် ထုတ်ပြန်ကာ ဝက်သား မစားရ၊ နို့မသောက်ရဟု တားမြစ်လျှင် သင့်တော်ပါမည်လော၊



www.burmeseclassic.com

www.burmeseclassic.com



လဖက်ကို ဆီရွှဲရွှဲ စားရပါမည်လောဟု အရမ်းတားမြစ်ပါလျှင်လည်း ကျွန်မ တရားပါမည်လော။

ဆရာဝန်များက ကျွန်မသည် သွေးအားနည်း ရောဂါပင်ဖြစ်သော်လည်း ဆားမစားရ၊ ငံပိမစားရဟု တားမြစ်ပါသည်။ စားလျှင်လည်း သူတို့နှင့် အကုအသ ခံစဉ်က လက်ကရောင်လာ၊ မျက်နှာကဖောလာ၍ ငံပိနှင့်ဆားကို ရှောင်ခဲ့ရ၏။

ကိုယ်မစားသည်နှင့် ငံပိနှင့်ဆား အိမ်သားများ မစားရဟု ကျွန်မက အိမ်ထောင်ဦးစီး စားဖိုမှူးတစ်ယောက် အနေနှင့် စည်းကမ်းထားလျှင်ကော သင့်ပါမည်လား။ မြန်မာဆိုသည်မှာ ငံပိနှင့် တို့စရာကို ပင်ရင်းအစာအဖြစ် စားလာသူများဖြစ်၏။ ဝက်ပေါင်ခြောက်ကိုရော ထောပတ်နှင့်ဒိန်ခဲကိုရော ပင်ရင်းအစာအဖြစ် သတ်မှတ်ထားသူများ မဟုတ်။

ဤမျှ အစားအစာကို အဖိုးနည်းစွာနှင့် စားတတ်သော လေ့ရှိသူတို့အား ဆန်၊ ငံပိနှင့်ဆားကိုသော်မှ ဝအောင်မစားရ၊ ပေါပေါများများ မစားရဟု ကျွန်မက ပိတ်ပင်နေလျှင် ကျွန်မ တရားပါမည်လော။

သူတို့မှာ ဝင်ငွေ ပိုလျှံ၍ ထောပတ်၊ ဒိန်ခဲ၊ ပေါင်မုန့်၊ မလိုင်အပြည့်ပါသော နို့များကို သောက်ချင်ပါလျှင်လည်း ကျွန်မက ခွင့်ပြုရပေမည်။

ဝင်ငွေနှင့်မမျှအောင် အပိုဖိမ်ခံ စားလျှင်သာ တားမြစ်ကောင်းတားမြစ်သင့်ပါသည်။

ထို့ကြောင့် တရားအားထုတ်သော ကိစ္စမှာလည်း ကျွန်မမှာ





အဆင်ပြေသလို သူတစ်ပါး အိမ်ထောင်စုမှာ အဆင်ပြေချင်မှ ပြေမှာမို့ တရားမဟောပါ။ သူတို့က...

"မခင်ယု နေတာမြင်ရတာ အေးချမ်းလိုက်တာ။ ကျွန်မတို့လည်း အေးချမ်းချင်လိုက်တာ"ဟု ဆိုလာမှပင် ကျွန်မ တကယ်အေးရသော လက်တွေ့တရားကို အားထုတ်ရန် သာသနာ့ရိပ်သာလို့ ခေါ်ဆောင်သွားကာ စီစဉ်ပေးပါသည်။

မိသားစုတစ်စုမှာ အဖြစ်အပျက် အခြေခံ မတူကြပါ။ ယခုကျွန်မ ရေးသားခဲ့သည်က မိဘနှင့် အဘွားတို့က သနားဖွယ်လူတန်းစားအဖြစ် ရေးခဲ့ပါ၏။

သို့သော် အေးသီတာနှင့် တွေ့သောအခါ ဇာတ်လမ်းက တစ်မျိုးဖြစ်ပါသည်။ ဝတ္ထုသာရေးလျှင် အတိုတစ်ပုဒ် ကောင်းကောင်းရမည်။

"အန်တီရယ်၊ မာမီကို တရားဟောပါအုံး"

အေးသီတာမှာ ကျွန်မကိုခင်သော ဆရာဝန်မလေး ဖြစ်သည်။ သူ့ယောကျ်ားမှာ လေတပ်မှ ဗိုလ်မှူး ဖြစ်ပါသည်။ သူ့မာမီ ဒေါ်စောရွှေကို ငွတ္တလစ်ဈေးတွင် တစ်ခါတစ်ရံ တွေ့ရ၏။ အဘယ်ကြောင့်ဆိုသော် သူ့မာမီသည် သုဓွေဈေးဟု ခေါ်သော ဗိုလ်ချုပ်ဈေး၊ မြေနီးကုန်းဈေး၊ အညီးတန်းဈေးများကိုသာ သွားတတ်သောကြောင့် ဖြစ်၏။ သူ့နေကားကြီးမှာ သူ့စိန်နားကပ်နှင့်အတူ အမြဲတောက်ပလျက် ရှိ၏။

"အေးရဲ့ မာမီက ဘာဖြစ်နေလို့လဲ၊ ဘာတရားဟောရမှာလဲ"

ကျွန်မက မေး၏။

"အေးဖြင့် မာမီလုပ်ပုံတွေကို ရှက်တောင်ရှက်လာပြီ၊ တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



ကတော့ အေးလေ ကိုကိုကွယ်ရာမှာ ရေကြီးချင်ကြီးပေစေလို့ မာမီကို ပြောချင်သမျှ ပြောချလိုက်တာပဲ''

''ဘာတွေများ ပြောချလိုက်လဲ၊ မအေ့ကို အရမ်းမပြောနဲ့လေ''

''မပြောလို့ ဖြစ်မလား။ သားမက်တွေရော သားတွေကရော သူ့အတင်းကို ကွယ်ရာမှာ ပြောလာပြီ အန်တီရဲ့။ အေးက ဖြည်းဖြည်း ဆေးဆေး ပြောပြတာပဲ။ ''မိတို့မေမေကလေ မာမီလောက် မချမ်းသာ ပေမယ့် အေးချမ်းလိုက်တာ၊ မာမီမှာတော့ ခုထိလောဘ မသတ်နိုင်သေး ဘူးလို့'' မြေးတွေကိုလည်း သူတို့မှာ နာနီကိုယ်စီရှိတာမို့ မာမီဝင်ပါစရာ မဟုတ်တော့ဘူးလို့။ ပြီးတော့ ဈေးသွားလည်း ဝက်သားသယ် တရုတ်နဲ့ ဖြစ်ဖြစ်၊ အမဲသားသည် ကုလားနဲ့ဖြစ်ဖြစ်၊ ငါးစိမ်းသည်နဲ့ ဖြစ်ဖြစ် ဖြစ်နေတာပဲ၊ ဝက်သားတစ်ဖတ်ဖြစ်ဖြစ် တရုတ်နဲ့လုနေလား အောက်… ရတယ်။ တရုတ်က ဆွဲချလိုက်ရင်း သူကဈေးခြင်းတောင်းထဲကောက် ထည့်ရင်းနဲ့ အတင်းဘဲ အဆစ်တောင်းတာပဲ၊ အဲဒါဝက်သား တစ်မတ် ငါးဝယ်ဝယ် အမဲသားဝယ်ဝယ် ဒီအတိုင်းပဲ။ ''တစ်နေ့ကလေ ကိုကို… ပြောတယ်။ ဒိုင်ဘာမအားဘူးဆိုလို့ မင်းမာမီကို ဗိုလ်ချုပ်ဈေးလိုက်ပို့… နောက်ကိုမပို့ဘူးတဲ့'' အဖြစ်က ဒီလိုအန်တီရဲ့၊ လိမ္မော်သီးလေးဆယ်… ဝယ်တာ တစ်လုံးအဆစ်မရလို့တဲ့ ဗိုလ်ချုပ်ဈေးမှာ လိမ္မော်သီးရောင်း… ကုလားမနဲ့ ကျွက်ကျွက်ညံနေတာပဲ၊ ကီလီဈေးလိုဟာမှာ ရာယီဝယ်… တစ်လုံးတစ်လေအဆစ်တောင်းတယ်ဆို ဟုတ်သေးတယ်၊ ကိုကိုတို့… ရှက်တာပေါ့၊ မင်းရဲ့မာမီက နားမှာပန်ထားတဲ့ စိန်နားကပ်ကြီး… အားမနာဘူးတဲ့။ ကဲ… သားမက်က အဲဒီလို ပြောတော့ အေးအေး… ဟုတ်နေတော့ ခေါင်းငုံ့ခံနေရတာပေါ့''





သူတို့သားအမိကြား ကျွန်မက ကြားဝင်၍ မဖြစ်ပေ။ ထို့ကြောင့်ပင် ပြေရာပြေကြောင်းအနေနှင့် ပြောလိုက်၏။

''ဩော် အေးတို့ရဲ့မာမီက အဲဒီလို စေ့စေ့စပ်စပ် ဝယ်တတ် ခြမ်းတတ် စုဆောင်းတတ်လို့ အေးတို့မှာ ခုလိုနေရ၊ သူ့မှာလည်း စိန်နားကပ်တဝင်းဝင်းနဲ့ မှန်ကားကြီး စီးနိုင်တာပေါ့။ မာမီကိုတောင် ကျေးဇူးတင်ရအုံးမယ်''

''ကျေးဇူးမတင်လို့ ပြောတာမဟုတ်ပါဘူး။ အန်တီယုရဲ့။ အန်တီထင်သလို ဘာမှမဟုတ်ဘူး။ တစ်နေ့က ဂျင်မီကလည်း တိုင်တယ်'' ဂျင်မီမှာ အေးသီတာထက် အကြီးဖြစ်၍ မီးရထားဌာနဘက်တွင် အရာရှိတစ်ယောက် ဖြစ်သည်။

''ဘယ်လိုတိုင်လဲဆိုတော့ ဝါ့မှာ ငွေနည်းနည်းလိုလို့ မာမီကို ငွေတစ်ထောင် ရှာပေးပါဆိုတော့ ငွေရှာပေးတယ်တဲ့။ အဲဒါ သူ့ငွေ မဟုတ်ဘူး။ သူတစ်ပါးငွေမို့လို့ ရွှေပေါင်ပေးရမယ်ဆိုလို့ သူ့မိန်းမ လက်ကောက်နှစ်ကျပ်သားကို အပေါင်ပေးပြီး ငွေယူရတယ်တဲ့။ အတိုး သည်းပေးရတယ်၊ အဲဒါ ဘယ်မှာမှ သွားပေါင်တာမဟုတ်ဘူး အန်တီယု ရဲ့၊ သူ့ငွေထုတ်ပေးပြီး သားဆီကအတိုးယူတယ်၊ ကောင်းသေးလား။ လည်း အေး မာမိနဲ့အတူနေတယ်၊ အေးလည်း မိဘကိုလုပ်ကျွေး ချင်ပါတယ်။ အရပ်ရပ် သူ့အိမ်၊ မိတာလေး၊ မြူနီစပယ်ခွန်။ အို အသေးအဖွဲ မြေခွန်ကအစ အေးတို့ ကိုကိုတို့က ဆောင်ရတယ်''

ကျွန်မက ပြုံးမိပါသည်။

''ဒါတင်ဘာကမလဲ အန်တီယုရဲ့၊ အေးရှက်တာက …အပေါ်



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်လုပ် မအေလုပ်သမျှ သမီးကဖုံးပါဖိပါတယ်။ ချွေးမဆိုတာတွေက နဂိုက အတင်းပြောချင်ချင်မှာ တစ်ခါတည်း သားတွေ နိုင်ငံခြားက ပြန်လာရင် သူတို့အိမ်ပေါ်သွားတက်ပြီး သော့အတင်းတောင်း ချွေးမတွေက ကြိုက်လားမသိ၊ မကြိုက်လားမသိ ပါလာသမျှ လုံချည်ဖြစ်ဖြစ် လက်ကိုင်အိတ်ဖြစ်ဖြစ် ဆွဲချလာတာပဲ၊ ဒါထက်ဆိုးတာက''

အေးက တံတွေးမျိုပြီးမှ ဆက်ပြော၏။

''အဲဒီပစ္စည်းတွေ ထည်လဲဝတ်ရင် အေး စိတ်ချမ်းသာသေးတယ်''

''ဟောတော့ ဘာလုပ်လို့လဲ''

''မှောင်ခိုဈေးမှာ သွားရောင်းတယ်လေ ကောင်းသေးလား အဲဒီတော့ ချွေးမတွေက လက်ညှိုးငိုင်းထိုးတဲ့အပြင် သားတွေကလည်း ရှက်တာပဲ။ ကိုကိုက အေးကိုပြောတော့ ကိုယ့်အမေ လုပ်ပုံမဟန်တော့လည်း အေးဖြင့် ခေါင်းတောင်မဖော်ချင်ဘူး။ ဒါကြောင့် မာမီကို အန်တီ တရားဟောပေးပါအုံးလို့ ပြောရတာ''

ကဲ. . .အေးသီတာတို့ မိသားစုကလည်း တစ်ဇာတ်ထုပ် ကျွန်မနှင့်အေးသီတာတို့ မာမီ တစ်ခါတစ်ရံ ဂွတ္တလစ်ဈေးတွင်ဆုံလျှင်တော့ သူ၏မှန်ကားကြီးပေါ် မတက်ခင် လက်ချာပေးပြီး သူ့ဝါဒကို ကြေငြာတတ်ပါသည်။

''မခင်ယုက ဆီကို လက်လီဝယ်စားနေသလား။ အုံ့ခါ ထွန်းအောင်ကျော်တစ်ယောက်လုံး သားမက်ဖြစ်ပါလျက်နဲ့ မိတ္ထီလာက အပြန် ဆီတစ်ပုံးဆွဲခဲ့ဆို ပြီးတာပဲ။ ကျွန်မတော့ သားတစ်ယောက်က





မီးရထားဌာနမှာ၊ မန္တလေးသွားရင် သာစည်က ဆီတစ်ပုံးမှာလိုက်တာပဲ၊ သားတစ်ယောက်က ပုသိမ်ငွေချေးဘဏ်မှာဆိုတော့ ပုသိမ်ဆန်စစ်စစ် တစ်လတစ်အိတ်ပို့ရမယ်လို့ ပြောထားတယ်။ ဟော. . .ဘိတ်ကသားက ပုစွန်ခြောက်နဲ့မျှင်ငပိပို့တော့ အားလုံးကွက်တိပဲ''

''ဟုတ်ကဲ့ မမအဖို့ သိပ်အဆင်ပြေတာပဲ''ဟုသာ ပြောလိုက်ရပါသည်။ ဤသို့ပဲ ပြောရပေမည်လေ။ သားတွေ သမက်တွေ ရာထူးခန့်ထားခြင်းခံရသော နေရာတွေကိုက ဆန်၊ ဆီ၊ ငပိ၊ ငါးခြောက် ပုစွန်ခြောက်ထွက်ရာ နေရာဖြစ်လေတော့ အဆင်မပြေလေဘူးလား။ အန်ဝင်ခွင်ကျ အေးသီတာ၏မာမီ ကံအကြောင်းကောင်းလေစွ။ ကျွန်မ ဒါ့ထက်ပိုထူး၍ ဘာများပြောနိုင်ပါမည်နည်း။

''မချွေးအေးကိုလည်း တွေ့ရင်ဆုံးမပေးပါအုံး မခင်ယုရဲ့''

ရော . . .ခက်ရချည့်၊ အမေလုပ်သည့်သူကလည်း သူ့သမီးကို ဆုံးမပေးဦးဟုဆိုပြန်သည်။ ယခင်က အာသွက်ခယံ မခင်ယုဆိုသူကလည်း ယခုတော့ အားလေးလျှာလေးနှင့် စကားပြန်ပြောရန် တန့်ပြင် နေတုန်းရှိသေးသည်၊ အေးသီတာ၏ မာမီသည် ကားပေါ်တက်ရန်ခြေတစ်လှမ်းကို ပြန်ရုပ်၍ စကားဆက်ပြန်ပါသည်။

''မိတို့များ သမီးလေး တစ်ယောက်တည်း မွေးထားပေမယ့် တစ်ယောက်ဆို ဆိုသလောက် သိပ်အေးတာ''

''ဟုတ်. . .ဟုတ်ကဲ့''

''မိအေးကတော့ မမက အေးချမ်းစေချင်လို့။ သီတာဆိုတဲ့ အဓိပ္ပာယ်ကိုက ကြည်လင်တယ် အေးမြတယ်မို့လား၊ ဒါကြောင့် အေး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ထပ်ကွမ်း အေးသီတာလို့ကို တမင်အတိတ်နိမိတ်ယူပြီး နာမည်ပေးထားကာမှ အတော် ပူညံပူညံနိုင်တဲ့ သူငယ်မသီလား မခင်ယုရဲ့"

"ဟုတ်ကဲ့ ဆိုပါအုံး"

"သူတို့ မင်္ဂလာဒုံတပ်ထဲ နေတုန်းက မမက သမီးလေး တစ်ယောက်ထဲရယ်လို့ သွားလည်တာကို ခဏခဏ သွားလည်ရင်ပဲ နှုတ်ခမ်းစူချင်တယ်လေ၊ သူက နှုတ်ခမ်းစူတော့ မောင်သန့်စင်က သမက်မို့လား၊ ပိုပြီးစူချင်တာပေါ့၊ ပြီးတော့ သူတို့ကားကို ခဏခဏ ယူစီးရမလားလို့ မိန်းအေးက မနော၊ မနောနဲ့ ပြုပြုနေတာ မမက အသိ"

ကျွန်မရင်ထဲက ရယ်ချင်လာပါသည်။

"စီးရတာယ်လေ စီးရတာယ်၊ ဘယ့်နှယ် သမီးတစ်ယောက်ထဲ ပေးထားရတာ မမတော့ မခင်ယုလို မနေနိုင်ပေါင်၊ သမက်ကား အားချေး မတွေ့ဆီ ယ်လီဖုန်း ဆက်လိုက်တာဘဲ"

"ဟုတ်ကဲ့ မမဇာတာကိုက သားသမီး အခြေအရံများတဲ့ ကံပါတော့ ဟန်ကျတာပေါ့"

ကျွန်မက ဒါပဲပြန်၍ ဝါကျမတူသော်လည်း အဓိပ္ပာယ်ရှ စကားလုံးကို ဆိုပြရပြန်၏။

"အဲဒါကို တော်ရေ့ မိအေးသီတာက မမကိုပြန်ပြီးပက်တယ် မာမိဟာ သားတွေနဲ့သမက်အပေါ်မှာ ခေါင်းပုံဖြတ်ပြီး အမြတ်ထုတ်နေ တာတဲ့လေ။ အဇာတသတ်မကာ ဟင်း မမကို ခံတွယ်တယ်"

ဒေါ်စောရွှေက သမီးဖြစ်သူကို နာမည်ပေးကောင်း၍ ကျွန် နားထောင်ရင်း ရယ်လိုက်မိ၏။





"အဇာတသတ်က အဖေကိုသတ်တာပါ၊ အေးသီတာက စကားနဲ့ပြောရုံပါ။ မတူပါဘူး မမရဲ့" ဟု ပြောလိုက်မိ၏။

"ခု သားသမီးတွေ မြို့ထဲကျောင်းပို့ရတာ ဝေးတယ်ဆိုပြီး အိမ်မှာ လာနေတယ်၊ မမကတော့ ကိုယ့်မြေးလေးတွေကို ချစ်လွန်းလွန်းလို့ အစားအသောက်အစုံနဲ့ ထမင်းစားချိန် ကျောင်းသွားပြီး ပို့တော့လည်း သူ့ကားကို သုံးလွန်းတယ်လို့ မကြိုက်ချင်ဘူးလေ၊ မနက်ကနေတစ်ပါတည်း ထမင်းဗူးထည့်ပေးချင်သတဲ့။ ထမင်းတွေ အေးစက်ကုန်ပေဘူးလား၊ ခက်ပါတယ်၊ ခက်ပါတယ်၊ အခုတော့ သမက်ဖြစ်တဲ့ သန့်စင် ရေမြွေကတောင် အေးသီတာသံယောင်လိုက်ပြီး ကျွန်တော်တို့သားသမီး၊ ကျွန်တော်တို့ ပိုချစ်ပါသတဲ့၊ ဟင်း မမကာ ပြန်ပြောလိုက်တာပေါ့၊

သားသမီးအချစ် မြေးအနှစ်တဲ့ သိရဲ့လားလို့။ မမကိုများလေ ဘယ်ရွှေးမ ဘယ်သမက်မှ စကားတစ်လုံးနဲ့တောင် လာမတင်နဲ့ မမ အတော့တစ်ခါတည်းကို အာဋ္ဌာဝကကြိမ်း ကြိမ်း ကြိမ်းပစ်လိုက်တာပဲ၊ သွားမယ် မခင်ယုရေ၊ ငုံ့ကြီးဘဲ ခံမနေနဲ့ မိသီတာကိုသာ ဆုံးမပေးပါအုံး"

ကိုမ်းကနဲ ကားတံခါးကြီးကို ဆွဲပိတ်ကာ သူ့စကားစ သူသတ်သွားပေ၍သာ တော်တော့သည်။ သို့မဟုတ်လျှင်မူကား ကျွန်မခြင်းထဲ ၌ ပုဆွန်များ နီကုန်ပေတော့မည် ဖြစ်သတည်း။

ဒေါ်စောရွှေ၏ ဟန်ပန်ရော လေသံရော ကားရော စိန်နားကပ် အရောင်ရော အားလုံး ပန်းစားပါပေသည်။ ကိုယ်လုံးကိုယ်ပေါက်က



www.burmeseclassic.com

www.burmeseclassic.com



လည်း တင်ပါးမို့မို့ အိအိကြီးမှာ ရင်သားပြည့်ပြည့်နှင့် လိုက်ဖက်လှပ ပေ၏။

ကျွန်မက သူတို့သားအမိ အပြန်အလှန် စွဲချက်တင်သ လျှောက်လဲချက်များကို နားတစ်ဖက်စီတွင် အသာပင် မြှုပ်နှံထား လိုက်၏။ ရင်ထဲကိုမူ ရောက်အောင်မသွင်းလိုက်ပါ။ သို့သော် ပြီး သော တိပိဋက စာပြန်ပွဲ ဆွမ်းကျွေးစဉ်က အေးသီတာသည် အ ငွေ လာထည့်ရင်းမှ ထပ်မံ၍ တိုင်ကြားပြန်သည်။

"ကိုကိုကလေ ပြောပြောနေတယ် အန်တီယုရဲ့"

"ဘာပြောနေလဲ"

"အေးရေ ကိုကိုလည်း ထွန်းအောင်ကျော် ယောက္ခမ စာရေးဆရာဖြစ်ချင်ပြီတဲ့၊ ငါသာ စာရေးဆရာဖြစ်ရင်'ယောက္ခမကြီး ဖြစ်ထွေ'ဆိုပြီး မင်းအမေအကြောင်း အရင်ရေးမတဲ့"

"ဟောတော့ ဘာဖြစ်လို့"

"ကိုယ့်အချင်းချင်းမို့ ပြောရအုံးမယ်၊ ကိုကိုက မင်္ဂလာ တစ်ကပေးတဲ့ အိမ်မှာပဲ နေချင်တာ၊ မာမီက ခဏခဏ လာလာ အနားက အရာရှိတွေ အိမ်သွား စိန်ပွဲစားလုပ်၊ ပါတိတ်ကုန် ကိုကိုကလည်း ငါ့ကိုတပ်ထဲမှာ စီးပွားရှာတဲ့အကောင်လို့ ပတ်ဝန်း အထင်မှားမှာ မခံနိုင်ဘူးတဲ့၊ အေးက ဒါနဲ့ကလေးတွေ ကျောင်း ရတာ ဝေးတယ်၊ အကြောင်းပြပြီး မာမီနဲ့ အတူနေတာပါ၊ အန်တီယု ပြောခဲ့ဘူးတယ်မို့လား"





"အေးလေ အဲဒါ ဘာဖြစ်လဲ၊ အေးသီတာ လုပ်ပုံရော ဗိုလ်မှူး သန့်ဇင် လုပ်ပုံရော၊ မဆိုးပါဘူး"

"ဒြော် ခက်ပါရဲ့ အန်တီယုရဲ့၊ ကလေးတွေ ကျောင်းပို့တာ အကြောင်းပြုပြီး စိန်ပွဲစားလုပ်နေတာ ခုမှ ဗိုခြေသွက်နေတော့တယ်၊ တစိန်ထဲ စိန်နေတော့ မခက်လား၊ ခုနေများ မာမီတစ်ယောက် ဖြူးဖြတ် နဲ့ သေသွားရင် စိန်သရဲဖြစ်နေမှာ နည်းနည်းမှ သာသနာ့ရိပ်သာဘက် ကို ခြေလှမ်းဖို့ တာစူဖို့ အေးသီတာ ဆွယ်လို့မရဘူး၊ အန်တီယု ကြည့်လုပ်ပါအုံး"

"စိန်သရဲ"

ကျွန်မက အေးသီတာ စကားလုံးကို ထပ်မံ၍ ရေရွတ်ရင်း ရယ်မိပြန်၏။ အမေက သမီးကို "အဇာတသတ်မ"ဟူ၍ နာမည်ပေး သွား၏။ သမီးက အမေကို "စိန်သရဲ"ဟု နာမည်ပေးပြန်သည်။ တော် ကြပေသား၊ နာမည်ပေး ကောင်းကြပေသား၊

ကင်ပွန်းတပ်ပွဲများတွင် သားအမိနှစ်ယောက် နာမည်ပေး ပုဏ္ဏားဘိသိက်ဆရာလုပ်ဖို့ ကောင်းသည်။

သို့သော် စိန်သရဲနှင့် လမ်းသရဲ ဘယ်သူဆိုးပါလိမ့်ဟု တွေး မိနေဆဲ အေးသီတာသည် နောက်ဆုံးစကား နိဂုံးချုပ်ပုံက...။

"ကိုကိုက ပြောသေးတယ် အန်တီယုရဲ့၊ တို့အရာရှိတွေမှာ နာမည်ပျက်ပျက်နေတာက သူများကိုသာ တို့လိုက်ပြီး တရားဟောနေ ရတာ၊ တို့က ယောက္ခရယ်၊ မရည်းရယ်၊ ခယ်မရယ်၊ ယောက်ဖရယ်၊ ဒါတွေကို နိုင်အောင် မစည်းရုံးနိုင်တော့ နာမည်ပျက်တာပေါ့"တဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုတောင်းပန်ချင်တာက အေးတို့မိန်းမတွေ ကိုယ်တိုင်က ပါရမီ ကူဖြည့်ကြပါ။ စိန်နားကပ် အပြိုင်ပန်ရေး တိုက်အပြိုင်ဆောက် ပြီး ကိုကိုတို့ကို နာမည်မဖျက်ပါနဲ့"တဲ့။

ကျွန်မက သူ့စကားအဆုံးတွင် ဟက်ဟက်ပက်ပက် ရယ် ပါသည်။

"အေးကွယ် အန်တီယုလည်း မမစောရွှေနဲ့တွေ့ရင် တဖြည်း ဖြည်းတော့ ဆွယ်ပါ့မယ်။ အဲဒီတော့သာ အေးသီတာရဲ့ ကိုကို ဒေါ်ခင်ယုဆိုတဲ့ မိန်းမကြီးက လူတွေကို ဘာသာရေးနဲ့ သိမ်းသွင်း စိတ်ဓာတ်ပျော့ညံ့အောင် လုပ်တယ်လို့ အထင်မလွဲစေချင်ဘူးကွယ် အန်တီယုတို့ ဗုဒ္ဓဘာသာက စိတ်ဓာတ်ကို ပိုမိုရင့်ကျက်ပြီး သ ရှိလာအောင် ခံယူချက် မှန်ကန်အောင်နဲ့ တည်ငြိမ်အောင် လုပ် တယ်။ ကောင်းသောနေခြင်း ဖြစ်ရုံမက ကောင်းသော သေခြင်း အောင်၊ တစ်နည်းသေမင်းကို ရဲရဲရင်ဆိုင်ရဲအောင် ပြုလုပ်ပေးတဲ့ ဘာသာ တရားပါကွယ်။ ကဲ အန်တီယုကို ခွင့်ပြုပါအုံး။ အေးသီတာရဲ့ မာမီလည်း ကျွတ်ချိန်တန်တော့ ကျွတ်ပါလိမ့်မယ်ကွယ်"ဟု ပြောကာ နှုတ်ဆ ရှုပြန်လာရပါသည်။

မိဘ ဘိုးဘွားတို့ဘက်မှ အစဉ် ရှေ့နေလိုက်ခဲ့သော ကျ ခင်နှင်းယုသည် "စိန်သရဲ"အမည်ခံ ဒေါ်စောရွှေနှင့်တွေ့ရသော လက်မြောက်ရပါတော့သည်။ ရှေ့နေဆိုတာ အရှုံးလိုက်၍ မဖြစ်သော တကား။ အမှုလိုက်မိလျှင် တရားခံအားပေး လူမိုက်အားပေး ဖြစ် သေး၏ဟု ကိုယ့်ကိုယ်ကိုယ် တရားချမိ၏။





ဒါပေမယ့် မြေးချစ်သော ဘွားဘွားတို့တွင် ကျွန်မတစ်ယောက် ပါခဲ့ပါ၏။ ချစ်သည်မှ ခပ်သဲသဲချစ်သည်ကိုလည်း ကိုယ့်ကိုယ်ကိုယ် သိပါ၏။ သို့သော် ပုတီးကိုချ မြေးကိုမ မိုက်စွာအမယ်ကြီးဆိုသော အမိုက်စာရင်း ထဲတွင် မပါအောင်၊ စိန်သရဲအမယ်ကြီး စာရင်းထဲတွင်လည်း မပါအောင် ကျွန်မကို ကျွန်မ ထိန်းသိမ်းရပေမည်။

ကောင်းသော 'မ'ခြင်း၊ မှန်ကန်သော 'မ'ခြင်းဖြင့် မ,တတ် သော ဘွားဘွားဖြစ်အောင် ကြိုးစားရပေမည်။ မောင်မျိုးမင်း ညီအစ်ကို ကြီးပြင်းလာမည့် လာလတ္တံ့သော တစ်ခေတ်ကို မဆိုထားနှင့် လက်ရှိ တက္ကသိုလ်တွင်တောင် အချို့ဆရာများသည် မိမိတို့ကိုယ်တိုင် ဗုဒ္ဓဘာသာ တရား၏ခံယူချက် လေးနက်ပုံကို အသေးစိတ်မသိသေး။ မသိ၍သူတို့က တပည့်များကို စာပေပို့ချရာ၌ အတော်လေးပင် ဖရိုဖရဲကွက်မစေ့ သည်ကိုတွေ့ရ၏။ အဘယ်ကြောင့်ဆိုသော ပုစ္ဆာကို ဖတ်ရှုစေချင် ပါသည်။

၃-၉-၇၁

ချစ်ကြည်လေးစားရပါသော

မချို

ဒီ စက်တင်ဘာလ (၅)ရက်နေ့ဆိုရင် မချိုခင်ပွန်း ဒုပိုလ်မှူးကြီး ကျော်သောင်းဆုံးတာ(၁)နှစ်ပြည့်မြောက်တဲ့ နေ့ပါဘဲ။ ဒီလို နှစ်ပတ်လည် တဲ့နေ့ကို ရောက်လာရင်ဖြင့် သတိရလွမ်းတစိတ်တွေက မချိုအဖို့ သာမန်အချိန်တွေထက် ပိုလိမ့်မယ်ထင်ပါတယ်။ သွားလေသူကို ရည်မှန်း ပြီး ကုသိုလ်ကောင်းမှု အစုစုကိုလည်း ပြုလုပ်ကြမယ်ပေါ့။

နှောင် တမလွန်က သာဓုခေါ်နိုင်တဲ့ အခွင့်အခါကောင်း ကြုံရင်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် သံသရာက မလွတ်မြောက်နိုင်သည့်တိုင် ကောင်းရာသုဂတိဘုံသို့ ရောက်နိုင်ကောင်းပါတယ်။ ဒီအတိုင်းလည်းပဲ ဗုဒ္ဓဘာသာဝင် မြန်မာ လူမျိုးတိုင်း ယုံကြည်လက်ခံကြလိမ့်မယ်ထင်ပါတယ်။ မချိုလည်း 'ကံ ကံ၏အကြောင်းတရား' ဆိုတာကို လက်ခံယုံကြည်ထားသူ တစ်ယောက် ဖြစ်ကြောင်း မချိုစာတွေထဲမှာ ဖတ်ရပါတယ်။

ဗုဒ္ဓဘာသာဝင်တွေ ကောင်းမှုကုသိုလ် အလှူအတန်းပြုလုပ် ပြီး ရေစက်ချ အမျှဝေတိုင်း 'ဒုက္ခသောကတို့ ကင်းငြိမ်းရာ ဖြစ်သော နိဗ္ဗာန်ကို ဘဝတိုင်တိုင်နဲ့ မျက်မှောက်ပြုရပါလို၏'' လို့ ဆုတောင်းကြတာ ''နောင်တစ်ဘဝဆိုတဲ့ တမလွန်ကို ယုံကြည်ကြလို့ ဘဲမို့လား။ ဒီတော့ လူတစ်ယောက်ရဲ့ အတိတ်ကံ (ယခင်ဘဝကပြုခဲ့ဘူးတဲ့ ကုသိုလ်ကံနဲ့ အကုသိုလ်ကံ)ဆိုတာ ရှိတယ်လို့ ဆိုလိုတာပေါ့။ အဲဒီ ကုသိုလ်ကံနဲ့ အကုသိုလ်ကံ ဆိုတာကို နည်းနည်း သံသယဖြစ်နေလို့ မချိုကိုပဲ မေးချင် ပါတယ်၊ အဖြစ်ကတော့ဒီလိုပါ။

၁၉၆၈ ခုနှစ် လောက်တုန်းကပါပဲ၊ ကျောင်းတက်တော့ သမိုင်း ဘာသာကိုပြတဲ့ ဗုဒ္ဓဘာသာဝင် မြန်မာဆရာ တစ်ယောက်က လူ့သမိုင်း နဲ့ ဆိုင်တဲ့အကြောင်းတွေကို ပြောပြပါတယ်။ အတွေးအခေါ် တော်လှန် ရေးဆိုတာကို ပြောပြီး ရှေးတုန်းကအယူအဆဟောင်းတွေကို ပယ်ဖျက် မယ်တဲ့။

လူဆိုတာ ကိုယ်အလုပ်လုပ်မှ ကိုယ်စားရတာတဲ့။ ဒီတော့ ကျောင်းသားတစ်ယောက်က ဝင်ပြီး ဆွေးနွေးပါတယ်။ ကိုယ်လုပ်မှ ကိုယ်စားရတာ မှန်ပေမယ့် ကုသိုလ်နဲ့အကုသိုလ်ကံဆိုတာ ရှိပါသေး တယ်လို့ ပြောတော့။ အဲဒီဆရာက ''ဒါတွေဟာ အလကားအယူအဆ





ဟောင်းကြီးပါတဲ့၊ နောင်ဘဝဆိုတာလည်း မရှိဘူးတဲ့၊ ဒါကြောင့် ဘုန်းကြီး တွေ မယ်သီလရှင်တွေကို လှူဒါလည်း လူပျင်းအားပေးတာနဲ့ အတူပါပဲတဲ့။ မင်းတို့ မှတ်ထားကြပါ။ ဒီလောကမှာ ကုသိုလ်လည်း မရှိဘူး၊ အကုသိုလ်လည်း မရှိဘူးလို့ ပြောပါတယ်။

ကျောင်းက ဆင်းလို့ အိမ်ရောက်တော့ အမေက ဘုရားမီး ပူဇော်နိုင်းတယ်။ ဘုရားပန်း ကပ်ခိုင်းပါတယ်။ ဆွမ်းတော်တင်ခိုင်းပါ တယ်။ ဝါတွင်းဥပုသ်နေ့လည်း ဆွမ်းပို့ဖို့ ဘုန်းကြီးကျောင်းကို သွားခိုင်း ပါတယ်။ ဒါတွေဘာဖြစ်လို့ လုပ်လည်းမေးတော့ အမေက ကုသိုလ်ရ အောင် ကောင်းမှုပြုတာလို့ ပြောပါတယ်။ ဒုက္ခပါပဲ မချို။ ဆရာက ပြောတော့ ကုသိုလ်လည်းမရှိ အကုသိုလ်လည်းမရှိလို့ပြောပြီး၊ အမေ က ပြောတော့ ကုသိုလ်ရအောင် ကောင်းမှုပြုရမယ်တဲ့။

ဒီအကြောင်းကိုများ အမေ့ကို ပြောရင်လေ နင်တို့ ဒီဗွီတွေပဲ၊ ဒါကြောင့် ခေတ်ဆုတ် ခေတ်ပျက်မှာ လူလာဖြစ်တာ၊ ဘာညာနဲ့ ဆူတော့တာပဲ။ အဖြစ်ကတော့ ဒါပါပဲ မချို။

ချိုကရော ကုသိုလ်နဲ့ အကုသိုလ်ကံဆိုတာကို ဘယ်လို အဓိပ္ပာယ် ဖော်မလဲဟင်။

ခုတလော မချို စာအုပ်သစ်တွေ မဖတ်ရပေမယ့် ရှုမဝနဲ့ အိုးဝေဂျာနယ်မှာ မချိုရဲ့ ''နန်းမဆောင်မှ လမ်းဘေးသို့'' ဆိုတဲ့ ဆောင်းပါးကို အပတ်စဉ် ခန်းဆက် ရေးနေတာမို့ ''အတွေးအခေါ် တော်လှန်ရေး''ဆိုတာ ဒါပါပဲလားလို့ တွေးထင်မိပါတယ်။

မချိုကျန်းမာနေကောင်းပါစေ၊

မချိုကိုချစ်သော၊ မချိုစာဖတ်ပရိသတ်တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ထိုစာကို ဖတ်မိသောအခါ ဝမ်းသာဝမ်းနည်း ဖြစ်မိ၏။ တပည့်များကို စာပေပို့ချ သင်ကြားသော သမိုင်းဘာသာဆရာကိုလည်း အပြစ်မတင်မိပါ။

ဝမ်းသာသည်ကတော့ ကံ ကံ၏အကျိုးဟရား၊ အကြောင်းတရားများကို ကျွန်မရေးခဲ့ပြီးသော ထိပ်စုဖုရားမဖျိုင်း၊ အတွက်ခေ့စသည်တို့၌ ကြုံလျှင်ကြုံသလို ယှည့်သွင်းဖော်ပြ၊ ရှင်းလင်းခဲ့ရုံမက ယခုလည်း ရှင်းလင်းခွင့် ကြုံလာ၍ဖြစ်ပါသည်။ ကျွန်မကို ချစ်သော စာဖတ် ပရိသတ်တစ်ဦးသည်ပဲဖြစ်ဖြစ်၊ တက္ကသိုလ်မှ သမိုင်းဆရာသည်ပဲဖြစ်ဖြစ်၊ 'ကံ'ဟူသော ဝေါဟာရစကားလုံးကိုရော၊ အနက်အဓိပ္ပာယ်ကိုရော၊ ဘဝအကြောင်းကိုရော၊ ကျွန်မရေးသည်ထက် ရှင်းလင်းပြတ်သားစွာ သိလိုကြားအံ့၊ သာသနာ့ရိပ်သာရှိ ကမ္မဋ္ဌာနစရိယ ဆရာတော်များကိုလည်းကောင်း၊ မဟာစည်ဆရာတော် ဘုရားကိုလည်းကောင်း သွားရောက်လျှောက်ထားနိုင်ပါသည်။

သိပါလျက်နှင့် ကပ်ဖဲ့လုပ်၍သော်လည်းကောင်း၊ အငြင်းအခုန်လုပ်လို၍သော်လည်းကောင်း၊ ထိုသဘောမျိုးနှင့်တော့ သွားရောက်မေးမြန်းလျှောက်ထားခြင်းမျိုးကိုမူ မပြုစေလိုပါ။ အဘယ်ကြောင့်ဆိုသော် မဟာစည်ဆရာတော်ဘုရား ကိုယ်တော်တိုင်က ငြင်းခုန်မှုမျိုးကို အထူးရှောင်ကြဉ်ရုံမက သူတစ်ပါး၏ ယုံကြည်မှုကိုလည်း တိုက်ခိုက်လိုသော သဘောနှင့် နိုင်ငံရေးဆံသော ဆွေးနွေးမှုမျိုးကိုလည်း အားမပေးပါ။

မဟာစည်၏ ဝိပဿနာလမ်းစဉ်ကို ယုံကြည်လျှင် အားထုတ်ပါ။ တကယ်အေးချမ်းမှု ရယူလိုလျှင်လည်း အားထုတ်ပါ။ မယုံကြည်လျှင်





လည်း လက်တွေ့စမ်းသပ်ကြည့်ရန်အတွက် အားထုတ်ကြည့်ပါ။ လက်တွေ့အလုပ်ပါသော လမ်းစဉ်ဖြစ်၍ ပါးစပ်ပြောနှင့် မရပါပေ။

တမဒါက ဆရာတော် ဦးပဏ္ဍိတအား လူငယ်တစ်ယောက်က မေးသည့်စိတ်စေတနာကိုက ပြေလည်အောင် သိလို၍ လျှောက်ထားသည်မဟုတ်။ တမင် ခွတိုက်၍ မေး၏။

"လမ်းပေါ်မှာ ကားလမ်း ဖြတ်နေတုန်း ကြွတယ်၊ လှမ်းတယ်၊ ချတယ်၊ ထိတယ်နဲ့ အမှတ်စိတ်အောင် မှတ်ရမလား။ မြင်တယ်၊ မြင်တယ် မှတ်နေရမလား။ ဝိပဿနာ ရှုမှတ်မှုဟာ လူငယ်တွေကို ဖျတ်လတ်အောင် လုပ်ပေးတာ မဟုတ်ဘူး။ ထုံထိုင်းအောင် လုပ်ပေးနေတာလား"ဟု လျှောက်ထားဘူးပါသည်။

ရှုမှတ်ဆဲတွင် သမာဓိဖြစ်အောင် တည်ငြိမ်အောင် ကမ္မဋ္ဌာန်းဌာနနှင့် အိမ်တွင်ထားအပ်သော သတိနှင့် နည်းလမ်းကိုပေးခြင်း ဖြစ်၏။ ဆရာတော်ကမူ ခွတိုက်မေးသူ လူငယ်အား ...

"ကားတွေ ရှုပ်ရှက်ခတ် သွားတဲ့လမ်းမှာ ဖြတ်အကူး ကြွတယ် လှမ်းတယ်၊ ချတယ်ထိတယ် လုပ်ကြည့်နေရင် သေမှာပဲ"ဟူ၍ ရှင်းရှင်းသာ ပြောလိုက်ပါတော့သည်။ ထို့ကြောင့် မေးသူ၏ စိတ်ထားကိုက အပြေအလည် ညှိနှိုင်းလိုသော စိတ်စေတနာကို ရှေ့ထားစေလိုပါသည်။ သာသနာ့ရိပ်သာကို နိုင်ငံရေး ကြက်ပွဲလို သဘောထားပါက မှားလိမ့်မည်။ နိုင်ငံရေးစည်းရုံးမှု ဟန်ပါသော သူ့လူငါ့လူ အသွင်များနှင့် ဝင်ရောက်လာကလည်း မှားပါလိမ့်မည်။

ကျွန်မကတော့ ယခုကြုံ၍ တတ်သမျှ တိုရှင်းလင်း ကျွန်မနားလည်သလို ရေးပြချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သမိုင်းဘာသာသင် တက္ကသိုလ်ဆရာသည် ကံကိုမယုံ၍ မဟုတ်။ သူ့ကိုယ်သူမသိ၍ "ကံ"ဟူသောစကားကို အဂုင့်လွဲချော်သွားခြင်းသာဖြစ်ပါသည်။ သူပြောသော စကားထဲမှ စကားငုံ။

"လူဆိုတာ ကိုယ်အလုပ်လုပ်မှ ကိုယ်စားရတာ" ဆိုသော စကားကိုက သူကံကို ယုံကြောင်း ထောက်ခံပြီး ဖြစ်သည်။ ကံဆိုသည်မှာ အလုပ်ဖြစ်၏။ ရိုးရိုးစကားပြေနှင့် ပြောလျှင် အလုပ်ကို ကံဟုခေါ်၏။ ပါဠိလို ကမ္မဟူသော စကားလုံးမှလာသည်။

ပါရမီဟူသော စကားလုံး၏အနက်မှာ ဘုရားဖြစ်ကြောင်း သို့မဟုတ် သံသရာတည်းဟူသော ဝဋ်ဆင်းရဲမှ လွတ်မြောက်အောင် သို့မဟုတ် သံသရာတည်းဟူသော သမုဒ္ဒရာမှကူးသန်း၍ တစ်ဘက်ကမ်းရောက်အောင် ကျင့်အပ်သောတရား။ လုပ်အပ်သောအလုပ်၊ ကြိုးပမ်းရသော လုံ့လဝီရိယကို ပါရမီဟု ခေါ်သည်။

ဘုရားဖြစ်လိုသူသည် ဘုရားဖြစ်ကြောင်း အလုပ်ပါရမီကို ဖြည့်ရ၏။

ဘုန်းကြီးသည် ဘုန်းကြီးဖြစ်အပ်သော အလုပ်ကို လုပ်ရ၏။ အကျင့်ကို ကျင့်ရ၏။

စစ်သားသည် စစ်သားဖြစ်ရန် အလုပ်၊ စစ်သားဖြစ်ရန် အလေ့ အကျင့်ကို ကျင့်ရ၏။

ကျောင်းဆရာဖြစ်လိုသော် ကျောင်းဆရာဖြစ်ရန်အလုပ်၊ ဆရာ ဖြစ်သင် သင်တန်းကို တက်ရမည်ဖြစ်၏။

"ငါက ကံကို မယုံဘူးကွ"ဟူ၍ အိမ်မှာ ထိုင်နေပါက ဘာမျ





လည်း ဖြစ်မည်မဟုတ်ပါပေ။ မိမိ၏ အားထုတ် ကြိုးပမ်းခြင်း လုပ်ခြင်းဟူသော "အကြောင်းတရား"မှသည် ဖြစ်ပေါ်လာသော ခံစားရမှုအမြတ်သည် အကျိုးဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓ၏အဘိဓမ္မာသည် အကြောင်းကြောင့် အကျိုးဖြစ်သည်။ ကြောင်းကျိုးဆက်သွယ်သော တရားဖြစ်သည်ဟု ပြောခြင်းဖြစ်သည်။ လက်တွေ့လုပ်သောအလုပ်၊ ယခုဘဝတွင် လုပ်သောအလုပ်ကို ပစ္စုပ္ပန်ကံ ဟုခေါ်သည်။

ပစ္စုပ္ပန်ကံကို ဖွင့်ဆိုရာ၌ ဇနက္ကမင်းသား၏ စကားသည် မှတ်သား၏။

"ပြုအပ်သော လုံ့လ၊ ဝီရိယအကျိုးသည် လိုအပ်သောပန်းတိုင်သို့ မရောက်စေကာမူ ချက်ချင်းခံစားရ၏။"

၁။ သူတကာ မမြင်ဘူးသော နတ်သမီးကို ငါမြင်ရ၏။

၂။ တခြားသင်္ဘောသားများကဲ့သို့ ငါးလိပ်မကန်းတို့ စားသောက်ခံရ၍ ငါမသေ။

၃။ သင်နတ်သမီး မကယ်၍ သမုဒ္ဒရာတွင် နစ်သော်မှ မြတ်သော သေခြင်းဖြစ်၍ သူတကာကဲ့ရဲ့ခြင်းမှလွတ်၏။

၄။ အားထုတ်ကြိုးပမ်းမှုကြောင့် (၇)ရက်သမုဒ္ဒရာအတွင်း တွင်မျောနေသောကြောင့် (၇)ရက် သီလစောင့်ရ၍ ဤသီလကုသိုလ်ကို ငါရ၏။

ပစ္စုပ္ပန်ကံအကြောင်းကို ဇနက္ကက ဤသို့ဆို၏။ ဤသို့ပင်လျှင် အတိတ်ဘဝ အဆက်ဆက်က ဇနက္က ကြိုးပမ်းခဲ့ခြင်းကြောင့် အတိတ်ဘဝကံ၏ အထောက်အပံ့ကြောင့် ဇနက္ကမင်းသားကို မဟာမေခလာ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း လာကယ်ခြင်း၊ ကျောက်ဖျာပေါ် ရောက်ခြင်း၊ ဘုရင်ဖြစ်ခြင်း အကျိုးများ ပေးခြင်းဖြစ်၏။

လက်ရှိလည်း ဘာမှမကြိုးပမ်း၊ အတိတ်ကလည်း မလုပ်ခဲ့သဘော်သားငါးရာ ရေတွင် စုံးစုံးနစ်၍ သေခြင်းဖြစ်၏။ လူပြိန်း လူအလူညံ့ ဘာမှ ကြိုးကြိုးပမ်းပမ်း မလုပ်လိုသူကို ဘယ်နတ်ကမှလည်း ကယ်မည်မဟုတ်ပါပေ။

ကျွန်မကို ပေးသော စာထဲတွင်ပါသည့် ကျောင်းသားလေး၏ မေးခွန်းမှာ မှန်၏။ အတိတ်က ကံတည်းဟူသော အလုပ်ကို မလုပ်ခဲ့သူတို့သည် ပစ္စုပ္ပန်ကံကိုလုပ်လျှင် လုပ်သမျှသာ ခံစားရသည်။ အတိတ်ကံ၏ အရှိန်အဝါ "အကျိုးပေးကို" မခံစားရပါပေ။

သမိုင်းသင်ဆရာသည် ယေ်ရှယ်စဉ်ကမှစ၍ တက္ကသိုလ်အထိ စာသင်ရာ၌ ကျောင်းနေဘက် အများကြီးရှိခဲ့ပေမည်။ အတိတ်ကံသာ မရှိကြအံ့။ အားလုံးတစ်ပြေးညီ အကျိုးပေးမည်သာဖြစ်၏။ ယခုသော် အတိတ်ကံကြောင့် တချို့က ကျောင်းဆရာ တချို့က စာရေး၊ တချို့အ အတွင်းဝန်၊ တချို့က စစ်ဗိုလ်၊ တချို့ကဝန်ကြီး၊ ရှင်ဘုရင်၊ သမ္မတဖြစ်ရသည်။ သမိုင်းဘာသာသင်ဆရာလို ဒီကာရီမရဲ့ အင်မတန်ကျော်ကြားသော သတင်းစာဆရာကြီးများကို ဆရာတွေ့နိုင်ပါသည်။ ထိုအခါ ဆရာသည် အတိတ်ကံ၊ မွေးပါပါရမီတို့အကြောင်းကို လက်ခံစဉ်းစားလာပါလိမ့်မည်။ ယုံကြည်လာပါလိမ့်မည်။ ကျွန်မ အထူးရှင်းပြရန် မလိုတော့ပါ။ ကျွန်မရေးခဲ့သော "ဗီဇ" စာတန်းနှင့် ရွှေပုဆိန်စာတန်းများကို ပြန်လည်ဖတ်ရှုပါရန် ညွှန်းလိုပါသည်။

ဘုန်းကြီးနှင့် မယ်သီလအကြောင်းကတော့ ကျွန်မ ထိပ်





ဗုဒ္ဓများ မဖျိုင်းနှင့် 'အတွတ်ရေ' စာအုပ်များတွင် သေချာစွာ ရှင်းလင်းပြခဲ့ပြီးဖြစ်ပါသည်။ အလဇ္ဇီရဟန်း၊ အကျင့်ပျက်ရဟန်းများမှာ ယခုအချိန်တွင် ရှိရုံမဟုတ်။ ဘုရားသခင်လက်ထက်ကတည်းက ရှိခဲ့ပါသည်။ ထို့ကြောင့် ဘုရားသခင်ကပင် ငါဘုရား၏ သာသနာကို အကျင့်ပျက်သော ငါဘုရားသားတော်များကပင် ဖျက်လိမ့်မည်ဟူ၍ ဟောကြားခဲ့ပါ၏။ တစ်နည်းဆိုသော် ငါဘုရား၏ သာသနာတော်ကို မပျက်စီးစေလိုလျှင် အကျင့်ကောင်းသော ငါဘုရား၏ သားတော်များပင် ပြုပြင်ကြိုးပမ်းဆောင်ရွက်ပါဟု မိန့်မှာခဲ့ခြင်းဖြစ်၏။ ခရစ်ယာန်ဘာသာတွင်လည်း တစ်ချိန်က စည်းကမ်းမကျမှု အကျင့်ပျက်မှုပေါ်လာ၍ သူတို့နည်းသူတို့အရ မက်သဒစ်လှုပ်ရှားမှုဖြင့် သူတို့ဘာသာကို သန့်ရှင်းအောင် စည်းကမ်းစနစ် ပိုမိုကျနအောင် လုပ်ကိုင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ယခုလည်း ဗုဒ္ဓသာသနာသည် အကျင့်ပျက်သော ရဟန်းများကြောင့် ဘာသာခြားတို့ ကဲ့ရဲ့ပြစ်တင်စရာ ဖြစ်လာသည်ကိုလည်း တွေ့ရ၏။ တမင်ကို ဗုဒ္ဓသာသနာကြီးပွားလာပါက တို့ဝါဒများ မြန်မာနိုင်ငံတွင် ခြေချ၍ ရမည်မဟုတ်သည်ကိုသိ၍ ရဟန်းယောင်ဆောင်ကာ သာသနာ့ဘောင်ဝင်၍ ဖျက်သူများလည်း ရှိ၏။ ဤရဟန်းတို့ကို တွေ့ရသည်နှင့် သက်သက်ဘုန်းကြီးဆိုတာ အကျင့်ပျက်၊ လူပျင်းတွေဟူ၍ ဗလာသက်သက် "မခွတ်"စေလိုပါ။ "မစွပ်စွဲ"စေလိုပါ။ အကျင့်ပျက် လူပျင်းတွေဟုထင်အံ့။ ခုနစ်ရက်ထဲပင် ဒုလ္လဘခံ၍ ဘုရားသခင် ညွှန်ကြားချက်အတိုင်း ရဟန်းသိက္ခာပုဒ်နှင့်အညီ ရဟန်းဝတ်ကြည့်ပါ။ ထိုအခါ စွပ်စွဲသူတို့ အဖြေကို သိလိမ့်မည်။ ကျွန်မ အထူးရေးပြရန် မလိုပါ။

စစ်သားရဲဘော်ကို တွေ့တိုင်းလည်း ရဲဘော်ဆိုတာ သူများ



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းလုစားတဲ့ အကောင်တွေ၊ သူခိုးတွေဟု စွပ်စွဲကြည့်ပါ။ ရဲဘော်မပြောနှင့် ကျွန်မပင် ဆတ်ဆတ်ခါနာ၍ စွပ်စွဲသူကို လက်သီးနှင့် ထိုးမည်ဖြစ်သည်။

ရဲဘော်တစ်ယောက် ဖြစ်အောင် အထူးသဖြင့် ရဲဘော်ကောင်းကစ်ယောက် ဖြစ်အောင် စွပ်စွဲသူသည် စစ်ထဲကို လိုက်ကြည့်ပါ။ ခုနှစ်ရက်သင်တန်းဆင်းကြည့်လျှင်ပင် တကယ့်ရဲဘော်ကောင်း တစ်ယောက်ဖြစ်အောင် ဘယ်လိုလုပ်ရသည်ကို သိပါလိမ့်မည်။

စွပ်စွဲသူ သမိုင်းဆရာသည်ပင်လျှင် တခြားအကြောင်း မသိဘူးဗလာသက်သက် ရှုတ်ချစွပ်စွဲ"ခွတ်"လို သူတို့က ဆရာဆိုတာ ငွေရှာပြီးရော ဘာမှမဟုတ်။ ကျူတာပေါက်စတွေ မှတ်စုတွေ ထုတ်ထားတဲ့စာရွက်ကို အလွတ်ကျက်အောင်ခဲ့တဲ့ "ဘော်ချက်" ဆရာတွေဟုစွပ်စွဲကြည့်ပါလား။ သမိုင်းဘာသာသင် ဆရာရော တက္ကသိုလ်ဆရာများရော ဆတ်ဆတ်ခါ နာလိမ့်မည်ဖြစ်သည်။

ထို့အတူ လူ့အလွှာအသီးသီး၊ လူတန်းစားအသီးသီး မိမိတို့အကျိုးပေးရာ လုပ်ကိုင်ဆောင်ရွက်ကြရာ၌ အရမ်းစွပ်စွဲ၍ အရမ်းအပြစ်မတင်ပါနှင့်။ သူတို့နေရာမှနေ၍ ကြည့်ပါ။ ထိုအခါ ပြေလည်သောအဖြေကို ရရှိမက ပြေလည်သော ဆက်ဆံရေးများ ဖြစ်လာပါလိမ့်မည်။

ယခုလည်း မိမိကိုယ်တိုင် ဗုဒ္ဓဘုရား၏ အဘိဓမ္မာ ကျင့်အပ်သောတရား ဖြည့်ဆီးခဲ့သော ပါရမီကို ကြေညက်အောင် မလေ့လာပန်းတစ်ပွင့်ကိုသော်မှ သဒ္ဓါတရား အသိစိတ်ဓာတ်နှင့် မလှူခဲ့ဘူးလျက်ဘုရားကိုလည်း စနစ်တကျ တစ်ထိုင်မျှပင် မထိုင်ဘူးလျက်၊ ရဟန်းဘာထို





လည်းတစ်ရက်မျှပင် စနစ်တကျ မဝတ်ဘူးလျက်။ ဘုရား၊ တရား၊ သံဃာရတနာသုံးပါးကို ဗလာသက်သက် စွပ်စွဲ၊ ဆဲရေး ရှုတ်ချခြင်းမပြုစေလိုပါ။ မိမိကိုယ်တိုင် လုပ်ကြည့်ပါ။

မယ်သီလရှင်တွင်လည်း ထိုနည်းတူပါပင်လျှင်တည်း၊ ထိုကြောင့်ပင် မင်းတုန်းဘုရင်ကြီးက...

"မိန်းမ မယူတာ တစ်ခုတည်းနှင့်ကို ဘုန်းကြီးတွေကို ငါရှိခိုးချင်လာတယ်"ဟု မိန့်ကြားခြင်း ဖြစ်၏။ သူ့ကိုယ်တွေ့မှ ထွက်ပေါ်လာသောစကားဖြစ်သည်။

အရေးအကြီးဆုံးအချက်မှာ ဗုဒ္ဓ၏သားတော် သံဃာစစ်များကိုအင်္ဂလိပ်အဘိဓာန် စကားလုံးပါ "Monk" Bi shop ဟူသော စကားလုံးများနှင့်အဓိပ္ပာယ်တူသည်ဟု မထင်ပါလေနှင့်၊ အထူးသဖြင့် အရင်းရှင်နိုင်ငံကြီးများ နယ်ချဲ့ရာ၌ အသုံးပြုသော သူတို့သာသနာရေးဆိုင်ရာလခပေး၍ အမှုထမ်းရသော သူတို့၏ သာသနာ့ဝန်ထမ်းများနှင့်အဓိပ္ပာယ်မတူသည်ကို အထူးဆင်ခြင်စေလိုပါသည်။

ကျွန်မအား တိုက်ရိုက်ပေးစာထဲရှိ အကြောင်းထဲတွင်လည်း "အတွေးအခေါ်တော်လှန်ရေး"အကြောင်းနှင့်စပ်၍ ကျွန်မ ရေးပြချင်ပါသည်။

စာပေးသူ ရေးသလို ဘုရားကျွန်ကိစ္စမှာ ဘုရားကျွန်အဖြစ်အလှူခံရသူတို့တွင် စိတ်ဓာတ်တက်ကြွလာအောင် ကျွန်မရေးခြင်းဖြစ်၏။ အထောက်အထား မခိုင်လုံဘဲ ကျွန်မ မရေးလို၍ ပုဂံခေတ်ကျောက်စာများ အထောက်အထားများနှင့် ဆရာများ ပို့ချသင်ကြားသည်ကို လေ့လာစုဆောင်း၍ တင်ပြလိုက်ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ပုဂံကို ရောက်လျှင် ပုဂံသားစိတ်ဓာတ်၊ ပုဂံပြည်သား သူ
ကောင်းတို့၏ အတိတ်ကို ရေးသားဖော်ထုတ်၍ ချီးကျူး၍ လက်
မြန်မာ့သားကောင်းများကို စိတ်ဓာတ်သွင်းပေးသောစာဆိုများ၏ ကဗျာ
စာပေများရှိခဲ့၍ ကျေးဇူးတင်ပါ၏။

ကျွန်မကလည်း ပုဂံမြေကို ကျွန်မနင်းစဉ်အခါက စိတ်ဓာတ်
အားငယ်နေသော ပစ္စုပ္ပန်ပုဂံမြို့သားကြီးကို စိတ်ဓာတ်မြှင့်တင် ပြောင်း
လဲစေလိုသောကြောင့်။ ...

"မှော်လင့်လို့ဖြင့် မဆုံးနိုင်တယ်"ဝတ္ထုကို ရေးခြင်းဖြစ်၏
"ဘုရားကျွန်"ပြဿနာကို လေ့လာ၍ တင်ပြခြင်း ဖြစ်၏။

မကြာခင် ထွက်မည်ဖြစ်သော ကျွန်မ၏ ကဗျာစာအုပ်တွင်
ပါလာမည့်"အတိတ်နှင့်ပစ္စုပ္ပန်"ဟူသော ကဗျာကိုလည်း ရေးခဲ့ခြင်း
ဖြစ်သည်။

"အတွေးအခေါ် ပြောင်းလဲရေး"ဆိုသည်မှာ အထက်ပါ
သလို ဖြစ်ပါသည်။

"ငါတွေးသလိုတွေး မတွေးရင်တော့ သေပေတော့"ဟု
ခေါင်းဆောင်မှုလည်း မပြောပါ၊ မလုပ်ပါ။ သူတွေးသလို လိုက်မတွေး
အတင်းလူသတ် ကွန်မြူနစ်စာပေများကို လိုက်လံဖျက်ဆီးသော
တိဘုရင် လုပ်ပုံကိုကြည့်လျှင် "အတွေးအခေါ်" ပြောင်းလဲရေးသည်
"အတွေးအရေး"နှင့်သာ ပြောင်းလဲ၍ရသည်။ သွေးချောင်းစီးအောင်
လိုက်သတ်၍မရသည်ကို ရာဇဝင်က သက်သေခံပါလိမ့်မည်။

အတွေးအခေါ်ကို ပြောင်းလဲရမည့်စခန်း၌ ပါဝင်ဦးဆောင်





မည့် မူလတန်းမှသည် တက္ကသိုလ်အထိ ကျောင်းဆရာများ၊ စာရေးဆရာ
များကိုယ်တိုင်ကိုက...

"ဟောင်းပင် ဟောင်းသော်လည်း ကောင်းလျှင် ဖော်ထုတ်သုံး
စွဲရမည်။ သစ်ပင် သစ်သော်လည်း ညစ်ပတ် စုတ်ပွဲလျှင် ဖယ်ထုတ်ပစ်
ရမည်"ဟူသော သဘောတရားကို မကျေညက်ထားပါက ကျွန်မထံ
တိုက်ရိုက်ရေးသော စာထဲတွင်ပါသည့်ဆရာနှင့် တပည့်ကဲ့သို့ ပြဿနာ
များ ပေါ်ပေါက်လာမည် မဟုတ်ပါပေ။ မည်သည့်အစိုးရတက်တက်
အထက်ပါ သဘောတရားကတော့ တစ်မျိုးသားလုံးနှင့် ဆိုင်သော ခံယူ
ချက်ဖြစ်၍ အသည်းစွဲနေဖို့ လိုပါသည်။

သို့သော် တစ်နေ့သောအခါတွင်မူ ရတနာသုံးပါးဆိုသည်မှာ
ဘာလဲ။ မြန်မာတို့ သူ့ကျွန်ဖြစ်ရခြင်းအကြောင်းမှာ ဘယ်လိုဖြစ်သည်။
အာဖရိက တစ်တိုက်လုံး အရှေ့တောင်အာရှ တစ်ခုလုံး အရင်းရှင်နိုင်ငံ
များ လက်အောက်ကျရောက်ရခြင်းမှာ ဘာကြောင့်ဖြစ်သည်ကို စုဆောင်း
ရှာဖွေရေးသားနိုင်ပါစေဟု ဆုတောင်းမိပါသည်။

မြန်မာအကျိုးကို လိုလားသယောင်ယောင်နှင့် အနောက်နိုင်ငံ
စာရေးဆရာတချို့တို့သည် "မြန်မာတို့သည် ကျွန်ဖြစ်အောင်ကို ရတနာ
သုံးပါးကြည်ညိုသည်"ဟု ရေးသားဖော်ပြကြ၏။ ဤစကားလုံးကို ဖတ်ရ
သော မြန်မာပညာတတ် လူတန်းစားက သူ့ကျွန်ဖြစ်ရခြင်းအကြောင်း
ရင်းကို ရှာဖွေဖော်ထုတ် မပြသပဲ"ဟုတ်လှပါ၏။ ဒါကြောင့် ရတနာသုံး
ပါးကိုမကိုးကွယ်နှင့်"ဟူ ထပ်မံကြွေးကြော် သံယောင်လိုက်သွားသော
အခါ အလွန်ပင် ဝမ်းနည်းကြေကွဲရပါ၏။

ကျွန်မ မြေလေးများ ကြီးပြင်းလာသော တစ်ခေတ်တွင်



www.burmeseclassic.com

www.burmeseclassic.com



"စကားလုံး နှိပ်စက်မှုဒဏ်"မှ ကင်းဝေးအောင် ကျွန်မ ကြိုးစားရေး
အုံးမည်။

ဤစိတ်ကူး ရည်ရွယ်ချက်နှင့် တစ်ဆက်တည်း ကျွန်မ
ငယ်စဉ်က ပညာသင်ခဲ့ရပုံကို သတိပြန်ရမိ၏။

ကျွန်မတို့ ငယ်စဉ်ကတော့ ကကြီး ခကွေးတန်းခေါ်သော
အတန်းမှသည်ဆယ်တန်းအထိ ကျောင်းများတွင် အ၊ အာ၊ အိ
နှင့်အတူ နမောဗုဒ္ဓယသိဒ္ဓါအစ အတန်းလိုက်တွင်ဘာသာရေး
စာအုပ်များကို သင်ကြားခဲ့ရပါသည်။ ဆယ်တန်းကိုရောက်လျှင်
ဇာတ်ကြီးဆယ်ဘွဲ့လည်း ကုန်ခဲ့ပါ၏။ ဗုဒ္ဓ၏အခြေခံဝါဒ သဘော
ကို ကျေညက်ခဲ့ပါ၏။ (အလုံးစုံ သိသည်ဟု မဆိုလိုပါ)။ ထို့ကြောင့်
ကျွန်မတို့ ဉာဏ်သစ်လောင်းစတွင် တခြားဘာသာများ၊ နိုင်ငံရေး
များက ကျွန်မတို့နှလုံးသားကို ချောက်ချားအောင် ထွင်းဖောက်နိုင်
မပြုနိုင်ပါ။

ကျွန်မတို့ထက် တစ်ခေတ်စောသော လူငယ်အုပ်စုနှင့်
တို့နှင့် တစ်ခေတ်ထဲ ကြီးပြင်းလာသူတို့သည် လက်ရှိတစ်ခေတ်
ခေါင်းဆောင်နိုင်သော ပရိသတ်အဖြစ် လုပ်ဆောင်နိုင်အားအပြည့်
ကို တော်လှန်ခဲ့သောအားအပြည့် အင်အားသတ္တိကို နေရာတကျ
ခဲ့ခြင်းကို ထောက်သော် ကျောင်းများတွင် ဗုဒ္ဓဘာသာသင်ခန်းစာ
သင်ကြားခြင်းသည် အချိန်ကုန်သည် လူငယ်များသတ္တိကိုလျော့
ရဲစေသည် ပျော့ညံ့စေသည်ဆိုသော ယူဆချက်များသည် မှန်သည်
သည်ကို သုတေသီများ ဆင်ခြင်ပေလိမ့်မည်။

ထို့ကြောင့် ကျွန်မ စဉ်းစားမိ၏။ မောင်ကျော်ကျော်ဝင်း





မောင်မျိုးမင်းတို့၏ ကျောင်းများက ဘာသာရေးအတွက် တစ်ချိန်ထား၍
သင်ကြားသည်ဖြစ်စေ၊ မသင်ကြားသည်ဖြစ်စေ ကျွန်မအနေနှင့်မူ နွေ
ရာသီကျောင်းပိတ်ရက်တွင် မြေးနှစ်ယောက်ကို "မ"တော့မည်။

ဘယ်လို"မ"မည်နည်းဆိုသော် အရှင်ဦးကေလာဆီသို့ ဖြစ်
သည်။ သူသည် သာသနာ့ရိပ်သာတွင် တစ်တန်းမှသတ္တမတန်းအရွယ်
ထိ ကလေးငယ်များကို ဗုဒ္ဓဆိုင်ရာ တရားတော်များကို အရွယ်အလိုက်
သင်ကြားပို့ချရသော တာဝန်ကိုယူရသော ပဉ္စင်းငယ်ဖြစ်၏။

သူတာဝန်ယူရသော နေရာသည် ပိုက်ဆံရှိရှိ၊ မရှိရှိ ပလက်
ဖောင်းပေါ်မှကလေးများမှသည် မှန်ကားကြီးပေါ်မှကလေးများအထိ။
အယုတ်၊ အလတ်၊ အမြတ်မရွေး ဘာသာရေး သင်ခန်းစာ သင်ပေးရာ
ဌာနဖြစ်၏။

ကျောင်းပိတ်ရက်တွင် လောက်လေးခွများနှင့် သစ်ပင်ရိပ်
ကောင်းအောက်ဝယ်စုဝင်၍ ငှက်ပစ်နေသော ကလေးတစ်စုကိုလည်း
ကောင်း၊ လမ်းသရဲဆံဆံ သူများအိမ်ပြတင်းကို လိုက်ခွဲနေသော ကျောင်း
သားငယ်များကိုလည်းကောင်း ကျွန်မတို့ ပတ်ဝန်းကျင်တွင် တွေ့ရတိုင်း
သူတို့မိဘများကသာ သဘောတူလျှင် ထိုသူငယ်တို့အား အရှင်ဦးကေ
လာထံသို့ ကျွန်မ ပို့ချင်ပါသည်။

ဤကဲ့သို့ ဘွားအေများ များလာလျှင်တော့
"ပုတီးကိုချ မြေးကိုမ
မိုက်စွ အမယ်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



ဟူသော ဆောင်ပုဒ်အစား

"တရားနှင့်ခွယ်၊ မြေးကိုသယ်
ချစ်ဖွယ် ဘွားဘွားကြီး"

ဟူသော လက်ာသစ်ဖြင့် အဘွားတို့၏ ခေတ်သစ်တစ်ခုကိုထူထောင်နိုင်ကောင်းပါရဲ့။

* * *



## မိုးညနှင့် မီးခွက်အို

မိုးသည်းထန်စွာ ရွာသွန်းသော ညတစ်ည။

အပြင်တွင် လေများက ပြင်းထန်စွာ တိုက်ခတ်နေသည်။ လျှပ်စီးဝင်းခနဲလက်၍ မိုးကြိုး ဒိန်းကနဲ ပစ်လိုက်တိုင်း မြေးငယ်နှစ်ယောက်သည် ကျွန်မရင်ခွင်တွင်းသို့ ပု၍ ပု၍ ဝင်လာကြ၏။

တစ်ယောက်က ကျောဘက်မှာ တစ်ယောက်က ရင်ခွင်ဘက်မှာ ဖြစ်ပါသည်။ သူတို့ ကိုယ်ငွေ့လေးများကြောင့် ကျွန်မမှာလည်း ထွေးထွေးနွေးနွေး ရှိပါသည်။

"ဘွားဘွား ကြောက်တယ်" ဟု မြေးကြီး ကျော်ကျော်ဝင်းက ပြော၏။

"ဘွားဘွားမျက်နှာ ကိုကိုကြီးဘက်မလှည့်ပါနဲ့။ သားငယ်လေးဘက်လှည့်ပါ"ဟု မောင်မျိုးမင်းက ပြောပြောဆိုဆို ကျွန်မ မျက်နှာ သူ့ဘက်သို့ ဆွဲလှည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဘွားဘွား ဘယ်သူ့ဘက်မှ မလှည့်ဘူး၊ ငြိမ်ငြိမ်အိပ်"

ကျွန်မသည် သက္ကလပ်စောင်ကို ဆွဲယူ၍ သုံးယောက်စလုံး လုံအောင်ခြုံလိုက်၏။ ညတိုင်းတော့ ကျွန်မအိပ်ခန်းတွင် ကျွန်မ တစ်ယောက်တည်းပင် အိပ်သည်။ ကလေးငယ်များက သူတို့မိဘများနှင့် တစ်ခန်းအိပ်၏။ ယနေ့ညတော့ ထွန်းအောင်ကျော်က ရှမ်းပြည်နယ် မြောက်ပိုင်းသို့ ခရီးရှည်ထွက်နေ၏။

မိ က စစ်ဆေးရုံတွင် ညဂျူတီ ကျနေသည်။ ကလေးထိန်း အဖော်လေးနှင့် မြေးငယ်နှစ်ယောက်ကို သူတို့အခန်းထဲ သိပ်ထားရန် ကျွန်မ စိတ်မချ။ သားကြီးက မိုးကြိုးပစ်တိုင်း "ဘွားဘွားလာပါ" ဟု၍ အော်ခေါ်တတ်သည်။ ထို့ကြောင့် ကျွန်မ သူတို့အခန်းဘက် ကူးသွားပြီး မြေးနှစ်ယောက်နှင့်အတူ အိပ်လိုက်၏။

သူတို့သည် ရင်ထဲတွင်တော့ ခံစားချက်ရှိသည်။ လူကြီးလို သာဖွင့်မပြောတတ်၍ ဖြစ်သည်။ ကျွန်မတို့ရပ်ကွက်သည် တိတ်ဆိတ်ငြိမ်သက်၍ ယခုလို မိုးသက်လေပြင်းထန်သောည၌ အထူးပင်ကြောက်စရာကောင်းပါ၏။ သစ်ရွက်ချင်းခတ်သံ၊ သစ်ကိုင်းကျိုးကျသံများကို အပြင်မှ ကြားရသောအခါ လူကြီးများပင် ကြောက်စိတ်ပေါ်လာတတ်၏။

"ဘွားဘွား မေမေကလည်း ပြန်မလာသေးဘူးနော်"

သားကြီးက အမေကိုသာ ရှိုတိုက်သည်။ တကယ်တော့ အမေ့လူဖြစ်၍ သူ့မေမေနှင့်ခွဲခွာနေရသောညတိုင်း အမေကို အထူးဂရုပြုမေး၏။





"ဘွားဘွား... ဖေဖေ ဘယ်တော့ပြန်လာမှာလဲ၊ အခု လေယာဉ်ပျံနဲ့ မိုးပေါ်မှာလား"

သားငယ်ကလည်း သူ့အဖေကိုသာ မေးတတ်၏။ သူ့ဖေဖေသည် အစဉ်သဖြင့် ကောင်းကင်မှာ လေယာဉ်ပျံနှင့် နေတတ်သည်ဟု ထင်သည်။

ဘွားအေ မအေသည်းပျော့ကလည်း ကလေးတွေ ဤသို့မေးလျှင် အလိုလိုငိုချင်သည်။ ယခုမှ ကျန်းမာရေးအခြေအနေ ကောင်းလာ၍မျက်ရည်ကို ထိန်းနိုင်သေးသည်။ ယခင် မကျန်းမာစဉ်ကမူ ယခုည လို မိုးသက်လေပြင်းထန်သော ညများတွင် တိတ်ဆိတ်သော ကျွန်မ အိပ်ခန်းထဲတွင် ကလေးငယ်များလို တစ်ယောက်တည်း ငိုမိ၏။

ယခုမှ ကြောက်လည်း အမှတ်တရားနှင့်၊ ငိုချင်လည်း အမှတ် တရားနှင့် ရှုမှတ်၍နေရ၏။ ကျွန်မ၌သစ္စာရှိသော အဖော်သည် တရားမှ တစ်ပါးမရှိပြီကို အမြဲသတိပြုနေရသည်။

ယနေ့ညတော့ ကလေးတွေက ဘွားအေကြီးကို သူတို့အားကိုး ရာသဖွယ် ဖက်တွယ်ထားသောအခါ ကျွန်မက အလိုလိုပင် အားတက် ကာ သတိရှိလာ၏။

"ရှေ့အပတ်ဆို ဖေဖေလည်း ပြန်လာရော၊ မေမေလည်း ဂျူတီ ပြီးရော၊ သားကြီးတို့လည်း ဖေဖေမေမေတို့နဲ့တူတူအိပ်ရရော၊ ကောင်း ကင်မှာလည်း လေမိုးတွေမခြိမ်းတော့ဘူး။ မိုးနတ်သားကြီးကလည်း သူ့နေရာသူပြန်ရော၊ မိုးလည်းစဲ လေလည်းငြိမ်တော့ လမင်းကြီးထိန် ထိန်သာလာမှာပေါ့"ဟု ပြောလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ခုညသူတို့နှစ်ယောက် စောစောအိပ်ရန် ပုံပြော၍သိပ်မှ ဟုသဘောပေါက်ပါသည်။ သို့သော် ဘာပုံပြောရမည်ဟု ရုတ်တရက် စဉ်းစား၍မရ။ ဖိုးကျော်ဝင်းက ကောက်ကာငင်ကာ မေးလိုက်၏။

''ဘွားဘွား တခြားကလေးတွေလည်း သားကြီးတို့လိုပဲ သူ့ ဘို့မေမေနဲ့ ခဏခဏ ခွဲပြီးနေရလား''

သူ့မေးခွန်းကြောင့် ကျွန်မ ချက်ချင်းပုံတစ်ခုကို သတိသွား ရ၏။

''နေရတာပေါ့သားရဲ့၊ သားကြီးတို့ ညီအစ်ကိုကမှ ဖေဖေတို့ မေမေတို့ ဂျူတီကျရင် ဘွားဘွားနဲ့အတူ အိပ်ရတယ်၊ သားတို့ကို ထိန်းမယ့် ကလေးထိန်းတွေ ဘာတွေရှိတာ။ တချို့ကလေးတွေဆို သူတို့ ဖေဖေ၊ မေမေတွေ အလုပ်သွားရင် အိမ်မှာ သူတို့ဘာသာပဲ ကစားနေ ရစ်တယ်။ လိမ်လိမ်မာမာ နေကြတယ်''

''သူတို့ကစားရင် ပင့်ကူကြီးပါသေးလား''

ပင့်ကူချစ်သော မောင်မျိုးမင်းသည် ပင့်ကူကိုသာ ခဏခဏ မေး၏။

''ပင့်ကူတော့ မပါဘူးကွယ့်။ ဒါပေမယ့် ညီအစ်ကို ရန်မဖြစ် နေတယ်''

''ဘွားဘွား။ သူတို့ညီအစ်ကို အကြောင်း ပြောပြနော်''

ကျော်ကျော်ဝင်းက ဆို၏။

''အေးအေး။ ပြောမယ် ငြိမ်ငြိမ်နားထောင်နော်''





''တစ်ခါတုန်းကတဲ့ ရွာတစ်ရွာမှာ လယ်သမားလင်မယား နှစ်ယောက်ရှိတယ်တဲ့။ သူတို့မှာ သားလေးနှစ်ယောက်ရှိတယ်၊ သူတို့ ဟာ လယ်တောထဲကို လယ်လုပ်ဖို့ ဆင်းသွားရင် ညီအစ်ကို နှစ်ယောက် အိမ်မှာနေရစ်ရတယ်။

''ဘွားဘွား သူတို့ဖေဖေနဲ့ မေမေက ဘာဖြစ်လို့ နာနီခေါ် မထားတာလဲ''

ဖိုးကျော်ဝင်းက မေးပြန်၏။

''ဩော်. . .လယ်သမားဆိုတော့ ဆင်းရဲတာပေါ့ သားရယ်၊ ဘယ်မှာကလေးထိန်းလခ ပေးနိုင်မလဲ။ ပြီးတော့ ကလေးထိန်းကျောင်း တွေ ဘာတွေကလည်း သားကြီးတို့ ရန်ကုန်မှာလို ဖွင့်မထားနိုင်ဘူး။ အင်မတန်မြို့နဲ့ဝေးတဲ့ တောရွာလေးတွေမှာ ဘယ်ကလေးထိန်းကျောင်း ရှိမလဲ။ တစ်နေ့တော့ သူတို့ဖေဖေနဲ့ မေမေလည်း လယ်တောထဲ ထွက်သွားရော၊ တစ်ခါတည်း မိုးတွေကရွာ လေတွေကတိုက်နဲ့ မုန်တိုင်း ကျလာပါရော။ ညီအစ်ကိုနှစ်ယောက် တဲအိမ်လေးထဲမှာ တံခါးပိတ်ပြီး နေကြတယ်။ သူတို့ဟာ ဖေဖေတို့ မေမေတို့ မရှိလည်း ဖေဖေစကား နားထောင်ပြီး တဲထဲမှာ သူတို့လုပ်တတ်သရွေ့ တံမြက်လှဲ သန့်ရှင်း အောင်နေပြီး ရန်မဖြစ်ပဲ ကစားကြတယ်။

''အဲဒီလိုနေကြတုန်း တံခါးခေါက်သံကြားတော့ အစ်ကိုကြီးက တဲတံခါးကို သွားဖွင့်တယ်။ အပြင်မှာ လေမုန်တိုင်းက အားပျော့သွားလို့ လေငြိမ်နေပေမယ့် မိုးကတော့ ဆက်ပြီးရွာနေတုန်းပဲ။ သားကြီးဟာ တံခါးဖွင့်လိုက်တော့ မိုးတွေစိုနေတဲ့ လူကြီးတစ်ယောက်ကို တွေ့သတဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ဒီလူကြီးဟာ မျက်နှာထားက ချိုပြုံးပြီးစကားပြောတဲ့အခါ ချိုချိုသာသာ ပြောသတဲ့။

"ဒီအိမ်မှာ အိမ်ရှင်များ မရှိဘူးလား" လို့ မေးတယ်။

"အဖေတို့ အမေတို့တော့ မရှိပါဘူး။ လယ်တောထဲကိုဆင်း သွားကြပါပြီ။ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်ပဲ ရှိပါတယ်။ ဘာ အလိုရှိပါသလဲခင်ဗျာ။ ကျွန်တော်တို့ ဘာကူညီရမလဲ" လို့ အကိုကြီး ကမေးတယ်။ ဒီအချိန်မှာ ညီငယ်လေးက သူ့အစ်ကိုအနားလာရပ်ပြီး ဧည့်သည်လူကြီးနဲ့ သူ့အစ်ကို ဘာစကားပြောနေလည်းဆိုတာကို ငြိမ် ငြိမ်သက်သက် နားထောင်နေတယ်။ လိမ္မာလိုက်တာ ဧည့်သည်ရှေ့မှာ ဆူညံပြီး စကားပြောပျက်အောင် မလုပ်ဘူးသိလား။

"ဒီတော့ ဧည့်သည်ကြီးက သူ့ရှေ့မှာ အဖော်များနဲ့ကွဲပြီး မျက်စိလည်လမ်းမှားပြီး ဒီရွာလေးကို ရောက်လာပါတယ်။ အိမ်ကို ပြန်ချင်လို့ မိုးကလည်း မစဲနိုင်ဘူး။ ထီးကလည်းမရှိလို့ ကလေးတို့အိမ် မှာထီးများရှိရင် တစ်လက်လောက် ငှားပါလို့ဆိုသတဲ့။ အစ်ကိုကြီးက ခဏငေးပြီး စဉ်းစားနေတုန်း ညီငယ်လေးက ဝင်ပြောတယ်။

"ဦးကြီးခင်ဗျား ကျွန်တော်တို့မှာ ထီးအကောင်းမရှိပါဘူး။ ထီးအစုတ်တစ်လက်ပဲ ရှိပါတယ်" လို့ ပြောတယ်။ ဒီတော့ အစ်ကိုကြီးက ဝင်ပြောပြန်တယ်။

"ဦးကြီး မိုးစဲရင်တော့ ဒီထီးကို ဆက်ဆက်ပြန်ပို့ပါ ခင်ဗျာ။ အဖေအမေတို့က ဒီထီးလေး တစ်လက်ပဲရှိလို့ ဦးကြီးသာ ပြန်လာပြီး မပို့ရင် ကျွန်တော်တို့ ညီအစ်ကို အရိုက်ခံရမှာလို့ ပြောတယ်။





"စိတ်ချပါကွယ် ဦးကြီးဟာ ကတိတည်ပါတယ်။ သူတစ်ပါး ပစ္စည်းကို ငှားသွားပြီး ဆက်ဆက်ပြန်ပေးမှာပါ" လို့ပြောတယ်။ သူတို့ ညီအစ်ကိုလည်း အခန်းထောင့် တင်နေရာမှာ သိမ်းထားတဲ့ ထီးစုတ် ကြီးကို ဧည့်သည်လူကြီးကို ငှားလိုက်တာပေါ့။ ဖေဖေနဲ့မေမေ လယ်တော ထဲကပြန်လာတော့ ညီအစ်ကိုနှစ်ယောက်က နေ့လည်က လူကြီး တစ်ယောက် ထီးလာငှားလို့ သူတို့ထီးစုတ်ကြီးကို ငှားလိုက်ကြောင်း ပြောပြထယ်။ လယ်သမားလင်မယားကလည်း ထီးက အစုတ်ဆိုပေ မယ့် ဆင်းရဲတော့ ဒါကိုပဲ အကောင်းလုပ်ပြီး ဆောင်းရတော့ ဧည့်သည် ကထီးကိုပြန်မပို့ရင် အသစ်လည်း မဝယ်နိုင်။ သွားစရာလာစရာရှိရင် ထီးဆောင်းစရာ မရှိတော့ဘူးလို့ တွေးမိနေသတဲ့။ သူတို့ရဲ့ သားလေး နှစ်ယောက်ကို အရမ်းဆူပူပြီး ရိုက်ရအောင်ကလည်း သားလေးနှစ် ယောက်လုပ်ပုံဟာ ဆင်းရဲဒုက္ခရောက်နေသူကို ကူညီတဲ့အလုပ်ဖြစ် နေတော့ မရိုက်သင့်မဆူသင့်ဘူး။ ကောင်းသောအလုပ်သာ ဖြစ်တယ် ပေါ့။ အမေနဲ့အဖေ မျက်နှာကဲကို အစဉ်သိတတ်တဲ့ သားကြီးက...

"အမေနဲ့ အဖေရယ် စိတ်မညစ်ပါနဲ့၊ ဒီဦးကြီးမျက်နှာဟာ ကြည်လင်ပြီး ချစ်ဖို့ကောင်းပါတယ်။ သားကြီးတို့ကို မညာပါဘူး။ သူကတိတည်ပါလိမ့်မယ်။ သားကြီးတို့ရဲ့ ထီးစုတ်ကြီးကို ဆက်ဆက် ပြန်ပို့မှာပါ" လို့ အဖေနဲ့အမေစိတ်ချမ်းသာအောင် ပြောပြတယ်။

သူတို့မိသားစုလည်း ညစာစားပြီး အိပ်ရာဝင်ကြတာပေါ့လေ။

"မနက်မိုးလင်းစပြုတော့ လယ်သမား လင်မယားဟာ အံ့ဩ ကြီးထရတယ်။ သူတို့ လယ်တောမှာ စားဖို့သောက်ဖို့လည်း ချက်ပြုတ်



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်ရတယ်။ အိမ်မှာ နေရစ်ခဲ့တဲ့ သားငယ်လေးတွေ စားဖို့လည်း ချက်ထားခဲ့ရသေးတာပေါ့။ အဲဒီလို လုပ်နေတုန်း တဲအိမ်လေးရှေ့ မြင်းရထားတစ်စီး ရပ်သံကြားရတယ်။ အဖေလုပ်တဲ့သူက တံခါး သွားဖွင့်တော့ အင်မတန်လှပတဲ့ မြင်းရထားတစ်စီး ဆိုက်ထားတာ တွေ့ရတဲ့အပြင် ရထားမောင်းတဲ့သူဟာ မနေ့က သားကြီးတို့ ညီအစ် ငှားလိုက်တဲ့ထီးကို ပက်လက်လှန်ပြီး ဖွင့်လျက်ကိုင်လာပြီး ဆင်း တယ်။ သားကြီးနဲ့သားငယ်တို့ဟာ သူတို့အဖေအနားလာရပ်ပြီး ကြ ရင်းက . . .

“အဖေရေ သားကြီးတို့ ထီးကြီး ပြန်ရောက်လာပြီ” လို့ ... သတဲ့။ သားငယ်လေးကတော့ “ထီးလာပို့တဲ့ လူကြီးက မနေ့က ... လည်းဟုတ်ဘူး” လို့ ပြောသတဲ့။ သူတို့အဖေလည်း ကလေးတွေ ... သံကြောင့် တံခါးဝကို ပြေးထွက်လာတာပေါ့။ ဧည့်သည်ကိုလည်း ... မှာနေရာထိုင်ခင်း ပေးတာပေါ့လေ။ ဧည့်သည်က ပြောပြသတဲ့။

“အားလုံးပဲ နေကောင်းကြပါရဲ့လားခင်ဗျာ။ ကျွန်တော် ... လုံး ရှင်းပြပါ့မယ်။ မနေ့က ဒီတဲမှာလာပြီး ထီးငှားတဲ့သူဟာ ကျွန်... တို့ရဲ့ ဘုရင်အရှင်မင်းမြတ် ဖြစ်ပါတယ်။ ကျွန်တော်ကတော့ ... ရထားထိန်းဖြစ်ပါတယ်။ မနေ့က တောလမ်းခရီးမှာ ကျွန်တော်... ဘုရင်ကြီး လူစုကွဲပြီး ဘုရင်ကြီးဟာ ဒီရွာလေးကို ရောက်လာပါ... သူ့မှာပြန်ဖို့ ဆောင်းစရာ ထီးမရှိတာနဲ့ ဒီတဲအိမ်လေးကို ရောက်... ထီးငှားရပါတယ်။ ဘုရင်ကြီးက မှာလိုက်ပါတယ်။ အင်မတန် ရိုး... ယဉ်ကျေးပြီး ချစ်စရာကောင်းတဲ့ ညီအစ်ကိုကို ထီးပြန်ပို့ပြီး ပေးဖို့...





တယ်တဲ့။ မိဘတွေ မရှိတုန်း အိမ်မှာကောင်းကောင်းမွန်မွန်နေပြီး ဧည့်သည်ကို ကောင်းမွန်စွာ ဧည့်ခံတတ်တဲ့အတွက်ရော၊ ဒုက္ခရောက်တဲ့သူတွေကို ကူညီတတ်တဲ့စိတ်ဓာတ်ကိုလည်း ချီးကျူးတဲ့အနေနဲ့ လက်ဆောင်လည်းပြန်ပေးလိုက်ပါတယ်” တဲ့။

“ရထားထိန်းဟာ ပက်လက်လှန်ထားတဲ့ ထီးစုတ်ကြီးကို အောက်ချပြလိုက်တယ်။ လယ်သမား လင်မယားလည်း သိပ်အံ့ဩသွားတာပေါ့။ ထီးထဲမှာ ဘာပါလာလည်းဆိုရင် နန်းတော်သုံးလှပတဲ့ ကျောက်သံပတ္တမြားတွေနဲ့ ရွှေငွေများ ဖြစ်နေတယ်။

“ကျွန်တော် ခုလို အစောကြီးရောက်အောင် ဘာလို့လာရသလဲဆိုတော့ ဘုရင်ကြီးက သေချာစွာ မှာလိုက်ပါတယ်။ နေမြင့်သွားရင် ကလေးတွေနဲ့ မိဘတွေဟာ လယ်တောထဲကို ဆင်းသွားကြမှာမို့ ကျွန်တော့်ကို မီအောင် စောစောလွှတ်လိုက်ပါတယ်။ မိဘများနဲ့တကွ သားတို့ နှစ်ယောက်ပါ ဒီရထားနဲ့လိုက်ခဲ့ပါ။ သူရဲ့နန်းတော်ပေါ်မှာ လယ်တောက မိသားစုနဲ့ ထမင်းလက်ဆုံစားချင်လို့ပါလို့ ပြောသတဲ့။ သူတို့မိသားစုအားလုံးလည်း အဝတ်အစားများ ပြင်ဆင်လဲလှယ်ပြီး ဘုရင့်ရထားကြီးရဲ့ နန်းတော်ကြီးကို လိုက်သွားကြတယ်တဲ့” ကဲ ပုံကပြီးသွားပြီ။

ပုံအဆုံးတွင် ဘယ်ဘက်၌ အိပ်နေသော မောင်မျိုးမင်းသည် အိပ်ပျော်သွားပေပြီ။ သားကြီးကျော်ကျော်ဝင်းကတော့ ပုံထဲတွင် စိတ်ဝင်စား၍ ပုံကြိုက်တတ်သူ ဖြစ်သည့်အတိုင်း အိမ်အပြင်၏ ကြောက်မက်ဖွယ်ရာ မိုးသဲသော ညအခင်းကို သတိမရတော့။



www.burmeseclassic.com

www.burmeseclassic.com



"ဘွားဘွား...ဒါ ဒါ"ဟု လက်ညှိုးနှစ်ချောင်း ထောင်ပြ
"ဒီပုံက နည်းနည်းတိုလို့ပါ၊ နောက်တစ်ပုံ ရှည်ရှည်ပြောပါနော်။

နောက်တစ်ပုံပြီးရင် သားကြီးအိပ်မှာပါဟု ပြော၏။ ကျွန်မ
တစ်ပုံကို ထပ်၍ စဉ်းစားရင်း ဒီညတော့ မိုက်တူးတေသော လူငယ်
လေးများအကြောင်း မပြောပဲ သူတို့ကလေးများ၏ လုပချစ်စရာ
ကောင်းသော အကျင့်စာရိတ္တစိတ်ထားများကို ပွဲထုတ်ရန် ဆုံးဖြတ်လိုက်
ပါသည်။ အဘယ့်ကြောင့်ဆိုသော် တစ်ခါက (ပုလိပ်အရာရှိကြီးတစ်ဦး
ကလောင်အမည်ခံ ဦးဘသော်နှင့်ကျွန်မ ပန်တပွတ်တွင် တွေ့ဆုံခဲ့စဉ်
သူက ပြောဘူးပါသည်။

"မခင်ယုရေ့ အန်ကယ်ကတော့ အန်ကယ်ကိုယ်တွေ့ဖော်
လမ်းတွေကို မကောင်းတဲ့အလုပ်များလုပ်ရင် နောက်ဆုံးတော့ ပြစ်ဒဏ်
ခံရတာပဲဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြစ်မှုဆိုတဲ့စာတွေ ရေးပါတယ်
လူငယ်တွေက အန်ကယ်ရဲ့ ကိုယ်တွေ့ဝတ္ထုထဲက နိုးပုံ၊ သတ်ပုံ
ခါးပိုက်နှိုက်ပုံကို အတုခိုးလို့ အမလေး အန်ကယ်ဖြင့် စိတ်ပျက်
ရော"ဟု ပြောခဲ့ဘူးသောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် မကောင်းတာလုပ်၍ ဒုက္ခရောက်ကြောင်း
ခံရကြောင်းအစား၊ ကောင်းသည့်အမှုကို ပြုလုပ်တတ်သော သား
လေးများအကြောင်းကို ပြောရန် ဒုတိယပုံကို ဆက်လိုက်ရပါသည်။

"ဘွားဘွား အခုပြောမယ့် ပုံကလေ ပုံပြင်ရိုးရိုးမဟုတ်
သားကြီး။ ညီလေး မောင်မျိုးမင်းကို ပြောပြလို့လည်း သူ့အရွယ်
နားမလည်သေးဘူး။ သားကြီးကတော့ နားလည်လောက်ပြီ၊ အခုပြော





ပုံကို ဇာတ်တော်လို့ခေါ်တယ်။ ဘွားဘွားတို့ အမြဲရှိခိုးနေတဲ့ ဂေါတမ
မြတ်စွာဘုရားဟာ အခုလို ဘုရားအဖြစ် မရောက်ခင် ဘဝများစွာ
ဖြစ်ခဲ့ရတယ်၊ အဲဒီဘဝတွေ အကြောင်းတော့ သားကြီးကို နောက်မှ
ဘွားဘွားပြောပြမယ်နော်၊ အခုပြောမယ့် ဇာတ်တော်က မြတ်စွာဘုရား
အခင်ပါရမီရင့်သန်လာတဲ့ ဆယ်ဘဝမှာနောက်ဆုံးဘဝဖြစ်တဲ့ ဝေဿန္တရာ
ဇာတ်တော်ပဲ။

"ဟိုရှေးရှေးတုန်းက သိဝိတိုင်း စေတုတ္တရာပြည်မှာသိဥ္စည်း
မင်းကြီးဟာ အုပ်ချုပ်နေတယ်၊ သူ့ရဲ့မိဖုရားကြီးအမည်ကတော့ ဖုဿ
တီဒေဝီတဲ့။ တစ်နေ့သောအခါမှာ ဝေဿန္တရာအမည်ရှိတဲ့ သားငယ်
လေးတစ်ပါးကို ဖွားမြင်တယ်၊ ဒီမင်းသားငယ်လေးဟာ ဘုရားလောင်းဖြစ်
တဲ့အပြင် အလှူဒါနပြုတဲ့ဘက်မှာ အင်မတန် စိတ်ထက်သန်တယ်။
သူ့မယ်တော်ဟာ ဒီမင်းသားလေးကို ဗိုက်ထဲမှာ ကိုယ်ဝန်ရှိကတည်းက
အလှူသိပ်လှူချင်တဲ့ စိတ်ရှိတယ်။ မြို့တံခါး လေးမျက်နှာရယ်၊ မြို့လယ်
မှာရယ် နန်းတော်တံခါးဝမှာရယ်၊ အလှူဇရပ်ခြောက်ဆောင် ဆောက်ပြီး
နေ့တိုင်း ခြောက်သိန်း ခြောက်သိန်းလှူတယ်တဲ့။

"ဒီမင်းသားလေးလည်း မွေးလာရော ချက်ချင်းစကားပြော
တယ်။ လူသာမန်တွေ၊ သားကြီးတို့၊ ဘွားဘွားတို့ မွေးလာတဲ့အခါ
ချက်ချင်း စကားအပြောမတတ်ဘူး။ မင်းသားလေးက ဘယ်လိုပြော
သလဲဆိုတော့ ...

"မယ်တော်ဘုရား၊ သားတော် အလှူပေးလိုပါတယ်၊ ပစ္စည်း
ဥစ္စာများရှိပါရဲ့လား"လို့ သူ့ မယ်တော်ကိုပြောသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



"သားတော်အလိုရှိတိုင်း အလှူကိုပေးပါ" ဆိုပြီး သူ့မယ်တော် ဖုသတီက သားငယ်လေးလက်အနားမှာ ငွေအသပြာ တစ်ထောင် ထုပ်ကို ချပေးလိုက်တယ်"

"ဒီ မင်းသားလေးမွေးတဲ့နေ့မှာပဲ ဥပေါသထဆင်လို့ ခေါ်တဲ့ ဆင်မတစ်ကောင်ဟာ အင်မတန် ကျက်သရေရှိတဲ့ ဆင်ဖြူငယ်လေး တစ်ကောင်ကို နန်းတော် ဆင်တင်းကုတ်မှာ လာချထားတယ်။ ဒီဆင် ဖြူငယ်ရဲ့ တန်ခိုးသတ္တိက သူရောက်လေရာမှာ ရာသီဥတု ကောင်းမွန် ပြီး မိုးလေဝသ မှန်ကန်တယ်။ မိုးလေဝသကောင်းတော့ ရာသီဥတုမှန် တော့ စပါးဆန်ရေစပါးတွေလည်း စိုက်ပျိုးလို့ကောင်းပြီး တိုင်းသူပြည်သား တို့မှာ စပါးဆန်ရေစပါးဖြိုးပြီး တိုင်းပြည်လည်း သာသာယာယာရှိတာပေါ့။

"ဒီမင်းသားဟာ မဒ္ဒီဒေဝီဆိုတဲ့ မင်းသမီးတစ်ပါးနဲ့ လက်ထပ် ထိမ်းမြားပြီး သူ့ဖခင်ထီးနန်းကို ဆက်လက် အုပ်ချုပ်တယ်၊ အဲဒီလို မွေးတဲ့နေ့ကစပြီး ဘုရင်ဖြစ်တဲ့နေ့အထိ အမြဲပဲ နေ့တိုင်းပဲ အလှူဒါန ပြုနေတာပဲ။

"တစ်နေ့တော့ ကလိင်္ဂရာဇ်ပြည်မှာ မိုးခေါင်တော့ လူတွေဟာ ငတ်မွတ်ခေါင်းပါးကြတယ်။ မိုးမရွာ ရေမရှိတော့ စပါးတွေ ဘယ်လိုစိုက် မလဲ၊ ရေသွယ်ပြီး စပါးစိုက်ရအောင်လည်း သူတို့တိုင်းပြည်မှာ မြစ် ကြီးတွေ မရှိဘူးထင်ပါရဲ့ သားကြီးရယ်၊ ရှိလည်းမြစ်နဲ့ ဝေးတဲ့နေရာ တွေကြတော့ ဆည်မြောင်းသွယ်လို့ မရဘူးပေါ့။

အဲဒီတော့ ကလိင်္ဂရာဇ်ပြည်သူတွေဟာ ဝေဿန္တရာမင်းကြီး ဆီမှာ ဥပေါသထဆင်ရှိတယ်၊ ဒီဆင်ဖြူမျိုးဟာ ရောက်ရာအရပ်မှာ မိုးလေဝသမှန်ကန်ပြီး ရာသီဥတု ကောင်းမွန်စေတယ်၊ တို့သွားပြီး အလှူ





ခံယ်၊ မင်းကြီးဝေဿန္တရာကလည်း အလှူဒါနပြုရာမှာ ရက်ရောတယ် ဆိုပြီး စေတုတ္တရာပြည်ကို ထွက်လာကြတယ်။

"ဝေဿန္တရာမင်းကြီးနဲ့ မဒ္ဒီဒေဝီမှာ သားတော်ဇာလီနဲ့ သမီး တော်ကဏှာဇိန်ဆိုတာရှိတယ်။ သူတို့တိုင်းပြည်မှာကတော့ မိုးလေဝသ ကောင်းမွန်တာပေါ့လေ။ ကလိင်္ဂရာဇ်ပြည်သူတွေက ဆင်ဖြူတော်လာ ပြီးအလှူခံတော့ ဝေဿန္တရာမင်းကြီးဟာ ကိုယ်ချင်းစာနာစိတ်ရှိပြီး ဆင်ဖြူတော်ကို လှူလိုက်တယ်။ သူက လှူလိုက်ပေမယ့်လို့ တိုင်းသူပြည် သားများက မကျေနပ်ဘူးပေါ့။ ဝေဿန္တရာမင်းကြီးရဲ့ ခမည်းတော် ဆင်ဖြစ်တဲ့ သိဥ္စည်းမင်းကြီးကို တိုင်ကြတယ်။ ခေတ်စကားနဲ့ပြောရရင် ဥပေါသထဆင်ဟာ ဝေဿန္တရာမင်းကြီးရဲ့ ဆင်ဆိုပေမယ့် တိုင်းပြည် ကိုလည်း အကျိုးပြုတယ်၊ ပြည်သူပိုင်လည်းဖြစ်တယ်ပေါ့၊ ဒီလိုဆင်မျိုး ကို လှူဒါန်းချင်ရင် တိုင်းသူပြည်သားကို တိုင်ပင်သင့်တယ်ပေါ့။ ခုတော့ ဘုရင်ကြီးရဲ့ သားတော် ဝေဿန္တရာမင်းကြီးဟာ ကောင်းတာလုပ်တယ် ဆိုပေမယ့် သူထင်ရာ သူပြုတယ်ပေါ့။ သိဥ္စည်းမင်းကြီးဟာ ပြည်သူရဲ့ ဆန္ဒကို မလွန်ဆန်နိုင်တော့ သားတော်ဝေဿန္တရာကို တိုင်းပြည်က နှင်ထုတ်လိုက်ရတယ်။

"ဝေဿန္တရာမင်းကြီးဟာ မိဖုရားမဒ္ဒီဒေဝီနဲ့အတူ သားတော် ဇာလီမင်းသားနဲ့ သမီးတော်ကဏှာဇိန်ကို ပွေ့ချီပြီး တိုင်းပြည်က ထွက် သွားပြီး ဟိမဝန္တာတောထဲမှာ နေကြတယ်။ မဒ္ဒီဒေဝီမိဖုရားဟာ မင်းကြီး ဝေဿန္တရာနဲ့ရင်သွေးနှစ်ပါးကို သစ်သီးသစ်ဥတွေ ရှာဖွေကျွေးပြီး ပြုစု စောင့်ရှောက်တယ်၊ ဝေဿန္တရာမင်းကြီးကတော့ တရားများကျင့်ကြံ အားထုတ်တယ်။

တစ်နေ့ကြတော့ ဇူဇကာဆိုတဲ့ပုဏ္ဏားကြီး တစ်ယောက်ဟာ



www.burmeseclassic.com

www.burmeseclassic.com



သူ့မိန်းမ အမိတ္တာပုံမှာ ခိုင်းစရာ လူမရှိတာနဲ့ လိုက်ရှာရင်း ဝေဿန္တရာ မင်းကြီးဆီကို ရောက်သွားတယ်။ နေ့လယ်အချိန်ဆိုတော့ မဒ္ဒီဒေဝီ မိဖုရားကလည်း သစ်သီးရှာထွက်နေတုန်းဆိုတော့ ကျောင်းသခ်မ်းမှာ မရှိဘူးပေါ့။

ဇူဇကာပုဏ္ဏားက သားတော် သမီးတော် တို့ကို အလှူခံတဲ့ အခါ ဝေဿန္တရမင်းကြီးက ပေးလှူလိုက်တယ်။

"ဒီနေရာမှာ ဇာလီမင်းသားလေးဟာ သိပ်ပြီး ချစ်စရာကောင်း တာပဲ သားကြီးရယ်။ သူ့ဖခင် ဝေဿန္တရာမင်းကြီးက ပြောတယ်။"

"သားတော်ဇာလီ၊ ညီမလေး ကဏှာဇိန်ကို ကောင်းကောင်း မွန်မွန်စောင့်ရှောက်ပြီး ပုဏ္ဏားကြီးနောက် လိုက်သွားပါတဲ့" ခမည်းတော် ဟာ သားသမီးတွေကို မချစ်လို့ မဟုတ်ပါဘူး။ သားတော်တို့နဲ့အရှု သတ္တဝါဝေနေယျတို့ကို ချစ်ခင်မြတ်နိုးလို့ သူဟာ ဘုရားဖြစ်ကြောင်း ပါရမီကို ကျင့်ကြံ အားထုတ်နေပါတယ်၊ ဒီပါရမီကို ဖြည့်ဖို့အတွက် သားနဲ့သမီးတို့ကို ပုဏ္ဏားကို လှူပါတယ်"လို့ ပြောတာကို။

"တကယ်လို့ ဒီပုဏ္ဏားကြီးကို တော်လှန်တယ်ဆိုရင် သားတော် အတွက် ရွှေစင်တစ်ထောင်ပေးပါ။ သမီးတော် ကဏှာဇိန်အရွယ်ရောက် လို့ ဒီပုဏ္ဏားဆီမှာ လာရောက်တောင်းခံရင်ပဲ ဖြစ်ဖြစ်၊ သမီးတော်လည်း သားတော်လို ပုဏ္ဏားကျွန်အဖြစ်က တော်လှန်လိုချင်ရင် ကျွန်ယောကျ်ား တစ်ရာ၊ ကျွန်မိန်းမတစ်ရာ၊ ဆင်တစ်ရာ၊ မြင်းတစ်ရာ၊ နွားလားဥသဘ တစ်ရာ၊ ရွှေစင်တစ်ရာ၊ ငွေစင်တစ်ရာပေးနိုင်ရင် ပုဏ္ဏားကျွန်ဘဝက လွတ်စေ"လို့ သားတော်ဇာလီကို မှာလိုက်တယ်။ ဇာလီမင်းသားတာ





ရက်စက်ကြမ်းကြုတ်တဲ့ ပုဏ္ဏားလက်ကို မလိုက်ချင်သော်လည်း ဖခင် ဖြစ်သူရဲ့ ဒါနပါရမီကို ဖြည့်ရာရောက်အောင်လို့ ဖခင်စကားကို နား ထောင်ပြီး ပုဏ္ဏားနောက် လိုက်သွားတယ်။

"ကဏှာနဲ့ ဇာလီတို့ရဲ့ ဘိုးဘိုးသွားသွားဟာလည်း စေတုတ္တရာ ပြည်မှာ ထီးနန်းစံပြီး နေရစ်ရပေမယ့် ဘယ်ပျော်မလဲ သားကြီးရယ်။ သိဥ္စည်းမင်းကြီးနဲ့ ဖုသသတီမိဖုရားကြီးဟာ သူတို့သားတော် ဝေဿန္တရာ နဲ့ မဒ္ဒီဒေဝီချွေးမတော်ကို လွမ်းဆွတ်တဲ့အပြင် အထူးသဖြင့် မြေးတော် လေးတွေဖြစ်တဲ့ ဇာလီမင်းသားနဲ့ ကဏှာဇိန် မင်းသမီးလေးကို အမြဲ သတိရ လွမ်းဆွတ်နေတာပေါ့။

တစ်ညတော့ သိဥ္စည်းမင်းကြီးက အိပ်မက်မက်တယ်။ မည်း နက်တဲ့ အဆင်းရှိတဲ့ လူတစ်ယောက်က ပဒုမ္မာကြာနှင့်ပွင့်ကို မင်းကြီး ကို လာဆက်တယ်တဲ့။ ကြာနှစ်ပွင့်ကို သူ့နားမှာ ပန်လိုက်တော့ ကြာပန်း ရဲ့ဝတ်ဆံတွေ ကျလာတယ်လို့ အိပ်မက်မက်တယ်။

"အဲဒါနဲ့ အိပ်မက်ဖတ်တတ်တဲ့ ပုဏ္ဏားတော်ကြီးများကို ရှေ့တော်သွင်းစေပြီး အိပ်မက်ရဲ့အဓိပ္ပာယ်ကို ပြောကြားစေတယ်။ အိပ် မက်ရဲ့အဓိပ္ပာယ်ကို ပုဏ္ဏားတော်ကြီးများက ဘယ်လိုရှင်းပြလဲဆိုတော့ အဝေးမှာရောက်နေတဲ့ ချစ်ခင်သူ ဆွေတော်မျိုးတော်များနဲ့ ပြန်လည် တွေ့ဆုံရမယ်။ ကောင်းသော အိပ်မက်ဖြစ်တယ်လို့ ဖတ်ကြားသတဲ့။

မင်းကြီးဟာ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး သူရဲ့နန်းတော်မင်းရင် ပြင်မှာ ညီလာခံတုန်း မျှော်ကြည့်လိုက်တော့ ပုဏ္ဏားအိုကြီးတစ်ယောက်နဲ့ ကလေး နှစ်ယောက်ကို အဝေးမှာ မြင်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဓနဇကာ ပုဏ္ဏားဟာ သူ့အိမ်သူပြန်တာ မျက်စိလည် လမ်းမှား ပြီး စေတုတ္တရာပြည်ကို ရောက်လာတာကိုး။

မင်းကြီးက ကလေးတွေ ဟန်ပန်ကို အဝေးက မြင်ရရင်ပဲ ဒါဟာ ငါ့မြေးဇာလီနဲ့ ကဏှာဇိန်ပဲ ဖြစ်ရမယ်လို့ သိရှိပြီး သူ့အပါး မှာ ခစားနေတဲ့ မင်းချင်းတစ်ယောက်ကို ပုဏ္ဏားကြီးရှိတဲ့ဆီကို လွှတ် လိုက်ပြီး သူ့ရှေ့တော်မှာ ခေါ်လာစေတယ်။

ပုဏ္ဏားကြီးက ဇာလီမင်းသားနဲ့ ကဏှာဇိန်ကို နွယ်ကြိုးတွေ နဲ့ချည်ပြီး မင်းကြီးရဲ့ရှေ့တော်မှာ ဝင်ရောက် ခစားပြီး အကျိုးအကြောင်း ပြောပြတာပေါ့လေ။

မြေးတော်တွေရဲ့ အဖြစ်ကို မြင်ရသိရတော့ သိဋ္ဌည်းမင်းကြီး နဲ့ ဖုသတီ မိဖုရားကြီးတို့ဟာ ဘယ် စိတ်ချမ်းသာပါလိမ့်မလဲ။ မင်းရှင် ပြင်မှာ ခစားနေတဲ့ မှူးမတ်တွေကလည်း ဝေဿန္တရာမင်းကြီးကို အပြစ် တင်တာပေါ့။

"ကိုယ့်သားသမီးကို ပုဏ္ဏားရဲ့ ကျွန်အဖြစ်လှူတယ်။ ရက် စက်တယ်ပေါ့ သားကြီးရယ်။ ဒီလို မှူးမတ်ပရိသတ်တွေက သူတို့ ခမည်းတော် ဝေဿန္တရာမင်းကြီးကို ပြစ်တင် ကဲ့ရဲ့ ရှုတ်ချတဲ့စကား သံတွေ ကြားရတော့ ဇာလီနဲ့ ကဏှာဇိန်တို့ဟာ မခံမရပ်နိုင် ဖြစ်ကြ တယ်။ သူတို့ ဖခင်ဘက်က နာကျည်းကြတယ်၊ သူတို့ဖခင်ရဲ့ ဂုဏ်သရေ ကို အရွယ်ငယ်ပေမယ့် စောင့်ထိန်းရမယ်၊ ကာကွယ်ရမယ်ဆိုတဲ့ စိတ် ထား ဇာလီရဲ့စိတ်မှာ ရှိတယ်ကွယ့်။ သားကြီးလိုပဲ ဇာလီမင်းသားဟာ သွက်သွက်လက်လက် ပြန်ပြောတတ်တော့ ...





"အို မှူးကြီးမတ်ကြီးများတို့ အကျွန်ုပ်တို့ရဲ့ ဖခင်ကို အပြစ် မတင်ပါနဲ့တဲ့၊ ကျွန်ုပ်တို့ရဲ့ ခမည်းတော်မှာ ရက်စက်တဲ့စိတ်ထား မရှိပါဘူး တဲ့။ အင်မတန် ဆိုးရွားတဲ့ ဒီပုဏ္ဏားလက်ကို လှူလိုက်တဲ့အခါမှာ ကျွန်ုပ် တို့ခမည်းတော်ဟာ သည်းအူပြတ်မျှ စိတ်နှလုံး မချမ်းမြေ့ပဲ ကျိန်ရစ်ပါ တယ်တဲ့။ အလှူဒါနပေးရာမှာ အင်မတန်ရက်ရောတဲ့ ခမည်းတော်ဟာ ပုဏ္ဏားကြီး လာရောက်အလှူခံစဉ်မှာ တခြားပစ္စည်းလှူဖို့ ကျေးကျွန်၊ နွား၊ မြင်း၊ ရွှေငွေဘဏ္ဍာတွေ တောကြီးလယ်ခေါင်မှာ သူ့ဖခင်ဘယ်မှာ ရှိပါ့မလဲတဲ့။

ဒါကြောင့် သားတော် သမီးတော်တို့ကို လှူလိုက်ခြင်းပဲတဲ့။ သူ့ကိုယ်ကို ပုဏ္ဏားက အလှူခံရင်လည်း သူရဲ့ ခမည်းတော်ဟာ လှူဖို့ အဆင်သင့်ပါပဲတဲ့။

"ဒုတိယ အချက်ကတော့ ကျွန်ုပ်တို့ကို ချစ်သလို တခြားသော သတ္တဝါဝေနေယျတို့ကို ခမည်းတော်ဟာ ချစ်တယ်။ ဒီသတ္တဝါတွေကို ချစ်လို့ အကျွတ်တရား ရအောင် နိဗ္ဗာန်ကို ရောက်အောင် ပို့ချင်လို့ ဘုရားဖြစ်ကြောင်း အကျင့်ကို ကျင့်နေပါတယ်။ ဒီပါရမီအကျင့်ကို သားသမီးကို လှူခြင်းအားဖြင့် ဖြည့်စွမ်းလိုတဲ့အတွက် အကျွန်ုပ်တို့ကို လှူဒါန်းခြင်းဖြစ်တယ်လို့ ရဲရဲဝံ့ဝံ့ ပြန်ပြောလိုက်တယ်။

(ဤနေရာ၌ ကျွန်မသည် မှုရင်းဇာတ်တော် ရေးသူ ဦးသြဘာသ ၏ ဥပမာကို ချန်လှပ်ခဲ့ပါသည်၊ မြေးဖြစ်သူ ကျော်ကျော်ဝင်း နားလည်ချိန် မရောက်သေး၍ ဖြစ်ပါသည်။ စာရေးသူ၏ ဥပမာ အလွန်ကောင်း၏။)



www.burmeseclassic.com

www.burmeseclassic.com



( မြင်းမိုရ်တောင်ကို လေမခတ်စိမ့်သောငှာ လက်ဝါးဖြင့် ကာဘိ သကဲ့သို့ )

ထိုဥပမာကို ကျွန်မ အလွန် သဘောကျ၏။ ဝေဿန္တရာကို ပြန်လည်လေ့လာသော အခန်းရောက်မှ ကျွန်မရေးသားပြပါမည်။

"မှူးမတ်တွေလည်း ဇာလီရဲ့ စကားကို ကြားတော့မှ ငြိမ်သက်သွားကြတယ်။ ဘိုးတော် သိဥ္စည်းမင်းကြီးကတော့ ဇူဇကာပုဏ္ဏား ပြောစကားကို ကြားရပြီးကတည်းက အကြောင်းစုံ ဆင်ခြင်မိတယ်။ သူ့သားတော် ဝေဿန္တရာရဲ့ စိတ်ထား ကို မွေးကတည်းက သိရှိပြီး ဖြစ်တာကိုး။ ဒါပေမယ့် သူအံ့သြတာက မြေးတော်ဇာလီနဲ့ ကဏှာဇိန် ဟာ သူ့ကိုမြင်မြင်ချင်း ပြေးပြီး အရင်ကလို ပေါင်ပေါ်တက် ဖမ်းရမ်းနမ်း ရှုံ့တာကို မတွေ့ရတော့ ...

"မြေးတော် ဇာလီမင်းသား၊ ဘိုးတော် ဘွားတော်တို့ကို မချစ် တော့လို့လား၊ ဘာဖြစ်လို့ တွေ့တွေ့ချင်း ဘိုးတော်တို့ ရင်ခွင်ထက်ကို ပြေးမလာတာလဲ"လို့ မေးတယ်။

"ဘိုးတော် အရှင်မင်းကြီး၊ ဘိုးတော်ဘွားတော်တို့ကို မချစ်၍ မဟုတ်ပါ။ အရင်အချိန်တုန်းက ကျွန်ုပ်တို့ဟာ မင်းကြီးရဲ့ မြေးတော် များ၊ မင်းကြီးဝေဿန္တရာရဲ့ သားတော် ရင်နှစ်ရင်သွေးများဖြစ်သော် လည်း ခုချိန်မှာဖြင့် ပုဏ္ဏားရဲ့ ကျွန်၊ ပုဏ္ဏားရဲ့အစေအပါး အစေခံ ဖြစ်နေပြီ"လို့ လျှောက်ထားလိုက်တယ်။

"ဘိုးတော် သိဥ္စည်းမင်းကြီးက ဒီစကားကြားရတော့ သိပ် စိတ်ထိခိုက်တာပေါ့။ သူ့မြေးတော်တွေဟာ ကွယ်ရာမှာလည်း ဖခင်ဖြစ်





တဲ့ ခမည်းတော် ဝေဿန္တရာမင်းကြီး စကားကို တစ်သဝေမတိမ်း လိုက်နာတာကို တွေ့ရတယ်။ ဘိုးတော်ကလည်း အဓိပ္ပာယ်ကို နားလည် တော့ ...

"ဒီပုဏ္ဏားရဲ့ ကျွန်ဘဝက လွတ်အောင် ရွေးနုတ်ချင်ရင် ပုဏ္ဏား ကြီးကို ရွှေငွေအသပြာ ဘယ်လောက်ပေးရမယ်လို့ သင်တို့ ခမည်းတော် ဝေဿန္တရာမင်းကြီးက တန်ဖိုးဖြတ်လိုက်ပါသလဲ"လို့ မေးတယ်။

"ဘိုးတော် ကျွန်ုပ်အတွက် ရွှေစင်တစ်ထောင်ကို အဖိုးဖြတ် ပါတယ်။ နှမငယ် ကဏှာဇိန်အတွက် ဆင်တစ်ရာ၊ မြင်းတစ်ရာ၊ နွားလား ဥသဘတစ်ရာ၊ ရထားတစ်ရာ၊ ရွှေစင်တစ်ရာ၊ ငွေစင်တစ်ရာ အဖိုးဖြတ် လိုက်ပါတယ်"လို့ လျှောက်ထားလိုက်တယ်။"

သိဥ္စည်းမင်းကြီးတာ ဇာလီပြောတဲ့အတိုင်း ရွှေ ငွေ ရတနာ မြင်း၊ နွားတွေကို ပုဏ္ဏားကြီးကို ပေးရုံမက နန်းတော်ဆောင်တစ်ခုမှာ ကျေးကျွန်အပြည့်နဲ့ထားဖို့ အမိန့်ပေးလိုက်တယ်။

"ဒီတော့မှပဲ ဇာလီမင်းသားနဲ့ ကဏှာဇိန် မင်းသမီးတို့ဟာ ဘိုးတော်၊ ဘွားတော်တို့ရဲ့ရင်ခွင်ထက်ကို ပြေးတက်လာကြတယ်တဲ့။"

"ပြီးတော့မှ သူတို့ရဲ့ ဖေဖေ၊ မေမေဖြစ်တဲ့ ခမည်းတော် ဝေဿန္တရာမင်းကြီးနဲ့ မယ်တော်မဒ္ဒီဒေဝီတို့ကို တောကပြန်လည်ခေါ်ယူ ဖို့ ဟိမဝန္တာတောမှာ ဒုက္ခဆင်းရဲ ရောက်နေရတဲ့ သူ့ခမည်းတော် မယ်တော်တွေအကြောင်း ဇာလီမင်းသားက ပြောပြတယ်။

"ဒီအချိန်မှာ ကာလိင်္ဂရာဇ် ပြည်သူတွေကလည်း သူ့ပြည်မှာ မိုးခေါင်ဝသမှန်ကန်ပြီး ဆန်ရေစပါး ပေါများလာပြီဖြစ်လို့ ဝေဿန္တရာ



www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးဆီက အလှူခံယူသွားကြတဲ့ ဉပေါသထဆင်ဖြူတော်ကို ပြန်လာပြီး ပေးကြတယ်။ သိဥ္စည်းမင်းကြီးဟာ တိုင်းသူပြည်သားတွေကို ပြေပြေလည်လည် ရှင်းလင်းပြောပြပြီး သားတော်ဝေဿန္တရာကို ဟိမဝန္တာက ပြန်လည်ခေါ်တော်မူတယ်။ သူတို့မိသားစုလည်း ပျော်ရွှင်စွာနဲ့ ပြန်လည်တွေ့ဆုံရတာပေါ့ သားကြီးရယ်။''

ကျော်ကျော်ဝင်းသည် သူ့ကတိအတိုင်း ပုံဆုံးသောအခါတွင် ကျွန်မလည်ပင်းကို ဖက်၍ နှစ်ခြိုက်စွာ အိပ်ပျော်သွားပေပြီ။

အဘွားဖြစ်သူ ကျွန်မမှာသာ နှစ်ပေါင်း ၂၅၀၀ ကျော်မှ ဝေဿန္တရာတို့ မိသားစုဆီသို့ သွားရောက် လည်ပတ်မိ၏။ စိတ်ဝင်စားသွားမိ၏။ ဝေဿန္တရာဇာတ်တော်၏ ဇာတ်လမ်း သွယ်ဖွဲ့ယုက်တင်ပုံ စကားလုံးအလှအပများကိုတော့ စာဖွဲ့၍မကုန်နိုင်ပါ။ ဦးဩဘာသာ လက်ရာကို ဘယ်သူမှ မမီနိုင်ဟူ၍ ကျွန်မထင်ပါသည်။

ကျွန်မ ဆရာသမားများကပင် မြန်မာစာပေမှာ တော်ချင်ရင် ဝေဿန္တရာကို ကြေညက်အောင် ခဏခဏဖတ်ပါဟု မှာခဲ့ဘူး၏။ ဦးဩဘာသာ၏ အံ့ချီးမကုန် လက်ရာကို ဝေဿန္တရာဇာတ်တော်ကို ဖတ်ကြည့်ပါက စာဖတ်ပရိသတ်အနေနှင့် သိရှိနိုင်၍ ကျွန်မ ရေးမပြလိုပါ။ ကျွန်မရေးပြချင်သည်ကတော့ ကျွန်မ၏ကြည်နူးမှုအရသာကိုပင်တည်း။

နှစ်ပေါင်း ၂၅၀၀ ကျော်က ချစ်ဖွယ်ကောင်းသော မိသားစုလေး၏ တစ်ဦးစီတွင်ထားရှိသော သဘောထားများကို တွေးမိ နှစ်သိမ့်မိသောကြောင့် ဖြစ်၏။ နှစ်ပေါင်း ၂၅၀၀ မှာ သာသနာသက္ကရာဇ်ကို မှန်းဆ၍ ဆိုလိုခြင်းဖြစ်၏။





၁။ သိဥ္စည်းမင်းကြီး ပြည်သူတို့စကားကို နာခံပုံ။ အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံ ပြည်သူလူထုတို့ တစ်ဦးအပေါ်တစ်ဦး သဘောထား။

၂။ ဝေဿန္တရာ၏ အိမ်နီးချင်းနိုင်ငံများအပေါ် ထားရှိသည့် နိုင်ငံခြားရေးဝါဒ။

၃။ မဒ္ဒီဒေဝီ၏ ခွေးမအပေါ် ထားရှိသော မြင့်မြတ်သည့် စိတ်ဓာတ်၊ မြေးငယ်လေးများ၏ ချစ်စရာ ဘွားဘွားအဖြစ် သူပါဝင်ခဲ့သောအခန်း။

၄။ မဒ္ဒီဒေဝီ၏ ခင်ပွန်းသည်အပေါ် သဘောထားနှင့် သားတော်ငယ် ဇာလီမင်းသား၏ စိတ်ထားများပင်တည်း။

သာသနာသက္ကရာဇ် နှစ်ပေါင်း ၂၅၀၀ ကျော်က မြေအောက်တွင်တိမ်မြုပ်နေသော မီးခွက်အိုလေးကို ရွှံ့စေးများ မြေမှုန့်များ ပေကျံနေသမျှ ကျွန်မ၏ အတွေးပိုးပဝါနှင့် တိုက်ကြည့်သောအခါ ရွှေရောင်တဝင်းဝင်းနှင့် လှပသော ရွှေမီးခွက်ဟောင်းလေးကို တွေ့ရ၏။ ဆီသစ်ထည့်၍ မီးဖာသစ်နှင့် ထွန်းညှိကြည့်ချင်ပါသော်လည်း ရှေးဟောင်းပစ္စည်းတစ်ခုကို ပြန်လည် သုတေသန လုပ်လိုသည်ဟု ထင်က တော်ပါသေး၏။

ဘုရင်စနစ်ကို ပြန်လည် အသက်သွင်းလိုသည်ဟု ထင်လေမလားဟူသော ခင်နှင်းယု၏ သတိကြောင်သော စိတ်ကြောင့် မှိုညလယ်တွင် တွေ့ရသော ရွှေမီးခွက်အိုလေးကို မြေအောက်မှသည် ကျွန်မ၏ နှလုံးသားအတွင်းသို့ နေရာရွှေ့ပြောင်း သိမ်းဆည်းထားမိပါတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# ကိုရင်မျိုးမင်း

ဒီနေ့ဖြင့် ဘွားဘွား မင်းအကြောင်း နိဂုံးချုပ် ရေးသားရ တော့မယ်။

ဘွားဘွားကတော့ ကိုယ့်မြေးအရင်းခေါက်ခေါက်ဖြစ်တော့ ကိုယ့်မြေးလေး ကောင်းတဲ့အကြောင်းကိုသာ စာထဲ ထည့်ရေးချင်တာ ပေါ့။ တခြား ဘွားဘွားတွေလည်း သူတို့မြေးငယ်လေးတွေရဲ့အကြောင်း ကို ဘွားဘွားလိုသာ စာရေးတတ်လျှင် စာတစ်စောင်ပေတစ်ဖွဲ့ ဖွဲ့ချင် ကြမှာပဲ။

ဘွားဘွားက ဘယ်လိုပဲ ကိုရင်မျိုးမင်း အကြောင်းကို ကောင်း ကောင်းရေးချင်ပေမယ့် ဘွားဘွားတို့ စာရေးဆရာဆိုတာ ဘက်မလိုက် ရဘူးကွယ့်။ ဒါကြောင့် ကိုရင်မျိုး ကောင်းကောင်းနေပါ။ မင်းကောင်း





ကောင်းနေရင် မင်းအကြောင်းကောင်းတာတွေ ပါမှာပဲ၊ မင်း မကောင်း ရင်တော့ မင်းအကြောင်း မကောင်းတာတွေ ဘွားဘွား ထည့်ရေးမိမှာပဲ၊ မင်းကိုလည်း ပုံတိုပတ်စပြောပြရတာက မင်းရဲ့ကိုကိုကြီး ကျော်ကျော်ဝင်း လို ပုံကိုလည်း သိပ်ကြိုက်ပုံမပေါ်သေးဘူး။ အရွယ်ကလည်း ငယ်သေး တော့ မင်းကိုပြောပြရတာ ကျွဲပါးနားနီး စောင်းကိုတီး ဆိုသလိုဖြစ်နေ တယ် ကိုရင်ရဲ့။

ဒါပေမယ့် ဒီနေ့ နားမလည်သေးမယ့် နောင်တစ်နေ့ ဘွားဘွား ရေးတာ ပြောတာတွေကို မင်းနားလည်လာပါလိမ့်မယ်။

သားကိုချစ်တဲ့ဖေနဲ့ ဘက်လိုက်ပြီး အချစ်များတဲ့ မိခင်တစ် ယောက်အကြောင်းကို မင်းကြီးလာရင် ကြားဖူးလာလိမ့်မယ်။ ဖတ်ဖူး လာလိမ့်မယ်။ သားလေးဘာလုပ်လုပ် မဝေဖန် မပြောမဆို မဆုံးမတဲ့ အပြင်၊ သားငယ်ယူလာသမျှ ပစ္စည်းတွေကို ဘာမှမစိစစ်တော့ ကြီးပြင်း လာတဲ့အခါ မိခင်လည်း သူခိုးလက်ခံဖြစ်၊ သားလည်း သူခိုးဘဝနဲ့ စက်တိုင်တက်ရရော၊ သားက စက်တိုင်မတက်ခင်...

"ကျွန်တော် သူခိုးဖြစ်ရတာ အမေ့ကြောင့်"ဆိုပြီး အမေနားနား ကပ်စကားပြောရင်းက နားရွက်ကို ကိုက်ဖြတ်လိုက်တယ်။ အဲဒီလို မိခင်မျိုးကြောင့် မိခင်တွေရဲ့ဇာတ်လမ်း ပုံပြင်တွေထဲမှာ ဒီအမည်းကွက် ဇာတ်လမ်းကြီး ပါခဲ့ရတော့တာပဲ။

ဘွားဘွားတို့ စာရေးဆရာဆိုတာလည်း သစ္စာကတိရှိရတယ် သားရဲ့၊ ဘက်မလိုက်ရဘူး။ ကိုရင်မျိုးမင်းကောင်းတာတွေ လုပ်တဲ့အခါ ကောင်းတဲ့အကြောင်း စာထဲမှာ သရုပ်ဖော် ရေးရတာပဲ။ မကောင်းတာ



www.burmeseclassic.com

www.burmeseclassic.com



တွေ လုပ်ရင်လည်း ကိုရင်မျိုး လုပ်တာတွေ မကောင်းဘူးလို့ အရှိကို အရှိအတိုင်း ရေးရတယ် သားရဲ့။

မင်းဟာစ်ယောက်ကို ချစ်တာနဲ့ ဘွားဘွားသည် နားရွက်ပြတ် စာရင်းဝင် ဘက်လိုက်သော စာရေးဆရာမကြီးခင်နှင်းယုရယ်လို့ စာဆ ရာဇဝင်မှာ အတင်မခံပါရစေနဲ့။ လူသာသေချင်သေပါရစေ၊ ဘွားဘွားရဲ့ ကလောင်တော့ စာပေနယ်မှာ မသေပါရစေနဲ့။

ကိုရင်မျိုးမင်း သားကြီးလာတဲ့အခါ ကြားဖူးပါလိမ့်မယ်။ ဘွားဘွားတို့ စာပေနယ်က သတင်းစာဆရာတို့ရဲ့ ဘိုးအေ ဖိုးဝဇီရာ ဆိုတဲ့ ကုန်းဘောင်ခေတ် သတင်းစာဆရာကြီးအကြောင်း။

သူရဲ့ ရတနာပုံ သတင်းစာကို ကုန်းဘောင်ခေတ် မင်းတုန်း ဘုရင်ကြီး လက်ထက်မှာ ထုတ်ဝေခဲ့တယ်။ ဘွားဘွားတို့ရဲ့ ဘုရင်ကြီး ဟာ အသက်ဦးဆံပိုင် ဘုရင်ပင်ဖြစ်သော်လည်း ယခုခေတ် အုပ်ချုပ်သူ တွေလိုပဲ စာပေကို လွတ်လပ်စွာရေးခွင့် ပြုခဲ့တယ်။

မင်းတုန်းဘုရင်ကြီးက ဖိုးဝဇီရာ သတင်းစာ စတင်ထုတ်ဝေ တော့...

''ငါမကောင်းရင် ငါ့အကြောင်း မကောင်းတာရေး၊ ငါ့မိဖုရား မကောင်းရင်လည်း မကောင်းတဲ့အကြောင်းရေးလို့'' မိန့်ကြားတော် မူတယ်။ သတင်းစာဆရာတွေမှာ ဒီမင်းတုန်းဘုရင်ကြီးရဲ့ မိန့်ခွန်းဟာ သူတို့ရဲ့အသက်၊ သတင်းစာလောကရဲ့ မီးရှူးတန်ဆောင်ကြီးလို့ အထင် အမှတ်ထားကြတယ်။

ဘွားဘွားကတော့ ဝတ္ထုရေးဆရာဆိုတော့ ဒီမိန့်ခွန်း





ခံစားချက်နဲ့ ချဲ့တွေးလိုက်မိပြန်တယ်။ အဲဒီစကားကို သတင်းစာဆရာ ဖိုးဝဇီရာကို မင်းတုန်းဘုရင်ကြီး ပြောစဉ်က ဘွားဘွား သူတို့အပါး မှာ ရှိစေချင်လိုက်တာ။ ဘွားဘွားစိတ်ကူးမိတယ်လေ။ ဘွားဘွားသာ ဒီညီလာခံမှာ ပါခွင့်ကြုံခဲ့ရင်တော့ မင်းတုန်းမင်းကြီးကို စကားတစ်လုံး တော့ လျှောက်ထားလိုက်ချင်ပါရဲ့။

''မင်းတရားကြီး ဘုရား၊ အရှင်ဘုရားသည် ကျွန်တော်မျိုးတို့၏ ရန်သူမဟုတ်ပါ။ လေးစားချစ်ခင်အပ်ပါသော အသက်ဦးဆံပိုင် ဘုရင် ကောရာဇ်ဖြစ်၍ မိဘသဖွယ် ဖြစ်ပါသည်။ မင်းတရားကြီးအကြောင်းကို ရော၊ မိဖုရားကြီးအကြောင်းကိုရော ကောင်းသည့်အကြောင်းများကိုသာ ရေးလိုလှပါသည်။ အရှင်ဘုရားတို့အကြောင်း ကောင်းပါစေဟု ဆုတောင်း ပါသည် ဘုရား''

လို့ ဘွားဘွားလျှောက်မိမှာပဲ သား။ ခုလည်း သားငယ် ကိုရင်မျိုးမင်းရဲ့ ဘွားဘွားတို့ဟာ ဆွေမျိုးအရင်းကြီး ရှိသေးတယ်။ ဘွားဘွားရဲ့ ချစ်လှစွာသော မြေးငယ်လေး ဖြစ်ပါတယ်။ ကိုယ့်ဆွေ ကိုယ့်မျိုး မြေးအရင်းခေါက်ခေါက်အကြောင်းကို ကောင်းတာတွေကိုသာ ရေးချင်ပါတယ်ကိုရင်။ ကိုယ့်ပေါင်ကိုယ်လှန် မထောင်းချင်ဘူး။

မင်းရဲ့ကိုကိုကြီး ၃ နှစ်သားက ဘွားဘွားက ''လာခြင်းကောင်း သောလူကလေး'' ဆိုတဲ့စာအုပ် ရေးခဲ့တယ်။ မင်းရဲ့ ကိုကိုကြီးက လာခြင်းကောင်းပါတယ်။ ဒါပေမယ့် ခုအချိန်မှာတော့ ဆော့လွန်းကစား လွန်းအားကြီးလို့ ကမြင်းကောင်းသောလူကလေး ဖြစ်နေတယ်။

မင်းတို့အားလုံးကို ဘွားဘွားက ''လာခြင်းလည်းကောင်းစေ



www.burmeseclassic.com

www.burmeseclassic.com



ချင်တယ်''၊ ''နေခြင်းလည်း ကောင်းစေချင်တယ်'' မန္တိုင်းကောင်းနိုင်း ကောင်း ဘွားဘွားတို့ ဗုဒ္ဓတရားတော်မြတ်ကို ချီးကျူးတော့ ''စ လယ် ဆုံး'' သုံးပါးသော ကောင်းခြင်းနဲ့ ပြည့်စုံသောတရားတော်မြတ်ဖြစ် တယ်လို့ ချီးကျူးတယ်။

ဘွားဘွားရဲ့ စိတ်ထဲမှာလည်း သားငယ်လေးတို့ အပါအဝင် အားလုံးသော လူကလေးများရဲ့ ဘဝဟာ စ–လယ်–ဆုံး သုံးမျိုးစလုံးမှာ အကောင်းချည်းပဲ ဖြစ်စေချင်တဲ့ စေတနာ အပြည့်အဝရှိတယ်ဆိုတာ တော့ သားငယ်လေး အထူးနားလည်စေချင်တယ်။

ဘွားဘွား ဒီစာအုပ်အစမှာ ရေးခဲ့တယ်။ မောင်မျိုးမင်း နိုးကြား လာခြင်းသည် ဘွားဘွားတို့ မိသားစုမှာ ဘာတော်လှန်ရေးမှ မဖြစ်ပွား ပါစေနဲ့လို့ ဆုတောင်းခဲ့တယ်။

ဒါပေမယ့် အောင်မြင်သော တော်လှန်ရေးမျိုး ဖြစ်စေချင်ပါ တယ်။ မောင်မျိုးမင်း နိုးကြားလာခြင်းအတွက် ဖြစ်ပေါ်လာတဲ့ တော်လှန် ရေးတစ်ရပ်ဟာ ဘွားဘွားတို့ မိသားစု တစ်စုလုံး လိုက်လိုက်လှဲလှဲ ဆီးကြိုရမယ့် တော်လှန်ရေးမျိုး ဖြစ်စေချင်ပါတယ် သားငယ်လေး။

''တော်လှန်ရေးဆိုတာနဲ့ အဟောင်းဆိုသမျှ အကုန်ပစ်ပယ် ရမယ်လို့ မဆိုလိုပါဘူး''

ဘွားဘွားတို့ရဲ့ မိတ်ဆွေ အရှေ့အာရှတိုက် တရုတ်ပြည်ကြီး မှာ စနစ်ဟောင်းကို တော်လှန်ပြီး တရုတ်ပြည်သစ်ကို ထူထောင်ခဲ့တဲ့ ခေါင်းဆောင်ကြီး တစ်ဦးဖြစ်တဲ့ ချောင်အင်လေးဟာ ကွယ်လွန်အနိစ္စ ရောက်ခဲ့ပြီ။ သူ့အရိုးအိုးကို ရှေးကတရုတ်ဘုရင်တို့ နန်းတော်ရပ်ဝန်း





မှာ ထားပြီး ပြည်သူလူထုရဲ့ အလေးပြုခြင်းကို ခံယူစေခဲ့တယ်။ ဒီ အချက် တစ်ချက်ထဲကိုကပဲ သူတို့သည် သူတို့ရှေးဘုရင် ယဉ်ကျေးမှု များကို လုံးဝပစ်ပယ်ခြင်းမရှိ၊ ဆက်လက် အသုံးပြုသင့်တဲ့နေရာမှာ အသုံးပြုတယ်ဆိုတာ ထင်ရှားစေတယ်။

ဒါတင်မဟုတ်ပါဘူး။ ဘွားဘွား တရုတ်ပြည်သစ်ကြီးကို ရောက် စဉ်က သူတို့ရှေးဘုရင်များနဲ့ ဘိုးဘွားစဉ်ဆက် ယဉ်ကျေးမှုများကို ဆက်လက် ထိန်းသိမ်းထားတာတွေကို ဘွားဘွား အများကြီး တွေ့ခဲ့ရ တယ်။

တရုတ်ပြည်တွင်မက ရုရှားပြည်ကြီးမှာလည်း ရှေးဘုရင် နန်းတော်ကြီးတွေရဲ့ အလှကို အမျိုးသား ယဉ်ကျေးမှုအနေနဲ့ ဆက်လက် စောင့်ရှောက်ထိန်းသိမ်းထားတာကို တွေ့ကြရပါလိမ့်မယ်။

ဘွားဘွားတို့ တိုင်းပြည်မှာလည်း ပုဂံမြို့ဟောင်းရဲ့ တန်ဖိုးကို သိရှိနားလည်ကြလို့ အခု အထူးသဖြင့် ထိန်းသိမ်းစောင့်ရှောက်လာကြပြီ။

ကိုရင်မျိုးမင်း နိုးကြားလာကာမှ ဖြစ်လာတဲ့ တော်လှန်ရေးတို့ ပြောင်းလဲရေးတို့ဟာ အင်္ကျီကအစ ပြောင်းပြန်လှန် ဝတ်ရမယ်ဆိုတဲ့ အင်မတန်တိမ်သော အတွေးအခေါ်မျိုးနဲ့ တော်လှန်ရေးမျိုးတော့ ဘွားဘွား မတွေ့ကြုံရပါစေနဲ့ ကိုရင်မျိုးမင်း။

စ–လယ်–ဆုံး သုံးပါးလုံး ကောင်းခြင်းနဲ့ ပြည့်စုံတဲ့ ပြုပြင် ပြောင်းလဲခြင်းများ အတွေးအခေါ် ပြောင်းလဲခြင်းများသာ ကိုရင်မျိုးမင်း နိုးကြားလာတဲ့အတွက် ဘွားဘွားတို့ မိသားစုမှာ ဖြစ်စေချင်ပါတယ်။

ကိုရင် နည်းနည်း ခွကျပုံလေးတွေကိုလည်း ဘွားဘွားရေးချင်



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်။ မင်းဖေဖေတို့ မေမေတို့မှာ နှစ်ယောက်ပေါင်းလခသာ ဆိုတယ် စားပစ်တာနဲ့ ကုန်တာပဲ။

သူတို့ အကြောင်းပြချက်ကို ဘွားဘွား ကျေနပ်ပါတယ်။ ကလေးတွေမှာ အာဟာရ ချွတ်ယွင်းရင် ကိုယ်ခံ အင်အားဓာတ်လျော့ ပါးပြီး ရောဂါပိုးတွေဒဏ်ကို မခံနိုင်ဘူး။ တစ်ခုခု ဖြစ်လာရင်လည်း ဆေးဝါးက ရှားပါးတာမို့ အစာကို အာဟာရဖြစ်မှာတွေ ဖိကျွေးတယ်။ ဒါကြောင့်လည်း မင်းတို့နှစ်ကောင် ပိန်ပေမယ့် ဒေါင်ဒေါင်မြေ နေတာပဲ။ အအေးဓာတ် အလွန်ကဲချိန်မှာ တခြားကလေးတွေ ရောဂါမျိုးစုံ ဖြစ်ပေ မယ့် မင်းတို့မှာ နှာစေးချောင်းဆိုးတာတောင် တစ်နှစ်မှာ တစ်ခါလောက် ပဲဖြစ်တယ်။ ကျောင်းက ဆီးပေါင်းထုပ်တို့၊ ဆီးယိုတို့စားမှ ဝမ်းများ တတ်တယ်။

မင်းတို့ လက်ကလေးတွေဟာလည်း ဝက်အူလှည့်လိုပဲ သန် လို့၊ အိမ်မှာရှိသမျှ ပက်လက်ကုလားထိုင်၊ စာပွဲတင်နာရီ အပ်ချုပ်စက် ရှိတဲ့ ဝက်အူလေးတွေကို ကိရိယာမပါတစ်စစီ ဖြုတ်နိုင်တာလည်း ဘွားဘွား ချီးကျူးပါတယ်၊ တော်ကြပါပေတယ်။

ဒါပေမယ့် တစ်ခါတစ်ခါ အစားအသောက်နဲ့ ပတ်သက် ကိုရင်မျိုးမင်း ချေးထူသောင်းကျန်းပုံက နွားနို့မရှိတဲ့အခါမှ နို့သော မယ်လို့ ကုန်းအော်တယ်။

နို့သောက်ရတော့အခါလည်း မလိုင်ဖတ် မပါရဘူးလို့ဆိုပြီး မမ ဘို့ မမပုတို့ကို မင်းက အော်တယ်။ ပေါင်မုန့်ထဲ နွားနို့လောင်းပေး လည်း ပေါင်မုန့်ဘေးအနားတွေကို ဖြုတ်ပစ်ရမတဲ့။



နေ့လယ်ကျောင်းပြန်ချိန်မှာ နို့အေးထဲကို မုန့်ကြွက်ဥအကြွပ် ခြေထည့်ပြီး ခလောက်ပေးတော့ တစ်ခါစားရင် ဆယ်ချပ်မစားရတယ်လို့ မင်း မုန့်ချပ်ကို ခြေပစ်လို့ ဘွားဘွား အဲဒီနေ့က မင်းရဲ့တင်ပါးလုံးလုံး ကို ကြက်မွေးနဲ့ သုံးချက်တိတိ ချခဲ့ရသေးတယ် မှတ်မိရဲ့လား။

စားလို့ဘယ်လိုပဲ ကုန်ကုန် ဒီလိုအဟောသိကံ ဖြုန်းတီးမှုမျိုး ကိုတော့ မြေးချစ်ကလေးမို့ အလိုလိုက်မယ် မထင်နဲ့။ ဆော်ပလော်တီး မှာပဲ။

ကိုရင်တို့က အခွင့်ထူးခံလူတန်းစားတစ်ရပ် လူ့မလိုင်လူတန်း စားကျနေတာပဲ။ မင်းဖေဖေ ဗိုလ်မှူးထွန်းအောင်ကျော် နွားမွေးထားလို့ မင်းတို့ နွားနို့စစ်စစ် သောက်နေရတယ် အောက်မေ့လိုက်ပါ။

မင်းကို ဘွားဘွားက ဂွတ္တလစ်ဈေးထဲ ခေါ်သွားပြီး ပလက် ဖောင်းပေါ်က ကလေးတွေ ဘာစားပြီး ဘယ်လိုနေရတယ်ဆိုတာကို ပြပေမယ့် ကိုရင်က ဘာမှမသိသလိုပဲ... တယ်လည်းခက်တာကိုး။ မင်း ဘယ်တော့ သိတတ်လာမှာလဲ။ ပလက်ဖောင်းပေါ် ခြေတိုအောင် လျှောက်ပေးမယ့် မမြင်တတ် မသိတတ်ရင် ဘာသွားလုပ်မလဲ။ မင်းနိုး ကြားလာခြင်းဟာ ဘယ်သူ့ကို အကျိုးပြုမှာလဲ။ အေး ... နောက်နှစ်နှစ် သုံးနှစ် မူလတန်းကျောင်းရောက်လို့ စာကောင်းကောင်း တတ်ရင်တော့ သိတတ်လာကောင်းပါရဲ့။

ပလက်ဖောင်းပေါ်မှာလေ ခေါက်မုန့်သည်နား ဝိုင်းထိုင်နေတဲ့ ကလေးတွေဟာ ခေါက်မုန့်တစ်ချပ် ၁၅ ပြား ကိုအုန်းသီးမှုန့် တစ်မှုင် နှစ်မှုင်နဲ့ စားနေရတာကွယ့်။ သူတို့ခမျာ အရသာရှိရှိအုန်းသီးမှုန့်နိုင်နိုင်

www.burmeseclassic.com

www.burmeseclassic.com



နဲ့တောင် ခေါက်မုန့်ကို ဝအောင်မစားနိုင်ဘူး။ မုန့်သည်ကြီးကိုလည်း အပြစ်မတင်နဲ့အုံး။ သူက ခေါက်မုန့်ထဲထည့်ဖို့ အုန်းသီးဝယ်ရတာ တစ်လုံး ၅ ကျပ် ပေးဝယ်ရတယ်။

ဘွားဘွားကလေ မင်းတို့ကိုလည်း ပလက်ဖောင်းပေါ်က မုန့်တွေကို စားတတ်အောင် လေ့ကျင့်ပေးတယ်။ မင်းတို့ဖို့ ဝယ်တဲ့ခေါက်မုန့်ထဲမှာ အုန်းသီးမထည့်နိုင်ဘူး။ ဘွားဘွားဝယ်တဲ့ မုန့်ထဲ အုန်းသီးမှုန်တွေ ဖြူးမဲ့အစား တခြားကလေးတွေအထဲ ပိုထည့်စမ်းပါဆိုတော့ ခေါက်မုန့်သည် မိန်းမကြီးက ဘွားဘွားကို ကြောင်ပြီး ကြည့်နေတယ်။

သူက အဓိပ္ပာယ်နားမလည်ပဲကိုး။ ဘွားဘွားက အိမ်ရောက်တော့မှ အိမ်က အုန်းသီးခြစ်ပြီး မင်းတို့ရဲ့ မုန့်ထဲ ဖြူးပေးလိုက်တယ်။ နောက်နေ့ ဈေးသွားရင်လည်း အုန်းသီးလက်ဆောင် ခေါက်မုန့်သည်ကြီးအတွက် ဘွားဘွား သယ်သယ်သွားရတယ်။

ဘွားဘွားက မုန့်လက်ဆောင်းလည်း အဖတ်သာ တစ်ပြည်နှစ်ကျပ် ပြားငါးဆယ်နဲ့ဝယ်ပြီး အိမ်မှာ အုန်းနို့ ထန်းလျက်ရည်နဲ့ သေသေချာချာ ကောင်းကောင်းမွန်မွန် လုပ်ကျွေး။ ငှက်ပျောသီးကို အုန်းနို့နဲ့ပေါင်းကျွေးတော့ မင်းတို့ညီအစ်ကိုမှာတော့ ဝအီနေအောင်ကို ဘုန်းပေးရတာပေါ့နော်။

ကိုရင်တို့ရဲ့ မင်းတို့ကလည်း ဘုန်းတန်ခိုးကြီးတယ်ဆိုရမယ်ပေါ့လေ။ "ဖေဖေရဲ့ သားတို့ကို မုန့်ဟင်းခါးချက်ကျွေးပါအုံး" ဆိုလည်း မင်းဖေဖေက အချက်ကောင်းဆိုတော့ မင်းတို့မှာ တစ်ခါတည်းကို အစားအသောက်မှာ အောက်ခြေ လွတ်နေတာပေါ့လေ။





ဘွားဘွားကိုယ်တိုင်က လမ်းပေါ်က မုန့်ပျားသလက်(မုန့်ဖျစ်စလက်)ဆီဖတ်ရိုက်ပြီး စားလာခဲ့တဲ့မိန်းမ။ ကြီးပြင်းလာတဲ့မိန်းမဆိုတော့ မင်းတို့လည်း မြန်မာမုန့် ပလက်ဖောင်းပေါ်က မုန့်များနဲ့ပဲ တခြားကလေးများလို စားစေချင်တယ်။

ဘဝက်ကောင်း လွှန်လွှန်းလို့ အောက်မေ့လိုက်ပါ။ ပလက်ဖောင်းပေါ်က ကလေးတွေ မဝမမျှ စားနေရတဲ့အချိန်မှာ မင်းတို့မှာတော့ အလျှံပယ်ပဲ။

အဲဒါ မင်းတို့ရဲ့ ဘိုးဘိုးကြီး ဦးဘနဲ့ ဘဘဦးကျော်သောင်း ခေါ်ဦးပုံစံကြီးကို ကျေးဇူးတင်လိုက်စမ်းပါ။ သူတို့သာ အုန်းပင်တွေကို မစိုက်ပျိုးခဲ့ရင် မင်းတို့ဟာ ခုလို အလျှံပယ် မုန့်မျိုးစုံကို အိမ်မှာလုပ်ပြီး စားနိုင်မှာ မဟုတ်ဘူး။

မင်းတို့ဖေဖေ ထွန်းအောင်ကျော်ကလည်း စစ်သားတစ်ယောက်ဆိုတော့ မင်းတို့ကို စစ်သားရဲဘော်များလို အူကြွမ်းအောင် လေ့ကျင့်ပေးတယ်။ ငှက်ပျောသီးဆိုလည်းဖီးကြမ်း၊ ရှိုင်၊ ထောပတ်၊ ကုလားငှက်ပျောကာ အစ ခွဲကျပ်တာတွေ ဘာတွေ ဂရုမစိုက်ဘူး။ အကုန်ကျွေး။

ကောက်ညှင်းပေါင်း၊ ဘိန်းမုန့်၊ ကောက်ညှင်းထုပ်၊ မုန့်မျိုးစုံလည်းကျွေး။

ဟင်းဆိုလည်း ငပိရေရော၊ ချဉ်ပေါင်ဟင်းရော ပဲမျိုးစုံ အကုန်ကျွေးတာပဲ။

ပထမတော့ ဘွားဘွားလန့်လန့်သွားတယ်။ ဝါ့မြေးလေးတွေ ကြမ်းလို့ ဒုက္ခဖြစ်မလား။ ရောဂါ ဖြစ်မလားနဲ့ ပူပန်မိတယ်။ နောက်မှ



www.burmeseclassic.com

www.burmeseclassic.com



ခြော် . . . သူလည်း သားတွေကို စစ်သားလိုငယ်ငယ်ကတည်းက ကျင့်ပေးနေတာပဲ။

ဒါမှလည်း ဒီကောင်တွေ အပိုးကျိုးမှာ ထောင့်ကျိုးမှာလို့ ဘွားဘွား စိတ်ဖြေရတယ်။ ဒီလိုမှ ငယ်ငယ်က ကျင့်မပေးရင် သားတို့ဟာ ဘွားဘွား တို့ငယ်ငယ်ကဆိုခဲ့တဲ့ သီချင်းလို ဖြစ်နေမှာ စိုးရတယ်။ သခင်လှုငယ် တစ်ခေတ်နိုးကြားလာချိန်က သီချင်းရေးဆရာ လူငယ်တွေကလည်း ခေတ်ပြင် သီချင်းတွေ ရေးလာကြတယ်။

**“နောင်လာ၊ နောင်လာ သားသမီးတွေ**

**စကောလေးနဲ့ရှောမွေးသလို၊ အင်အားချည့်ပလေ”**

လို့ လာမယ့် လူငယ်တစ်ခေတ်ကို အားမရလို့ သီချင်းစပ်ထားတယ်။ မင်းတို့လည်း ငယ်ငယ်ကကျင့်မပေးရင် ပုဆိုးခြေမျက်စိဖုံး ခါးပုံရှည်နဲ့ ရှောမွေးခါးချည့်လေးတွေ ဖြစ်မှာစိုးရတယ်။

မင်းဘာဘ ဦးကျော်သောင်း ဆုံးတော့ မင်းဟာ မင်းမေမေ မိကျော်သောင်းရဲ့ ဗိုက်ထဲမှာ ခုနစ်လပဲရှိသေးတယ်။ မမွေးသေးဘူး သူမသေခင်ကလည်း သူ့သမီးကို ကမာရွတ်ဂတ်တဲအထိပဲ သူ့ရဲ့ သုံးဘောက်စိဝက်ဂွန်းလိပ်ခုံးကားကလေးကို စီးရတယ်။

တစ်ဦးတည်းသော သမီးရယ်လို့ ကားကို သုံးခွင့်မပြုဘူး ဘွားဘွားမှာတော့ မိခင်ဆိုတော့ စိတ်ပူတာပေါ့။ သမီးလေး ကျောင်း ပြန်နောက်ကျရင် ပြည်ထောင်စုလမ်းထိပ်က ကျောက်ခုံလေးပေါ်ထိုင် ပြီး သမီးပြန်လာချိန်ထိ မျှော်ရတယ်။ မင်းကို ဗိုက်ထဲမှာကိုယ်ဝန်ရှိတာ လည်း မိဟာ ကမာရွတ်ကနေ ဆေးတက္ကသိုလ်(၂)မင်္ဂလာဒုံ ဘတ်စ်ကားနဲ့ပဲ သွားရတယ်။





အမှန်တော့ တို့သားအမိနှစ်ယောက်ကို မင်းဘာဘ စစ်ပုံစံသွင်းခဲ့ခြင်းပဲ။ သူသေသွားတော့ ကားမဝယ်နိုင်ခင် မင်းမေမေရော ဘွားဘွားရော အစစအဘာပဲဖြစ်ဖြစ် ရင်ဆိုင်နိုင်တယ်။ ပုံပန်းမပျက် ကျခြေ ရရနေနိုင်အောင် သူလေ့ကျင့်ပေးခဲ့တာပဲလို့ ဘွားဘွား ခုမှ ကျေးဇူးတင်မိတယ်။

မင်းမေမေ မိကျော်သောင်းဟာလည်း ဘဝမှာ ဒုက္ခဆိုတာကို ကမာရွတ်ကနေ ဆေးတက္ကသိုလ်(၂)အထိ ကားစီးရတာပဲရှိသေးတယ်။ တွေ့ခဲ့ရသေးတယ်။ အေး အခုချိန်မှာတော့ သူအားလုံးကို တစ်စတစ်စနဲ့သိလာရပြီပေါ့။ အလုပ်လုပ်လာရတော့ ပတ်ဝန်းကျင် လူထုနဲ့တိုးဝင်ဆက်ဆံလာခဲ့ရပြီကိုး။

သူက ငွေဇွန်းကိုက် မွေးလာသူဆိုတော့ မက်သဒစ်မှာနေတုန်းကလည်း အိမ်မှာ ကားမရှိတောင် သူ့ကြီးကြီးဒေါ်မြရီက သူ့ကားနဲ့ ပို့ပေးတော့ မိဟာ အစစအဆင်ပြေသွားတာပေါ့။ ကဲလေ သူ့ကံက ကောင်းပေတာကိုး။ လက်ထပ်ပြီးစကလည်း ဘွားဘွားတို့က ပန်တပွတ်မှာနေရတာမို့လား၊ သူစီးဖို့ ကျောက်မြောင်းက မင်းတို့ရဲ့ ဖေဖေကြီး ဦးဘာလုံနဲ့ မေမေကြီးအကြွယ်က ကားလက်ဖွဲ့တယ်။ ဒီတော့ ကျောင်းတက်ဖို့ အဆင်ပြေပြန်ရော။ ခုတော့ သူတို့ကား သူတို့ ဝယ်စီးနိုင်ပြန်တော့ ကသိကအောက် မဖြစ်ပြန်ဘူး။ ကဲ ဒီစာအုပ်ထဲမှာ တစ်ခန်းပါတဲ့ “ကံ”ဆိုတာကို ယုံပြီလား သားငယ်တို့၊ ဘွားဘွားမှာတော့ ကားစီးဖို့ကံမပါတော့၊ ဝန်ကြီးချုပ်အတွင်းရေးမှူး အတွင်းဝန်ဘဝမှာလည်း ကားမစီးရဘူး။ ကိုယ့်ကားကို ဝယ်စီးနိုင်မှ စီးရတော့တယ်။

www.burmeseclassic.com



ဒု–ဗိုလ်မှူးကြီးရဲ့ ဇနီးဖြစ်တော့လည်း မင်းဘဘ ဦးပုံစံနဲ့ စစ်စည်းကမ်း ရှိသေမှုနဲ့ ကားမစီးရဘူး။ နောက်ပိုင်း နေမကောင်းတော့မှ သူ့ရဲဘော် ဖိုးတင်အောင်က သူ့ဗိုလ်မှူးကြီးကို တရားဟောကောင်းလို့ ဘွားဘွား သူ့ကားကို သုံးရတယ်။ အဲဒီကတည်းက ကားကို စိတ်နာလိုက်တာ လွန်ရောပဲ။

အိမ်ဆောက်လည်း အုတ်တစ်ချပ် သွပ်တစ်ပြား ပျဉ်တစ်ချပ်ရှိ ကအစ ဘွားဘွားကိုယ်တိုင် တန်းစီခဲ့ရတယ်၊ ဘွားဘွားအတိတ်ကံညီခဲ့ပေတယ်။ သို့သော် ဝမ်းနည်းစရာမဟုတ်ပေဘူး။ ခုတော့ အသားကျ တပ်မတော် ရဲဘော်တစ်ယောက်လို ခုက္ခ ဆိုတာ ဘွားဘွားဘဝမှာ ရိုးနေပြီ။

ဘွားဘွား မသေခင် "ကျွန်မရဲ့ချစ်သူ"ဒုတိယတွဲကို ဆက်ပြီး ရေးနိုင်ပါစေလို့ ဆုတောင်းမိတယ်၊ သားငယ်လေး။ ဒါမှလည်း သားငယ်တို့ကြီးလာတော့ တို့ဘဘ ဦးကျော်သောင်းဟာ ဘယ်လိုလူစားမျိုး တို့ဘွားဘွားဟာ ဘယ်လိုမိန်းမစားမျိုး ဆိုတာကို သိပြီး မျိုးရိုးစဉ်ဆက် အစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်နိုင်တဲ့ စိတ်ဓာတ် ဖြစ်လာမယ်။

မင်းဘဘ ဦးကျော်သောင်းရဲ့ ကိုယ်ရေး ဒိုင်ယာရီ(နေ့စဉ်မှတ်တမ်းတွေကလည်း ဒီစာအုပ်ကို ရေးဖြစ်အောင် တိုက်တွန်းနေသလိုပဲ တတွတ်တွတ် ပြောနေသလိုပဲ၊ သူ့စာအုပ်ကို ရုံးမှာထားတယ်။

သူဆုံးသွားတော့ ရုံးနဲ့ဆိုင်တဲ့ စစ်မှတ်တမ်းကိုသာ ရုံးက ယူထားလိုက်တယ်။ သူရဲ့ ကိုယ်ရေး ကိုယ်တာ နေ့စဉ်မှတ်တမ်းကို အိမ်ကိုပို့လိုက်တယ်။ အို...ဘွားဘွားလေ သူ့မှတ်တမ်းကိုဖတ်ပြီး တမြေ့မြေ့ ဆွေးရတာ။ ဒါကြောင့်ပဲ သားငယ်၊ သူ့တိုင်းပြည်အပေါ် သဘောထား





သူ့တပ်မတော်အပေါ် ထားရှိတဲ့ စေတနာနဲ့ သစ္စာတရား၊ ဇနီးအပေါ် ထားတဲ့စိတ်၊ သမီးအပေါ်ထားတဲ့ စိတ်စေတနာ ဓာတွေနဲ့ လောကုတ္တရာ တရားအပေါ်ထားတဲ့သဘောတွေကို ရင်ဖွင့်ပြီး အကုန်ရေးပြထားတယ်။

တစ်ခါတစ်ရံ သူ့အပေါ် ထင်မြင်ယူဆ လွဲခဲ့မိသမျှ သူ့ဒိုင်ယာယီ ဖတ်ပြီး ခွင့်လွှတ်မိတယ်၊ ကျေးဇူးတင်မိတယ်၊ အိမ်ရဲ့ ဘုရားဆောင်မှာ ဘွားဘွားရဲ့ မိဘများဓာတ်ပုံများနဲ့အတူ သူ့ဓာတ်ပုံကို ဆွဲချိတ်ထားပြီး နေ့စဉ် ကန်တော့ရတယ် သားငယ်လေး။

သူ့ကျေးဇူးကို အဖန်ဖန် အောက်မေ့ သတိရပြီး ကုသိုလ်ပြုလေ သမျှ အမျှပေးဝေရတယ်။

ဘွားဘွား ဒီလိုရေးထားမှလည်း သားတို့ဟာ ကျေးဇူးတရားတို့ ကုသိုလ်ကံတို့ အကြောင်းတွေ တကယ့် မြန်မာ့စိတ်ထားနဲ့ ရိုးရာလက်ခံ ယုံကြည်မှုတွေ အကြောင်းကို နားလည်လာမှာပေါ့။

ခက်ပါသေးတယ်၊ ခက်ပါသေးတယ်။ ဘွားဘွားမှာ ပြောချင်တာတွေက များလှတယ် ကိုရင်မျိုးမင်း။ ကိုယ့်မိဘ ဘိုးဘွားတင်မက သူတစ်ထူးရဲ့ပြုဘူးတဲ့ ကျေးဇူးကို သိတတ်ပါ။ အကျိုးခံစားရတဲ့ သူငယ်လေးတွေအကြောင်း ဘွားဘွားတို့ရဲ့ ရိုးရာပုံပြင်တွေနဲ့ ဇာတ်နိပါတ်တော်တွေမှာ ရှိတယ်ကွယ့်။

အေး . . .မင်း စာကောင်းကောင်း ဖတ်တတ်ချိန်ကြတော့ ဘွားဘွား ရေးပြပါအုံးမယ်လေ။

ဘွားဘွားရဲ့ ခြံဟာ မြန်မာပြည်ကြီးလိုပဲ သယံဇာတ ပစ္စည်းတွေနဲ့ အလျှံပယ် ကြွယ်ဝနေတယ်ဆိုရင် မမှားဘူး။ ဒါတောင် ဘွားဘွား



www.burmeseclassic.com

www.burmeseclassic.com

ခင်နှင်းယု

အိပ်ရာပေါ် သုံးနှစ်လောက်လဲ သွားတယ်ဆို ခြံကို ခြောက်သွေ့သွားတာပဲ။ ရာသီလိုက် စိုက်ပန်းတွေဟာ ဘွားဘွားခြံမှာ မရှိတော့ဘူး။ အလိုက်သိစွာ ရာသီနဲ့ညှိပြီး ပွင့်တဲ့ စကားဝါ၊ ခွာညိ၊ ကံ့ကော်၊ စန္ဒီနဲ့ ယုဇနပန်းတွေသာ ဘွားဘွား ပြန်မကြည့်ပဲ အချိန်ရောက်ရင် သူတို့ ဝတ္တရား သူတို့သိသလို ပွင့်ပေးရှာကြတယ်။

ဘွားဘွားသာ စီးပွားရှာချင်ရင် အုန်းသီးနဲ့ စကားဝါပန်းရောင်းရုံနဲ့ပဲ အိမ်စရိတ် ကာမိတယ်၊ ဒါပေမယ့် အုန်းသီးတစ်လုံး ဘွားဘွားခြံမှာ ၁ ကျပ်နှုန်းနဲ့ ဈေးနှိမ်ဝယ်ပြီး အပြင်မှာ ၅ ကျပ်နဲ့ ပြန်ရောင်းတဲ့ ဝိသမလောဘ ဖောက်ပြန်တဲ့ ကုန်သည်အုပ်စုတချို့ကို ဆက်ကို မဆက်ဆံချင်လို့ ခြံထဲ အဝင်မခံချင်လို့ ဘွားဘွား တကယ်စားရမယ့် သောက်ရမယ့် သူတွေကို လှူပစ်တာ။ စကားဝါပန်းလည်း ဖောက်သည်ပေးရှင်တစ်ပွင့် ငါးပြားနှုန်းရတယ်။ ဘွားဘွားကတော့ ပန်းပွင့်သမျှ လှူတယ်။ အိမ်နီးချင်း လိုက်ဝေတယ်။

ဘွားဘွား ကြွားချင်လို့ မဟုတ်ဘူး။ ရင်ထဲ တင်းကျပ်ကျပ်နဲ့ အနေအထိုင် ခက်လွန်းလို့ အုန်းသီးကို လှူတိုင်း ပန်းပွင့်တွေကိုလှူတိုင်း ဘွားဘွား ဆုတောင်းမိတယ်။ နိဗ္ဗာန်မရမီစပ်ကြား ဖြစ်လေရာဘဝ ဘွားဘွားရဲ့ လက်ဖဝါးဟာ မလှမပ မမှုတတဲ့ ဝေနေယျသတ္တဝါတို့ရဲ့ မှီရာတည်ရာ အားကိုးရာဖြစ်ပါစေသတည်း လို့ ဆုတောင်းပါတယ်။

ဘွားဘွားရဲ့ ဆုတောင်းပါရမီကို သားတို့ညီအစ်ကိုကြီးပြင်းလာရင် ဆက်လက်ဖြည့်နိုင်အောင် ကြိုးစားကြနော်။



# မောင်မျိုးမင်းနိုးကြားလာခြင်း

ကိုရင်မျိုး

ဘွားဘွားတစ်ခု ထပ်ပြောချင်တာက ခုတစ်လော ဂျူဒို ကရာတေး ရုပ်ရှင်တွေကြည့်ပြီးမှ မင်းပိုပြီး သောင်းကျန်းလာတယ်။ တစ်နေ့ကများ ကိုကိုကြီးနဖူးကို မင်းခြေဖျားနဲ့ ကန်ထည့်လိုက်တာ ကြက်ခွပ်တာထက် မြန်သေးတယ်။ မင်းရဲ့ ကိုကိုကြီးက အရပ်သာရှည်တယ်။ ဘာမှ ပြန်မလုပ်နိုင်ပဲ ဖင်ထိုင်လျက် လဲကျန်ရစ်တယ်။

''ဘွားဘွားရဲ့သားကြီးက ကိုယ့်ညီလေးမို့ညာတာ။ သူက တကယ်ခေ်ာတယ်''ဆိုပြီး ဘွားဘွားကို ငိုပြီးလာတိုင်တယ်။ သားငယ်လေးလျှင်မြန်ဖျတ်လတ်တာ ခြေမြန်လက်မြန်ရှိတာ ဘွားဘွား ချီးကျူးပါတယ်။ ဒါပေမယ့် နေရာနဲ့ နေရာနဲ့ သုံးမှပေါ့။ ကိုယ့်အစ်ကိုကြီးကို ခံချဖို့ မဟုတ်ဘူးကွယ့်။ ပြီးတော့ သိပ်ဆဲတာပဲ။ ငါနဲ့ချည်းကိုင်တုတ်တာ ဘယ်ကအကျင့်တွေလည်း ဆရာမကြီး ဒေါ်ရင်ရင်ဝိုင်းကို သွားတိုင်မယ်နော်။

အထူးသဖြင့် ဘွားဘွားချစ်တဲ့ စာပေနယ်က ကဗျာတွေကို မင်းဆဲတယ်။

တစ်နေ့က ဘဘငယ် ဗိုလ်မှူးကြည်ဆွေနဲ့ ဘွားငယ်နုနုဆွေတို့ မင်းမွေးနေ့မှာ သူတို့ရဲ့သားတွေနဲ့ လာတယ်။ ဘွားဘွားက သူတို့ အငယ်ဆုံး သားလေးကို...

''ငသိုး၊ ဂျပိုး''လို့ခေါ်တော့ တိုးကြည်ဆွေနဲ့ မိုးကြည်ဆွေက ''ငသိုး၊ ဂျပိုး၊ သကြိုး(သွားကြိုး)''လို့ ကဗျာဆက်ပြီးစပ်တယ်။ မိုးသားလေးလည်း ကဗျာစပ်တတ်ပါတယ်ဆိုပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"မောင်မျိုးမင်း မိုးလင်းသောအခါ"လို့ ပထမပိုဒ် စပေးတော့ လူပုံအလယ်မှာ ပွဲထုတ်ကာမှ မင်းက "ဘွားဘွားရဲ့ ကဗျာဆရာ ကိုကို တိုးတို့ ကိုကိုမိုးတို့ဟာလေ "ချေး"စားနေကြတွေ"တဲ့။

ကဲ...ကဲ တော်ရေလားကိုရင် မင်းလုပ်ပုံတွေဟာ ဘွားဘွား ကို မဟာအရှက်တော် ကွဲစေတာပဲ။ ဗလာသက်သက် ခွပ်တယ်လို့ ခေတ်စကားအရ ပြောရမယ်။ ရှိပါစေတော့လေ ရှိပါစေတော့။

ကိုရင်မျိုးမင်း မကောင်းတဲ့ အကြောင်းတွေကိုသာ ရေးတဲ့ ဘွားဘွားရယ်လို့ အပြစ်မတင်ပါနဲ့အုံး သားရယ်။ မင်းကောင်းတဲ့ အကြောင်းလေးတွေကိုလည်း ဘွားဘွားရေးပါတယ်။ မင်းကျောင်းက အပြန် ကျောင်းကားအကြို မရှိတဲ့အခါ လိုက်ပို့တတ်တဲ့ ဘွားဘွား မိတ်ဆွေထားထားက...

"မောင်မျိုးမင်းဟာ ပတ်ဝန်းကျင်နဲ့ သင့်တင့်အောင် နေတတ် တဲ့ ကလေးငယ်တစ်ယောက် ဖြစ်တယ်။ တယ်ပြီး ဣန္ဒြေရတယ်။ ဘယ်လိုများ လေ့ကျင့်ထားလဲ"လို့ မေးတယ်။ ဒီလို ချီးကျူးသံကြားလို့ ဘွားဘွား ဝမ်းသာပါတယ်။

ဘွားဘွားတို့ ကွယ်ရာမှာ အပေါင်းအသင်း ဝင်ဆန့်အောင် နေတတ်တာကိုတော့ ဘွားဘွားက ကျေးဇူးတင်ရအုံးမယ်။

မင်းရဲ့မေမေ မိကျော်သောင်းကို ဘွားဘွားမကြိုက်တာ တစ်ခုရှိ တယ်။ အိမ်မှာနေတဲ့အခါ မျက်နှာထားက တစ်ခါမှ မပြုံးဘူး။ ဘွားဘွား အစဉ်ပဲ ပြောမိတယ်။ ကျွန်မ သမီးက သီလဝသေလို့ ဝင်စားတာလို့





ပြောမိတယ်။ သီလဝဟာ တစ်သက်လုံးမှာ သုံးခါပဲ ပြုံးတယ်ကွယ့်။ မင်းရဲ့ မေမေ ပြုံးတာကိုတော့ ဘွားဘွား သတိထားကြည့်မိတယ်။

၁။ မင်းရဲ့ဖေဖေ ပိုလ်မှူးထွန်းအောင်ကျော်ကို မြင်သောအခါ တစ်ကြိမ်ပြုံး၏။

၂။ သူရဲ့ ကုသမှုကို ခံယူဖို့ လူနာများ အိမ်ကိုရောက်လာ သောအခါ တစ်ကြိမ်ပြုံးတာကို ဘွားဘွားတွေ့ရ၏။

၃။ ကျောက်မြောင်းက မင်းတို့ ဘွားဘွားလတ်အကြွယ်ကို တွေ့သောအခါ တစ်ကြိမ်ပြုံး၏။

ဒါပေမယ့် အပြင်လူတွေ၊ စစ်ဆေးရုံမှာ တွေ့ရတဲ့ လူတွေက မိ နဲ့ သူတို့စစ်ဆေးရုံမှာ တွေ့တဲ့အခါ မိကျူညီလိုက်တဲ့အတွက် သူတို့ အစစ အဆင်ပြေကြောင်း၊ သတင်းစကားကြားရမှ ဘွားဘွား စိတ်အေး တော့တယ်။

အမှန်တော့ကွယ် မင်းတို့ရဲ့ဘဘ ဦးပုံစံခေါ် ဦးကျော်သောင်း ရဲ့ စစ်ပုံစံသွင်းမှုနဲ့ ဘွားဘွားရဲ့သွေးပေါင်းလိုက်တော့ မင်းတို့ မေမေ ရဲ့ (Serious Type) ဘာမဆို တိကျပြတ်သား၊ အမြဲပဲ အလုပ် အလုပ် အလုပ်ဆိုတာလောက်ကိုသာ ခေါင်းထဲသွင်းတတ်တဲ့ မင်းမေမေ ရဲ့မျက်နှာထားကို ဘွားဘွား ခွင့်လွှတ်လိုက်ရတော့တယ်။

စကားဆိုတာ သင့်တင့်ပြေပြစ်အောင်တော့ ပြောတတ်ရတယ်။ မပြေပြစ်ပဲ စကားပြော တိုလွန်းတော့လည်း "ဆဲ"သလို ဖြစ်တယ်၊ ပြေပြစ်လွန်းပြီး ချိုလွန်းတော့လည်း "ချွဲ"သလို ဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြင်ပ ပေါင်းရေး သင်းရေးမှာ အဆင်ပြေတယ်ကြားရလို့ ဘွားဘွား ကျေနပ်ရတော့တယ်။

အမှန်တော့လည်း သူ့ဖခင် ဦးပုံစံရဲ့ ရိုက်သွင်းလိုက်တဲ့ စိတ်ဓါတ်ပုံက သူ့မှာဝင်သွားပြီကို။ ကောင်းတဲ့ဘက်က ကြည့်ပြန်တော့လည်း သူ့ဖခင်သွင်းတဲ့ပုံကြောင့် ဖော်ကြီးသင်တန်း မင်းရဲ့မေမေ တက်တုန်းက အခက်အခဲများ အတားအဆီးများကို ကျော်လွှားတဲ့နေရာမှာ ရွှေတံဆိပ်ဆုတစ်ခုရခဲ့တယ်။

သူ့ဖခင် ဦးပုံစံကြီးသာ ရှိခဲ့ရင် ငါ့သမီး ငါ့ကြောင့် ငါ ပုံစံသွင်းထားလို့ ဒီဆုရတာလို့ ဘွားဘွားကို ကြွားအုံးမှာကွ။ မျိုးရိုးစဉ်ဆက် ဗီဇဟာ မတိမ်ကောတတ်၊ သွေးစဉ်မျိုးဆက် ပါတတ်တယ်။ မင်းတို့ဖေဖေ ထွန်းအောင်ကျော်ရဲ့ ငယ်စရိုက်ကို ဘွားဘွား မသိဘူး။ ဒါပေမယ့် သူဟာလည်း လေတပ်မတော်သား တစ်ယောက်အဖြစ် သူ့တာဝန်ကို ရှုပ်ရှုပ်ချုံချုံနဲ့ ထားသမျှ နေရာမှာနေပြီး ထမ်းဆောင်ခဲ့တယ်။ မင်းတို့မိဘနှစ်ယောက်ရဲ့ ကောင်းမွန်သော ဉာဉ်များ၊ ဗီဇများ သားတို့မှာ ပါလာပါစေလို့ ဘွားဘွား ဆုတောင်းပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ စာရေးဆရာ စိတ်ထားနဲ့ စစ်သားတစ်ယောက်ရဲ့ စိတ်ထားကတော့ အခါတိုင်းထပ်တူ ဘယ်ကျနိုင်မလဲ။

တစ်ခါတလေ တွေးမိတယ်။ ဘဘ ဦးကျော်သောင်းမှာ ပဋိပက္ခစိတ်ဓာတ်နှစ်ခုကို တစ်ပြိုင်နက်တည်း သူ့ရင်ထဲမှာ မွေးမိလို့ မင်းရဲ့ဘဘ နှလုံးရောဂါနဲ့ သေရလေသလားလို့။

ဘွားဘွားလည်း ကံကောင်းလို့ စိတ်ကို အကန့်နဲ့ထားတတ်





အောင် ဝိပဿနာတရားက ကယ်ထားပေလို့ပေါ့ကွယ်။ နို့မို့ရင် ခုအချိန် ပုံပြောကောင်းသော ဘွားဘွားအဖြစ် မင်းတို့အပါးမှာ ဘွားဘွားကို မတွေ့ရတော့ဘူး။

ဘွားဘွားလေ ပုံတွေဆက်ပြီး စုထားမယ်။ မင်းပုံ နားထောင်တတ်တော့မှ ကြမ်းတမ်းတဲ့ စကားပြောလို ပြည့်သူမချစ်တဲ့ မိဖုရားကြီးအကြောင်း။ ငယ်ပေမယ့် ခြသေ့်ကြီးအသက်ကို ကယ်နိုင်တဲ့ လူစွမ်းကောင်းကြွက်ကလေးအကြောင်း။ အပေါင်းအသင်းကောင်းပြီး အဖွဲ့အစည်းနဲ့နေတတ်လို့ မုဆိုးလက်ကလွတ်ရတဲ့ သမင်၊ လိပ်နဲ့ သစ်တောက်ငှက်အကြောင်း။ ဖခင်အသက်ကို မိမိအသက်နဲ့လဲပြီး ကယ်ခဲ့တဲ့ မလှုခိုတဲ့ မိန်းကလေးနဲ့ လူဝံကိုရုပ်ဆိုးကြီးအကြောင်း၊ သတ္တိရှိလို့ ဘီလူးကြီးကို အနိုင်ရတဲ့ ပဥ္စဝုဓ မင်းသားလေးအကြောင်း။ လိမ်လည်စကားမှသားပြောကတိမတည်လို့ မြေမျိုခံရတဲ့ စေတီယမင်းအကြောင်း ရယ်ကို နောက်အလျဉ်းသင့်မှ ဘွားဘွားပြောပြတော့မယ်နော်။

တတ်နိုင်သလောက်တော့ဖြင့် ဘွားဘွားရော မင်းတို့ မိဘနှစ်ဦးရော ပုံပြင်တွေပြော အာဟာရတွေကျွေး ပညာတွေပေးပြီး မင်းတို့ကို ဘဝအခြေခံ လုံလောက်အောင်ပြုစုမှာပဲ။ ကျန်တာကတော့ သားတို့ရဲ့အတိတ်ကံအကျိုးပေးနဲ့ လက်ရှိကြိုးစားမှုအပေါ် အခြေတည်ပြီး သားကြီးတို့ဘဝ သားကြီးတို့ဘာသာ ဖန်တီးရမှာ။

ဘွားဘွားလေ မင်းမေမေ မိကျော်သောင်း ၅ နှစ် သမီးက "နွားတစ်ထောင်" ဆိုတဲ့ ဝတ္ထုတစ်ပုဒ် ရေးခဲ့တယ်။ ဝတ္ထုသဘောက သမီးတစ်ကောင် နွားတစ်ထောင်သို့ လုံအောင်အမြဲ စောင့်နိုင်တယ်ဆို

www.burmeseclassic.com



တဲ့ မြန်မာစကားပုံကို အရင်းခံပြီး ရေးခဲ့တယ်။ ဝတ္ထုအဆုံးသတ်မှာ ဝတ္ထုထဲပါတဲ့ ဇာတ်လိုက်မိက သမီးဦးမွေးတဲ့အကြောင်း ကြားတော့ သူ့အမေက "နွားတစ်ထောင်"ဇာတ်လမ်းဆက်ရေးပေတော့ သမီးလေး ရေလို့ အဆုံးသတ်ခဲ့တယ်။

ဘွားဘွားရဲ့ သမီးအစစ် မိ မှာ တကယ်မွေးလာတာက သား နှစ်ယောက်ဖြစ်နေတယ်။ ဘွားဘွား မိကို အခုမှာရမှာကတော့...

"သမီးကြီး မိ ရေ မျောက်နှစ်ကောင်ဇာတ်လမ်းကို ဆက် လက်ရေးသားပေတော့၊ သမီးဟာ ဖောင်ကြီးသင်တန်းမှာ အတားအဆီး အခက်အခဲကို ကျော်လွှားတဲ့ ဆုရသလို ဘဝအခက်အခဲများကို အောင် မြင်စွာ ကျော်လွှားနိုင်တဲ့ သမီးဖြစ်ပါစေ"လို့ မှာရတော့မှာပဲ။

ဘွားဘွားရဲ့ မြေပေါ်မှာ ကြီးပြင်း ပေါက်ဖွားလာကြတဲ့ သားငယ်လေးတို့ မိသားစုအားလုံးနဲ့ သတ္တဝါများ ချမ်းမြေ့ရှင်လန်းပါစေ။

ဘွားဘွား ခင်နှင်းယု

၂၉-၁-၇၆



မွေးစာပေမှ ဆက်လက်ထုတ်ဝေသည့်စာအုပ်

ခင်နှင်းယု

# မင်းထင်စည်

www.burmeseclassic.com

www.burmeseclassic.com

မွေးအာပေမှ ဆက်လက်ထုတ်ဝေမည့်စာအုပ်

ခင်နှင်းယု

# ပင်တိုင်စံ မပျိုး

မွေးအာပေမှ ဆက်လက်ထုတ်ဝေမည့်စာအုပ်

ခင်နှင်းယု

# ယောက်ျားတို့အကြောင်း

www.burmeseclassic.com